www.burmeseclassic.com

တက္ကသိုလ်

# ငှေလင်းအောင်

## ဘာယာပုံပြင်သိုင်းဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်နေလင်းအောင်

# မာယာပုံပြင် သိုင်းဇီညာဉ်

(ပထမတွဲ)

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၂၂၀၆၀၆
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၆၈၀၆၁၁

ပထမအကြိမ်
၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ။
အုပ်ရေ - ၅၀၀၊ [redacted]

ထုတ်ဝေသူ
ဦးကျော်မိုး (၀၃၇၆၅)၊ ရွှေပဒုမ္မာစာပေ
၁၅၈/က၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်တင်တင်ဌေး(၀၄၆၈၁)၊ ပန်းကြာခိုင်ပုံနှိပ်တိုက်
၁၅၈/က၊၃၇လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖြန့်ချိရေး - ရွှေပဒုမ္မာစာပေ
၁၅၈၊ ၃၇လမ်း၊ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁

## မိစ္ဆာဂိုဏ်း၏လျှို့ဝှက်ချက်

မိစ္ဆာဂိုဏ်းသည် တိတန်ကျွန်းသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်၏။

ထို့ကြောင့် မိစ္ဆာဂိုဏ်းအပြည့်အစုံကို ခေါ်ဆိုလျှင် တိတန်မိစ္ဆာဂိုဏ်းဟု ခေါ်ဆိုကြသည်။

တိတန်မိစ္ဆာဂိုဏ်းသည် တရုတ်ပြည်မကြီးနှင့် ကင်းကွာသော ကျွန်းနိုင်ငံများမှ သိုင်းပညာများကို စုစည်းလေ့ကျင့်ထားကြသည်။

သူတို့ဂိုဏ်းကိုမူ တိတန်ဂိုဏ်းဟူ၍သာ ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အခါမျှ မိစ္ဆာဂိုဏ်းဟု မခေါ်ချေ။

ထို့ကြောင့် သူတို့၏သိုင်းပညာသည် ထူးဆန်းပြီး ရက်စက်ကြမ်းကြုတ်လှပေသည်။

ထို့ပြင် ယမ်းလက်နက်များကို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်ကြ၏။

တရုတ်ပြည်မသိုင်းလောက၌ ယမ်းလက်နက်ကို ဂိုဏ်းအများအပြားက မသုံးစွဲကြချေ။

ယင်းကြောင့် သိုင်းလောကသားများက တိတန်မိစ္ဆာဂိုဏ်းဟု ကြားလိုက်သည်နှင့် ထိတ်လန့်တုန်လှုပ်သွားကြစမြဲ ဖြစ်သည်။

အံ့ဩဖွယ်ရာကောင်းသည်မှာ ပြည်ပ ပြည်တွင်း လူမျိုးစုံဖြင့် ဖွဲ့စည်းထောင်ထားသော တိတန်မိစ္ဆာဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးမှာ တန်တရုတ်လူမျိုးတစ်ယောက်သာ ဖြစ်သည်။

ထို့ပြင် သူ၏အသက်မှာ နှစ်ဆယ်ကျော်မျှသာရှိပြီး ချောမောသန့်ပြန့်သည့် လူရွယ်တစ်ယောက်ဖြစ်သည်။

ဤမျှ အသက်ငယ်ရွယ်သော တရုတ်လူမျိုးတစ်ယောက်က အဘယ်ကြောင့် တိတန်ဂိုဏ်းကို အုပ်ချုပ်နေသည့် မိစ္ဆာဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်နေပါသနည်း။

မည်သို့ဆိုစေ -

ယနေ့သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ဂိုဏ်းပေါင်းနှစ်ဆယ်ကျော်သည် တိတန်မိစ္ဆာဂိုဏ်း၏



သစ္စာခံကျေးကျွန်များ ဖြစ်ခဲ့ကြလေသည်။

သို့သော် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ဤမျှနှင့် ကျေနပ်ရောင့်ရဲခြင်း မရှိသေးချေ။

သူသည် အင်အားတောင့်တင်းသော ဂိုဏ်းများကို မိမိထံတွင် သစ္စာခံရန် အနီရောင်ဖိတ်စာများ ပေးပို့နေဆဲဖြစ်သည်။

သူ၏ရည်ရွယ်ချက်မှာ တရုတ်ပြည်တစ်ပြည်လုံးအား လွှမ်းမိုးထားရန် ဖြစ်သည်။

အကယ်၍ အနီရောင်ဖိတ်စာရရှိပါလျက် သစ္စာခံခြင်းမပြုသော ဂိုဏ်းအဖွဲ့အစည်းသည် နေ့ချင်းညချင်းပင် သိုင်းလောကထဲမှ နည်းမျိုးစုံဖြင့် ပျောက်ကွယ်သွားရမည်သာ ဖြစ်၏။

တိတန်မိစ္ဆာဂိုဏ်းသည် အဲဘယ်ကြောင့် ဤမျှအထိ သိုင်းလောကအား လွှမ်းမိုးထားပါသနည်း။

◻ ◻ ◻ ◻

ထုံကွမ်းမြို့သည် ကြီးမား၍ စည်ကားသောမြို့တစ်မြို့ဖြစ်၏။

သို့သော် ချန်အန်းမြို့နှင့် နှိုင်းစာလျှင်မူ ကြီးကျယ်စည်ကားသောမြို့ဟု မဆိုသာပါချေ။

ချန်အန်းမြို့မှာ ရှေးနှစ်ပေါင်းများစွာကပင် ကြီးကျယ်

www.burmeseclassic.com

www.burmeseclassic.com



ညည်ကားခဲ့ခြင်းကြောင့် ထုံကွမ်းက ချန်အန်းကို မယှဉ်နိုင်ခြင်း ဖြစ်သည်။

သို့သော် ထုံကွမ်းမြို့သည် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် အချက်အချာကျသော မြို့တစ်မြို့ဖြစ်သောကြောင့် စည်စည်ကားကား ရှိနေခဲ့ရသည်။

ထုံကွမ်းမြို့၏ အစည်ကားဆုံးနေရာမှာ ထုံကွမ်းမြို့၏ မင်းလမ်းမကြီးတစ်ဝိုက်ဖြစ်လေသည်။

ဤမင်းလမ်းမကြီးမှတစ်ဆင့် မိမိသွားလိုရာသို့ လွယ်ကူစွာ သွားလာနိုင်သောကြောင့် မင်းလမ်းမကြီးပေါ်တွင် အမြဲတစေ စည်ကားနေတတ်ခြင်းဖြစ်၏။

သို့သော် . . .

ယနေ့နံနက်မှစ၍ အမြဲတစေ လူစည်ကားနေတတ် သော ထုံကွမ်းမြို့၏ မင်းလမ်းမကြီးပေါ်တွင် လူသွားလူလာဟူ၍ တစ်စုံတစ်ယောက်မျှမရှိဘဲ သုသာန်တစ်စပြင်ပမာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထို့ပြင် မင်းလမ်းမကြီးနံဘေးရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် တည်းခိုခန်းများမှာလည်း ပိတ်ထားခဲ့ကြသည်။

အဘယ်ကြောင့် ထုံကွမ်းမြို့ကလေး၏ အခြေအနေက ပြောင်းလဲသွားပါသနည်း။

အကြောင်းကား ထုံကွမ်းမင်းလမ်းမကြီးနံဘေးရှိ ရွှေခြသေ့်ဂိုဏ်းထံသို့ မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိ၏ဂိုဏ်း၌ သစ္စာခံရန် အနီရောင်ဖိတ်စာ ပို့လာခဲ့သည့်သတင်းကို ရွှေခြသေ့်ဂိုဏ်းသားမက ထုံကွမ်းမြို့ရှိ လူအားလုံး သတင်းရထားခဲ့ကြသည် မဟုတ်ပါလော။

ထို့ကြောင့် ထုံကွမ်းမြို့ရှိ အားလုံးသော လူများတို့သည် ထိတ်လန့်တုန်လှုပ်နေကြလေသည်။

အဘယ်ကြောင့် တုန်လှုပ်ကြသနည်းဆိုသော် . . .

မိစ္ဆာဂိုဏ်းချုပ်ကြီး၏ ဖိတ်ကြားစာ ရရှိခဲ့သော ဂိုဏ်း၏ အနီးပတ်ဝန်းကျင်ရှိလူများမှာ အနည်းနှင့်အများ သေဆုံးကြရသည်မဟုတ်ပါလော။

ယင်းကြောင့် အားလုံးသောလူများသည် မိမိတို့၏အိမ်တံခါးများကို အသေမင်းတုပ်ချ၍ ပိတ်ထားလိုက်ပြီး အိမ်ထဲတွင် ပုန်းအောင်းနေကြလေတော့သည်။

▣ ▣ ▣ ▣

နေမွန်းတည့်ချိန်ဖြစ်သည်။

နေဝန်းနီသည် ကောင်းကင်၏ အလယ်ဗဟိုတည့်တည့်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် တစ်နေ့တာ၏ အပူဆုံးအချိန် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းခြောက်ကောင်သည် ထုံကွမ်းမြို့၏ မင်းလမ်းမကြီးအတိုင်း အရှိန်ပြင်းစွာမောင်းနှင်လာသည်။

မြင်းခွာသံတဖြောင်းဖြောင်း ထွက်ပေါ်လာပြီး ဖုန်များအလိပ်လိုက် အလိပ်လိုက် တတ်လာသောကြောင့် လမ်းတစ်ခု လုံးသဲမှုန့်ဖုန်မှုန့်များ ဖုံးလွှမ်းသွားရသည်။

သန်မာထွားကျိုင်းသော မွန်ဂိုအမျိုးအနွယ်မြင်းများ ဖြစ်ကြသော်လည်း ပူပြင်းလှသော နေရောင်ခြည်အောက်တွင် ခရီးပြင်းနှင်လာရသောကြောင့် မြင်းခြောက်ကောင်၏ ပါးစပ်မှ အမြှုပ်တစီစီထွက်ကာ မောပန်းနွမ်းနယ်နေကြပြီဖြစ်၏။

သို့သော် မြင်းစီးလာသော လူခြောက်ယောက်ကမူ မောပန်းနွမ်းနယ်ဟန်မရှိပါ။

သူတို့သည် မျက်နှာပေါ်တွင် အနက်ရောင်အဝတ်ဖြင့် စည်းထားပြီး ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။

ခြေထောက်တွင် အနက်ရောင်ကြိုးဖိနပ်များ စည်းထားကြသည်။

မြင်းခြောက်ကောင်သည် ရွှေခြသေ့်ဂိုဏ်း၏ ခြံဝင်းရှေ့သို့ ရောက်သောအခါ တုံ့ခနဲရပ်တန့်လိုက်ကြ၏။

ထို့နောက် ခေါင်းဆောင်ဖြစ်ဟန်တူသော လူက အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။



"ရွှေခြသေ့်ဂိုဏ်းချုပ်ကြီး . . . ကျုပ်တို့တိတန်ဂိုဏ်းက ဖိတ်စာပို့ထားတဲ့ကိစ္စအတွက် ခင်ဗျားရဲ့ သဘောထားကို လာရောက်မေးမြန်းတာပါ"

သူ၏ အော်သံဆုံးသွားသည်နှင့် တစ်ပြိုင်နက် ရွှေခြသေ့်ဂိုဏ်း၏ ခြံဝင်းတံခါးကြီးက ဖြည်းညင်းစွာပွင့်လာလေသည်။

တစ်ဆက်တည်းမှာပင် . . .

မီးခိုးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က တံခါးဝတွင်ရပ်လျက် ပေါ်ထွက်လာလေသည်။

သူ၏ခါးတွင် ဓားတစ်လက်ချိတ်ဆွဲထားပြီး လက်နှစ်ဖက်ကို တွဲလောင်းချထားသည်။

ထို့ကြောင့် သူတို့၏ အနေအထားမှာ အချိန်မရွေးတိုက်ခိုက်ရန် အသင့်အနေအထား ဖြစ်နေသည်။

မည်သည့်သိုင်းသမားမဆို ထိုအနေအထားအတိုင်း ရှိနေမည်သာဖြစ်သည်။

သူက အေးစက်စက်မျက်လုံးအစုံဖြင့် မြင်းပေါ်မှ လူခြောက်ယောက်အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် မျက်ခုံးတစ်ချက်ပင့်ကြည့်ကာ မဲ့ပြုံးပြုံးလိုက်သည်။

"ဩော် . . . မင်းတို့ရောက်လာပြီကိုး"

ခေါင်းဆောင်ဖြစ်ဟန်တူသူက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကျုပ်တို့မိတ်စာနဲ့ပတ်သက်ပြီး ဘယ်လို သဘောရသလဲဆိုတာ ခင်ဗျားတို့ရဲ့ဂိုဏ်းချုပ်ကြီးကို သွားမေးပါ"

မီးခိုးရောင်ဝတ်ဆင်ထားသော လူက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့လို မိစ္ဆာဂိုဏ်းက သရဲတစ္ဆေတွေရဲ့ လက်အောက်ကို . . . ကျုပ် ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးက ဘယ်တော့မှ သစ္စာမခံဘူးဆိုတာ . . . နားလည်ထားပါ"

တိတန်ဂိုဏ်းသားတစ်ယောက်သည် ရပ်ပြီးပြောနေသူကို ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးဖြစ်ကြောင်း သဘောပေါက်လိုက်မိသည်။

သူတို့က အားပါးတရ ရယ်မောလိုက်ကြလေသည်။

"ဟား . . . ဟား . . . ဟား"

"ဟား . . . ဟား . . . ဟား"

အတန်ကြာမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက ရှေ့သို့ မြင်းကို တိုးထွက်လိုက်လေသည်။

"ကောင်းပြီ . . . ဒါဆိုရင် ကျုပ်တို့က ခင်ဗျားကို တိုက်ခိုက်ပြီး ခင်ဗျားဂိုဏ်းကလူတွေအားလုံးကို သုံ့ပန်းအဖြစ် ဖမ်းဆီးသွားမယ် . . . ဒါကို ခင်ဗျား သဘောတူပြီပေါ့"

မီးခိုးရောင်ဝတ်ဆင်ထားသောလူက အားပါးတရရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား ခင်ဗျားတို့က ကျုပ်ရဲ့ဂိုဏ်းသားတွေကို သုံ့ပန်းအဖြစ် ဖမ်းဆီးသွားမယ်ဟုတ်လား . . . ဟား . . . ဟား . . . ဟား"



တိတန်ခေါင်းဆောင်က မျက်မှောင်ကြုတ်လိုက်သည်။

"ဘာလဲ . . . ခင်ဗျားက မယုံဘူးလား"

မီးခိုးရောင်ဝတ်ဆင်ထားသောလူက ရယ်မောခြင်းကို ရပ်တန့်လိုက်လေသည်။

"ဒီမှာ ကျုပ်က ဘယ်တော့မှ ကျုပ်လူတွေကို ဒုက္ခရောက်မခံဘူး . . . သူတို့ကို ခင်ဗျားတို့ဆီက ဖိတ်စာရကတည်းက အားလုံး ရှောင်တိမ်းခိုင်းထားလိုက်ပြီ . . . ကျုပ်တစ်ယောက်တည်း ခင်ဗျားတို့နဲ့ရင်ဆိုင်ဖို့ စောင့်နေတာဗျ . . . ကဲ ကျုပ်ရဲ့ဂိုဏ်းသားနဲ့ပတ်သက်ပြီး ကျုပ်စီစဉ်ထားတာ သဘာဝမကျပေဘူးလား"

တိတန်ခြောက်ယောက်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

သူတို့သည် ပွင့်နေသော ခြံဝင်းတံခါးမှတစ်ဆင့် အဆောက်အအုံများဆီသို့ လှမ်းမျှော်ကာကြည့်လိုက်ကြသည်။

ထိုအခါ အဆောက်အအုံများမှ ပကတိတိတ်ဆိတ်ငြိမ်သက်နေခြင်းကို တွေ့မြင်လိုက်ရ၏။

တစ်ဦးတစ်ယောက်၏ လှုပ်ရှားမှုမျှ မတွေ့ကြရချေ။

တိတန်ခေါင်းဆောင်က နောက်သို့လှည့်ကြည့်လိုက်သည်။

"နံပါတ်သုံး . . . အထဲကိုဝင်ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



တိတန်တစ်ယောက်က ခေါင်းညိတ်ကာ မြင်းကို ခြံဝင်းထဲသို့ ဒုန်းစိုင်းကာဝင်ရောက်သွားသည်။

သူသည် ခြံဝင်ကျယ်ကြီးတစ်ခုလုံးကို မြင်းနှင့်မွှေနှောက်ကြည့်ပြီးနောက် ခေါင်းဆောင်ဆီသို့ပြန်လာ၏။

ထို့နောက် ၎င်းခေါင်းဆောင်အား သတင်းပို့လိုက်သည်။

"သူပြောတာ အမှန်ပါပဲ ... တစ်ယောက်မှ မရှိဘူးခင်ဗျ"

တိတန်ခေါင်းဆောင်က တွေဝေသွားသည်။

သူသည် မိမိတို့၏ ဂိုဏ်းချုပ်ကြီးက ရွှေခြင်္သေ့ဂိုဏ်းချုပ်ကြီးနှင့် ကျန်ရှိသောဂိုဏ်းသားများကို အကျဉ်းသားအဖြစ် ဖမ်းဆီးလာရန် အမိန့်ပေးလိုက်သဖြင့် ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယခုသော် ရွှေခြင်္သေ့ဂိုဏ်းချုပ်ကြီးတစ်ယောက်ကိုသာ တွေ့မြင်ရသဖြင့် မည်သို့ပြုလုပ်ရမှန်း မသိအောင် ဖြစ်သွားမိ၏။

ရွှေခြင်္သေ့ဂိုဏ်းချုပ်ကြီးက အားပါးတရ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား မင်းတို့ တော်တော်ဒုက္ခရောက်သွားပြီနဲ့တူတယ် ... မှန်းတာကတခြား ... ဖြစ်တာကတခြားဖြစ်သွားပြီမဟုတ်လား"

တိတန်ခေါင်းဆောင်က စကားမပြောတော့ပါ။



သူသည် မိမိ၏ဘေးလက်ကိုင်ရှိ သံမဏိဘုလုံးလေးတစ်လုံးကို လက်မဖြင့် ဖိနှိပ်လိုက်သည်။

ရုတ်တရက် ဓားရိုးမှ အဖုံးလေးတစ်ခုပွင့်ထွက်သွားပြီး မီးရှူးမီးပန်းများက ကောင်းကင်ပေါ်သို့ ထိုးတက်သွား၏။

ထိတန်ဂိုဏ်း၏ အချက်ပေးခြင်းပေတည်း။

"ဖောက် ... ဖောက် ... ဖောက်"

ကောင်းကင်ပေါ်တွင် အနီရောင်မီးပန်းများ ကြဲပြန့်သွား၏။

အချိန်အတော်ကြာကြာ မစောင့်လိုက်ရပါ။

လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

တစ်ဆက်တည်းမှာပင် အနီရောင်အရိပ်တစ်ခုက လေပြင်းနှင့်အတူ လွင့်မျောလာနေခြင်းကို တွေ့မြင်လိုက်ရသည်။

သူ၏ရွေ့လျားခြင်းမှာ တိမ်များ၏ ရွေ့လျားခြင်းနှင့် တူသည်။

ရွှေခြင်္သေ့ဂိုဏ်းချုပ်ကြီးက အနီရောင်ရိပ် ရွေ့လျားလာပုံကိုကြည့်ကာ မီးတောက်မီးလျှံတစ်ခု ရွေ့လျားလာနေသည်ဟု ခံစားလိုက်ရလေသည်။

သူ၏ရင်ထဲ၌ ပူလောင်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်အရိပ်သည် လျင်မြန်စွာ ရွေ့လျားလေ၏။

တခဏ အချိန်လေးအတွင်းမှာပင် အနီရောင်အရိပ်က နီးကပ်လာပြီ။ လူရွယ်တစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ ရလေသည်။

ထိုလူရွယ်၏အသက်မှာ နှစ်ဆယ်ခန့်သာရှိဦးမည် ဖြစ်ပြီး ချောမောသန့်ပြန့်သည့် လူရွယ်တစ်ယောက် ဖြစ်နေသည်။

ပြေးလာစဉ်က အလွန်လျင်မြန်သော်လည်း ရပ်သည့် အခါတွင်မူ အလွန်ကျန်ကြီးမားနေကြောင်း တွေ့ရပြန်သည်။

သူသည် ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးရှေ့တွင် ရပ်တန့်ကာ လက်ထဲမှ ယပ်တောင်နီအား တဖျပ်ဖျပ်ခတ်နေ၏။

မာန်အလွန်ပါသည်။

ရွှေခြသေ့်ဂိုဏ်းချုပ်က သူ့အား အကဲခတ်ကြည့်လိုက် သည်။

"ခင်ဗျားက တိတန်ဂိုဏ်းချုပ်လား"

ထိုလူရွယ်စကားမပြောပါ။

သူက ယပ်တောင်နီလေးပေါ်တွင် အနက်ရောင် ဆေး များဖြင့် ခြယ်သထားသော ပန်းချီကားလေးအား ရွှေခြသေ့်ဂိုဏ်း ချုပ်ကြီး မြင်သာအောင် ထောင်ပြလိုက်သည်။

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးက ထိုယပ်တောင်ပေါ်ရှိ အနက် ရောင်ဆေးများဖြင့် ခြယ်သထားသော ရုပ်ပုံအားကြည့်ကာ ရင်



ထဲ၌ တစ်ချက်လှုပ်ရှားသွားလေသည်။

အကြောင်းကား . . .

ယပ်တောင်ပေါ်တွင် ဆေးရောင်အနက်များဖြင့် မကောင်းဆိုးဝါးတစ်ကောင်၏ ရုပ်ပုံကို ရေးဆွဲထားသည် မဟုတ် ပါလော။

မိစ္ဆာဂိုဏ်းအစစ် ဖြစ်နေလေပြီ။

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးက သူ့အား မော့ကြည့်ကာ လှုပ် ရှားနေသောစိတ်ကို ထိန်းချုပ်လိုက်သည်။

"ဩော် . . . မင်းက တိတန် မိစ္ဆာဂိုဏ်းချုပ်ကြီးကိုး"

တိတန်ဂိုဏ်းချုပ်ကြီးက သူ၏စကားကို မကြားဟန်ဖြင့် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်နေ၏။

သူ့လူခြောက်ယောက်သည် မြင်းပေါ်မှဆင်းကာ ပြိုင်တူ အူးထောက်လိုက်ကြသည်။

"တိတန်ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

တိတန်ဂိုဏ်းချုပ်ကြီးက ခေါင်းဆောင်ဖြစ်သူအား ကြည့် လိုက်၏။

သူ၏အကြည့်သည် စူးရှပြီး အမေးပုစ္ဆာများ ပါရှိနေလေ သည်။

တိတန်ခေါင်းဆောင်သည် သူ၏အကြည့်ကို သဘော ပေါက်သည့်အလား ကမန်းကတန်းအဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးခင်ဗျား . . . ရွှေခြသေ့်ဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီး တစ်ယောက်ကလွဲပြီး ကျန်တဲ့လူတွေ တစ်ယောက်မှမရှိတော့ပါဘူး . . . ဒါကြောင့်"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးအား စိုက်ကြည့်လိုက်လေသည်။

သူက စကားတစ်ခွန်းမှ မပြောပါ။

သို့သော် အဘယ်ကြောင့်မှန်း မသိပါ။

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးကတော့ ပြောကိုပြောရမည် ဖြစ်သည်။

သူသည် တိတန်မိစ္ဆာဂိုဏ်းချုပ်နှင့်ရင်ဆိုင် စကားပြောရန် တစ်ယောက်တည်း ချန်နေရစ်သူ မဟုတ်ပါလား။

ထို့ကြောင့် သူက ခေါင်းညိတ်လိုက်ကာ . . .

"ဟုတ်တယ် . . . ကျုပ်က ခင်ဗျားတစ်ယောက်တည်းနဲ့ ရင်ဆိုင်ဖို့ စောင့်နေတာ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက အားပါးတရရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား"

သူ၏ ရယ်မောသံသည် စူးရှကျယ်လောင်ပြီး အက်ကွဲကွဲ ဖြစ်နေသဖြင့် ငှက်ဆိုးထိုးသံနှင့်မခြား ဖြစ်နေလေသည်။

အသံကတော့ တကယ်ဆိုးဝါးသည်။

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးသည် အံ့သြထိတ်လန့်သွားသည်။



အဘယ့်ကြောင့်ဆိုသော် . . .

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ဤမျှအတွင်းအား မြင့်မားနေခြင်းကို သူမယုံကြည်နိုင်အောင် ဖြစ်နေသည် မဟုတ်ပါလော။

ထိုအချိန်၌ မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး သူ့အား စိုက်ကြည့်လိုက်၏။

သူ၏ အကြည့်မှာ စူးရှထက်မြက်သည့် ဓားပါးလေးနှစ်လက်ပမာ အသည်းနှလုံးအား ထိုးဖောက်လာသည်ဟု ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးက ခံစားလိုက်ရလေသည်။

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။

ထိုအချိန်မှာပင် မိစ္ဆာဂိုဏ်းချုပ်ကြီးက ခပ်အေးအေးဖြင့် မေးသည်။

"ခင်ဗျားကသေချင်ပြီလား"

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးက သူ၏စကားမှာ အပြောမဟုတ်ဘဲ အမှန်တကယ်ဖြစ်နိုင်ကြောင်း အလိုအလျောက်ယုံကြည်နေမိလေသည်။

ဤယမမင်းကဲ့သို့ ကြောက်စရာကောင်းသူတစ်ဦး၏ စကားမှာ လေမဟုတ်ကြောင်း သူသိသည်။

သို့သော် . . .

သူသည် အနီရောင် ဖိတ်စာရစဉ်ကပင် အသက်စွန့်၍

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

သူ့အသင်းသားများကို ရုပ်ဖျက်ပြီး နေရာခွဲ၍ ပို့လိုက်လေပြီ။

အသင်းသားများအတွက် သူနောက်ဆံတင်းစရာ မလိုတော့ပေ။

ထို့ကြောင့် ခါးမှဓားကို ဆွဲထုတ်ကာ တစ်ချက်ဝှေ့ယမ်းလိုက်၏။

ဓားရိပ်များသည် နေရောင်အောက်တွင် ဝင်းလက်သွား၏။

"ခင်ဗျားက . . . သတ်နိုင်ရင် သတ်သွားပါ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီ . . . ခင်ဗျား သတိထားနေပါ"

ရုတ်တရက် သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

သူ၏ ရှည်လျားလှသော လက်ချောင်းကလေးများသည် ရွှေခြသေ့်ဂိုဏ်းချုပ်ကြီး၏ ဓားကိုင်လက်အား ကုတ်ဆွဲချလိုက်လေသည်။

ရွှေခြသေ့် ဂိုဏ်းချုပ်က ရင်ထိတ်သွားသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်မှဓားကို လွတ်ကျသွားအောင် ကုပ်ဆွဲခြင်း ဖြစ်သည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောကာ လေထဲသို့ ပျံဝဲတက်



သွား၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် . . .

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးကလည်း ဓားကိုဝှေ့ယမ်းကာ လေထဲသို့ ခုန်တက်လိုက်ပါသည်။

သူက လေထဲ၌ပင် မိစ္ဆာဂိုဏ်းချုပ်ကြီး၏ရင်ဝသို့ ဓားဖြင့် ထိုးသွင်းလိုက်၏။

မိစ္ဆာဂိုဏ်းချုပ်ကြီးက အေးစက်စက်ဖြင့် ရယ်မောလိုက်သည်။

လေထဲမှာပင် ထိုဓားချက်ကိုရှောင်သည်။

တစ်ဆက်တည်းမှာပင် . . .

သူသည် ရွှေခြသေ့်ဂိုဏ်းချုပ်ကြီး၏ ဓားကိုင်လက်အား လက်ဝါးတစ်ဖက်ဖြင့် ပုတ်ထုတ်လိုက်၏။

"ဝုန်း"

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီး မလွတ်တော့ပေ။

ခန္ဓာကိုယ်တစ်ခုလုံးမှာ ထုံကျဉ်သွားပြီး ဓားကအောက်သို့ လွတ်ကျသွားသည်။

သို့သော် ရွှေခြသေ့်ဂိုဏ်းချုပ်ကြီးသည် အရှုံးမပေးသေးပေ။

တိုက်ခိုက်ရန် ဟန်ပြင်လိုက်သေးသည်။

သို့သော် မိစ္ဆာဂိုဏ်းချုပ်ကြီးက ရုတ်တရက်သူ၏ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



အား လက်ငါးချောင်းဖြင့် ထိုးစိုက်ချလိုက်သည်။

ရွှေခြသေ့ဂိုဏ်းချုပ်ကြီးက ထိတ်လန့်တုန်လှုပ်သွား၏။

သူသည် လေထဲ၌ ခန္ဓာကိုယ်အား လှည့်ပတ်ကာ ရှောင်တိမ်းရန် ကြိုးစားလိုက်လေသည်။

သို့သော် နောက်ကျသွားပြီဖြစ်၏။

မိစ္ဆာဂိုဏ်းချုပ်ကြီး၏ လက်ငါးချောင်းသည် ဓားပါးလေးငါးလက်ပမာ သူ၏ဦးခေါင်းထဲသို့ စိုက်ဝင်သွားခဲ့ပြီ ဖြစ်လေတော့သည်။

"ဝုန်း"

ရွှေခြသေ့ဂိုဏ်းချုပ်ကြီးက မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ပြုတ်ကျသွား၏။

နီရဲသောသွေးများသည် သူ၏ဆံပင်များကြားမှ စီးဆင်းကျလာလေသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိ၏လက်ချောင်းများတွင် ပေကျံနေသော သွေးများကိုကြည့်ကာ အားပါးတရရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား"

သူက ရယ်မောရင်း ရုတ်တရက်လေထဲသို့ ခုန်တက်သွား၏။

သူ၏ ခန္ဓာကိုယ်သည် ပျံလွှားတစ်ကောင်အလား လေထဲတွင်ဝဲပျံ၍ အဝေးသို့ လွင့်မျောသွားလေသည်။



တစ်ခဏအကြာ သူ၏ရယ်မောသံမှာလည်း ဝေး၍ဝေး၍ သွားကာ နောက်ဆုံး၌ ပျောက်ကွယ်သွားလေတော့၏။

◙ ◙ ◙ ◙

တိတန်ခြောက်ယောက်သည် ယခုမှ ဒူးထောက်ရာမှ ထရပ်လိုက်လေသည်။

ထို့နောက် သူတို့သည် ရွှေခြသေ့ဂိုဏ်းချုပ်ကြီး၏ အလောင်းအား ကြည့်လိုက်ကြလေသည်။

ရွှေခြသေ့ဂိုဏ်းချုပ်ကြီး၏ ဝိညာဉ်သည် ခန္ဓာကိုယ်မှ ထွက်ခွာသွားပြီဖြစ်၏။

အရှင်းဆုံးဆိုသော် ရွှေခြသေ့ဂိုဏ်းချုပ်ကြီး သေနေလေပြီ။

သို့သော် သူ၏မျက်နှာပေါ်တွင် အံ့သြသောဟန်မူရာများ ကျန်ရစ်ထင်ဟပ်နေဆဲပင် ရှိလေသည်။

တိတန်ခေါင်းဆောင်သည် ပွင့်နေသော ရွှေခြသေ့ဂိုဏ်းချုပ်ကြီး၏ အလောင်းကိုမြင်းပေါ်သို့ ဆွဲတင်လိုက်သည်။

ရွှေခြသေ့ဂိုဏ်းချုပ်ကြီး သေဆုံးခြင်းသည် သူတို့၏ အောင်မြင်မှုပန်းတိုင်တစ်ခု တိုးခြင်းဖြစ်သည်။

သူတို့သည် ဖွင့်ဟနေသော ရွှေခြသေ့ခြံဝင်းတံခါးကို

www.burmeseclassic.com

www.burmeseclassic.com



မြန်ပိတ်လိုက်ပြီး ခြံဝင်းနဖူးစည်းပေါ်သို့ ခုန်တက်ကာ ရွှေခြသေ့်ဂိုဏ်းဟူသော ဆိုင်းဘုတ်ကို ခြေထောက်ဖြင့်ကန်ကာ ဖြုတ်ချလိုက်သည်။

တစ်ဖန် အင်္ကျီအိတ်ထဲတွင် အသင့်ပါရှိလာသော အလံကို ထုတ်ယူကာ ခြံဝင်းတံခါးဝတွင် စိုက်ထူလိုက်လေသည်။

အလံပေါ်တွင် သရဲတစ္ဆေတစ်ကောင်ကဲ့သို့ ကြောက်မက်ဖွယ်ရာရုပ်ပုံတစ်ခုကို ရေးဆွဲထားသည်။

ဤအလံမျိုးကား ရှားပါးလှ၏။

မြင်သည်နှင့် မျက်လုံးထဲ၌ ထူးထူးခြားခြား ဖြစ်သွားသည့် အလံမျိုးဖြစ်သည်။

ယခု အလံသည် လေထဲ၌ တဖျပ်ဖျပ်လွင့်နေ၏။

ထို့နောက် ခေါင်းဆောင်ဖြစ်သူက မိမိ၏ မြင်းပေါ်သို့ လွှားခနဲခုန်ချကာ စတင်မောင်းထွက်သွားလေသည်။

ကျန်လူငါးယောက်က သူ့နောက်မှ လိုက်ပါသွားကြ၏။

လူသူကင်းမဲ့သွားပြီးဖြစ်သော ရွှေခြသေ့်ဂိုဏ်း၏ ဌာနချုပ်သည် သုသာန်တစ်စပြင်ပမာ ခြောက်သွေ့၍ ကျန်ခဲ့လေသည်။

မည်သို့ဆိုစေ . . .

ဤနေရာသို့ မည်သူကမျှတစ်လက်မမှ ကျူးကျော်နေမည် မဟုတ်ပါ။

အကြောင်းကား တိတန်မိစ္ဆာအလံ စိုက်ထူထားသော



နေရာမှာ တိတန်မိစ္ဆာဂိုဏ်း၏ ပိုင်နက်ဖြစ်ကြောင်းအားလုံးက သိရှိနားလည်ထားကြသည် မဟုတ်ပါလော။

■ ■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၂

## ကျူပင်ခုတ် ကျူငုတ်မကျန်

ယနေ့သည် လဆုတ်တစ်ဆယ့်သုံးရက်ဖြစ်၏။

ထို့ကြောင့် လဝန်းသည် သန်းခေါင်ကျော်မှ ထွက်ပေါ်လာသည်။

သို့သော် လရောင်သည် ဖုံးလွှမ်းနေသော အမှောင်ထုအား ဖြိုနိုင်စွမ်းမရှိပါချေ။

ဝန်းကျင်တစ်ခုလုံးအား မှေးမှိန်သော အလင်းရောင်သာ ပေးစွမ်းနိုင်လေသည်။

ကြယ်ကလေးများ၏ မှေးမှိန်သော အလင်းရောင်ကလည်း အမှောင်ထုကို အနိုင်တု၍ ဖက်ပြိုင်နေသည်ဟု ထင်ရပေသည်။

❋❋❋❋❋



သို့ရာတွင် ဤပတ်ဝန်းကျင်သည် သစ်ပင်ကြီးများနှင့် ချုံနွယ်များ ထူထပ်စွာပေါက်ရောက်နေသော တောအုပ်ကလေးတစ်ခုဖြစ်သောကြောင့် လမိုက်ညနှင့်မခြား အမှောင်ထုက ကြီးစိုးထားသည်။

သို့သော် . . .

ရုတ်တရက် ဗျပ်စောင်းသံတစ်သံက ည၏ တိတ်ဆိတ်မှုကို ဖြိုခွင်းကာ ထွက်ပေါ်လာလေသည်။

ဤမျှ ညဉ့်နက်သန်းခေါင်းယံအချိန်တွင် မည်သူက တောအုပ်ကလေးထဲသို့ လာရောက်၍ ဗျပ်စောင်းတီးနေပါသနည်း။ ထိုတောအုပ်အတွင်း ဗျပ်စောင်းတီးသူမှာ အလွန်ထူးခြားသူ ဖြစ်ရသည်။

မထူးခြားလျှင် မည်သူမျှဖျပ်စောင်းမတီးပေ။

ဗျပ်စောင်းသံသည် တောအုပ်ကလေး အလယ်ရှိ အိမ်ကလေးတစ်လုံးမှ ထွက်ပေါ်နေခြင်းဖြစ်သည်။

ဗျပ်စောင်းကို တီးခတ်နေသူမှာ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ဖြစ်၏။

သူမသည် ဗျပ်စောင်းကို တီးခတ်ရင်း ကောင်းကင်ပေါ်ရှိ လဝန်းကို မော့ကြည့်နေသည်။

ဗျပ်စောင်းသံသည် သာယာငြိမ့်ငြောင်းသော သံစဉ်များဖြင့် ဖြစ်ပေါ်စေ၏။

❋❋❋❋❋

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤသံစဉ်သည် အလွန်ကြေကွဲဖွယ်ရာကောင်းသော အလွမ်းတေးတစ်ပုဒ် ဖြစ်နေသည်။

ထို့အတူ မိန်းကလေး၏ မျက်နှာမှာလည်း ကြေကွဲဝမ်းနည်းသည့်ဟန်မူရာများ ပေါ်လွင်နေလေသည်။

ထိုစဉ် သူမသည် ဗျပ်စောင်းတီးခတ်မှုကို ရပ်တန့်လိုက်သည်။

တစ်ဆက်တည်းမှာပင် သူမ၏ စူးရှတောက်ပသော မျက်လုံးအစုံက တောလမ်းကလေးအား မမှိတ်မသုန်စိုက်ကြည့်နေ၏။

အဘယ်ကြောင့်ဆိုသော် အနက်ရောင်ဝတ်ဆင်ထားပြီး ခမောက်ပိုင်းတစ်လုံးကို ဆောင်းထားသည့် လူတစ်ယောက်သည် တောလမ်းလေးအတိုင်း မပြေးလွှားလာနေခြင်းကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေ၏။

ထိုသူကား မိန်းကလေးတည်း။

မကြာမီ ထိုမိန်းကလေးသည် သူမထိုင်နေသော တဲအိမ်ကလေးရှေ့သို့ ရောက်ရှိလာပြီး ဒူးထောက်လိုက်၏။

ယင်းနောက် တစ်ချက်ဦးညွှတ်ဂါရဝပြုကာ . . .

"သခင်မလေး ယို့အော့လျှံကို ကျွန်မရှင်ချန်ရိက ဂါရဝပြုပါတယ်"

ယို့အော့လျှံက သူမအား ဟန်မူရာကင်းမဲ့သော မျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။



"ရှင်ချန်ရိ . . . သူတို့နဲ့ အဆက်အသွယ်ရပြီလား"

ရှင်ချန်ရိဆိုသော မိန်းကလေးက တည်ကြည်သောမျက်နှာထားဖြင့် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ . . . သူတို့က မနက်ဖြန်လောက်ဆိုရင် ဒီကိုရောက်လာပါလိမ့်မယ်"

ယို့အော့လျှံက မျက်မှောင်ကြုတ်လိုက်လေသည်။

"သေချာရဲ့လား"

ရှင်ချန်ရိက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ . . . သေချာပါတယ် သခင်မလေး"

ယို့အော့လျှံ၏ အေးစက်စက်မျက်နှာပေါ်တွင် ပြုံးရောင်တစ်ချက်သမ်းလာလေသည်။

"ကောင်းပြီ . . . မင်းအပေါ်တက်ခဲ့ပါ"

ရှင်ချန်ရိက ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် သခင်မလေး"

သူမကပြောပြီး ရုတ်တရက်ခန္ဓာကိုယ်အား တစ်ချက်လှုပ်ခါလိုက်၏။

ထိုအခါ သူမသည် လေထဲတွင် လှပစွာပျံဝဲကာ တဲအိမ်ကလေး၏အပေါ်ထပ်သို့ ရောက်ရှိသွားလေတော့သည်။

ရှင်ချန်ရိက တဲအိမ်ကလေးပေါ်သို့ ရောက်ရှိသောအခါ ယို့အော့လျှံက ဗျပ်စောင်းကို ပေါင်ပေါ်တွင်တင်ကာ အရက်အိုး

www.burmeseclassic.com

www.burmeseclassic.com



အိုးတစ်လုံးကို မော့သောက်နေသည်ကို တွေ့မြင်လိုက်ရ၏။

သူမက မိမိ၏ ခြောက်သွေ့နေသော နှုတ်ခမ်းကို လျှာဖြင့် ပွတ်သပ်လိုက်သည်။

သူမ၏ရင်ထဲတွင် အရက်သောက်လိုစိတ်များ ပြင်းပြင်းထန်ထန်ပေါ်ပေါက်လာသည် မဟုတ်ပါလော။

အရှတ်သိုင်းသမားများကား တရုတ်သိုင်းသမားများနည်းတူ အချို့လည်း အရက်သောက်တတ်ကြသည်။

သို့သော် သူမက အရက်ကို တောင်းမသောက်ဝံ့ပါ။

သူမသည် ဝါးရွက်စိမ်းအရက်အိုးကိုကြည့်ကာ တံတွေး တစ်ချက် မျိုချလိုက်မိ၏။

သူ့သခင်မလေးဆီမှ အဘယ်သူသည် အရက်တောင်းသောက်ရဲအံ့နည်း။

ယို့အော့လျှံက သူမအားကြည့်လိုက်၏။

သူမသည် ဝါးရွက်စိမ်းအရက်အိုးအား စိုက်ကြည့်နေသော ရှင်ချန်ရီအားကြည့်ပြီး . . .

"ရှင်ချန်ရီ ထိုင်လေ"

ရှင်ချန်ရီက သူမနံဘေးတွင် ထိုင်ချလိုက်သည်။

ယို့အော့လျှံက သူမအားစိုက်ကြည့်ကာ . . .

"ညည်းက . . . ဘာကြည့်နေတာလဲ"

ဟု တင်မာသောအသံဖြင့် မေးလိုက်၏။

ရှင်ချန်ရီက ကမန်းကတန်း ခေါင်းငုံ့လိုက်လေသည်။

ယို့အော့လျှံက ပြုံးလိုက်သည်။

သူမသည် ခေါင်းငုံ့နေသော ရှင်ချန်ရီအားကြည့်ကာ ခေါင်းခါယမ်းလိုက်လေသည်။

"ရှင်ချန်ရီ . . . ညည်းဟာ ငါတို့သားအဖအပေါ် တကယ် သစ္စာရှိတဲ့မိန်းကလေးပါ . . . ဒါကြောင့် ငါတို့က တကယ်ကို ကျေးဇူးတင်နေမိပါတယ်"

သူမက အရက်အိုးကို ရှင်ချန်ရီထံသို့ လှမ်းပေးလိုက်၏။

"ရော့ . . . ဒီအရက်ကို သောက်လိုက်ပါဦး . . . ဒါဟာ ညည်းရဲ့ သစ္စာရှိမှုအတွက် ဂုဏ်ပြုတယ်လို့မှတ်ပါ"

ရှင်ချန်ရီ၏ မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွား လေသည်။

သူမက အရက်အိုးကိုယူကာ တစ်ရှိန်ထိုးမော့ချလိုက်၏။

အရက်များသည် သူမ၏ဝမ်းဗိုက်ထဲသို့ အတော်များများ ရောက်ရှိသွားသည့်အချိန်ကျမှ သူမက အရက်သောက်ခြင်းကို ရပ်တန့်လိုက်သည်။

သူမက လက်ခုံဖြင့် နှုတ်ခမ်းအားသုတ်လိုက်ပြီး . . .

"အားပါး . . . ကောင်းလိုက်တဲ့အရက်ပဲ . . . ကျွန်မ ဝင်ပန်းခဲ့သမျှ အမောပြေသွားပါပြီ . . . သခင်မလေးကို ကျေး ဇူးတင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ယို့အော့လျှံက လှပစွာပြုံးလိုက်သည်။

သူမက ရှင်ချန်ရီ၏ပခုံးကို ဆုပ်ကိုင်ကာ . . .

"ရှင်ချန်ရီ . . . ညည်းက တကယ်ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ . . . ပြောစမ်း ကောင်းကျူနဲ့တွေ့ခဲ့ရဲ့လား"

ရှင်ချန်ရီက ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

သူမက ယို့အော့လျှံအား မျက်လုံးပြူး၍ ကြည့်ကာ ပြုံးစေ့စေ့ဖြင့် မေးလိုက်လေသည်။

"အစ်ကိုကောင်းကျူက သခင်မလေးကို အားမငယ်ပါနဲ့တဲ့ . . . သူတို့ ချက်ချင်းလိုက်လာမယ်ဆိုတဲ့အကြောင်း ပြောလိုက်တယ် . . . သခင်မလေး စိတ်လက်ပေါ့ပါးသွားမယ်လို့ ထင်ပါတယ်"

ယို့အော့လျှံ၏ မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

"ညည်းစကားက ဘာစကားလဲ . . . ငါကဘာဖြစ်လို့ စိတ်လက်ပေါ့ပါးရမှာလဲ . . . အခုချိန်မှာ ငါ့အဖေက တိတန်မိစ္ဆာဂိုဏ်းရဲ့ လက်ထဲမှာ ရှိနေတယ်ဆိုတာ ညည်းမသိဘူးလား"

သူမကပြောရင်း တစ်ဖက်သို့ လှည့်လိုက်၏။

ရှင်ချန်ရီက သူ၏သခင်မလေးကို မဝံ့မရဲကြည့်ကာ . . .

"သခင်မလေးက တကယ်ပဲ ကောင်းကျူအစ်ကို လာတာကို စိတ်မချမ်းသာဘူးတဲ့လား"

ယို့အော့လျှံက သူမအား မျက်စောင်းခဲလိုက်၏။



"ဟင်း . . . ဒီလောက်အန္တရာယ်တွေ ဝိုင်းနေတဲ့အချိန် ...တောင်မှ ညည်းက နောက်ပြောင်နိုင်သေးတယ်"

ရှင်ချန်ရီက ခေါင်းငုံ့သွားသည်။

ထိုအခါ ယို့အော့လျှံက မပြုံးချင် ပြုံးချင်ဖြင့် ပြုံးလိုက် ...ည်။

"ကဲပါ . . . ကဲပါ စိတ်မကောင်းဖြစ်မသွားပါနဲ့ . . . ...က ညည်းကိုဆူတာမဟုတ်ပါဘူး . . . ညည်းရဲ့ ဘာကိုမှမ ...ာက်မရှူဘဲ ရင်ဆိုင်ရဲတဲ့ သတ္တိကို သဘောကျလို့ ပြောမိတာပါ"

ရှင်ချန်ရီက ကျေနပ်သွားသည်။

"ကျေးဇူးတင်ပါတယ် သခင်မလေး . . . ကျွန်မက ...စ်ကိုကောင်းကျူနဲ့ သခင်မလေးတို့ . . . "

သူမက စကားကို ရုတ်တရက် ရပ်တန့်လိုက်ရလေသည်။ အကြောင်းကား . . .

ယို့အော်လျှံက သူမအား မျက်လုံးပြူးကာကြည့်လိုက်သည် ...တ်ပါလား။

ယင်းအချိန် ရုတ်တရက် ယို့အော့လျှံက မျက်မှောင်ကြုတ် ...ဘဝင်မကျဟန်ဖြင့် မေးလိုက်လေသည်။

"ဒါနဲ့ . . . သူက ဘာဖြစ်လို့ ညည်းနဲ့တစ်ခါတည်း လိုက် ...ခဲ့တာလဲ"

ရှင်ချန်ရီက သက်ပြင်းတစ်ချက်ချကာ ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အမှန်တော့ အစ်ကိုကောင်းကျူက ကျွန်မ
တစ်ခါတည်း လိုက်လာခဲ့တာပါ . . . ဒါပေမယ့်"

သူမက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်
သည်။

ယို့အော့လျှံက ပို၍ မျက်မှောင်ကြုတ်သွားမိသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ရှင်ချန်ရီက နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

"ဟွန့် . . . သူနဲ့အတူ ဟိုသခင်မလေး ယို့အင်းမွေက
ပါလာတယ်လေ . . . သူ့ကို အစ်ကိုကောင်းကျူက နေခဲ့ဖို့ ပြေ
တယ် . . . ဘာဘာယို့ဖေကျောင်းကလဲ မလိုက်သွားဖို့ ဟန့်တားတာ
သူကအတင်းလိုက်လာတယ်လေ . . . သူပါလာတော့ လမ်း
အိပ်ချင်တာနဲ့ အလုပ်ရှုပ်နေလို့ ကျွန်မက စိတ်မရှည်လို့ အ
ပြန်လာခဲ့တာပါ . . . အင်မတန် ဇာဟီရများတဲ့ မိန်းကလေး

သူမက စကားဆက်လိုက်သေးသည်။

"နောက်ပြီး . . . ကျွန်မက သခင်မလေးကို ဒီမှာ
ယောက်တည်း ထားခဲ့ရတာကို စိတ်မချဘူးလေ"

ယို့အော့လျှံက ကောင်းကင်သို့ တစ်ချက်မော့ကြည့်လို
သည်။

သူမ၏မျက်နှာပေါ်တွင် ထူးခြားသော ဟန်မူရာများ
ပေါ်လွင်လာလေသည်။



ရှင်ချန်ရီက သူမအား အကဲခတ်ကြည့်ကာ မဝံ့မရဲဖြင့်
မေးလိုက်၏။

"သခင်မလေး . . . ယို့အင်းမွေလာတယ်ဆိုလို့ စိတ်အ
နှောင့်အယှက် ဖြစ်သွားတာလားဟင်"

ယို့အော့လျှံက မချိပြုံးပြုံးကာ ခေါင်းခါယမ်းလိုက်သည်။

"အို . . . ဒီလိုမဟုတ်ပါဘူး . . . သူဟာ ငါ့ရဲ့ညီမဝမ်း
ကွဲပဲ . . . နောက်ပြီး သူနဲ့လဲ တွေ့ချင်ပါတယ်"

ရှင်ချန်ရီက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်မိသည်။

သူမသည် ယို့အော့လျှံ၏စကား၌ လျှို့ဝှက်မှုများ ရှိနေ
ကြောင်း နားလည်လိုက်သည် မဟုတ်ပါလော။

ထို့ကြောင့် သူမသည် ခေါင်းယမ်းနေမိသည်။

ယို့အော့လျှံက သူမအား ကြည့်လိုက်သည်။

"ညည်းက ဘာကိုခေါင်းခါယမ်းနေတာလဲ"

ရှင်ချန်ရီက သူမအား နားလည်သဘောပေါက်သည့်
မျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။

"သခင်မလေးရယ် . . . သခင်မလေးက ယို့အင်းမွေက
အစ်ကိုကောင်းကျူအပေါ် သံယောဇဉ်ရှိနေတာကို နားလည်ထား
လို့ . . . စိတ်မကောင်း ဖြစ်သွားတာမဟုတ်လား"

ယို့အော့လျှံက ရှင်ချန်ရီသည် အလွန်ပါးနပ်ပြီး ဉာဏ်
ကောင်းသည့်မိန်းကလေးဖြစ်ကြောင်း နားလည်ထားသဖြင့် ဝန်ခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။

"ဟုတ်တယ် ... ယို့အင်းပွေက ကောင်းကျူးအပေါ် ထားရှိတဲ့ သံယောဇဉ်ကတော့ တကယ်အံ့ဩစရာပဲ ... တကယ် ဆိုရင် ဒီခရီးဟာ အန္တရာယ်ကြီးတယ်ဆိုတာ သူသိမှာပါလေ ... သိရက်နဲ့ လိုက်လာတာကိုက သူ့သံယောဇဉ်ကို ဖော်ပြနေတာပဲ"

ရှင်ချန်ရီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... သူ့ကိုကြည့်ရတာ အစ်ကိုကောင်းကျူးနဲ့ဆိုရင် ဘယ်လိုအန္တရာယ်မျိုးကိုပဲဖြစ်ဖြစ် ရင်ဆိုင်ရဲမယ့် ပုံမျိုးပဲ"

ယို့အော့လျှံက ရှင်ချန်ရီအားကြည့်ကာ တစ်စုံတစ်ခုကို သတိရကာ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာသည်။

"ရှင်ချန်ရီ ... ညည်းအခုလာတဲ့လမ်းမှာ အနှောင့်အယှက်ကင်းရဲ့လား"

ရှင်ချန်ရီက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"သခင်မလေးက ကျွန်မနောက်ကနေ နောက်ယောင်ခံပြီး လိုက်လာတဲ့လူတွေ ရှိသလားလို့ မေးတာလားဟင်"

ယို့အော့လျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ရှင်ချန်ရီက ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

"မရှိပါဘူး ... သခင်မလေးက ဘာဖြစ်လို့ ဒီလိုမေးတာလဲဟင်"



ယို့အော့လျှံက မချိပြုံးပြုံးလိုက်လေသည်။

သူမက ခေါင်းခါယမ်းလိုက်၏။

"တိတန်တွေဟာ သတင်းစုံစမ်းမှုနဲ့ သတင်းပို့မှုမှာ တိကျမြန်ဆန်တယ် ... လူသတ်ရာမှာ ရက်စက်တယ်လေ ... ဒါကြောင့် ငါ့ရဲ့ရင်ထဲမှာ အချိန်ရှိတိုင်း သတိကြီးကြီးနဲ့ ပတ်ဝန်းကျင်ကို အကဲခတ်နေရတယ်"

ရှင်ချန်ရီက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမက ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ဟုတ်ပါတယ် ... ဒါကြောင့်လဲ တိတန်ဂိုဏ်းရဲ့အရှိန်ဟာ နေ့ချင်းညချင်း ကြီးထွားလာတာပေါ့ ... သူတို့က ရက်စက်လေ ... တိတန်ဂိုဏ်းရဲ့ဩဇာအရှိန်က ကြီးထွားလေလေပါပဲ"

ယို့အော့လျှံ၏ မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

သူမက သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ဒါကြောင့်လဲ ဖေဖေ့အတွက် ငါ့ရင်ထဲမှာ တစ်နေ့မှ စိတ်မအေးနိုင်ဘူးဖြစ်နေတယ်"

ရှင်ချန်ရီက နှစ်သိမ့်လိုက်သည်။

"အို ... ဒါကတော့ သခင်မလေးက စိုးရိမ်လွန်နေတာပါ ... တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ဘယ်နည်းနဲ့မှ ဂိုဏ်းချုပ်ကြီးကို မသတ်ဘူးဆိုတာ ကျွန်မပြောရဲတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက စကားဆက်လိုက်၏။

"သူက ဂိုဏ်းချုပ်ကြီးကို သူ့လက်အောက်ခံအဖြစ် သိမ်းသွင်းချင်နေတယ် . . . သိုင်းလောကမှာ ထိပ်သီးအဆင့်ရှိတဲ့ သိုင်းသမားတွေဆိုင် သူ့ရဲ့လက်အောက်မှာ သစ္စာခံဖို့ကိုပဲ အဓိကကြိုးစားတာပါ . . . ဒါကြောင့် သူက ဂိုဏ်းချုပ်ကြီးကို ချက်ချင်းသတ်ပစ်ဦးမှာ မဟုတ်ပါဘူး"

ယို့အော့လျှံက အနည်းငယ် စိတ်သက်သာရာ ရရှိသွားမိ၏။

သူမကာ မချိပြုံးပြုံးကာ ခေါင်းညိတ်လိုက်သည်။

"အင်း . . . အဲဒီလို ဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပါပဲ"

ရှင်ချန်ရီက အားပေးနှစ်သိမ့်လိုက်၏။

"သခင်မလေးရယ် . . . မနက်ဖြန်ဆိုရင် အစ်ကိုကောင်းကျူတို့ ရောက်လာတော့မှာပါ . . . ဒီတော့မှ ဝိုင်းဝန်းဆွေးနွေးပြီး ဂိုဏ်းချုပ်ကြီးကို တယ်ဖို့ ကြိုးစားကြရမယ်"

ယို့အော့လျှံက မျက်မှောင်ကြုတ်လိုက်သည်။

"ဒါနဲ့ ဘဘယို့ဖေ့ကျင်းက အစ်ကိုကောင်းကျူနဲ့ ယို့အင်ပွေတို့အပြင် ဘယ်သူတွေကို . . . ထည့်ပေးလိုက်သေးသလဲ"

ရှင်ချန်ရီက ရှင်းပြလိုက်၏။

"ဘဘယို့ဖေ့ကျင်းက ကိုးနဂါးဂိုဏ်းက နံပါတ်တစ်အဆင့်ရှိတဲ့ ထိပ်သီးသိုင်းသမားနှစ်ဆယ်ကိုပါ ထည့်ပေးလိုက်တယ် . . .



ပါမယ့် သူတို့ကလူစုခွဲပြီးမှ လာကြလိမ့်မယ်"

ယို့အော့လျှံက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အင်း . . . ငါတို့ရဲ့ ရွှေနဂါးဂိုဏ်းကဒုက္ခကို ကိုးနဂါးဂိုဏ်းက လူတွေပါ မျှဝေခံစားနေရပြီပဲ"

ရှင်ချန်ရီက ခေါင်းခါယမ်းလိုက်၏။

"ဒီလို ဘယ်ဟုတ်ပါ့မလဲရှင် . . . တကယ်လို့ ကိုးနဂါးဂိုဏ်းက တစ်စုံတစ်ခုပြဿနာနဲ့ ကြုံခဲ့ရင်လဲ . . . ကျွန်မတို့က အခုလိုပဲဝိုင်းပြီး ဖြေရှင်းကြရမှာပဲ မဟုတ်လား"

ယို့အော့လျှံက သူမ၏ လက်ကို ဆုပ်ကိုင်ထားလိုက်ရာသည်။

"ရှင်ချန်ရီ . . . ညည်းဟာတကယ့်ကို ငါစိတ်ချမ်းသာအောင် ပြောနိုင်စွမ်းရှိတဲ့ မိန်းကလေးပဲကိုး"

ရှင်ချန်ရီက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ဒီလို မပြောပါနဲ့ရှင် . . . နောက်ဆိုရင် သခင်မလေးသားမှာ အစ်ကိုကောင်းကျူ ရောက်လာတော့မယ် . . . အဲဒီအခါကျရင် ကျွန်မကသခင်မလေးရဲ့ ဒုတိယလူပဲ ဖြစ်သွားရတော့မှာပါ"

ယို့အော့လျှံက သူမ၏ စကားကြောင့် ပြုံးလိုက်မိသည်။ ရှင်ချန်ရီပြောသည့်စကားများ အမှန်အကန်များ ဖြစ်သည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါလော။

ရုတ်တရက် သူမက မျက်မှောင်ကြုတ်လိုက်မိလေသည်။

အကြောင်းကား အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်မိသည် မဟုတ်ပါလော။

သူမက ရှင်ချန်ရီအား ကြည့်လိုက်သည်။

ရှင်ချန်ရီကလည်း မြင်းခွာသံများကို ကြားလိုက်ရဟန်ဖြင့် သူမအား ကြည့်နေခြင်းကို တွေ့မြင်လိုက်ရသည်။

မြင်းခွာသံသည် ပို၍ပို၍ ပီပြင်လာပြီး မိမိတို့ရှိရာသို့ ဦးတည်ကာ လာနေခြင်းကို ကြားလိုက်ရ၏။

ရှင်ချန်ရီသည် တောက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်လိုက်၏။

"တောက် . . . ဒီနေရာကိုတောင်မှ အနံ့ခံခွေးတွေက သိသွားကြပြီကိုး"

ယို့အော့လျံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . သူတို့က တကယ်ကို သတင်းအနံ့ခံတဲ့ နေရာမှာ တိကျကြတယ်"

သူတို့နှစ်ယောက်က စကားပြောနေကြစဉ် မြင်းခွာသံများက ပို၍ပို၍ နီးကပ်လာသည်ကို ကြားလိုက်ရလေသည်။

ယို့အော့လျံက ရုတ်တရက် ခါးတွင် ရစ်ပတ်ထားသော ကျာပွတ်ကိုဖြုတ်ကာ တစ်ချက်ဝှေ့ယမ်းလိုက်သည်။



ကျာပွတ်သည် လေထဲတွင် လုပစ္စာ ဝှေ့ယမ်းကာ အနီးရှိ သစ်ပင်တစ်ပင်အား ရစ်ပတ်ထားလိုက်၏။

ယို့အော့လျံက ဇျပ်စောင်းကိုပိုက်လျက် ကျာပွတ်အား တွဲခိုကာ သစ်ပင်ပေါ်သို့ ခုန်တက်သွားလေသည်။

သူမက သစ်ပင်တစ်ပင်ပေါ်မှ တစ်ပင်သို့ခုန်ကူးသွားသည်။

ရှင်ချန်ရီကလည်း တွေဝေခြင်းမရှိပါ။

သူမသည် ခေါင်းမိုးအား ခြေထောက်တစ်ချက်ဆောင့်ချလိုက်ရာ သူမ၏ခန္ဓာကိုယ်သည် အောက်ထပ်သို့ရောက်ရှိသွားသည်။

သူမသည် အိမ်ကလေးထဲသို့ ရောက်ရှိသွားသည်နှင့် ဖန်မီးအိမ်ကို ငြိမ်းသတ်လိုက်သည်။

ယင်းနောက် အင်္ကျီအိတ်ထဲမှ ပလွေတစ်ချောင်းကို ထုတ်ကာ နှုတ်ခမ်းတွင်တေ့၍ မှုတ်နေလိုက်လေတော့သည်။

◙ ◙ ◙ ◙

"တီ . . . တီ . . . တီ"

စူးရှရှည်လျားသော ပလွေသံက ဝန်းကျင်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သစ်ပင်ချုံနွယ်များကြားမှ မြွေပေါင်းများစွာတို့သည် ပါးပျဉ်းထောင်ကာ အိမ်ကလေးဆီသို့ ရွေ့လျားကာ တက်လာကြ၏။

ရှင်ချန်ရီက ဤမျှနှင့်မကျေနပ်သေးပါချေ။

သူမကအိမ်ခေါင်းရင်း ပြတင်းပေါက်ဆီသို့ သွားကာ ပလွေလေးအား အဆက်မပြတ်မှုတ်နေပြန်သည်။

ထိုအခါ မြွေများသည် ပါးပျဉ်းထောင်ကာ အိမ်ပေါ်သို့ တက်လာကြပြန်လေသည်။

တစ်ခဏအကြာ . . .

အိမ်ကလေးထဲတွင် မြွေများဖြင့်ပြည့်နှက်နေပြီး အိမ်ကလေး၏ ထုပ်တန်းတွင်လည်း မြွေများစွာ တွဲခိုနေကြလေသည်။

ရှင်ချန်ရီက များပြားလှသော မြွေများကိုကြည့်ကာ ကျေနပ်စွာတစ်ချက်ပြုံးလိုက်သည်။

သူမသည် မြွေများကို အလွန်နိုင်နင်းသူသာတည်း။

ထိုအချိန်မှာပင် . . .

မြင်းခွာသံများသည် တဲအိမ်ရှေ့တွင် ရပ်တန့်သွားကြ၏။

ရှင်ချန်ရီက မဲ့ပြုံးပြုံးကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ချောင်းကြည့်လိုက်သည်။

ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင်ကိုယ်ကျပ်အကျီဝတ်ဆင်ထားပြီး မျက်နှာပေါ်တွင် အနက်ရောင်အဝတ်ဖြင့် စည်းထား



သောလူသည် အဝတ်နက်ကြီးကြားမှ စူးရှသောမျက်လုံးအစုံဖြင့် တဲအိမ်ကလေးအား စိုက်ကြည့်နေလေသည်။

သူ၏နောက်တွင် မီးခိုးရောင်ဝတ်ဆင်ထားသော လူနှစ်ဆယ်ခန့်ပါရှိလာသည်။

ထိုလူများအား မြင်လိုက်သောအခါ ရှင်ချန်ရီက အံ့သြသွားမိသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူများသည် မိမိတို့၏ ရွှေနဂါးဂိုဏ်းမှ ဖမ်းဆီးသွားကြသော မိမိတို့၏ လူများဖြစ်နေသောကြောင့်တည်း။

မိမိတို့၏ လူများသည် ယခုအခါ တိတန်မိစ္ဆာခေါင်းဆောင်၏အမိန့်ကို စောင့်စားနေကြဟန်တူလေသည်။

ရှင်ချန်ရီက အံကိုတင်းတင်းကြိတ်လိုက်မိ၏။

ထိုအချိန်၌ . . .

တိတန်ခေါင်းဆောင်က လက်တစ်ချက်မြှောက်ယမ်းပြလိုက်သည်။

ထိုအခါ လူနှစ်ယောက်က အထုပ်တစ်ထုပ်ကို မယူလာကာ တဲအိမ်တလေးဆီသို့ လျှောက်လာသည်။

ယင်းနောက် အထုပ်ကိုဖြေကာ တဲအိမ်ကလေးဆီသို့ ပစ်လိုက်၏။

ထိုအခါ အထုပ်ထဲမှ ကြီးမားသောကင်းမြီးကောက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများသည် တဲအိမ်ကလေးဆီသို့ လွင့်ပျံလာကြတော့သည်။

ရှင်ချန်ရီက ကြက်သီးဖြန်းဖြန်းထသွားမိ၏။

အကြောင်းကား သူမသည် ဤကင်းမြီးကောက်များကို ကြည့်လိုက်သည်နှင့် အလွန်အဆိပ်ပြင်းမည်ဟု နားလည်လိုက်လေသည် မဟုတ်ပါလော။

သူမက ချောင်းမြောင်းကြည့်နေစဉ် ကင်းမြီးကောက်များသည် ရုတ်တရက် တဲအိမ်ကလေး၏အပြင်သို့ ပြန်လည်ရွေ့လျားသွားခြင်းကို တွေ့မြင်လိုက်ရ၏။

သူမက မဲ့ပြုံးပြုံးလိုက်မိသည်။

သူမသည် အဆိပ်ရှိသတ္တဝါများစွာကို လေ့လာခဲ့ဖူးသူဖြစ်ရာ ကင်းမြီးကောက်များက တဲအိမ်ထဲမှ အဆိပ်ပြင်းသော မြွေများ၏အနံ့ကိုရရှိကာ အထဲသို့ မဝင်သေးဘဲ အိမ်အပြင်တွင် ဝိုင်းစုထားနေခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်မိ၏။

ထိုအချိန်၌ တိတန်ခေါင်းဆောင်က လက်တစ်ချက် ထပ်မံဝှေ့ယမ်းလိုက်သည်။

"တိုက်"

သူ၏အမိန့်ပေးသံဆုံးသွားသည်နှင့် သိုင်းသမားနှစ်ဆယ်တို့သည် ဓားများကိုဆွဲထုတ်၍ မြင်းပေါ်မှခုန်ဆင်းကာ တဲအိမ်ကလေးဆီသို့ ပြေးလွှားလာကြတော့သည်။

သူတို့သည် တဲအိမ်ကလေးပေါ်သို့ ရောက်လာသောအခါ



ဆက်လက်ပြေးသွားနိုင်ခြင်း မရှိကြပါ။

အကြောင်းကား မြွေများသည် ဒေါသကြီးစွာဖြင့် သူတို့အား ဝိုင်းရံကာ ပေါက်သတ်ကြသည်မဟုတ်ပါလော။

"အား . . . အား . . . အား"

ထိုလူများသည် စူးရှစွာအော်ဟစ်ကာ တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးကုန်ကြလေသည်။

မြွေများမှာ အလွန်အဆိပ်ပြင်းလှသော မြွေများဖြစ်၍ တစ်ချက်ပေါက်လိုက်သည်နှင့် တစ်ယောက်ပြီးတစ်ယောက် တုံးခနဲ လဲကျသေဆုံးကုန်သည်။

ရှင်ချန်ရီက ထိုလူများကိုကြည့်ကာ မျက်ရည်များရစ်ဝဲလာမိလေသည်။

သူမသည် မိမိတို့၏လူများက မိမိတို့အား အဘယ်ကြောင့် ဤမျှရက်ရက်စက်စက် သတ်ဖြတ်လိုစိတ်ဖြစ်ပေါ်လာသည်ကို နားမလည်နိုင်အောင် ဖြစ်နေလေတော့သည်။

တိတန်မိစ္ဆာဂိုဏ်းသည် မိမိတို့၏လူများကို စိတ်ပြောင်းစေသည့်ဆေးများ တိုက်ကျွေးလိုက်ပြီလောဟု တွေးမိလေ၏။

▣ ▣ ▣ ▣

တိတန်မိစ္ဆာခေါင်းဆောင်သည် တဲအိမ်ကလေးနှင့် မလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တောင်းတွင်ရပ်ကာ အခြေအနေကို စောင့်ကြည့်နေရာမှ မျက်မှောင်ကြုတ်လိုက်သည်။

အဘယ့်ကြောင့်ဆိုသော် သူကအမိန့်ပေးကာ စေလွှတ်လိုက်သော သိုင်းသမားများသည် စူးရှစွာအော်ဟစ်သံများ ထွက်ပေါ်လာကာ တဲအိမ်အပြင်သို့ ပြန်လည်ထွက်လာခြင်းမရှိသောကြောင့်တည်း။

ထို့နောက် ဝန်းကျင်တစ်ခုလုံးမှာ ပကတိတိတ်ဆိတ်သွား၏။

တိတန်ခေါင်းဆောင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

သူသည် ဤတဲအိမ်ကလေးထဲတွင် ယို့အော့လျှံနှင့် ရှင်ချန်ရီတို့ ရှိနေကြသည်ဟု သတင်းအခိုင်အမာ ရရှိထားပြီးဖြစ်သည်။

တိတန်တို့၏ သတင်းရရှိမှုသည် တိကျသေချာသည်။

ထို့ကြောင့် သူက မည်သည့်နည်းနှင့်မျှ နောက်ဆုတ်မသွားလိုပါ။

သူသည် မြင်းပေါ်တွင် အသင့်ပါရှိလာသော မြားတံတစ်ချောင်းကို ယူလိုက်လေသည်။

ယင်းမြားတံ၏ထိပ်တွင် လောင်စာဆီစိမ်ထားသော အဝတ်တစ်ခု ပတ်ထားလေသည်။

တိတန်ခေါင်းဆောင်က မြားတံထိပ်အားမီးရှို့ကာ လေး

ကိုင်းပေါ်တွင်တင်၍ တဲအိမ်ကလေးအား မစ်လွှင့်ရန် ဟန်ပြင်လိုက်သည်။

ယင်းတဒင်္ဂအချိန်လေးအတွင်းမှာပင် . . .

"ရွှမ်း"

ရုတ်တရက် ကျာပွတ်တစ်ချောင်းသည် သစ်ပင်တစ်ပင်ပေါ်မှ တိုးထွက်လာကာ မြားတံအားရစ်ပတ်၍ ဆွဲယူသွားလေသည်။

တိတန်ခေါင်းဆောင်၏ မျက်လုံးအစုံက တစ်ချက်ဝင်းလက်တောက်ပသွားလေသည်။

သူသည် ရုတ်တရက် မြားတံပါရှိသော သစ်ပင်ပင်ပေါ်သို့ ခုန်တက်လိုက်၏။

တစ်ဆက်တည်းမှာပင် လက်ဝါးနှစ်ဖက်အား ဝှေ့ယမ်းလိုက်လေသည်။

"ဝုန်း . . . ဝုန်း . . . ဝုန်း"

ပြင်းထန်သော လေမုန်တိုင်းတစ်ခု တိုက်ခတ်လာသကဲ့သို့ အင်အားကြီးတစ်ခုထွက်လာပြီး သစ်ရွက်များက မြေပေါ်သို့ ကြွေကျကုန်သည်။

ထိုအခါ ချောမောလှပသော မိန်းကလေးတစ်ယောက်က သစ်ကိုင်းတစ်ကိုင်းပေါ်တွင်ထိုင်ကာ ကျာပွတ်တစ်ချောင်းကို တစ်ချက်ဝှေ့ယမ်းလိုက်သည်ကို တွေ့မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ချက်တရက် ကျာပွတ်တွင် ရစ်ပတ်ထားသော မီးမြားတံက တိတန်၏ရင်ဝသို့ ပြေးဝင်လာလေသည်။

တိတန်က မဲ့ပြုံးပြုံးကာ မီးမြားတံအား လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ယူဖမ်းဆီးလိုက်၏။

ထိုအခါ မီးမြားတံက ငြိမ်းသွားခဲ့လေသည်။

ထိုတဒင်္ဂမှာပင် ...

ကျာပွတ်သည် မြွေဆိုးတစ်ကောင်ပမာ တိတန်၏ဦးခေါင်းပေါ်သို့ ရိုက်ချလာ၏။

တိတန်က ခန္ဓာကိုယ်အား လေထဲတွင် တစ်ပတ်လှည့်ကာ ရှောင်တိမ်းရင်း သစ်ပင်ပေါ်သို့ ခုန်တက်သွား၏။

သူ၏ လှုပ်ရှားမှုမှာ လျှပ်စီးလက်လိုက်သည့်အလား လျင်မြန်လှပေသည်။

သို့သော် သူက သစ်ပင်ပေါ်သို့ ရောက်ရှိသွားချိန်တွင် ယို့အော့လျှံက အခြားသစ်ပင်တစ်ပင်ဆီသို့ ခုန်ကူးသွားပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သူမ၏ ကျာပွတ်ဖြင့် သုံးချက်တိတိ လှမ်း၍ရိုက်ချလိုက်၏။

တိတန်က ရှောင်တိမ်းရင်း ကျာပွတ်အား ဖမ်းဆုပ်ထားလိုက်ပြီး သစ်ပင်အောက်သို့ ခုန်ဆင်းသွား၏။

ယို့အော့လျှံကလည်း သစ်ပင်အောက်သို့ ရောက်ရှိသွားသည်။



သူမက ကျာပွတ်ကိုပြန်လည်ဆွဲယူလိုက်၏။

တိတန်မိစ္ဆာကလည်း ကျာပွတ်ကို ပြန်လည်ဆွဲထားသည်။

သူတို့နှစ်ယောက်က အတန်ကြာအောင် ကျာပွတ်ကိုဆွဲယူနေကြ၏။

သို့သော် ခေတ္တမျှကြာလျှင် ...

တိတန်ခေါင်းဆောင်က ကျာပွတ်ကိုလွှတ်ပေးလိုက်သည်။ တစ်ချိန်တည်း၌ ယို့အော့လျှံထံ တစ်ပတ်ကျွမ်းထိုးပြေးဝင်ပြီး လက်ဝါးနှင့် ရိုက်ချလိုက်လေ၏။

ယို့အော့လျှံက ရင်ထိတ်သွားမိ၏။

သူမက ကမန်းကတန်း နောက်သို့ခုန်ဆုတ်လိုက်လေသည်။

တိတန်က အေးစက်စက်ဖြင့် ရယ်မောလိုက်၏။

သူသည် ယို့အော့လျှံထံ ခုန်ပေါက်ရောက်ရှိလာကာ လက်ဝါးဖြင့် ရင်ဝအားရိုက်ချရန် လက်မြှောက်လိုက်သည်။

သည်တစ်ချီတွင်တော့ အဆုံးသတ်ရိုက်ချက်ပေးတည်း။

ထိုအချိန်လေးတွင် ...

"ရပ်လိုက်စမ်း"

အော်ဟစ်မာန်သွင်းသံနှင့်အတူ အနက်ရောင်လူရိပ်တစ်ခုက သစ်ပင်တစ်ပင်ပေါ်မှ ခုန်ဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



တိတန်က ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလာသောလူမှာ ချောမောနုနယ်သော မိန်းကလေးတစ်ယောက် ဖြစ်နေခြင်းကို တွေ့မြင်လိုက်သဖြင့် ငေးငိုင်သွားမိ၏။

ယင်းတဒင်္ဂအချိန်လေးထဲမှာပင် ထိုမိန်းကလေးက သူ့ထံသို့ မြွေတစ်ကောင်ပစ်လွှင့်လိုက်သည်။

"ရော့"

တိတန်သည် ပါးပျဉ်းထောင်ကာ ရောက်ရှိလာသော မြွေဖြူအားကြည့်ကာ ထိတ်လန့်သွားမိ၏။

သူက ဓားကို အဆက်မပြတ်ဝှေ့ယမ်း၍ ကာကွယ်လိုက်လေသည်။

"ဝှီး ... ဝှစ် ... ဝှစ်"

ထိုအချိန်လေးမှာပင် ယို့အော့လျှံက ရရှိလာသော အခွင့်အရေးကို ကောင်းစွာ အသုံးချလိုက်လေသည်။

သူမက ကျာပွတ်ဖြင့် သစ်ကိုင်းတစ်ခုဆီသို့ ပစ်လွှင့်ကာ ရစ်ပတ်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် ရှင်ချန်ရီ၏ခါးကိုဖက်ကာ ကျာပွတ်ကို တစ်ချက်လှုပ်ခါလိုက်၏။

ထိုအခါ သူမသည် ရှင်ချန်ရီကို ဖက်လျက် လေထဲသို့ လွှင့်မျောသွားကာ သစ်ပင်ပေါ်သို့ ရောက်ရှိသွားပြီး သစ်ခက်သစ်



ရွက်များဖြင့် အကာအကွယ်ယူကာ တခြားသစ်ပင်တစ်ပင်သို့ ခုန်သွားလေသည်။

တိတန်ခေါင်းဆောင်သည် သူမတို့နှစ်ယောက် ခုန်တက်သွားသည့် သစ်ပင်ပေါ်သို့ ခုန်တက်လိုက်၏။

ရုတ်တရက် သူသည် မိမိက ဤသစ်ပင်ပေါ်သို့ ခုန်တက်ခြင်းမှာ အမှားတစ်ခုကို ကျူးကျော်မိလိုက်ပြီဟု သိရှိလိုက်သည်။

အဘယ့်ကြောင့်ဆိုသော် သစ်ပင်ပေါ်တွင် မြွေမျိုးစုံရှိနေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

ထို့ကြောင့် သူက ကမန်းကတန်း အောက်သို့ပြန်လည်ခုန်ဆင်းလိုက်ရလေသည်။

သို့သော် သစ်ပင်ပေါ်ရှိ မြွေများသည် သူကသစ်ပင်ပေါ်မှ ပြန်လည်ခုန်ချလိုက်သည့် အရှိန်ကြောင့် ဦးခေါင်းပေါ်သို့ အထွေးလိုက်ပြုတ်ကျလာ၏။

တိတန်ခေါင်းဆောင်၏ မျက်လုံးများ ပြူးကျယ်သွားရသည်။

သူသည် ဓားကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အဆက်မပြတ်ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

သူ၏ဓားသည် စကြာတစ်ခုပမာ အဆက်မပြတ် ဝှေ့ယမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောကြောင့် မြွေများမှာ အပိုင်းပိုင်းပြတ်ကာ သေဆုံးကု ကြ၏။

သူက အပိုင်းပိုင်းပြတ်နေသော မြွေများကို တစ်ချက် ကြည့်ကာ တောက်တစ်ချက် ခေါက်လိုက်လေသည်။

ထို့နောက် ယို့အော့လျှံ ခုန်တက်သွားသည့် သစ်ပင်ပေါ် လိုက်၍ခုန်တက်လိုက်၏။

သို့သော် သူသည် သစ်ပင်ပေါ်တွင် ရစ်ပတ်နေသော ကျာပွတ်မှလွဲ၍ ယို့အော့လျှံတို့နှစ်ယောက်အား လုံးဝမမြင် ရတော့ချေ။

သူသည် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း စသည့် ခံစား များကို တစ်ပြိုင်နက်ခံစားလိုက်ရသဖြင့် လက်ဝါးစောင်းဖြင့် သ ကိုင်းအား ခုတ်ချလိုက်သည်။

"ဖြောင်း"

ရုတ်တရက် ကျယ်လောင်သောအသံကြီး တစ်သံထွက် ပေါ်လာပြီး သစ်ကိုင်းကြီးက ကျိုးကျသွားသည်။

ထို့နောက် သူက မည်သို့မျှ မစောင့်နိုင်တော့သဖြင့် သူမြ ရှိရာသို့ သွားပြီးခုန်တက်ကာ လာလမ်းအတိုင်း မြင်းကို ဒုန်းစိုင်း စီးကာ ပြန်လည်မောင်းနှင်သွားလေတော့သည်။

◘ ◘ ◘ ◘



## အခန်း-၃

## အန္တရာယ်လမ်း

နေဝန်းနီသည့် အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်၏။

နေရောင်ခြည်များက ကမ္ဘာမြေပြင်တစ်လွှားသို့ ဖြန့်ကျက် ၍ စိုးထားလေသည်။

နေမြင့်တက်လာသည်နှင့်အမျှ အပူရှိန်ကတက်လာသည်။

တိတန်ဂိုဏ်းသားတစ်ယောက်သည် မြို့ပြင်ရှိ တောင်ကုန်း တစ်ခုပေါ်တွင် လဲလျောင်းကာ အိပ်စက်နေ၏။

ထိုလူသည် နေရောင်ခြည်က မျက်နှာကို ထိုးကျနေသည် ကိုပင် မသိရှိသည့်အလား တခေါခေါဟောက်၍ နှစ်ခြိုက်စွာ အိပ်

www.burmeseclassic.com

www.burmeseclassic.com



မောကျနေသည်။

သူ၏နံဘေးတွင် အလွန်ရှည်လျားသော ဓားတစ်ချော
ကို မြေပြင်ပေါ်တွင် စိုက်ထားလေသည်။

ထိုအချိန် အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရ၏

ရုတ်တရက် နှစ်ခြိုက်စွာ အိပ်မောကျနေသော တိတ
ဂိုဏ်းထားသည် ကျောပူလာသည့်အလား တစ်ချက်လူးလွန့်လို
သည်။

သူ၏လက်တစ်ဖက်ကလည်း မြေပြင်တွင် စိုက်ထားသ
ဓားရိုးအား ဆုပ်ကိုင်လိုက်ပြီးဖြစ်သည်။

ထို့နောက် လျှပ်တစ်ပြက်ခုန်ထကာ တောင်အောက်သ
ငုံ့ကြည့်လိုက်လေသည်။

ထိုအခါ တောင်အောက်ဘက်ရှိလွင်ပြင်ထဲတွင် မြင်းနှ
ကောင်မောင်းနှင်လာနေခြင်းကို တွေ့မြင်လိုက်၏။

သူက ရုတ်တရက် ဓားကိုမြေပြင်မှဆွဲနုတ်ကာ ဓားရိုး
သံမဏိဘုလုံးလေးတစ်ခုကို နှိပ်လိုက်သည်။

ရုတ်တရက် ဓားရိုးမှ အံဖုံးလေးတစ်ခု ပွင့်ထွက်သွားပြ
မီးရှူးမီးပန်းများက ကောင်းကင်ပေါ်သို့ ထိုးတက်သွား၏။

"ဖောက် . . . ဖောက် . . . ဖောက်"

ယင်းအချိန် တစ်ဖက်တောင်နံရံဆီမှ အနီရောင်အရို
တစ်ခုက တောင်အောက်သို့ပြေးဆင်းသွားခြင်းကို တွေ့မြင်လို



ရ၏။

တစ်ချိန်တည်းမှာပင် တိတန်က ဓားရိုးကို လက်နှစ်ဖက်
ဖြင့်ဆုပ်ကိုင်ကာ တောင်အောက်သို့ တစ်ဟုန်ထိုး ပြေးဆင်းသွား
လေတော့သည်။

※ ※ ※ ※

မြင့်မားသော တောင်နံရံများကြားတွင် လွင်ပြင်တစ်ခုရှိ
နေလေသည်။

လွင်ပြင်ထဲတွင် မြင်းနှစ်ကောင်က ရှေ့ဆင့်နောက်ဆင့်
မောင်းနှင့်လာလေသည်။

ရှေ့မှမောင်းနှင်လာသော မြင်းပေါ်တွင် အဖြူရောင်
ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ပါရှိလာ၏

လူရွယ်၏အသက်မှာ နှစ်ဆယ်ခန့်သာရှိဦးမည် ဖြစ်သည်။

သူ၏မျက်နှာသည် ချောမောသန့်ပြန့်ကာ နှုတ်ခမ်းအစုံ
က နှစ်လိုဖွယ်ပြုံးနေ၏။

မျက်လုံးများကလည်း တည်ကြည်သည်။

လွန်စွာကြန်အင်လက္ခဏာကောင်းသည်။

ထို့ကြောင့် သူသည် စိတ်သဘောဖြူစင်၍ ပျော်ရွှင်စွာ
နေတတ်သည့် လူရွယ်တစ်ယောက်ဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်ဘက်ရှိမြင်းပေါ်တွင် အသက်တစ်ဆယ့်ရှစ်နှစ်ခန့် သာရှိဦးမည့် မိန်းကလေးတစ်ယောက်က ပါရှိလာ၏။

သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ကြည်ပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခရီးဝေးကိုနှင်လာရသဖြင့် ချောမောနုနယ်သည့် မျက်နှာမှာ နွမ်းလျှဟန်များပေါ်တွင် နေလေသည်။

သူမသည် ခရီးဝေးသွားလာဖူးဟန် မတူချေ။

လူရွယ်က မြင်းကို ရှေ့တူရူသို့သာ ဒုန်းစိုင်း၍မောင်းနှင်လာခဲ့ရာ တစ်ခဏကြာလာသောအခါ မြင်းနှစ်ကောင်သည် ဝါးတစ်ရိုက်အကွာအဝေးသို့ ဝေးကွာသွား၏။

ကြည်ပြာရောင်ဝတ်ဆင်ထားသော မိန်းကလေးက ရှေ့မှ မြင်းကို အသော့နှင်နေသည့် လူရွယ်ကိုကြည့်ကာ နှုတ်ခမ်းစူလိုက်သည်။

သူမက လက်ဝါးနှစ်ဖက်ကို ပါးစပ်တွင်ကာ၍ အသံကုန် ဟစ်အော်လိုက်လေသည်။

"အစ်ကိုလေးကောင်းကျူ ... ကျွန်မကိုစောင့်ပါဦး"

သူမ၏အသံကြောင့် ရှေ့မှ မြင်းကိုအသော့နှင်နေသည့် လူရွယ်က မြင်းအရှိန်ကို လျှော့ချလိုက်ရ၏။

ထို့နောက် သူက မြင်းကိုရပ်တန့်ကာ ပခုံးတွင်သိုင်းလွယ်ထားသော အရက်ဘူးအားဖြုတ်၍ မော့ချလိုက်သည်။



အရက်ကား ပင်စိမ်းအရက်တည်း။

ယင်းအချိန်မှာပင် ...

မိန်းကလေးက မြင်းကို အပြင်းမောင်းနှင်လာရာ သူ၏ မြင်းအနီးသို့ ရောက်ရှိလာ၏။

သူမက လူရွယ်အားကြည့်ကာ မျက်စောင်းထိုး၍ ပြစ်တင်လိုက်၏။

"အစ်ကိုလေး ... မမယို့အော့လျှံနဲ့ တွေ့ရမယ်ဆိုလို့ ကျွန်မကိုတောင်မှ မစောင့်နိုင်ဘဲ အရှေ့ကနေ မြင်းကိုဒုန်းစိုင်းမောင်းနှင်နေလိုက်တာ ... ရှင့်စိတ်ထဲမှာ သူနဲ့ အမြန်ဆုံးတွေ့ချင်နေတယ်မဟုတ်လား"

ကောင်းကျူက ပြုံးလိုက်သည်။

သူက မိန်းကလေးအားကြည့်ကာ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ... သူနဲ့ငါမတွေ့ရတာကြာပြီလေ ... ဒါကြောင့် သူ့ကိုတွေ့ချင်နေမိတယ် ... နင်ကော သူ့ကို မတွေ့ချင်ဘူးလား"

မိန်းကလေး၏ မျက်လုံးအစုံတွင် မျက်ရည်များရစ်ဝဲလာသည်။

သူမက ငိုမဲ့မဲ့မျက်နှာထားဖြင့် ...

"ဩော် ... ရှင်က သူနဲ့တွေ့ချင်တာနဲ့ပဲ ကျွန်မကို တောင်မှ ဂရုမစိုက်တော့ဘူးပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား"

ကောင်းကျူက ရယ်မောလိုက်သည်။

သူက ခေါင်းခါယမ်းလိုက်ပြီး . . .

"တယ်ခက်ပါလား . . . ယို့အင်းပွေ နင်က အခုချိန်
ကလေးဆန်နေတာပဲကိုး . . . ဒီမှာ အခုချိန်ဟာ ယို့အော့လျှံ
က ဒုက္ခရောက်နေကြတယ်ဆိုတာ နင်သိဖို့ယ်မဟုတ်လား . . .
ဒါကြောင့် နင် သူ့ကို ကြင်နာသင့်တယ်"

ယို့အင်းပွေက သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်၏

"အို . . . သူက ကျွန်မနဲ့ ညီအစ်မတစ်ဝမ်းပဲကွဲတာ
. . . အာဖြစ်လို့ သူ့ကို ကျွန်မက မကြင်နာနိုင်ရမှာလဲ"

ကောင်းကျူက မျက်ခုံးပင့်ကြည့်လိုက်သည်။

"ဒါဆိုရင် နင်က အာဖြစ်လို့ သူ့အပေါ်မှာ ဂရုစိုက်
နည်းနေရတာလဲ . . . တကယ်ဆိုရင် ငါထက်တောင်မှ နင်
မြင်းကိုမြန်မြန်မောင်းပြီး သူနဲ့သွားတွေ့သင့်တယ် . . . နင် မြင်း
နှေးနေလို့ အပြစ်တင်သင့်သေးတယ်"

ယို့အင်းပွေ၏ ချောမောနုနယ်သော မျက်နှာလေးက ဒေါ
သကြောင့် နီရဲလာလေသည်။

"ဩော် . . . ရှင်က မြင်းကို ဒုန်းစိုင်းပြီး မောင်းနေတော့
ကျွန်မက ဘယ်လိုလုပ်ပြီး ရှင့်မြင်းကို ကျော်နိုင်မှာလဲ . . . နော
ပြီး ရှင့်မြင်းနဲ့ ကျွန်မရဲ့မြင်းက တူမှမတူတာဘဲ"



သူမက နှုတ်ခမ်းမဲ့လိုက်ပြီး

"တကယ်ဆိုရင် ကျွန်မအဖေဂိုဏ်းချုပ်ကြီးက လမ်းခရီး
မှာ ကျွန်မကိုဂရုစိုက်ဖို့ မှာလိုက်တာကို ရှင့်မေ့မပစ်သင့်ဘူး"

ကောင်းကျူကလည်း အားကျမခံ ပြန်ပြောလိုက်သည်။

"တကယ်ဆိုရင် နင်ကလဲ နင့်အဖေဂိုဏ်းချုပ်ကြီးက လမ်း
ခရီးမှာ ငါ့အပေါ် ဗိုလ်မကျဖို့နဲ့ ယို့အော့လျှံနဲ့တွေ့ရင် အားပေးပါ
. . . ဂရုစိုက်ပါလို့ အကြိမ်ကြိမ်မှာလိုက်တာကို မေ့မပစ်သင့်ဘူး"

ယို့အင်းပွေမှာ ပါးစပ်ပိတ်သွားလေတော့၏။

သို့သော် သူမကျေနပ်ပါ။

ထို့ကြောင့် . . .

သူမသည် ရုတ်တရက် မြင်း၏တင်ပါးကို ဖနောင့်နှစ်ဖက်
ဖြင့် ကန်လိုက်ရာ မြင်းက တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့
သည်။

"ဟေ့ . . . ဟေ့ . . . နေဦးလေ"

ကောင်းကျူက ကမန်းကတန်းအော်ဟစ်၍ သူမ၏မြင်း
နောက်မှ မြင်းကိုဒုန်းစိုင်းကာ လိုက်လာခဲ့ရလေ၏။

တစ်ခဏအကြာ သူက ယို့အင်းပွေ၏ မြင်းအား မီလာလေ
သည်။

သူသည် ယို့အင်းပွေက မိမိအား စိတ်ကောက်နေခြင်းကို
တွေ့မြင်လိုက်ရသဖြင့် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယို့အင်းပွေ ... နင်ကတကယ်ကလေးဆန်တာပဲကိုး ငါက နင့်ကို ဂရုမစိုက်ဘဲ နေပါ့မလားဟာ"

ယို့အင်းပွေ၏မျက်နှာ ပြုံးရောင်သမ်းလာလေသည်။

သူမက ကြည်လင်တောက်ပသော မျက်လုံးအစုံဖြင့် ကောင်းကျူအား ကြည့်လိုက်၏။

"ရှင် ... တကယ်ပြောတာလား ဟင်"

ကောင်းကျူက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ယင်းအချိန် ...

ထိုစဉ် အဝေးဆီမှ ပြေးလာနေသော အနီရောင် အရိပ်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ကောင်းကျူ၏ မျက်နှာပေါ်မှ အပြုံးက ရုတ်ခြည်းပျောက်ကွယ်သွားသည်။

"သတိထား"

သူက အော်ဟစ်နေစဉ်မှာပင် အနီရောင်လူရိပ်သည် သူ၏အနီးသို့ ရောက်ရှိလာကာ မြင်း၏ဝမ်းဗိုက်အား လက်ဝါးဖြင့် ဆွဲကုတ်လိုက်လေသည်။

သူ၏ လှုပ်ရှားမှုမှာ လျင်မြန်၍ တိကျလေသည်။

သို့သော် ကောင်းကျူက သူ့ထက် ပို၍လျင်မြန်တိကျ၏။

အကြောင်းကား သူသည် အနီရောင်လူရိပ်က လှုပ်ရှားလာသည်နှင့် တစ်ပြိုင်နက် ရုတ်တရက် အနီရောင်လူရိပ်၏



လက်အား ခြေထောက်ဖြင့် ကန်ထုတ်ကာ မြင်းကို အရှိန်ပြင်းစွာ ဒုန်းစိုင်းလိုက်၏။

သူ၏မြင်းသည် မြားတစ်စင်းပမာ ရှေ့သို့ တစ်ဟုန်ထိုး ပြေးသွားလေသည်။

ယင်းအချိန်မှာပင် သူ၏မျက်လုံးများက ပြူးကျယ်သွားရလေသည်။

သူက ရန်သူနှင့် လွတ်ကင်းရာသို့ ရှောင်ပြေးလိုက်သော အရိပ်သည် အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးတစ်ခုရှိနေပြီး တစ်ဖက်တွင်လည်း တောင်နံရံတစ်ခု ရှိနေလေသည်။

သူသည် စဉ်းစားချိန်ပင် မရတော့ပါ။

မြင်းကို အရှိန်ပြင်းစွာ မောင်းနှင်ကာ တစ်ဖက်တောင်နံရံဆီသို့ လွှားခနဲခုန်ကျော်လိုက်ရ၏။

သူ၏မြင်းသည် တစ်ဖက်တောင်နံရံဆီသို့ ခုန်ကူး၍ ချော ချောမောမော ရောက်ရှိသွားသည့် အချိန်ကျမှ ယို့အင်းပွေအား စိုးရိမ်စွာဖြင့် လှည့်ကြည့်လိုက်၏။

ယို့အင်းပွေက မြင်းကိုဒုန်းစိုင်းကာ မိမိထံသို့ ပြေးလာနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူက စိုးရိမ်စွာဖြင့် အော်ဟစ်သတိပေးလိုက်သည်။

"ယို့အင်းပွေ ... မြင်းကို အရှိန်ပြင်းပြင်းနဲ့ မောင်းလာခဲ့နော် ... ဒါမှ ဒီဘက်တောင်နံရံကို ... "

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားက တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားရ၏။

အကြောင်းမှာ သူက အော်ဟစ်သတိပေးနေစဉ်တွင် အနီရောင်လူရိပ်တစ်ခုက ဓားရှိုးအား လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ ယို့အင်းပွေ့ထံသို့ ပြေးဝင်သွားသည်ကို တွေ့မြင်လိုက်ရလေ၏။

ယင်းအချိန်ယို့အင်းပွေ့၏ မြင်းကလည်း အနီရောင်လူရိပ်၏ အနီးမှ ဖြတ်ကျော်သွား၏။

ထိုတဒင်္ဂအချိန်လေးမှာပင် အနီရောင်လူရိပ်က လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသော ဓားကို လျှပ်တစ်ပြက် မြင်း၏ ဝမ်းဗိုက်ဆီသို့ ထိုးစိုက်ချလိုက်လေသည်။

ယင်းကြောင့် မြင်းကြီး၏ ဝမ်းဗိုက်မှာပွင့်သွားကာ မြင်းကြီး၏ ပြေးရှိန်လျော့ကာ တုံ့ခနဲရပ်တန့်၍ ဝုန်းခနဲ လဲကျသွားသည်။

ရုတ်တရက် ယို့အင်းပွေ့သည် ချောက်ကမ်းပါးထဲသို့ ထိုးကျသွားလေတော့သည်။

"အား"

ယို့အင်းပွေ့သည် ထိတ်လန့်စွာ အော်ဟစ်ရင်း ချောက်ကမ်းပါးထဲသို့ ထိုးကျသွားသည်။

ကောင်းကျူက စိုးရိမ်သွားမိ၏။

"ယို့အင်းပွေ့"



သူက အော်ဟစ်ရင်း ချောက်ထဲသို့ ခုန်ချလိုက်လေသည်။

တစ်ဆက်တည်းမှာပင် ခါးမှခါးစည်းကြိုးကို ဆွဲဖြုတ်ကာ ယို့အင်းပွေ့ထံသို့ ပစ်လွှင့်လိုက်၏။

ခါးစည်းကြိုးသည် မြွေတစ်ကောင်ပမာ ယို့အင်းပွေ့၏ ခန္ဓာကိုယ်သို့ ရစ်ပတ်သွားမိလေသည်။

ကောင်းကျူ၏ ခါးစည်းကြိုးသည် ယို့အင်းပွေ့၏ ခန္ဓာကိုယ်အား ရစ်ပတ်မိသွားသည်ကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ချက်ချင်းတောင်နံရံအား ဓားဖြင့် စိုက်ကာ တွဲခိုထားလိုက်လေ၏။

တစ်ဆက်တည်းမှာပင် ခါးစည်းကြိုးအား တစ်ချက်ဆွဲလိုက်ရာ ယို့အင်းပွေ့၏ ခန္ဓာကိုယ်က လေထဲသို့ မြောက်တက်လာကာ ကောင်းကျူ၏အနီးသို့ ရောက်ရှိလာသဖြင့် လက်တစ်ဖက်ဖြင့် ပွေ့ချီထားလိုက်၏။

ထိုအချိန် အက်ကွဲစူးရှသော ရယ်မောသံတစ်သံ ထွက်ပေါ်လာ၏။

"ဟား . . . ဟား . . . ဟား ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာပဲ . . . ကိုးနဂါးဂိုဏ်းမှာ ဒီလောက်သိုင်းပညာအဆင့်မြင့်တဲ့ လူရှိနေမယ်လို့ မထင်မိဘူး"

ကောင်းကျူနှင့် ယို့အင်းပွေ့တို့က အသံကြားရာသို့ ပြိုင်တူ ကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသံရှင်သည် သစ်ပင်တစ်ပင်၏ ထိပ်ဖျားတွင် ရှိနေ လေသည်။

သူ၏ဦးခေါင်းတွင် အနီရောင်ခေါင်းပေါင်းတစ်ခု ပေါင်း ထားပြီး ခန္ဓာကိုယ်တစ်ခုလုံးတွင် ရဲရဲနီသော ဝတ်စုံကို ဝတ်ဆင် ထားသည်။

ထို့ပြင် မျက်နှာပေါ်တွင် အနီရောင်ပဝါတစ်ထည်ဖြ ချည်နှောင်ထားသဖြင့် မီးပုံတစ်ပုံကို သစ်ပင်ပေါ်တွင် တင်ထာ သကဲ့သို့ ထင်မှားရမည်ကဲ့သို့ ဖြစ်နေ၏။

ကောင်းကျော်က သူ့အားပြုံးပြလိုက်သည်။

"သစ်ပင်ပေါ်ကမိတ်ဆွေ ... ဘာဖြစ်လို့ ကျုပ်တို့ ရန်မူချင်ရတာလဲ ... ခင်ဗျားနဲ့ကျုပ်တို့မှာ ဘာရန်ငြိုးမှုလဲ မ ဘာပြဿနာမှုလဲမရှိဘဲနဲ့ ... ခင်ဗျားမို့ ကျုပ်တို့ကို ရက်ရ စက်စက်လုပ်ရက်တယ် ... ခင်ဗျားဘယ်သူလဲ"

စူးရှအက်ကွဲသော အသံရှင်က ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ကျုပ်ကို ဘယ်သူဘယ် ဆိုတာ မေးတာထက် ဒီနေရာကနေ လာလမ်းအတိုင်းပြန်သွား ... ဒါမှမဟုတ်ရင် မိတ်ဆွေအတွက် အသက်အန္တရာယ်နဲ့ ကြုံရလိမ့်မယ်"

ကောင်းကျော်က ရယ်မောလိုက်သည်။

သူက ပခုံးတစ်ချက်တွန့်ကာ အနီရောင်ဝတ်ဆင်ထာ



သော လူအားကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်သည်။

"လောကကြီးမှာ လူဟာ တစ်ခါအသက်ရှင်ပြီး တစ်ခါ အသက်သေရတယ်ဗျ ... သေတာ ကြောက်စရာမဟုတ်ပါဘူး ကျုပ်တို့က သေမှာကို ကြောက်မနေပါဘူး"

သူ၏ စကားကြောင့် အနီရောင်ဝတ်ဆင်ထားသောလူက အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား အဲဒီလို သတ္တိမျိုးကို ကြိုက် တယ် ... ဒါကြောင့် မင်းတို့နှစ်ယောက်ကို အသက်ရှင်ခွင့်ပေး လိုက်မယ် ... တစ်ခုတော့ရှိတယ်နော် ... မဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်ချင်ပါနဲ့ ... တကယ်လို့ ဝင်ရှုပ်ခဲ့မယ်ဆိုရင် မင်းတို့ သေးဆပ်ရမယ့်အရင်းအနှီးက တန်ဖိုးမနည်းဘူးဆိုတာ ပြောခဲ့ပါ စေ"

သူက ယင်းသို့ပြောပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းကာ ပြေး သွားသွား၏။

သူသည် လျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ကောင်းကျော် ၏ မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

ယို့အင်းပွဲက သူ့အားလှမ်းကြည့်ရင် ကြက်သီးဖြန်းဖြန်း သွားမိသည်။

"ဒီလူ့ရဲ့အတွင်းအားနဲ့ ကိုယ်ဖော့ပညာက တကယ်အဆင့် တာပဲကိုး ... သူက ဘယ်သူဖြစ်မယ်ထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း . . . ကျုပ်အထင်ပြောရရင် သူဟာ တိတန်ဂိုဏ်းချုပ်ကြီးဖြစ်လိမ့်မယ်"

ယို့အင်းပွေက အံ့သြသွားလေသည်။

သူမက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူးထင်တယ် . . . သူ့ရဲ့အသက်က အခုမှနှစ်ဆယ်လောက်ပဲရှိဦးမယ်"

ကောင်းကျူက တစ်ချက်တွေဝေသွားလေသည်။

သို့သော် သူက ချက်ချင်းပင် ခေါင်းတစ်ချက်ဆက်လိုက်၏။

"ကျုပ်ကတော့ တိတန်ဂိုဏ်းချုပ်ကြီးပဲ ဖြစ်မယ်လို့ထင်တယ် . . . ဘာဖြစ်လို့လဲဆိုရင် နင့်ကိုတိုက်ခိုက်သွားတဲ့ လူရဲ့ ပညာဟာ ထူးဆန်းတယ် . . . ရှင်ချန်ရီက ပြောဖူးတယ် . . . တိတန်ဂိုဏ်းရဲ့ ပညာတွေဟာ ထူးခြားတယ်တဲ့"

ယို့အင်းပွေ၏ မျက်နှာတစ်ခုလုံးမှာ ထိတ်လန့်အံ့သြသည့် ဟန်မူရာများ ပေါ်လွင်လာသည်။

"ဟာ ဟုတ်တယ် . . . ကျွန်မရဲ့မြင်းကို တိုက်ခိုက်သွားတဲ့လူရဲ့ အဝတ်အစားဝတ်ပုံက ထူးခြားတယ် . . . နောက်ပြီး သူ့ရဲ့ ဓားကိုင်ပုံနဲ့ တိုက်ခိုက်သွားတဲ့ သိုင်းကွက်ကလဲ ပြည်မက သိုင်းကွက်မဟုတ်ဘူး"



ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

ယို့အင်းပွေက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း . . . သူဟာ တကယ်ချောတဲ့ ယောကျ်ားတစ်ယောက်ပါ . . . ဘာဖြစ်လို့များ တိတန်ဂိုဏ်းချုပ်ကြီး ဖြစ်နေရတာလဲ"

ကောင်းကျူက ပြုံးလိုက်လေသည်။

သူက ယို့အင်းပွေအား စိုက်ကြည့်ကာ . . .

"နေပါဦး . . . ရုပ်ချောတာနဲ့ပဲ တိတန်းဂိုဏ်းချုပ် မဖြစ်ရတော့ဘူးတဲ့လား"

ယို့အင်းပွေက နှုတ်ခမ်းစူလိုက်သည်။

သူက ကောင်းကျူအားစိုက်ကြည့်ကာ . . .

"ဒီမှာ အစ်ကိုလေးက ဘာစကားပြောတာလဲ . . . သူ့ကို ကျွန်မက စိတ်ဝင်စားစရာလား . . . သူ့ရဲ့ချောပုံက မိန်းကလေးတစ်ယောက်ရဲ့ ချောပုံမျိုးရှင့် . . . ဒီတော့ ကျွန်မထက် အစ်ကိုလေးက သူ့ကို ပိုပြီးစိတ်ဝင်စားမယ်ထင်တယ်"

ကောင်းကျူက အားပါးတရ ရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား နင်ကတော့ တကယ့်ကို ပေါက်ကရပြောတတ်တာပဲကိုး . . . လူဆိုတာ အတည်ပြောသင့်တဲ့နေရာပြော . . . ပေါက်ကရပြောသင့်တဲ့နေရာ ပြောရတယ်တဲ့"

ယို့အင်းပွေက ပြုံး၍ ရုတ်တရက် အောက်သို့ငုံ့ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။

သူမ၏မျက်လုံးများက အဆမတန် ပြူးကျယ်သွားလေ သည်။

"အမယ်လေး"

သူမက ရုတ်တရက်အော်ဟစ်လိုက်သည်။

ကောင်းကျူက စိုးရိမ်သွားမိလေသည်။

သူက ထိတ်ထိတ်ပျာပျာဖြင့် . . .

"ယို့အင်းပွေ . . . ဘာဖြစ်တာလဲ"

ယို့အင်းပွေက အော်ဟစ်ငိုကြွေးလိုက်၏။

"အမယ်လေး အောက်ကိုငုံ့ကြည့်လိုက်ပါဦး . . . အော မှာ ချောက်အနက်ကြီးပဲ . . . ကျွန်မတို့နှစ်ယောက်က ဒီဓားနှ ချောင်းကိုခိုပြီး ဘယ်လောက်အကြာကြီး နေနိုင်မှာလဲ . . . အ မှ အပေါ်လဲတက်လို့မရ . . . အောက်လဲဆင်းလို့မရနဲ့ သေရတော မယ်ထင်တယ် . . . ချောက်ထဲကျလို့ သေရတော့မယ့်အတူ စောစောက တိတန်ဂိုဏ်းချုပ်ကြီးက သတ်သွားတာကမှ ကော ဦးမယ် . . . အီး . . . ဟီး . . . ဟီး"

ကောင်းကျူက သူမ၏ ကလေးဆန်ပုံကိုကြည့်ကာ ခေါ ခါယမ်းလိုက်သည်။

သူသည် ယို့အင်းပွေကို စိုက်ထားသည့်ဓား၌ ခိုတွယ် လိုက်သည်။



သူကတော့ လက်ထဲမှကြိုးဖြင့် ချောက်ကမ်းပါးထိပ် သစ် ပင်သို့ ရစ်ပတ်လိုက်ပြီး ခိုတက်သွားသည်။

သူက လွင်ပြင်အား မျက်လုံးဝေ့၍ ကြည့်လိုက်ပြီး . . .

"အခုမှပဲ အသက်ဝအောင် ရှူရတော့မယ်"

ယင်းအချိန် တောင်နံရံတွင်စိုက်ထားသော ဓားကို တွဲခို နေသော ယို့အင်းပွေက စူးရှစွာအော်ဟစ်လိုက်သည်။

"အစ်ကိုလေးကောင်းကျူ . . . ဒီမှာလက်ညောင်းလှပြီ အမြန်ဆုံး တောင်နံရံပေါ်ကို ဆွဲတင်ပါဦး"

ကောင်းကျူက ပြုံး၍ခေါင်းညိတ်ပြသည်။

သူက ခါးစည်းကြိုးစအား အောက်သို့ချပေးလိုက်၏။

"ယို့အင်းပွေ . . . ဒီခါးစည်းကြိုးစကို ဆွဲပြီး တက်ခဲ့နော် တောင်နံရံမှာစိုက်ထားတဲ့ ဓားကိုပါ တစ်ခါတည်း နုတ်ယူခဲ့ သိလား"

ယို့အင်းပွေက စကားမပြောတော့ပါ။

သူမသည် ကောင်းကျူချပေးလာသော ခါးစည်းကြိုးကို လက်တစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ် ရစ်ပတ်ဆုပ်ကိုင်၍ ကျန် လက်တစ်ဖက်က တောင်နံရံတွင် စိုက်ဝင်နေသော ဓားကို ဆွဲနုတ် လိုက်သည်။

ယင်းအနောက် တောင်နံရံအား ခြေထောက်ဖြင့်ကန်ကာ ခါးစည်းကြိုးကို ဆွဲဆုပ်ကိုင်လျက် အပေါ်သို့ တက်ခဲ့လေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



◙ ◙ ◙ ◙

ယို့အင်းပွေက တောင်ပေါ်သို့ ပြန်လည်ရောက်ရှိလာပြ မြစ်၏။

ကောင်းကျူက သူမအား ပြုံးပြလိုက်သည်။

"ကဲ . . . အခု တောင်ပေါ်ကို ပြန်ရောက်လာပြီမဟုတ် လား . . . ငိုနေလိုက်တာ စိတ်ကောင်ပျက်မိတယ်"

သူကပြောပြီး ခါးစည်းကြိုးကို ယို့အင်းပွေ၏ လက်ထဲ ပြန်ယူကာ ခါးတွင်းချိတ်လိုက်လေသည်။

ထို့နောက် ဓားကို ခါးစည်းကြိုးတွင် ပြန်လည်ချိတ်ထား လိုက်၏။

ယင်းအချိန် ယို့အင်းပွေ၏ အော်ဟစ်ငိုသံက ကျယ်လော စွာ ထွက်ပေါ်လာသည်။

သူက ထိတ်လန့်ကာ လှည့်ကြည့်လိုက်၏။

"ယို့အင်းပွေ . . . ဘာဖြစ်တာလဲ"

ယို့အင်းပွေ တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်လေသည်

"ဟိုမှာ မတွေ့ဘူးလား . . . ကျွန်မရဲ့မြင်း သေနေပြီ အီး . . . ဟီး . . . ဟီး"

ကောင်းကျူက သူမ ညွှန်ပြရာသို့ လှည့်ကြည့်လိုက်၏ မှန်ပါသည်။

ဓဓဓဓဓ



ယို့အင်းပွေ၏ မြင်းကြီးသည် ချောက်ကမ်းပါးထက်တွင် သေဆုံးနေပြီကို တွေ့မြင်လိုက်ရသည်။

သူက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်၏။

"ယို့အင်းပွေ . . . မြင်းကြီးသေနေတာကို သိပ်ဝမ်းနည်း မနေနဲ့ . . . သူကသာ မသေခဲ့ဘူးဆိုရင် တိတန်ရဲ့ဓားချက်နဲ့ သေရမယ့်လူဟာ နင်ပဲဖြစ်လိမ့်မယ်"

ယို့အင်းပွေက ငိုကြွေးရင်းမှ သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"ဘာဖြစ်လို့ မငိုရမှာလဲ . . . မြင်းမှာလဲ အသက်နဲ့ လူမှာ လဲ အသက်နဲ့ . . . သူက ကျွန်မကို ဒီပြည်မထဲအထိ ရောက် အောင် ကျောကုန်းပေါ်တင်ပြီး ပင်ပင်ပန်းပန်း ပြေးလွှားလာရ တယ် . . . ဒါကြောင့် ကျွန်မက သူသေတာကို မငိုလို့ ရယ်နေရ မှာလား"

သူမက ယင်းသို့ရန်တွေ့ပြီးနောက် အော်ဟစ်ငိုကြွေးလိုက် ပြန်လေသည်။

ကောင်းကျူက သူမအားကြည့်ကာ ပြုံး၍ခေါင်းခါယမ်း လိုက်သည်။

ယို့အင်းပွေ၏ အော်ဟစ်ငိုကြွေးသံသည် ပို၍ပို၍ ကျယ် လောင်လာလေသည်။

သူက မတတ်သာတော့ပါချေ။

ဓဓဓဓဓ

www.burmeseclassic.com

www.burmeseclassic.com



"ယို့အင်းပွေ ... အချိန်မရှိတော့ဘူး ... ငါတို့ ခရီးဆက်ကြရအောင်"

ယို့အင်းပွေက ငိုကြွေးရင်းမှ မျက်စောင်းထိုးကာ ကြည့်လိုက်၏။

"ကောင်းကျူ ... ရှင်က အသည်းနှလုံးမရှိတဲ့လူပဲ ... ကျွန်မရဲ့ မြင်းကို ဒီအတိုင်းပဲ ပစ်ထားခဲ့မယ်လို့ ရှင် စဉ်းစားရက်တယ်နော်"

ကောင်းကျူ၏ မျက်လုံးများက ပြူးကျယ်သွားရလေသည်။

သူက ယို့အင်းပွေသည် မြင်းကြီးအား မြေမြှုပ်သင်္ဂြိုဟ်ပေးလိုကြောင်း နားလည်လိုက်၏။

ထို့ကြောင့် သက်ပြင်းတစ်ချက်ချလိုက်၏။

"ယို့အင်းပွေ ... မင်းက မြင်းကြီးကို မြေမြှုပ်ပေးချင်လို့လား"

ယို့အင်းပွေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူ့ကို ကျွန်မက မြေမြှုပ်ပေးမယ်"

ကောင်းကျူက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးနော် ... ငါတို့သွားရမယ့်ခရီးက မနီးဘူး ... ခုလောက်ဆိုရင် ယို့အော့လျှံတို့က ငါတို့ကို မျှော်နေပြီ"

ယို့အင်းပွေက သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ရှင်က အဲဒီကို သိပ်သွားချင်နေတယ် မဟုတ်လား ... ဒါဆိုရင်လဲသွားပေါ့ ... ကျွန်မကတော့ ကျွန်မရဲ့မြင်းကို မြေမြှုပ်ပေးပြီးမှ လိုက်ခဲ့မယ်"



ကောင်းကျူ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူက ယို့အင်းပွေအားကြည့်ကာ ခေါင်းခါယမ်းလိုက်၏။

"ယို့အင်းပွေရယ် ... မင်းက တကယ့်ကို ကလေးလိုပဲကိုး ... ဒီအတိုင်းသာဆိုရင် မလွယ်ဘူးနော်"

ယို့အင်းပွေက ခါးထောက်လိုက်၏။

"ရှင်က ကျွန်မနဲ့အတူ လမ်းမသွားချင်တော့ဘူး မဟုတ်လား ... ဟုတ်ပါတယ် မကြာခင် ယို့အော့လျှံဆိုတဲ့မမနဲ့ တွေ့ရတော့မယ်ဆိုတော့ ကျွန်မကို ဘယ်ဂရုစိုက်ချင်တော့မှာလဲ ... ရပါတယ် ... ရှင့်ဘာသာရှင် သွားတော့ ... ကျွန်မက ဒီမှာပဲနေရစ်ခဲ့တော့မယ် ... ကျွန်မကတော့ ကျွန်မမြင်းကြီးကို မြေမြှုပ်ပစ်ပေးရမယ်"

မကြာမီ သူမသည် မြင်းကြီးကို မြေမြှုပ်ရန်အတွက် မြေကြီးများကို တူးဆွနေတော့၏။

ကောင်းကျူသည် ယို့အင်းပွေမြေတူးနေသည်ကို စိတ်မသက်မသာကြည့်နေပါသည်။

သို့သော် သူက ယို့အင်းပွေအား မထားခဲ့နိုင်ပါ။

ထို့ကြောင့် သူလည်း မြင်းပေါ်မှဆင်းကာ မြေကြီးကို တူးရတော့သည်။

www.burmeseclassic.com

ယို့အင်းပွေက မြင်းကြီးအား မြေမြှုပ်လိုက်ကြသည်။

သူမက မြင်းကြီး၏ မြေပုံအထက်ပေါ်တွင် မိမိ၏ဓားကို စိုက်ထားလိုက်သည်။

"မြင်းညိုကြီးရယ် . . . မင်းဟာ သခင်အပေါ် တကယ် ကြင်နာတတ်တဲ့မြင်းကြီးပါ . . . အခုလဲ မင်းကတာဝန်ကျေခဲ့ ပါတယ် . . . ဒီနေ့ ဒီအချိန်ကစပြီး မင်းက တမလွန်မှာ အေး အေးဆေးဆေး အနားယူပါတော့"

သူမသည် ပြောရင်း ငိုကြွေးနေပြန်လေ၏။

ထို့ကြောင့် ကောင်းကျူက သူမအား ကြည့်ရင်း မနေနိုင် တော့ချေ။

ထို့ကြောင့် သူက ယို့အင်းပွေ၏အနီးတွင် ထိုင်ချကာ ရယ် မောလိုက်၏။

သိုင်းလောကသားတစ်ယောက်ဖြစ်ပြီး ဤသို့ အကြင်နာ တရားကြီးမားနေသဖြင့် သူ့အဖို့ ရယ်မောစရာကြီးသာဖြစ်နေ၏။

"ယို့အင်းပွေ . . . သူက အခုလောက်ဆိုရင် တမလွန် မှာ နားညည်းနေလောက်ပြီ . . . ဒါကြောင့် သူအေးအေးဆေးဆေး အနားယူရအောင် မင်းက ဘာမှစကားမပြောသင့်တော့ဘူး"

ယို့အင်းပွေက သူ့အား လှည့်ကြည့်လိုက်လေသည်။

သူမက ငိုကြွေးရင်းမှ ဒေါသကြီးစွာဖြင့် ပြောလိုက်၏။

"အစ်ကိုလေ . . . ရှင်က တကယ်ဆိုရင် ကျွန်မကို ချော့



မော့ရမယ် . . . နှစ်သိမ့်ရမယ် . . . အခုတော့ တစ်ချိန်လုံး ရှင်က ရယ်စရာစကားချည်းပြောပြီး ဟာသလုပ်နေပါလား"

ကောင်းကျူက ပြုံးလိုက်သည်။

သူက ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ကောင်းပြီ . . . ကျုပ်က မင်းကိုနှစ်သိမ့်ပါတယ်"

ထို့နောက် ကောင်းကျူသည် တစ်ယောက်တည်းပြောလိုက် မိသည်။

"တကယ်ပဲ . . . ငါတော့ ကလေးတစ်ယောက်ကို ခေါ်လာမိပြီ . . . ကိုယ့်အလုပ် ကိုယ်မလုပ်ရဘဲ သူ့ကိုပဲ ထိန်း ကျောင်းနေရပြီ"

ယို့အင်းပွေ၏ မျက်နှာပေါ်တွင် ပြုံးရောင်သမ်းလာလေ သည်။

သူမက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် . . . ရှင်က ဘယ်လိုနှစ်သိမ့်မှာလဲ"

ကောင်းကျူက ကောင်းကင်ပေါ်သို့ ကစ်ချက်မော့ကြည့် လိုက်သည်။

နေမင်းက အနောက်ဘက်သို့ ငုပ်လျှိုးပျောက်ကွယ်သွား ပြီဖြစ်၏။

သူက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း . . . ကျုပ်က မင်းကို ဗျပ်စောင်းတီးပြမယ် . . .

www.burmeseclassic.com



မင်းက တိတ်တိတ်ကလေးနားထောင်ပြီး အိပ်လိုက်ပါတော့"

သူ၏အကြံမှာ ယို့အင်းပွေ၏ မရပ်မနားစကားပြောသည့် အန္တရာယ်မှလွတ်အောင် ပြောလိုက်ခြင်းဖြစ်လေသည်။

စောင်းတီးနေသဖြင့် ယို့အင်းပွေ စကားပြောခွင့်လည်း မသာတော့ပေ။

ယို့အင်းပွေက ဝမ်းသာအားရဖြင့် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ . . . ကျွန်မက ရှင့်ရဲ့ဗျပ်စောင်းသံကို နားထောင်ပြီး အိပ်တော့မယ်"

ကောင်းကျူးသည် သူပြောသည့်အတိုင်း လုပ်ရတော့သည်။

သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်ကာ ဗျပ်စောင်းတီးရင်း သီချင်းတစ်ပုဒ်ကို တီးဘိုးဆိုလိုက်ရ၏။

မကြာမီ သူမသည် မျက်လုံးများလေးလံလာကာ အမှန်တကယ်ပင် အိပ်ပျော်သွားလေတော့သည်။

◻ ◻ ◻ ◻



## အခန်း-၄

## နောက်ကျခဲ့သော မြေတစ်လှမ်း

နေဝန်းနီသည် အရှေ့ဘက်မှ စတင်ထွက်ပြူစပြုလာပြီဖြစ်၏။

ကောင်းကင်ပြင်တစ်ခုလုံးမှာ အမှောင်ထုအား ပျော့သွားကာ ပြာလွင်လွင်အရောင်သို့ ပြောင်းလဲသွားပြီဖြစ်သည်။

နံနက်ခင်းအချိန်ဖြစ်သောကြောင့် တိုက်ခတ်လာသော လေပြည်လေညှင်းကလေးများမှာလည်း အေးမြလတ်ဆတ်နေသည်ဟု ခံစားလိုက်ရ၏။

သစ်ပင်ထက်တွင် အိပ်တန်းဆင်နေကြသော ကျေးငှက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးများမှာ ယခုမိုးသောက်ယံတေးကို သီဆိုလျက် အစာရှာရန် လူးလာခေါက်တုံ့ပျံသန်းနေကြလေပြီ။

သာယာလှပသော နံနက်ခင်းလေးကို ရှုရှိုက်ရသည်မှာ ကျန်းမာရေးနှင့် ညီညွတ်သည်ဟု သူ့ဆရာများက ဆုံးမထားသည်။

ထို့ပြင် ခန္ဓာကိုယ်သွေးလှည့်ပတ်မှု ညီညွတ်စေသောကြောင့် အတွင်းအားကို ပွားစေသည့်အပြင် သမာဓိအား ပိုကောင်းစေသည်ဟု သူက ယုံကြည်ထားသည်။

ထို့ကြောင့် နေပူသည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ နံနက်စောစောတွင် လေကောင်းလေသန့်ကိုရှူကာ သိုင်းပညာလေ့ကျင့်သည်။

သူသည် ရန်သူတစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေရသည့်အလား ဇွဲမာန်အပြည့်ဖြင့် လေ့ကျင့်နေပြီး မကြာမီမှာပင် သူ၏တစ်ကိုယ်လုံးမှာ ချွေးများဖြင့် ရွှဲရွှဲစိုလာလေတော့သည်။

▣ ▣ ▣ ▣

ကောင်းကျူကချွေးများကို အဝတ်ဖြင့်သုတ်ရင်း ယို့အင်းပွေ့ထံသို့ လျှောက်သွားသည်။

သူက ယို့အင်းပွေ့အား ငုံ့ကြည့်လိုက်သည်။

ကောက်ရိုးများသည် စိုထိုင်း၍အေးစက်နေ၏။



သို့သော် ယို့အင်းပွေ့သည် ကမ္ဗလာပေါ်တွင် အနွေးထွေးဆုံးနှင့် အပျော့ပျောင်းဆုံးခုတင်ပေါ်တွင် အိပ်စက်နေသည့် အလားနှစ်နှစ်ခြိုက်ခြိုက် အိပ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

ထို့ပြင် သူမ၏မျက်နှာပေါ်တွင် ပြုံးရောင်သမ်းနေသေး၏။

ဤအပြုံးသည် တစ်စုံတစ်ရာကို နှစ်ခြိုက်ကျေနပ်နေသောအပြုံးမျိုး ဖြစ်လေသည်။

ကောင်းကျူက ပြုံး၍ ခေါင်းခါယမ်းကာ သူမအား လှုပ်နှိုးလိုက်၏။

"ယို့အင်းပွေ့ . . . ယို့အင်းပွေ့"

ယို့အင်းပွေ့က တစ်ချက်လူးလွန့်၍ မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်လေသည်။

သူမသည် နေရောင်ခြည်၏ အလင်းရောင်ကြောင့် မျက်လုံးကို ကမန်းကတန်း ပြန်ပိတ်ထားလိုက်၏။

အတန်ကြာမှ မျက်လုံးကို ဖြည်းဖြည်းချင်းပြန်ဖွင့်လိုက်လေသည်။

ထိုအခါ သူမအား ပြုံး၍ကြည့်နေသော ကောင်းကျူအား တွေ့မြင်လိုက်သည်။

ကောင်းကျူကပြုံး၍ ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

ထို့နောက် ရေဘူးကိုလှမ်းပေးကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မျက်နှာလေးသစ်လိုက်ပါ . . . မြန်မြန်လုပ်နော် . . . ခရီးသွားဖို့ နောက်ကျနေပြီ . . . နောက်ပြီး အနောက်ဘက်ကိုသွားပြီး ကိုယ်လက်သန့်စင်လိုက်"

ယို့အင်းပွေးက ရေဘူးကိုလှမ်းယူကာ အနောက်ဘက်သို့ ထွက်သွားသည်။

ကောင်းကျူက ခန္ဓာကိုယ်နှင့်မကွာ ဆောင်ထားလေ့ရှိသော အရက်အိုးကိုယူကာ တစ်ကျိုက်မော့လိုက်ပြီးမှ ပခုံးတွင် သိုင်းလွယ်လိုက်လေသည်။

ထို့နောက် ယို့အင်းပွေရောက်လာသည်။

ယို့အင်းပွေက နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

"ဟွန့် . . . မိုးလင်းတာနဲ့ အရက်မသောက်ရရင် သေမယ့်လူထဲမှာ အစ်ကိုလေး ကောင်းကျူလဲပါတယ်"

ကောင်းကျူက သူမ၏စကားကို မည်သို့မျှ ပြန်လည်မပြောသော်လည်း ပြုံးနေလေသည်။

ထို့နောက် သူက မြင်းပေါ်သို့ လှမ်းတက်လိုက်၏။

ယို့အင်းပွေက ကမန်းကတန်းထရပ်လိုက်သည်။

"ဟော့ . . . ကျွန်မဗိုက်ဆာနေပြီ . . . ဘာတစ်ခုမှမစားဘဲ ခရီးထွက်တော့မလို့လား"

ကောင်းကျူက ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ကျုပ်လဲမတတ်နိုင်ဘူး . . . ဗိုက်ဆာနေပြီဆို



င် အမြန်ဆုံးမြင်းပေါ်တက်ပါ . . . ယို့အော့လျှံတို့အိမ်ရောက်မှ နံနက်စာစားကြတာပေါ့"

ယို့အင်းပွေ၏မျက်နှာ မည်းမှောင်သွားလေသည်။

သို့သော် သူမက စကားမပြောတော့ဘဲ ကောင်းကျူ၏ မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ယင်းနောက် ကောင်းကျူ၏ခါးကို သိုင်းဖက်ထားလိုက်၏။

ကောင်းကျူက စကားတစ်ခွန်းမှမပြောတော့ဘဲ မြင်းကို န်းစိုင်းကာ မောင်းနှင်ခဲ့လေတော့သည်။

▣ ▣ ▣ ▣

နေရောင်ခြည်သည် တစ်စထက်တစ်စ ကောင်းကင်ပေါ်သို့ မြင့်တက်လာပြီဖြစ်၏။

အမှောင်လည်း တစ်စတစ်စ ပြိုကွင်းသွားကာ . . . ဝန်းကျင်တစ်ခုလုံးတွင် အပူရှိန်ထင်ဟပ်လာတော့သည်။

သို့သော် . . .

ရှေ့၌ တောအုပ်တစ်ခုရှိနေသည်။

ဤသည်မှာ သူတို့ နားခိုရမည့် အိုအေစစ်တည်း။

ကောင်းကျူသည် မြင်းကို တောအုပ်ထဲသို့ မောင်းဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အေးချမ်းသွားကာ အမောပြေသွားသည်ဟု ခံစားလိုက်ရ၏။

တောအုပ်ကလေးထဲတွင် သစ်ပင်ကြီးများ စုရုံးပေါက်ရောက်နေသောကြောင့် နေပျောက်ပင် မထိုးနိုင်အောင် သစ်ရိပ်များက ဖုံးလွှမ်းထားသည်မဟုတ်ပါလော။

ယို့အင်းပွေ့က လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"အစ်ကိုလေးရယ် . . . အခုမှပဲ အေးသွားတော့တယ် မြန်မြန်မောင်းပါ . . . ကျွန်မ ဗိုက်ဆာလှပြီ"

ကောင်းကျူက မြင်းကိုပို၍မြန်အောင် မောင်းနှင်လိုက်ရ၏။

တစ်ခဏအကြာ သူတို့သည် တောအုပ်ကလေးအလယ်ရှိ သစ်သားအိမ်ကလေးတစ်လုံးအား တွေ့မြင်လိုက်ရလေတော့သည်။

◙ ◙ ◙ ◙

ကောင်းကျူက သစ်သားအိမ်ကလေးနဲ့ မလှမ်းမကမ်းတွင် မြင်းကို ရပ်တန့်လိုက်သည်။

ယို့အင်းပွေ့က မြင်းပေါ်မှ ခုန်ဆင်းကာ သစ်သားအိမ်ကလေးဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်၏။

"မသွားနဲ့"



ကောင်းကျူက ကမန်းကတန်း ဟန့်တားလိုက်လေသည်။

ယို့အင်းပွေ့က နားမလည်ဟန်ဖြင့် လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ကောင်းကျူက ဝန်းကျင်အား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်လေသည်။

"ဒီနေရာမှာ တိုက်ပွဲဖြစ်ထားတယ် . . . ကျုပ်တို့ ခြေလှမ်းနောက်ကျသွားပြီထင်တယ်"

ယို့အင်းပွေ့က ဝိုင်းစက်ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်ကာ မေးလိုက်လေသည်။

"အစ်ကိုလေးက ဘာဖြစ်လို့ ဒီလို ပြောနိုင်တာလဲ"

ကောင်းကျူ၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားလေသည်။

"ယို့အော့လျုံက ဘယ်လက်နက်ကို သုံးသလဲ"

ယို့အင်းပွေ့က စဉ်းစားခြင်းပင် မပြုပါ။

"ကျာပွတ်လေ"

ကောင်းကျူက ထပ်မံမေးလိုက်သည်။

"ရှင်ချန်ရိကတော့ . . . "

ယို့အင်းပွေ့က သွက်လက်စွာ ဖြေကြားလိုက်၏။

"သူက မြွေပေါင်းစုံကို လက်နက်အဖြစ် အသုံးပြုတယ်"

ကောင်းကျူက ခေါင်းတစ်ချက်ညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ . . . ဒါဆိုရင် ဟိုသစ်ပင်ကို ကြည့်စမ်း"

သူက အတန်ဝေးဝေးရှိ သစ်ပင်အား ညွှန်ပြလိုက်သည်

ယို့အင်းပွေ့က လှမ်းကြည့်လိုက်ရာ ကျာပွတ်က သစ်ကိုင်း

ကြီးတစ်ကိုင်းတွင် ရစ်ပတ်လျက် ရှိနေခြင်းကို တွေ့မြင်လိုက်ရ

သူမက ထိတ်လန့်သွားမိလေသည်။

"ဟင် . . . မမယို့အော့လျှံက ဒီကျာပွတ်ကို သူ့ခါး

အမြဲရစ်ပတ်ထားတာ . . . အခုတော့"

သူမ၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော် ဖြစ်လာ

သည်။

ကောင်းကျူ၏ မျက်နှာပေါ်တွင်လည်း စိုးရိမ်ထိတ်လန့်

သော ဟန်မူရာများ ပေါ်လာသည်။

"ယို့အင်းပွေ့ . . . အဲဒီသစ်ပင်အောက်ကို ကြည့်လိုက်

ပါဦး"

ယို့အင်းပွေ့က သစ်ပင်အောက်သို့ လှမ်းကြည့်လိုက်၏

သူမ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

အကြောင်းကား သစ်ပင်အောက်၌ မြွေများအပိုင်းပိုင်း

ပြတ်ကာ မြေပြင်ပေါ်တွင် ပြန့်ကျဲနေခြင်းကို တွေ့မြင်လိုက်ရသည်

မဟုတ်ပါလော။

"အစ်ကိုလေးကောင်းကျူ လုပ်ပါဦး . . . သူတို့နှစ်

ယောက်က တကယ့်ကို အန္တရာယ်နဲ့ရင်ဆိုင်ရပြီထင်တယ် . .



အတန်တွေဟာ ရက်လဲရက်စက်တယ်"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . တိတန်ဂိုဏ်းက ကျုပ်တို့ထက် ခြေတစ်

လှမ်းဦးသွားပြီ"

ယို့အင်းပွေ့က ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်

သည်။

သူမက အသံကို နှိမ့်လိုက်လေသည်။

"ဒါဆိုရင် သူတို့က ဒီအနီးတစ်ဝိုက်ကနေပြီး ကျွန်မတို့ကို

စောင့်ကြည့်နေပြီး အိမ်ထဲဝင်မှ ထောင်ချောက်ဆင်ဖမ်းရင် ဒုက္ခ

ရောက်နိုင်တယ်နော်"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . ကျုပ်တို့ ပတ်ဝန်းကျင်ကို အရင်လေ့

လာမယ် . . . မင်းက ဟိုဘက်ကကွေ့ပြီး လိုက်ကြည့်ပါ . . .

ကျုပ်က ဒီဘက်ကနေပြီး လိုက်ကြည့်မယ် . . . ရန်သူနဲ့တွေ့ရင်

သက်မနေးပါစေနဲ့"

ထို့နောက် သူတို့နှစ်ယောက် လူစုခွဲကာ ဝန်းကျင်အား

လိုက်လံရှာဖွေကြလေတော့၏။

◙ ◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူသည် သတိကြီးစွာဖြင့် သစ်ပင်ချုံနွယ်များ
လိုက်လံကြည့်ရှုစစ်ဆေးနေ၏။

ရန်သူသည် သစ်တောအတွင်း သစ်ပင်ချုံနွယ်များ
အကာအကွယ်ယူမည်သာတည်း။

တစ်ခဏအကြာ သူသည် သစ်ပင်တစ်ပင်၏ နောက်က
မှ လူရိပ်တစ်ခု လှစ်ခနဲ ပြေးထွက်လာခြင်းကို တွေ့မြင်လိုက်ရ
သည်။

ကောင်းကျူသည် မည်သည့်စကားမျှ မဆိုဘဲ ရန်သူအ
ခုန်အုပ်လိုက်လေ၏။

ခုန်အုပ်ရင်း ရန်သူ့ထံသို့ လက်ဝါးရိုက်ချက် ရိုက်သွ
လိုက်သည်။

သို့သော် ရုတ်တရက်သူ၏ မျက်လုံးများ ပြူးကျယ်သွ
ကာ လက်သီးကို ကမန်းကတန်းရုပ်သိမ်း၍ ခန္ဓာကိုယ်အားဘေး
လှိမ့်ထွက်လိုက်ရသည်။

အဘယ့်ကြောင့်ဆိုသော် . . .

သူတွေ့မြင်လိုက်ရသော လူရိပ်သည် တိတန်မိစ္ဆာဂိုဏ်း
လူမဟုတ်ဘဲ ယို့အင်းပွေဖြစ်နေသည် မဟုတ်ပါလော။

ယို့အင်းပွေက သူ့အား ထိတ်လန့်တုန်လှုပ်သော မျက်
ဖြင့် ကြည့်နေ၏။

မျက်နှာမှာလည်း သွေးမရှိဘဲ ဖြူဖွေးနေသည်။



ကောင်းကျူက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"ခက်တာပဲ . . . မင်းက ဘာဖြစ်လို့ မရှောင်ရတာလဲ"

ယို့အင်းပွေက နှုတ်ခမ်းစူလိုက်သည်။

"ရှောင်စရာလား . . . အစ်ကိုလေးက ကျွန်မကိုတိုက်
က်လာတော့ ကြောင်အမ်းအမ်းဖြစ်သွားတာပေါ့"

ကောင်းကျူ စိတ်ပျက်သွားသည်။

သူက ခေါင်းအသွင်သွင် ခါယမ်းလိုက်ပြီး . . .

"ခက်တာပဲ . . . ကျုပ်က မင်းနဲ့ ဘယ်လိုဆက်ပြီး လုပ်ရ
လဲ . . . မင်းက တိုက်ခိုက်ရေးအလုပ်ကို မကျင်လည်ဘူး . . .
ကျွမ်းကျင်ဘူးဆိုတာက အတွေ့အကြုံမရှိတာကို ပြောတာ"

သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ကဲ . . . ကဲ မင်း ဟိုဘက်ကို သွားရှာပါ . . . ကျုပ်
ဒီဘက်ကိုရှာမယ်"

ယို့အင်းပွေက ခေါင်းညိတ်ကာ ချာခနဲလှည့်ပြေးသွား၏။

ကောင်းကျူကလည်း ဝန်းကျင်အား သတိကြီးစွာဖြင့်
ကြည့်ကာ လှည့်ပတ်ရှာဖွေနေလေသည်။

ထိုအချိန်၌ ရုတ်တရက်စူးရှသော အော်ဟစ်သံတစ်သံကို
ကြားလိုက်ရသည်။

ကောင်းကျူက ထိတ်လန့်သွားမိလေသည်။

ဤအော်ဟစ်လိုက်သောအသံရှင်မှာ ယို့အင်းပွေ၏ အသံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည် မဟုတ်ပါလော။

သူအသည် ယို့အင်းပွေ တစ်စုံတစ်ခုသော အန္တရာယ်နှင့် တွေကြုံနေရပြီဟု သိလိုက်သည်။

ထို့ကြောင့် သူသည် အသံကြားရာဆီသို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့လေတော့သည်။

◙ ◙ ◙ ◙

"အား"

စူးရှသော အော်ဟစ်သံက အဆက်မပြတ်ထွက်ပေါ်လာ၏။

ကောင်းကျူက ထိတ်လန့်တုန်လှုပ်သော ဟန်မူရာဖြင့် သူမထံသို့ ပြေးလွှားရောက်ရှိလာသည်။

သူသည် အဆက်မပြတ်အော်ဟစ်နေသော ယို့အင်းပွေ အား ကမန်းကတန်း သိုင်းဖက်ထားလိုက်၏။

"ယို့အင်းပွေ . . . မင်း ဘာဖြစ်သွားတာလဲ . . မင်း ဘာဖြစ်သွားတာလဲ"

သူက ကမန်းကတန်းမေးလိုက်သည်။

ယို့အင်းပွေက သူ့အားပြန်လည်သိုင်းဖက်ထားလိုက်၏။

သူမက ထိတ်လန့်တုန်လှုပ်သော ဟန်မူရာနှင့် ကောင်း



ကျူအားကြည့်ကာ အသံတုန်တုန်ယင်ယင်ဖြင့် ပြောလိုက်လေသည်။

"ကျွန်မ . . . ကျွန်မရဲ့ဓားက မြင်းကြီးကိုမြှုပ်ထားတဲ့ နေရာမှာ ကျန်ခဲ့ပြီ"

ကောင်းကျူက သူ့အား မျက်လုံးပြူးကာကြည့်လိုက်၏။

"မင်းက ဒါကြောင့်ငိုတာလား"

ယို့အင်းပွေက ငိုကြွေးရင်းမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကောင်းကျူက အလွန်ဒေါသကြီးသွား၏။

သူသည် သိုင်းဖက်ထားသော ယို့အင်းပွေအား တွန်းထုတ်လိုက်သည်။

ယို့အင်းပွေက ခြေလှမ်းသုံးလှမ်းခန့် လွင့်ထွက်သွားရလေသည်။

သူမက ကောင်းကျူအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"အစ်ကိုလေး . . . ရှင် ဒါဘာလုပ်တာလဲ"

ကောင်းကျူက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"မင်းက ဓားကျန်ခဲ့တာ အသက်ထွက်အောင် အော်တယ် ဒီမှာ ဘယ်လောက်စိုးရိမ်သွားရတယ်ထင်သလဲ . . . ရန်သူနဲ့တွေ့ သွားပြီလား . . . ရန်သူ့ဓားချက်အောက်မှာ အသက်ပျောက်သွား ပြီလား . . . ငါဘယ်လောက် ရင်တုန်းပန်းတုန်ဖြစ်ရသလဲ ဆို တာ မင်းမသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ယို့အင်းပွေက နှုတ်ခမ်းစူလိုက်သည်။

သူမက ခြေတစ်ချက်ဆောင့်ကာ . . .

"ဒီမှာ ကျွန်မလဲ ဘယ်လောက်ကြောက်သွားတယ်လို့ ရှင် ထင်သလဲ . . . ရှင်က သိုင်းပညာအဆင့်မြင့်တော့ ရန်သူနဲ့တွေ့ ရင် လက်ချည်းယှဉ်ပြိုင်လို့ရတယ် . . . ကျွန်မကတော့ ဓားမပါ ဘဲနဲ့ ဘယ်လိုယှဉ်လို့ရမှာလဲ . . . ဒါကိုတွေးမိတော့ ကျွန်မက ကြောက်လန့်လွန်းလို့ အော်မိတာပေါ့"

ကောင်းကျူး၏မျက်နှာပေါ်တွင် ဒေါသများ ရုတ်ခြည်း ကင်းစင်သွားလေသည်။

သူက မနေနိုင်တော့ဘဲ အားပါးတရ ရယ်မောလိုက်၏။

"ဟား . . . ဟား . . . ဟား ဒါနဲ့များတောင်မှ မင်းက ဒီနေရာကို လိုက်လာရသလား . . . မလိုက်လာပါနဲ့ ပြောလို့လဲ မရဘူး . . . မင်းအတွေအကြုံနည်းပုံနဲ့တော့ ဒုက္ခပါပဲ"

ယို့အင်းပွေက နှုတ်ခမ်းစူလိုက်သည်။

"ရှင်က တဆိတ်ရှိရင် ကျွန်မလိုက်လာတာကိုပဲ ပြောနေ တယ် . . . ကျွန်မကြောင့် ရှင်နဲ့ မမယို့အော့လျှံတို့ရဲ့ ဆက်ဆံမှု မှာ အနှောင့်အယှက်ဖြစ်မှာကို ကြောက်နေတယ်မဟုတ်လား"

ကောင်းကျူးက ပြုံးလိုက်လေသည်။

"မင်းကတော့ တကယ်မလွယ်ပါဘူးကွာ . . . ကဲ က ကျုပ်တို့ အိမ်ပေါ်တက်ပြီး အခြေအနေကို အကဲခတ်ကြည့်



ရအောင်"

ယို့အင်းပွေက မျက်ခုံးပင့်ကာကြည့်လိုက်၏။

"ဟင် . . . ကျွန်မတို့က ပတ်ဝန်းကျင်မှာ ရန်သူရှိမရှိ လေ့လာရဦးမယ်လေ"

ကောင်းကျူးက ရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား တကယ်လို့ ရန်သူရှိခဲ့ရင် မင်းနဲ့ ကျုပ်က အခုလောက်ဆိုရင် လူသေတွေဖြစ်ကုန်ပြီ . . . ဘာမှစဉ်းစားမနေနဲ့ . . . အိမ်ပေါ်တက်ကြမယ် . . . မင်းအော် သံက သေနေတဲ့ရန်သူတောင် ထလာလောက်တယ်"

သူက ပြောပြီး ရှေ့မှတဲအိမ်ပေါ်သို့ တက်သွားသည်။

ယို့အင်းပွေကလည်း ထက်ကြပ်မကွာ လိုက်ပါသွားလေ တော့၏။

▣ ▣ ▣ ▣

တဲအိမ်လေးပေါ်သို့ လှမ်းတက်လိုက်သည်နှင့် ကောင်း ကျူးနှင့်ယို့အင်းပွေတို့က အနိဋ္ဌာရုံမြင်ကွင်းများကို တွေ့မြင်လိုက်ရ ၏။

တဲအိမ်ထဲတွင် အလောင်းများက ပြန့်ကြဲနေလေသည်။

ထိုလူများမှာ ခန္ဓာကိုယ်များ ညိုမည်းနေကြပြီး အဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သေဆုံးသွားရသူများဖြစ်ကြောင်း သိရှိနိုင်သည်။

ယို့အင်းပွေက နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

"ဟွန့် ... အလောင်းကွေကလဲ များလိုက်တာ ... ဒီမှာ တိုက်ပွဲအတော်ပြင်းထန်ခဲ့တယ်ထင်တယ်"

ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။

"တိုက်ပွဲက ဒီလောက်မပြင်းထန်ပါဘူး ... သူတို့က ရှင်ချန်ရီရဲ့ မြွေတွေကြောင့် သေကုန်ကြရတာပါ"

ယို့အင်းပွေက အလောင်းများအား သေချာစွာငုံ့ကြည့်လိုက်၏။

ရုတ်တရက် သူမ၏မျက်လုံးများက ပြူးကျယ်သွားလေသည်။

အကြောင်းကား ဤသေဆုံးနေကြသော လူများထဲတွင် မိမိသိရှိနေသောလူတစ်ချို့ ပါရှိနေသည်မဟုတ်ပါလား။

"အစ်ကိုလေး ... အစ်ကိုလေး ... ဒီမှာလာကြည့်ပါဦး"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်ပြန်ပြီလဲကွာ"

ဤတစ်ကြိမ် ယို့အင်းပွေက စိတ်မဆိုးနိုင်ပါ။

သူမက အလောင်းတစ်လောင်းအား တအံ့တဩညွှန်ပြလိုက်သည်။

❀❀❀❀❀



"ဒီလူက ရွှေနဂါးဂိုဏ်းက စည်းကမ်းထိန်းသိမ်းရေးမှူး မဟုတ်လား ... အစ်ကိုလေး သေသေချာချာကြည့်စမ်းပါ"

ကောင်းကျူက သေချာစွာကြည့်လိုက်၏။

သူက အလွန်အံ့ဩသွားမိလေသည်။

"ဟင် ... ဟုတ်တယ် ... သူက တစ်ခါတုန်းကဦးလေးယို့လုစီးနဲ့အတူ ကျုပ်တို့ရဲ့ ကိုးနဂါးဂိုဏ်းကို လိုက်လည်ခဲ့ဖူးတဲ့ စည်းကမ်းထိန်းသိမ်းရေးမှူး ကျင်းပါလား"

သူက နားမလည်နိုင်စွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ခက်တာပဲ ... ဘာတွေဖြစ်ကုန်ပြီလဲ ... တိတန်တွေ ဟာ မိစ္ဆာဂိုဏ်းချုပ်ကြီးရဲ့ လက်အောက်မှာ အသေခံဂိုဏ်းသားတွေ လို့ ကြားခဲ့ဖူးတယ် ... အခုကျတော့ ရွှေနဂါးဂိုဏ်းကလူတွေက တိတန်မိစ္ဆာဂိုဏ်းသားတွေ ဖြစ်နေတာပဲကိုး ... ဒါဟာ တစ်ခုခု လွဲနေပြီထင်တယ်"

ယို့အင်းပွေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... နို့မဟုတ်ရင် သူတို့က မမယို့အော့လျှံတို့အပေါ်မှာ အခုလိုပြန်ပြီး တိုက်ခိုက်စရာမလိုပါဘူး"

ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်၏။

ယင်းအချိန် သူက ဓါးမှဓားကိုဆွဲထုတ်ကာ ယို့အင်းပွေ၏ ခြေထောက်အနီးသို့ ထိုးစိုက်ချလိုက်လေသည်။

ယို့အင်းပွေက ထိတ်လန့်သွား၏။

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



"ဒါဘာလုပ် . . . "

သူ၏စကားက ရုတ်တရက် တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

ကောင်းကျူက ဓားကို ပြန်လည်ဆွဲယူလိုက်သောအခါ မည်းနက်နေသော ကင်းမြီးကောက်တစ်ကောင်က ဓားဖျားတွင် စိုက်လျက်ပါရှိလာသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

ကောင်းကျူက ထိုကင်းမြီးကောက်ကို ဓားဖျားမှ ဖြုတ်ယူကာ မခုံးတွင် သိုင်းလွယ်ထားသော အရက်အိုးထဲသို့ ထည့်လိုက်လေသည်။

ထို့နောက် အရက်အိုးကို ခေါက်လိုက်၏။

"အင်း . . . ကင်းမြီးကောက်အရက်တော့ သောက်ရဦးမယ် ထင်တယ်"

ယို့အင်းပွေက နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။

ကောင်းကျူက သူမအားလှည့်ပင် မကြည့်တော့ဘဲ နောက်ဖေးဆောင်ဘက်သို့ ဝင်ရောက်သွားလေသည်။

"ကင်းမြီးကောက်တွေကို သတိထားဦးနော် . . . ဒီကောင်တွေနေရာအနှံ့မှာရှိတယ်"

သူသည် နောက်ဖေးဆောင်၌ ကစားစရာမျိုးစုံနှင့် ရိက္ခာများ စုဆောင်းထားသည်ကို တွေ့မြင်လိုက်ရ၏။

သူက ပြုံး၍ ယို့အင်းပွေအား လှည့်ကြည့်လိုက်၏။

ထထထထ



"ယို့အင်းပွေ မင်းဘာမှမပူနဲ့ . . . ဒီမှာ စားစရာတွေကတော့ အတော်စုံစုံလင်လင်ရှိနေတာပဲ"

ကောင်းကျူ၏ စကားကြောင့် ယို့အင်းပွေ၏ မျက်နှာတစ်လုံးမှာ ဝင်းလက်တောက်ပသွားလေသည်။

သူမက ကမန်းကတန်း ပြေးလွှားရောက်ရှိလာ၏။

"ဟင် . . . ဟုတ်လား . . . ဘယ်မှာလဲ"

ကောင်းကျူကပြုံး၍ သူမအား ဆွဲထားလိုက်သည်။

"နေဦး . . . အခုချိန်မှာ စားစရာထက် အရေးကြီးတဲ့ကိစ္စက ပြောစရာရှိသေးတယ်"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာကိစ္စလဲဟင်"

ကောင်းကျူက အလောင်းများကို ညွှန်ပြလိုက်၏။

"ကျုပ်တို့က ဒီအလောင်းတွေကို မြေမြှုပ်ပေးဖို့လေ"

ယို့အင်းပွေ၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။

ကောင်းကျူက သူမအား စိုက်ကြည့်လိုက်၏။

"ဘာလဲ . . . မင်းက ဒီအလောင်းတွေကို မြေမြှုပ်ပေးဖို့ကျတော့ တွန့်ဆုတ်ဆုတ် ဖြစ်နေပြီလား . . . မင်းရဲ့ မြင်းကြီးကိုကျတော့ မြေမြှုပ်ပေးခဲ့တယ် မဟုတ်လား . . . မြင်းနဲ့လူနဲ့ ဘာကွာလဲ"

ယို့အင်းပွေက နှုတ်ခမ်းမဲ့လိုက်သည်။

ထထထထ

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကျွန်မက ဒီအလောင်းတွေကို မြေမြှုပ်ပေး ချင်လို့မဟုတ်ပါဘူး . . . ဗိုက်ထဲမှာ အရမ်းဆာနေလို့ပါ"

ကောင်းကျူက မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။

သူသည် ယို့အင်းပွေက အလောင်းများမှာ ညှိုမည်းနေ သဖြင့် မြေမြှုပ်ပေးရန် မဝံ့မရဲဖြစ်နေကြောင်း နားလည်လိုက်၏။

မိန်းကလေးများ၏ စိတ်ထားတွင် မြင်းနှင့် လူသေတို့မတူ ကြောင်း ကောင်းကျူကောင်းစွာသိသည်။

ထို့ကြောင့် ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ . . . ကောင်းပြီ မင်း အခုဘာလုပ်မလဲ"

ယို့အင်းပွေက ချစ်စဖွယ်ပြုံး၍ မီးဖိုချောင်အား ညွှန်ပြ လိုက်၏။

"ကျွန်မက နောက်ဖေးမှာ ချက်ပြုတ်လိုက်မယ် . . . အစ်ကိုလေးက ဒီအလောင်းတွေကို မြေမြှုပ်လိုက်ပါ . . . ပြီးရင် ကျွန်မတို့ နှစ်ယောက် မနက်စာ အတူတူစားကြမယ်"

ကောင်းကျူက သူမအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"နေပါဦး . . . မင်းက ချက်ပြုတ်တတ်ရဲ့လား . . . ငါကိုးနဂါးမှာ နေတဲ့ကာလပတ်လုံးမှာ မင်းချက်ပြုတ်တာကို တစ် ခါမှ မမြင်မိပါလား"

ယို့အင်းပွေးက မျက်နှာကိုမော့ကာ လက်ပိုက်ထားလိုက် သည်။

❀❀❀❀❀



"ဒီမှာ ကျွန်မက ဒီကနေ့ အချက်အပြုတ်တော်တယ်ဆို တာ ဒီကနေ့ ရှင့်ကို လက်တွေ့ပြမယ်"

ကောင်းကျူက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ . . . ဒါဆိုရင် ကျုပ်က ဒီအလောင်းတွေ ကို မြေမြှုပ်ပေးပါ့မယ်"

ယို့အင်းပွေက ပြုံးလိုက်၏။

သူမအပြုံးမှာ ကျေနပ်သောအပြုံးမျိုး ဖြစ်လေသည်။

သူမသည် မီးဖိုချောင်ဆီသို့ ဝင်ရောက်သွား၏။

ကောင်းကျူကမူ အလောင်းများကို တစ်လောင်းပြီးတစ် လောင်း သယ်မကာ နောက်ဖေးကွက်လပ်တွင် မြေမြှုပ်လေတော့ သည်။

▣ ▣ ▣ ▣

ကောင်းကျူက အလောင်းများကို မြေမြှုပ်ပြီးဖြစ်၏။

သူသည် အလောင်းများအားလုံးကို မြေမြှုပ်ပြီးချိန်တွင် ဗိုက်ထဲ၌ တကြုတ်ကြုတ်ဆာလောင်လာသည်။

အလောင်းကောင်များကို မြေမြှုပ်ရသည်မှာ မလွယ်ပါ။

ထို့ကြောင့် ရေမိုးချိုးလိုက်ရသည်။

သို့မှသာ တစ်ကိုယ်လုံး သန့်စင်သွားမည် မဟုတ်ပါလား။

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ၏နှာခေါင်းထဲတွင် တူးခါးနေသော ညှော်

များကို ရှူရှိုက်မိလာသည်။

သူက နှာခေါင်းရှုံ့လိုက်မိ၏။

"အားပါး ... ဘာတွေဒီလောက်တူးကုန်တာပါလိမ့်"

သူသည် ယင်းသို့ညည်းညူရင်း နောက်ဖေးမီးဖိုချောင် ဝင်ခဲ့လေသည်။

ထို့နောက် မီးဖိုပေါ်တွင် တင်ထားသော အိုးကိုဖွင့်ကြ လိုက်၏။

အရေများပင် မရှိတော့ဘဲ တူးခြစ်နေပြီဖြစ်သော ဆန်ပြုတ်အိုးတစ်လုံးကို တွေ့မြင်လိုက်ရတော့သည်။

"ဟူး"

သူစိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းလိုက်၏။

"ခက်တာပဲ ... ဆန်ပြုတ်တောင်မှ တူးခါးနေအော ပြုတ်တာပဲကိုး ... တကယ်အချက်အပြုတ်တော်တဲ့ မိန်းက ပါပဲ"

သူက ယင်းသို့ ရေရွတ်ရင်း ဝန်းကျင်သို့ မျက်လုံးဝေ ကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံးမှာ မီးဖိုချောင်အသုံးအဆောင်မ လွဲ၍ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရပါချေ။

သူက မျက်မှောင်ကြုတ်လိုက်မိသည်။



"ယို့အင်းပွေတစ်ယောက် ဘယ်ရောက်သွားပါလိမ့်"

သူသည် ယင်းသို့ညည်းညူကာ အိမ်ကံလေးရှေ့သို့ ပြန် လျှောက်လာ၏။

ယင်းသို့ ပြန်လျှောက်လာစဉ် သူ၏စူးရှသော မျက်လုံး စုံက အိပ်ခန်းတံခါးပွင့်နေခြင်းကို တွေ့မြင်လိုက်ရသဖြင့် အခန်း ခါးဝသို့ လျှောက်သွားကာ ကြည့်လိုက်မိသည်။

ထိုအခါ ခုတင်ပေါ်တွင် ယို့အင်းပွေက လဲလျောင်းကာ တ်ချလက်ချ အိပ်စက်နေသည်ကို တွေ့မြင်လိုက်ရလေတော့၏။

□ □ □ □

ကောင်းကျူသည် အိပ်ပျော်နေသော ယို့အင်းပွေအား ည့်ကာ ခေါင်းခါယမ်းလိုက်သည်။

သူက အခန်းထဲသို့ ဝင်၍ ယို့အင်းပွေအား နှိုးလိုက်၏။

"ယို့အင်းပွေ ... ယို့အင်းပွေ"

ယို့အင်းပွေက အိပ်ချင်မူးတူးဖြင့် ထထိုင်လိုက်သည်။

သူမက မျက်လုံးကို တစ်ချက်ပွတ်ကာ ...

"အစ်ကိုလေး ... ဘာလုပ်မလို့လဲ"

ဟုမေးလိုက်လေသည်။

ကောင်းကျူက သူမအား စေ့စေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဗိုက်ဆာနေပြီ . . . ဘယ်မှာလဲ စားစရာ"

ယို့အင်းပွေက ပြုံးပြလိုက်၏။

သူမက ခုတင်ပေါ်မှဆင်းကာ နောက်ဖေးမီးဖိုချောင်သို့ လျှောက်သွား၏။

သူမက နှာခေါင်းတစ်ချက် ရှုံ့လိုက်မိ၏။

အဘယ့်ကြောင့်ဆိုသော် သူ့နှာခေါင်းထဲ၌ တူးနံ့များ လာသည် မဟုတ်ပါလော။

သူမသည် မီးဖိုပေါ်ရှိ ဆန်ပြုတ်အိုးအားကြည့်ကာ မျက် ပျက်သွားသည်။

ကောင်းကျူက သူမအားကြည့်ကာ စိတ်မသက်မသာ ခေါင်းတစ်ချက် ခါယမ်းလိုက်၏။

"ကဲ . . . အခုမှတော့ စိတ်ညစ်မနေနဲ့တော့ . . . တူးခါးနေတဲ့ ဆန်ပြုတ်ကိုပဲ အာဟာရဖြစ်အောင် စားရတော့မှာ"

ပြောပြီးစားပွဲပေါ်တွင် အသင့်တွေ့ရသော ပန်းကန် လုံးကိုယူကာ ဆန်ပြုတ်ထည့်လိုက်လေသည်။

ယင်းနောက် အားရပါးရ စားသောက်လိုက်၏။

ယို့အင်းပွေကလည်း ပန်းကန်တစ်လုံးကိုယူ၍ ဆန်ပြု ထည့်ကာ သောက်နေ၏။

သူမက သုံးလေးဇွန်းခန့် စားပြီးသောအခါ ဆန်ပြုတ် ကန်ကို ချထားလိုက်သည်။

❁❁❁❁❁



သူမသည် ကောင်းကျူကဲ့သို့ မစားနိုင်ချေ။

"တကယ့်ကို တူးခါးနေတာပဲကိုး . . . မလွယ်ပါလား"

ကောင်းကျူက သူမအား ကြည့်လိုက်ပြီး ပခုံးတစ်ချက် ွန့်လိုက်သည်။

ထို့နောက် စားလက်စကိုသိမ်း၍ ပန်းကန်ဆေးလိုက်၏။

ယို့အင်းပွေက သူ့အား လှမ်းကြည့်လိုက်သည်။

"အစ်ကိုလေး စားရတာ အဆင်မပြေတဲ့အတွက် ကျွန်မ ကယ် ဝမ်းနည်းမိပါတယ်"

ကောင်းကျူက နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

သူက ခေါင်းခါယမ်းလိုက်ပြီး . . .

"ယို့အင်းပွေ . . . နင်ဟာ မိန်းကလေးနဲ့တူတာ တစ်ခု ကို မရှိဘူးသိလား"

ယို့အင်းပွေ၏ မျက်နှာတစ်ခုလုံးမှာ နီရဲသွားသည်။

သူမသည် ကောင်းကျူ၏စကားကို ဤတစ်ကြိမ်ပြန်လည် ချေပခြင်းမပြုဘဲ ငေးငိုင်နေမိ၏။

ကောင်းကျူက သူမအား လှည့်ပင်မကြည့်တော့ပါ။

သူသည် အိမ်ရှေ့ခန်းဆီသို့ ထွက်လာကာ လဲလျောင်း ိုက်ပြီး မျက်လုံးကို စုံမှိတ်ထားလိုက်၏။

အမှန်တွင် သူသည် ခရီးပန်းလာပြီဖြစ်သဖြင့် အိပ်စက် နားယူသင့်နေပြီ မဟုတ်ပါလော။

❁❁❁❁❁

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ခြေသံတစ်သံက သူ့အနီးသို့ လျှောက်လာ၏။

ကောင်းကျူက မျက်လုံးဖွင့်မကြည့်ဘဲ ယို့အင်းပွေ့ဖြစ်ကြောင်း သိရှိလိုက်ရသည်။

ယို့အင်းပွေ့ . . . နင် မအိပ်သေးဘူးလား"

ယို့အင်းပွေ့က သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမက ခေါင်းဖာစ်ချက်ခါယမ်းကာ . . .

"ကျွန်မ မအိပ်ချင်သေးဘူး"

ကောင်းကျူက သူမအား မျက်လုံးဖွင့်ကာ ကြည့်လိုက်၏။

"နင် မအိပ်ချင်ပေမယ့် ငါအိပ်ချင်နေပြီ . . . ဒါကြောင်း ကျေးဇူးပြုပြီး စကားမပြောပါနဲ့တော့"

အမှန်တွင် သူသည် ယို့အင်းပွေ့က အလွန်စကားများသော မိန်းကလေးဖြစ်သောကြောင့် ယခုကဲ့သို့ ပြောလိုက်ခြင်းဖြစ်ပေ သည်။

ယို့အင်းပွေ့က စကားမပြောတော့ပါ။

သို့သော် သူမက ထွက်ခွာသွားခြင်းမရှိသေးဘဲ ကောင်းကျူ၏နံဘေးတွင် ထိုင်လိုက်သည်။

ကောင်းကျူသည် သူမအား လှည့်ပင်မကြည့်ဘဲ မျက်လုံး မှိတ်ကာ တစ်ဖက်သို့လှည့်၍ အိပ်စက်ရန် ကြိုးစားလိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် . . .

"ခွပ် . . . ခွပ် . . . ခွပ်"



ရုတ်တရက် အဝေးဆီမှ မြင်းခွာသံများ ထွက်ပေါ်လာခြင်းကို ကြားလိုက်ရ၏။

ကောင်းကျူ၏ မျက်လုံးအစုံက ဆတ်ခနဲဖွင့်လာသည်။

သူသည် ရုတ်ရက်ခုန်ထကာ ယို့အင်းပွေ့၏ လက်ကိုဆွဲ၍ ထုပ်တန်းပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် လင်းနို့တစ်ကောင်ကဲ့သို့ ခြေထောက်ကို ထုပ်တန်းတွင် ချိတ်ဆွဲသော ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ကြည့်လိုက်သည်။

မြင်းဆယ်ကောင်နှင့် လူဆယ်ယောက်တို့သည် တဲအိမ်ကလေးရှေ့သို့ ရောက်ရှိလာခြင်းကို တွေ့မြင်လိုက်ရလေတော့သည်။

နေမင်းသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးကွယ်ပျောက်သွားခဲ့သည်မှာ ကြာပြီဖြစ်၏။

အမှောင်လည်း ဖုံးစပြုနေလေပြီ။

ထို့ကြောင့် ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ထုများက ပိုင်စိုးလွှမ်းမိုးထားပြီဖြစ်သည်။

သို့သော် . . .

ကြယ်ကလေးများ၏ အလင်းရောင်ကြောင့် မြင်းဆယ်ကောင်နှင့် လူရိပ်ဆယ်ရိပ်ကို မပီဝိုးတဝါးတွေ့မြင်နေရသည်။

ယင်းလူဆယ်ယောက်သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြပြီးနောက် ဓားကိုယ်စီဆွဲထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိမ်ကလေးထဲသို့ တစ်လှမ်းချင်း လှမ်းတက် လာလေသည်။

ကောင်းကျူက သူတို့အား စူးရှသော မျက်လုံးအစုံဖြင့် အကဲခတ်၍ကြည့်နေသည်။

ထိုလူဆယ်ယောက်သည် အိမ်ကလေးထဲ၌ လှည့်ပတ်ရှာ ဖွေနေကြ၏။

ယို့အင်းဖွေက ထိုလူဆယ်ယောက်၏ အမည်းရောင်လူ ရိပ်များကိုကြည့်ကာ အသက်ရှူ ကျပ်လာသလို ခံစားလိုက်ရသည်။

သူမသည် ကိုးနဂါးဂိုဏ်းချုပ်၏ သမီးဖြစ်သည်။

သို့သော် . . .

ဖခင်ကြီး၏ သိုင်းပညာကို အပြည့်အဝရထားသော်လည်း သိုင်းလောကတွင်း လည်ပတ်ကျင်လည်ခြင်းမရှိသဖြင့် သိုင်းလော ကအတွေ့အကြုံ လုံးဝမရှိပါချေ။

ထို့ကြောင့်

ယခုကဲ့သို့ ပုန်းအောင်နေရခြင်းကို ရင်ထဲ၌ မွန်းကျပ်နေ ၏။

သူမက သက်ပြင်းတစ်ချက်ချလိုက်မိ၏။

"အင်း"

သူမ၏သက်ပြင်းချသံက တိုးညင်းလှပေသည်။

သို့သော် . . .



လူရိပ်ဆယ်ခု၏ဦးခေါင်းများက သူမ သက်ပြင်းချလိုက် သည့် ထုပ်တန်းပေါ်သို့ ပြိုင်တူမော့ကြည့်လိုက်ကြ၏။

အမှန်ကွင် သူတို့သည် သိုင်းလောကသားများဖြစ်ကြသော ကြောင့် ယခုကဲ့သို့ တိုးညင်းသောအသံကိုပင် ကြားလိုက်ရခြင်း ဖြစ်သည်။

ကောင်းကျူက ရင်ထိတ်သွားမိ၏။

သူသည် ယို့အင်းဖွေထံသို့ လျင်မြန်စွာ ကူးသွားကာ ပွေ့ချီ ပြီး တခြားနေရာတစ်ခုဆီသို့ ခုန်ကူးလိုက်သည်။

ထိုအချိန်မှာပင် လူရိပ်ဆယ်ခုက လေထဲသို့ ခုန်တက်လာ ကာ ကောင်းကျူအား ဝိုင်း၍တိုက်ခိုက်လိုက်ကြတော့သည်။

ကောင်းကျူက ထိုလူများအား တိုက်ခိုက်ရင်း ထုပ်တန်း ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ထိုလူများကလည်း သူ့အား တိုက်ခိုက်ရင်း အောက်သို့ ခုန်ဆင်းလာ၏။

ကောင်းကျူက ထိုလူများအား ကြည့်ကာ ကျေနပ်စွာ ပြုံး လိုက်မိသည်။

အဘယ့်ကြောင့်ဆိုသော် ရန်သူများသည် ယို့အင်းဖွေပါ အသည်ကို မသိကြသောကြောင့်တည်း။

စောစောကသက်ပြင်းချသည့်အသံမှာ ကောင်းကျူသက် ပြင်းချသည်ဟုသာ သူတို့ထင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် သူက ကျေနပ်စွာပြုံးရင်း ထိုလူဆယ်ယောက်အား ခပ်တည်တည်ကြည့်လိုက်၏။

ထိုလူဆယ်ယောက်ကလည်း မိမိအား အကဲခတ်ကြည့်နေ၏။

ဝန်းကျင်တစ်ခုလုံးသည် လှုပ်ရှားမှုတစ်စုံတစ်ရာမရှိဘဲ ရုတ်ခြည်းတိတ်ဆိတ်ငြိမ်သက်သွားနေတော့သည်။

▣ ▣ ▣ ▣

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ယို့အင်းပွေက ကောင်းကျူ ရွှေ့ပြောင်းထားခဲ့သော နေရာတွင် ငြိမ်သက်စွာနေနေသည်။

သူမ၏အမှားကို သိသွားခဲ့လေပြီ။

ရုတ်တရက် သူမ၏ခန္ဓာကိုယ်ပေါ်သို့ တရွရွတစိစိဖြင့် ပိုးကောင်လေးများတက်လာနေသည်ကို ခံစားလိုက်ရလေသည်။

သူမက မိမိရောက်ရှိနေသော နေရာအား လက်ဖြင့်စမ်းကြည့်လိုက်သည်။

ကောက်ရိုးများ ခင်းကျင်းထားသော နေရာတစ်ခုဖြစ်သည်။

သူမက မျက်မှောင်ကြုတ်လိုက်၏။

ဤကဲ့သို့သော ထုပ်တန်းပေါ်တွင် မည်သည့်ရည်ရွယ်ချက်ဖြင့် ကောက်ရိုးများခင်းကျင်းထားပါသနည်း။

သူမသည် စိတ်ဝင်စားလွန်းသဖြင့် ဤကောက်ရိုးခင်းထားသည့် နေရာတစ်လျှောက် စမ်းကြည့်နေမိ၏။

ထိုအခါ သူမသည် ပူနွေးနွေးအရာဝတ္ထုတစ်ခုအား စမ်းမိလိုက်သည်။

ယင်းအရာဝတ္ထုသည် သူမက လက်ဖြင့်စမ်းလိုက်သည်နှင့် တစ်ပြိုင်နက် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး . . .

"ကတော် . . . ကတော်"

စူးရှစွာအော်ဟစ်သံနှင့်အတူ သူမထံသို့ ခုန်ပျံလာလေသည်။

ယို့အင်းပွေက ထိတ်လန့်သွားလေသည်။

သူမက ကမန်းကတန်း နောက်ဆုတ်လိုက်၏။

ရုတ်တရက် သူမ၏ခြေထောက်သည် လေဟာနယ်တစ်ခုကို နင်းမိသွားလေသည်။

"အား"

သူမက စူးရှစွာအော်ဟစ်ရင်း အောက်သို့ပြုတ်ကျသွားတော့သည်။

ကောင်းကျူက ထိတ်လန့်သွား၏။

"ယို့အင်းပွေ"



www.burmeseclassic.com

www.burmeseclassic.com



သူက အော်ဟစ်ရင်းပြုတ်ကျလာသော ယို့အင်းပွေအား ဆီးကြိုထားလိုက်လေသည်။

ယင်းအချိန်မှာပင် ကြက်တစ်ကောင်ကလည်း ယို့အင်းပွေ အနီးမှ တောင်ပံနှစ်ဖက်ကို ဖြန့်၍ ပျံသန်းသွားခြင်းကို တွေ့မြင် လိုက်ရလေသည်။

ကောင်းကျူးက ထိုကြက်ကြီးအား သတိမပြုနိုင်ပါ။

သူသည် ထိုလူဆယ်ယောက်အား မားကိုင့်ယမ်း၍ တိုက် ခိုက်ရန် ဟန်ပြင်ထားလိုက်ရသည်။

ကြက်ထက် ရန်သူက အရေးကြီးသည်မဟုတ်ပါလား။ သို့သော် . . .

ထိုလူဆယ်ယောက်သည် ဒူးထောက်ပြီး ဂါရဝပြုနေကြ သည်ကို တွေ့မြင်လိုက်ရလေသည်။

ကောင်းကျူးက အံ့သြသွားမိလေသည်။

သူပါးစပ်အဟောင်းသားဖြစ်သွားသည်။

ထိုအချိန်၌ ထိုလူဆယ်ယောက်က ဦးညွှန်၍ ပြိုင်တူအော် ဟစ်လိုက်ကြ၏။

"ဒုဂိုဏ်းချုပ်ကြီး ကောင်းကျူးနဲ့ သခင်မလေးယို့အင်းပွေကို ဂါရဝပြုပါတယ်"

ယို့အင်းပွေ၏ မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွား လေသည်။

ဿဿဿ



သူက ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်သည်။

"ဟာ . . . မင်းတို့က လက်ရွေးစင်ဆယ်ယောက်မဟုတ် သား"

ထိုလူဆယ်ယောက်က ပြိုင်တူခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကောင်းကျူးက မိမိ၏နဖူးကို မိမိရိုက်လိုက်မိသည်။

သူက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး . . .

"တော်သေးတာပေါ့ကွာ . . . နို့မဟုတ်ရင် လူမှားပြီး တိုက်ကြတော့မလို့ . . . ဒါနဲ့ မင်းတို့က ဘာဖြစ်လို့ အသံမပေးရ တာလဲ"

လက်ရွေးစင်ဆယ်ယောက်အနက် ခေါင်းဆောင်တစ်ယောက်က သူ့အားမော့ကြည့်၍ အဖြေပေးလိုက်၏။

"ကျွန်တော်တို့က ဒုဂိုဏ်းချုပ်ရဲ့နာမည်ကို ခေါ်လိုက်ရင် မဖြစ်ဘူးလေ . . . တကယ်လို့သာ ဒုဂိုဏ်းချုပ်တို့မဟုတ်ဘဲ တိတန် တွေဖြစ်နေခဲ့ရင် ပြဿနာပိုဆိုးလာပါလိမ့်မယ် . . . နောက်ပြီး တိတန်တွေက ကျုပ်တို့ကိုးနဂါးဂိုဏ်းက ရွှေနဂါးဂိုဏ်းချုပ်ကြီး ယို့လု ဒီးကို လာကယ်ပြီဆိုတာသိရင် ဂိုဏ်းချုပ်ကြီးကို သတ်ပစ်လိုက်မှာ ကို စိုးရိမ်ရပါတယ် . . . ဒါကြောင့် . . . "

ကောင်းကျူးက လက်ကာပြလိုက်သည်။

သူက မချိပြုံးပြုံး၍ ပခုံးတစ်ချက်တွန့်ပြလိုက်၏။

ဿဿဿ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့က ပြည်မထဲကို ရောက်လာကြောင်းကို တိတန်တွေသိမှာကို စိုးရိမ်နေစရာမလိုတော့ပါဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ . . . ကျုပ်တို့ ပြည်မထဲ ဝင်ကတည်းက တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးနဲ့ လက်ပါးစေကိုယ်ရံတော် တိတန်တစ်ယောက်ကဆီးကြိုတိုက်ခိုက်တာ ကံကောင်းလို့ မသေတာပါကံပေါ်ပါလေ"

တိလျှံက ရင်ထိတ်သွားသည်။

"ဟင် . . . ဒါဆိုရင် ကျွန်တော်တို့ ရောက်နေတာကို တိတန်ဂိုဏ်းချုပ်ကြီးက သိသွားပြီးပေါ့"

ကောင်းကျူးက ခေါင်းညိတ်လိုက်၏။

သူက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်လေသည်။

"အင်း . . . ဟုတ်တယ် . . . တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ကျုပ်တို့ ရောက်နေတာကို သိသွားပြီ"

တိလျှံ၏ရင်ထဲ၌ စိုးရိမ်ပူပင်လာသည်။

သူက အနည်းငယ်စဉ်းစားလိုက်ပြီး . . .

"ဒါနဲ့ ဒုဂိုဏ်းချုပ်နဲ့ မိစ္ဆာဂိုဏ်းချုပ်ကြီးတို့က ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသေးသလား"

ကောင်းကျူးက မချိပြုံးပြုံးလိုက်၏။



သူက တိလျှံအား စေ့စေ့ကြည့်ကာ . . .

"သူက ကျုပ်တို့ကို သက်ညှာသွားလို့သာ ကျုပ်တို့က အသက်ရှင်ခွင့်ရနေတာပါ"

တိလျှံက အလွန်စိတ်ဝင်စားလာသည်။

သူသည် ကောင်းကျူး၏ သိုင်းပညာမှာ ထိပ်သီးအဆင့်ကိုပင် ကျော်လွန်နေပြီဖြစ်ကြောင်း နားလည်ထားသဖြင့် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက သက်သာခွင့်ပေးခဲ့သည်ဟူသောစကားကို စိတ်မဝင်စားဘဲ မနေနိုင်ခြင်းဖြစ်၏။

"ဒုဂိုဏ်းချုပ် . . . သူ့ရဲ့သိုင်းပညာက ဘယ်လိုပညာမျိုးလဲဟင်"

ကောင်းကျူး၏ မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာ၏။

သူက ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်သည်။

"ခက်တာပဲ . . . သူနဲ့ ကျုပ်က မတိုက်ခိုက်ခဲ့ရတော့ပြောရတာမလွယ်ဘူး . . . ဒါပေမယ့် သူ့ရဲ့သိုင်းပညာက ကျုပ်ထက် သာချင်ရင်သာမယ် . . . နည်းနည်းလေးမှ မလျော့နိုင်ဘူး"

တိလျှံက ထိတ်လန့်သွားရလေသည်။

သူက စိုးရိမ်စွာဖြင့် မိမိ၏လူများကို စစ်ချက်ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကျွန်တော်တို့အားလုံး ဝင်လို့ဖြစ်ပါ့မလား ... သူတို့ကလဲ ဒုဂိုဏ်းချုပ်တို့ကို စောင့်ကြည့်နေကြမှာပဲ ... ကျွန်တော်တို့က အလင်းထဲကလိုဖြစ်ပြီး သူတို့က အမှောင်ထဲကလို ဖြစ်နေတယ်"

ကောင်းကျူက ခေါင်းညိတ်လိုက်၏။

သူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... အားလုံးထကြပါ"

တိလျှံတို့ ဆယ်ယောက်က ဒူးထောက်ရာမှ ထရပ်လိုက်ကြ၏။

ကောင်းကျူက သူတို့အားမျက်လုံးဝှေ့ကြည့်ကာ စကားဆက်လိုက်သည်။

"ကျုပ်က ခင်ဗျားတို့ထဲက လူငါးယောက်လောက်ကို လိုချင်တယ် ... ဘာဖြစ်လို့လဲဆိုရင် မိစ္ဆာဂိုဏ်းချုပ်ကြီးရဲ့ သြဇာအာဏာက ဒီပြည်မကြီးတစ်ခုလုံးမှာ လွှမ်းမိုးနေပြီ ... ဒါကြောင့် ကျုပ်တို့ကို သူတို့က စောင့်ကြည့်နေမှာ အမှန်ပဲ ... ကျုပ်တို့က လူအင်အားများများနဲ့ သွားရင် သူတို့က ချက်ချင်း ရိပ်မိသွားကြလိမ့်မယ် ... ဒီတော့ ရုပ်ဖျက်ပြီး လူခြောက်ယောက်ပဲ ဝင်မယ်"

ယို့အင်းပွေက ကြားဝင်ပြောလိုက်သည်။

"ဟုတ်[illegible] ... ကျွန်မတို့က ရုပ်ဖျက်ပြီး သွားကြမယ် နောက်ပြီး ... လူခြောက်ယောက်လောက်ဆိုတော့ သိပ်မဆိုးဘူး"



ကောင်းကျူက သူမအားလှည့်ကြည့်ကာ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ယို့အင်းပွေ ... မင်းလဲ သူတို့ငါးယောက်နဲ့အတူ ပြန်လိုက်သွားပါ ... မင်းမှာ ဘာမှတိုက်ပွဲအတွေ့အကြုံမရှိဘူး ... ဆောင်ရန်ရှောင်ရန် အချက်တွေကို နားမလည်ဘူး ... မင်းပါရင် ငါတို့အဖွဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထမ်းထားရသလိုပဲ"

ယို့အင်းပွေက နှုတ်ခမ်းစူလိုက်၏။

သူက ခြေတစ်ချက်ဆောင့်ကာ ခေါင်းခါယမ်းလိုက်သည်။

"အို ... ကျွန်မက ဘာဖြစ်လို့ ပြန်သွားရမှာလဲ ... ရွှေနဂါးဂိုဏ်းချုပ်ကြီးဆိုတာ ကျွန်မရဲ့ ဘကြီးအရင်းပါ ... ဒါကြောင့် ကျွန်မက သူ့ကိုကယ်ဖို့ကိစ္စမှာ မလိုက်လို့ ဖြစ်မလား"

ကောင်းကျူက နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"အို ... မင်းလိုက်လာလို့ ဘာဖြစ်မှာလဲ ... အခုတောင်မှ မင်းကြောင့် ဘယ်လောက်စိတ်ပျက်စရာကောင်းတဲ့ အခြေအနေတွေနဲ့ကြုံခဲ့ရသလဲ ... တကယ်လို့သာ တိလျှံတို့က နေ်သူတွေသာဆိုရင် မင်းကြောင့် ငါတို့နှစ်ယောက်စလုံး သေရတော့မယ်"

ယို့အင်းပွေက ခေါင်းခါယမ်းလိုက်၏။

သူမက ပခုံးတစ်ချက်တွန့်လိုက်သည်။

"အို ... ဒါကတော့ အစ်ကိုလေးက ကျွန်မကို ကြက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



နားမှာ သွားထားခဲ့တာကိုး . . . ကျွန်မတစ်ကိုယ်လုံး ကြက်သန်းတွေ ရွတက်နေတာ ဘယ်လို ဒီအတိုင်းနေလို့ရမှာလဲ"

သူမ၏စကားကြောင့် အားလုံးသောလူများက ရယ်မောလိုက်လေသည်။

ကောင်းကျူးမှာ မရယ်မောနိုင်ပါ။

ယို့အင်းပွဲကို ခေါ်သွားရလည်းအခက် ခေါ်မသွားလည်း အခက်ဖြစ်နေချေပြီ။

ထို့နောက် သူစိတ်လျှော့လိုက်သည်။

တိလျှံက . . .

"ဒါဆိုရင် ကျွန်တော်တို့ထဲက ဘယ်သူတွေကိုရွေးပြီး ခေါ်သွားမလဲ"

ကောင်းကျူးက အနည်းငယ် စဉ်းစားလိုက်သည်။

အတန်ကြာမှ သူက တည်ကြည်သော မျက်ထားဖြင့် . . .

"အခု ခင်ဗျားတို့ထဲက အိမ်ထောင်ရှိတဲ့လူတွေကို ပြန်ခိုင်းလိုက်ပါ"

တိလျှံက စိတ်ဓါတ်ကျသွားပြီး ခေါင်းခါယမ်းလိုက်သည်။

"ဟာ . . . ဘာဖြစ်လို့လဲ . . . ဒုဂိုဏ်းချုပ်ပြောတဲ့အတိုင်းဆိုရင် ကျွန်တော်ကလဲ မိန်းမရှိတာပဲလေ . . . ဒါပေမယ့် ကျွန်တော်က ဒီကိုထွက်လာကတည်းက ဒုဂိုဏ်းချုပ်ကြီးတို့နဲ့ လက်တွဲပြီး တိတန်မိစ္ဆာဂိုဏ်းကို ဖြိုဖျက်ဖို့ ရည်ရွယ်ပြီးသားပါ"

ဓဓဓဓဓ



ကောင်းကျူးက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူက တိလျှံအား စိုက်ကြည့်ကာ ရှင်းပြလိုက်၏။

"မိစ္ဆာဂိုဏ်းဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ဂိုဏ်း ခုပါ . . . အခုကျုပ်တို့က တိတန်မိစ္ဆာဂိုဏ်းနဲ့ရင်ဆိုင်ဖို့ ဆုံး တာဟာ ကျားရဲတွင်းကို သက်ဆင်းတာနဲ့ အတူတူပါပဲ . . . ကြောင့် သေလမ်းနဲ့ရှင်လမ်းမှာ သေဖို့က များနေတယ် . . . ကြောင့် ကျုပ်တားတာပါ"

သူက စကားဆက်လိုက်သည်။

"ဒီတော့ အိမ်ထောင်မရှိတဲ့လူလောက်ကိုပဲ ခေါ်သွားချင် ယ် . . . တိလျှံ ခင်ဗျားလဲပြန်သွားပါဗျာ"

တိလျှံက ခေါင်းခါယမ်းလိုက်သည်။

သူက ဒူးထောက်ကာ ခွင့်တောင်းလိုက်၏။

"ကျုပ်တို့ ကိုးနဂါးဂိုဏ်းဟာ ကိုးနဂါးပိုင်နက်တစ်ခုလုံး ဩဇာအာဏာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့လို့ ဘယ်သူ ယှဉ်ပြိုင်မယ့်လူမရှိခဲ့ပါဘူး . . . ဒါကြောင့် ကျုပ်တို့ဟာ တ်လေး ပျင်းပျင်းရိရိဖြစ်နေခဲ့ရပါတယ် . . . သိုင်းသမား ာ သေတယ်ရှင်တယ်ဆိုတာ မျက်စိထဲမထားပါဘူး . . . အ ပ်ရှားနေဖို့ပဲ စိတ်ထက်သန်ပါတယ်"

သူက စကားဆက်လိုက်သည်။

"ဒုဂိုဏ်းချုပ်သိတဲ့အတိုင်းပါပဲ . . . သိုင်းလောကသား

ဓဓဓဓဓ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ စွန့်စားလိုကြတယ်လေ . . . ဒါကြောင့် အခုလို
အခွင့်ကြုံကြိုက်တုန်းမှာ ကျွန်တော့်ကို စွန့်စားခွင့်ပြုပါ . . .
လဲ ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူးကို ဆပ်ရာရောက်ပါလိမ့်မယ်"

ကောင်းကျူသည် တိလျှံအား ဆက်လက်မတားမြစ်
တော့ပေ။

ထို့ကြောင့် သူက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ . . . ကောင်းပြီ . . . ထပါတော့"

တိလျှံက ထရပ်လိုက်သည်။

ကောင်းကျူက သူ့အားကြည့်လိုက်သည်။

"ကဲ . . . ခင်ဗျားကြိုက်တတ်တဲ့ လူလေးယောက်ကို
လိုက်ပါ . . . ပြီးရင် အခုချင်းချင်း ကျန်တဲ့ လူငါးယောက်
ပြန်ပါစေ"

တိလျှံက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် . . . ဒုဂိုဏ်းချုပ်"

သူက မိမိ၏လူများဘက်သို့ လှည့်ကာ အတန်ကြာအော
ကြည့်လိုက်သည်။

လူရွေးသည့်တာဝန်သည် သူ့တာဝန်ဖြစ်သွားပေပြီ။

တစ်ခဏကြာမှ သူက လူလေးယောက်ကို ရွေးထု
လိုက်သည်။

"တုဟန်"



လူတစ်ယောက်က သူ့နံဘေးသို့ ရောက်ရှိလာကာ ဦးညွတ်
က်၏။

တိလျှံက နောက်ထပ်လူတစ်ယောက်ကို ခေါ်လိုက်သည်။

"ဝူးလုံ"

နောက်ထပ်လူတစ်ယောက်က သူ၏နံဘေးသို့ ရောက်ရှိ
ကာ ဦးညွှတ်လိုက်ပြန်လေသည်။

တိလျှံက နောက်ထပ်လူနှစ်ယောက်ကို ဆက်တိုက်ခေါ်
ရွေးချယ်လိုက်လေသည်။

"ယိချင်း . . . ဟိုဖေ့"

လူနှစ်ယောက်က သူ၏နံဘေးသို့ ချက်ချင်းရောက်လာ
သည်။

တိလျှံက ကျန်လူငါးယောက်ကို ကြည့်လိုက်၏။

"ကဲ . . . ကျန်တဲ့ငါးယောက် မင်းတို့က ကိုးနဂါးဂိုဏ်း
အမြန်ဆုံးပြန်ပါ . . . ပြီးရင် ကျုပ်တို့အားလုံး ဒီကို ချောချော
မောရောက်ကြောင်း ပြောပြပါ . . . ဂိုဏ်းချုပ်ကြီးကတော့
တို့ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မယ်ဆိုတာကို ယုံ
ပြီးသားပဲ . . . ကဲ ပြန်ကြ"

ထိုလူငါးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်
ကာ ချက်ချင်းပင် ဒူးထောက်လိုက်ကြသည်။

"ဂိုဏ်းခွဲမှူးကြီးကို ကယ်တင်ရန်ကိစ္စမှာ လိုက်ပါခွင့်ပြုပါ"

www.burmeseclassic.com

www.burmeseclassic.com



တိလျှံက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်သည်။

"အင်း ... ဒါဟာ မင်းတို့မြင်တဲ့အတိုင်း ဒုဂိုဏ်းချုပ်ရဲ့ အမိန့်ပါ ... ဒီတော့ မင်းတို့ ဘာမှထပ်မပြောပါနဲ့တော့ ... ငါလဲ ဘာမှမတတ်နိုင်ပါဘူး"

ထိုလူငါးယောက်က စကားမပြောနိုင်တော့ချေ။

သူတို့သည် အလွန်စည်းကမ်းကြီးလှသော ကိုးနဂါးဂိုဏ်း၏ အဖွဲ့ဝင်များဖြစ်သဖြင့် အမိန့်ကိုလွန်ဆန် စောဒကမတက်ကြချေ။

အမိန့်ဆိုသည်မှာ တစ်သွေမတိမ်း အမိန့်နာခံရမည့်စကားဖြစ်သည်။

ထို့ကြောင့် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... အမိန့်အတိုင်းပါ ဂိုဏ်းခွဲမှူး"

တိလျှံက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ကဲ ... အားလုံးထကြပါ"

အားလုံးသောလူများက ထရပ်လိုက်ကြ၏။

တိလျှံက သူတို့အားကြည့်လိုက်သည်။

"မင်းတို့အားလုံး ခုချက်ချင်းပြန်ပါ ... ဂိုဏ်းချုပ်ကြီးကို ကျုပ်တို့ ပြည်မထဲရောက်ပြီဆိုတဲ့အကြောင်း အစီရင်ခံလိုက်ပါ"



ထိုလူငါးယောက်က ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

တိလျှံက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ကဲ ... သွားကြတော့"

ထိုလူငါးယောက်က ထွက်ခွာသွားရန် ဟန်ပြင်လိုက်ကြသည်။

ကောင်းကျူက ကမန်းကတန်း ဟန့်တားလိုက်၏။

"နေဦး"

ထိုလူငါးယောက်က ပြိုင်တူဦးညွှတ်လိုက်၏။

"အမိန့်ရှိပါခင်ဗျာ"

ကောင်းကျူက ယို့အင်းပွေအား ညွှန်ပြလိုက်သည်။

"သူ့ကိုပါ ပြန်ခေါ်သွားကြ"

ယို့အင်းပွေက ကမန်းကတန်း ခေါင်းခါယမ်းလိုက်၏။

သူမက ထိုလူငါးယောက်အားကြည့်ကာ ခါးခါးသီးသီးငြင်းသည်။

"ကျွန်မ မလိုက်ဘူး ... ရွှေနဂါးဂိုဏ်းချုပ်ကြီးဆိုတာလဲ ကျွန်မရဲ့ဘကြီး ... ကျွန်မကို ခေါ်ဖို့မကြိုးစားနဲ့ ... ရှင်တို့သွားကြတော့"

ထိုလူငါးယောက်က ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ကောင်းကျူက ဟန့်တားလိုက်ပြန်၏။

"နေဦး"

www.burmeseclassic.com

www.burmeseclassic.com



သူက ယို့အင်းပွေ့အား လှည့်ကြည့်လိုက်သည်။

ထို့နောက် တည်ကြည်သော မျက်နှာထားဖြင့် . . .

"မင်းက သူတို့နဲ့အတူလိုက်သွားပါ . . . အခုသွားရမယ့် ကိစ္စဟာ တကယ်မလွယ်တဲ့ ကိစ္စနော် . . . ကလေးကစားတာ မဟုတ်ဘူး . . . အားလုံး အသက်စွန့်လုပ်ရတဲ့အလုပ်"

ယို့အင်းပွေ့က ခြေထောက်တစ်ချက် ဆောင့်လိုက်သည်။

"အို . . . ကျွန်မ တကယ်မပြန်ဘူး . . . အစ်ကိုလေးက တကယ်လို့ သူတို့နဲ့ပြန်ပါဆိုရင် ကျွန်မက ခြေဦးတည့်ရာ လျှောက်သွားမှာပဲ . . . ဖြစ်ချင်ရာဖြစ် သေချင်ရာသေ လျှောက်သွားမှာပဲ"

ကောင်းကျူးက စိတ်ပျက်သွားသည်။

ယို့အင်းပွေ့သည် စိတ်ထင်တိုင်းလုပ်တတ်သည့် မိန်းကလေးဖြစ်ကြောင်း သူသိထားသည်။

သူ ထွက်သွားမည်ဆိုလျှင်တော့ ထွက်မသွားနိုင်းဝံ့ပါ။

သို့သော် သူက ယို့အင်းပွေ့ထံမှ ကတိတောင်းခံလိုက်၏။

"ကောင်းပြီ . . . ဒါဆိုရင် မင်းက ရှေ့လျှောက် တောင်းကောင်းမွန်မွန်နဲ့လိုက်ခဲ့ပါ . . . နောက်ပြီး ဘာမှပြဿနာထမတက်အောင် ဂရုစိုက်ပါ . . . တို့အခြေအနေကိုကြည့်ပါ . . . ငါနိုင်းတဲ့အတိုင်းလုပ်ပါ"

ယို့အင်းပွေ့က ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့ . . . ကျွန်မ အခြေအနေကိုကြည့်ပြီး နေပါ့မယ်"

ကောင်းကျူးက ထိုလူငါးယောက်အား ကြည့်လိုက်၏။

"ကဲ . . . ခင်ဗျားတို့ပြန်ကြတော့ . . . အပြင်က မြင်းဆယ်ကောင်ကို ပြန်ယူသွားပါ"

တိလျှံက နားမလည်နိုင်ဘဲ ဖြစ်သွားရလေသည်။

"ဟင် . . . ဘာဖြစ်လို့လဲ"

ကောင်းကျူးက ရှင်းပြလိုက်၏။

"ကျုပ်တို့က မြို့ထဲဝင်ရင် မြင်းတွေကို အသုံးပြုလို့မရဘူးလေ . . . ဒါကြောင့် မြင်းတွေကို ပြန်ယူခိုင်းတာ"

ယို့အင်းပွေ့သည် အိမ်နံရံကိုကြည့်လိုက်ပြီး ပုံတူကားချပ်အား ကမန်းကတန်းလှမ်းယူလိုက်၏။

"အို . . . ဒါက မမယို့အော့လျှံရဲ့ ပုံတူကားချပ်ပါလား . . . ပေးပေး ကျွန်မ သိမ်းထားလိုက်မယ်"

ကောင်းကျူးက ကမန်းကတန်း ပြန်လည်ဆွဲယူထားလိုက်သည်။

သို့သော် ယို့အင်းပွေ့က အတင်းဆွဲယူသဖြင့် ပန်းချီကားပျက်စီးသွားမည်ကို စိုးရိမ်မိသဖြင့် လွှတ်ပေးလိုက်ရ၏။

ကောင်းကျူးက . . .

"ယို့အင်းပွေ့ . . . နင် သေသေချာချာ သိမ်းထားနော်"

www.burmeseclassic.com

www.burmeseclassic.com



. . . တော်ကြာပျောက်သွားဦးမယ်"

ယို့အင်းပွေ၏ မျက်နှာပေါ်တွင် ခံပြင်းသောဟန်မူရာများ
ပေါ်လွင်လာသည်။

သူမက ကောင်းကျူအား မျက်စောင်းတစ်ချက်ခဲလိုက်
သည်။

"စိတ်ချပါ . . . နေပါဦး . . . အစ်ကိုလေးက ဘာဖြစ်
လို့ ဒီလောက်တောင်မှ စိုးရိမ်ကြီးနေရတာလဲ . . . ပန်းချီကားတ
ချပ်က ဘယ်လောက်များ တန်ဖိုးကြီးလို့လဲ"

ကောင်းကျူက ပါးစပ်ပိတ်ထားလိုက်သည်။

တီလျှံက သူ့အား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်၏

"ဒုဂိုဏ်းချုပ် . . . ကျုပ်တို့က သခင်မလေးယို့အော့လျှံ
တွေ့ဖို့ ဒီနေရာကိုလာခဲ့ကြတယ် . . . အခု သူ့ရဲ့ပန်းချီကားချပ်
တွေ့နေရတယ် . . . သူက ဘယ်ရောက်နေလို့လဲ"

ကောင်းကျူ၏ မျက်နှာပေါ်တွင် စဉ်းစားမရသော ဟ
များပေါ်လာသည်။

သူက ခေါင်းခါယမ်းလိုက်၏။

"သူ ဘယ်ရောက်နေသလဲ . . . သေသလား ရှင်သလ
ဆိုတာ ကျုပ်တို့ လုံးဝမသိရဘူး"

တီလျှံက မျက်မှောင်ကြုတ်လိုက်သည်။

"ဟင် . . . ဘယ်လိုဖြစ်လို့လဲ"



ကောင်းကျူ၏ မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သော
ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဘာတွေဖြစ်တယ်ဆိုတာတော့ ကျုပ်တို့ မသိဘူး . . .
ဒါပေမယ့် ယို့အော့လျှံနဲ့ ရှင်ချန်ရိုတို့ဟာ အင်မတန်ကြောက်စရာ
ကောင်းတဲ့ ရန်သူတွေနဲ့ ရင်ဆိုင်ခဲ့ရတယ် ဆိုတာတော့ သိတယ်"

တီလျှံက ရင်ထိတ်သွားလေသည်။

သူက ခေါင်းခါယမ်းလိုက်၏။

"တကယ်ဆိုရင် ကျုပ်တို့က ဒီထက် မြန်မြန်ရောက်လာဖို့
သင့်တယ် . . . အခုတော့ . . . "

သူက စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်ရ၏။

တစ်ချိန်လုံး စကားမပြောလဲ တိတ်ဆိတ်စွာ နားစွင့်နေ
သော တုဟန်က ကြားဖြတ်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အခု ကျွန်တော်တို့ ရောက်လာပြီပဲ . . .
ဘာလုပ်မယ်ဆိုတာ ပြောပါဦး"

ကောင်းကျူသည် ရှိနေသော စက္ကူများကို ထပ်မံမွှေ
နှောက်ကာ ရှာဖွေကြည့်လိုက်သည်။

ထို့နောက် သူက မကျေနပ်သေးဟန်ဖြင့် စားပွဲခုံအံဆွဲကို
ဖွင့်ကာ ရှာဖွေကြည့်လိုက်၏။

အံဆွဲထဲတွင် မြေပုံစာရွက်တို သူက တွေ့မြင်လိုက်၏။

သူသည် ချက်ချင်းပင် မြေပုံစာရွက်ကို ထုတ်ယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် ဖြန့်ခင်းလိုက်လေသည်။

သူက ယို့အင်းပွေကို လှည့်မကြည့်ဘဲ ပြောလိုက်၏။

"ယို့အင်းပွေ . . . မီးအိမ်ကို ဒီစားပွဲပေါ်တင်လိုက်"

ယို့အင်းပွေက ယို့အော့လျှံ၏ ပုံတူကားချပ်ကို လိမ်၍ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေသည်။

ထို့နောက် သူမက ကောင်းကျူပြောသည့်စကားအတိုင်း စားပွဲပေါ်ရှိ နေရာလွတ်တွင် တင်ထားလိုက်၏။

ကောင်းကျူက မြေပုံကိုငုံ့ကြည့်ကာ လက်ညှိုးဖြင့် တစ်နေရာသို့ ထောက်ပြလိုက်လေသည်။

"ကျုပ်တို့ မနက်ဖြန်ကျရင် လိုက်ကျုံးမြို့ထဲ စဝင်မယ်"

ဟိုဖေ့က ကြားဖြတ်ပြောလိုက်၏။

"ဒုဂိုဏ်းချုပ်ကြီး . . . ဖြစ်ပါ့မလားဗျာ . . . လိုက်ကျုံးမြို့ဟာ တိတန်မိစ္ဆာဂိုဏ်းရဲ့ ဩဇာလွှမ်းမိုးတဲ့နေရာ မဟုတ်လား ဒါကြောင့် . . . "

ကောင်းကျူက သူ၏ စကားမဆုံးခင် လက်ကာပြလိုက်သည်။

သူက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"စိတ်ချလက်ချသာ ဝင်ကြပါ . . . သဘက်ခါဆိုရင်ပွဲတော်နေ့လေ . . . ဒါကြောင့် မြို့ထဲမှာ ညဉ့်နက်သန်းခေါင်အထိ လူသွားလူလာ ပြတ်မှာမဟုတ်ဘူး . . . ဒါကြောင့် ကျုပ်တို့က



မြို့ထဲဝင်ပြီး စနည်းနာမယ်"

သူက စကားဆက်လိုက်၏။

"ခင်ဗျားတို့ သတိထားရမှာက ကျုပ်တို့က ညသန်းခေါင်ကျော်မှစပြီး မြို့ထဲဝင်မယ် . . . ဝင်တဲ့အခါမှာ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲဝင်ကြမယ် . . . တစ်သုတ်နဲ့တစ်သုတ် ဝေးဝေးမနေပါနဲ့ . . . အရေးအကြောင်းရှိရင် ကူညီလို့ ရအောင် မနီးမဝေးမှာရှိနေပါစေ . . . အရေးကြုံလာရင် ပိပိရိရိလှုပ်ရှားပါ . . . အထူးသဖြင့် ယို့အော့လျှံတို့ရဲ့ သတင်းကို စုံစမ်းမယ်"

အားလုံးသောလူများက ခေါင်းညိတ်လိုက်ကြသည်။

ကောင်းကျူက တည်ကြည်သော မျက်နှာထားဖြင့် အားလုံးသောလူများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

"အရေးကြီးဆုံးအချက်က မြို့ထဲဝင်ကာနီးကျရင် အရက်တွေကို အဝတ်အစားတွေပေါ်မှာ လောင်းချထားပါ . . . နှုတ်ခမ်းပတ်ပတ်လည်မှာလဲ အရက်တွေကို ဆွတ်ထားပါ . . . ဒါပေမယ့် အရက်ကိုတော့ လုံးဝမသောက်ပါနဲ့ . . . ပုံစံကတော့ ယစ်ရှုပ်ကြီးတွေ ပုံစံမျိုးပေါ့"

ယိချင်းက ကြားဖြတ်မေးလိုက်သည်။

"ဒါဆိုရင် မနက်ဖြန် မနက်ကနေ ညအချိန်အထိ ဒီမှာတစ်နေ့လုံး ရှိနေမှာပေါ့ ဟုတ်လား"

ကောင်းကျူက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှိချင်လဲ ရှိနိုင်တယ် . . . မရှိချင်လဲ မရှိဘူး"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

သူမက ကောင်းကျူအား ဘဝင်မကျဟန်ဖြင့် ကြည့်လိုက်၏။

"တိတန်မိစ္ဆာဂိုဏ်းက လူတွေက သိုင်းလောကထဲက လူတွေကို စောင့်ကြည့်နေကြမှာပဲ . . . ဒါကြောင့် ကျုပ်တို့က ခြေလျှင်သွားမယ် . . . ယို့အင်းပွေအတွက်ပဲ လိုအပ်ရင် အသုံးပြုဖို့ မြင်းတစ်ကောင် ထားခဲ့ပါ"

တိလျှံက ကောင်းကျူ၏ စေ့စပ်သေချာမှု အတွက် ကျိတ်၍ ချီးကျူးလိုက်မိလေသည်။

ထိုသို့ စီစဉ်ပြီးနောက် ကိုးနဂါးဂိုဏ်းသားငါးယောက်ကို ပြန်လည်ထွက်ခွာသွားခွင့် ပြုလိုက်လေ၏။

ထိုလူငါးယောက်က ဦးညွှတ်၍ ပြန်လည်ထွက်ခွာသွားကြ၏။

သူတို့သည် မြင်းငါးကောင်ပေါ်သို့ တက်၍ ကျန်မြင်းငါးကောင်အား တစ်ယောက်လျှင်တစ်ကောင်ကျဖြင့် စီဆွဲကာ ပြန်လည်ထွက်ခွာသွားခြင်း ဖြစ်လေတော့၏။

◙ ◙ ◙ ◙



ညဥ့်သည် နက်သည်ထက် နက်ရှိုင်းလာလေသည်။

ဝန်းကျင်တစ်ခုလုံးတွင် တစ်ခါတစ်ရံ တောကောင်များ၏ အော်မြည်သံများကို မကြာခဏကြားရလေသည်။

ကောင်းကျူ၊ ယို့အင်းပွေ၊ တိလျှံ၊ တုယန်၊ ဟိုဖေ့၊ ယိချင်း၊ ဝူးလုံတို့သည် အမှောင်ထုကြားတွင် တိုးဝင်ကွယ်ပျောက်သွားကာ ကိုးနဂါးဂိုဏ်းသား ငါးယောက်ကို ကြည့်ကာ သက်ပြင်းကိုယ် လိုက်ကြ၏။

သူတို့သည် အတွေးကိုယ်စီးဖြင့် ငေးငိုင်နေကြသည်။

ကောင်းကျူက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်၏။

"ကဲ . . . ကျုပ်တို့အားလုံး ဒီနေ့ကစပြီး တိတန်မိစ္ဆာဂိုဏ်း ဖြိုဖျက်ပြီး . . . ရွှေနဂါးဂိုဏ်းချုပ်ကြီးကို အသက်စွန့်တယ် လို့ သိန္နိဋ္ဌာန်ချကြရမယ်"

တိလျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ . . . ကျွန်တော်တို့အားလုံးက ဒီလိုပဲ အဓိဋ္ဌာန် ပါတယ်"

ကောင်းကျူက ယို့အင်းပွေဘက်သို့ လှည့်ကြည့်လိုက်၏။

"ယို့အင်းပွေ မီးအိမ်ထွန်းလိုက်ပါ"

ယို့အင်းပွေက မီးဖိုဆောင်ဘက်ဆီသို့ မှန်းဆကာလျှောက် လသည်။

ထို့နောက် သူမသည် မီးအိမ်တစ်လုံးကို ကိုင်ဆောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့လေသည်။

ကောင်းကျူက မီးအိမ်၏အလင်းရောင်ကြောင့် ဂန်းကျ
တစ်ခုလုံးကို ထင်ထင်ရှားရှား တွေ့မြင်ရပြီဖြစ်လေသည်။

ထို့ကြောင့် သူက ဧည့်ခန်းအလယ်ရှိ စာကြည့်စားပွဲဆီသို့
လျှောက်သွားကာ စက္ကူများကို မွှေနှောက်ရှာဖွေလိုက်၏။

သူသည် စက္ကူဖြူတစ်ရွက်ကို လိပ်ထားသည်ကို တွေ့မြင်
သဖြင့် ဖြေကြည့်လိုက်သည်။

အလွန်လှပသော မိန်းကလေးတစ်ယောက်၏ ပုံတူကား
ချပ် ဖြစ်လေသည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် နှုတ်ခမ်းတို့သည် အလွန်
မက်ဖွယ်ကောင်း၍ တစ်ခါတွေ့ရုံနှင့် တစ်သက်တာမေ့မရနိုင်သော
အလှပိုင်ရှင်မလေးတစ်ယောက်ဖြစ်၏။

ကောင်းကျူက ထိုပုံတူကားချပ်ကိုကြည့်ကာ ငေးငိုင်နေ
မိသည်။

အကြောင်းကား ဤမိန်းကလေးသည် ယခုအခါ မည်
သော ကံကြမ္မာနှင့် ရင်ဆိုင်နေရသည်ကို သူက မသိပါချေ။

ယင်းအချိန် ယို့အင်းပွေက သူ့အခန်းသို့ရောက်ရှိလာကာ
ပုံတူကားချပ်အား ငုံ့ကြည့်လိုက်၏။

ကောင်းကျူ၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်
လာသည်။



သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း . . . ဒီနေရာကို တိတန်မိစ္ဆာဂိုဏ်းက ခြေရာခံ
သားမိပြီ . . . ဒါကြောင့် နောက်တစ်ကြိမ်ရောက်မလာဘူးလို့
ပြောနိုင်ဘူးလေ . . . တကယ်လို့ သူတို့ရောက်လာခဲ့ရင် ကျုပ်
တို့က မလွဲမသွေ တိုက်ပွဲနဲ့ရင်ဆိုင်ရမှာပဲ . . . အကယ်၍များ
သူတို့ကို ရှောင်တိမ်းပြေးကြရမယ့် အခြေအနေမျိုးနဲ့ ကြုံကြိုက်ခဲ့
ရင်လဲ ရှောင်ပြေးကြပါ . . . ဒါပေမယ့် ညဉ့်သန်းခေါင်ယံအချိန်
ကျရင် လိုက်ကျူးမြို့ကို သွားတဲ့တောလမ်းကလေးမှာ ပြန်ဆုံကြ
မယ်လေ . . . ဒါကြောင့်လဲ ကျုပ်တ မနက်ဖြန် ညစာအတွက်
အစီအစဉ်ကို အခုကတည်းက ကြိုတင်ပြောထားတာပေါ့"

တိလျှံက သူ့အား လေးစားသည့်မျက်လုံးအစုံဖြင့် ကြည့်
လိုက်သည်။

သူက ကျေနပ်စွာ ပြုံး၍ ခေါင်းခါယမ်းလိုက်ပြီး . . .

"ဒုဂိုဏ်းချုပ်ရဲ့ အကွက်စေ့စေ့ကြိုတင်စီစဉ်တတ်တဲ့
ဉာဏ်ကိုတော့ ကျွန်တော်မလေးစားဘဲ မနေနိုင်ပါဘူး"

သူက လက်မထောင်ပြလိုက်သည်။

"ကျွန်တော်တို့က အခုလို ဒုဂိုဏ်းချုပ်ရဲ့ ကိုးနဂါးစစ်ဆင်
ရေးအောက်မှာ လှုပ်ရှားတိုက်ပွဲဝင်ရတာဟာ တကယ်ကံကောင်းပါ
တယ် . . . ကျွန်တော်က ဒီစစ်ဆင်ရေး အောင်မြင်မယ်လို့ ယုံ
ကြည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက မချိုပြုံးပြုံးလိုက်၏။

သူသည် တီလျှံ၏ပခုံးအား တစ်ချက်ပုတ်ကာ . . .

"တီလျှံ . . . ဒီလောက်လဲ ကျိန်းသေတွက်မထားပါနဲ့ . . . အခု ကိစ္စမှာ ရင်ဆိုင်ရမယ့်ရန်သူဟာ အင်မတန်ကြောက်စရာကောင်းတဲ့ တိတန်မိစ္ဆာဂိုဏ်းဖြစ်တယ် . . . နောက်ပြီး ကျုပ်တို့မှာ လူအင်အားကလဲ ထိုက်သင့်သလောက် မရှိပါဘူး . . . သူတို့ကို ယှဉ်နိုင်ဖို့ အင်မတန်ခက်ပါတယ် . . . အားလုံးသတိထားကြပါ"

တီလျှံက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

"ဟုတ်ကဲ့ . . . ကျွန်တော် ဆန္ဒစောသွားမိပါတယ်"

ကောင်းကျူက မြေပုံစာရွက်ကို ခေါက်ကာ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"ကဲ . . . ညဥ့်နက်လှပြီ . . . အားလုံးအနားယူကြပါ"

ထို့နောက် အားလုံးသောလူများသည် အသီးသီးအိပ်စက်ကြလေတော့၏။

◙ ◙ ◙ ◙



## အခန်း-၅

## ဖရိယာယ်

ညအမှောင်ထုသည် တစ်စတစ်စ လျော့ပါးသွား၏။

သွားရမည့်နေဝန်းနီသည် အရှေ့ပြဇ္ဇာအရပ်က တစ်ဝက်တစ်ပျက်တက်လာပြီ မဟုတ်ပါလား။

နေဝန်းတက်လာလျှင် အမှောင်ဝတ်ရုံလွှာသည် ဖြန့်သိမ်းရသည်။

သို့မှသာ တဖြည်းဖြည်း အလင်းရောင် ကြီးစိုးလာမည် မဟုတ်ပါလော။

အလင်းလာလျှင် အမှောင်သွားရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက နိယာမတရား။

မကြာမီ မိုးစင်စင်လင်းတော့မည်ဖြစ်၏။

ကောင်းကျူ၊ တိလျှံ၊ ယိချင်း၊ ဟိုဖေ့၊ ဝူးလုံနှင့် တုဟာန်တို့သည် အိမ်ရှေ့မြေကွက်လပ်ပေါ်တွင် ရောက်ရှိနေကြသည်။

ကောင်းကျူသည် အချိန်ပိုလျှင် နံနက်တိုင်း သိုင်းလေ့ကျင့်သည်။

ဒါက သူ့အကျင့်ပင်။

တိလျှံနှင့် ယိချင်းကမူ အသင့်တွေ့မြင်နေသောထင်းခြမ်းများကို ပေါက်ခွဲနေသည်။

ဟိုဖေ့၊ ဝူးလုံနှင့် တုဟာန်တို့သည် နံနက်စာချက်ပြုတ်ရန်အတွက် အလုပ်ရှုပ်နေကြသည်။

အတန်ကြာသောအခါ ကောင်းကျူက သိုင်းလေ့ကျင့်မှုကို ရပ်တန့်လိုက်၏။

သူသည် တိလျှံထံသို့ လျှောက်လာကာ ထင်းခြမ်းများကို ငုံ့ကြည့်လိုက်သည်။

"တိလျှံ . . . ဒီထင်းခြမ်းတွေက ဘယ်နေရာက ရတာလဲ"

တိလျှံက အိမ်ကလေး၏ နောက်ဘက်ကိုညွှန်ပြလိုက်သည်။

"ဒီထင်းခြမ်းတွေကို အိမ်ကလေးရဲ့ အောက်ဘက်မှာ စင်ကလေးရိုက်ပြီး အစီအရီတင်ထားတာ တွေ့ရပါတယ် . . . ဒီအိမ်က ရိက္ခာစုဆောင်းတာ စနစ်ကျပါတယ်"

ကောင်းကျူ၏ မျက်ခုံးများက နဖူးပေါ်သို့ မြင့်တက်သွားသည်။

သူသည် စဉ်းစားနေ၏။

တိလျှံက သူ့အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ဒုဂိုဏ်းချုပ်ကြီး ဘာတွေ ဒီလောက် စဉ်းစားနေတာပါလဲ"

ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း . . . တကယ် စဉ်းစားစရာပါပဲ . . . ယို့အော့လျှံဟာ မိန်းကလေးတစ်ယောက်ပဲ . . . ရှင်ချန်ရိုကလဲ မိန်းကလေးတစ်ယောက်ပဲ . . . သူတို့က သိုင်းပညာ ဘယ်လောက်ပဲတော်ပါစေ . . . မိန်းကလေးဟာ မိန်းကလေးပါပဲ . . . ဒီလိုအိမ်အောက်မှာ ထင်းစင်တစ်ခုကို ကျကျနနမရိုက်နိုင်ဘူးလို့ ကျုပ်ယူဆမိတယ် . . . ဒါ သူတို့လုပ်ထားတာမဟုတ်နိုင်ဘူး"

တိလျှံက သူ၏စကားကို ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

"ဒါဟုတ်တယ် . . . အိမ်ပေါ်ထပ်မှာလဲ ကြက်စင်တွေကို စနစ်တကျလုပ်ထားတယ် . . . နောက်ပြီး ကြက်ဝပ်ဖို့နေရာလုပ်ထားပုံက မိန်းကလေးတွေ ဘယ်လိုမှလုပ်ဆောင်နိုင်မယ့်ပုံမျိုးမဟုတ်ဘူး"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အိမ်ကလေးတစ်ခုလုံးကို ဖြဲကြည့်ကာ . . .

"တီလျှံ . . . ခင်ဗျားကြည့်စမ်းပါဦး . . . ဒီအိမ်ဆောက်ထားပုံက ဘယ်လောက်စနစ်ကျသလဲ"

ယင်းအချိန် . . .

ယိချင်းက ထင်းခွဲခြင်းကို ရပ်တန့်ကာ သူ့အား အကဲခတ်ကြည့်လိုက်၏။

"ဒုဂိုဏ်းချုပ်က ယို့အောလျှံတို့ဆီမှာ ယောကျ်ားတစ်ယောက်ရှိနေရမယ်လို့ ဆိုလိုတာလား"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ယိချင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း . . . ဒုဂိုဏ်းချုပ်ကြီးပြောတာ ဖြစ်နိုင်ပါတယ် . . . ဒါနဲ့ သူတို့နဲ့အတူရှိနေတဲ့လူဟာ ဘယ်သူဖြစ်မလဲ"

ကောင်းကျူက ခေါင်းခါယမ်းလိုက်၏။

"ဒါတော့ ကျုပ်မသိဘူး"

သူက ခေါင်းတစ်ချက်ခါယမ်းကာ . . .

"ကဲ ကဲ . . . ဒါတွေထားလိုက်ပါဦး . . . လောလောဆယ် အရေးကြီးတာက စားစရာတစ်ခုခု အမြန်လုပ်ကြပါ"

တီလျှံက ခေါင်းညိတ်လိုက်သည်။

သူတို့သည် ချက်ချင်းပင် ထင်းခွဲသည့်ကိစ္စကို လျင်မြန်စွာ



လုပ်ဆောင်ကြလေသည်။

ဤသို့ဖြင့် အားလုံးသောလူများက အလုပ်ရှုပ်နေကြလေတော့သည်။

◙ ◙ ◙ ◙

နေရောင်ခြည်သည် ပြတင်းပေါက်တံခါးမှတစ်ဆင့် အိမ်

လေးထဲသို့ ဖြာကျနေ၏။

ကောင်းကျူတို့ ခြောက်ယောက်က အိမ်ရှေ့တွင် အလုပ်

ပ်နေသကဲ့သို့ ယို့အင်းပွေတစ်ယောက်တလည်း အိမ်ကလေး၏

တင်းပေါက်အနီးတွင် ထိုင်ကာ အလုပ်ရှုပ်နေလေသည်။

သူမသည် ပြတင်းပေါက်အနီးရှိ မှန်တင်ခုံရှေ့တွင် ထိုင်နေ

၏။

သူမရှေ့ရှိ မှန်တင်ခုံပေါ်တွင် ယို့အောလျှံ၏ ပုံတူကား

ကို ဖြန့်ခင်းထားကာ အသင့်တွေရှိရသော အလှပြင်ပစ္စည်းများ

မှန်ဝိုင်းကလေးထဲတွင် ကြည့်၍ အလှပြင်နေလေသည်။

ယခု သူမသည် ပုံတူကားချပ်ထဲမှ ဆံထုံးပုံစံအတိုင်း ဆံထုံး

ထားပြီး ဖြစ်လေသည်။

ထို့နောက် ပါးပြင်အား ပန်းနုရောင်မိတ်ကပ်များ လိမ်း

သ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် နှုတ်ခမ်းဆိုးဆေးဘူးကိုဖွင့်ကာ နှုတ်ခမ်းဆိုးရန် ဟန်ပြင်လိုက်လေသည်။

ကောင်းကျူးတို့အုပ်စုထဲသို့ ယို့အင်းပွေ့ရောက်ရှိနေသည်မှာ တကယ့်အမှားကြီးဖြစ်သည်။

သတ်ရဖြတ်ရမည့် လုပ်ငန်းထဲ၌ အလှပြင်တတ်သော သိုင်းပညာ ဘာမျှနားမလည်သော တိုက်ရေးခိုက်ရေး လုံးဝမကျွမ်းကျင်သော မိန်းကလေးတစ်ယောက် ပါလာနေသည်မှာ တကယ့် အမှားမှ တကယ့်အမှား မဟုတ်ပါသလော။

ထို့ပြင် သူမပြင်ဆင်သည့်အလှမှာ တကယ့်အလှလည်း မဟုတ်ချေ။

ထိုအချိန်လေးမှာပင် . . . .

ရုတ်တရက် အောက်ဘက်ဆီမှ ကောင်းကျူး၏အသံကို ကြားလိုက်ရ၏။

"ဟေ့ . . . ယို့အင်းပွေ့တစ်ယောက် မတွေ့ပါလား . . . မနိုးသေးဘူးလား"

ယိချင်း၏ အသံကို ကြားလိုက်ရသည်။

"မသိဘူး"

ကောင်းကျူး၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ယို့အင်းပွေ့ . . . ယို့အင်းပွေ့ . . . အဲဒီအပေါ်မှာ



တစ်ယောက်တည်း ဘာလုပ်နေတာလဲ . . . ဒီမှာ သူများတွေနဲ့ ကူလုပ်လေ"

ယို့အင်းပွေ့က ရင်ထိတ်သွားသည်။

သူမက အလှပြင်ပစ္စည်းများကို ကတ္တီပါရှုံ့အိတ်ကလေး ထဲတွင် ကမန်းကတန်းစုပြုံထည့်ကာ ခါးစည်းကြိုးတွင် ချိတ်ထား လိုက်သည်။

တစ်ဖန် ယို့အောလျှံ၏ ပုံတူပန်းချီကားချပ်ကို ကမန်းက တန်းခေါက်၍ အကျီအိတ်ထဲသို့ ထည့်လိုက်၏။

ကောင်းကျူး၏အော်ဟစ်သံက ထပ်မံထွက်ပေါ်လာပြန် သည်။

"ယို့အင်းပွေ့ . . . ယို့အင်းပွေ့"

ယို့အင်းပွေ့က ကမန်းကတန်း ပြန်လည်အော်ဟစ်လိုက် ၏။

"အစ်ကိုလေး . . . ဘာလုပ်မလို့လဲ . . . လာပြီ လာပြီ"

သူမက ပြောရင်း အောက်ဘက်သို့ ပြေးဆင်းလာသည်။

ဆင်းလာရင်း သူမသည် ထင်းများကိုပွေ့ပိုက်လာသော ယိချင်းနှင့် မျက်နှာချင်းဆိုင် တိုးမိသွားလေသည်။

ယိချင်းက သူမအား ပုစွန်ကဲ့သို့သော မျက်လုံးမျိုးဖြင့် ကြည့်လိုက်၏။

အမှန်တွင် သူသည် ယို့အင်းပွေ့က အလှပြင်ထားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသဖြင့် အံ့ဩစွာ ကြည့်နေမိခြင်းသာဖြစ်သည်။

သူသည် ကိုးနဂါးဂိုဏ်းတွင်နေခဲ့သည့် သက်တမ်းတစ်လျှောက်၌ ယို့အင်းပွေ့က ဤသို့အလှပြင်သည်ကို မမြင်တွေ့ခဲ့ဖူးပါချေ။

ထို့ပြင် ယခုကဲ့သို့ အလှပြင်ထားပြီး ငယောကျ်ားလေးတစ်ယောက်အသွင်နှင့် အဝတ်အစား ဖရိုဖရဲဝတ်ဆင်ထားသဖြင့် အလွန်ရယ်စရာကောင်းနေသည့်အတွက် မျက်လုံးပြူးကာ ကြည့်နေမိခြင်းဖြစ်၏။

ယို့အင်းပွေ့က သူ၏အကြည့်ကြောင့် ခြေလှမ်းရပ်တန့်ကာ သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ယိချင်း . . . နင် ငါ့ကို ဘာကြည့်တာလဲ"

ယိချင်က ပြုံးစိစိဖြင့် ခေါင်းခါယမ်းလိုက်၏။

"ခြော် . . . ဘာမှမကြည့်ပါဘူး"

သူက ပြောပြီး ထွက်ခွာသွားဟန်ပြင်လိုက်သည်။

ယို့အင်းပွေ့ကလည်း ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ဤတွင် သူတို့နှစ်ယောက်က တိုက်မိသွားကြ၏။

ရုတ်တရက် ယိချင်း၏လက်ထဲတွင် ပိုက်ထားသော ထင်းများက အောက်သို့ပြုတ်ကျလာသည်။

ထင်းစများသည် ယို့အင်းပွေ့၏ ခြေထောက်ပေါ်သို့ ပြုတ်ကျသွားခြင်းဖြစ်သည်။

ထထထထထ



ယို့အင်းပွေ့က စူးရှစွာအော်ဟစ်လိုက်၏။

"အမယ်လေး . . . နာလိုက်တာ"

သူမက ယင်းသို့အော်ဟစ်ရင်း ခြေထောက်ကိုင့်ကြည့်၍ ပွတ်သပ်နေသည်။

ဤတွင် သူမ၏ ခါးစည်းကြိုးထဲရှိ အလှပစ္စည်းများ ထည့်ထားသော ရှုံ့အိတ်ကလေးက အောက်သို့ ပြုတ်ကျသွား၏။

ယိချင်းက သူမအားကြည့်ကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားရ၏။

သူသည် ယို့အင်းပွေ့ မည်သို့ နှစ်သိမ့်ပြောကြားရမည်မှန်း မသိချေ။

ထင်းအချိန်တီလျှံ၏ အသံက အိမ်နောက်ဘက်ဆီမှ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဟေ့ . . . ယိချင်း ထင်းသွားပို့တာ ကြာလှချည်လား . . . မြန်မြန်လာခဲ့"

ယိချင်းက တီလျှံ၏စကားကြောင့် အောက်သို့ပြုတ်ကျနေသော ထင်းချောင်းကို ကမန်းကတန်း လိုက်ကောက်သောအခါ-

ထင်းချောင်းများကြားတွင် ကတ္တီပါရှုံ့အိတ်ကလေးက ညှပ်သွား၏။

ယိချင်းသည် မျက်နှာတစ်ခုလုံး ရှုံ့မဲ့ကာ မိမိ၏ ခြေထောက်ကို လက်ဖြင့်အဆက်မပြတ် ပွတ်သပ်နေသော ယို့အင်း

ထထထထထ

www.burmeseclassic.com

www.burmeseclassic.com



မွေး၏ မျက်နှာကိုကြည့်၍ ထင်းစည်းများကို သိမ်းဆည်းပွေ့ပိုက်နေခြင်း ဖြစ်သဖြင့် မမြင်တွေ့လိုက်မိပါ။

ထို့အတူ ယို့အင်းပွေ့ကလည်း မိမိခြေထောက်ကိုသာ အာရုံစိုက်နေသဖြင့် ရှူ့အိတ်ကလေး ပြုတ်ကျသွားသည်ကို လည်းကောင်း၊ ထင်းချောင်းများကြားတွင် ရှူ့အိတ်ကလေးပါရှိသွားသည်ကိုလည်းကောင်း မမြင်တွေ့လိုက်မိချေ။

ယိချင်းသည် ထင်းချောင်းများကို မီးဖိုချောင်ထဲတွင် ပစ်ချကာ အိမ်အောက်သို့ ပြန်လည်ဆင်းလာကာ နောက်ထပ်ထင်းချောင်းများကို သယ်ယူသွားရ၏။

ယင်းအချိန်း . . .

ဟိုဖေ့နှင့် ဂူးလုံတို့သည် ကြက်တစ်ကောင်ကို သတ်၍ယူလာကြလေသည်။

သူတို့က ယိချင်းအားကြည့်၍ မျက်မှောင်ကြုတ်လိုက်သည်။

"ယိချင်း မင်းက အခုချိန်ထိ မီးမမွေးရသေးဘူးလား"

ယိချင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်ကွ . . . ငါပြဿနာတက်နေလို့ မီးမွေးဖို့ကြာနေတာ"

ဟိုဖေ့က မျက်မှောင်ကြုတ်လိုက်သည်။

"ဘာပြဿနာတတ်တာလဲ"



ယိချင်းက ယို့အင်းပွေ့နှင့် တိုးမိကာ ထင်းချောင်းများ ခြေထောက်ပေါ်သို့ ပြုတ်ကျခဲ့သည့်အကြောင်းကို ပြန်လည်ပြောပြလိုက်သည်။

ဟိုဖေ့နှင့် ယိချင်းတို့က ရယ်မောလိုက်ကြသည်။

သို့သော် သူတို့က အသံထွက်အောင် မရယ်မောဝံ့ကြချေ။

သုံးယောက်သားကျိတ်၍ ရယ်မောနေခြင်းသာ ပြုနိုင်သည်။

သူတို့၏ သခင်မလေး ဒေါသထွက်မည့်ကိစ္စကိုကား သူတို့ ပေါက်ကြားရဲကြချေ။

ထိုအချိန်၌ တုဟန်နှင့်တိလျှံတို့က ရောက်ရှိလာကြ၏။

"ဟေ့ ဘာတွေရယ်နေကြတာလဲ . . . မြန်မြန်ချက်ကြအုံး ဗိုက်ထဲကို အစာမြန်မြန်ရောက်ထားမှ ဖြစ်မယ် . . . ဒါမှ စိတ်ချရမှာနော် . . . နင်တို့ပထွေးတွေက ဘယ်အချိန်ရောက်လာမယ်ဆိုတာ မသိနိုင်ဘူး"

တိလျှံ၏ ဆူပူကြိမ်းမောင်းမှုကြောင့် ယိချင်းတို့သုံးယောက်သား ငြိမ်ကုပ်သွားကာ ချက်ပြုတ်ရန် စီစဉ်လိုက်ကြရသည်။

သူတို့သည် မီးမွေးသူက မီးမွေး၊ ဆန်ဆေးသူဆေးဖြင့် အလုပ်ရှုပ်နေ၏။

ယိချင်းက မီးဖိုထဲသို့ ထင်းများကို အဆက်မပြတ်ထိုး၍ နွေးအိုး တည်ပေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးအိုး အနည်းငယ်ဆူပွက်လာသောအခါ တဟန်နှင့် ကျန်လူများက ကြက်ကို ရေနွေးအိုးထဲတွင် စိမ်ကာ အမွေးနုတ်နေကြ၏။

တိလျှံက ဆန်ပြုတ်အိုးတစ်အိုး ထပ်တည်လိုက်သည်။

ယင်းနောက် သူတို့သည် အမွေးနုတ်ကာ ခုတ်ထစ်ထားသော ကြက်သားကို ဆန်ပြုတ်အိုးထဲသို့ ပစ်ထည့်ထားလိုက်၏။

ဆန်ပြုတ်အိုးက ဆူပွက်လာသောအခါ သူတို့သည် ဟင်းခတ်မှုန့်များကို မီးဖိုချောင်တစ်ခုလုံး မွှေနှောက်ရှာဖွေကြလေသည်။

သို့သော် ရှာမတွေ့ဘဲ ဖြစ်နေသည်။

ယင်းအချိန် မီးဖိုထဲသို့ အဆက်မပြတ်ထင်းချောင်းများ ထိုးထည့်နေသော ယိချင်းက ထင်းများကြားထဲမှ ကတ္တီပါရှုံ့အိတ်ကလေးအား တွေ့မြင်လိုက်ရ၏။

သူသည် ကတ္တီပါရှုံ့အိတ်ကလေးအား ဖွင့်ကြည့်လိုက်ရာ အထဲတွင် ဘူးကလေးများစွာကို တွေ့မြင်လိုက်ရလေသည်။

သူက ကျန်လူများကို လှည့်ကြည့်ကာ ဝမ်းသာအားရဖြင့် ပြောလိုက်၏။

"ဟော့ . . . လိုက်ရှာမနေနဲ့တော့ ဒီမှာတွေ့ပြီကွ"

သူ၏ စကားကြောင့် အားလုံးသောလူများက စုပြုံရောက်ရှိလာလေသည်။

တဟန်က ဘူးကလေးတစ်လုံးကို ဖွင့်ကာကြည့်လိုက်ရာ၌ အနီရဲရဲ ခွဲပျစ်ပျစ်အရာများကို တွေ့မြင်လိုက်ရလေသည်။



သူက ဝမ်းသာသွား၏။

"ဟာ ဟုတ်ပြီ . . . ဒီမှာ ဟင်းခတ်မှုန့်ဖြစ်ရမယ် . . . ငါတို့ ဆန်ပြုတ်အိုးထဲကို ထည့်လိုက်"

ဟု ပြောရင်း ဇွန်းဖြင့် ကလော်ကာ ထည့်လိုက်၏။

ထိုအခါ ဟင်းအိုးမှာ အလွန်မွှေးကြိုင်သော ရနံ့များ ထွက်ပေါ်လာလေသည်။

တိလျှံက မျက်မှောင်ကြုတ်လိုက်သည်။

"ဟော့ . . . မင်းတို့ဘာတွေထည့်လိုက်တာလဲ . . . ဒါဟာ ဟင်းနံ့မှ မဟုတ်တာပဲကွ"

ယိချင်းက ဆန်ပြုတ်အိုးကိုမွှေကာ နမ်းကြည့်လိုက်သည်။

"ဟာ ဟုတ်တယ် . . . ဒါက မိန်းကလေးတွေရဲ့ အလှပြင်ပစ္စည်း ဖြစ်ရမယ်ကွ"

သူက ခေါင်းခါယမ်းလိုက်သည်။

"ဒုက္ခပါပဲ . . . ဘယ်လိုဖြစ်ပြီး အလှပြင်ပစ္စည်းက ဒီကိုရောက်နေတာပါလိမ့်"

သူတို့အားလုံးက အခက်တွေ့နေကြလေသည်။

ယင်းအချိန် ကောင်းကျူက ရောက်ရှိလာ၏။

"ဟော့ . . . မင်းတို့ ဘာဖြစ်နေကြတာလဲ"

တိလျှံက အကျိုးအကြောင်း ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လုပ်သည်မှာ နာမည်ပျက်စရာဖြစ်နေသဖြင့် အားလုံးမျက်နှာ မကောင်းကြပေ။

ကောင်းကျူက သူတို့၏စကားကို နားထောင်ပြီး ညည်းညည်းညူညူ ပြောမိလေ၏။

“ဒါဆိုရင် ဆန်ပြုတ်အိုးတော့ အကုန်မွှေးကြိုင်ကုန်ပါပြီ”

တိလျှံက ခေါင်းညိတ်ပြလိုက်၏။

ကောင်းကျူက ဟိုဟိုသည်သည် လျှောက်ကြည့်ကာ မီးဖိုချောင်၏ အမြင့်ပေါ်တွင် စင်ကလေးတစ်ခုဖြင့် တင်ထားသော ဗန်းကလေးပေါ်င်းများစွာကို တွေ့မြင်နေရသည်။

သူက ဘူးကလေးနှစ်ခုကို ယူ၍ဖွင့်ကြည့်လိုက်ရာ ဟင်းခတ်မှုန့်နှင့် ငရုတ်ဆီများကို တွေ့မြင်လိုက်ရ၏။

“ဟော့ . . . ဟင်းခတ်မှုန့်တွေက ဒီမှာကွ”

သူက ပြောပြီး ဟင်းခတ်မှုန့်တချို့ကို ဆန်ပြုတ်အိုးထဲသို့ ထည့်လိုက်လေသည်။

တစ်ဖန် တခြားဘူးကိုဖွင့်ကြည့်၍ ငရုတ်ဆီဘူးဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုအချိန်၌ ယို့အင်းပွေသည် သူတို့၏အနီးသို့ ရောက်ရှိလာကာ မယောင်မလည်ဖြင့် လျှောက်ကြည့်နေသည်။

သူမသည် စကားတစ်ခွန်းမျှ မပြောဘဲ လျှောက်ကြည့်နေပြီးနောက် ခြေလှမ်းသုတ်သုတ်ဖြင့် ပြန်လည်ထွက်ခွာသွားပြန်၏။



ကောင်းကျူတို့ အားလုံးက သူမအားကြည့်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပြုံးလိုက်မိကြသည်။

အမှန်တွင် သူတို့သည် ယို့အင်းပွေက ကတ္တီပါအိတ်ရှု့အိတ်ကလေး၏ ပိုင်ရှင်ဖြစ်ပြီး ရှု့အိတ်ကလေး ပျောက်သွားသဖြင့် လိုက်ရှာနေခြင်းဖြစ်ရမည်ဟု နားလည်လိုက်ကြသည်။

ကတ္တီပါအိတ်ရှု့ကလေးသည် သိုင်းလောကအတွေ့အကြုံနည်းလှသော ယို့အင်းပွေအတွက် မရှိမဖြစ် ပစ္စည်းဖြစ်နေသည်။

သူ့ မရှိမဖြစ်ပစ္စည်းမှာ မားမဟုတ်ချေ။

သို့သော် သူမသည် တစ်ကြိမ်တစ်ခါမျှ အလှပြင်ဆင်ဖူးခြင်း မရှိသဖြင့် ယခုကဲ့သို့ မိမိ၏ အလှပြင်ပစ္စည်း ပျောက်သွားသောအခါ မေးမြန်းရမည်မှာ အခက်တွေ့နေသည်ဟု သိရှိလိုက်လေသည်။

သူ့အလှပြင်ပစ္စည်းကိုမေးရန် ခက်နေသည်။

ကောင်းကျူက ပခုံးတစ်ချက်တွန့်လိုက်၏။

“ဟော့ . . . ဘယ်လိုလဲ . . . ပစ္စည်းပိုင်ရှင်တော့ ရောက်လာပြီနော်”

ယိချင်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် . . . ဒါဟာ သခင်မလေးရဲ့ပစ္စည်းပဲ ဖြစ်ရမယ်”

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့အချိန်မျိုး မှာတောင် ဒီအလုပ်ပြင်ပစ္စည်းကို ယူလာရသေးသလား . . . ခ နင်တော့ခက်ပါတယ်"

ယိချင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း . . . ဟုတ်ပါရဲ့ဗျာ . . . တစ်ခါမှ ကျုပ်တို့ သခင် မလေးက အလုပ်မပြင်ဖူးပါဘူး . . . အခု ဘယ်လိုဖြစ်တာပါလိမ့်"

ကောင်းကျူက ရုတ်တရက် အကြံတစ်ခုရလိုက်သည်။

သူက ပြုံး၍ တီးတိုးပြောလိုက်၏။

"ဟော့ . . . သူ ဒီလောက်အလုပ်ပြင်ချင်တာ သူ့ကိုဆုံးမ ရမယ်"

တိလျှံက မျက်မှောင်ကြုတ်လိုက်သည်။

"ဒုဂိုဏ်းချုပ်ကြီးက . . . ဘယ်လိုဆုံးမမှာလဲ"

ကောင်းကျူက ပြုံးလိုက်လေသည်။

သူက ယိချင်းထံမှ မိတ်ကပ်ဘူးကို လှမ်းယူလိုက်၏။

ထို့နောက် မိမိ၏လက်ထဲရှိ ရေတ်ဆီဘူးထဲမှ ရေတ်ဆီထုပ် ကို လက်ညှိုးဖြင့် ကလော်၍ မိတ်ကပ်ဘူးထဲသို့ ထည့်လိုက်သည်။

တစ်ဖန် ကတ္တီပါရုံ့အိတ်ကလေးထဲသို့ ဘူးကလေးကို ပြန် ထည့်ထားလိုက်၏။

ဒုဂိုဏ်းချုပ်ကြီး ကောင်းကျူနှင့် ဂိုဏ်းသားများ ဤသို့ ရင်းရင်းနှီးနှီး ဆက်ဆံသည်ကို အပြစ်ဆိုရန်မရှိချေ။

❀❀❀❀❀



ကိုးနဂါးဂိုဏ်းသည် တာဝန်နှင့် ဝတ္တရားများ ဆုံလာသော ခါမှ မိမိ၏ဂိုဏ်းသားများကို ပျူပျူငှာငှာ ရင်းရင်းနှီးနှီး ဆက်ဆံ တ်သည်။

သူတို့သည် အလကားနေရင်း အာဏာပြနေသူများ တ်ပေ။

ထိုအချိန်၌ နောက်ဖေးဘက်သို့ လှမ်းဝင်လာသောခြေသံ ကြားလိုက်ရသည်။

ကောင်းကျူက ကတ္တီပါအိတ်ကလေးအား ထင်းပုံကြားသို့ ထည့်လိုက်၏။

ထို့နောက် အားလုံးက တစ်ဖက်သို့လှည့်ကာ ဆန်ပြုတ် ပြုတ်နေကြသည်။

ယို့အင်းပွေ့သည် မယောင်မလည်ဖြင့် ရောက်လာကာ သည်သည် ကြည့်နေလေသည်။

ရုတ်တရက် သူမ၏ မျက်လုံးများ ဝင်းလက်တောက်ပ လေသည်။

အဘယ်ကြောင့်ဆိုသော် . . .

သူမသည် ထင်းများကြားထဲတွင် ရှိနေသော ကတ္တီပါရုံ့ တ်ကလေးအား တွေ့မြင်လိုက်ရသောကြောင့်တည်း။

သူမက ထင်းများကြားသို့ လျှောက်လာကာ ကောင်းကျူ စုအား တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

❀❀❀❀❀

www.burmeseclassic.com



ကောင်းကျူတို့ အားလုံးသည် အလုပ်ရှုပ်နေကြသည်ကို တွေ့မြင်လိုက်ရ၏။

သူမသည် ကတ္တီပါရှုံ့အိတ်ကလေးအား ကမန်းကတန်း ကောက်ယူကာ ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခဲ့လေသည်။

သူမသည် မြန်နိုင်သမျှမြန်အောင် လျှောက်၏။

သို့မှသာ ဤအုပ်စုနှင့် မြန်မြန်ဝေးမည် မဟုတ်ပါလော

ကောင်းကျူတို့ ခြောက်ယောက်က သူမအား လှည့်ကြ ကာ ပြုံးစိစိဖြစ်နေကြသည်။

ဤမိန်းကလေးကို သူတို့ ချောက်ချလိုက်ကြပြီ မဟုတ် လား။

တကယ့်လူမျှားပါပေ။

အန္တရာယ်လုပ်ရမ်ကို ရှင်းနေစဉ်အတွင်း ရယ်စရာမော ရာ အလုပ်ကို လုပ်နိုင်ရှာကြသေးသည်။

ယို့အင်းပွေ့ကလည်း သူတို့အား စိတ်မလုံမလဲဖြင့် လှည့် ကြည့်လိုက်၏။

ထိုအခါ ကောင်းကျူတို့က တစ်ဖက်သို့ လှည့်သွားပြန် သည်။

ယို့အင်းပွေ့က သူတို့အား မလုံမလဲဖြင့် ကြည့်ကာ . . .

"အစ်ကိုလေးတို့ . . . စောစောက ဘာဖြစ်လို့ ကျ ကိုကြည့်နေကြတာလဲ"

ကောင်းကျူက ပြုံးလိုက်လေသည်။

သူက ခေါင်းခါယမ်းပြလိုက်၏။

"ဘာမှမကြည့်ပါဘူး . . . ကျုပ်တို့က ခြေသံကြားလို့ လှည့်ကြည့်လိုက်တာပါ"

ယို့အင်းပွေ့က ရင်ထိတ်သွားလေသည်။

သူမသည် မိမိက ကတ္တီပါရှုံ့အိတ်ကလေး ယူသွားသည် ကို တွေ့မြင်လိုက်ပြီလောဟု စဉ်းစား၍ ကမန်းကတန်းမေးလိုက် ၏။

"အစ်ကိုလေးက ဘာတွေ့လိုက်သလဲ"

"ဘာမှ မတွေ့ပါဘူး . . . မင်းရှုပ်နေတာကိုပဲ တွေ့ပါ သယ်"

ယို့အင်းပွေ့က အနည်းငယ်စိတ်အေးသွား၏။

သူမက စီးဖိုဆောင်ထဲမှ လှမ်းထွက်သွားလေသည်။

ထိုအချိန်မှာပင် . . .

အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ကို ကောင်းကျူကကြားလိုက် ရတော့သည်။

သူက ယို့အင်းပွေ့အား လှမ်းဆွဲထားကာ . . .

"ယို့အင်းပွေ့ အပြင်မထွက်နဲ့ဦး . . . သိုင်းလောကမှာ မှ အလျှင်စလို မလုပ်ရဘူး"

ယို့အင်းပွေ့က ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာဖြစ်လို့လဲ"

ကောင်းကျူးက တည်ကြည်လေးနက်သော မျက်နှာထား ဖြင့် . . .

"ငါ မြင်းခွာသံတွေ ကြားလိုက်ရတယ်"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

သူမက နားစွင့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံးတွင် ကျေးငှက်ကလေးများ၏ ဘာသာ ဘာဝ တေးသီချင်းသီဆိုသံမှအပ တိတ်ဆိတ်ငြိမ်သက်နေ၏။

သူမက မျက်မှောင်ကြုတ်လိုက်လေသည်။

"အစ်ကိုလေး . . . ကျွန်မကတော့ ဘာသံမှမကြားမိ လား"

ကောင်းကျူးက ဘဝင်မကျဖြစ်သွားမိ၏။

သူက ခေါင်းခါယမ်းလိုက်သည်။

"အို . . . ငါကတော့ သေသေချာချာ ကြားလိုက်ရတာ ပဲ"

သူက တိလျှံတို့ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ခင်ဗျားတို့ကော ကြားလိုက်ကြသေးလား"

တိလျှံက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မကြားလိုက်မိပါဘူး"

❁❁❁❁❁



ကောင်းကျူးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက် သည်။

သူက မကျေမနပ်ဖြင့် ရေရွတ်လိုက်၏။

"မဖြစ်နိုင်ဘူး . . . ကျုပ်က သေသေချာချာကြားလိုက် တာပဲ"

သူသည် အနည်းငယ်စဉ်းစားထားကာ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားမိ၏။

သူက ယိချင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

"ယိချင်း အမြန်ဆုံးဒီကထွက်သွားပါ . . . ပြီးရင် လိုက် ...မြို့ဘက်ကဝင်တဲ့ တောလမ်းကို သွားကြည့်ပါ . . . အခြေအ နေထူးရင်း အမြန်ဆုံးပြန်လာခဲ့"

ယိချင်းက တွေဝေသွားလေသည်။

သူသည် ချက်ချင်းပင် အိမ်ကလေးထဲမှ ပြေးထွက်သွား သတော့သည်။

▣ ▣ ▣ ▣

ကောင်းကျူးသည် မီးဖိုပေါ်တွင် တင်ထားသော အိုးကြီး ... မ,၍ အောက်သို့ချလိုက်လေသည်။

ထို့နောက် ရေတစ်ပုံးလောင်းချလိုက်သည်။

❁❁❁❁❁

www.burmeseclassic.com

www.burmeseclassic.com



“ရှဲ”

ဟူသော အော်မြည်သံများနှင့်အတူ မီးဖိုမှမီးများ ငြိမ်းသွား၏။

တိလျှံက သူ့အား မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

“ဒုဂိုဏ်းချုပ်ရယ် . . . သိပ်လဲအစိုးရိမ်မလွန်ပါနဲ့ . . . ကျွန်တော်တို့အနေနဲ့ မြင်းခွာသံကို လုံးဝမကြားမိပါဘူး”

ကောင်းကျူးက သူ့အားလှည့်ကြည့်လိုက်သည်။

သူက လေးနက်စွာပြောလိုက်၏။

“မဟုတ်သေးဘူး . . . ကျုပ်က မြင်းခွာသံတွေကို သေချာကြားလိုက်တာပါ . . . ကျုပ် အထင်မမှားဘူးဆိုရင် တိတာ မိစ္ဆာဂိုဏ်းသားတွေ ထပ်ရောက်လာကြပြီး သူတို့က မြင်းကို ဒီအထ စီးလာရင် ဒီနေရာမှာရှိတဲ့ လူတွေက ရှောင်တိမ်းသွားမှာ စိုးရိ လို့ မြင်းတွေကို တစ်နေရာမှာထားပြီး ခြေလျင်လာတာပဲ ဖြ ရမယ်”

ကောင်းကျူး၏စကားမှာ ဖြစ်နိုင်သည်။

သူ၏စကားကြောင့် အားလုံးသောလူများမှာ မျက်မှောင်ကြုတ်သွားကြသည်။

သူတို့သည် မြင်းခွာသံကို အမှန်တကယ်မကြားလိုက်မိပါ။

သို့သော် . . .



စောဒကတက်၍ မပြောလိုတော့ပါချေ။

အဘယ်ကြောင့်ဆိုသော် . . .

ကောင်းကျူးသည် အလွန်တိကျ၍ စေ့စပ်သော လူတစ်ယောက်ဖြစ်သောကြောင့်တည်း။

သူ၏ တွေးတောထင်မြင်ချက်များသည် မှန်ကန်နေပြီး ကိုးနဂါးဂိုဏ်းအတွက် အကျိုးရှိခဲ့ဖူးသည့် အကြိမ်ပေါင်းမှာ မနည်းတော့ပါ။

ထို့ကြောင့် အားလုံးသောလူများသည် ကောင်းကျူး၏ တွေးတောထင်မြင်ချက်မှာ မှန်ကန်ခြင်းရှိ မရှိကို တိတ်တဆိတ် စောင့်စားနေမိကြလေတော့သည်။

◙ ◙ ◙ ◙

အားလုံးသောလူများသည် တိတ်ဆိတ်စွာရပ်နေကြ၏။

ကောင်းကျူးသည် အိမ်ကလေး၏ ပြတင်းပေါက်မှတစ်ဆင့် တောလမ်းကလေးဆီသို့ လှမ်းမျှော်ကြည့်နေလေသည်။

ယင်းအချိန် ယိချင်းက လျင်မြန်စွာပြန်လည်ပြေးလာနေခြင်းကို တွေ့မြင်လိုက်ရ၏။

ကောင်းကျူး၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။

သူက အားလုံးသောလူများဘက်သို့ ချာခနဲလှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ယိချင်းပြန်လာပြီ"

ထိုအချိန်မှာပင် ယိချင်းက အိမ်ပေါ်သို့ပြေးတက်လာသည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်နေလေသည်။

သူသည် ကောင်းကျူအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုကာ အစီရင်ခံလိုက်သည်။

"ဒုဂိုဏ်းချုပ်ကြီးခင်ဗျား . . . ဂိုဏ်းချုပ်ကြီးရဲ့ တွေးတောချက်ဟာ သွေးထွက်အောင်မှန်ပါတယ်"

"လိုရင်းကို မြန်မြန်ပြောပါ"

"တိတန်ဂိုဏ်းသားတွေဟာ မြင်းနဲ့လာရင် ဒီအိမ်ကလူတွေ သိသွားမှာစိုးတဲ့အတွက် . . . မြင်းတွေကို အိမ်နဲ့ဝေးတဲ့နေရာမှာ ချည်ထားခဲ့ပြီး ဒီအိမ်ဘက်ကို တိတ်တဆိတ် ချီတက်လာနေပါပြီ"

"မင်းကိုရော . . . မြင်သွားသေးလား"

"ကျွန်တော် လူအမဟုတ်ပါဘူးခင်ဗျာ . . . ခြေသံလုံလုံ မျက်ကာလုံလုံနဲ့ ထောက်လှမ်းခဲ့တာပါ . . . သူတို့ ဒီကိုလာနေကြပါပြီ"

အားလုံးသောလူများက စိုးရိမ်ထိတ်လန့်သွားကြသည်။

သူတို့သည် ကောင်းကျူထံသို့ စုပြုံကာကြည့်လိုက်ကြ၏။



ကောင်းကျူ၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေသည်။

သူက အနည်းငယ်စဉ်းစားလိုက်၏။

ယို့အင်းပွေက စိုးရိမ်စွာဖြင့် ပြတင်းပေါက်ဆီသို့ ပြေးသွားကာ ကြည့်လိုက်လေသည်။

သူမ၏ မျက်ဝန်းအစုံက ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အကြောင်းကား တိတန်တစ်ဦး ခေါင်းဆောင်သော တိတန်မိစ္ဆာဂိုဏ်းသား ငါးဆယ်ခန့်တို့သည် လက်နက်ကိုယ်စီဖြင့် ချီတက်လာနေခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူမသည် ကောင်းကျူထံသို့ ကမန်းကတန်းပြန်ပြေးလာလေသည်။

"အစ်ကိုလေး . . . အစ်ကိုလေး . . . ဟိုမှာလာကုန်ကြပြီ . . . ကျွန်မတို့ ဘယ်ကိုရှောင်ကြမလဲ"

ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။

"ရှောင်လို့မရတော့ဘူး"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်၏။

"ဘာဖြစ်လို့လဲ"

ကောင်းကျူက တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတနေ နောက်ဘက်ကိုသွားရင် ချောက်ကမ်းပါးပဲရှိတယ် . . . တခြားဘက်ကိုပြေးဖြန့်ရင်လဲ သစ်ပင်တွေနဲ့ ပြည့်ကျပ်နေပြီ . . . တောအုပ်ကထူထပ်တော့ ပြေးလမ်းမရှိဘူး . . . ဒါကြောင့် ကျုပ်တို့ရဲ့ထွက်ပေါက်ဟာ အရှေ့စူးစူးကိုပဲ ပြေးရလိမ့်မယ်"

ယို့အင်းပွေက ထိတ်လန့်သွားသည်။

"ဟင် . . . အရှေ့ဘက်က အခု တီတန်တွေလာနေတဲ့လမ်းပဲ . . . ဘယ်လိုပြေးရမှာလဲ"

ကောင်းကျူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ . . . ဒါကြောင့်ပြေးလို့မရဘူး . . . ရှောင်လို့လဲ မရဘူး"

တီလျှံက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဒါဆိုရင် ကျုပ်တို့ ရင်ဆိုင်ကြမယ်ပေါ့ဟုတ်လား"

ကောင်းကျူက ခေါင်းခါယမ်းလိုက်၏။

"အခုချိန်မှာ . . . ကျုပ်တို့က ဘာပြဿနာမှ မဖြစ်ပါစေနဲ့"

တီလျှံက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ကောင်းကျူက ရှင်းပြလိုက်၏။

"ပြဿနာတက်ရင် သူတို့က လူအင်အားများတယ် . . . အနည်းဆုံးတော့ ကျုပ်တို့ဘက်က လူတစ်ယောက်ယောက်ကို ထိခိုက်နိုင်တယ် . . . နောက်ဆုံးပြောမယ် လူခုနစ်ယောက်စလုံး သေနိုင်တယ်"



တီလျှံက ဘဝင်မကျဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ဒါ ဆန်းသလား ဒုဂိုဏ်းချုပ်ကြီးရယ် . . . တိုက်ပွဲဖြစ်ရင် ထိခိုက်မှုရှိမှာပဲ . . . သေတာမဆန်းပါဘူး"

ကောင်းကျူက ပြုံးလိုက်သည်။

သူက ခေါင်းခါယမ်းလိုက်၏။

"အခုချိန်မျိုးမှာ ကျုပ်တို့လူခုနှစ်ယောက်ထဲက တစ်ယောက်ကိုမှ အထိခိုက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ . . . အခုမလွဲမသွေ တိုက်ပွဲဖြစ်တော့မယ်ဟုတ်လား"

"ဟုတ်တယ် . . . ဒါပေမယ့် ဘယ်သူ့ကိုမှ ကျုပ်က ထိခိုက်တာမျိုး မရှိတဲ့နည်းနဲ့ ကျုပ်တို့က ဒီပြဿနာကို ရင်ဆိုင်ဖြေရှင်းကြမယ်"

အားလုံးသောလူများက အံ့သြသွားကြသည်။

ယို့အင်းပွေက ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ တစ်ချက် မျှော်ကြည့်လိုက်လေသည်။

တီတန်မိစ္ဆာဂိုဏ်းမှ လူများသည် တစ်စထက်တစ်စ နီးကပ်လာကြပြီး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက ကောင်းကျူးအား စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်သည်။

"အစ်ကိုလေး ဘာလုပ်မှာလဲ . . . ဟိုမှာနီးသထက်နီးလာပြီ"

ကောင်းကျူးက တည်ငြိမ်သောဟန်ဖြင့် အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်လေသည်။

ထို့နောက် အေးဆေးတည်ကြည်သော မျက်နှာထားဖြင့်-

"ကျုပ် ဒီနေရာကိုရောက်စက လူတွေ အတော်များများ သေနေတာတွေ့ရတယ် . . . ဒါကြောင့် ကျုပ်တို့အားလုံး သေချင်ယောင်ဆောင်နေကြမယ် . . . သတိထားရမှာက စိတ်မလှုပ်ရှားကြပါစေနဲ့ . . . အသက်ကို တတ်နိုင်သမျှ အောင့်ထားကြပါ ကျုပ်ကစပြီး မလှုပ်ရှားရင် ခင်ဗျားတို့ဘာမှ မလှုပ်ရှားပါနဲ့"

သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

"ကဲ . . . အားလုံး မြန်မြန်လုပ်ကြပါ"

သူသည် ယင်းသို့ပြောဆိုပြီး အိမ်ရှေ့ ကြမ်းပြင်ပေါ်သို့ ပြေးလာကာ ဝမ်းလျားမှောက်၍ မလှုပ်မယှက်လဲလျောင်းနေလိုက်သည်။

ကျန်လူများကလည်း ပုံစံမျိုးစုံဖြင့် လဲလျောင်းနေလိုက်လေတော့၏။

▣ ▣ ▣ ▣



နေဝန်းနီသည် ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာပြီ ဖြစ်သည်။

အိမ်ကလေးရှေ့တွင် တိတန်မိစ္ဆာခေါင်းဆောင်ဦးဆောင်သော မိစ္ဆာဂိုဏ်းသားများက ရောက်ရှိနေကြပြီ ဖြစ်၏။

တိတန်ခေါင်းဆောင်သည် အိမ်ကလေးအား တစ်ချက်ဝှေ့ယမ်း ကြည့်လိုက်သည်။

ထို့နောက် သူက အိမ်ကလေးပေါ်သို့ လှမ်းတက်ခဲ့၏။

ကျန်လူများကလည်း သူ့နောက်မှ လိုက်ပါလာသည်။

တိတန်ခေါင်းဆောင်သည် အိမ်ကလေး၏ တံခါးဝဆီသို့ ရောက်ရှိလာသောအခါ ခြေလှမ်းရပ်တန့်လိုက်၏။

သူသည် အတုံးအရုံးလဲကျ၍ သေချင်ဟန်ဆောင်နေသော ကောင်းကျူးတို့အား တစ်ယောက်ခြင်း စိုက်ကြည့်နေသည်။

ကောင်းကျူးတို့လူစုက တုတ်တုတ်မျှမလှုပ်ကြပါချေ။

တိတန်မိစ္ဆာခေါင်းဆောင်သည် လူအားလုံးကို လျှောက်ကြည့်၏။

အကန်ခံရသည့် လူများမှာ တုတ်တုတ်မှ မလှုပ်ကြပါ။

တိတန်ခေါင်းဆောင်က တစ်ခဏကြာအောင် ကြည့်ပြီးနောက် ဘဝင်မကျဟန်ဖြင့် တိတန်မိစ္ဆာဂိုဏ်းသား တစ်ယောက်ကို ကြည့်လိုက်သည်။

"မင်း သေသေချာချာ ကြည့်ခဲ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



တိတန်ဂိုဏ်းသားက ခေါင်းညိတ်လိုက်၏။

"ဟုတ် . . . ဟုတ်ကဲ့ . . . သေချာကြည့်ခဲ့ပါတယ် . . . လူအတော်များများကို ဒီမှာတွေ့ခဲ့ရတယ်"

တိတန်ခေါင်းဆောင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"အခု ဒီမှာ ဒီလူတွေ အလောင်းတွေပဲ တွေ့နေရပါလား"

တိတန်ဂိုဏ်းသားက ခေါင်းငုံ့သွား၏။

တိတန်မိစ္ဆာခေါင်းဆောင်က လက်တစ်ချက်မြှောက်ယမ်းကာ စကားဆက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်၌ . . .

ရုတ်တရက် အပြင်ဘက်ဆီမှ ရှည်လျားသော မြင်းဟီသံ တစ်ချက် ထွက်ပေါ်လာလေသည်။

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

တိတန်မိစ္ဆာခေါင်းဆောင်၏ မျက်လုံးအစုံတွင် ထူးဆန်း သော ဟန်မူရာများ ပေါ်လွင်လာ၏။

သူက ချာခနဲလှည့်ကာ အိမ်ပေါ်မှ ဆင်းသွားသည်။

တိတန်ဂိုဏ်းသားများကလည်း လိုက်ပါသွားကြ၏။

သူတို့အားလုံးက အိမ်ပေါ်မှ ဆင်းသွားသော်လည်း ကောင်းကျူတို့ မလှုပ်ရှားရဲသေးပေ။

ပြန်တက်လာမည်သော် မခက်ပါလော။

သူသည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ချောင်းကြည့် လိုက်၏။



ကျန်လူအားလုံးကလည်း သူ့နောက်မှ လိုက်လာကြကာ ချောင်းကြည့်လိုက်ကြလေသည်။

တိတန်မိစ္ဆာခေါင်းဆောင်သည် အိမ်ကလေး၏ အပြင်သို့ ရောက်ရှိလာသည်နှင့် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်၏။

မြင်းညိုကြီးတစ်ကောင်သည် မနီးမဝေးရှိ သစ်ပင်တစ်ပင် အောက်တွင်ရှိနေခြင်းကို တွေ့မြင်လိုက်ရသည်။

တိတန်ခေါင်းဆောင်က လက်တစ်ချက်မြှောက်ယမ်းလိုက်၏။

"ဒီမြင်းကို သွားဖမ်းခေါ်ခဲ့ပါ . . . ဒါမှ လူတွေအကုန် သေကုန်လို့ မြင်းပဲကျန်တယ်ဆိုတာ ဂိုဏ်းချုပ်ကြီးကို တင်ပြနိုင် မယ်"

တိတန်မိစ္ဆာဂိုဏ်းသားနှစ်ယောက်သည် မြင်းဆီသို့ လှမ်း လျှောက်သွားသည်။

ထိုအချိန်မှာပင် . . .

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်တစ်ယောက် သည် အိမ်ကလေးထဲမှ ရုတ်တရက်ပြေးထွက်လာကာ မြင်းပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် . . .

မြင်း၏ဝမ်းဗိုက်အား ဖနောင့်နှစ်ဖက်ဖြင့် ကန်လိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ . . .

မြင်းကြီးသည် လေးညို့မှလွတ်လိုက်သော မြားတစ်စင်းပမာ တစ်ဟုန်ထိုးပြေးထွက်သွားလေသည်။

တိတန်ခေါင်းဆောင်က မဲ့ပြုံးပြုံးလိုက်၏။

သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်ကာ . . .

"လိုက်ကြစမ်း . . . သူဟာ ကိုးနဂါးသခင်လေး ကောင်းကျူပဲ . . . သူ့ကို လုံးဝမလွတ်စေနဲ့"

သူက အော်ဟစ်ရင်း ကောင်းကျူ၏မြင်း ထွက်ပြေးသွားရာဆီသို့ တစ်ဟုန်ထိုးပြေးလိုက်ခဲ့တော့သည်။

ကျန်လူများလည်း မိမိတို့၏ မြင်းများချထားခဲ့သော သစ်ပင်အောက်သို့ရောက်ရှိလာပြီး မြင်းများပေါ်သို့ အသီးသီး ခုန်တက်လိုက်ကြလေသည်။

ထို့နောက် . . .

ကောင်းကျူ၏ မြင်းနောက်သို့ တစ်ဟုန်ထိုး လိုက်ခဲ့ကြလေတော့သည်။



## အခန်း-၆

## လုယမင်းနှင့်တွေ့ဆုံခြင်း

ကောင်းကျူသည် မြင်းကို ဒုန်းစိုင်းကာ မောင်းနှင်နေ၏။

သူသည် မြင်းကို အရှေ့ဘက်သို့ဦးတည်ကာ မောင်းနှင်သွားခြင်းဖြစ်သည်။

တိတန်ခေါင်းဆောင်တို့လူစုသည် သူ့နောက်မှ မြင်းကို ဒုန်းစိုင်း၍ လိုက်ပါလာကြသည်။

ကောင်းကျူက မဲ့ပြုံးပြုံးလိုက်သည်။

သူသည် သစ်ပင်များကြားတွင် မြင်းကိုကွေ့ပတ်၍ မောင်းနှင်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရေခွေးတစ်အိုးကျက်ခန့် ကြာသောအခါ . . .

သူ့နောက်မှ လိုက်ပါလာကြသော မြင်းခွာသံများကို မကြားရသည့်အခါကျမှ မြင်းကို အရှိန်လျှော့ချလိုက်သည်။

ယင်းနောက် . . .

ကျေနပ်စွာပြုံး၍ ပခုံးပေါ်တွင် သိုင်းလွယ်ထားသော အရက်အိုးကိုဖြုတ်၍ အရက်ကိုမော့သောက်လိုက်သည်။

အရက်များ နှုတ်ခမ်းထောင့်မှ စီးကျလာသည်အထိ သောက်လိုက်သည်။

အရက်များကို လက်ဖမိုးဖြင့် သုတ်ပြီး . . .

"အင်း . . . မိစ္ဆာဂိုဏ်းကလူတွေက တကယ်ညံ့တာပဲကွ။ ခွေးတောင်တစ်စက်မထွက်ရဘဲနဲ့ သူတို့ကို မျက်ခြည်ပြတ်နိုင်ပြီ . . . ဟား . . . ဟား . . . ဟား"

သူက ပြောပြီး ရယ်မောလိုက်၏။

ထိုစဉ် ရုတ်တရက် သူ၏မြင်းရှေ့ရှိ မြေပြင်များမှာ အဆက်မပြတ် ပေါက်ကွဲလာတော့သည်။

"ဝုန်း . . . ဝုန်း . . . ဝုန်း"

ကောင်းကျူက ထိတ်ခနဲဖြစ်သွား၏။

သူသည် မြင်းကိုချာခနဲလှည့်ကာ သစ်ပင်တစ်ပင်နောက်သို့ ပုန်းကွယ်လိုက်ရ၏။

သို့သော် . . .



သူပုန်းအောင်းသော သစ်ပင်ကြီးဆီသို့ ယမ်းလက်နက်ခုန်းများက အဆက်မပြတ်ကျရောက်လာသည်။

"ဝုန်း . . . ဝုန်း . . . ဝုန်း"

သစ်ပင်ကြီးတစ်ချို့မှာ ပြိုလဲကျသွား၏။

တစ်ဆက်တည်းမှာပင် ထိုသစ်ပင်ကြီးများအနက်မှ သစ်ပင်တစ်ပင်က သူ၏အပေါ်သို့ ကျရောက်လာသည်။

ကောင်းကျူက တစ်ချက်မာန်သွင်းအော်ဟစ်ကာ သစ်ပင်သစ်ပင်ပေါ်သို့ လွှားခနဲခုန်တက်သွား၏။

မြင်းကိုလည်း တင်ပါးတစ်ချက်ရိုက်ကာ လွှတ်လိုက်သည်။

မြင်းကြီးလည်း ပြေးပြီ။

သူ၏မြင်းကြီးမှာ ယမ်းလက်နက်များ အဆက်မပြတ် ပေါက်ကွဲနေစဉ်ကတည်းက ထိတ်လန့်နေသဖြင့် လက်ဝါးနှင့် ခပ်ဆတ်ဆတ်ကလေး ရိုက်ချလာသောအခါ ခြေဦးတည့်ရာသို့ ကဆုန်ပေါက်၍ ထွက်ပြေးသွားသည်။

ယင်းကြောင့် သစ်ပင်ကြီးပိမည့်အန္တရာယ်မှ ပွတ်ကာသီကာ လွတ်မြောက်သွားခဲ့ရသည်။

သို့ရာတွင် သစ်ပင်ထက်တွင် ခိုနားနေကြသော ငှက်ကလေးများမှာ ယမ်းလက်နက်ပုန်းထိမှန်၍ အောက်သို့ပြုတ်ကျလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ . . .

ကောင်းကျူသည် ခန္ဓာကိုယ်အား လေထဲတွင် ပျံဝဲ၍ သစ်ပင်တစ်ပင်၏ သစ်ကိုင်းကြီးတစ်ခုပေါ်သို့ ရောက်ရှိသွားပြီဖြစ်၏။

သူက သစ်ရွက်သစ်ခက်များကို ဖယ်ရှားကာ ဝန်းကျင်အား မျက်လုံးဝေ့ကာ ရှာဖွေကြည့်လိုက်သည်။

ထိုအခါ မြင်ကွင်းတစ်ခုလုံးမှာ ပြောင်းလဲသွားလေတော့သည်။

▣ ▣ ▣ ▣

မြင်ကွင်းတစ်ခုလုံးသည် ပြောင်းလဲသွား၏။

အလွန်လှပသော ရေတံခွန်ကြီးတစ်ခုသည် အဝေးတွင် စီးဆင်းနေလေသည်။

ရေတံခွန်မှ စီးဆင်းကျလာသော ရေများသည် ကျယ်ပြန့်သော ရေစီးကြောင်းကြီးကို ဖြစ်ပေါ်စေသည်။

မြစ်ပြင်တစ်ခုကဲ့သို့ စီးဆင်းနေသည်။

မြစ်ပြင်သည် ကျောက်ဆောင် ကျောက်တန်းများဖြင့် အနားသတ်ထားပြီး အလယ်ခေါင်ရှိ သဲသောင်ပြင်ဆီသို့ ပြေးလွှားရိုက်ပုတ်နေသော အသံများသည် မိန်းမပျိုတစ်ယောက်၏ တေးသံ



ချင်းညည်းညူသံအလား ထင်မှားရပေသည်။

ကောင်းကျူသည် သဘာဝရေမြေတောတောင်၏ အလှအပကို မခံစားနိုင်ချေ။

တောတောင်သည် သာယာလှသော်လည်း မိမိအား ယမ်းလက်နက်ဖြင့် တိုက်ခိုက်လာသော ရန်သူအား လိုက်လံရှာဖွေနေရသည်။

သို့သော် မြစ်ရေပြင် အလယ်ရှိ သဲသောင်ပြင်ပေါ်တွင်လည်း လူသူတစ်စုံတစ်ယောက်ကို မတွေ့ရချေ။

သို့သော် ကောင်းကျူထင်ထားသည်မှာ မိမိအား တိုက်ခိုက်လာသောလူမှာ တီတန်ဂိုဏ်းမှ ဂိုဏ်းအဖွဲ့ဝင်များ ဖြစ်ရမည်ဟု နားလည်ထားသည်။

အကြောင်းမှာ သိုင်းလောကတွင် ယမ်းလက်နက်ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူမှာ တီတန်ဂိုဏ်းဝင်များသာ ဖြစ်သည် မဟုတ်ပါလော။

သူက ဝန်းကျင်တစ်ဝိုက်တွင် မျက်လုံးဝေ့ကာ ရှာဖွေနေစဉ် ရုတ်တရက်အလွန်ကျယ်လောင်ပြီး အက်ကွဲစူးရှသော အသံကြီးတစ်သံက ထွက်ပေါ်လာလေသည်။

"ဘယ်လိုလဲ ကိုးနဂါးသခင်လေး . . . အခု ခင်ဗျားရဲ့ နဖူးမှာ ချွေးသီးချွေးပေါက်တွေ ကျလာပြီမဟုတ်လား"

ကောင်းကျူ၏ မျက်လုံးအစုံမှာ စူးရှတောက်ပလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဤအက်ကွဲစူးရှသော အသံများမှာ မိစ္ဆာဂိုဏ်းချုပ်ကြီး၏ အသံဖြစ်ကြောင်း သူကောင်းစွာ မှတ်မိထားသည်။

သူသည် တိတန်တို့၏ ထောင်ချောက်ကို ကောင်းစွာသဘောပေါက်သွားသည်။

သူသည် တိတန်များက ဆက်မလိုက်လာသည်မှာ မိမိအားတိတန်ဂိုဏ်းချုပ်ကြီး၏ရှေ့သို့ ရောက်ရှိသွားအောင် ထောင်ချောက်ဆင်ပြီးဖြစ်၍ ပြန်လည်ထွက်ခွာသွားခြင်း ဖြစ်ကြောင်း သဘောပေါက်နားလည်လိုက်ခြင်း ဖြစ်သည်။

သူသည် မဟာဗျူဟာကို ချမှတ်နိုင်သော တိတန်ဂိုဏ်းချုပ်ကြီးကို မချီးကျူးဘဲ မနေနိုင်ချေ။

ထို့ပြင် သူ့အတွေ့အကြုံအရ ဤကဲ့သို့ သိုင်းပညာပြည့်ဝသော ဤကဲ့သို့သော အကွက်မြင်သော ဂိုဏ်းချုပ်ကြီးတစ်ဦးကိုမှ မတွေ့ခဲ့ဖူးသေးချေ။

သို့သော် . . .

ယခု သူသည် ယင်းပုဂ္ဂိုလ်မျိုးနှင့် ကြုံတွေ့ရပေတော့မည်၊

သူ့တွင် မွေးရာဗီဇတစ်ခုရှိလေသည်။

ယင်းဗီဇကား ရန်သူသည် ကြောက်မက်ဖွယ်ရာ ကောင်းလေလေ သူက ရင်ဆိုင်လိုသော ဆန္ဒပြင်းထန်လေလေပင် ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့် သူက နှစ်မြို့က်စွာ တစ်ချက်ပြုံးလိုက်သည်၊

❀❀❀❀❀



ယင်းအပြုံးသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ရန်သူအား ရင်ဆိုင်ရန်ဆုံးဖြတ်ထားသော အပြုံးပင် မဟုတ်ပါလော။

"ကိုးနဂါးသခင်လေး ကောင်းကျူ . . . ဘယ်လိုလဲ လိပ်လိုခေါင်းဖွက်ပြီး အသံတောင် မထွက်နိုင်တော့ဘူးလား . . . ဟား . . . ဟား . . . ဟား"

အက်ကွဲစူးရှ၍ ကျယ်လောင်သောအသံကြီးသည် နောက်တစ်ကြိမ်ထွက်ပေါ်လာပြန်သည်။

ကောင်းကျူက နှစ်မြို့က်စွာ ပြုံးလိုက်၏။

"မိစ္ဆာဂိုဏ်းချုပ်ကြီး . . . ဘယ်သူက လိပ်ကို ခေါင်းဖွက်နေတာလဲ . . . ကျုပ်က ဒီသစ်ပင်ပေါ်မှာရှိတယ် . . . ခင်ဗျားက ဘယ်မှာလဲ . . . ကျုပ်က အလင်းထဲမှာရှိတယ် . . . ခင်ဗျားက အမှောင်ထဲမှာရှိတယ် . . . ဘယ်သူက အသံကောင်း ဟစ်နေတာလဲ"

သူက ကျယ်လောင်စွာ အော်ပြောလိုက်လေသည်။

ထိုအခါ အနီရောင်လူရိပ်တစ်ရိပ်သည် မြစ်ပြင်ထဲမှ ဘွားခနဲ ထွက်ပေါ်လာလေ၏။

တစ်ဆက်တည်းမှာပင် အဖြူရောင်အလင်းတန်းများသည် ၎င်းလူရိပ်ဆီမှ အဆက်မပြတ် ထွက်ပေါ်လာလေသည်။

ကောင်းကျူက စဉ်းစားခြင်းပင် မပြုနိုင်တော့ပါ။

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



သူသည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ကူးပြောင်းကာ လက်နက်ပုန်းများကို အသေအလဲ ရှောင်တိမ်းမိနေရလေတော့သည်။

◙ ◙ ◙ ◙

မြစ်ရေပြင်အစပ်တွင် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ကို တွေ့မြင်နေရလေသည်။

မြစ်ရေသည် သူမ၏ပေါင်တစ်ဝက်ခန့်အထိ နစ်မြုပ်နေလေသည်။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံး ရေများစိုရွှဲသဖြင့် အဝိုက်အဝိုင်း အရှိုက်အဖိုတို့သည် သူ့နေရာနှင့်သူ အချိုးအဆက် ကျနစွာ ပေါ်လွင်နေ၏။

မို့သောရင် . . .

ကျဉ်းသောခါး . . .

ချပ်ချပ်ရပ်ရပ်နှင့် ညီညာသောဝမ်းဗိုက်ပြင်

လုံးဝန်းတောင့်တင်းသော အရှိုက်အဝိုင်း

ဖြောင့်စင်းသော ပေါင်တံနှင့် ချောမွတ်သောအသား အရေတို့သည် သူမ၏အလှအား ပိုမို၍ ပေါ်လွင်စေ၏။

ထို့ပြင် . . .



ကြည်လင်တောက်ပသော မျက်လုံးအစုံနှင့် ယောကျ်ားများအား ရင်ခုန်စေမည့် အလှပိုင်ရှင်မလေး ဖြစ်လေသည်။

သို့သော် . . .

သူမ၏ လှုပ်ရှားမှုသည် အလွန်လှပသော ချောမောသည့် အလှနှင့် လုံးဝပတ်သက်ဆက်နွယ်မှု မရှိပါ။

သူမသည် ဖြူဖွေးသွယ်လျသော လက်ကလေးနှစ်ဖက်ကို အဆက်မပြတ်ဝှေ့ယမ်းနေသည်။

သူမအား ကြည့်လိုက်ပါလျှင် အလွန်ချောမောလှပသည့် ကချေသည်မကလေးတစ်ယောက်က အလွန်လှပသော ကကြိုးကကွက်များကို လျှင်မြန်သွက်လက်စွာ ကပြနေသည်နှင့် တူနေသည်။

သို့သော် . . .

သူမ၏ လက်ကလေးများ လှုပ်ရှားလိုက်သည့် အချိန်တိုင်းတွင် လူ့အသက်ကိုသေစေနိုင်သော အဖြူရောင်မားပါးလေးနှစ်လက်က အဆက်မပြတ် ပစ်လွှင့်နေစေသည် မဟုတ်ပါလော။

◙ ◙ ◙ ◙

ကောင်းကျူသည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးကာ အသေအလဲ ရှောင်တိမ်းနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် . . .

ဝင်းလက်သောအလင်းရောင်များက အဆက်မပြတ် ထွက်ပေါ်လာကာ သူရောက်ရှိနေသည့် သစ်ကိုင်းများမှ သစ်ရွက် သစ်ခက်များကို လျှင်မြန်စွာ ခုတ်ဖြတ်ချနေသည် မဟုတ်ပါလော။

ကောင်းကျူးသည် သစ်ကိုင်းတစ်ကိုင်း၏ နောက်သို့ ဝင် ရောက်ကွယ်ထားလိုက်သည်။

ထိုအခါ အဖြူရောင် အလင်းတန်းကလေးများက သူဝင် ရောက်၍ အကာအကွယ်ယူထားသော သစ်ကိုင်းရှိသစ်ရွက်များ ကို လျှင်မြန်စွာ ခုတ်ထစ်ပြန်သည်။

ထို့နောက် အခြားဝင်းလက်တောက်ပသော အလင်းတန်း တစ်ခုက သူရောက်ရှိနေသော သစ်ကိုင်းအား ခုတ်ဖြတ်သွားပြန် ၏။

"ဝုန်း"

သစ်ကိုင်းသည် ထက်ပိုင်းပြတ်သွားရပြန်သည်။

ထိုအချိန်ကလေး၌ ဝင်းလက်တောက်ပသော အလင်း တန်းက တစ်ချက်အရှိန်လျော့ကျကာ တုံ့နှေးသွား၏။

သို့သော် ထိုအချိန်၌ ဓားကောက်ကလေးတစ်ချောင်းကို တွေ့မြင်လိုက်ရ၏။

တစ်ချိန်တည်းမှာပင် ဓားကောက်၏ဓားရိုးတွင် ချည် နှောင်ထားသော ကြိုးတစ်ချောင်းကို တွေ့မြင်လိုက်ရလေသည်။



ရုတ်တရက် . . .

ကြိုးကလေးသည် တင်းသွားပြီး ဓားကောက်က အဝေး သို့ ပြန်လည်လွင့်သွားလေသည်။

ယခု ကောင်းကျူးက အခြေအနေအရပ်ရပ်ကို နားလည် သဘောပေါက်လိုက်ပြီဖြစ်၏။

ဓားကောက်သည် သက်ရှိသတ္တဝါမဟုတ်ပါ။

ယင်းကြောင့် . . .

ဓားကောက်က ကောင်းကျူး၏နောက်သို့ လိုက်လံတိုက် ခိုက်နိုင်ခြင်း မရှိပါချေ။

သို့သော် . . .

သူသည် ယခုအချိန်အထိ တိုက်ခိုက်သောရန်သူကို မတွေ့ ရသေးပါချေ။

ထို့ပြင် ဓားကောက်က သူနေသော သစ်ပင်အားလုံးကို ခုတ်ဖြတ်နေသဖြင့် တစ်ခြားသစ်ပင်တစ်ပင်ဆီသို့ ခုန်ကူးလိုက် ၏။

ထိုအချိန်မှာပင် ဓားကောက်က သူခုန်ကူးလိုက်သော သစ် ကိုင်းကို ခုတ်ဖြတ်ချလိုက်ပြန်ပြီ ဖြစ်၏။

ရုတ်တရက် ကောင်းကျူးက ခန္ဓာကိုယ်အား လေထဲတွင် ရွဲကာ ဓားကောက်ကို ရှောင်တိမ်းလိုက်၏။

တစ်ဆက်တည်းမှာပင် သူက ဓားကောက်နှင့်ဆက်သွယ်

www.burmeseclassic.com

www.burmeseclassic.com



ထားသော ကြိုးပါးလေးကို လှမ်းဆုပ်လိုက်သည်။

သူ၏အကြံအစည်မှာ ၎င်းကြိုးကို ဆုပ်ကိုင်ဆွဲ၍ မိမိအား တိုက်ခိုက်နေသော မိစ္ဆာဂိုဏ်းချုပ်ကြီးအား အပြင်သို့ ထွက်ပေါ် လာအောင် ဆောင်ရွက်ရန် ဖြစ်သည်။

သူသည် ကြိုးကလေးအား ဆုပ်ကိုင်ထားကာ ပြုံးလိုက်၏။

သူက ၎င်းကြိုးကလေးကို အရှိန်ပြင်းစွာ ဆွဲထုတ်လိုက်ပါ လျှင် မိစ္ဆာဂိုဏ်းချုပ်ကြီးက ထွက်ပေါ်လာပြီး မဟုတ်ပါလော။

သို့သော် ရုတ်တရက် သူ၏အပြုံးများမှာ ပျောက်ကွယ် သွားလေသည်။

အဘယ်ကြောင့်ဆိုသော် နောက်ထပ် ဓားကောက်တစ် ချောင်းသည် သူ၏ကြိုးကလေးအား ဆွဲထားသောလက်ကို ခုတ် ဖြတ်လာသည် မဟုတ်ပါလော။

အလင်းရောင်တစ်ချက် ဝင်းလက်ကာ လက်ကောက်ဝတ် ကို ခုတ်ဖြတ်လာသော ဓားကောက်ကြောင့် ကောင်းကျူကကြိုး ကို ဆက်လက်ဆုပ်ထားသော လက်ကို လွှတ်လိုက်ရ၏။

သူသည် ကြိုးကလေးကိုလွှတ်ကာ တခြားသစ်ကိုင်းတစ်ခု ပေါ်သို့ ခုန်ကူးလိုက်ရပြန်သည်။

သို့သော် ယင်းတဒင်္ဂ အချိန်လေးမှာပင် သူခုန်ကူးလိုက် သော သစ်ကိုင်းက ကျိုးပြတ်ကျသွား၏။

ထထထထ



"ဝုန်း"

ကောင်းကျူ၏ ခြေထောက်သည် သစ်ကိုင်းကို မနင်းမိ တော့ဘဲ လေဟာနယ်ကိုသာ နင်းမိသွားတော့သည်။

သူသည် သစ်ကိုင်းများနှင့်အတူ မြေပေါ်သို့ ပြုတ်ကျလာ ၏။

သို့ရာတွင် သူသည် မြေပြင်သို့မရောက်မီ ဓားဖြင့် လှမ်း ထောက်လိုက်သဖြင့် ခန္ဓာကိုယ်ကမြေပြင်ပေါ်သို့ လှပစွာ တစ်ပတ် ကျွမ်းပစ်၍ မတ်တတ်ရပ်လျက် ကျသွားလေသည်။

ယင်းအချိန် ယမ်းလက်နက်ပုန်းများက အဆက်မပြတ် သူ့အနီးသို့ ရောက်ရှိလာ၏။

"ဝုန်း . . . ဝုန်း . . . ဝုန်း"

သူသည် မြေပြင်တွင် ခန္ဓာကိုယ်အား အဆက်မပြတ် ကျွမ်း ပစ်၍ ရှောင်တိမ်းခဲ့ရာ မကြာမီ မြစ်ရေထဲသို့ ထိုးကျသွားလေ တော့၏။

◙ ◙ ◙ ◙

ကောင်းကျူသည် ပင်လယ်ရေထဲသို့ ထိုးကျသွားပြီ ဖြစ် ၏။

သူသည် ပုံပျက်ပန်းပျက် ကျသွားခြင်းမျိုး မဟုတ်ပါ။

ထထထထ

www.burmeseclassic.com

www.burmeseclassic.com



ရေမျက်နှာပြင်အား လက်ဝါးဖြင့် တစ်ချက်ရိုက်ပုတ်၍ ခန္ဓာကိုယ်အား လေထဲတွင် တစ်ပတ်ပျံဝဲကာ မတ်တတ်ရပ်လျက် ကျသွားခြင်းဖြစ်သည်။

သူသည် ပိုးလွယ်ထားသော အရက်ဘူးကို ဖြုတ်ကာ မော့ သောက်လိုက်၏။

ထို့နောက် ဝန်းကျင်အား တစ်ချက်ကြည့်လိုက်သည်။

ယခုမှ သူသည် မိန်းကလေးတစ်ယောက်က မိမိအားပြုံး ၍ ကြည့်နေခြင်းကို တွေ့မြင်လိုက်ရ၏။

ကောင်းကျူးက သူမ၏အပြုံးကြောင့် ရင်ထဲ၌ လှုပ်ရှား သွားမိလေသည်။

သူသည် ထိုမိန်းကလေးအား ဝင်းလက်တောက်ပသော မျက်လုံးအစုံဖြင့် စူးစိုက်၍ ကြည့်နေမိသည်။

မိန်းကလေးသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထား၏

ဖြူဖွေးသော အသားအရေနှင့် အနီရောင်ဝတ်စုံသည် လိုက်ဖက်ညီလှပေသည်။

ထို့ပြင် . . .

ခန္ဓာကိုယ် တစ်ခုလုံးမှာ ရေများစို၍နေသောကြောင့် အလွန်စွဲမက်ဖွယ်ရာကောင်းသော ခန္ဓာကိုယ်အလှကို ထင်ရှားစွာ တွေ့မြင်နေရ၏။

မိန်းကလေးက ကြည်လင်တောက်ပသော မျက်ဝန်းအစုံ ဖြင့် သူ့အား ပြုံး၍ ကြည့်နေလေသည်။



ကောင်းကျူးသည် သူမအား မမှိတ်မသုန် စိုက်ကြည့်ရင်း မှ အသက်ရှူရန်ပင် မေ့လျော့နေမိ၏။

မိန်းကလေးက မိမိအား မမှိတ်မသုန် စိုက်ကြည့်နေသော ကောင်းကျူး၏ မျက်လုံးအစုံနှင့် ဆုံတွေ့ရသဖြင့် ရင်ထဲတွင် စိတ် လှုပ်ရှားလာဟန်ဖြင့် ပြုံး၍ ခေါင်းငုံ့သွားလေသည်။

ယင်းတဒင်္ဂ အချိန်လေးကိုပင် . . .

ကောင်းကျူး၏ ရင်ထဲ၌ နှမြောတသဖြစ်သွားမိ၏။

သူသည် မိမိ၏ ဘဝတစ်သက်တာတွင် ဤမျှလှပချော မောသော မိန်းကလေးတစ်ယောက်ကို မမြင်တွေ့ခဲ့ဖူးပါချေ။

ထို့ပြင် ဤမိန်းကလေး၏ မျက်နှာအား ထပ်မံတွေ့မြင် လိုသော ဆန္ဒက ဖြစ်ပေါ်လာလေသည်။

သူက တစ်ချက်ပြုံးလိုက်၏။

"မိန်းကလေး မင်းနဲ့ကျုပ်တို့ရဲ့ တွေ့ဆုံပုံက တကယ်ဆန်း ကြယ်တာပဲကိုး . . . သူများတွေက စားသောက်ဆိုင်မှာ တွေ့ကြ တယ် . . . တချို့က တောတောင်ထဲမှာတွေ့ကြတယ် . . . တချို့ က လမ်းမပေါ်မှာ တွေ့ကြတယ်"

သူက ပခုံးတစ်ချက်တွန့်ကာ စကားဆက်လိုက်သည်။

"ဒါပေမယ့် ကျုပ်တို့ကတော့ ရေထဲမှာ တွေ့ကြတယ် . . . နောက်ပြီး မင်းက ကျုပ်တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ အလှ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ . . . ဒါနဲ့ ဘာဖြစ်လို့ မင်းက မြစ်ရေထဲ ရောက်နေရတာလဲ"

သူသည် မိမိအား တိုက်ခိုက်လိုက်သူမှာ ဤမိန်းကလေးဟု လုံးဝမရိပ်စားမိသဖြင့် ယခုကဲ့သို့ မေးလိုက်ခြင်း ဖြစ်သည်။

မိန်းကလေးက စကားမပြောပါချေ။

သူမက ကောင်းကျူကိုသာ ပြုံး၍ မော့ကြည့်လိုက်၏။

မည်သို့ဆိုစေ။

ကောင်းကျူသည် မိန်းကလေးက မိမိအားမော့ကြည့်လာသဖြင့် ကျေနပ်စွာ ပြုံးလိုက်သည်။

"မိန်းကလေး မင်းနဲ့ကျုပ် မိတ်ဆွေအဖြစ် ခင်မင်ချင်တယ် . . . မင်းကော ဘယ်လိုဆန္ဒရှိလဲ"

မိန်းကလေးက စကားမပြောပါချေ။

သူမက ပြုံး၍သာနေ၏။

ကောင်းကျူက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"မင်း ဘာဖြစ်လို့စကားမပြောတာလဲ . . . ကျုပ်ကို ရှက်နေလို့လား . . . ကဲပါ မင်းက ကျုပ်ရဲ့ခင်မင်မှုကို အသိအမှတ်ပြုမယ်ဆိုရင် ဒီအရက်ကို သောက်လိုက်ပါနော်"

သူက ပြောပြီး အရက်အိုးကို မိန်းကလေးထံသို့ ပစ်လွှင့်လိုက်၏။

မိန်းကလေးက ဂ်တစ်ဖက်ဖြင့် ဖမ်းယူလိုက်သည်။

ထို့နောက် . . .



အရက်အိုးကို လေထဲသို့မြှောက်ကာ လောင်းချလိုက်ပြီး စပ်ကိုဟာ၍ ခံယူလိုက်လေသည်။

တစ်ခဏအချိန်လေးမှာပင် အရက်အိုးထဲမှ အရက်များ ကုန်စဉ်သွားခဲ့ပြီ ဖြစ်သည်။

သူမက အရက်အိုးအား ကောင်းကျူထံသို့ ပြန်လည်ပစ်လိုက်၏။

ကောင်းကျူက ဖမ်းယူထားလိုက်လေသည်။

သူသည် အရက်အိုးထဲတွင် အရက်များ လုံးဝမရှိတော့ဖြင့် ကျေနပ်စွာပြုံးလိုက်မိသည်။

"မင်းက တကယ်ပဲ ကျုပ်ရဲ့ခင်မင်မှုကို အလေးအနက်တာပဲကိုး . . . ကျုပ်က တကယ်ဝမ်းသာမိတယ် သိလား"

မိန်းကလေးက ပြုံး၍သာနေ၏။

ကောင်းကျူက သူမအား စိုက်ကြည့်လိုက်သည်။

"ဒါနဲ့ မင်းနာမည်ဘယ်သူလဲ . . . မင်းက ဘယ်မှာနေလဲဟင်"

မိန်းကလေးက သူ့အား စကားမပြောပါချေ။

ကောင်းကျူက သူမအနီးသို့ လျှောက်သွားရန် ဟန်ပြင်သည်။

ယင်းအချိန်မှာပင် . . .

မိန်းကလေးက ရုတ်တရက် ရေထဲသို့ ငုပ်လျှိုးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူးက မိန်းကလေးအတွက် စိုးရိမ်သွားလေသည်

"မိန်းကလေး . . . မိန်းကလေး"

သူက စိုးရိမ်စွာခေါ်လိုက်သည်။

မိန်းကလေးထံမှ တုံ့ပြန်သံကို မကြားရပါချေ။

သို့သော် . . .

ရုတ်တရက် စူးရှအက်ကွဲသောအသံက ထွက်ပေါ်လာ

သည်။

"ကိုးနဂါးသခင်လေး . . . မင်းက အခု ချွေးထွက်သွ

ပြီလား"

ကောင်းကျူးက အသံထွက်ပေါ်လာရာသို့ ခန့်မှန်း၍

ဖွေကြည့်လိုက်လေသည်။

သဲသောင်ပြင်ပေါ်တွင် သူတစ်စုံတစ်ယောက်မှ မတွေ့

ပါချေ။

ထို့ပြင် အသံထွက်ပေါ်လာရာကိုလည်း သူက ခန့်မှန်း

မရနိုင်အောင် ဖြစ်နေမိ၏။

မည်သို့ဆိုစေ . . .

သူက နှစ်ခြိုက်စွာပြုံး၍ ပြန်လည်အော်ပြောလိုက်

သည်။

"တိတန်ဂိုဏ်းချုပ်ကြီး ခင်ဗျားဘယ်မှာလဲ . . . ခင်

ရဲ့ သိုင်းပညာဟာ အံ့ဩစရာကောင်းအောင် အစွမ်းထက်ပါ

❀❀❀❀❀



ပေမယ့် ကျုပ်အတွက် သွေးပူလေ့ကျင့်ခန်း လေ့ကျင့်သလောက်

ပဲ . . . ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့ အစွမ်းထက်လှတဲ့ ဓားကောက်

ကြောင့် ကျုပ်က မြစ်ရေထဲမှာ ရှားရှားပါးပါး အလှရတနာတစ်ပါး

ကို တွေ့မြင်ခဲ့ရတဲ့အတွက် ကျေးဇူးတင်ပါတယ်"

စူးရှအက်ကွဲသောအသံ ပြန်လည်ထွက်ပေါ်လာပြန်လေ

သည်။

"ကိုးနဂါးသခင်လေး . . . မင်းက ကျုပ်ထင်ထားတာ

က်တောင်မှ သတ္တိကောင်းပြီး ယောကျ်ားပီသတာပဲကိုး . . .

တယ့်ကို လေးစားချီးကျူးပါတယ်"

ကောင်းကျူးက ပြုံး၍ တစ်စုံတစ်ခုပြန်ပြောရန် ဟန်ပြင်

တ်၏။

ထိုအချိန်မှာပင် . . .

မိန်းကလေးသည် ရေထဲမှ ဘွားခနဲပြန်ပေါ်လာသည်။

ကောင်းကျူးက မည်းနက်ရှည်လျားလှသော ဆံကေသာ

ကို တစ်ချက်ကြည့်ပြီးနောက် မိန်းကလေး၏ ချောမောလှပ

သည့် မျက်နှာလေးအား စိုက်ကြည့်လိုက်သည်။

သူက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"မိန်းကလေး . . . မင်းအတွက် ကျုပ်က စိတ်ပူလိုက်ရ

. . . မင်းက တကယ်ကို အံ့ဩစရာကောင်းအောင် ရေငုပ်

ကျင်တာပဲကိုး"

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက လှိုပစ္စာပြုံးနေ၏။

ကောင်းကျူက သူမအား စိုက်ကြည့်လိုက်သည်။

သူက တစ်စုံတစ်ခုအား သတိရဟန်ဖြင့် . . .

"ဒါနဲ့ မင်း ဒီမှာရောက်နေတာ ကြာပြီလား"

မိန်းကလေးက ပြုံး၍ ခေါင်းညိတ်လိုက်၏။

ကောင်းကျူက သူမအား မေးလိုက်လေသည်။

"ဒါဆိုရင် ဒီနေရာကို ဘယ်သူလာတာတွေ့လဲ"

မိန်းကလေးက ခေါင်းခါယမ်းပြလိုက်သည်။

ကောင်းကျူက တွေဝေသွားလေသည်။

သူက ဤနေရာကို ရောက်ရှိလာသည်နှင့် တစ်ပြိုင်န
တိတန်ဂိုဏ်းချုပ်၏ ဆီးကြိုတိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။

ထို့ပြင် တိတန်ဂိုဏ်းချုပ်ကြီးသည် ယခုအထိ ထွက်ေ
မလာသေးဘဲ မိမိကို စကားမပြောဘဲ ရှိနေသေး၏။

သူသည် မိမိ၏လှုပ်ရှားမှုအားလုံးကို မြင်နိုင်တွေ့
စကားပြောနိုင်သော်လည်း မိမိက သူ့အား မမြင်တွေ့ရချေ။

ဤသို့ဆိုပါလျှင် . . .

တိတန်ဂိုဏ်းချုပ်ကြီးသည် ကိုယ်ယောင်ဖျောက်တတ်သ
တစ္ဆေသရဲဝိညာဉ်တစ်ခုလော။

သို့မဟုတ် . . .

မြေလျှိုးမိုးပျံနိုင်သည့် မှော်ဆရာတစ်ယောက်လော . . .

ꩩꩩꩩꩩ



ကောင်းကျူက ယင်းသို့စဉ်းစားကာ ခေါင်းတစ်ချက်ခါယမ်းလိုက်၏။

မိန်းကလေးက သူ့အား ကြည်လင်တောက်ပသော မျက်ဝန်းအစုံဖြင့် ကြည့်၍ပြုံးနေလေသည်။

ကောင်းကျူက ပခုံးတစ်ချက်တွန့်ကာ သူမအား မချိပြုံးပြုံးပြလိုက်သည်။

"ခက်တာပဲ . . . မင်းက ဒီနေရာမှာ ရောက်နေတာကြာပြီး ဒါပေမယ့် တိတန်ဂိုဏ်းချုပ်ကြီးကို မတွေ့ခဲ့ဘူး . . . ကျုပ်က သူ့ကိုမမြင်တွေ့ရပေမယ့် အသံကိုကြားနေခဲ့ရတယ် . . . မင်းကော သူ့ကိုမမြင်ပေမယ့် အသံကိုတော့ ကြားမယ်ထင်တယ် . . . တိတန်ဂိုဏ်းချုပ်ဟာ ငါ့အတွက် အင်မတန်အရေးကြီးတယ်"

မိန်းကလေးက ချစ်စဖွယ်ပြုံးကာ ခေါင်းခါယမ်းလိုက်ပြန်၏။

ထို့နောက် သူမက ရုတ်တရက် ရေငုပ်သွားပြန်လေ၏။

ကောင်းကျူက သူမရေငုပ်သွားသည့် နေရာအား စိုက်ကြည့်နေ၏။

အတန်ကြာသည်အထိ မည်သည့်ထူးခြားမှုမှ မရှိချေ။

ထို့ကြောင့် ကောင်းကျူက စိတ်ပူလာသည်။

"မိန်းကလေး အဲဒီလောက်ကြီးအထိ ရေမငုပ်နဲ့လေ . . . ရေသိပ်ငုပ်ရင် အန္တရာယ်ရှိတယ်"

ꩩꩩꩩꩩ

www.burmeseclassic.com

သူသည် ပြေးပြီး မိန်းကလေးရေငုပ်သွားသည့် နေရာသို့ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် တိတန်ဂိုဏ်းချုပ်ကြီး၏ အသံက ထပ်မံပေါ်ထွက်လာပြန်သည်။

"ကိုးနဂါးသခင်လေး . . . မင်းက ကျုပ်ကို တွေ့ချင်နေသလား . . . မင်းကို သတိပေးလိုက်မယ်နော် . . . ဘယ်တော့မှ ကျုပ်နဲ့တွေ့ဖို့ မကြိုးစားပါနဲ့ . . . ကျုပ်နဲ့တွေ့တဲ့လူက နောက်ထပ် အသက်ရှင်ခွင့်မရှိဘူး . . . ဒါကြောင့် မင်းက အခု ရွှေနဂါးဂိုဏ်းချုပ်ကို ကယ်တင်မယ့်အစီအစဉ်ကိုဖျက်ပြီး ကိုးနဂါးနယ်မြေကို ပြန်သွားပါ"

ကောင်းကျူက အနည်းငယ် စိုးထိတ်လာမိလေသည်။

သူသည် တိတန်ဂိုဏ်းချုပ်ကြီးအား မမြင်တွေ့ရဘဲ တိတန်ဂိုဏ်းချုပ်ကြီးကသာ မိမိ၏ ပြောဆိုလှုပ်ရှားမှုများကို သိရှိနေသည့်အတွက် ရင်ထဲ၌ စိုးထိတ်လာမိခြင်းဖြစ်လေသည်။

အကယ်၍သာ တိတန်ဂိုဏ်းချုပ်ကြီးက သူ့အား ဤကဲ့သို့သော ရေပြင်ထဲ၌ မားကောက်ကိုအသုံးပြု၍ တိုက်ခိုက်လာပါလျှင် သူက တွေးပင်မတွေးဝံ့တော့ချေ။

ထို့အပြင် မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိအား သတ်ပစ်နိုင်ပါလျက်နှင့် အဘယ်ကြောင့် မသတ်ဘဲ အချိန်ဆွဲနေသည်ကို သူက စဉ်းစားမရခဲ့ချေ။

---



ရုတ်တရက် . . .

သူ၏ ဦးနှောက်ထဲတွင် ယို့အင်းပွေတို့ လူစုအား အမှတ်ရလိုက်မိသည်။

သူသည် ယို့အင်းပွေတို့ လူစုနှင့် အမြန်ဆုံး ပြန်လည်တွေဆုံမှသာလျှင် ယနေ့ညလိုက်ကျူးမြို့ထဲသို့ ဝင်ရန်ကိစ္စမှာ အဆင်ပြေမည်ဖြစ်၏။

ထို့ကြောင့် သူကရေပြင်အား လက်ဝါးဖြင့်တစ်ချက်ရိုက်ပတ်ကာ သဲသောင်ပြင်ပေါ်သို့ ခုန်တက်လိုက်သည်။

သူက လိုက်ကျူးမြို့သို့ သွားရာလမ်းအတိုင်း ပြေးထွက်ခဲ့လေသည်။

ထိုအချိန်မှာပင် တိတန်ဂိုဏ်းချုပ်ကြီး၏ အသံက ထွက်ပေါ်လာပြန်တော့သည်။

"ကိုးနဂါးသခင်လေး . . . မင်းရဲ့ သတ္တိနဲ့သိုင်းပညာကို လေးစားလို့ ကျုပ်က အရက်နှစ်အိုး လက်ဆောင်ပေးလိုက်မယ်"

ကောင်းကျူက ရယ်မောလိုက်၏။

"ဟာ . . . ဒါဆိုရင် ကျုပ်က တကယ်ကျေးဇူးတင်မှာပါနဲ့ အရက်အိုးက ဘယ်မှာလဲ . . . အသံနဲ့ပေးတာတော့ ကျုပ်လက်မခံချင်ဘူးနော် . . . တကယ်ပေးမှ ကျုပ်က ကျေးဇူးတင်မှာ"

တိတန်ဂိုဏ်းချုပ်ကြီး၏ စူးရှအက်ကွဲသော အသံကြီးက

www.burmeseclassic.com



ထွက်ပေါ်လာပြန်သည်။

"ဒီကနေသွားပြီး ဘယ်ဘက်လမ်းကလေးအတိုင်း ချိုးဝင်လိုက်ပါ . . . အဲဒီလမ်းကလေးကို ချိုးဝင်လိုက်တာနဲ့ အရက်အိုးတွေလိမ့်မယ် . . . အရက်ထဲမှာ အဆိပ်ခတ်မထားဘူး . . . စိတ်ချလက်ချသောက်ပါ . . . ကျုပ်က ရန်သူပေမယ့် ကတိစကားတော့ တည်ပါတယ်"

ကောင်းကျူက ပြေးလွှားသွားရင်း ပြုံးလိုက်သည်။

"ဟာ . . . အရက်ထဲမှာ အဆိပ်ပါရင်လဲ ကျုပ်က သောက်မှာပါ . . . ဘာဖြစ်လို့လဲဆိုရင် အဆိပ်ပါတဲ့အရက်ဟာ သောက်ရခဲ့တယ်လေ . . . ကျုပ်အရက်အိုးထဲမှာ ကင်းမြီးကောက်ရဲ့ အဆိပ်တွေပါတယ်ဗျ"

တိတန်ဂိုဏ်းချုပ်ကြီးက အားပါးတရ ရယ်မောလိုက်၏။

"ဟား . . . ဟား . . . ဟား ကိုးနဂါး သခင်လေး ဒီနေ့ ကျုပ်က မင်းနဲ့စကားပြောရတာ တကယ်ပျော်ရွှင်မိတယ်"

"ကျုပ်ကလဲ ခင်ဗျားနဲ့ဆုံဆည်းချင်ပါသေးတယ်"

တိတန်ဂိုဏ်းချုပ်ကြီး၏ အသံက ထပ်မံ ထွက်ပေါ်လာသည်။

"စိတ်ချပါ . . . ကျုပ်က လိုက်ကျူးမြို့ကနေပြီး ခင်ဗျားတို့အလာကို စောင့်နေပါ့မယ်"

ကောင်းကျူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရလေသည်။

ဓဓဓဓဓ



သူသည် တိတန်ဂိုဏ်းချုပ်ကြီးက မိမိတို့၏ လှုပ်ရှားမှုတိုင်းကို အလုံးစုံသိရှိနေပြီဟု နားလည်လိုက်၏။

မိမိတို့သည် တိတန်ဂိုဏ်းကြီး၏ စက်ကွင်းထဲမှကို မလွတ်နိုင်ပါကလားဟု တွေးကြီး နာကြည်းမိသည်။

သို့သော် . . .

သူက ရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား ကောင်းပါပြီဗျာ . . . ကောင်းပါပြီ . . . ခင်ဗျားနဲ့ တွေ့ဆုံနိုင်မယ့်အချိန်ကို ကျုပ် စောင့်နေမယ်ဗျာ"

သူက ယင်းသို့ပြောပြီး အတန်ကြာအောင် စောင့်ဆိုင်းနေသော်လည်း တိတန်ဂိုဏ်းချုပ်ကြီး၏ အသံကို ထပ်မံမကြားရတော့ပါချေ။

ကောင်းကျူက သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သူသည် တိတန်ရဂိုဏ်းချုပ်ကြီးက မိမိထက် အတွင်းအားနှင့် သိုင်းပညာအရာ၌ သာလွန်မည်ဖြစ်ကြောင်း သိရှိထား၏။

ထို့ကြောင့် . . .

တိတန်ဂိုဏ်းချုပ်ကြီးက မိမိအား သတ်လိုပါလျှင် သေဆုံးရမည်သာဖြစ်ကြောင်း ယုံကြည်သည်။

ဤသို့ဆိုပါလျှင် . . .

တိတန်ဂိုဏ်းချုပ်ကြီးက အဘယ်ကြောင့် မိမိအား မသတ်

ဓဓဓဓဓ

www.burmeseclassic.com

www.burmeseclassic.com



ပါသနည်း။

တိတန့်ဂိုဏ်းချုပ်ကြီးသည် ကြင်နာသနားတတ်သော လူတစ်ယောက်လော။ မဖြစ်နိုင်ပါချေ။

တိတန်ဂိုဏ်းချုပ်ကြီး၏ ရက်စက်ကြမ်းကြုတ်မှုပေါင်းများစွာကို မိမိက မျက်ဝါးထင်ထင် မတွေ့မြင်ဘူးသော်လည်း သိုင်းလောကသားများထံမှ သတင်းမျိုးစုံ ကြားသိခဲ့ရပြီးဖြစ်သည်။

မည်သို့ဆိုစေ . . .

ယခု တိတန်ဂိုဏ်းချုပ်ကြီးက မိမိအား သက်ညှာသွားခဲ့သည်။

သူက ယင်းသို့စဉ်းစားရင်း လျှောက်လာရာမှ ရုတ်တရက် ရေထဲတွင် ငုပ်လျှိုးသွားသည့် အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေးကကို သတိရကာ လှည့်ကြည့်လိုက်သည်။

မိန်းကလေးက မြစ်ကမ်းစပ်၌ရပ်၍ သူ့အား မျက်တောင်မခတ် ကြည့်နေခြင်းကို တွေ့မြင်လိုက်ရသည်။

သူမသည် ကောင်းကျူးက လှည့်ကြည့်လိုက်သောအခါ လှပစွာပြုံး၍ လက်ကလေးကို ဝှေ့ယမ်းနှုတ်ဆက်လိုက်သည်။

ကောင်းကျူးသည် မိန်းမောသွား၏။

သည်မိန်းကလေးကို မမေ့နိုင်ပါ။

ရင်ထဲအသည်းထဲ စွဲလာခဲ့ပါသည်။

ကောင်းကျူးကလည်း သူ့အား လက်ဝှေ့ယမ်း၍ ပြန်လည်နှုတ်ဆက်လိုက်၏။

မိန်းကလေးသည် ဝုန်းခနဲ ရေထဲငုပ်လျှိုးထွက်သွားသည်။

ပျောက်သွားပြီ။

မိန်းကလေး ပျောက်သွားခဲ့ချေပြီ။

ထို့နောက် သူသည် လှည့်ကာထွက်ခွာခဲ့သည်။

သူသည် သဲသောင်ပြင်ကို ကျော်လွန်သောအခါ တောအုပ်ကလေး၏ အစပ်သို့ ပြန်လည်ရောက်ရှိလာ၏။

သူက တောလမ်းကလေး၏ ဘယ်ဘက်သို့ လှမ်းကြည့်လိုက်သည်နှင့် အရက်အိုးနှစ်အိုးအား သစ်ပင်တစ်ပင်၏ အောက်တွင် ချထားသည်ကို တွေ့မြင်လိုက်ရတော့သည်။

အလွန်ကတိတည်သော တိတန်ဂိုဏ်းချုပ်ကြီး ပေတကား။

သူက အရက်အိုးနှစ်အိုးကို ဝမ်းသာအားရဖြင့် မယူ၍နမ်းကြည့်လိုက်သောအခါ အလွန်သင်းပျံ့မွှေးကြိုင်သော ရနံ့များကို ရှူရှိုက်မိလိုက်၏။

သူသည် တိတန်ဂိုဏ်းချုပ်ကြီးအား ရန်သူဖြစ်သော်လည်း လွန်စွာလေးစားသွားသည်။

သူ့အား အန္တရာယ်မပေးသည့်ပြင် လက်ဆောင်အရက်နှစ်အိုးပင် ပေးလိုက်သေးသည်။

သူသည် အရက်အိုးကို ဝမ်းသာအားရ ကောက်ကိုင်ပြီး မော့သောက်ချလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် . . .

လာလမ်းအတိုင်း ပြန်လည်ပြေးထွက်ခဲ့လေတော့၏။

◘ ◘ ◘ ◘



## အခန်း-၇

## တိတန်ဂိုဏ်းချုပ်၏ လျှို့ဝှက်ချက်

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးသည် ပင်လယ်ရေထဲတွင်ရပ်ကာ ကောင်းကျုအား မမှိတ်မသုန်ကြည့်ကာ ပြုံးနေ၏။

သူမ၏အပြုံးသည် အလွန်လှပပြီး တစ်စုံတစ်ရာကို ကြည်နူးပျော်ရွှင်နေသော အပြုံးမျိုးဖြစ်သည်။

သူမ ရေငုပ်လိုက်သည်မှာ ကောင်းကျု ထွက်ခွာသွားစေမည်ဖြစ်၏။

ကောင်းကျု ထွက်ခွာသွားသောအခါ သူသည် ရေထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေါ်လာပြီး ကောင်းကျိုတို့ မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

မကြာမီ . . .

သူမ၏ မျက်နှာပေါ်တွင် အပြုံးရိပ်များ ကွယ်ပျောက်သွားခဲ့သည်။

သူမ၏ မျက်နှာတစ်ခုလုံး အေးစက် တင်းမာလာကာ မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သော ဟန်မူရာများ ပေါ်လွင်လာသည်။

သူမသည် အေးစက်စက်မျက်နှာထားဖြင့် ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်ကာ ရေကန်ထဲမှ တစ်လှမ်းခြင်းလှမ်းတက်လာ၏။

ထို့နောက် . . .

ကျောက်ဆောင်တစ်ခုဆီသို့ လျှောက်သွားလေသည်။ ထိုအချိန်တွင် သူမနား၌ တစ်စုံတစ်ခု ကြားလိုက်ရ၏။

သူမက မျက်မှောင်တစ်ချက် ကြုတ်လိုက်၏။

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

ရုတ်တရက် သူမက အော်ငေါက်လိုက်သည်။

သူမသည် အလွန်လှပသော မိန်းကလေးတစ်ယောက်ဖြစ်ပြီး အသက်အရွယ်မှာလည်း နှစ်ဆယ်ခန့်သာရှိသေး၏။

ထို့ကြောင့် သူမ၏ အသံသည် ကြည်လင်ချိုသာရလေသည်။

❀❀❀❀❀



ယခုသော် . . .

ဥသြငှက်နှင့် ကျီးကန်း၏ ရုပ်ရည်နှင့် တူနေတော့သည်။

ယခု သူမ၏ နှုတ်ဖျားမှ ထွက်ပေါ်လာသော အသံသည် စူးရှအက်ကွဲသောအသံမျိုး ဖြစ်လေသည်။

ထို့ပြင် သူမသည် ယင်းသို့အော်ဟစ်ပြီး ရုတ်တရက် ခုန်ပေါက်၍ သစ်ပင်တစ်ပင်၏ နောက်ကွယ်သို့ ရောက်ရှိသွားလေတော့သည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး မျက်နှာပေါ်တွင် အနက်ရောင်အဝတ်ဖြင့် စည်းထားသော လူတစ်ယောက် ထွက်ပေါ်လာသည်။

သူသည် အဝတ်နှစ်ခုကြားမှ အံ့ဩထိတ်လန့်သော မျက်လုံးအစုံဖြင့် အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးအား ကြည့်နေလသည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက သူ့အား ရက်စက်ကြမ်းကြုတ်သော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်၏။

"နံပါတ်သုံး . . . မင်းက ဒီကို ဘာလာလုပ်တာလဲ"

တိတန်နံပါတ်သုံးက သူမအား ငေးငိုင်ကာ ကြည့်နေမိသည်။

သူသည် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေး၏ လှပကြော့ရှင်းသော ခန္ဓာကိုယ်နှင့် ချောမောလှပသော မျက်နှာ

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



လေးအား ခြေဆုံးခေါင်းဆုံး အပြန်အလှန်ကြည့်ကာ ငေးငိုင်နေမိခြင်းဖြစ်လေသည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေး၏ မျက်နှာတစ်ခုလုံးမှာ ကြောက်စရာကောင်းအောင် အေးတိအေးစက် ဖြစ်လာလေသည်။

"နံပါတ်သုံး . . . ခင်ဗျားက ဒီနေရာကို မလာရဘူးဆိုတာ မသိဘူးလား"

တိတန်နံပါတ်သုံးက ယခုမှ သတိဝင်လာကာ ထိတ်လန့်တုန်လှုပ်စွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ် . . . ဟုတ်ပါတယ် . . . ကျွန်တော် ကျွန်တော် ဒီနေရာကို မလာရဘူးဆိုတာ သိပါတယ် . . . နောက်ပြီး ဂိုဏ်းချုပ်ကြီးက ထူးဆန်းတဲ့ ရေလှိုင်းအတွင်းအားကို လေ့ကျင့်နေတယ်ဆိုတာလဲ နားလည်ပါတယ် . . . ဒါပေမယ့် စောစောတုန်းက ကိုးနဂါးသခင်လေးက ပြန်လည်ထွက်သွားတာကို တွေ့လို့ အဲဒါ . . . "

သူ၏ စကားမဆုံးမီ မိန်းကလေး၏ မျက်နှာတစ်ခုလုံးမှာ ရေခဲပြင်အလား အေးစက်တင်းမာသွားလေသည်။

"နံပါတ်သုံး မင်းသိတာတွေ များသွားပြီ"

တိတန်နံပါတ်သုံး၏ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားသည်။

သူက ကမန်းကတန်း ဦးညွှတ်လိုက်သည်။



"ကျုပ် . . . ကျုပ်က ဒီကိစ္စတွေကို ဘယ်သူမှမသိအောင် ထိန်ဝှက်ထားမှာပါ ဂိုဏ်းချုပ်ကြီး"

မိစ္ဆာဂိုဏ်းချုပ်ကြီး (ဝါ) အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းခါယမ်းလိုက်လေသည်။

"နောက်ကျသွားပြီ . . . ခင်ဗျားက ကျုပ်ကို မိန်းကလေးတစ်ယောက်အဖြစ် မြင်တွေ့သွားခဲ့တယ် . . . တစ်ခါ ကိုးနဂါးသခင်လေး လွတ်မြောက်သွားတာကို တွေ့သွားခဲ့တယ် . . . ဒါဟာ အလွန်လျှို့ဝှက်ဆန်းကြယ်တဲ့ အကြောင်းအရာတွေပါ"

သူမက ရက်စက်ကြမ်းကြုတ်သော မျက်ဝန်းအစုံဖြင့် သူ့အား စိုက်ကြည့်လိုက်လေသည်။

"လူတွေဟာ ထူးဆန်းတဲ့ လျှို့ဝှက်ချက်ကို သိထားရရင် ဘယ်လိုမှ ထိန်ဝှက်နေတတ်တဲ့ သတ္တဝါမျိုးမဟုတ်ဘူး . . . ဒါကြောင့် . . . "

သူမက ရုတ်တရက် စကားကို ရပ်တန့်လိုက်သည်။

တိတန်နံပါတ်သုံး၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် ထွန်းယင်လာ၏။

သူက မိစ္ဆာဂိုဏ်းချုပ်ကြီး၏ ရှေ့တွင် ဒူးထောက်ချလိုက်လေသည်။

"ကျုပ် . . . ကျုပ်က တကယ့်ကို ထိန်ဝှက်ထားမှာပါ"

တိတန်ဂိုဏ်းချုပ်ကြီးက သူမအား အေးစက်စက် မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာထားဖြင့် ကြည့်လိုက်သည်။

ရုတ်တရက် သူမက လက်ငါးချောင်းအား သိမ်းဝှက်လက်သည်များပမာ တိတန်နံပါတ်သုံး၏ ဦးခေါင်းကို ကုတ်လိုက်သည်။

သူမ၏ လက်ချောင်းကလေးများသည် ဓားပါးလေး၏လက်ပမာ တိတန်နံပါတ်သုံး၏ ဦးခေါင်းခွံထဲသို့ စိုက်ဝင်သွားသေသည်။

နီရဲသောသွေးများသည် တိတန်နံပါတ်သုံး၏ မျက်နှာပေါ်သို့ ယိုစီးကျလာလေသည်။

ထို့နောက် သူက ခေါင်းငိုက်စိုက်ကျသွား၏။

"သွားစမ်း"

တိတန်ဂိုဏ်းချုပ်ကြီးသည် အော်ရင်း ကန်ထုတ်ပစ်လိုက်၏။

တိတန်နံပါတ်သုံး၏ ခန္ဓာကိုယ်က ပင်လယ်ထဲသို့ လွင့်စင်ကာ ကျသွားတော့သည်။

တိတန်ဂိုဏ်းချုပ်ကြီးသည် အားပါးတရ ရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား"

သူ၏ ရယ်မောသံကြီးသည် ကြောက်မက်ဖွယ်ရာကောင်းအောင် ဝန်းကျင်တစ်ခုလုံးတွင် ပဲ့တင်ထပ်သွားလေတော့သည်။

✿✿✿✿✿



တိတန်ဂိုဏ်းချုပ်ကြီးသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သည်။

သို့သော် . . .

သူသည် အလွန်ချော့သော မိန်းကလေးတစ်ယောက်ဖြစ်၏။

သူမသည် သိုင်းပညာနှင့် အတွင်းအားများ အကျင့်လွန်ခြင်းဖြင့် မိန်းကလေးတစ်ယောက်၏ ကြည်လင်ချိုလွင်သောအသံ ပျောက်ကွယ်သွားကာ စူးရှအက်ကွဲသည့် ကြောက်မက်ဖွယ်ရာအသံသို့ ပြောင်းလဲသွားလေသည်။

သိုင်းလောက၌ ထိုအဖြစ်မျိုးမှာ မဆန်းလှချေ။

ယောကျ်ားဘဝ အဆုံးရှုံးခံပြီး အလွန်အစွမ်းထက်သော သိုင်းပညာကျင့်သည့်အဖြစ်မျိုး။

မိန်းမဘဝပျက်စီးပြီး ယောကျ်ားများ လေ့ကျင့်ရသည့် သိုင်းပညာများကို လေ့ကျင့်မှုများ ရှိခဲ့သည်မဟုတ်ပါလော။

သူမသည် ရက်စက်ကြမ်းကြုတ်သည်။

ကောက်ကျစ်စဉ်းလဲသည်။

သူမသည် အရာရာကို စိုးမိုးချင်သည်။

ပိုင်ဆိုင်ချင်သည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



အလိုရမ္မက်ကြီးသည်။

ထို့ပြင် . . .

လူ့အသက်တစ်ချောင်းကို ပုရွက်ဆိတ်တစ်ကောင်
လောက်ပင် တန်ဖိုးမထားပါချေ။

သို့သော် . . .

သူမသည် ကောင်းကျူးအား တွေ့ဆုံလိုက်မိချိန်တွင် တစ်
တစ်ရာ ပြောင်းလဲသွားခဲ့၏။

ကောင်းကျူးသည် သူမ၏ အသိဉာဏ်နှင့် စိတ်နှလုံး
လျှို့ဝှက်ဆန်းကြယ်သော အင်အားတစ်ခုဖြင့် စိုးမိုးထားလိုက်

လျှို့ဝှက်ဆန်းကြယ်သော အင်အားသည် တခြားမဟု
ပါ။

ချစ်ခြင်းမေတ္တာပင် ဖြစ်သည်။

သူမက ကောင်းကျူးအား စတင်မြင်တွေ့လိုက်စဉ်မှာ
ချစ်ခြင်းမေတ္တာများ ပေါက်ဖွားမိခဲ့၏။

မြင်မြင်ချင်း ချစ်မိသည်ဟူသော အဖြစ်ပင်။

ထို့ကြောင့် သူမက ကောင်းကျူးအား မသတ်လိုပါ။

မသတ်ရက်ပါ။

ၾင်းပြင် ကောင်းကျူးက မိမိအား ရွံမုန်းသွားမည်ကို
ရိမ်မိ၏။

ယင်းကြောင့်လည်း သူမ၏စူးရှအက်ကွဲသော ကြေ



မက်ဖွယ်ရာအသံကြီးကို ကောင်းကျူးကြားသွားမည်ကို စိုးရိမ်သဖြင့်
စကားတစ်ခွန်းမျှ မပြောခဲ့ပါ။

သို့သော် . . .

သူမ၏ အသည်းနှလုံးမှာမူ ကောင်းကျူးအား စကားပေါင်း
ထောင်သောင်းမက ပြောခဲ့၏။

လူတစ်ယောက်သည် ချစ်ခြင်းမေတ္တာစိတ်များ လွှမ်းမိုး
လာပါလျှင် ကမ္ဘာပေါ်မှ မည်သည့်ကိစ္စကိုမဆို ထိုချစ်ခြင်းမေတ္တာ
ထက် တန်ဖိုးမထားနိုင်တော့ပါ။

သို့ရာတွင် . . .

ကောင်းကျူးသည် သူမ၏တိတန်ဂိုဏ်းအတွက် အကြီးမား
ဆုံး ရန်သူဖြစ်နေသည်။

ဤသို့ ဆိုပါလျှင် . . .

သူမနှင့် ကောင်းကျူးတို့၏ အချစ်လမ်းခရီးသည် သာယာ
ဖြောင့်ဖြူးပါမည်လော။

ထို့ပြင် ကောင်းကျူးက သူမဖမ်းဆီးထားသော ယို့အော့
လျှံ၏ ဖခင်ကြီး (ဝါ) ရွှေနဂါးဂိုဏ်းချုပ်ကြီးကို ကယ်တင်ရန် ကြိုး
စားခဲ့လျှင် သူမက ချစ်ခြင်းမေတ္တာကို ရှေ့တန်းတင်၍ နားလည်
ပေးမည်လော။

သို့မဟုတ် . . .

သူမသည် ကောင်းကျူးနှင့် သိုင်းပညာခြင်း ယှဉ်ပြိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် ဖြေရှင်းပါမည်လော။

လောပေါင်းများစွာသည် တိတန်ဂိုဏ်းချုပ်ကြီး၏ နှလုံးသားနှင့် ဦးနှောက်ကို ကောင်းကောင်းကြီး ဒုက္ခပေးတော့မည် တကား။



## အခန်း-၈

## ပြန်လည်ဆုံတွေ့ကြရာဝယ်

မွန်းတည့်ချိန်ဖြစ်သည်။

မွန်းတည့်ချိန်သည် တစ်နေ့တာအတွက် အပူဆုံးအချိန်ဖြစ်၏။

သို့ရာတွင် ဝန်းကျင်တစ်ခုလုံးတွင် သစ်ပင်ကြီးများထူထပ်စွာ ပေါက်ရောက်နေပြီး သစ်ရွက်သစ်ခက်များက ယှက်ဆိုင်းအုပ်မိုးထားသောကြောင့် နေပြောက်ပင်မထိုးနိုင်ပါချေ။

ကောင်းကျူသည် ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလျှောက်လာနေရာမှ တစ်နေရာသို့ ရောက်သောအခါ သစ်ကိုင်းကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကျိန်းပွဲနေသည်ကို တွေ့မြင်လိုက်ရ၏။

သူက ပခုံးတစ်ချက်တွန့်ကာ ခေါင်းခါယမ်းလိုက်သည်။

အကြောင်းကား . . .

ဤနေရာတွင် တိတန်ဂိုဏ်းချုပ်ကြီးက မိမိအား တိုက်ခိုက်ခဲ့သည့်အကြောင်းကို ပြန်လည်အမှတ်ရလိုက်မိသည် မဟုတ်ပါလော။

သူသည် မြူးရင်း ဝန်းကျင်အား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

မနီးမဝေးရှိ မြေပြင်ပေါ်တွင် ငှက်ကလေးပေါင်းများစွာ ပြန့်ကြဲ၍ သေဆုံးနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ဤငှက်ကလေးများသည် တိတန်ဂိုဏ်းချုပ်ကြီး၏ ယမ်းလက်နက်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်၏။

ကောင်းကျူးသည် ထိုနေရာသို့ လျှောက်သွားကာ ငှက်သေတစ်ကောင်ကို ကောက်ယူ၍ လှည့်ပတ်ကာ ကြည့်လိုက်သည်။

"အင်း . . . ငှက်တွေကတော့ တော်တော်များများ သေနေတယ် . . . ဒီအတိုင်းပစ်ထားလဲ အလကားပဲ . . . သူတို့ကို ကင်စားတာက အကျိုးရှိနိုင်တယ် . . . ငါကင်စားရမယ်"

သူကပြောပြီး ငှက်ကလေး၏ အမွေးအတောင်များကို နုတ်လိုက်၏။

ထို့နောက် . . .

သစ်ကိုင်းခြောက်များကို စုပြုံကာ မီးမွှေးလိုက်၏။

တစ်ဖန် သစ်ကိုင်းခြောက်တစ်ခုကို ဓားဖြင့် ချွန်ထက်နေအောင် ပြုလုပ်ကာ ငှက်ကလေး၏ခန္ဓာကိုယ်အား ထိုးစိုက်၍ မီးဖို၌တင်ကာ မီးကင်လိုက်သည်။

ထိုအချိန်မှာပင် . . .

ရုတ်တရက် သူ၏နှာခေါင်းထဲသို့ မွှေးကြိုင်သော အသားကင်နံ့က တိုးဝင်လာတော့၏။

သူ၏မျက်ခုံးများသည် မြင့်တက်သွား၏။

သူသည် ယခုမှ မီးကင်လိုက်သော ငှက်သားက မည်သို့မျှ မွှေးကြိုင်သော ရနံ့များ ထွက်ပေါ်လာခြင်း မရှိနိုင်သေးကြောင်း သူနားလည်သည်။ အဘယ်က အသားကင်နံ့လာနေရသနည်း။

ထို့ကြောင့် . . .

ထိုင်ရာမှထကာ အမွှေးနံ့ထွက်ပေါ်လာရာသို့ လျှောက်လာခဲ့၏။

အသားကင်နံ့သည် သူ၏ နောက်ဘက်ရှိ သစ်ပင်ကြီး သစ်ပင်နောက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သူက မျက်မှောင်ကြုတ်လိုက်သည်။

ဤသစ်ပင်၏ နောက်ကွယ်တွင် တစ်စုံတစ်ယောက် ရောက်ရှိနေပြီဟု နားလည်လိုက်မိ၏။

ထို့ကြောင့် သတိကြီးစွာဖြင့် သစ်ပင်ကြီး၏အကွယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ သစ်ပင်ကြီးကလည်း အလွန်ပင် ကြီးမားလှပေသကိုး။

သူသည် ယခုအခါ သစ်ပင်နောက်ကွယ်တွင် လူငါးယောက်က ငှက်ငါးကောင်ကို မီးကင်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများအား တွေ့မြင်လိုက်သည်နှင့် သူ၏မျက်နှာတစ်ခုလုံးမှာ ဝင်းလက်တောက်ပသွားလေတော့သည်။

◙ ◙ ◙ ◙

မီးခိုးရောင် ဝတ်ဆင်ထားသော လူငါးယောက်သည် ငှက်ငါးကောင်ကို မီးကင်နေကြသည်။

ငှက်ငါးကောင်မှာ အသားများ ကျက်နေပြီဖြစ်သဖြင့် မွှေးကြိုင်သောရနံ့များ ပေါ်ထွက်လာနေသည်။

သူတို့ထဲမှ အသက်လေးဆယ်ကျော်ခန့်ရှိသော လူက ငှက်ကင်ကို လှည့်ပတ်၍ သူတို့အချင်းချင်း ပြောလိုက်သည်။

"လူတွေသေတော့ မြေမြှုပ်ကြရတယ် . . . ငှက်သေတော့ လူက စားတယ် . . . အင်း . . . သဘာဝတော့ သိပ်မကျဘူး"

အခြားတစ်ယောက်က . . .

"ဘာလဲ . . . မင်းကလူတွေကို မမြှုပ်ဘဲ စားချင်နေသေး



လို့လား . . . စားရင် ဘီလူးဖြစ်သွားမယ်"

"မဟုတ်ပါဘူးကွာ . . . ငါက အဲ့ဒီလိုပြောတာမဟုတ်ပါဘူး . . . အဖြစ်ကို ပြောပြတာပါ"

သူက ပြောပြီး ငှက်ကလေး၏ အသားကိုဖွဲ့ကာ စားသောက်လိုက်၏။

ထိုအချိန် သူတို့အားနောက်မှ ကြည့်နေသော ကောင်းကျူက အော်ဟစ်ရယ်မောကာ သစ်ပင်အကွယ်မှ ထွက်လာလေ၏။

သူက ဝမ်းသာအားရဖြင့် ပြောလိုက်၏။

"ဟာ . . . ဂိုဏ်းခွဲမှူးကြီး တိလျှံပါလား . . . ခင်ဗျားတို့က ဒီကို ဘယ်လိုရောက်လာကြတာလဲ"

တိလျှံက ရယ်မောလိုက်သည်။

သူက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး . . .

"မပြောချင်ပါဘူးဗျာ . . . ဒုဂိုဏ်းချုပ်က ဟိုတိတန်ဂိုဏ်းက လူတွေကို မျှားခေါ်သွားတာလဲတွေ့ရော . . . သခင်မလေးက အော်မာစ်ဝိုတော့တာပါပဲ . . . ကျွန်တော်တို့ကလဲ မနေနိုင်တော့ဘဲ လိုက်လာခဲ့ရတယ်လေ"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဖြင့် . . . အခု ယို့အင်းပွေ့က ဘယ်မှာလဲ"

"ကျွန်မက ဒီမှာရေမိုးချိုးပြီးလို့ အလှမြင်မလို့ရှင့်"

ရုတ်တရက် ထွက်ပေါ်လာသော ယို့အင်းပွေ့၏ အသံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကောင်းကျူက ချာခနဲလှည့်ကြည့်လိုက်မိသည်။

သူက ယခုမှ သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ ခေါင်းပြူ၍ ထွက်လာသော ယို့အင်းပွေအား တွေ့မြင်လိုက်ရလေသည်။

သူက တစ်စုံတစ်ခုအား သတိရမိလိုက်၏။

"ယို့အင်းပွေ နင်ကရေချိုးနေလဲ အလကားပါပဲ ... နင့်မှာ မိန်းကလေးနဲ့တူတာ ဘာမှမရှိဘူး ... တစ်ခါတလေ နှံသာလေးလိမ်း ... အမွှေးရည်ကလေးဆွတ်ပြီး အလှပြင်ပါလား"

ယို့အင်းပွေက နှုတ်ခမ်းစူလိုက်သည်။

သူမက ခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။

"ကောင်းပြီ ... စိတ်ချ ကျွန်မက အလှပြင်ပြမယ် ... အဲဒီအခါကျရင်သာ အစ်ကိုလေးက ငေးငိုင်ကြည့်မနေနဲ့ ... အမယ်လေး လှလိုက်တာလို့ မပြောနဲ့"

ကောင်းကျူက ရယ်မောလိုက်သည်။

သူက ပခုံးတစ်ချက်တွန့်ကာ ...

"ကဲပါ ... နင်အလှပြင်မှာသာ ပြင်စမ်းပါ ... ငါက နင့်ရဲ့အလှကို ငေးငိုင်ပြီးကြည့်နေချင်လို့ပါ ... ငါတို့အားလုံး ကြည့်ကြရတာပေါ့"

ယို့အင်းပွေက စကားမပြောတော့ပါ။

သူမ၏ ဦးခေါင်းက သစ်ပင်နောက်ကွယ်သို့ ပြန်ဝင်သွား၏။



ကောင်းကျူက တိုလျှံအား ကြည့်လိုက်သည်။

သူတို့နှစ်ယောက်က တစ်ယောက်နှင့် တစ်ယောက် အဓိပ္ပာယ်ရှိစွာဖြင့် ကြည့်ကာ ပြုံးလိုက်လေသည်။

ယိချင်း၊ ဟိုဖေ့၊ ငူးလုံနှင့် တုဟန်တို့ကလည်း ကျိတ်၍ သဘောကျကာ ပြုံးစိစိဖြင့် ငှက်ကင်ကို စားသောက်နေကြလေတော့၏။

သူတို့လူစုသည် တကယ့်တိုက်ခိုက်ရေးသမားများ ဖြစ်ကြသည်။

ရယ်စရာကြုံလျှင် ရယ်လိုက်မည်။
တိုက်စရာကြုံလျှင် အသေတိုက်လိုက်မည်။
ဘာမျှ အမှုမထားသူများ ဖြစ်ကြပေသည်။

ယို့အင်းပွေသည် သစ်ပင်ကြီး၏ နောက်ကွယ်တွင် ဝတ်စုံသစ်ထည်ကို လဲလှယ်ပြီးဖြစ်သည်။

သူမက ကောင်းကျူ၏စကားကို မကျေမနပ်ဖြစ်ကာ နှုတ်ခမ်းကို ကိုက်ထားသည်။

သူမသည် သူမ၏ကိုယ်ကို မိန်းကလေးပီသအောင် ပြင်ဆင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမွေးနံ့သာရည်များ လိမ်းလိုက်မည်။

သူမကိုကြည့်ပြီး အများက ငေးသွားရမည်ဟု သူဆုံးဖြတ်သည်။

ထို့ကြောင့် သူမက ကတ္တီပါအိတ်ကလေးထဲမှ အလှပြင်ပစ္စည်းများကို ထုတ်ယူကာ အလှပြင်လိုက်သည်။

ထို့နောက် မှန်ဝိုင်းကလေးပေါ်ရှိ နှုတ်ခမ်းဖူးဖူးပေါ်တွင် နှုတ်ခမ်းနီးဆေးကို လက်ညှိုးဖြင့် ကလော်ယူ၍ ပွတ်သပ်လိုက်၏။

ရုတ်တရက် သူမ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားတော့သည်။

အကြောင်းကား . . .

သူမ၏ နှုတ်ခမ်းတစ်ခုလုံးမှာ ပူစပ်ပူလောင် ဖြစ်လာသည် မဟုတ်ပါလော။

သူမက နှုတ်ခမ်းတွင်ဖြစ်ပေါ်နေသော ပူစပ်ပူလောင်ဝေဒနာကြောင့် အကြီးအကျယ်စိတ်ဆိုးသွားသည်။

ဗေရှတ်ဆီများသည် နှုတ်ခမ်းများကို ပူလောင်စပ်သွားစေသည် မဟုတ်ပါလော။

သူမသည် အလွန်စိတ်ဆိုးသွားသည်။

အဘယ်ကြောင့် ပူလောင်စပ်စေသော အရာများသည် သူ၏ နှုတ်ခမ်းဆိုးဆေးဘူးအတွင်းသို့ ရောက်ရှိလာပါသနည်း။

နှုတ်ခမ်းမှ ပူလောင်မှုများ သက်သာသွားစေရန် သူ



သည် ရေအိုင်ထဲသို့ ထိုးဆင်းလိုက်လေ၏။

ကောင်းကျူ၊ တီလျှံ၊ ယိချင်း၊ ဟိုဖေ့၊ ဝူးလုံနှင့် တုဟာန်တို့သည် မိမိတို့ခေါင်းပေါ်မှ ကျော်လွှားကာ ရေအိုင်ထဲသို့ လွှင့်စဉ်ကျသွားသော ယို့အင်းပွေအား မျက်လုံးပြူးကာ ကြည့်လိုက်မိကြသည်။

ထိုအချိန်၌ . . .

ယို့အင်းပွေသည် ရေအိုင်ထဲမှ လူးလိမ့်ထလာလေပြီ၊

သူမ၏ မျက်နှာပေါ်တွင် ရွှံ့ဗွက်များပေကျံနေသည်၊

သူမသည် မိမိ၏မျက်နှာပေါ်တွင် ရွှံ့ဗွက်များပေးကျံနေခြင်းကို ဂရုမပြုနိုင်အားချေ။

သူမက ပူလောင်စပ်ဖျင်းသော နှုတ်ခမ်းကို လက်ဝါးဖြင့် ယပ်ခက်၍ မျက်ရည်များကျဆင်းလာ၏။

"ပူလိုက်တာ . . . နှုတ်ခမ်းအလှဆိုးဆေးတွေထဲမှာ ဘာတွေများ ရောက်နေတာလဲမသိဘူး"

"ဟား . . . ဟား . . . ဟား"

သူမ၏ အဖြစ်အပျက်ကို ကြည့်ကာ ကောင်းကျူတို့ခြောက်ယောက်က အားပါးတရ ရယ်မောလိုက်ကြလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ယခု ယို့အင်းပွေသည် နှုတ်ခမ်းအစုံမှ ပူလောင်ခြင်း ဝေဒနာက အနည်းငယ်သက်သာလာပြီ ဖြစ်၏။

သို့သော် သူမ၏နှုတ်ခမ်းအစုံမှာ ဖူးယောင်နေလေသည်၊

ကောင်းကျူက သူမအား ပြုံးစေ့စေ့ဖြင့် ကြည့်လိုက်၏၊

"ယို့အင်းပွေရယ် . . . မင်းကိုကြည့်ပြီး ငါတကယ်ကိုပဲ ငေးငိုင်နေမိတယ် . . . မင်းက တကယ်လှတာပဲကိုး"

ယို့အင်းပွေ၏ မျက်နှာမှာ စူပုပ်သွားသည်။

မကြာမီ မျက်ရည်များ တွင်တွင်ကျလာလေ၏။

"အစ်ကိုလေးက ကျွန်မကို ဘယ်လှတယ်လို့ ထင်မလဲ . . . အစ်ကိုလေးက မမယို့အော့လျှံကိုပဲ လှတယ်ထင်နေတာကိုး မမယို့အော့လျှံကိုပဲ သံယောဇဉ်ရှိနေတယ် မဟုတ်လား"

ကောင်းကျူမှာ သူမ၏စကားကြောင့် ပြာပြာသလဲဖြစ်သွား၏။

"နေပါဦး . . . မင်းက ဘာဖြစ်လို့ ကျုပ်ကို အခုလို ပြောရတာလဲ"

ယို့အင်းပွေက ပြုံးလိုက်သည်။

သူမက ကောင်းကျူအား စေ့စေ့ကြည့်ကာ တစ်ခွန်းချင်း ပြောလိုက်သည်။

"အစ်ကိုလေးက မမယို့အော့လျှံဟာ အလှဆုံးလို့ပြောခဲ့တယ်မဟုတ်လား . . . ဒါဟာ အစ်ကိုလေးက သူ့ကို သံယောဇဉ်



တွယ်နေလို့ပေါ့"

ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။

"နေပါဦး . . . ကျုပ်က ယို့အော့လျှံကို လှတယ်လို့မပြောပါလား . . . နောက်ပြီး သူ့ကို သံယောဇဉ်တွယ်တယ်ဆိုတာ ထဲ ငယ်သူငယ်ချင်းတစ်ယောက်လိုပါပဲ"

ယို့အင်းပွေ၏ မျက်လုံးများက ဝင်းလက်တောက်ပလာသည်။

သူမက ကောင်းကျူ၏အနီးသို့ ရောက်ရှိလာသည်။

"အစ်ကိုလေးက မမယို့အော့လျှံကို သူငယ်ချင်းသံယောဇဉ်ပဲ ရှိတယ်ဟုတ်လား . . . တကယ်လှတယ်လို့ မထင်ဘူးပေါ့"

ကောင်းကျူက ခေါင်းညိတ်လိုက်၏။

ယို့အင်းပွေက သူ့အားမော့ကြည့်လိုက်သည်။

သူမ၏ မျက်ဝန်းအစုံတွင် မျှော်လင့်ခြင်း၊ ဝမ်းသာပီတိဖြစ်ခြင်း စသည့်ဟန်မူရာများ ပေါ်လွင်နေသည်။

"ဒါ . . . ဒါဆိုရင် အစ်ကိုလေးက ဘယ်သူ့ကို သံယောဇဉ်ရှိတာလဲဟင်"

ကောင်းကျူက သူမ၏စကားကြောင့် ရုတ်တရက် သူ့စိတ်ကစ်စိအတွင်း၌ မိန်းကလေးတစ်ယောက်၏ ပုံရိပ်ကို မြင်ယောင်အမိလေသည်။

သူသည် ဤမိန်းကလေးကို စတင်တွေ့မြင်လိုက်စဉ်မှာအင်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌ မိမိ၏ တစ်သက်တာတွင် ပထမအကြိမ် လောကပေါ်၌ အလှဆုံးမိန်းကလေးဖြစ်သည်ဟု ခံစားမိသည်။

ထိုမိန်းကလေးလောက် မည်သည့်မိန်းကလေးမျှ မလှပေ။

သူမ၏ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်နှင့် စင်းလုံးချောလ သည့် မျက်နှာကလေးကို မည်သို့မျှ မမေ့နိုင်ပေ။

သူက အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးအား စတင်တွေ့မြင်လိုက်စဉ်က ဆံပင်များသည် ပင်လယ်ရေများဖြင့် စိုရွှဲနေ၏။

သူမ၏ အင်္ကျီအဝတ်အစားများမှာလည်း စိုရွှဲနေလေ သည်။

ထူးခြားချက်မှာ ဤမျှ ရေများစိုရွှဲနေသည့်တိုင်အောင် သူမ၏အလှကို တစိုးတစေ့မျှ ထိခိုက်ပျက်စီးသွားခြင်း မရှိခဲ့ပါ။

သူသည် အဘယ်ကြောင့် ဤမိန်းကလေးအား မျက်စိထဲ တွင် စွဲစွဲမြဲမြဲ မြင်ယောင်နေရပါသနည်း။

သူက ယင်းသို့စဉ်းစားကာ အဝေးသို့ မျှော်ကြည့်နေလေ သည်။

ယို့အင်းပွေက သူ့အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက် ၏။

"အစ်ကိုလေး ဘာတွေစဉ်းစားနေပြန်တာလဲ ... ကျွန်မမေးတာ ဖြေပါဦးလေ"

❁❁❁❁❁



ကောင်းကျူသည် လန့်သွား၏။

သူ အတွေးလွန်နေမိသည်ကိုး။

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... နင့်ရဲ့ မေးခွန်းကို အဖြေပေးဖို့ ငါစဉ်းစား နေတာပါ"

ယို့အင်းပွေက နှုတ်ခမ်းစူလိုက်၏။

သူမက ကောင်းကျူအား မကျေမနပ်ဖြင့် ကြည့်ကာ ...

"ရှင်က ဒီလောက်တောင်မှ စဉ်းစားရသလား ... ကျွန်မ မေးတဲ့မေးခွန်းက ဒီလောက် စဉ်းစားစရာလိုနေလို့လား"

"ကောင်းကျူက ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"ငါ အခုစဉ်းစားစရာမလိုတော့ပါဘူး"

ယို့အင်းပွေက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဟုတ်လား ... ဒါဆိုရင်ပြော ... ဘယ်သူလဲ"

ကောင်းကျူက အဝေးသို့တစ်ချက်မျှော်ကြည့်လိုက်၏။

ထို့နောက် သူကအေးဆေးတည်ကြည်သော မျက်နှာထားဖြင့် ...

"သူက ကမ္ဘာပေါ်မှာ ငါတွေ့ဖူးသမျှ မိန်းကလေးထဲမှာ အလှဆုံးပဲ ... သူ့ကို ငါမကြာခဏ သတိရနေတယ် ... အဲဒါဟာ သံယောဇဉ်ပဲ ဖြစ်လိမ့်မယ်"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

❁❁❁❁❁

www.burmeseclassic.com

www.burmeseclassic.com



သူက ကောင်းကျူးအား နားမလည်နိုင်စွာဖြင့် ကြည့်ကာ

"အစ်ကိုလေး ... အစ်ကိုလေးက ဘယ်သူ့ကိုပြောနေ တာလဲ"

ကောင်းကျူးက သူမအား လှည့်ကြည့်လိုက်၏။

ထို့နောက် တစ်ချက်ပြုံး၍ ပြောလိုက်သည်။

"မြစ်ထဲက မိန်းကလေးပါ"

ယို့အင်းပွေ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

သူမက လက်နှစ်ဖက်ကိုဆုပ်ကာ မိုးကောင်းကင်သို့ မော့ ကြည့်လိုက်၏။

"မိုးနတ်မင်း ... မစပါရှင် ... ကျွန်မရဲ့အစ်ကိုလေး က အမှားအယွင်း ပြုမိရင် အခုလို မဖမ်းစားထားပါနဲ့ ... သူ့ မှာ တာဝန်ဝတ္တရားတွေ အများကြီးကျန်ရှိနေပါသေးတယ် ... သူ့မှာ ဆောင်ရွက်စရာတွေ ရှိနေပါသေးတယ်ရှင်"

ကောင်းကျူးက သူ၏စကားကြောင့် အံ့သြသွားသည်။

သူက ယို့အင်းပွေအား မျက်ခုံးပင့်၍ ကြည့်လိုက်၏။

"ယို့အင်းပွေ ... နင်ဘာတွေ ပြောနေတာလဲ"

ယို့အင်းပွေက သူ့အား ကြည့်လိုက်သည်။

သူမက နှုတ်ခမ်းတစ်ချက်မဲ့ကာ ...

"အစ်ကိုလေးကကော ဘာပြောလိုက်တာလဲ ... မြစ် ထဲမှာ နေတဲ့ မိန်းကလေးဆိုတာ ရှိပါ့မလား ... တကယ်လို့ ရှိ

ခဲ့ရင်လဲ သရဲ၊ တစ္ဆေ၊ မိစ္ဆာတွေပဲဖြစ်ရမယ် ... အစ်ကိုလေးကို တော့ တစ္ဆေသရဲတွေ ဖမ်းစားပြီး"

ကောင်းကျူး၏မျက်နှာ ကွက်ခနဲပျက်သွားမိသည်။

သူက ခေါင်းခါယမ်းလိုက်သည်။

"ယို့အင်းပွေ နင်ဘာတွေလျှောက်ပြောနေတာလဲ"

ယို့အင်းပွေက သူ့အား လှည့်ကြည့်လိုက်၏။

သူမက မဲ့ပြုံးပြုံးကာ ရယ်မောလိုက်သည်။

"အစ်ကိုလေးက မြစ်ထဲမှာ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့တယ်လို့ ပြောတာကရော အဓိပ္ပာယ်ရှိလို့လား"

ကောင်းကျူးက တွေဝေသွားသည်။

သူသည် ယို့အင်းပွေက မိမိ၏စကားကို ယုံကြည်မှုမရှိ ကြောင်း သဘောပေါက်နားလည်လိုက်၏။

မှန်သည်။

သူ့စကားက ယုံကြည်စရာမရှိပါ။

ထို့ကြောင့် သူက ပါးစပ်ပိတ်ထားကာ တုံ့ပြန်ပြောဆိုခြင်း မပြုတော့ပါ။

သို့သော် သူသည် ဤမိန်းကလေးက အဘယ်ကြောင့် မြစ် ထဲတွင် ရောက်ရှိနေသည်ကိုမူ တွေးတောနေမိ၏။

နောက်ပြီး အပေါင်းအဖော်လည်းမပါ။

တစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ယို့အင်းပွေက သူ့အား တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

"အစ်ကိုလေး . . . အစ်ကိုလေးက အဲဒီ မိန်းကလေးကို ဘယ်လိုတွေ့ခဲ့တာလဲ"

ကောင်းကျူက လက်ကာပြလိုက်သည်။

"တော်ပြီ မမေးနဲ့တော့ . . . နင်က ငါပြောရင်ငါ ယုံမှာ မဟုတ်ဘူး . . . ဒါပေမယ့် တစ်ခုတော့ ငါပြောမယ် . . . တစ်နေ့ အဲဒီမိန်းကလေးကို နင်တို့ ရှေ့ကို ဆွဲခေါ်လာပြမယ်"

ယို့အင်းပွေက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူမသည် ကောင်းကျူက တာဝန်ဝတ္တရား များပြားလွန်းသဖြင့် စိတ်ထားများ တွေဝေသွားပြီဟု တွေးလိုက်မိသည်။

ထို့ကြောင့် သူမက ပါးစပ်ပိတ်ကာ မိမိတစ်ယောက်တည်း အတွေးနယ်ချဲ့နေသည်။

သူတို့နှစ်ယောက် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြစဉ် တိလျှံက ရောက်ရှိလာသည်။

"ဟာ . . . ဒုဂိုဏ်းချုပ်ကြီးနဲ့ သခင်မလေးတို့က ဘာတွေ စဉ်းစားနေကြတာလဲ"

ကောင်းကျူနှင့် ယို့အင်းပွေတို့က သူ့အား လှည့်ကြည့်လိုက်ကြ၏။

ကောင်းကျူက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်သည်။

"ဂိုဏ်းခွဲမှူးတိလျှံ . . . ကျန်တဲ့ လူတွေရော"

တိလျှံက ပြုံးလိုက်သည်။

သူက မနီးမဝေးရှိ သစ်ပင်များဆီသို့ ညွှန်ပြကာ . . .

"သူတို့က ဟောဟိုက သစ်ပင်တွေပေါ်မှာ အိပ်ဖို့စိုင်းပြင်နေကြပြီလေ"

ကောင်းကျူက သူ၏စကားကြောင့် ကောင်းကင်အား မော့ကြည့်လိုက်သည်။

အမှောင်ထုသည် ကမ္ဘာမြေပေါ်သို့ စတင်ဖြန့်ကျက် ပိုင်းစပြုလာပြီ ဖြစ်သည်။

သူက တိလျှံအား ကြည့်လိုက်သည်။

"တိအစ်ကိုကြီး . . . ကျုပ်တစ်ခုမှာထားရဦးမယ် . . . ကျုပ်တို့ လိုက်ကျုံးမြို့ထဲကို ဝင်တာနဲ့တစ်ပြိုင်နက် ကျုပ်ကို ဒုဂိုဏ်းချုပ်ကြီးလို့ မခေါ်ပါနဲ့တော့"

တိလျှံက သူ၏ သဘောထားကို ချက်ချင်း နားလည်လိုက်၏။

သူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ . . . ကျုပ်တို့က ဒုဂိုဏ်းချုပ်ကို သခင်လေးလို့ပဲ ခေါ်ပါ့မယ်"

ကောင်းကျူက ကမန်းကတန်း လက်ကာပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အို . . . ကျုပ်ကို ဒီလိုခေါ်စရာ မလိုပါဘူးဗျာ . . . တကယ်ဆိုရင် ကျုပ်က ညီငယ်တစ်ယောက် မဟုတ်လား"

တိလ္လံက ခေါင်းခါယမ်းလိုက်၏။

"ဘာပဲဖြစ်ဖြစ် သခင်လေးဟာ ဂိုဏ်းချုပ်ကြီးရဲ့မွေးစားသားပဲမဟုတ်လား . . . ဒါကြောင့် ကျုပ်တို့ရဲ့ သခင်လေးဆိုရင်လဲ မမှားပါဘူး"

ကောင်းကျူးက မည်သို့မျှ ငြင်းပယ်၍ မရမှန်းသိသဖြင့် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ကဲပါဗျာ . . . တိအစ်ကိုကြီးတို့ စိတ်ကြိုက်ခေါ်ချင်သလို ခေါ်နိုင်ပါတယ်"

တိလ္လံက ပြုံးလိုက်သည်။

သူ၏အပြုံးမှာ ကျေနပ်သောအပြုံးမျိုး ဖြစ်သည်။

သူက တစ်ချက်ဦးညွတ်လိုက်၏။

"ကဲ . . . သခင်လေးနဲ့ သခင်မလေးတို့ တစ်ရေးလောက်တော့ အနားယူ အိပ်စက်သင့်ပါတယ် . . . အိပ်စက်တယ်ဆိုတာ အနားယူခြင်း တစ်မျိုးပါပဲ"

ကောင်းကျူးက ခေါင်းညိတ်လိုက်သည်။

သူက ယို့အင်းပွေဘက်သို့ လှည့်လိုက်၏။

"ကဲ . . . ယို့အင်းပွေ ညည်းလဲ အနားယူတော့ . . . အားလုံးသိထားရမှာက မနက်ဖြန် ပွဲတော်နေ့ . . . ဒါကြောင့် ဒီည မြို့သူမြို့သားအားလုံးက ပျော်ပွဲရွှင်ပွဲ ကျင်းပကြလိမ့်မယ် . . . ကျုပ်တို့က အဲဒီအခွင့်အရေးကို အသုံးပြုပြီး မြို့ထဲဝင်ကြမယ်"



တိလ္လံက ဦးညွတ်လိုက်သည်။

"ဟုတ်ကဲ့ စိတ်ချပါ . . . ဒုဂိုဏ်းချုပ်ကြီး ကျုပ်က အားလုံးကို သတင်းပို့ထားလိုက်ပါ့မယ်"

ကောင်းကျူးက ခေါင်းညိတ်လိုက်သည်။

သူက ယို့အင်းပွေ၏ လက်ကို ဆွဲကိုင်လိုက်လေသည်။

"ကောင်းပြီ . . . ကဲ . . . ကျုပ်တို့လဲ အိပ်တော့မယ် ခင်ဗျားတို့လဲ အိပ်ကြပါတော့"

ပြောပြီး သစ်ပင်ပေါ်သို့ ခုန်တက်လိုက်၏။

ယို့အင်းပွေကိုလည်း သူနှင့်အတူ သစ်ပင်ပေါ်သို့ ဆွဲတင်လေသည်။

သစ်ပင်ကြီးများမှာ အလွန်ကြီးမားလှသဖြင့် သစ်ပင်ခွကြားများ၌ ကောင်းစွာအိပ်စက်အနားယူနိုင်သည်။

ယို့အင်းပွေအဖို့ အိပ်ရန်အခက်အခဲ မရှိလှပါ။

ထို့ကြောင့် သူတို့နှစ်ယောက်သည် သစ်ကိုင်းကြီးများပေါ်တွင် တစ်ယောက်တစ်နေရာစီ နေရာယူကာ အိပ်စက်လိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၉

## အိပ်မက်ချစ်သူ

ညဉ့်သည် တဖြည်းဖြည်း နက်ရှိုင်းလာချေပြီ။

ယို့အင်းပွေသည် သစ်ကိုင်းကြီးတစ်ကိုင်းပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေ၏။

ကောင်းကျူကမူ ယခုအချိန်အထိ အိပ်ပျော်နိုင်ခြင်းမရှိသေးပါ။

သူသည် ယနေ့ မြင်းတစ်ကောင်နှင့် ပြေးလွှားခဲ့သည်၊ တိတန်ဂိုဏ်းချုပ်ကြီး၏ တိုက်ခိုက်မှုမှ ရှောင်တိမ်းခဲ့သည်၊ ထို့ကြောင့် မောပန်းကာ နှစ်ခြိုက်စွာအိပ်မောကျသင့်



ပါသည်။

သို့သော် . . .

သူက ယခုအချိန်အထိ မအိပ်နိုင်သေးပါချေ။

အဘယ်ကြောင့် ယခုအချိန်အထိ သူမအိပ်နိုင်သေးပါသနည်း။

အမှန်တွင် သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လိုလှပေသည်။

သို့သော် သူက မျက်လုံးကို စုံမှိတ်လိုက်စဉ် ပုံရိပ်တစ်ခုကို မြင်ယောင်နေမိသဖြင့် အိပ်မပျော်နိုင်ဘဲ ရှိနေခြင်းဖြစ်သည်။

သူသည် မည်သည့်ပုံရိပ်ကို မြင်တွေ့နေရပါသနည်း။

▣ ▣ ▣ ▣

အမှန်တွင် ကောင်းကျူ၏ မျက်ဝန်းထဲ၌ မြစ်ထဲတွင် တွေ့ခဲ့ရသော အနီရောင်ဝတ်ဆင်ထားသည့် မိန်းကလေးကို တွေ့မြင်နေခြင်းဖြစ်သည်။

သူသည် ထိုမိန်းကလေးအား ရုတ်တရက် တွေ့မြင်ရပြီး တဒင်္ဂအတွင်း ခွဲခွာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . .

သူက ဤမိန်းကလေးနှင့် တွေ့ဆုံခဲ့ရသော အဖြစ်အပျက်မှာ ဆောင်းရာသီ၏ အိပ်မက်တစ်ခုပမာ ထင်ရလောက်အောင် ဆန်းပြားလှပေသည်။

ဆောင်းတွင်းအိပ်မက် ဂယောက်ဂယက်ဟု ဆိုကြသည် မဟုတ်ပါလား။

မည်သို့ဆိုစေ . . .

ကောင်းကျူးအတွက် ဤအိပ်မက်သည် လှပသည်။

ကြည်နူးဖွယ် လွမ်းဆွတ်ဖွယ်ရာ ကောင်းလှပေသည်။

ထို့ပြင် ကောင်းကင်ပေါ်ရှိ လစန္ဒာကဲ့သို့ သာယာအေးချမ်းလှ၏။

ကောင်းကျူး၏ မျက်ဝန်းထဲတွင် ပြုံးနေသော သူမ၏ဟန်မူရာကို ပြန်လည်မြင်ယောင်နေမိသည်။

သူမသည် မည်သူနည်း။

သူမက မည်သည့်အရပ်ဒေသတွင် နေထိုင်သနည်း။

သူမသည် အဘယ်ကြောင့် မြစ်ရေထဲတွင် ရှိနေပါသနည်း။

ကောင်းကျူးက ဤမေးခွန်းများကို သိချင်နေမိသည်။

သို့သော် . . .

သူမက စကားတစ်ခွန်းမျှပင် မပြောခဲ့ပါ။

❀❀❀❀❀



ဤသို့ဆိုလျှင် သူမသည် ဆွံ့အနေပါသလော။

ကောင်းကျူးက မျက်ဝန်းကိုမှိတ်ရင်း ခေါင်းခါယမ်းပြလိုက်၏။

မဖြစ်နိုင်ပါ။

သူမသည် အလွန်လှပချောမော၍ ခြောက်ပစ်ကင်းစင်ကာ ဒုက္ခိတတစ်ဦး၏ လက္ခဏာမျိုးမဟုတ်နိုင်ပါ။

သူမအား တစ်နေ့နေ့တော့ ပြန်လည်တွေ့ဆုံရပေလိမ့်မည်။

ကောင်းကျူးက သူမနှင့် မည်သည့်အခါတွင် ပြန်လည်ဆုံတွေ့ရမည်ကို မသိသော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်လည်တွေ့ဆုံရမည်ဟု ယုံကြည်နေခြင်းဖြစ်သည်။

ထို့ကြောင့် သူက မိမိ၏ တာဝန်ကိုထမ်းဆောင်ရင်း ဤမိန်းကလေးနှင့် ပြန်လည်ဆုံတွေ့ရမည့်အချိန်ကို စောင့်မျှော်ရပေဦးမည်။

အကယ်၍သာ သူသည် မိမိက အရှုံးအမူးတမ်းတနေမိသော မိန်းကလေးက တိတန်ဂိုဏ်းချုပ်ကြီး ဖြစ်နေသည်ကို သိရှိခဲ့ပါလျှင် ပြန်လည်ဆုံတွေ့ရန် ဆန္ဒရှိပါဦးမည်လော။

မည်သို့ဆိုစေ . . .

သူသည် တိတန်ဂိုဏ်းကို ဖြိုခွင်းရန် ရောက်ရှိလာသော တိုးနဂါးသခင်လေးဖြစ်သည်။

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိတန်ဂိုဏ်းချုပ်ကြီးနှင့် ကြုံဆုံရမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်လေတော့သည်။

▣ ▣ ▣ ▣

ပထမပိုင်းပြီး၏
ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁

## အန္တရာယ်လမ်း

လဝန်းသည် သန်းခေါင်ယံအချိန်ကျမှ စတင်ထွက်ပေါ်လာ၏။

ဟိုမှသည်မှ ထွက်ပေါ်လာသော ကြက်တွန်သံများကြောင့် သန်းခေါင်ယံအချိန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ကောင်းကျူးက သက်ပြင်းတစ်ချက်ချကာ မျက်လုံးဖွင့်ကြည့်လိုက်၏။

ယို့အင်းပွေ့က ကောင်းကျူး၏ သက်ပြင်းချသံနှင့် မျက်လုံးဖွင့်လာသည်ကို တွေ့မြင်ရသောအခါ ဘဝင်မကျဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်၏။

"အစ်ကိုလေး . . . အစ်ကိုလေးက ဘာဖြစ်လို့ သက်ပြင်းချနေရတာလဲ"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက သူမအားကြည့်ကာ ပခုံးတစ်ချက်တွန့်၍ တစ်ဖက်သို့ လှည့်လိုက်သည်။

"ဩော် . . . ဘာမှမဟုတ်ပါဘူးကွာ . . . ကဲ . . . သန်းခေါင်ယံ အချိန်ရောက်နေပြီ . . . ကျုပ်တို့က တိလျှံတို့တံ နှိုးလိုက်ကြရအောင်"

ပြောပြီး တစ်ဖက်သစ်ပင်ထံသို့ ခုန်ကူးရန်ဟန်ပြင်လိုက်သည်။ ယို့အင်းပွေက ကမန်းကတန်း သူ့အား လှမ်းဆွဲထားလိုက်၏။

"ခဏ"

ကောင်းကျူက သူမအားကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်ပြန်ပြီလဲ"

ယို့အင်းပွေက သူ့အား အကဲခတ်ကြည့်လိုက်၏။

ကောင်းကျူ၏ ပုံစံမှာ တစ်မှေးမှ အိပ်စက်ရပုံ မပေါ်သေးချေ။ ထို့ကြောင့် မျက်မှောင်ကြုတ်လိုက်သည်။

"အစ်ကိုလေး . . . အခုအချိန်ထိ မအိပ်ရသေးဘူး မဟုတ်လား"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

လိမ်၍ မရနိုင်တော့ပေ။

"ဟုတ်တယ်"

သူသည် ယို့အင်းပွေအား လိမ်ညာ၍ မရနိုင်မှန်းသိသဖြင့် ယခုကဲ့သို့ အဖြေပေးလိုက်ခြင်း ဖြစ်သည်။



ယို့အင်းပွေက ပို၍ မျက်မှောင်ကြုတ်လိုက်သည်။

သူမသည် ကောင်းကျူအား စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

"အစ်ကိုလေး . . . အစ်ကိုလေးကို အခုတစ်လောကြည့်ရတာတစ်မျိုး ဖြစ်နေတယ်"

ကောင်းကျူက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

ယို့အင်းပွေက ပြုံးလိုက်သည်။

မချိပြုံးမျိုးဖြစ်လေသည်။

"ကျွန်မက အစ်ကိုလေးရဲ့ မျက်နှာပေါ်က စာလုံးတွေကို ရေးဖတ်နိုင်ခဲ့တဲ့လူပါ . . . ဒါကြောင့် အစ်ကိုလေးက ဘာဖြစ်နေတယ်ဆိုတာ ပြောပြပါ"

ကောင်းကျူက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်သည်။

သူက ပခုံးတစ်ချက်တွန့်ကာ . . .

"နင်က ငါပြောလဲ ယုံကြည်မှာမှ မဟုတ်ဘဲ"

ယို့အင်းပွေက သူ့အား စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

သူမက မျက်ခုံးတစ်ချက်ပင့်ကာ သူ့အား ကြည့်လိုက်၏။

"အစ်ကိုလေးက ဘာကိုဆိုလိုတာလဲ"

ကောင်းကျူက တစ်ချက်ပြုံးလိုက်သည်။

အလွန်လျှို့ဝှက်သော အပြုံးမျိုးဖြစ်၏။

"ယို့အင်းပွေ ငါက သူ့ကိုတကယ် တွေ့ခဲ့ဖူးတာပါ"

www.burmeseclassic.com

www.burmeseclassic.com





ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

သူမက ရုတ်တရက် တစ်စုံတစ်ရာကို သတိရကာ မေးလိုက်လေသည်။

"အစ်ကိုလေးက . . . မြစ်ထဲကမိန်းကလေးကို ပြောတာလား"

ကောင်းကျူက ခေါင်းညိတ်လိုက်၏။ သူသည် ယို့အင်းပွေအား လေးလေးနက်နက် ကြည့်လိုက်သည်။

"ယို့အင်းပွေ သူဟာ ကမ္ဘာပေါ်မှာ ငါတွေ့ခဲ့ဖူးသမျှ မိန်းကလေးတွေထဲမှာ အလှဆုံးပဲ . . . သူ့ အလှကို ငါဘယ်လိုမှ စာမဖွဲ့နိုင်ဘူး"

ယို့အင်းပွေ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"အစ်ကိုလေး . . . ရှင်ကတကယ်ပဲသူ့ကို တွေ့ခဲ့တယ်ပေါ့ . . . ဟုတ်လား"

ကောင်းကျူက ခေါင်းညိတ်လိုက်၏။

"ငါသူနဲ့ တကယ်တွေ့ခဲ့တာပါ"

ယို့အင်းပွေက သူ့အား ငေးငိုင်၍ ကြည့်လိုက်လေသည်။

သူမသည် ကောင်းကျူ၏ မျက်နှာတစ်ခုလုံးမှာ တည်ကြည်လေးနက်နေသောကြောင့် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိလေသည်။

သူမက ကောင်းကျူအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"အစ်ကိုလေး . . . အစ်ကိုလေးက တကယ်ပဲ အဲဒီမိန်းကလေးကို တွေ့ခဲ့တယ်ပေါ့ဟုတ်လား . . . ဒါဟာ မယုံကြည်နိုင်စရာပဲ . . . ဘာဖြစ်လို့လဲဆိုရင် မိန်းကလေးတစ်ယောက်က မြစ်ထဲမှာ ရေချိုးနေစရာအကြောင်းမရှိဘူး . . . နောက်ပြီး ဒီနေရာဟာ ရပ်မရှိ ရွာမရှိ လူမရှိ . . . သူမရှိတဲ့နေရာ"

ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။ သူက စိတ်ပျက်ဟန်ဖြင့် ပြောလိုက်၏။

"နင်က ငါ့ကိုသံသယ ဖြစ်နေပါလျက်နဲ့များ . . . ဘာဖြစ်လို့ ဒီကိစ္စကို ထပ်ကာတလဲလဲ မေးနေရတာလဲ . . . ငါက သူ့ကို တကယ်တွေ့ခဲ့တာပါလို့ ပြောခဲ့ပြီးပြီပဲ . . . ဘာလဲ နင်က နတ်သမီးတစ်ပါးပါး ကိုယ်တင်ပြနေတယ်လို့များ ထင်နေလို့လား"

ယို့အင်းပွေက သူ့အားကြည့်လိုက်သည်။

သူမ၏ မျက်နှာပေါ်တွင် ထူးဆန်းသော မျက်နှာဟန်မူရာများ ပေါ်လွင်နေ၏။

"အစ်ကိုလေး သူ့ကို အစ်ကိုလေးက တကယ်တွေ့ခဲ့ရတယ်ပဲ ထားပါတော့ သူကဘယ်သူလဲ . . . ဘယ်မှာနေတာလဲ ပတ်ဝန်းကျင်မှာ လူနေအိမ်ခြေမှ မရှိတာဘဲ . . . နောက်ပြီး မိန်းကလေးတစ်ယောက်တည်း မြစ်ထဲမှာ ရောက်နေတယ်ဆိုတာ အဓိပ္ပာယ်ရှိပါ့မလား"

ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။

သူက မချိပြုံးပြုံးကာ . . .

"သူ ဘယ်သူလဲဆိုတာ ငါမသိဘူး"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

"နေပါဦး . . . အစ်ကိုလေး သူ့ကို မေးမကြည့်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူကက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ငါက သူ့ကို မေးကြည့်ခဲ့ပါတယ် . . . ဒါပေမယ့် ကျုပ်နဲ့သူ စကားပြောရင် တီတန်ဂိုဏ်းချုပ်ကြီး ကြားဝင်ပြောလာလို့ပါ"

ယို့အင်းပွေက မျက်လုံးပြူးကာ ကြည့်လိုက်သည်။

သူမက မယုံကြည်ဟန်ဖြင့် မေးလိုက်၏။

"ဘယ်လို . . . အစ်ကိုလေးက တီတန်ဂိုဏ်းချုပ်ကြီးနဲ့ စကားပြောခဲ့တယ် ဟုတ်လား"

ကောင်းကျူကက ခေါင်းညိတ်လိုက်၏။ ယို့အင်းပွေက စိတ်ဝင်စားလာသည်။

သူမသည် တီတန်ဂိုဏ်းချုပ်ကြီးက ဤတောထဲသို့ ရောက်ရှိခဲ့သည်ဆိုသော စကားကို ယုံကြည်ရန် ခဲယဉ်းနေ၏။

တီတန်ဂိုဏ်းချုပ်ကြီး၏ လက်ထောက်များကလည်း အစွမ်းထက်လှသည် မဟုတ်ပါလား။

အကယ်၍သာ တီတန်ဂိုဏ်းချုပ်ကြီးသာ ဤတောထဲသို့ ရောက်ရှိခဲ့လျှင် မိမိတို့အားလုံးကို ချမ်းသာပေးနိုင်ပါဦးမည်လော။

သူမက ခေါင်းခါယမ်းလိုသည်။

"မဖြစ်နိုင်ဘူး . . . တီတန်ဂိုဏ်းချုပ်ကြီးကသာ ရောက်ရှိလာခဲ့ရင် ဘယ်နည်းနဲ့မဆို ကျွန်မတို့ကို ချမ်းသာပေးမှာမဟုတ်ဘူး . . . ကျွန်မတို့ခြောက်ယောက်ကလဲ အစ်ကိုလေးသာမရှိရင် သူ့ကို ယှဉ်နိုင်မှာမဟုတ်ဘူး . . . အစ်ကိုလေးလဲ သူ့ကို ယှဉ်နိုင်ကောင်းမှ ယှဉ်နိုင်မှာ"

ကောင်းကျူကက သက်ပြင်းတစ်ချက်ချလိုက်သည်။



"အင်း . . . ကျုပ်ကလဲ ဒီအချက်ကို စဉ်းစားမိပါတယ် . . . တီတန်ဂိုဏ်းချုပ်ကြီးရဲ့သိုင်းပညာဟာ အင်မတန်မှကြောက်စရာကောင်းပါတယ် . . . တကယ်လို့သာ ကျုပ်တို့ကို သူက သတ်ချင်ရင် ကျုပ်တို့နှစ်ယောက် ချောက်ကမ်းပါးအလယ်မှာ ဓားတစ်ချောင်းကို တွဲလဲခိုနေရတဲ့ အခြေအနေမှာကတည်းက အလွယ်တကူ သတ်သွားလို့ရတာပဲ . . . သူမသတ်ဘူးလေ . . . အဲဒါငါစဉ်းစားလို့မရဘူး"

ယို့အင်းပွေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . သူက ကျွန်မတို့ကို အဲဒီတုန်းက ဘာဖြစ်လို့ မသတ်သွားရတာလဲ မသိဘူး"

ကောင်းကျူကက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း . . . ဟုတ်တယ် . . . သူက ငါမြစ်ထဲမှာ ကျနေတုန်းကလဲ ငါ့ကိုညာတာခဲ့တယ်"

ယို့အင်းပွေ၏ မျက်လုံးများ တစ်ချက်ဝင်းလက်တောက်ပလာလေသည်။

သူမက ကောင်းကျူကအား စူးစိုက်စွာ ကြည့်လိုက်၏။

"ကောင်းအစ်ကိုလေး . . . ရှင်ကမြစ်ထဲမှာ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့တယ်နော်"

ကောင်းကျူကက ခေါင်းညိတ်လိုက်သည်။

သူက ယို့အင်းပွေအား နားမလည်နိုင်စွာဖြင့် ကြည့်ကာ

"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"

ယို့အင်းပွေက တည်ကြည်လေးနက်သောအသံဖြင့် ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

“ဒါဆိုရင် အဲဒီမိန်းကလေးနဲ့ တီတန်ဂိုဏ်းချုပ်ကြီးတို့က ပတ်သက်မှုရှိနေရမယ် . . . တီတန်ဂိုဏ်းချုပ်ကြီးရဲ့ သမီးများ ဖြစ်နေမလားမသိဘူး”

ကောင်းကျူး၏ မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူက ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

“မဖြစ်နိုင်ဘူး . . . သူက တကယ်ဖြူစင်တဲ့ မိန်းကလေး ပါ . . . နောက်ပြီး သူကမြစ်ထဲမှာပဲ ကျန်ခဲ့တယ် . . . တီတန်ဂိုဏ်းချုပ်ကြီးကသာ ကျပ်ကုန်းပေါ်ရောက်တဲ့အထိ စကားလိုက်ပြောပြီး အရက်အိုးနှစ်လုံးကိုလဲ လက်ဆောင်ပေးလိုက်ပါ သေးတယ်”

ယို့အင်းပွေ့က ခေါင်းယမ်းမိလေတော့၏။

ဟုတ်သည်။

သူ့အစ်ကိုလေးသည် ထိုမိန်းကလေးကို အစွဲလန်းကြီး စွဲလန်းနေလေပြီ။

သူမသည် ကောင်းကျူးကို စိတ်ပျက်စွာ ကြည့်မိလေ၏။

ကောင်းကျူးသည် အလွန်တည်ကြည်၍ မိန်းကလေးများနှင့် ကင်းရှင်းသူ ဖြစ်လေသည်။

ယခု အဘယ်ကြောင့် ဤမိန်းကလေးကို တွေမြင်လိုက်သည်နှင့် ရူးရူးမူးမူး စွဲလန်းသွားခဲ့ပါသနည်း။

သို့သော် သူမက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

ဤမိန်းကလေးက တီတန်ဂိုဏ်းနှင့် တစ်မျိုးတစ်ဖုံ ပတ်



သက်ခဲ့ပါလျှင် ကောင်းကျူးက လက်ခံမည်မဟုတ်ကြောင်း နားလည်ထားသည် မဟုတ်ပါလော။

ထို့ကြောင့် သူမက အနည်းငယ် စိတ်သက်သာရာရရှိသွားသည်။

မည်သို့ဆိုစေ . . .

သူမသည် ကောင်းကျူးက တခြားမိန်းကလေးတစ်ယောက်အပေါ် စိတ်ဝင်စားခဲ့သည်ကိုမူ ခံပြင်းနေမိလေသည်။

သူမက တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် . . .

သစ်ပင်အောက်ဆီမှ တီလျှံ၏အော်ဟစ်သံက ထွက်ပေါ်လာလေသည်။

“ကိုးနဂါးသခင်လေး အချိန်မနည်းတော့ဘူး . . . ကျုပ်တို့သွားကြရအောင်”

ကောင်းကျူးက အောက်သို့ခုန်ဆင်းလိုက်၏။

ယို့အင်းပွေ့ကလည်း အောက်သို့ ခုန်ဆင်းလိုက်လာသည်။

သူတို့နှစ်ယောက်သည် ပေါ့ပါးစွာဖြင့် မြေပြင်ပေါ်သို့ ရောက်ရှိသွားကြလေတော့သည်။

ယခုအခါ၌

တီလျှံ၊ ယိချင်း၊ ဟိုဖေ့၊ ဂူးလုံနှင့် တုဟန်တို့သည် ရုပ်ဖျက်ထားကြပြီ ဖြစ်လေသည်။

ကောင်းကျူးက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

“ဟာ . . . ခင်ဗျားတို့က ရုပ်တောင်ဖျက်ထားကြပြီကိုး”

www.burmeseclassic.com

www.burmeseclassic.com



တိလျှတို့ ငါးယောက်က ခေါင်းညိတ်လိုက်ကြ၏။

ယို့အင်းပွေကလည်း မိမိတွင်အသင့်ပါရှိလာသော ရုပ်ဖျက်ဆေးများကို ထုတ်ယူကာ ကောင်းကျူအား ရုပ်ဖျက်ပေးလိုက်လေသည်။

သူသည် ယို့အင်းပွေအား လူရွယ်တစ်ယောက်အသွင် ရုပ်ဖျက်ပေးပြီးနောက် ဘဝင်မကျဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ယို့အင်းပွေ . . . နင့်ရဲ့မျက်လုံးတစ်ဖက်ကို အဝတ်နက်နဲ့ စည်းထားလိုက်စမ်း"

အမှန်တွင် သူက ယို့အင်းပွေသည် မည်မျှပင် ရုပ်ဖျက်ပါစေ . . . ကြည်လင်တောက်ပသော မျက်ဝန်းတစ်စုံနှင့် မျက်တောင်ရှည်များက မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ပေါ်လွင်နေသဖြင့် ယခုကဲ့သို့ မျက်လုံးတစ်ဖက်ကို အုပ်မိုင်းထားလိုက်ခြင်းဖြစ်၏။

ယို့အင်းပွေက နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ . . . အစ်ကိုလေးရယ်"

ကောင်းကျူက ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

သူသည် ယို့အင်းပွေက လျှာရှည်မည်ကို သိရှိထားသောကြောင့် စကားပြတ်အောင် ပြောလိုက်ရလေသည်။

"စကားမရှည်နဲ့ အချိန်တွေ နောက်ကျနေပြီ သွားကြစို့"

ယို့အင်းပွေက သူ၏စကားကြောင့် ဇက်ပုလိုက်သည်။

သူမက ကောင်းကျူအား တစ်ချက်ကြည့်ကာ . . .

"အစ်ကိုလေးက အဘိုးကြီးပုံ ရုပ်ဖျက်ထားတာနဲ့ပဲ . . .



အဘိုးကြီးနဲ့ တူသွားပါရောလား"

ထို့နောက် . . .

သူတို့လူစုသည် တောလမ်းကလေးအတိုင်း လိုက်ကျုံးမြို့သို့ ဦးတည်၍ ခရီးဆက်ခဲ့ကြလေတော့သည်။

◙ ◙ ◙ ◙

ကောင်းကျူတို့လူစုသည် ခြေလှမ်းသွက်သွက်ဖြင့် လှမ်းသာကြ၏။

ဝန်းကျင်တစ်ခုလုံးတွင် သူတို့၏ ခြေသံများမှအပ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူတို့သည် တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြပါ။

သူတို့သည် အတန်ကြာ ခရီးနှင်လာသောအခါ တောအုပ်တစ်အုပ်ကို ကျော်ပြီးသည်နှင့် လိုက်ကျုံးမြို့တွင်းဆီသို့ ရောက်တော့မည်ကို သိလိုက်သည်။

ထို့ကြောင့် ပို၍ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းခဲ့လေသည်။

မကြာမီ သူတို့သည် တောအုပ်ကလေး၏ အဝင်ဝသို့ ရောက်ရှိလာကာ အဝေးသို့ မျှော်ကြည့်လိုက်သည်။

ထိုအခါ လိုက်ကျုံးမြို့သို့ အဝေးမှတွေ့မြင်လိုက်ရသည်။

ညဦးနက်သန်းခေါင်ယံအချိန်ဖြစ်ပြီး နှင်းမှုန်များကျဆင်း

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် လိုက်ကျုံးမြို့သည် မှုန်မှုန်မွှားမွှားသာ မြင်တွေ့နေ သည်။

သို့သော် . . .

လိုက်ကျုံးမြို့သည် တိတ်ဆိတ်ခြောက်သွေ့ခြင်း မရှိပါ။

ထို့ပြင် သီချင်းသံများကိုပင် ကြားနေရသည်။

လိုက်ကျုံးမြို့ တစ်မြို့လုံးတွင် မီးရောင်များ ထိန်ထိန်လင်းနေ၏။

နှင်းမှုန်များကြောင့် မီးရောင်များသည် လင်းသင့်သမျှ မလင်းပါ။

ကောင်းကျူက ထိုမြင်ကွင်းကိုကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်မိ၏။

သူသည် မနက်ဖြန်တွင် ကျရောက်လာမည့် ပွဲတော်ရက်အတွက် မြို့သူမြို့သားများ လှုပ်လှုပ်ရှားရှားဖြင့် ပျော်ရွှင်စွာကြိုဆိုနေသော အခြေအနေကို အခွင့်ကောင်းယူကာ မြို့ထဲသို့ ဝင်ရန်ဆုံးဖြတ်ထားသည် မဟုတ်ပါယော။

ထို့ကြောင့် သူက ယို့အင်းပွေ့တို့အား လှည့်ကြည့်လိုက်သည်။

"အားလုံးမြို့ထဲဝင်ကြမယ် . . . သတိရှိကြပါစေ . . . တစ်ယောက် ဒုက္ခရောက်ရင် တစ်ယောက်က ကူညီဖို့ အသင့်ရှိပါစေ"

သူက ပြောပြီး ရှေ့သို့လှမ်းထွက်လိုက်သည်။

ထိုအချိန်၌ . . .



အေးစက်စက်အသံတစ်ခုက ထွက်ပေါ်လာသည်။

"နောက်ကျသွားပြီ"

ထိုအသံနှင့်အတူ လူတစ်ယောက်က သူတို့ရှေ့သို့ လျှပ်စစ်ပြက် ရောက်ရှိလာလေ၏။

ထိုလူ၏ ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

မျက်လုံးသည် အဝတ်နှစ်ခုကြားမှ စူးရှစွာဖြင့် ကောင်းကျူသို့ ရောက်ရှိနေသည်။

သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ခင်ဗျားတို့အားလုံး ဒီနေ့သေရလိမ့်မယ် . . . ကျုပ်စိတ် သျှာထားလို့သာ ခင်ဗျားတို့ သက်သာတယ်မှတ်ပါ"

ကောင်းကျူက ဓားသွားကဲ့သို့ စူးရှထက်မြက်သော မျက်ဝန်းအစုံအား ပြန်လည်စိုက်ကြည့်လိုက်၏။

"ခင်ဗျားက ကိုယ့်ကိုယ်ကို အထင်ကြီးလှချည်လား . . . တယ်ဆိုရင် နည်းနည်းတော့ စကားပြောဆင်ခြင်သင့်တယ်"

ထိုလူက ကောင်းကျူအား စိုက်ကြည့်လိုက်သည်။

"ကိုးနဂါးသခင်လေး . . . ခင်ဗျားကို ကျုပ်က အခွင့်အရေးတစ်ခုပေးမယ်"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်သည်။

"ဘယ်လိုအခွင့်အရေးလဲ"

ထိုလူက သူ့အားစိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်တို့တိတန်ဂိုဏ်းထဲကို ဝင်လိုက်မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် . . . ခင်ဗျားအတွက် ဘဝတစ်သက်တာမှာ လိုလေသေးမရှိ
အောင် ထားနိုင်ပါတယ်"

ကောင်းကျူက ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က အဲဒီလို အလွယ်တကူရရှိတဲ့ဘဝကို မလိုချင်ပါ
ဘူး . . . လိုချင်တာရှိရင် ကြိုးစားရမယ်ဆိုတာ ကျုပ်နားလည်ပါ
တယ်"

သူက ပခုံးတစ်ချက်တွန့်လိုက်ပြီး စကားဆက်လိုက်သည်။

"ကြိုးစားပြီး ရရှိလာတဲ့အရာဟာ . . . အလွယ်တကူရရှိ
တာထက် တန်ဖိုးကြီးမားပါတယ်"

ထိုလူက သူ့အား စိုက်ကြည့်လိုက်သည်။

သူ၏စူးရှထက်မြက်သော မျက်လုံးအစုံတွင် ချီးကျူးလေး
စားသော ဟန်မူရာများ ပေါ်လွင်လာသည်။

သို့သော် . . .

ထိုလေးစားကြည်ညိုသော ဟန်မူရာများသည် ရုတ်ခြည်း
ပင် ပျောက်ကွယ်သွားကာ အေးစက်စက်ဟန်မူရာသို့ ပြောင်းလဲ
သွားပြန်သည်။

သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကောင်းပြီ . . . ဒါဆိုရင် ကျုပ်နဲ့တိုက်ခိုက်ဖို့ အသင့်
ပြင်ပါ"

ပြောပြီး ဓားကိုဆွဲထုတ်လိုက်သည်။

လဝန်း၏ အလင်းရောင်အောက်တွင် ဖြူဖွေးတောက်ပ
သောအလင်းရောင် လက်ခနဲတောက်ပသွားလေသည်။



သူ၏ဓားဆွဲထုတ်လိုက်ပုံမှာ သေသပ်၍ တိကျလေသည်။

ထို့ပြင် ဓားကိုအသုံးပြုရန် အသင့်အနေအထားမျိုး ကိုင်
င်ထားပြီးဖြစ်၏။ သူက လက်နှစ်ဖက်ဖြင့် ဓားရိုးကို
ကိုင်ကာ ဓားကို ရှေ့သို့ဆန့်တန်းထားလိုက်သည်။ သူ၏
အမူကို တွေ့မြင်ရသောအခါ ကောင်းကျူက အံ့သြ
လန့်သွားမိလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

ထိုလူ၏ ဓားဆွဲထုတ်ပုံနှင့် ဓားကိုင်ပုံမှာ ဟန်တရုတ်သိုင်း
းများ၏ ဟန်မူရာမျိုး မဟုတ်ပါချေ။ ဓားကိုင်ပုံမှာ ပုံစံ
မျိုးဖြစ်နေသည်။

ထိုသိုင်းသမားများနှင့် တိုက်ခိုက်ရာတွင် လွန်စွာခက်ခဲ
သည်။ ထို့ပြင် သူ၏အပြုအမူကို တွေ့မြင်လိုက်ရသည်မှာ
င်းကျူက လူတစ်ယောက်ကို ချက်ချင်းသတိရလိုက်မိလေ

ကောင်းကျူက ထိုလူအား သတိရလိုက်မိသည်နှင့် ခန္ဓာ
တစ်ချက် တုန်ခါသွားမိလေသည်။ သူသည် အံ့သြလွန်းသဖြင့်
န်ကြာအောင် စိုက်ကြည့် နေပြီးမှ . . .

"ကြယ်တံခွန်ဓားသမား"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

▣ ▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

တောအုပ်တစ်ခု၏ အပြင်ဘက်ရှိ လမ်းမတစ်ခုပေါ်တွင် သူတို့လူစုရပ်နေကြခြင်းဖြစ်သည်။

ထိုလမ်းမသည် လိုက်ကျူးမြို့နှင့် ဆက်သွယ်ထားသော်လည်း အသုံးမပြုသည်မှာ ကြာပြီဖြစ်သဖြင့် လူသူကင်းရှင်းနေသည်။

လဝန်းက ထိန်ထိန်သာနေ၏။

ညသည် လဝန်းကြောင့် လှပနေသော်လည်း ကောင်းကျူ၏မျက်နှာမှာမူ အေးစက်စက်ဟန်မူရာများ ပေါ်လွင်နေသည်။

သူသည် မိမိနှင့် သိုင်းပညာအဆင့်မကွာလှသော ကြယ်တံခွန်ဓားသမားကို တွေ့ဆုံရင်ဆိုင်နေရပြီ မဟုတ်ပါလော။

သူသည် အလွန်သဘောထားပြည့်ဝကာ အမြဲတမ်း ပြုံးပြုံးရွှင်ရွှင် နေတတ်သော လူရွယ်တစ်ယောက်ဖြစ်သည်။

ထို့အပြင် မည်သည့်ရန်သူမျိုးနှင့် ရင်ဆိုင်ရပါစေ၊ သူက ပြုံးပြုံးကလေးဖြင့်ပင် ရင်ဆိုင်တတ်သည်။

သို့သော် . . .

ယခု သူက ကြယ်တံခွန်ဓားသမားနှင့် တွေ့ဆုံသောအခါ မပြုံးနိုင်တော့ချေ။

သူ၏ ပြိုင်ဘက်ဓားသမားဖြစ်နေသည် မဟုတ်ပါလော။

သူ၏ရင်ထဲတွင် ကြယ်တံခွန်ဓားသမားအား နာကြည်းမုန်းတီးသော ဟန်မူရာများ ပေါ်လွင်နေသည်။

"ကြယ်တံခွန် ခင်ဗျားသစ္စာဖောက်ခဲ့လို့ . . . ရွှေနဂါးဂိုဏ်းချုပ်ကြီးကို မိစ္ဆာဂိုဏ်းက အခုလိုဖမ်းဆီးနိုင်ခဲ့တာပဲ ဖြစ်ရမယ်"



ကြယ်တံခွန်ဓားသမားက ကျောက်ရုပ်ကဲ့သို့ မားမားမတ်မတ် ရပ်နေရာမှ ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ဟုတ်တယ် . . . ကျုပ်က သစ္စာဖောက်တာမဟုတ်ဘူး သစ္စာရှိတာပါ"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်သည်။

သူက ကြယ်တံခွန်ဓားသမားအား စိုက်ကြည့်ကာ . . .

"ခင်ဗျားဟာ . . . သေလုမျောပါးဒဏ်ရာတွေနဲ့ ရွှေနဂါးဂိုဏ်းရှေ့မှာ လဲကျနေတာတွေလို့ ရွှေနဂါးဂိုဏ်းချုပ်ကြီးက ကယ်တင်ခဲ့တယ် . . . ကျွေးမွေးပြုစုခဲ့တယ် . . . နောက်တော့ ခင်ဗျားရဲ့ သိုင်းပညာကို သဘောကျပြီး ကိုယ်ရံတော်ခန့်ခဲ့တယ် . . . ဒါပေမယ့် ခင်ဗျားက ရွှေနဂါးဂိုဏ်းချုပ်ကြီးကို တိတန်ဂိုဏ်းရဲ့ လက်ထဲအပ်နှံခဲ့တယ် . . . ဒါဟာ ခင်ဗျားက သူ့ကိုသစ္စာဖောက်တာမဟုတ်လို့ ဘာလဲ . . . အင်မတန်စက်ဆုပ်စရာကောင်းတဲ့ အပြုအမူပဲ"

ကြယ်တံခွန်ဓားသမားက ရယ်မောလိုက်၏။

သူက ခေါင်းသွင်သွင်းခါယမ်းလိုက်သည်။

"ကောင်းကျူ မင်းကငယ်ပါသေးတယ် . . . ဒါတွေ ဘာမှ နားမလည်ပါဘူး . . . အမှန်တော့ ကျုပ်က တိတန်ဂိုဏ်းချုပ်ကြီးအပေါ်မှာ သစ္စာရှိရမယ် ပြုစုရမယ် . . . စောင့်ရှောက်ရမယ် . . . သူတို့ရဲ့ ကျေးဇူးတွေက ကျုပ်အပေါ်မှာ မနည်းခဲ့ဘူး

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကြောင့် သူတို့ မိသားစု အကြီးအကျယ်ဒုက္ခရောက်ခဲ့ရတ . . . ဝမ်းနည်းကြေကွဲခဲ့ရတယ် . . . ဆုံးရှုံးခဲ့ရတယ် . . . ဒါ ကျုပ်က ကျေးဇူးမဆပ်သင့်ဘူးလား"

ကောင်းကျူက သူ့အား စိုက်ကြည့်လိုက်သည်။

သူက နားမလည်ဟန်ဖြင့် ကြည့်လိုက်လေသည်။

"ကြယ်တံခွန် ခင်ဗျားက ဒီလောက်ရက်စက်ကြမ်းကြု တဲ့ ဂိုဏ်းချုပ်ကြီးကိုများ ဘာဖြစ်လို့ ဒီလောက်တောင်မှ အမွှ တင်နေရတာလဲ . . . ကျုပ်သိတာတော့ ခင်ဗျားဟာ သစ္စာဖော တစ်ယောက်ပဲ"

ကြယ်တံခွန်မားသမား၏ မျက်ဝန်းအစုံတွင် ခံပြင်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"တိတ်စမ်း . . . မင်းက ဘာရားမှတ်လို့ကိုးကွယ်ထားတ ကိုးနဂါးဂိုဏ်းချုပ်ကြီးနဲ့ ရွှေနဂါးဂိုဏ်းချုပ်ကြီးတို့က တိတန်ဂိုဏ် ချုပ်ကြီးထက် ဆယ်ဆမက ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ . . . နားလည်ထားစမ်းပါ"

ကောင်းကျူက ဒေါသကြီးစွာဖြင့် တုံ့ပြန်ပြောဆိုရန် ဟ ပြင်လိုက်၏။

ထိုအချိန်၌ . . .

ယို့အင်းပွေက သူ၏ရှေ့သို့ လျှပ်တစ်ပြက် တိုးထွက်လ ကာ ကြယ်တံခွန်မားသမားအား ရင်ဆိုင်လိုက်၏။

"နေစမ်းပါဦး . . . ရှင်က ဘာဖြစ်လို့ ဒီလိုပြောရတာလဲ"

ကြယ်တံခွန်မားသမားက ခေါင်းခါယမ်းလိုက်သည်။



"လောလောဆယ် ကျုပ်က ဘာမှမပြောချင်ဘူး . . . ပြောဖို့လဲ အချိန်မရဘူး . . . ကျုပ်ရဲ့တာဝန်က မင်းတို့အားလုံးကို လိုက်ကျူးမြို့ထဲ မရောက်အောင် ဟန့်တားဖို့ပါပဲ"

ကောင်းကျူက နှုတ်ခမ်းကို တင်းတင်းကြိတ်လိုက်သည်။

သူက ကြယ်တံခွန်မားသမားအား ကြည့်ကာ ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

"ကြယ်တံခွန်မားသမား . . . ကျုပ်တို့က လိုက်ကျူးမြို့ထဲသို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဝင်ဖို့ ဆုံးဖြတ်ပြီးပြီ . . . ဒါကြောင့် ကျုပ်နဲ့ ခင်ဗျား ရင်ဆိုင်ကြမယ် . . . ခင်ဗျားနဲ့ ခင်ဗျားဂိုဏ်းသားတစ်ထောင်တားလဲ ဒီနေ့တော့ ကျုပ်တို့ မြို့ထဲကိုဝင်ရမှာပဲ"

"ကောင်းပြီလေ"

ကြယ်တံခွန်မားသမားက ယင်းသို့ပြောပြီး လက်တစ်ချက် လှုပ်ရှားလိုက်သည်။

သူ၏မားသည် ကောင်းကျူ၏ရင်ဝသို့ တန်းတန်းမတ်မတ်ဝင်ရောက်လာသည်။

ကောင်းကျူက မဲ့ပြုံးပြုံးလိုက်သည်။

ကြယ်တံခွန်မားသမားသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ရွှေနဂါးဂိုဏ်းချုပ်၏ ကိုယ်ရံတော် ဖြစ်သည်။

ထို့အပြင် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်သည်။

သို့သော် ကောင်းကျူက ကြယ်တံခွန်မားသမား၏ လျှို့ဝှက်ချက်ကို သိရှိထားသဖြင့် ကြယ်တံခွန်မားသမားက တိုက်ခိုက်

www.burmeseclassic.com

လာသည်နှင့် တစ်ပြိုင်နက် သူက ခြေတစ်လှမ်းဆုတ်ပြီးသား ဖြစ်သည်။

ယင်းကြောင့် ကြယ်တံခွန်ဓားသမား၏ ဓားက ကောင်းကျူ၏ရင်ဝမှ သုံးလက်မခန့်အကွာတွင် ရပ်တန့်သွားလေသည်။

တိုက်ကွက်သိရှိထားသူ တစ်ဦးအား တိုက်ခိုက်ရသည်မှာ မလွယ်ကူလှပါ။

ကြယ်တံခွန်ဓားသမားက ကြောင်အမ်းအမ်း ဖြစ်သွားရ၏။

ယခင်ကဆိုလျှင် သူက လက်ကိုရှေ့သို့ ဆန့်ထုတ်လိုက်ပြီး လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်နှင့် သူ၏ဓားက ရန်သူထံသို့ ထိုးစိုက်မိလျက်သား ဖြစ်သွားရ၏။

ယခုမှာမူ ဓားကလွဲချော်သွားခဲ့ပြီ ဖြစ်သည်။

သူက ကောင်းကျူအား စူးစမ်းဟန်ဖြင့် ကြည့်လိုက်၏။

ကြယ်တံခွန်ဓားသမားက သူ့အား စူးစိုက်၍ ကြည့်လိုက်သည်။

ရုတ်တရက် သူက လက်ကိုရှေ့သို့ ဆန့်ထုတ်လိုက်ပြန်၏။

ထိုအခါ သူ၏လက်ထဲမှ ဓားက ရန်သူ၏ရင်ဝသို့ ဝင်ရောက်သွားပြီဖြစ်လေသည်။

ကောင်းကျူက ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြန်လေသည်။

ဤတစ်ကြိမ်လည်း ဓားချက်က လွဲချော်သွားပြန်၏။



ကြယ်တံခွန်ဓားသမားက မျက်မှောင်ကြုတ်လိုက်သည်။

"ဪ . . . မင်းက ကျုပ်ရဲ့လျှို့ဝှက်ချက်ကို သိထားတာကိုး"

ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။

သူက အေးစက်စက်မျက်ဝန်းအစုံဖြင့် ကြည့်လိုက်သည်။

"ကျုပ်သိတာ မဟုတ်ပါဘူး . . . ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကို သိတဲ့လူက ကျုပ်တို့ဂိုဏ်းချုပ်ကြီး ယို့ဖေကျောင်းပါ"

ထိုစကားကို ကြားလိုက်သောအခါ ကြယ်တံခွန်ဓားသမား၏ မျက်နှာမှာ ကွက်ခနဲပျက်သွားလေသည်။

ကိုးနဂါးဂိုဏ်းချုပ်ကြီး ယို့ဖေကျောင်းက သူ၏လျှို့ဝှက်ချက်ကို ကောင်းကျူအား ပြောပြခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် ကိုးနဂါးဂိုဏ်းချုပ်ကြီးအား မဟာရန်သူအဖြစ် အငြိုးအတေးကြီးစွာ သတ်မှတ်လိုက်လေသည်။

သူက ကောင်းကျူအား စိုက်ကြည့်လိုက်၏။

"ဘာပဲဖြစ်ဖြစ် တစ်နေ့မှာ မင်းကို ကိုးနဂါးဂိုဏ်းကလဲ ကျုပ်တို့ မိစ္ဆာဂိုဏ်းရဲ့ လက်အောက်ကို ကျရောက်ရမှာပဲ"

ကောင်းကျူက ပြုံးလိုက်သည်။

သူ၏အပြုံးသည် မထီမဲ့မြင် အပြုံးမျိုးဖြစ်သည်။

"ကျုပ်ကိုပဲ ကြယ်တံခွန်ဓားနဲ့ သေဆုံးအောင် တိုက်ခိုက်ပါဦး . . . ကိုးနဂါးဂိုဏ်းကို သိမ်းပိုက်ဖို့ဆိုတာ မလွယ်သေးပါဘူး . . . ဂိုဏ်းတစ်ဂိုဏ်းကို ဖြိုတယ်ဆိုတာ တန်ဖိုးတော့ အတော်ပေးရတယ်ဗျ"

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ဓားသမားက သူ့အား နာကြည်းခံပြင်းသော ဟန်မူရာဖြင့် စိုက်ကြည့်လိုက်လေသည်။

"ကောင်းပြီ မင်းကိုကျုပ်က ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်နဲ့ သက်ညှာလို့ အခုလောက် အခွင့်အရေးပေးတာကို နားမလည်ဘူးဆိုရင် . . . သေဖို့သာ ပြင်ပေတော့"

သူက ပြောပြီး ဓားကိုရှေ့သို့ ဆန့်ထုတ်လိုက်သည်။

ကောင်းကျူက နောက်သို့ ခုန်ဆုတ်လိုက်ပြန်၏။

တစ်ဖန် ရုတ်တရက် ဓားကိုဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သို့သော် . . .

ကြယ်တံခွန်ဓားသမားက နောက်သို့ရှောင်တိမ်းသွားခြင်း မရှိဘဲ သူ့အား အဆက်မပြတ်ဖိ၍ တိုက်ခိုက်လိုက်၏။

ထို့နောက် . . .

သူတို့နှစ်ယောက်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလေတော့သည်။

▣ ▣ ▣ ▣

ယို့အင်းပွေ၊ တိလျှံ၊ ယိချင်း၊ ဟိုဖေ့၊ ဝူးလုံနှင့်တုဟန်တို့သည်။ ကောင်းကျူတို့နှစ်ယောက် တိုက်ခိုက်နေကြသည်ကို နံဘေးမှရပ်ကာ ကြည့်နေကြလေသည်။

လက်ရည်ပြင့်သော သူတို့၏တိုက်ပွဲတွင် လက်ရည်နိမ့်သူတို့မှာ ထိုင်ကြည့်ရုံသာ တတ်နိုင်ကြသည်။



သို့သော် ကောင်းကျူ၏ အခြေအနေ မကောင်းလျှင်တော့ ဝင်ရောက်အကူအညီပေးရန် ဆုံးဖြတ်ထားကြသည်။

သို့သော် . . .

သူတို့က မိမိတို့၏ ဆုံးဖြတ်ချက်ကို ပြင်လိုက်ရလေသည်။

အဘယ့်ကြောင့်ဆိုသော် . . .

သူတို့သည် ကောင်းကျူတို့၏ တိုက်ပွဲကို ကြည့်နေကြစဉ် သစ်ပင်များပေါ်မှ အနက်ရောင်ဝတ်ဆင်ထားသော လူများက ခုန်ဆင်းလာကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြသည်။ မဟုတ်ပါလော။

ထို့ကြောင့် သူတို့ကလည်း ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်လိုက်ကြရတော့သည်။

▣ ▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၂

## စတေးခဲ့သောအသက်တစ်ချောင်း

တိုက်ပွဲသည် ပြင်းထန်နေ၏။

ကောင်းကျူသည် ကြယ်တံခွန်ဓားသမားနှင့် တိုက်ခိုက်နေရာမှ ယို့အင်းပွေတို့၏ အခြေအနေကိုလည်း လျှပ်တစ်ပြက် အကဲခတ်ရသေးသည်။ ယို့အင်းပွေမှာ သိုင်းပညာတော်သော်လည်း သိုင်းလောကအတွေ့အကြုံမရှိပေ။

သူက ယင်းသို့ကြည့်နေရင်းမှ ယို့အင်းပွေတို့လူစုက အနက်ရောင်ဝတ်ဆင်ထားသော လူများအား လဲကျအောင် တိုက်ခိုက်နိုင်စွမ်း ရှိကြောင်း တွေ့မြင်လိုက်ရသောအခါ စိတ်သက်သာရာ ရရှိသွားသည်။ ထို့ကြောင့် သူက တိုက်ခိုက်နေရင်းမှ လှည့်ကာအမိန့်ပေးလိုက်၏။

"တိလျှံ . . . အဲဒီလူတွေကို တိုက်ခိုက်ပြီးပြီဆိုရင် လိုက်ကျုံးမြို့ထဲရောက်အောင်သွားပါ . . . ကျုပ်နောက်က လိုက်ခဲ့မယ်"

သူ၏ စကားကြောင့် ယို့အင်းပွေတို့အား တိုက်ခိုက်နေ



သော လူများက ထိတ်လန့်သွားကြသည်။

သူတို့သည် ဖိ၍ တိုက်ခိုက်လာကြသည်။

သို့သော် ကောင်းကျူကလည်း သူတို့ကို မကူညီနိုင်ပေ။

ကြယ်တံခွန်ဓားသမားနှင့် အကြိတ်အနယ် တိုက်ခိုက်နေရသည် မဟုတ်ပါလော။

"အား"

"အိး"

အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်က လွင့်စဉ်သွားကြ၏။ ယခု အနက်ရောင်ဝတ်ဆင်ထားသော လူလေးယောက်သာ ကျန်တော့၏။ သူတို့သည် တိလျှံတို့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်နေလေသည်။

သို့သော် . . .

စွမ်းရည်ချင်းမတူသဖြင့် ကျဆုံးနေကြရခြင်းဖြစ်သည်။

နောက်ဆုံးတွင် အနက်ရောင်ဝတ်ဆင်ထားသူအားလုံး သေဆုံးသွားကြရသည်။ တိလျှံတို့ အနိုင်ရရှိလိုက်ကြပေပြီ။

ကောင်းကျူသည် ကြယ်တံခွန်ဓားသမားအား ဖိ၍တိုက်ခိုက်လိုက်၏။ ကြယ်တံခွန်ဓားသမားသည် မဟန်နိုင်တော့ဘဲ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားနေရလေ၏။

သူသည် ကောင်းကျူအား မယုံကြည်ဟန်ဖြင့် ကြည့်လိုက်၏။ သူက ကောင်းကျူ၏သိုင်းပညာသည် မိမိထင်ထားသည်ထက်ပင် အဆင့်မြင့်လှကြောင်း တွေ့မြင်ရသဖြင့် ထိတ်လန့်ကာ ကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကောင်းကျူးသည် သူ့ထံသို့ ဝင်လာကာ မြင်းပြင်းထန်ထန် တိုက်ခိုက်လာပြန်သည်။

ကြယ်တံခွန်ဓားသမားက ဤတစ်ကြိမ်လည်း နောက်သို့ ဆုတ်လိုက်ရပြန်၏။

ကောင်းကျူးက ကျိတ်၍ပြုံးလိုက်သည်။

သူသည် ချာခနဲလှည့်ကာ ယို့အင်းပွေ၏ လက်ကိုဆွဲ၍ တစ်ဟုတ်ထိုးပြေးထွက်သွားလေတော့သည်။

တိလျှံတို့လူစုကလည်း နောက်မှ ပြေးလွှားလိုက်လာကြ၏။ ကြယ်တံခွန်ဓားသမားက လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေသည်။

"ရပ်လိုက် . . . မင်းတို့မပြေးနဲ့"

သူက အော်ဟစ်အမိန့်ပေးကာ လျင်မြန်စွာပြေးလိုက်လာ၏။ ကောင်းကျူးက ယို့အင်းပွေအားဆွဲ၍ အားကုန်ပြေးလာ သည်။

"မြန်မြန် မြန်မြန် မြို့ထဲရောက်အောင်ဝင် . . . ဒါဆိုရင် ဘာမှ စိတ်မပူရတော့ဘူး . . . အရေးကြီးတာက မြို့ထဲကလူတွေနဲ့ရောရှောင်နိုင်ဖို့ အရေးကြီးတာ"

တိလျှံတို့ လေးယောက်ကလည်း အားကုန် ပြေးလာကြ၏။

ရုတ်တရက် ယိချင်းက ခြေလှမ်းရပ်တန့်လိုက်သည်။

"သခင်မလေးတို့ ဆက်ပြေးကြပါ . . . ကျုပ်က သူနဲ့ ရင်ဆိုင်မယ်"

ကောင်းကျူးက ထိတ်လန့်သွားလေသည်။

သူက ခေါင်းခါယမ်းလိုက်၏။



"မဖြစ်ဘူး . . . သူ့ကို မျက်ခြည်ဖြတ်ပါ . . . ပြီးရင် မြို့ထဲဝင်မယ်"

ယိချင်းက ပြုံးလိုက်သည်။

သူကခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး . . . သူကသာ ကျွန်တော်တို့နဲ့ ပါလာရင် မြို့ထဲမှာရှိတဲ့ တိတန်ဂိုဏ်းက လူတွေက ချက်ချင်းသိသွားကြမယ် . . . ဒါဆိုရင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်ရလိမ့်မယ် . . . ဒါကြောင့် သခင်လေးတို့ အမြန်ဆုံးပြေးကြပါ"

သူသည် မားမားမတ်မတ်ရပ်ကာ ကြယ်တံခွန်ဓားသမားကို ရင်ဆိုင်လေ၏။

ကြယ်တံခွန်ဓားသမားမှာ တွန့်သွားသည်။

သူသည် ရှေ့မှပြေးသည့်သူများကို မမီတော့ကြောင်း ရိပ်မိလိုက်ပြီ။

ကြယ်တံခွန်ဓားသမားက မိမိအား ရင်ဆိုင်တိုက်ခိုက်လာသူမှာ ကောင်းကျူးဟု ထင်မှတ်ကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ယိချင်းက အံကိုတင်းတင်းကြိတ်ကာ ရှေ့သို့တိုး၍ တိုက်ခိုက်လိုက်ပြန်လေသည်။

ထိုအခါကျမှ မိမိအားတိုက်သူမှာ ကောင်းကျူးမဟုတ်မှန်း သိရှိတော့သည်။

ကြယ်တံခွန် ဓားသမားသည် ဓားကိုဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူ၊ ယို့အင်းပွေ၊ တိလျှံ၊ ဝူးလုံ၊ ဟိုဖေ့နှင့် တုဟန်တို့သည် အားကုန်ပြေးလာကြ၏။

သူတို့သည် ယင်းသို့ပြေးလာနေကြသော်လည်း နောက်သို့ မကြာခဏလှည့်ကြည့်နေကြလေသည်။

ယိချင်းနှင့် ကြယ်တံခွန်ဓားသမားတို့သည် တိုက်ခိုက်ကာ ကျန်ခဲ့ကြပြီဖြစ်၏။

သူတို့သည် ယိချင်းက မိမိတို့မြို့ထဲရောက်ရှိစေရန် အသေခံကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နားလည်လိုက်ကြသည်။

ပြေးလွှားနေသည့် သူတို့၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။

သို့သော် . . .

သူတို့သည် ခြေလှမ်းကို ရပ်တန့်လိုက်ခြင်းမပြုပါ။

အားကုန်ပြေးလွှားနေကြ၏။

မကြာမီသူတို့သည် လိုက်ကျုံးမြို့နှင့် တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင် . . .

"အား"

ရတ်တရက်အဝေးဆီမှ စူးရှနာကျင်သော အော်ဟစ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

ထိုအသံသည် ယိချင်း၏ အသံဖြစ်ကြောင်း အားလုံးက သိလိုက်ကြသည်။

သူတို့အားလုံး၏ ခြေလှမ်းများက ရပ်တန့်သွားကြလေ



သည်။

ယို့အင်းပွေက စူးရှစွာ အော်ဟစ်လိုက်သည်။

"ယိချင်း"

ကောင်းကျူကမူ ချာခနဲလှည့်၍ ပြေးလွှားသွားရန် ဟန်ပြင်လိုက်၏။ တိလျှံက ကမန်းကတန်းဆွဲထားလိုက်၏။

"ကောင်းသခင်လေး . . . ယိချင်းသေဆုံးသွားတာက အလဟဿ သေဆုံးသွားတာ မဟုတ်ဘူးနော် . . . သူက ကျွန်တော် တို့ကို မြို့ထဲရောက်စေချင်လို့ အသက်နဲ့ရင်းသွားတာပါ . . . ဒါကို ကျွန်တော်တို့က သူ့ရဲ့ဆန္ဒပြည့်ဝအောင် ဆောင်ရွက်ရမယ်"

ယို့အင်းပွေကလည်း ငိုကြွေးရင်းမှ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် အစ်ကိုလေးရယ် . . . သူ့ရဲ့စတေးခဲ့တဲ့ အသက်တစ်ချောင်းကို အလဟဿ ဖြစ်မသွားပါစေနဲ့"

ကောင်းကျူက ငေးငိုင်သွားလေသည်။ သူက အံကို တင်းတင်းကြိတ်လိုက်ပြီး အဝေးသို့မျှော်ကြည့် လိုက်၏။

ထိုအခါ လူတစ်ယောက်အဝေးမှ ပြေးလိုက်လာနေလေပြီ ကြယ်တံခွန်ဓားသမားမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပါ။

သူတို့သည် စဉ်းစားခြင်းပင်မပြုဘဲ မြို့ထဲသို့ တစ်ဟုန်ထိုး ပြေးဝင်ခဲ့လေတော့သည်။

ကျန်လူများကလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါခဲ့ကြလေ၏။

◻ ◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၃

## ခြေရာလည်းပျောက်ရေလည်းနောက်

"တုံ"

အဝေးဆီမှ အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာသည်။

ညဉ့်တစ်ချက်တီးပြီဖြစ်၏။

ယခင်နေ့များဆီက ညဉ့်တစ်ချက်တီးလျှင် တိတ်ဆိတ်စွာ အိပ်မောကျလျက်ရှိသော လိုက်ကျုံးမြို့တော်သည် ယနေ့ညတွင် လူများစွာဖြင့် စည်းကားလျက် ရှိနေလေသည်။

ထိုလူများသည် ကိုယ့်အုပ်စုနှင့် ကိုယ့်မြေပြင်ပေါ်တွင် ဝိုင်းဖွဲ့၍ ထိုင်ကာ ဗျပ်စောင်းတီး၍ သီချင်းဆိုနေကြ၏။

တချို့ကမူ သီချင်းဆိုနေသူများအား ဝိုင်းဖွဲ့ကာ ကြည့်နေကြလေသည်။

တချို့ကလည်း မိမိတို့အဖွဲ့နှင့် မိမိတို့ဘာသာ လိုက်ကျုံးမြို့ထဲတွင် လှည့်လည်သွားလာနေကြလေသည်။



အမှန်တွင် သူတို့သည် မနက်ဖြန်တွင် ကျရောက်မည့် နေ့ထူးနေ့မြတ်ကို ကြိုဆိုနေခြင်းဖြစ်၏။

ကောင်းကျူတို့ လူစုသည် ထိုလူအုပ်ကြားထဲသို့ တိုးဝင်ကာ ခြေလှမ်းမှန်မှန်ဖြင့် ရောထွေးလျှောက်သွားကြလေသည်။

သူတို့သည် တစ်ခဏကြာအောင် လျှောက်လာပြီးသော အခါ နောက်သို့ မသိမသာလှည့်ကြည့်လိုက်၏။

ထိုအခါ . . .

ကြယ်တံခွန်ဓားသမားသည် လူအုပ်များကြားထဲတွင် တိုးဝှေ့ကာ မိမိတို့အား လိုက်၍ရှာဖွေနေခြင်းကို တွေ့မြင်လိုက်ကြရသည်။

သို့သော် . . .

သူသည် လူများ ရှုပ်ထွေးစည်ကားစွာ သွားလာနေသဖြင့် ကောင်းကျူတို့အား ရှာမတွေ့ဘဲ ဖြစ်နေလေသည်။

ကောင်းကျူက ပြုံးလိုက်မိသည်။

သူက ရှေ့ဘက်လမ်းကြားလေးထဲသို့ ချိုးကွေ့လိုက်လေ၏။

ထိုအခါ . . .

ကျန်လူများကလည်း ချက်ချင်းပင် လမ်းကြားလေးထဲသို့ ကွေ့ဝင်လာခဲ့လေတော့သည်။

◙ ◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



လမ်းကျဉ်းလေးတစ်လမ်းဖြစ်သည်။

ဆိုးရွားသောအနံ့အသက်များသည် လမ်းကျဉ်းလေးထဲတွင် ပျံ့လွင့်နေ၏။

ယို့အင်းပွေက နှာခေါင်းတစ်ချက်တွန့်ကာ ဝန်းကျင်သို့ မျက်လုံးဝေ့၍ ကြည့်လိုက်လေသည်။

လမ်းကျဉ်းလေးထဲတွင် ရှိနေသော လူများအားလုံးမှာ ခန္ဓာကိုယ်ရှိ အဝတ်အစားများ အားလုံးလိုလို ညှိုးနွမ်းနေကြပြီး အကာအရံမဲ့ အရက်ဆိုင်များ စီတန်းထိုင်နေကြသည်။

ထို့ပြင် အရက်သမားများသည် လမ်းဘေးတွင် အချို့က လဲကျနေကြလေသည်။

ကောင်းကျူက ယို့အင်းပွေအား လှည့်ကြည့်လိုက်သည်။

"ယို့အင်းပွေ ဒီနေရာဟာ စီတန်ဂိုဏ်းရဲ့ ဩဇာအာဏာ သက်ရောက်မှု အကြီးမားဆုံးနေရာပဲ . . . ဒါကြောင့် ဒီအတိုင်း ဆက်သွားနေရင် ငါတို့ဒုက္ခရောက်လိမ့်မယ် . . . ဒါကြောင့် ငါတို့က တစ်ခုခုတော့ လုပ်ရလိမ့်မယ်"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်၏။

"အစ်ကိုလေးက ဘာလုပ်ချင်လို့လဲ"

ကောင်းကျူက ခြေလှမ်းရပ်တန့်ကာ အားလုံးသောလူများအား ကြည့်လိုက်၏။

တိလျှံ၊ ယို့အင်းပွေ၊ ဟိုဖေ့၊ ဝူးလုံနှင့်တုဟန်တို့ သူ့အနီးသို့ စုပြုံ၍ ရောက်လာကြလေသည်။

ကောင်းကျူက အသံတိုးတိုးဖြင့် ပြောလိုက်၏။



"ကျုပ်တို့က အနီးဆုံးအရက်ဆိုင်ထဲဝင်ပြီး အရက်သောက်ကြမယ် . . . ဒါပေမယ့် အရက်ကို နည်းနည်းလေးပဲ ဟန်ပြသောက်ပါ . . . ခန္ဓာကိုယ်ပေါ်ကို လောင်းချရမယ် . . . ပြီးရင် လမ်းကြားလေးထဲမှာရှိတဲ့ အရက်သမားတွေနဲ့အတူ လဲကျနေတဲ့ပုံမျိုး လုပ်ထားပါ"

ယို့အင်းပွေက နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

သူမသည် ပုံသဏ္ဌာန်မျိုးစုံဖြင့် လဲကျနေသော အရက်သမားများကိုကြည့်ကာ ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း . . . ကျွန်မက"

ကောင်းကျူက သူမ၏စကားဆုံးအောင်ပင် နားမထောင်ပါချေ။ သူသည် အရက်ဆိုင်ထဲသို့ ကမန်းကတန်း လှမ်းဝင်သွား၏။

တိလျှံ၊ ဟိုဖေ့ ဝူးလုံနှင့် တုဟန်တို့ကလည်း လိုက်ပါသွားကြလေသည်။ ယို့အင်းပွေက မျက်လုံးများ ပြူးကျယ်သွားရလေသည်။

သူမက စောဒက မတက်ဝံ့တော့ဘဲ ကောင်းကျူတို့ နောက်သို့ ပြေးလိုက်သွားရလေတော့သည်။

---

ညဉ့်၏အမှောင်ထုသည် ပို၍ပို၍ သိပ်သည်းလာ၏။

ရိုးရာတေးဂီတသီချင်းသံများမှာ ဟိုမှသည်မှ ပျံ့လွင့်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ ကောင်းကျူးတို့လူစုသည် မနီးမဝေးတွင် လဲကျနေကြသည်။

သူတို့သည် အရက်သမားများနှင့် ရောနှောကာ လဲလျောင်းနေပြီး အရက်အလွန်အကျွံ မူးနေဟန်ဆောင်နေကြရသည်။

ယို့အင်းပွေသည် ကောင်းကျူးနှင့် မနီးမဝေးရှိ လမ်းကျဉ်းလေးထဲတွင် လဲလျောင်းနေ၏။ သူမ၏နံဘေးတွင် အရက်သမားကြီးတစ်ယောက် ရှိနေသည်။

ထိုအရက်သမားကြီးသည် ခန္ဓာကိုယ်အား ယိမ်းထိုးကာ ပျံ့လွင့်လာသော ရိုးရာသီချင်းကို လိုက်၍သီဆိုနေလေသည်။

ယို့အင်းပွေက စိတ်ပျက်သွားမိ၏။

သူမသည် ထိုလူကြီးနံဘေးတွင် ထိုင်ကာ အုတ်နံရံကို လဲလျောင်း၍ အခြေအနေကို စောင့်ကြည့်နေသည်။

ရုတ်တရက် . . .

အရက်သမားကြီးက ရိုးရာသီချင်းကို သီဆိုနေရာမှ ယို့အင်းပွေ၏ ပခုံးကို ဖက်လိုက်သည်။ ယို့အင်းပွေ၏ ခန္ဓာကိုယ်တစ်ချက်တွန့်ခနဲ ဖြစ်သွားရ၏။ သူမက ထိုအရက်သမားကြီးအား တွန်းထုတ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် . . .

ထိုတဒင်္ဂအချိန်လေးမှာပင် လမ်းထဲသို့ အနက်ရောင်ဝတ်ဆင်ထားသော လူသုံးယောက်က လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။



ထိုလူသုံးယောက်သည် ဓားများကို အသင့်အနေအထားပြင်ဆင်ကာ အရက်မူးသမားများအား တစ်ယောက်ချင်းလိုက်ကြည့်နေလေသည်။ သူတို့သည် ကောင်းကျူး၏ အနီးမှ ဖြတ်ကျော်လာပြီး ခေါင်းငိုက်စိုက်ကျနေသော လူတစ်ယောက်၏ ဦးခေါင်းကို ဆွဲလှန် လိုက်သည်။

ထို့နောက် . . .

ဆက်လက်လျှောက်လာပြန်လေသည်။

တစ်ဖန် အခြားအရက်မူးသမား တစ်ယောက်၏ ဆံပင်အား ဆွဲကာလှန်ကြည့်လိုက်ပြန်လေသည်။

ထို့နောက် အခြားအနက်ရောင်ဝတ်ဆင်ထားသော လူဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"သူလား"

တခြား အနက်ရောင်ဝတ်ဆင်ထားသောလူက ခေါင်းခါယမ်းပြလိုက်၏။

"မဟုတ်ဘူး"

ယင်းအသံကြောင့် ကောင်းကျူး၊ ယို့အင်းပွေ၊ တိလျှို၊ ဟိုဖေ့၊ ဝူးလုံနှင့် တုဟန်တို့မှာ ထိတ်လန့်သွားကြလေသည်။

သူတို့သည် ကြယ်တံခွန်ဓားသမားက မိမိတို့အား ကောင်းစွာ မှတ်မိနေပြီဟု ယုံကြည်မိသည် မဟုတ်ပါလော။

ထို့ကြောင့် ရင်ထဲ၌ တဒိတ်ဒိတ်ဖြစ်နေကြ၏။

ယင်းအချိန် အနက်ရောင် ဝတ်ဆင်ထားသော လူသုံးယောက်သည် ဟိုဖေ့၏အနီးသို့ ရောက်ရှိလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဖေ့က ခေါင်းငိုက်စိုက်ချထားလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသော တိတန်တစ်ယောက်က သူ၏ ဦးခေါင်းကို ဆွဲလှန်လိုက်သည်။

ကောင်းကျူ၊ ယို့အင်းပွေ့ တိလျှံ၊ ဝူးလုံနှင့် တုဟန်တို့ ထိတ်လန့်သွားကြလေသည်။

ကောင်းကျူက တစ်စုံတစ်ခု ပြဿနာဖြစ်လာပါလျှင် ဟိုဖေ့အတွက် ကူညီရန် ဓားကိုမသိမသာ ဆုပ်ထားလိုက်၏။

တိတန်တစ်ယောက်ထံမှ အသံထွက်ပေါ်လာလေသည်။

"သူလား"

ကြယ်တံခွန်ဓားသမားက ဟိုဖေ့အား စိုက်ကြည့်နေ၏။

ဟိုဖေ့က မျက်လုံးကို စုံမှိတ်ထားကာ လျှာလေးအားလေး ဖြင့် ပြောလိုက်သည်။

"ဖေ့ . . . ကျုပ်ကို နောက်ထပ်အရက်တစ်အိုးပေးစမ်း"

ပြောရင်း သူက မိမိအားဆွဲထားသော တိတန်ကိုမျက်လုံး တစ်ဝက်ခန့်ဖွင့်ကာ မော့ကြည့်လိုက်သည်။

ကြယ်တံခွန်ဓားသမားက မျက်မှောင်ကြုတ်လိုက်သည်။

သူသည် ဟိုဖေ့အနီးတွင် ထိုင်ချလိုက်၏။

ထိုအခါ ဟိုဖေ့၏ခန္ဓာကိုယ်ပေါ်မှ ဆိုးရွားသောအရက်နံ့များကို ရှူရှိုက်လိုက်ရလေသည်။ သူက နှာခေါင်းတစ်ချက်ရှုံ့ကာ ချက်ချင်းပင် ပြန်ထလိုက်သည်။

"တောက် . . . သောက်ထားလိုက်တာ လူတစ်ကိုယ်လုံး အရက်အိုးထဲက ထွက်လာတာကျနေတာပဲ"



သူက လက်တစ်ချက်ဝှေ့ယမ်း၍ စကားဆက်လိုသည်။

"ငါတို့ ဟိုဘက်ကိုသွားကြမယ်ဟေ့"

ထို့နောက် သူကရှေ့မှဦးဆောင်ကာ ထွက်ခွာသွား၏။

ကျန်နှစ်ယောက်ကလည်း နောက်မှ လိုက်ပါလာကြလေသည်။ ဤသို့ဖြင့် သူတို့သည် ယို့အင်းပွေ့၏အနီးသို့ ရောက်ရှိလာကြလေတော့သည်။

◙ ◙ ◙ ◙

ယို့အင်းပွေ့သည် တိတန်နှစ်ယောက်နှင့် ကြယ်တံခွန်ဓားသမားတို့အား မျက်လုံးတစ်ဝက်ခန့်ဖွင့်၍ကြည့်ကာ အရက်မူးချင်ဟန်ဆောင်နေ၏။

သူမ၏နံဘေးရှိ အရက်သမားကြီးသည် သူမ၏ပခုံးအား သိုင်းဖက်ကာ ဘယ်ညာယိမ်းနွဲ့၍ တေးသီချင်းသီဆိုနေသည်။

သူမကလည်း ထိုအရက်သမားကြီးအား ပြန်လည်ဖက်တွယ်ကာ တေးသီချင်းသီဆိုနေ၏။

ကောင်းကျူက သူတို့အားကြည့်ကာ ပြုံးနေသည်။

ကြယ်တံခွန်ဓားသမားက သူမဘေးရှိ အရက်သမားကြီးအား ဆွဲဖယ်ကြည့်လိုက်သည်။ ဆံပင်ကိုဆွဲပြီး မျက်နှာကို လှန်ကြည့်လိုက်၏။

အရက်သမားကြီးသည် ကြယ်တံခွန်ဓားသမားအား မော့ကြည့်ကာ အော်ဟစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဘယ်သူက ငါ့ကိုလာဆွဲတာလဲ"

ကြယ်တံခွန်ဓားသမားက သူ၏ပါးပြင်အား တစ်ချက်ဖြတ်ရိုက်ချလိုက်၏။

"တိတ်စမ်း . . . ခင်ဗျားရဲ့ပထွေး တိတန်တွေက ဆွဲတာဘာဖြစ်လဲ"

ဟု အေးစက်စက်အသံဖြင့် ပြောလိုက်သည်။

အရက်သမားကြီး၏ မျက်လုံးများ ပြူးကျယ်သွားသည်။

သူသည် ကြယ်တံခွန်ဓားသမားကြောင့် မိမိ၏ ဆက်ရက်မင်းစည်းစိမ်များ လွင့်ပြယ်သွားသဖြင့် အလွန်ဒေါသဖြစ်သွားဟန်တူလေသည်။ သူက မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်သည်။

"ခင်ဗျားရဲ့ တိတန်ဂိုဏ်းကလူတွေက လွန်လွန်းပြီထင်တယ် . . . ဂိုဏ်းအသီးသီးကို ဗိုက်ကျရုံတင်မကဘူး . . . ကျုပ်တို့ရဲ့ ဆင်းရဲသား ရပ်ကွက်လေးထဲက လူတွေကိုပါ ဒုက္ခပေးလာပြီကိုး"

ကြယ်တံခွန်ဓားသမားက အော်ငေါက်လိုက်သည်။

"တိတ်စမ်း . . . ဒီလူသေချင်ပြီထင်တယ်"

အရက်သမားကြီးက ယီးတီးယိုင်တိုင်ဖြင့် ထရှုပ်လိုက်သည်။

သူသည် အရက်အလွန်အကျွံ သောက်ထားသဖြင့် ခန္ဓာကိုယ်က ယိမ်းယိုင်ကာ ယို့အင်းပွေးပေါ်သို့ လဲကျလာ၏။

ယို့အင်းပွေက ကမန်းကတန်း လက်နှစ်ဖက်ဖြင့် တွန်းထားလိုက်ရသည်။ ကြယ်တံခွန်ဓားသမား၏ မျက်ဝန်းအစုံက



ယို့အင်းပွေထံသို့ ရောက်ရှိလာသည်။

"ဟော့ . . . မင်းက သူ့ရဲ့အဖော်လား"

ယို့အင်းပွေက ရင်ထိတ်သွားသည်။

သူမသည် ပါးစပ်ဟလိုက်သော်လည်း အသံများက လည်ချောင်းဝတွင် တစ်ဆို့ပျောက်ကွယ်သွားရလေသည်။

အကြောင်းကား သူမက စကားပြောလိုက်ပါလျှင် မိမိသည် မည်မျှပင် အသံကိုဖျက်ကာ စကားပြောပါသော်လည်း ယခုရောက်ရှိလာကြသော လူများမှာ ထိပ်သီးသိုင်းသမားများ ဖြစ်ကြသဖြင့် လှည့်စား၍မရနိုင်ကြောင်း နားလည်ထားလေသည်။

ထို့ကြောင့် သူမက လက်ဟန်ခြေဟန်ဖြင့် မဟုတ်ကြောင်း ပြောဆိုလိုက်သည်။ တိတန်တစ်ယောက်က သူ့အား လှည့်ကြည့်လိုက်သည်။

"ဆွံ့အနေတဲ့လူနဲ့ တူတယ်"

ယို့အင်းပွေက ဝမ်းသာသွားသည်။

သူမက ကမန်းကတန်း ခေါင်းညိတ်ပြလိုက်ရလေသည်။

ကြယ်တံခွန်ဓားသမားက အရက်သမားကြီးအား ကြည့်လိုက်၏။

အရက်သမားကြီးက လေတစ်ချက်တက်လိုက်သည်။

ထို့နောက် ခေါင်းတွင်တွင်ခါယမ်းကာ ညည်းညူလိုက်၏။

"တိတန်မိစ္ဆာဂိုဏ်းကြောင့် ရွှေနဂါးဂိုဏ်းက သခင်မလေးနဲ့ အလမ္ပာယ်ဆရာမလေးတို့ဟာ အခုဆိုရင် ထွက်ပြေးကြရပြီ . . . အခု တိတန်ဂိုဏ်းက သိုင်းလောကသားတွေတင် မကဘူး

www.burmeseclassic.com

www.burmeseclassic.com



အရက်သမားတွေကိုပါ ဒုက္ခပေးလာပါပေါ့အေ့"

သူ၏စကားကြောင့် ကြယ်တံခွန်ဓားသမားသည် ဒေါသအကြီးအကျယ် ထွက်သွားရ၏။

သူက အရက်မူးသမားကြီး၏ လည်ပင်းအား လက်တစ်ဖက်တည်းဖြင့် ညှစ်ထားလိုက်သည်။

အရက်သမားကြီး ထိတ်လန့်သွားသည်။

"ပြောစမ်း . . . ယို့အော့လျှံတို့က ဘယ်မှာပုန်းနေသလဲ"

ကြယ်တံခွန်ဓားသမားက အသံအစ်အစ်ဖြင့် ပြန်ပြောလိုက်သည်။ အရက်သမားကြီးက သူ့အား ကြည့်လိုက်သည်။

"ကျုပ်မသိဘူး . . . မသိပါဘူးဗျာ"

ကြယ်တံခွန်ဓားသမားက သူ့အား စိုက်ကြည့်လိုက်သည်။

သူ၏မျက်လုံးထဲတွင် လူသတ်လိုက်သော အရိပ်အယောင်များ ပေါ်လာနေသည်။

"ပြောစမ်း . . . တစ်ချိန်တုန်းက ဒီရပ်ကွက်ထဲမှာပဲ ယို့အော့လျှံတို့က ပျောက်သွားခဲ့တယ် . . . ဒါဟာ ခင်ဗျားရဲ့လက်ချက်ပဲ ဖြစ်ရမယ်"

သူ၏စကားကြောင့် ကောင်းကျူတို့၏ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားကြသည်။ သူတို့သည် အရက်သမားကြီးက ကြယ်တံခွန်သိုင်းသမားအား တစ်စုံတစ်ခု ပြောလိုက်မည်ကို စိုးရွံ့နေကြ၏။

သို့သော် . . .

သူတို့သည် အရက်သမားကြီးအား နှုတ်မပိတ်ရက်ပါချေ။

အမှန်တွင် သူတို့ကလည်း ယို့အော့လျှံတို့က မည်သည့်နေရာသို့ရောက်ရှိနေသည်ကို သိရှိလိုလှသည်မဟုတ်ပါလော။



ထို့ကြောင့် သူတို့သည် အရက်သမားကြီးထံမှ စကားကို တိတ်ဆိတ်စွာဖြင့် နားစွင့်နေကြသည်။

အရက်သမားကြီးက ကြယ်တံခွန်ဓားသမားအား ကြည့်လိုက်၏။ သူသည် မိမိ၏လည်ပင်းအား နိုင့်ထက်စီးနင်းဖြင့် ကြယ်တံခွန်ဓားသမားက ညှစ်ထားသည်ကို မခံရပ်နိုင်ဖြစ်နေမိ၏။

"နေစမ်းပါဦး . . . ခင်ဗျားတို့က ဘာဖြစ်လို့ ရွှေနဂါးဂိုဏ်းက သခင်မလေးကို ဒီလောက်အသဲအမဲရှာနေတာလဲ . . . ရွှေနဂါးဂိုဏ်းချုပ်ကြီးလဲ ဖမ်းထားတယ် . . . ဒါနဲ့တင်အားမရဘူး ရွှေနဂါးသခင်မလေးကိုပါ ဒုက္ခပေးချင်နေတာလား"

သူ၏ စကားဆုံးသည်နှင့် တိတန်နှစ်ယောက်၏ လက်ဝါးများက လျှပ်တစ်ပြက် လှုပ်ရှားသွားကြလေသည်။

"ဖြန်း . . . ဖြန်း"

အရက်သမားကြီးက မြေပြင်ပေါ်သို့ ဟပ်ထိုးလဲကျသွားလေသည်။ သူက တိတန်နှစ်ယောက်နှင့် ကြယ်တံခွန်ဓားသမားအား နာကြည်းခံပြင်းသောဟန်ဖြင့် ကြည့်လိုက်သည်။

"အရှူးတွေ . . . အရူးတွေ . . . သိုင်းလောကတစ်ခုလုံးကို သွေးချောင်းစီးအောင် လုပ်ရုံတင်မကဘူး . . . ကျုပ်တို့လိုဆင်းရဲသား လူတန်းစားတွေကို ချွေးတပ်စွဲပြီး . . . နန်းတော်ကြီးတမျှကြီးကျယ်တဲ့ တိတန်ဂိုဏ်းကို တည်ထောင်ခဲ့တယ် . . . အစာရေစာကို ဝအောင်မကျွေးဘဲ နှိပ်စက်ညှဉ်းပန်းခဲ့လို့ ကျုပ်သားကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



သားငယ် သေဆုံးခဲ့ရတယ် အလားတူသေခဲ့ရတဲ့ လူတွေလဲ မနည်းဘူး . . . လူယုတ်မာတွေ . . . မင်းတို့က ကြာလေ ကြာလေ တိရစ္ဆာန် အရိုင်းအစိုင်းတွေနဲ့ တူလာလေပဲ"

သူသည် မိမိခံစားထားရသမျှကို ပေါက်ကွဲစွာဖြင့် အော်ဟစ်ပြောဆိုလိုက်၏။

"ခွမ်း"

တိတန်တစ်ယောက်က ဓားကိုဆွဲထုတ်လိုက်သည်။

သူက အရက်သမားကြီး၏ရင်ဝသို့ ထိုးစိုက်ရန်ဟန်ပြင်လိုက်၏။

"မလုပ်နဲ့"

ကြယ်တံခွန်ဓားသမားက ကမန်းကတန်း ဟန့်ထားလိုက်၏။ တိတန်းက သူ့အား လှည့်ကြည့်လိုက်သည်။

သူက ခံပြင်းသော ဟန်ဖြင့် ပြေလိုက်၏။

"ဒီလောက်စကားများတဲ့လူကို ပါးစပ်ပိတ်ပစ်လိုက်တာ အကောင်းဆုံးမဟုတ်လား"

ကြယ်တံခွန်ဓားသမားသည် ကောက်ကျစ်စဉ်းလဲစွာဖြင့် ရယ်မောလိုက်သည်။

"အဟင်း . . . ဟင်း နေပါဦးကွာ . . . သူ့ဆီက သိချင်တာလေးတွေ မေးရဦးမယ်လေ"

အရက်သမားကြီးက နာကျင်နေသောပါးပြင်ကို လက်တစ်ဖက်ဖြင့်ပွတ်ရင်း နီရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုသည်။

"ဘာမေးမလို့လဲ . . . ဘာမှမမေးနဲ့မပြောဘူး"



ကြယ်တံခွန်ဓားသမား၏ မျက်ဝန်းအစုံတွင် ကောက်ကျစ်စဉ်းလဲသော ဟန်မူရာများ ပေါ်လွင်လာသည်။

သူက အရက်သမားကြီး၏ လည်ပင်းသို့ ဓားချွန်ဖြင့် ထောက်လိုက်၏။ အရက်သမားကြီး၏ ခန္ဓာကိုယ် တစ်ချက်တွန့်ခနဲဖြစ်သွားလေသည်။

"အ"

သူက တစ်ချက်အော်လိုက်သော်လည်း အံကိုတင်းတင်းကြိတ်ကာ ကြယ်တံခွန်ဓားသမားအား ကြည့်နေလေသည်။

ကြယ်တံခွန်ဓားသမားက ဓားဦးကို အရက်သမားကြီး၏ လည်ပင်းသို့ အနည်းငယ်ဖိထိုးလိုက်၏။

သွေးများ ယိုစိမ့်ထွက်လာသည်။

ထို့နောက် အေးစက်စက်အသံဖြင့် ပြောလိုက်သည်။

"ခင်ဗျား . . . အသက်မသေချင်ဘူးဆိုရင် . . . သခင်မလေးယို့ အော့လျှံတို့ ဘယ်မှာရှိတယ်ဆိုတာ . . . ပြောပါ"

အရက်သမားကြီးသည် နာကျင်လွန်းသောဝေဒနာကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်လာသည်။

ကောင်းကျူး၊ ယို့အင်းပွေ၊ တိလျှံ၊ ဟိုဖွေ၊ ငူးလုံနှင့် တုဟန်တို့သည် ကြယ်တံခွန်ဓားသမား၏ ရက်စက်ကြမ်းကြုတ်ပုံကိုကြည့်ကာ ရှုံ့မှုန်းလာမိသည်။

သူတို့၏စိတ်ကို ကြာလျှင် ထိန်းနိုင်တော့မည်မဟုတ်ချေ။

ဝင်ရောက်ထိုးခုတ်မိပေလိမ့်မည်။

သို့သော် . . .

www.burmeseclassic.com

www.burmeseclassic.com



သူတို့က နည်းနည်းမျှမလှုပ်ရှားဝံ့ဘဲ အခြေအနေကိုစောင့်ကြည့်နေရသည်။

အဘယ့်ကြောင့်ဆိုသော် . . .

တီတန်ဂိုဏ်းသားနှစ်ယောက်နှင့် ကြယ်တံခွန်ဓားသမားတို့က ဤလမ်းကျဉ်းကလေးထဲသို့ သုံးယောက်တည်းဝင်လာခဲ့သော်လည်း တီတန်ဂိုဏ်းသားအချို့ကို လမ်း၏အဝင်ဝနှင့် ထွက်ပေါက်များတွင် ပိတ်ဆို့ကာ အစောင့်ချထားခဲ့မည်ကို ကြိုတင်တွက်ဆထားမိသည် မဟုတ်ပါလော။

ထိုအချိန်မှာပင် . . .

အရက်သမားကြီးက ကြယ်တံခွန်ဓားသမားအား စိုက်ကြည့်လိုက်၏။ သူက နာကြည်းခံပြင်းသောဟန်ဖြင့် ပြောလိုက်သည်။

"သခင်မလေးယို့အော့လျံက ကျုပ်ရဲ့ရင်ထဲမှာရှိတယ် . . . ခင်ဗျားတို့က သူရှိတဲ့နေရာကို တွေ့ချင်တယ်ဆိုရင် ကျုပ်ရင်ကို ခွဲပြီးရှာမှတွေ့နိုင်တယ်"

သူ၏ အသံက ပြတ်သားလှပေသည်။

ကြယ်တံခွန်ဓားသမားက အရက်သမားကြီးထံမှ ယို့အော့လျံတို့ရှိသည့်နေရာကို မည်သည့်နည်းနှင့်မျှ သိရှိနိုင်မည်မဟုတ်ကြောင်း သဘောပေါက်လိုက်သည်။

ထို့ကြောင့် တီတန်ဂိုဏ်းသားနှစ်ယောက်အား ကြည့်လိုက်၏။

"သူ့ဆီကသတင်းကို ဘယ်နည်းနဲ့မှ ကျုပ်တို့မရနိုင်တော့ဘူးဆိုတာ . . . ခင်ဗျားတို့ သိတယ်မဟုတ်လား"



တီတန်ဂိုဏ်းသားနှစ်ယောက်က ခေါင်းညိတ်ပြလိုက်သည်။ ကြယ်တံခွန်ဓားသမား၏ မျက်လုံးများတွင် ကောက်ကျစ်စဉ်းလဲသော ဟန်မူရာများ ပေါ်လွင်လာသည်။

"သူ့ကိုကြည့်ရတာ . . . ဒီသတင်းကို ကိုးနဂါးသခင်လေးတို့ သိအောင် ပြောဖို့စောင့်နေပုံပဲ . . . ဒါကြောင့် ကျုပ်တို့က ကိုးနဂါးသခင်လေးဆီကို ဒီသတင်းမရောက်အောင် . . . လုပ်သင့်တယ်"

သူ၏စကားကြောင့် အရက်သမားကြီး၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားမိလေသည်။ သူသည် ကြယ်တံခွန်ဓားသမား၏ စကားကို ကောင်းစွာ နားလည်လိုက်သည် မဟုတ်ပါလော။

သို့သော် . . .

သူက အံကိုတင်းတင်းကြိတ်လိုက်၏။

"တီတန်မိစ္ဆာဂိုဏ်းသားတွေအနေနဲ့ ကျုပ်အသက်သေရမှာကို ကြောက်ရွံ့တုန်လှုပ်နေစရာ မလိုပါဘူး . . . ဒါပေမယ့် ခင်ဗျားတို့ နားလည်ရမှာက ကျုပ်ဟာ တစ်ချိန်က ရွှေနဂါးဂိုဏ်းက အစောင့်တစ်ယောက်ပဲ . . . နောက်ပြီး ကျုပ်သားနှစ်ယောက်ဟာ ခင်ဗျားတို့ရဲ့ ယုတ်မာမှုကြောင့် သေဆုံးခဲ့ရတယ် . . . ဒါကြောင့် ခင်ဗျားတို့ကို ဒီအတိုင်း ခေါင်းငုံ့ခံမယ်မထင်နဲ့ ကဲကွာ"

သူက ပြောပြီး လည်ပင်းတွင် ထောက်ထားသောဓားကို သက်ဝါးတစ်ဖက်ဖြင့် ပုတ်ထုတ်လိုက်သည်။

တစ်ဆက်တည်းမှာပင် ကြယ်တံခွန်ဓားသမား၏ ရင်ဝသို့

www.burmeseclassic.com

www.burmeseclassic.com



လက်သီးတစ်လုံးဖြင့် ထိုးသွင်းလိုက်၏။

"ဝုန်း"

မမျှော်လင့်ထားသော အခြေအနေကြောင့် ကြယ်တံခွန်ဓားသမားက ရှောင်တိမ်းနိုင်စွမ်းမရှိပါချေ။

သူက နောက်သို့ ခြေနှစ်လှမ်းခန့် ဒယီးဒယိုင်ဖြင့် ဆုတ်သွားရ၏။ တိတန်ဂိုဏ်းသားနှစ်ယောက်သည် အရက်သမားကြီးက ယခုကဲ့သို့ တိုက်ခိုက်လာလိမ့်မည်ဟု မျှော်လင့်မထားသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားကြရသည်။

သို့သော် ချက်ချင်းပင် ဓားနှစ်လက်ဖြင့် အရက်သမားကြီး၏ ရင်ဝသို့ ထိုးစိုက်လိုက်ကြသည်။

သူတို့၏ ဓားနှစ်လက်သည် လျှင်မြန်၍ တိကျလှ၏။

သို့သော် . . .

ရုတ်တရက် ဓားနှစ်လက်က သူတို့၏ ဓားနှစ်လက်အား ဟန့်တားရိုက်ချလာလေသည်။

"ခြွင်"

"ခြွင်"

သံသံချင်း ထိသံများက ဆူညံစွာ ထွက်ပေါ်လာသည်။

တိတန်နှစ်ယောက်သည် ချာခနဲလှည့်ကြည့်လိုက်၏။

သူတို့၏ ဓားနှစ်လက်ကို ဟန့်တားလာသော ဓားပိုင်ရှင်နှစ်ယောက်အား လှည့်ကြည့်ခြင်းဖြစ်သည်။ တွေ့ရပါလေပြီ။

ထိုလူနှစ်ယောက်ကား အဘိုးအိုဟန် ရုပ်ဖျက်ထားသော ကောင်းကျူးနှင့် လက်သမားကြီးဟန် ရုပ်ဖျက်ထားသော တိလျှံတို့



ဖြစ်၏။ တိတန်နှစ်ယောက်သည် မဲ့ပြုံးပြုံးလိုက်သည်။

သူက နံဘေးရှိ တိတန်ဂိုဏ်းသားအား လှည့်ကြည့်ပြီး -

"နံပါတ်ငါး . . . အခုတော့ သူတို့က ထွက်လာကြရပြီ ဟုတ်လား"

နံပါတ်ငါး ဘိတန်ဂိုဏ်းသားက ခေါင်းညိတ်ပြလိုက်သည်။

"နံပါတ်နှစ် ဒီလိုအခွင့်အရေးမျိုး နောက်ထပ်ရဖို့မလွယ်ဘူးနော် . . . အားလုံးတစ်ယောက်မှ မလွတ်စေနဲ့"

ကြယ်တံခွန်ဓားသမားက အားပါးတရ ရယ်မောလိုက်သည်။ သူက ကောင်းကျူးတို့အား ကြည့်ကာ အေးတိအေးစက်သံဖြင့် . . .

"နောက်ဆုံးတော့ . . . မင်းတို့တွေ ထွက်လာရပြီ ဟုတ်လား . . . ဟား . . . ဟား . . . ဟား"

ကောင်းကျူးနှင့် တိလျှံတို့သည် အရက်သမားကြီးရှေ့တွင် ချင်းယှဉ်ကာ ရပ်တန့်လိုက်သည်။

ကောင်းကျူးက ကြယ်တံခွန်ဓားသမားနှင့် တိတန်ဂိုဏ်းသားနှစ်ယောက်အား မျက်လုံးဝေ့ကာ ကြည့်လိုက်၏။

ထို့နောက် တစ်ချက်ပြုံးကာ ပခုံးတစ်ချက်တွန့်လိုက်သည်။

"စိတ်မကောင်းစရာပဲ . . . ကျုပ်တို့က ခင်ဗျားတို့မသိတတ်တဲ့ . . . လျှို့ဝှက်ချက်ကို သိရတော့မယ်"

ကြယ်တံခွန်ဓားသမားက အားပါးတရ ရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား ကြည့်ကြသေးတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြီး ရှတ်တရက် ဓားဖြင့် တိုက်ခိုက်လိုက်သည်

သူ၏ဓားသည် ကောင်းကျူး၏ ရင်ဝသို့ ထိုးစိုက်လာလေ
သည်။

အမှန်တွင် သူက ကောင်းကျူးအနေဖြင့် နောက်ဆု
ရှောင်တိမ်းသွားမည်ဟု ခန့်မှန်းမိထားသဖြင့် ထိုသို့ထိုးသွင်းလို
ခြင်းဖြစ်သည်။

သူသည် ကောင်းကျူးက နောက်ဆုတ် ရှောင်တိမ်းသွာ
သည်နှင့်တစ်ပြိုင်နက် အရက်သမားကြီးအား သတ်ဖြတ်၍ နှု
ပိတ်ပစ်ရန်ဖြစ်သည်။

သို့သော် . . .

ကောင်းကျူးက သူ၏အကြံအစည်ကို ကောင်းစွာသိ
ထားသည်။ ထို့ကြောင့် သူက နောက်ဆုတ်ရှောင်တိမ်းသွားခြင်းမ
ပါချေ။ ထို့ပြင် ကြယ်တံခွန်ဓားသမား၏ ဓားအား လည်ညိုးဖြ
တစ်ချက်တောက်ထုတ်လိုက်သည်။

"ဖြောက်"

ရှတ်တရက် ဓားက ထက်ပိုင်းကျိုးသွားလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင် . . .

ကောင်းကျူးက သူ၏ရင်ဝသို့ ဓားဖြင့် ထိုးသွင်းလိုက်
သည်။ ကြယ်တံခွန်ဓားသမားက ထိတ်လန့်တုန်လှုပ်သွားသည်

သူသည် ဤဓားဖြင့် သိုင်းလောကတွင် လျှမ်းလျှမ်းတော
ကျော်ကြားသော ဓားသမားအဖြစ် ရပ်တည်ခဲ့၏။

ထို့ပြင် ဤဓားတွင် ပြိုင်ဘက်အတော်များများ၏ သွေ



ား စွန်းထင်းနေခဲ့သည်။

ယင်းကြောင့် မိမိ၏ဓားအား ကောင်းကျူးက ချိုးပစ်လိုက်
သောအခါ အတိုင်းအဆမရှိအောင် ထိတ်လန့်တုန်လှုပ်သွားကာ
ားကျိုးအား ငေးငိုင်ကာ ကြည့်နေမိ၏။

ထိုတဒင်္ဂလေးမှာပင် . . .

ကောင်းကျူး၏ ဓားသည် သူ၏ရင်ဝသို့ လျှပ်တစ်ပြက်
ိုးဝင်လာလေ၏။ သူက ထိတ်လန့်ကာ နောက်သို့ ခုန်ဆုတ်ရန်
န်ပြင်လိုက်သည်။

သို့သော် သူက ယင်းသို့မဆုတ်နိုင်တော့ချေ။

အကြောင်းကား သူ၏နောက်တွင် အေးစက်စက် အငွေ့
အသက်ကို သူက ခံစားလိုက်ရသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဓားကျိုးဖြင့် နောက်သို့လှည့်ကာ
ပါက်လိုက်၏။ ရှတ်တရက် သံ, သံချင်းထိရိုက်သံတစ်ချက် ထွက်
ါ်လာလေသည်။ တစ်ချိန်တည်းမှာပင် သူတို့၏ နောက်၌ ဓား
ိုင်ထားသော လူသုံးယောက်က တိုက်ခိုက်ရန် အသင့်အနေ
အထားဖြင့် ရပ်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်ကား တခြားလူများ မဟုတ်ပါချေ။

ဟိုဖေ၊ ငူးလုံနှင့်တုဟန်တို့ပင် ဖြစ်ကြလေတော့သည်။

ငူးလုံသည် ကြယ်တံခွန်ဓားသမားက ကောင်းကျူးအား

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လာစဉ်ကပင် ဓားကိုဆွဲထုတ်ထားပြီး ဖြစ်သည်။

သူက ကောင်းကျုကဲ့သို့သော အလွန်သိုင်းပညာအဆ... မြင့်၍ ယုဉ်ပြိုင်သူတစ်ဦးက အနက်ရောင် သိုင်းသမားအား မ... သို့မျှ သက်ညှာလိမ့်မည် မဟုတ်ဟု နားလည်ထားသည်။

ထို့အပြင် ...

သူသည် ကြယ်တံခွန်ဓားသမား နောက်သို့ဆုတ်လာရမ... ဟု ကြိုတင်တွက်ဆထားသည်။

ယခု သူ၏ကြိုတင်တွက်ဆမှုသည် မှန်ကန်နေလေပြီ...

ထို့ကြောင့် သူက စဉ်းစားခြင်းပင် မပြုဘဲ ဓားဖြင့် တိ... တဆိတ် ထိုးသွင်းလိုက်ခြင်းဖြစ်သည်။

သို့သော် ကြယ်တံခွန်ဓားသမားက အတွေ့အကြုံ ... ကျက်သော သိုင်းသမားတစ်ယောက် ဖြစ်သဖြင့် ချက်ချင်း... နောက်သို့ ခုန်ဆုတ်ရန် ဟန်ပြင်ပြီးမှ ချာခနဲလှည့်ကာ ဓားက... နှင့် ပစ်ပေါက်လိုက်ခြင်း ဖြစ်သည်။

ဝူးလုံက ဓားကျိုးအား ခတ်ထုတ်လိုက်ရသည်။

ကြယ်တံခွန်ဓားသမားက သူ့အားစူးရှသော မျက်လုံး အ... ဖြင့်ကြည့်၍ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ခေါင်းဝှက်ထားတဲ့လ... တွေ ... အခုတော့ တစ်ယောက်ပြီး တစ်ယောက် ထွက်လာ... ပါရောလား"

ယင်းအချိန်မှာပင် တိတန်ဂိုဏ်းသား နှစ်ယောက်သ... သူ့အား လှည့်ကြည့်လိုက်၏။

"ခင်ဗျားပြောတော့ ... ခြောက်ယောက်ဆို အခုတော့ ငါးယောက်ဖြစ်နေပါလား"

ကြယ်တံခွန်ဓားသမားက မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်မပူပါနဲ့ အချိန်တန်ရင် ... တစ်ယောက်ပြီးတစ်ယောက် ခေါင်းထွက်လာကြမှာပါ"

တိတန်ဂိုဏ်းသားနှစ်ယောက်က အေးစက်စက်ဖြင့် ရယ်မောလိုက်သည်။ နံပါတ်နှစ် တိတန် အတန်ကြာမျှ ရယ်မောပြီးမှ ကြယ် တံခွန်ဓားသမားဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဒါဆိုရင် ... ကျုပ်တို့က အဲဒီတစ်ယောက်ကို ထွက်လာအောင် လုပ်ရမှာပေါ့"

ကြယ်တံခွန်ဓားသမားက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ် ... သူတို့ထဲက အဲဒီတစ်ယောက်ကို ဖော်ထုတ်ရမယ်"

ကောင်းကျုက ရယ်မောလိုက်သည်။

"ခင်ဗျားတို့က တကယ်ပဲ သူ့ကိုထွက်လာအောင် ... လုပ်နိုင်မှာလား"

ကြယ်တံခွန်ဓားသမားက သူ့အား လှည့်မကြည့်ပါချေ။

သူသည် ဝူးလုံနှင့်တုဟန်တို့အား အကဲခတ်ကြည့်ရင်း အေးစက်စက်ဖြင့် ရယ်မောလိုက်သည်။

"အဟင်း ... ဟင်း သေချာတာကတော့ ... ကျုပ်တို့က ဟိုအရက်သမားကြီးကို တိုက်ခိုက်မယ်ဆိုရင် အဲဒီလူက သေသေချာချာ ထွက်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူကု ရယ်မောလိုက်သည်။ သူ၏ ရယ်မောသံတွင် လှောင်ပြောင်သရော်မှုများ ပေါ်လွင်နေသည်။

သူက ရယ်မောပြီး ခေါင်းညိတ်လိုက်သည်။

"ဟား . . . ဟား . . . ဟား ကောင်းပြီ . . . ခင်ဗျားတို့က ကျန်တဲ့တစ်ယောက်ကို ထွက်လာအောင် လုပ်လိုက်ပါ"

တီတန်နှစ်ယောက်က အေးစက်စက်အသံဖြင့် ပြောလိုက်၏။

"ဂိုဏ်းခွဲမှူးကြီး ကြားတယ်မဟုတ်လား . . . ကဲ . . . ဘယ်လိုလုပ်ပြီး ကျန်တဲ့တစ်ယောက် ထွက်အောင် လုပ်မယ်ဆိုတာပြောပါဦး"

ကောင်းကျူကု ပြုံးနေလေသည်။ ကြယ်တံခွန်ဓားသမားက သူတို့အား လှည့်မကြည့်ချေ။ သူသည် ဝူးလုံနှင့်တုဟန်တို့အား မျက်တောင်မခတ် စိုက်ကြည့်ကာ . . .

"ကျုပ်ပြောမယ် . . . ခင်ဗျားတို့က အရက်သမားကြီးရဲ့ ဘေးနားမှာ ထိုင်နေတဲ့လူကို ဖမ်းချုပ်ထားလိုက်ပါ"

ဟု အမိန့်ပေးလိုက်လေသည်။

တီတန်နှစ်ယောက်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ"

သူတို့ကပြောပြီး အရက်သမားကြီး၏ နံဘေးတွင် ထိုင်နေသော လူရွယ်ကို လှမ်းကြည့်လိုက်သည်။ ရုတ်တရက် သူတို့၏ မျက်လုံးများ ပြူးကျယ်သွားကြသည်။

သူတို့က စကားမပြောနိုင်ဘဲ ကြက်သေ, သေကာကြည့်နေကြ၏။ ကြယ်တံခွန်ဓားသမားက ဝူးလုံတို့အား လှည့်ကြည့်နေရာမှ မေးလိုက်သည်။



"ဘာငိုင်နေကြတာလဲ . . . အဲဒီလူကို ဖမ်းလိုက်လေ"

တီတန်ဂိုဏ်းသားနှစ်ယောက်က တုတ်တုတ်မျှမလှုပ်ပါ။

ကြယ်တံခွန်ဓားသမားက မျက်မှောင်ကြုတ်လိုက်သည်။

သူသည် တီတန်နှစ်ယောက်က အဘယ်ကြောင့် တုတ်တုတ်မလှုပ်ကြသည်ကို စဉ်းစား၍မရနိုင်ဘဲရှိနေ၏။

ထို့ကြောင့် သူက တီတန်နှစ်ယောက်အား လှည့်ကြည့်လိုသောဆန္ဒများ ပြင်းထန်လာသည်။

သို့သော် . . .

သူက လှည့်မကြည့်ဝံ့ပါ။ လှည့်မကြည့်ရဲပါ။

အဘယ်ကြောင့်ဆိုသော် . . .

သူက တီတန်နှစ်ယောက်ဘက်သို့ လှည့်ကြည့်လိုက်ပါလျှင် ဝူးလုံတို့သုံးယောက်က မိမိအား ချမ်းသာပေးမည်မဟုတ်ဟု နားလည်ထား၍ ဖြစ်ပေသည်။

ထို့ကြောင့် သူက လှည့်ပင်မကြည့်ဝံ့ဘဲ မေးလိုက်၏။

"နံပါတ်ငါးနဲ့နှစ် ဘာဖြစ်နေကြတာလဲ"

တီတန်နံပါတ်ငါးနှင့် နံပါတ်နှစ်တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

တစ်ခဏကြာမှ နံပါတ်နှစ်က အိပ်မက်မှ လန့်နိုးလာသူပမာ ပြောလိုက်၏။

"သူတို့မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကြယ်တံခွန်ဓားသမား၏ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိလေသည်။

"ဘာ . . . ဘယ်သူတွေမရှိတာလဲ"

နံပါတ်နှစ်က အံ့ဩနေသည့် စိတ်ကို ထိန်းချုပ်၍ ပြောလိုက်လေသည်။

"အရက်သမားကြီးနဲ့ . . . ဟိုကောင်လေးလေ"

ကြယ်တံခွန်ဓားသမား၏ ခန္ဓာကိုယ်က တစ်ချက်တုန်ခါသွားသည်။

"ဘယ်လို"

သူက ယင်းသို့အော်ဟစ်ရင်းနှင့်တိတန်နှစ်ယောက်အနီးသို့ လွှားခနဲရောက်ရှိသွားသည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်စီးလက်လိုက်သည့် အလားလျင်မြန်လှ၏။

ထို့ကြောင့် . . .

ဟိုဖွေ၊ ဂူးလုံနှင့် တုဟန်တို့သုံးယောက်က ဓားဖြင့်ထိုးသွင်းလိုက်သည့်တိုင်အောင် သူ့အား မထိဘဲ လေဟုန်ကိုသာ ထိုးသွင်းမိကြတော့သည်။

ကြယ်တံခွန်ဓားသမားက သူတို့အား လှည့်မကြည့်နိုင်ပါချေ။ သူသည် ကောင်းကျူတို့နောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ . . .

ကောင်းကျူတို့ နောက်ဘက်တွင် အရက်သမားကြီးနှင့်



လူရွှယ်တို့အား မတွေ့ရတော့ချေ။

သူ၏ ရင်ထဲ၌ ခံပြင်းလာမိသည်။

သူက မျက်မှောင်ကြုတ်လိုက်၏။

သူသည် ပတ်ဝန်းကျင်အား စူးရှသောမျက်ဝန်းအစုံဖြင့် ကြည့်လိုက်မိသည်။

လမ်းကျဉ်းလေးမှာ ရှည်လျားပြီး သေးသွယ်လှပေသည်။

သူတို့ဝင်လာစဉ်က မူးမှူးကာလဲကျနေကြသော အရက်သမားများသည် ယခုအခါ တစ်ဦးတစ်ယောက်မျှ မရှိတော့ချေ။

ထို့ကြောင့် သူတို့သည် အရက်သမားကြီးနှင့် လူရွှယ်တို့သည် လမ်းကျဉ်းကလေးထဲမှ ထွက်သွားကြပြီဟု သိလိုက်မိကြသည်။

သူသည် ခံပြင်းလွန်းသဖြင့် အသွားများ တဆတ်ဆတ်တုန်ခါလာလေသည်။

"တောက်"

သူက တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်မိလေတော့၏။

"တောက်"

ကြယ်တံခွန်ဓားသမား၏ တောက်ခေါက်သံသည် ပြင်းထန်ပြီး ကျယ်လောင်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက ရယ်မောလိုက်၏။

သူ၏ရယ်မောသံတွင် လှောင်ပြောင်သရော်သော ဟန်မူရာများ ပေါ်လွင်နေသည်။

"ဟား ... ဟား ... ဟား ခင်ဗျားတို့က ကျန်တဲ့ တစ်ယောက်ကို ထွက်လာအောင်လုပ်မယ်ဆို ... အခုတော့ ဘာဖြစ်လို့မလုပ်ရှားကြသေးတာလဲ ... ဘာဖြစ်လို့ ထွက်မလာသေးတာလဲ ... လုပ်ပါဦး မျက်လှည့်ဆရာကြီးရဲ့"

ကြယ်တံခွန်ဓားသမားက သူ့အားစူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ကိစ္စမရှိပါဘူး ... ဟိုလူနှစ်ယောက်လွတ်သွားလဲ ကျုပ်က မင်းတို့ကို တစ်ယောက်မှမလွတ်စေရဘူး ... မင်းတို့နှစ်ယောက် သေလူဖြစ်ရမယ် ... စိတ်ချ"

သူက ပြောပြီး စတင်တိုက်ခိုက်လိုက်သည်။

ကောင်းကျူက ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား အပြောမကြီးပါနဲ့လေ ... ကျုပ်တို့ကို နိုင်အောင် တိုက်နိုင်ဖို့ဆိုတာ မလွယ်ဘူးနော် ခင်ဗျားလဲ ကျုပ်လက်ရည်ကို သိပြီးပြီပဲ"

သူက ပြောရင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

ထိုအချိန်၌ ထိလျှံ၊ ဟိုဖေ့၊ ဝူးလုံနှင့် တုဟန်တို့ကလည်း တီတန်ဂိုဏ်း သားနှစ်ယောက်နှင့် တိုက်ခိုက်နေကြလေတော့သည်။

◘ ◘ ◘ ◘



## အခန်း-၄

## လျှို့ဝှက်လမ်း

တိုက်ပွဲသည် ပြင်းထန်နေ၏။

ထိုတိုက်ပွဲဖြစ်နေသော မြေပြင်၏အောက်တွင် ရေများစီးဆင်းစေသည့် မြောင်းပေါက်ကြီးတစ်ခု ရှိနေသည်။

ဤမြောင်းကြီးသည် လမ်းကျဉ်းကလေး၏ တစ်ဖက်အစွန်းအထိအောင် ရှည်လျားကာ အုတ်များဖြင့်စီ၍ တည်ဆောက်ထားသည်။

မြောင်းကြီးကလည်း လူတစ်ရပ်မျှမြင့်သည်။

ရေမြောင်းထဲရှိ ရေများသည် ဒူးဆစ်မြုပ်ရုံသာရှိပြီး တသွင်သွင် စီးဆင်းနေ၏။

ယခု ဤအုတ်စီရေမြောင်းကြီးထဲတွင် ယို့အင်းပေွနှင့် အရက်သမားကြီးတို့သည် ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလာကြသည်။

အမှန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ကောင်းကျူနှင့် တိလျှံတို့နောက်တွင် ရပ်ကာ အခြေအနေကို စောင့်ကြည့်နေကြခြင်းဖြစ်သည်။

သူတို့သည် တိတန်နှစ်ယောက်က ကြယ်တံခွန်စားသမားဘက်သို့ လှည့်ကြည့်သည့် တဒင်္ဂလေးမှာပင် အရက်သမားကြီးက အခွင့်အရေးကို ကောင်းစွာအသုံးချလိုက်လေသည်။

သူသည် ကောင်းကျူအနီးသို့ ကပ်၍ တီးတိုးမှာကြားကာ အုတ်နံရံလေးကိုကျော်ကာ ရေမြောင်းထဲသို့ ခုန်ဆင်းလိုက်သည်။

ထို့ပြင် သူက ယို့အင်းပွေ့ကိုလည်း တစ်ပါတည်းလက်ဆွဲကာ ခေါ်ဆောင်သွားလေသည်။

ယို့အင်းပွေ့သည် သူက လက်ကိုဆွဲခေါ်သောအခါ ငြင်းဆန်ရန်ပင်ပြင်လိုက်လေသည်။

သို့သော် . . .

သူမသည် အလွန်ဉာဏ်ကောင်းသော မိန်းကလေးဖြစ်၏။

ထို့ကြောင့် ဤအရက်သမားကြီးသည် ရွှေနဂါးဂိုဏ်းနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟု စဉ်းစားမိကာ အရက်သမားကြီး ဆွဲခေါ်ရာသို့ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

သူမတို့က အတန်ကြာ လျှောက်လာမိသောအခါ ရှေ့တွင် အမြင်မှာ လင်းလင်းကျင်းကျင်း ဖြစ်သွားသည်။

မြောင်းထဲမှာကဲ့သို့ မှောင်နှင့်မည်းမည်း မဟုတ်တော့ပေ။

အရက်သမားကြီးက သူမ၏ လက်ကိုဆွဲကာ ဟန့်တားလိုက်သည်။

"ကလေးမ . . . ရှေ့ဆက်မသွားနဲ့"



ယို့အင်းပွေ့မှာ တွန့်ခနဲဖြစ်သွား၏။

အဘယ့်ကြောင့်ဆိုသော် . . .

သူမသည် လူရွယ်တစ်ယောက်ပမာ ရုပ်ဖျက်ထားခြင်းဖြစ်သည်။

ထို့ကြောင့် သူမအား မိန်းကလေးဟု ခေါ်လိုက်သောအခါ အရက်သမားကြီးအား ချာခနဲလှည့်ကြည့်လိုက်သည်။

အရက်သမားကြီးက ပြုံးလိုက်သည်။

"မင်း အံ့သြသွားသလား . . . ဘဘက အရက်သမားကြီး မဟုတ်ပါဘူး . . . မင်းတို့ကို ဒီနေရာကနေ စောင့်နေတာပါ"

ယို့အင်းပွေ့က မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဘဘက ကျွန်မတို့ကို သိလို့လား . . . နောက်ပြီး ကျွန်မတို့ ဒီကို ရောက်လာမယ်လို့ သိနေတယ်ဟုတ်လား . . . ဘဘက ဘယ်သူလဲ"

အရက်သမားကြီးက ပြုံးလိုက်သည်။

လျှို့ဝှက်သော အပြုံးမျိုးဖြစ်သည်။

"သိတာပေါ့ . . . သခင်မလေးယို့အောလျှံက မင်းတို့ ဒီကို လာမယ်လို့ ပြောထားခဲ့တယ်လေ . . . ဒါပေမယ့် ကျုပ်က မသေချာလို့ စောင့်ကြည့်နေတာပါ . . . အဲဒီအချိန်မှာ မိစ္ဆာဂိုဏ်းက လူတွေက ရောက်လာတော့ မင်းတို့ဟာ ကျုပ်စောင့်နေတဲ့ သူတွေဟုတ်မဟုတ် စုံစမ်းချိန်မရတော့ဘူး . . . ဒါနဲ့ အချိန်အခါ စောင့်ရင်း တိတန်ဂိုဏ်းကလူတွေနဲ့ ပြဿနာဖြစ်ချိန်ကို စောင့်ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်သည်။

"ဒီမှာတင်ပဲ . . . မင်းတို့က ကျုပ်တွေးထင်ထားတဲ့ လူတွေဖြစ်တယ်ဆိုတာ . . . ထင်ရှားလာတာပဲ"

သူက ပြောပြီး ရယ်မောလိုက်၏။

ယို့အင်းပွေက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်သည်။

သူက အရက်သမားကြီးအား စေ့စေ့ကြည့်ကာ နားမလည်နိုင်စွာဖြင့် မေးလိုက်လေသည်။

"နေပါဦး . . . ကျွန်မတို့ ရုပ်ဖျက်ထားတာ မသေသပ်လို့လားရှင်"

အရက်သမားကြီးက ခေါင်းခါယမ်းလိုက်သည်။

သူက လက်ကာပြကာ ပြောလိုက်၏။

"ဟာ . . . သေချာပါတယ် . . . ဒါပေမယ့် မင်းက ကျုပ်ဖက်လိုက်တဲ့အချိန်မှာ မင်းခန္ဓာကိုယ်တစ်ချက်တွန့်သွားပြီးမှ တိတန်ဂိုဏ်းကလူတွေလဲလာရော ငြိမ်နေတယ်လေ . . . နောက်ပြီး မင်းက ကျုပ်နဲ့အတူ ရိုးရာသီချင်းလိုက်ဆိုနေပြီးမှ တိတန်ဂိုဏ်းကလူတွေလဲ မေးလာရော ဆွံ့အချင်ဟန်ဆောင်လိုက်တယ် မဟုတ်လား . . . ဒါကြောင့် မင်းဟာ ကိုးနဂါးသခင်မလေးဖြစ်လိမ့်မယ်လို့ ကျုပ်ကသိလိုက်တယ်"

ယို့အင်းပွေက ခေါင်းတစ်ချက် ခါယမ်းကာ သူ့အား ကြည့်လိုက်၏။

"ဘာဘဆုံးဖြတ်ချက်မှားတာနဲ့ . . . အားလုံးအသက်နဲ့ရင်း

သွားရမယ်ဆိုတာ သိတယ်မဟုတ်လား"



အရက်သမားကြီးက ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"မတတ်နိုင်ဘူးလေ . . . ဒါပေမယ့် အခု ကျုပ်ရဲ့စမ်းသပ်ချက်က အောင်မြင်ခဲ့တာပဲ မဟုတ်လား"

ယို့အင်းပွေက ထစ်စုံတစ်ခုကို သတိရကာ ခေါင်းခါယမ်းလိုက်သည်။

"ဒါပေမယ့် ကျွန်မကတော့ . . . တကယ်နားမလည်တဲ့အချက်တစ်ခုရှိတယ် . . . ဘာဘက အဖြေမပေးရသေးဘူးနော်"

အရက်သမားကြီးက သူမအား ကြည့်လိုက်လေသည်။

"ဘာလဲ . . . သခင်မလေးတို့က ဒီလမ်းကြားလေးထဲကို ရောက်လာမယ်ဆိုတာ . . . ဘာကြောင့် သိနေသလဲဆိုတဲ့ ကိစ္စလား"

ယို့အင်းပွေက ခေါင်းညိတ်လိုက်၏။

အရက်သမားကြီးက ပြုံးလိုက်လေသည်။

သူက ယို့အင်းပွေအား ကြည့်လိုက်၏။

"ကျုပ်က ဒီဆင်းရဲသားရပ်ကွက်လေးထဲမှာနေပြီး . . . တိတန်မိစ္ဆာဂိုဏ်းသားတွေရဲ့ အခြေအနေကို စောင့်ကြည့်နေတာလေ . . . သူတို့က အခုရက်အတွင်း တင်းတင်းကျပ်ကျပ် မြို့ထဲကို လှည့်ပြီး စစ်ဆေးနေတာတွေလို့ ကျုပ်က တစ်စုံတစ်ခု ထူးခြားနေပြီဆိုတာ သိရတယ်"

သူက စကားဆက်လိုက်သည်။

"အဲဒီတစ်ခုကလဲ ကိုးနဂါးဂိုဏ်းကလူတွေ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကိစ္စကလွဲပြီး ... ဘာမှမရှိနိုင်ဘူးလေ ... ဒီသတင်းက
ကျုပ်ကြားသိပြီးသားပဲ ... ဒါကြောင့် ကျုပ်က မြို့အခြေအနေကို
လေ့လာသုံးသပ်ကြည့်တော့ ... မင်းတို့က လိုက်ကျူးမြို့ထဲ ရောက်
လာရင် အရင်ဆုံး ဒီနေရာကို လာရမယ်ဆိုတာ သိရတယ်"

ယို့အင်းပွေက ခေါင်းညိတ်လိုက်သည်။

"ကျွန်မသိပြီ ... ဘဘက တစ်မြို့လုံးပွဲတော်ကျင်းပ
လင်းထိန်နေပြီး ဒီနေရာက တစ်ခုတည်းမှာ မှောင်မည်းနေတော
... ကျွန်မတို့က ဒီမြို့ကိုရောက်လာရင် ဒီလမ်းကြားလေးထဲကို
ဝင်လာမှာလို့ ကြိုသိနေတာဖြစ်ရမယ်"

အရက်သမားကြီးက ပြုံးပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်
၏။

"ဟုတ်တယ် ... ကျုပ်က ဒီလိုကြိုသိနေလို့လဲ နေ့စဉ်
နေ့တိုင်း လမ်းကျဉ်းကလေးထဲမှာ ရှိတဲ့နေရာမှန်သမျှကို စေ့စေ့
စပ်စပ် လေ့လာခဲ့တယ်လေ ... တစ်နေ့မှာ ကျုပ်က ဒီရေမြောင်း
ကြီးနဲ့ အင်္ဂတေပိုက်လုံးကြီးကို တွေ့ခဲ့တယ် ... ဒါကြောင့် ကျု
က တစ်စုံတစ်ခု အခြေအနေ ဆိုးရွားလာရင် ဒီနေရာကို အသုံး
ချမယ်ဆိုပြီး ဒီနေရာမှာ နေ့တိုင်းစောင့်နေခဲ့တာပဲ"

ယို့အင်းပွေသည် ပြုံး၍ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကံကောင်းလို့ ... ကျွန်မတို့ကလဲ ဒီပိုက်လိုင်းနေရာ
ကို တိုက်တိုက်ဆိုင်ဆိုင် ရောက်ခဲ့တာပဲနော်"

အရက်သမားကြီးက ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ဘယ်လိုလူပဲလာပါစေ

❧❧❧



တစ်စုံတစ်ယောက် မတွေ့အောင် ပုန်းခိုမယ်ဆိုရင် ဒီနေရာကိုပဲ
ရွေးရမယ်လေ ... လမ်းကျဉ်းကလေးထဲမှာ ကျုပ်တို့ အခု
ရောက်နေတဲ့နေရာက အမှောင်ဆုံးပဲမဟုတ်လား ... ဒီနေရာ
ဟာ ပုန်းခိုလို့ အကောင်းဆုံးလို့ ထင်ကြတယ် ... တကယ်တော့
မှားတယ် ... အထင်ရှားဆုံး အထိန်လင်းဆုံး လူအစည်ကား
ဆုံးနေရာမှာ ကွန္တြေမပျက်နေရင် ဘယ်သူမှမရိပ်မိနိုင်ဘူး"

ယို့အင်းပွေက သူ့အား မချီးကျူးဘဲ မနေနိုင်တော့ပါ။

သူမက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ဘဘရဲ့စဉ်းစားတွေးခေါ်တဲ့ ဉာဏ်ပညာကိုတော့
တကယ့်ကို လေးစားချီးကျူးပါတယ်"

အရက်သမားကြီးက ပြုံးနေသည်။

ယို့အင်းပွေက အဝေးသို့တစ်ချက်မျှော်ကြည့်ကာ သက်
ပြင်းတစ်ချက်ချလိုက်သည်။

"ခက်တာက ဘဘရယ် ... အစ်ကိုလေးတို့က ...
ဟိုလူတွေကိုနိုင်အောင် တိုက်နိုင်ပါ့မလား မသိဘူး"

အရက်သမားကြီးက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ... သူတို့က ကျုပ်ချိန်းခဲ့တဲ့နေရာကို ကျန်း
မာစွာ ရောက်လာပါလိမ့်မယ်"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

သူမက အရက်သမားကြီးအား မျက်လုံးပြူးကာ ကြည့်
လိုက်၏။

"ဟင် ... ဘဘက အစ်ကိုလေးတို့ကို ချိန်းထားတယ်

❧❧❧

www.burmeseclassic.com

ဟုတ်လား"

အရက်သမားကြီးက ခေါင်းညိတ်လိုက်၏။

သူက ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ကာ . . .

"ဟုတ်တယ် . . . တစ်ခုတော့ရှိတယ် . . . အခု
အချိန်မျိုးမှာ ကျုပ်က သူတို့ ချိန်းထားတဲ့ နေရာကို . . . ရော
အောင်လုပ်ဖို့ အကောင်းဆုံးအချိန်ပဲ"

သူက ယို့အင်းပွေအား လှမ်းကြည့်လိုက်သည်။

"သခင်မလေး . . . ဒီနေရာကနေ ဘယ်မှ မသွားနဲ့ေ
. . . ဘဘက အမြန်ဆုံးပြန်လာခဲ့မယ်"

ယို့အင်းပွေက သူ့အားကြည့်လိုက်သည်။

"ဘဘက ဘယ်သွားမလို့လဲ"

အရက်သမားကြီးက လက်ကာပြလိုက်သည်။

"ဘဘက ဒီမြောင်းကြီးရဲ့ အပေါ်မှာ . . . စောင့်နေ
အစောင့်အကြပ်တွေကို ရှင်းရဦးမယ်"

ယို့အင်းပွေက ရင်ထိတ်သွားသည်။

"ဘဘတစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား"

အရက်သမားကြီးက ပြုံးလိုက်၏။

သူ၏ အပြုံးမှာ အလွန်လျှို့ဝှက်သောအပြုံးမျိုး ဖြစ်ေ
သည်။

ထို့နောက် . . .

သူက ဘာမှ မပြောတော့ဘဲ ရုတ်တရက် ရေမြောင်းနှ
ခမ်းပေါ်သို့ ခုန်တက်သွားသည်။



ယို့အင်းပွေက ရင်ထိတ်သွား၏။

သူမသည် ဤလိုက်ကျုံးမြို့ကို မကျွမ်းကျင်ချေ။

ထို့ကြောင့် အရက်သမားအဘိုးအိုက မြင်သာမည့်နေရာ
ထွက်လာရ၏။

သူမ၏ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရသည်။

အဘယ့်ကြောင့်ဆိုသော် . . .

သူမတို့ရောက်ရှိနေသော နေရာနှင့် မနီးမဝေးတွင်
တန်မိစ္ဆာဂိုဏ်းသားများက ဓားကိုယ်စီဖြင့် စောင့်ကြပ်နေသည်
တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

သူမက ကမန်းကတန်း ခေါင်းကို ပြန်လည်ငုံ့လိုက်ရလေ
သည်။

ထို့နောက် ဖြည်းဖြည်းချင်း ခေါင်းကိုဖော်ကာ ကြည့်လိုက်
၏။

ရုတ်တရက် အရက်မူးသမား အဘိုးအိုသည် ထိုမိစ္ဆာဂိုဏ်း
းများကို ဖြတ်ကျော်ကာ လူအများစုဝေး၍ တီးခတ်သီဆိုနေ
ာ ဗျပ်စောင်းတီးဝိုင်းဆီသို့ ခြေလှမ်း ဒယီးဒယိုင်ဖြင့် လျှောက်
းလေသည်။

တစ်ဖန် ထိုလူများကို ကျော်လွန်ကာ ရှက်ဖျင်တဲများဆီသို့
ာက်ရှိသွားပြန်လေသည်။

ယင်းအချိန် မိစ္ဆာဂိုဏ်းသားတစ်ယောက်က သူမကြည့်
သော ရေမြောင်းနှုတ်ခမ်းဆီသို့ လျှောက်လာသည်။

သူမသည် ထိတ်လန့်သွားကာ ကမန်းကတန်း နောက်ကို

www.burmeseclassic.com



ဆုတ်လိုက်ရ၏။

"ပလုံ . . . "

ရေသံသည် မမျှော်လင့်ဘဲ ထွက်ပေါ်လာ၏။

သူမသည် အလောတကြီး နောက်ဆုတ်လိုက်ရာ ရေသံ တစွပ်စွပ်အသံသည် ထွက်ပေါ်လာလေ၏။

ထိုအခါ ရေမြောင်းနှုတ်ခမ်းပေါ်မှ တိတန်မိစ္ဆာဂိုဏ်းသား တစ်ယောက်၏အသံက ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

ထိုလူက အော်ငေါက်လိုက်သည်။

ယို့အင်းပွေက ထိတ်လန့်သွားလေသည်။

သူမက တုတ်တုတ်မျှ မလှုပ်ဝံ့ချေ။

ထိုအချိန်၌

အဝေးဆီမှ လူတစ်ယောက်၏အသံက ထွက်ပေါ်လာ သည်။

"ဟေ့ . . . လောက်ပင်း ဘာဖြစ်တာလဲ"

ထို့ကြောင့် ရေမြောင်းနှုတ်ခမ်းဆီသို့ ရောက်ရှိလာသူမှာ လောက်ပင်းဖြစ်ကြောင်း သိရှိလိုက်ရသည်။

လောက်ပင်းက . . .

"ရေမြောင်းထဲက . . . အသံကြားတယ်ကွ"

သူ၏စကားကြောင့် တိတန်မိစ္ဆာဂိုဏ်းသားများက မီးအိမ် ကိုယ်စီဆွဲကာ ရောက်ရှိလာကြသည်။

ယို့အင်းပွေက ထိတ်လန့်သွားသည်။



သူမသည် ဖြည်းညင်းစွာ နောက်ဆုတ်သွားရသည်။ ရေသံ ကြားပါက သံသယရှိသွားမည် မဟုတ်ပါလော။

ထိုအချိန်မှာပင် . . .

ရေမြောင်းနှုတ်ခမ်းဝဆီမှ မီးရောင်များသည် ဟိုမှသည်မှ ထွက်ပေါ်လာသည်။

ယို့အင်းပွေက အသက်ပင်မရှူဝံ့ဘဲ ရပ်နေ၏။

သူမသည် ရေမြောင်းကြီးထဲမှ မီးရောင်များဆီသို့ စိုးထိတ် သော မျက်လုံးအစုံဖြင့် ကြည့်နေလေသည်။

ထိုအချိန်မှာပင် လူတစ်ယောက်၏အသံက ထွက်ပေါ်လာ သည်။

"လောက်ပင်း . . . မင်းက ဘာသံကြားရလို့လဲ"

လောက်ပင်းဆိုသော လူ၏ အသံက . . .

"ရေသံကွ . . . တစ်ယောက်ယောက်က မြောင်းထဲ ခုန်ချ လိုက်တဲ့အသံမျိုးကြားရတယ်"

"သေချာရဲ့လား"

"သေချာပါတယ် . . . ငါက နှစ်ခါကောင် . . . ကြား လိုက်တာပဲ"

"မဖြစ်နိုင်ပါဘူး . . . ဒီလောက်အေးစိမ့်နေတဲ့အချိန်မှာ ဒီမြောင်းထဲကို ဘယ်သူမှ မဆင်းနိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် . . . ငါဆင်းကြည့်မယ်"

တခြားတစ်ယောက်၏အသံက ထွက်ပေါ်လာသည်။

"ဟေ့ကောင် ဘာမှ ဆင်းကြည့်မနေနဲ့ . . . ရေမြောင်း

www.burmeseclassic.com

www.burmeseclassic.com



က ဘာမှ အရေးမကြီးပါဘူး . . . အရေးကြီးတာက မြို့ထဲက ထွက်လာမယ့် သူလျှိုတွေကို တိုက်ခိုက်ဖို့ပဲ"

ထို့နောက် အသံများက တိတ်ဆိတ်သွားသည်။

မီးရောင်လည်း ပျောက်သွားသည်။

တစ်ဖန် ရေကျသံများက မှန်မှန်ထွက်ပေါ်လာနေသည်။

ယို့အင်းပွေက ကမန်းကတန်း တစ်ဖက်သို့ လှည့်လိုက်ရလေသည်။

အကြောင်းကား . . .

ထိုလူများသည် ရေမြောင်းထဲသို့ ကျင်ငယ်များ စွန့်ပစ်နေကြသည် မဟုတ်ပါလော။

တစ်ခဏအကြာ . . .

သူတို့အားလုံးက ပြန်လည်ထွက်ခွာသွားကြသည်။

ထိုအခါ ဝန်းကျင်တစ်ခုလုံးမှာ ပြန်လည်တိတ်ဆိတ်သွားလေ၏။

ယို့အင်းပွေမှာ ယခုမှ သက်ပြင်းချနိုင်မိတော့သည်။

ထို့နောက် သူမသည် ရေမြောင်းနှုတ်ခမ်းဆီသို့ လျှောက်သွားကာ ဖြည်းညင်းစွာဖြင့် ဖက်တွယ်၍ ကြည့်လိုက်၏။

ထိုအချိန်၌ လမ်းကျဉ်းကလေးထဲမှ တိုက်ပွဲသံများကို ဆူညံစွာ ကြားလိုက်ရပြန်သည်။

ကောင်းကျူတို့လူစုက တိုက်ခိုက်လာခဲ့ကြသည်မှာ လမ်းချိုးကလေး၏ ထိပ်ဆီသို့ ရောက်ရှိလာပြီကို ယို့အင်းပွေသိရှိလိုက်သည်။



သူမက ရေမြောင်းနှုတ်ခမ်းပေါ်သို့ ခုန်တက်လိုက်သည်။

အမှန်တွင် သူမက လမ်းကျဉ်းကလေးထဲသို့ ဝင်ကာ ကောင်းကျူတို့အား ကူညီတိုက်ခိုက်ပေးရန်ဖြစ်သည်။

သူမက ရေမြောင်းနှုတ်ခမ်းဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်ရ၏။

ယို့အင်းပွေက လှမ်းကြည့်လိုက်ရာ ထိုနေရာသည် တီတန်မိစ္ဆာဂိုဏ်းသားများ ခေတ္တယာယီ စခန်းချထားသော ရွက်ဖျင်တဲဆီမှဖြစ်ကြောင်း သိရှိလိုက်ရသည်။ ထိုရွက်ဖျင်တဲများလည်း မီးလောင်လျက် ရှိနေလေပြီ။

ဤရွက်ဖျင်တဲများ မီးလောင်ခြင်းသည် အရက်သမားကြီး၏ လက်ချက်ဖြစ်ကြောင်း နားလည်လိုက်သည်။

သူမက ကြည့်နေစဉ်မှာပင် မိစ္ဆာဂိုဏ်းသားများသည် ရွက်ဖျင်တဲများဆီသို့ ပြေးလွှားသွားကာ မီးသတ်နေကြခြင်းကို တွေ့မြင်လိုက်ရ၏။

တေးသီးချင်း သီဆိုနေကြသူများနှင့် လမ်းသွားလမ်းလာတို့သည် မီးတောက်လောင်မှုကြောင့် ဟိုမှသည်မှ ပြေးလွှားဖြစ်နေကြသည်။

ယင်းရှုပ်ရှုပ်ထွေးထွေး လူများကြားမှ လူတစ်ယောက်က ရေမြောင်းဆီသို့ တစ်ဟုန်ထိုး ပြေးလာလေသည်။

ထို့နောက် ယို့အင်းပွေ၏ လက်ကိုဆွဲကာ မြို့ပြင်ဘက်ဆီသို့ တစ်ဟုန်ထိုး ပြေးလွှားသွားသည်။

ယို့အင်းပွေက ထိုလူမှာ အရက်သမားကြီးဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိရှိသဖြင့် အလိုက်သင့်လိုက်ပါလာသည်။

တစ်ခဏကြာသောအခါ . . .

သူမတို့သည် မြို့ပြဘက်ဆီသို့ ရောက်ရှိလာလေတော့သည်။

◙ ◙ ◙ ◙



## အခန်း-၅

## သူတော်ကောင်းဇရပ်

လိုက်ကျုံးမြို့ပြင်သို့ ရောက်ရှိလာသောအခါ အဝေးတွင် အဆောက်အအုံတစ်ခုကို တွေ့မြင်လိုက်ရသည်။

အမှန်မှာ လူနေအဆောက်အအုံတစ်ခု မဟုတ်ပါ။

လူအများနားခိုရန် ဇရပ်တစ်ဆောင်သာ ဖြစ်ပါသည်။

သို့သော် ကာလကြာမြင့်လှပြီ ဖြစ်သောကြောင့် ဇရပ်ပျက်ကြီးဖြစ်နေလေပြီ။

ယင်းဇရပ်၏ နဖူးစည်းတွင် ရွှေရောင်စာလုံးများဖြင့် 'သူတော်ကောင်းဇရပ်' ဟု ရေးခြယ်ထားလေသည်။

ရေးခြယ်ထားသော ရွှေရောင်စာလုံးများမှာ ကြီးမားလွန်းသဖြင့် အဝေးမှပင် တွေ့မြင်လိုက်လေသည်။

သို့သော် အချို့စာလုံးများမှာ ပျက်စီးနေလေပြီ။

သူတော်ကောင်းဇရပ်တွင် ခန့်ညားထည်ဝါခြင်း အသွင်အပြင်မှာ ဆိုင်းဘုတ်တစ်ခုတည်းသာ ကျန်ရစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် . . .

ဤဇရပ်မှာ ကျောက်ဖြူများဖြင့် အနိုင်အမာတည်ဆောက်ထားသော ဇရပ်တစ်ခုဖြစ်လေသည်။

သို့ရာတွင် အသုံးမပြုသည်မှာ ကြာပြီဖြစ်သောကြောင့် ပျက်စီးယိုယွင်းနေခြင်းဖြစ်၏။

အမိုးအကာများသည် ကျိုးတိုးကျဲတဲဖြင့် ဟိုတစ်ဝက်သည်တစ်ဝက်ရှိနေပြီး ကြယ်မြင်လမြင်ဖြစ်နေလေသည်။

အခိုင်အမာတည်ဆောက်ထားသော ဇရပ်မှ ကျောက်တိုင်များ၊ နံရံများမှလွဲ၍ အချို့နေရာများတွင် ကျောက်သားများမြေပေါ်သို့ စုံကာ ကျနေလေပြီ။

ထို့ကြောင့် . . .

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဤသူတော်ကောင်းဇရပ်သည် အလွန်ပင်ကြီးကျယ်ခမ်းနားခဲ့မည် ဖြစ်သော်လည်း ယခုအခါ ပျက်စီးယိုယွင်းသော ဇရပ်ပျက်တစ်ခုဘဝသို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း သိသာလာနိုင်၏။

အမှောင်ထုများ လွင့်ပါးပျောက်ကွယ်စ ပြုနေလေပြီ။

နံနက်ခင်း၏ နွေးထွေးတောက်ပသော နေရောင်ခြည်များ ထွက်ပြူလာစအချိန်တွင် အရက်သမားကြီးနှင့် ယို့အင်းပွေတို့သည် သူတော်ကောင်းဇရပ်ပျက်ရှေ့သို့ ရောက်ရှိလာကြလေတော့သည်။

◻ ◻ ◻ ◻



အေးမြသောလေသည် တသွေးသွေးတိုက်ခတ်နေ၏။

ထိုအခါ ခါးတစ်ဝက်မျှအထိ ရှည်လျားစွာ ပေါက်နေသော မြက်ပင်ရှည်များမှာ လေအဝှေ့တွင် ယိမ်းနွဲ့နေကြသည်။

သူတော်ကောင်းဇရပ်သည် မြို့တောင်ဘက်အစွန်းသင်္ချိုင်းကုန်းတစ်ခုအနီးတွင် တည်ရှိနေပြီး အလေ့ကျပေါက်ရောက်နေသော မြက်ပင်ရှည်များ၊ သစ်ပင်ငယ်များဖြင့် ဖုန်းဆိုးမြေသဖွယ်ဖြစ်နေသည်။

တစ်ညလုံး အိပ်ရေးပျက်ခဲ့သော ယို့အင်းပွေသည် နံနက်ခင်း၏ အေးမြလတ်ဆတ်သော လေပြည်လေညင်းကြောင့် လန်းလန်းဆန်းဆန်းဖြစ်လာသည်ဟု ခံစားလိုက်ရ၏။

သူမ၏ ခန္ဓာကိုယ်တွင်လည်း အားသစ်များ ဖြစ်ပေါ်လာသည်ဟု ခံစားလိုက်ရပြီး ရှေ့သို့ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာခဲ့သည်။

ယခု သူမတို့သည် သူတော်ကောင်းဇရပ်ပျက်နှင့် မနီးမဝေးသို့ ရောက်ရှိလာပြီဖြစ်သည်။

သူမက ခြေလှမ်းကို တုံ့ခနဲရပ်တန့်လိုက်သည်။

အရက်သမားကြီးကလည်း ခြေလှမ်းရပ်တန့်ကာ သူ့အားလှည့်ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

ယို့အင်းပွေက ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်သည်။ သူမက အသံတိုးတိုးဖြင့် . . .

"ဒီနေရာဟာ . . . တိတန်မိစ္ဆာဂိုဏ်းရဲ့ အဓိကနယ်မြေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့ . . . သူတို့ဂိုဏ်းရဲ့အန္တရာယ်နဲ့ အင်မတန်နီးစပ်တယ် . . . အရာရာကို သတိရှိမှ တော်ကာကျလိမ့်မယ် . . . ကျွန်မတို့ သတိရှိရင် မမှားပါဘူး"

အရက်သမားကြီးက ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူတို့သည် သတိကြီးစွာဖြင့် သူတော်ကောင်းဇရပ်ပျက်ဆီသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားလေတော့၏။

◘ ◘ ◘ ◘

သူတော်ကောင်းဇရပ်သည် ပကတိတိတ်ဆိတ်ငြိမ်သက်နေ၏။ ယို့အင်းပွေနှင့် အရက်သမားကြီးတို့သည် သူတော်ကောင်းဇရပ်ထဲသို့ ရောက်ရှိသွားကြသည်။

အရက်သမားကြီးသည် ဇရပ်ပျက်ပေါ်တွင် ထိုင်ရင်းအဝေးသို့ မျှော်ကြည့်နေသည်။

သူသည် အရက်မမူးတော့ပေ။

အဘယ်မှာလျှင် မူးပါအံ့နည်း။

သူလည်း ဟန်ဆောင်သောက်ထားသည် မဟုတ်ပါလား။

ယို့အင်းပွေကကမူ ထိုနေရာတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

သူမ၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားသော ဟန်မူရာများပေါ်လွင်နေသည်။

သူတို့သည် ဤနေရာသို့ ရောက်ရှိခဲ့သည်မှာ တစ်နာရီခန့်ကြာခဲ့ပြီ။

သို့သော် ယခုအချိန်အထိ မည်သို့မျှ ထူးခြားမှုမရှိသေးပေ။

ယခုအချိန်အထိ ကောင်းကျူတို့က ရောက်ရှိလာခြင်းမရှိသေးပါချေ။

သူမ၏ ရင်ထဲ၌ စိုးရိမ်ပူပန်လာမိသည်။

သူမသည် စိုးရိမ်ပူပန်ရလွန်းသဖြင့် ဂနာမငြိမ်ဖြစ်ကာ နဖူးပေါ်မှ ချွေးများစို့လာသည်။

သူမက အရက်သမားကြီးအား လှမ်းကြည့်လိုက်၏။

"အဘက သူကို . . . သေသေချာချာ ချိန်းခဲ့ရဲ့လား"

အရက်သမားကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ် . . . သေချာချိန်းခဲ့တာပါ"

ယို့အင်းပွေက မျက်မှောင်ကြုတ်လိုက်သည်။

"သူက . . . ကြားရဲ့လား"

အရက်သမားကြီးက ခေါင်းညိတ်ပြလိုက်ပြန်သည်။

သူက သက်ပြင်းတစ်ချက်ရှိုက်ကာ . . .

"အင်း . . . သူကြားမယ်လို့ ထင်ပါတယ်"

ယို့အင်းပွေ၏ မျက်လုံးအစုံ၌ အရောင်လက်လက်တောက်ပလာလေသည်။

သူမသည် ကောင်းကျူမှာ အလွန်ပါးနပ်၍ ဉာဏ်ကောင်းသော လူတစ်ယောက်ဖြစ်ကြောင်း သိရှိထားလေသည်။

ထို့ကြောင့် အရက်သမားကြီးက အနည်းငယ်ပြောလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကောင်းကျူက ကောင်းစွာကြားသိသဘောပေါက်လိမ့်မည်ဟု ယုံကြည်လေသည်။

သို့သော် သူမ၏ မျက်စိများ အရောင်ပြန်မှိန်သွားပြန်၏။

ကောင်းကျူတို့သည် အဘယ်ကြောင့် ယခုအချိန်အထိ ရောက်ရှိလာခြင်းမရှိသေးပါသနည်း။

▣ ▣ ▣ ▣

လေသည် တဖြည်းဖြည်းနှင့် မှန်မှန်တိုက်ခတ်နေ၏။

နေရောင်ခြည်များသည် ကမ္ဘာမြေတစ်ခုလုံးအား လွှမ်းခြုံထားလိုက်ပြီဖြစ်သော်လည်း စူးရှတောက်ပခြင်းကာ မရှိသေးချေ။

ထို့အပြင် နေပူရှိန်ကလည်း လွှမ်းမိုးလာနိုင်ခြင်းမရှိသေးပါ။

ထို့ကြောင့် ဝန်းကျင်တစ်ခုလုံးမှာ သာယာယာရှိနေပြီး အေးချမ်းသည့် သဏ္ဌာန်များ ပေါ်နေ၏။

သို့သော် . . .

သူတော်ကောင်းဇရပ်ပေါ်ရှိ ယို့အင်းပွေနှင့် အရက်သမားကြီးတို့၏ ရင်ထဲတွင်မူ အေးချမ်းမှုမရှိခဲ့ပါချေ။

သူတို့သည် ကောင်းကျူတို့အတွက် ရင်ထဲ၌ စိုးရိမ်ပူပန်ရလွန်းသဖြင့် အသက်ရှူခြင်းများပင် မွန်းကျပ်လာသည်ဟု ခံစားနေမိကြလေတော့၏။

▣ ▣ ▣ ▣



## အခန်း-၆

## တန်ဖိုးကြီးသောသတင်းတစ်ပုဒ်

မွန်းတည့်ချိန်ဖြစ်သည်။

နေဝန်းသည် ကောင်းကင်၏ အလယ်ဗဟို တည့်တည့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

အပူဆုံးချိန်ဖြစ်သည်။

အရက်သမားကြီး၏ စူးရှတောက်ပြောင်သော မျက်ဝန်းအစုံတွင် ဝေခွဲမရသော ဟန်မူရာများ ပေါ်လွင်လာသည်။

သူသည် ကောင်းကျူတို့ ယခုအချိန်အထိ ရောက်ရှိလာခြင်း မရှိသေးသဖြင့် ရင်ထဲ၌ စိုးထိတ်နေမိ၏။

ကောင်းကျူတို့သည် မိစ္ဆာဂိုဏ်း၏ ဖမ်းဆီးမှုကို ခံရပြီလော။

သို့မဟုတ် . . .

မိစ္ဆာဂိုဏ်းသားများ၏ ဝိုင်းရံတိုက်ခိုက်မှုကြောင့် သေဆုံးသွားရပြီလော။

www.burmeseclassic.com

www.burmeseclassic.com



သူက ဘွေးရင်းတွေးရင်း ရင်ပူလာမိ၏။

ယို့အင်းပွေကမူ မျက်ရည်များပင် ရစ်ဝဲလာသည်။

သူမသည် မိမိက ဤအရက်သမားကြီးနှင့် လိုက်လာခဲ့ခြင်းမှာ မှားယွင်းနေပြီလောဟု တွေးနေမိ၏။

ထိုအချိန်မှာပင် . . .

ရုတ်တရက် သူမ၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

မြက်ပင်ရှည်များကြားမှ ကောင်းကျူက ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

◙ ◙ ◙ ◙

မြက်ပင်ရှည်များသည် ယိမ်းနွဲ့နေကြ၏။

သို့သော် . . .

မြက်ပင်ရှည်များကြားမှ ထွက်ပေါ်လာသော ကောင်းကျူသည် လေတိုက်ခတ်မှုကြောင့် ယိမ်းနွဲ့မသွားဘဲ မားမားမတ်မတ်ရှိနေ၏။

သူသည် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်သည်။

ယို့အင်းပွေက သူတော်ကောင်းဇရပ်ပေါ်မှ ခုန်ချကာ သူ့ထံသို့ ပြေးချလာသည်။

သူ့မက ကောင်းကျူအား ကြည့်ကာ ဝမ်းသာအားရဖြင့်



"အစ်ကိုလေး . . . ဘာမှမဖြစ်ဘူးနော် . . . ကျွန်မ
သာလိုက်တာရှင်"

ဟုပြောကာ ကောင်းကျူ၏ လည်ပင်းအား တွဲခိုထားတ်သည်။

ကောင်းကျူ အလွန်ပင်ပန်းနေဟန်ဖြင့် သူမအား ပြန်ပွေ့ဖက်ချေ။

ယို့အင်းပွေက မကျေမနပ် ဖြစ်သွားရသည်။

သူမသည် ကောင်းကျူက မိမိအား ဟန်မူရာကင်းမဲ့စွာ ဆက်ဆံသည်ကို မကျေမနပ်ဖြစ်နေမိ၏။

သူမက ရန်တွေ့ရန် နှုတ်ခမ်းစူလိုက်သည်။

ထိုအချိန်မှာပင် . . .

မြက်ပင်ရှည်များက ရုတ်တရက် ယိမ်းနွဲ့ကာ လူသုံး ယောက်က ထပ်မံပေါ်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

ဟိုဖေ့၊ ဝူးလုံနှင့် တုဟန်တို့ ဖြစ်လေသည်။

တုဟန်၏ ခန္ဓာကိုယ်ပေါ်တွင် သွေးခြင်းခြင်းနီရဲနေ၏။

သူသည် လမ်းပင် ကောင်းကောင်း မလျှောက်နိုင်တော့ချေ။

ဝူးလုံနှင့် ဟိုဖေ့တို့က သူ့အား တစ်ဖက်တစ်ချက်ဆီမှ တွဲထားရ၏။

ယို့အင်းပွေ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ယခုမှ သူမက ကောင်းကျူ၏ မျက်နှာအနေအထားကို သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အလွန်အကင်းပါးသူ ဖြစ်နေသည် မဟုတ်ပါလော။

သူမက ရုတ်တရက် တစ်စုံတစ်ယောက်အား သတိရလိုက်မိ၏။

"ဂိုဏ်းခွဲမှူး . . . တီလျှံရော"

သူမက ထိတ်လန့်စွာ မေးလိုက်သည်။

သူမ၏ အဲသံဆုံးသည်နှင့် တစ်ပြိုင်နက် မြက်ပင်များကြားမှ အသံတစ်သံက ထွက်ပေါ်လာသည်။

"ကျုပ် . . . ဒီမှာ ရှိပါတယ် သခင်မလေး"

ယင်းအသံနှင့်အတူ တီလျှံက မြက်ပင်ရှည်များကြားမှ ထွက်ပေါ်လာသည်။

ယို့အင်းပွေက ယခုမှ တုဟန်ဘက်သို့ လှမ်းကြည့်လို[illegible] သည်။

သူမက ကောင်းကျူးအား ကြည့်ကာ . . .

"အစ်ကိုလေးတို့ . . . အတော်တိုက်ခိုက်ခဲ့ရပြီထင်တယ်"

ကောင်းကျူးက စကားမပြောပါ။

သူက အရက်သမားကြီးထံသို့ လှမ်းကြည့်လိုက်သည်။

"ဒီနားမှာ . . . ရေရနိုင်မလား"

အရက်သမားကြီးက ခေါင်းညိတ်လိုက်သည်။

"သူတော်ကောင်းဇရပ်ရဲ့ နောက်ဘက်မှာ . . . ရေတွင်း ရှိပါတယ်"

ကောင်းကျူးက တီလျှံဘက်သို့ လှည့်ကြည့်လိုက်သည်။

✻✻✻✻✻



သူက မိမိ၏ဓားနှင့် ဓားအိမ်ကို လှမ်းပေးကာ . . .

"ဂိုဏ်းခွဲမှူး . . . ဓားတွေအားလုံး ရေဆေးလိုက်ပါ"

ယို့အင်းပွေက ကမန်းကတန်းဖြင့် ကြားဝင်ပြောလိုက်၏။

"အို . . . ဂိုဏ်းခွဲမှူးတို့က မောလာကြတယ် . . . အနားယူကြပါစေဦး . . . ကျွန်မပဲ ဓားတွေကိုရေဆေးလိုက်ပါ့မယ်"

ပြောပြီး ဓားများကို လှမ်းယူလိုက်သည်။

သူမသည် ဓားများကိုလှမ်းယူပြီး ကောင်းကျူး၏ဓားကို လှမ်းဆွဲလိုက်သည်။

ဓားရိုးသည် ဓားအိမ်မှ ကျွတ်မပါလာချေ။

အဘယ့်ကြောင့်ဆိုသော် ဓားနှင့် ဓားအိမ်သည် သွေးများဖြင့် စေးကပ်နိုင်မြဲနေသောကြောင့်တည်း။

သူမသည် ချွေးပေါက်ပေါက်ကျအောင် ဆွဲနုတ်မှ ဓားဓားအိမ်မှ ကျွတ်ကျလာသည်။

သူမသည် သိုင်းလောကထဲမှ အမျိုးသမီးဖြစ်သည်။

ထို့ကြောင့် သွေးထွက်သံယိုမှုသည် ထမင်းစားရေသောက်သကဲ့သို့ပင် မပြောပလောက်ပါချေ။

နောက်ဆုံး အသက်သေဆုံးခြင်းပင် သူတို့အဖို့ အဆုံးဖြစ်ခြင်းမဟုတ်ပေ။

သို့ရာတွင် . . .

ဓားတစ်လက်လုံး သွေးများပစ်ခဲပြီး ဓားအိမ်အတွင်းမှ ကျွတ်မရခြင်းမျိုး သူမ မတွေ့ဘူးချေ။

သူမက ကောင်းကျူးအား ငေးငိုင်ကာ ကြည့်နေသည်။

✻✻✻✻✻

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူမက ကရုဏာသက်ဟန်ဖြင့် . . .

"အစ်ကိုလေးတို့က . . . ဒီလောက်တောင်မှ တိုက်ခို
ခဲ့ရတယ်နော်"

ဟု မေးလိုက်လေသည်။

ကောင်းကျော်က နှုတ်ခမ်းတွန့်ရုံပြုံးလိုက်သည်။

သူ၏အပြုံးတွင် မထီမဲ့မြင်ဟန်များ ပေါ်လွင်နေ
သည်။

"ဒါဘာဆန်းသလဲ . . . ရှေ့မှာ ဒီထက်ကြမ်းတမ်းပြ
ထန်တဲ့ တိုက်ပွဲတွေစောင့်ကြိုနေတယ် . . . ဒါကြောင့် မင်း
အတန်တန် မလိုခဲ့ပါနဲ့လို့ အတန်တန်တားခဲ့တာပေါ့"

ယို့အင်းပွေ၏ မျက်ဝန်းအစုံတွင် မျက်ရည်များရ
လာလေသည်။

သူမက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကျွန်မက ဘာဖြစ်လို့ ဒီလောက်တောင်မှ မစဉ်းစား
တာလဲ . . . တကယ်ဆိုရင် ဒီလိုတိုက်ပွဲမျိုးမှာ ကျွန်မက အစ်
လေးတို့နဲ့အတူ ရှိနေသင့်တာပေါ့"

ကောင်းကျော်က ခေါင်းခါယမ်းလိုက်သည်။

"မင်းမရှိခဲ့လို့သာ . . . ကျုပ်တို့က ဒီနေရာကိုရောက်
ခဲ့တာပဲ . . . မင်းရှိနေရင် မင်းကိုကယ်ဖို့ကြိုးစားရင်း တို့
ဇီဝိန်ကြွေနေလောက်ပြီ"

သူက တုဟန်အားညွှန်ပြလိုက်၏။

"တုဟန်ကိုကြည့်စမ်း . . . သူက မင်းမရှိလို့ ဒီလော



အထိ ပြင်းပြင်းထန်ထန် ဒဏ်ရာရနေတာတောင် ကျုပ်တို့နဲ့ ဒီ
နေရာကိုရောက်အောင် လိုက်လာနိုင်တာပါ . . . နို့မို့ဆိုရင် မင်း
ကို ငဲ့ညှာပြီး စိတ်မချရတာနဲ့ပဲ ကျုပ်တို့အကုန်လုံး သေကုန်ကြ
ရမှာပဲ"

ယို့အင်းပွေက ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

သူမက ငိုကြွေးလျက်နေ၏။

အရက်သမားကြီးက ကြားဝင်ကာပြောလိုက်သည်။

"ကဲ . . . ကဲ . . . သခင်မလေးယို့အင်းပွေက စားစွေ
သွားဆေးလိုက်ဦး"

ယို့အင်းပွေက စားများကိုဆေးကြောရန် နောက်ဘက်
ရေကန်ဆီသို့ ထွက်ခွာသွားလေ၏။

ကောင်းကျော်က အရက်သမားကြီးထံသို့ လျှောက်သွားကာ
လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

"ရွှက်ကြွေသိုင်းသမားကြီးပါထင်းစုကို ဂါရဝပြုပါတယ်"

အရက်သမားအဘိုးအို၏ မျက်ခုံးအစုံက နဖူးပေါ်သို့ ပင့်
တက်သွားသည်။

သူသည် ကောင်းကျော်အား အံ့ဩစွာ ကြည့်လိုက်သည်။

"ကောင်းသခင်လေး . . . မင်းရဲ့ မျက်လုံးစူးရှပုံကိုတော့
ကျုပ်က အံ့ဩလို့မဆုံးပါဘူးကွာ . . . ဟား . . . ဟား . . .
ဟား"

သူက ပြောပြီး ရယ်မောလိုက်သည်။

ကောင်းကျော်က တုဟန်အား လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဗျာ . . . ကျွန်တော်တို့ ဇရပ်ပေါ်ရောက်မှ စကားပြောကြရအောင် . . . လောလောဆယ် သူ့ရဲ့ဒဏ်ရာက အတော်ပြင်းထန်နေတယ်"

ပါထင်းစုက ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူတို့အားလုံးသည် ဇရပ်ပျက်ပေါ်သို့ တက်ခဲ့ကြလေတော့သည်။

တိတန်မိစ္ဆာဂိုဏ်း၏ ဌာနချုပ်အနီး၌ သူတို့လွတ်လပ်စွာနေနိုင်ခြင်းမှာ မလွယ်ကူလှပေ။

တိတန်မိစ္ဆာဂိုဏ်းသားများ အခြားနေရာများ၌ သွားစုရုံသာ သူတို့ လွတ်လပ်စွာ နေနိုင်ကြခြင်းဖြစ်သည်။

◙ ◙ ◙ ◙

ယို့အင်းမွေက ဓားများကိုဆေးကြောပြီး ဇရပ်ပေါ်သို့ပြန်လည်ရောက်ရှိလာသည်။

ကောင်းကျူက တုန်ဟန်၏ဒဏ်ရာများအား ဆေးထည့်ပေး၍ မိမိအပေါ်အင်္ကျီကိုစုတ်ဖြဲကာ ပတ်တီးစည်းပေးထားပြီဖြစ်လေသည်။

ထို့နောက် သူက အတွင်းအားဖြင့် တုဟန်အားကုသပေးနေ၏။

အားလုံးသောလူများက မနီးမဝေးမှစောင့်ကြည့်နေကြသည်။

●●●●●



ကောင်းကျူက အတန်ကြာမှ အတွင်းအားကုသမှုကို ရပ်ဆိုင်းလိုက်၏။

သူသည် တုဟန်၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာအားကြည့်ကာ ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

ရှက်ကြွေသိုင်းသမားပါထင်းစုက သက်ပြင်းတစ်ချက်ကိုကျိတ်၍ချလိုက်သည်။

သူသည် တုဟန်ကို ဤမျှအတွင်းအားနှင့် ကုသနေသော်လည်း မည်သို့မျှ ထူးခြားလာခြင်းမရှိသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားခြင်းဖြစ်သည်။

အတွင်းအားဖြင့် ကုသလိုက်သည့်အခါ ထူးခြားမှုတစ်စုံတစ်ရာ ရှိရသည်မဟုတ်ပါလား။

သို့သော် သူသည် ဘဝ၏ချိုချဉ်စပ်ခါး အရသာမျိုးစုံကိုကြုံတွေ့ကျော်ဖြတ်လာရသူ ဖြစ်သဖြင့် တည်ငြိမ်လှပေသည်။

တိလျှံက ကောင်းကျူအနီးသို့ လျှောက်လာသည်။

"သခင်လေး . . . ကျုပ်တို့ ခရီးဆက်လို့မဖြစ်သေးဘူးသင်တယ်"

ကောင်းကျူက ခေါင်းညိတ်ပြလိုက်သည်။

ရှက်ကြွေသိုင်းသမားကြီး ပါထင်းစုက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း . . . သခင်မလေးယို့အော့လျှံတို့ကတော့ ခုလောက်ဆိုရင် . . . ကျုပ်တို့ကို မျှော်နေတော့မယ်နော်"

တိလျှံက သက်ပြင်းတစ်ချက်ချလိုက်၏။

●●●●●

www.burmeseclassic.com

www.burmeseclassic.com



သူက တုဟန်အား တစ်ချက်ကြည့်ကာ မချိုပြုံးပြုံးလိုက်သည်။

"ခက်တာက သူ့မှာ . . . လမ်းလျှောက်နိုင်တဲ့ အင်အာ မရှိသေးဘူး"

ကောင်းကျူက ရွှက်ကြေွသိုင်းသမားကြီးပါထင်းစုအာ လှမ်းကြည့်လိုက်သည်။

"ဒါနဲ့ . . . ဘာဘက ဒီနေရာမှာ စောင့်နေတာကြ ပြီလား"

ရွှက်ကြေွသိုင်းသမား ပါထင်းစုက ခပ်ဖြည်းဖြည်းပြေ သည်။

"အင်း . . . ကြာပြီဆိုပါတော့ကွာ"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်သည်။

သူက လေးနက်တည်ကြည်သောဟန်ဖြင့် . . .

"ဒါနဲ့ . . . ယို့အော့လျှံတို့က အခုဘယ်ရောက်နေကြလဲ"

ပါထင်းစုက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်

သူက ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

"ဒီလိုကွ . . . သူတို့က မင်းတို့ရောက်လာမယ်ဆိုပြ စောင့်နေတုန်းမှာ တိတန်တွေ ဝင်လာပြီး သောင်းကျန်းသွာ တယ်လေ . . . ဒါကြောင့် သူတို့က မြို့ထဲပြေးလာပြီး မင်းတ ရောက်ခဲ့တဲ့ ဆင်းရဲသားရပ်ကွက်တွေထဲမှာ လာခိုနေကြတယ် . . . နောက်တော့ သူတို့က ကျောက်ဖြူတောင်ဘက်ကို ထွက်သွားကြ တယ်"

❀❀❀❀❀



ကောင်းကျူက နားမလည်နိုင်စွာဖြင့်ကြည့်လိုက်သည်။

"နေပါဦး . . . အဘ သူတို့ဆိုတာက"

သူက စကားကိုတစ်ပိုင်းတစ်စဖြင့်ရပ်တန့်ထားလိုက်၏။ ပါထင်းစုက ရှင်းပြလိုက်လေသည်။

"ဒီလိုလေ၊ သူနဲ့အတူ ရှင်ချန်ရီလဲ လိုက်ပါသွားတယ်ကွ"

ကောင်းကျူမှာ တွေဝေသွားသည်။

"ဟာ. . . ဒါဆိုရင် အဘတို့ဂိုဏ်းကလူတွေ. . ."

ပါထင်းစု၏မျက်နှာပေါ်တွင်ဝေဒနာပြင်းပြင်းထန်ထန် ခံစားရသည့်ဟန်များ နှပေါ်လွင်လာလေသည်။

သူက မချိုပြုံး ပြုံးလိုက်၏။

"တစ်ယောက်မကျန်သေဆုံးရတာပါ . . . သခင်မလေး ယို့အော့လျှံနဲ့ ကျုပ်တို့က အဲဒီအချိန်တုန်းက . . . ခရီးထွက်နေကြ လို့ အသက်ရှင်ကျန်ခဲ့တာလေ"

ကောင်းကျူ၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ် သွားသည်။

သူသည် တိတန်မိစ္ဆာဂိုဏ်း၏ ရက်စက်ကြမ်းကြုတ်မှုမှာ အလွန်ပြင်းထန်လှပါကလားဟု ခံစားနေရသည်။

တိတန်ဂိုဏ်းသည် အသတ်အဖြတ်တွင်ရက်စက်လှသည်။

အသက်ဆိုသည်ကို လုံးဝ တန်ဖိုးမထားသော ဂိုဏ်းဖြစ် သည်။

ပါထင်းစုက. . .

"အင်း. . . အသားထဲကလောက်ထွက်ဆိုသလိုမျိုးပေါ့၊

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ကဒုက္ခပေးလိုက်တာပါပဲ"

ကောင်းကျူက မျက်မှောက်ကြုတ်လိုက်သည်။

"နေပါဦးဗျာ . . . ဒီကြယ်တံခွန်ဓားသမားက ရွှေနဂါးဂိုဏ်းချုပ်ကြီးကဂိုဏ်းရဲ့ခြံဝင်းတံခါးရှေ့မှာ . . . ဒဏ်ရာဗရပွနဲ့လဲကျနေတာတွေ့လို့ ကယ်တင်ခဲ့တာမဟုတ်လား . . . ဒီကျေးဇူးကို သူဆောက်ရမယ်ဗျာ"

ရွက်ကြွေသိုင်းသမားပါထင်းစုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် . . . သူ့ကိုဂိုဏ်းရဲ့ခြံဝင်းတံခါးရှေ့မှာလဲကျနေတာတွေ့လို့ . . . ဂိုဏ်းချုပ်ကြီးက ကယ်တင်ခဲ့တာပါ"

သူက ခံပြင်းသောလေသံဖြင့်ဆက်၍ပြောလိုက်၏။

"ဂိုဏ်းချုပ်ကြီးက သူ့ကိုကျွေးမွေးခဲ့တယ် . . . စောင့်ရှောက်ခဲ့တယ် . . . နောက်ပြီးကိုယ်ရံတော်ရာထူးကိုပါ ခန့်အပ်ခဲ့တယ်။ကျုပ်က သူ့ကိုကိုယ်ရံတော်ရာထူးခန့်အပ်တာကို မကျေနပ်ပေမယ့် ဘာမှမပြောဝံ့လို့ ရင်နှုတ်ပိတ်နေခဲ့တယ်လေ . . . သူ့ကိုအဆင့်တက် ပေးပုံကလဲ မြန်ပါတယ်"

ကောင်းကျူက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်၏။

သူသည် ကြယ်တံခွန်ဓားသမားပြောသောစကား တစ်ခွန်းကို ရုတ်တရက်ပြန်လည်ကြားယောင်လာမိလေသည်။

"တိတ်စမ်း . . . မင်းကဘုရားမှတ်လို့ ကိုးကွယ်နေတဲ့ ကိုးနဂါးဂိုဏ်းချုပ်နဲ့ ရွှေနဂါးဂိုဏ်းချုပ်တို့က မိစ္ဆာဂိုဏ်းချုပ်ကြီးထက် ဆယ်ဆမက ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ . . . နားလည်ထားစမ်းပါ . . . ဘာမှမသိဘဲနဲ့ ပြောချင်တာတွေပြောမနေကြနဲ့"



သူသည်ယင်းစကားကိုသတိရလိုက်မိသည်နှင့် တစ်ပြိုင်နက်ရွက်ကြွေသိုင်းသမားအား ကြည့်လိုက်လေသည်။

"အဘ ဒီတိတန်မိစ္ဆာဂိုဏ်းရယ် . . . ရွှေနဂါးဂိုဏ်းရယ် . . . ကိုးနဂါးဂိုဏ်းရယ်ဆိုတဲ့ ဂိုဏ်းသုံးဂိုဏ်းမှာ တစ်ချိန်ကရန်ငြိုးတွေ ရှိခဲ့ကြမယ်ထင်တယ်"

ရွက်ကြွေသိုင်းသမားက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူကအဝေးသို့ အတန်ကြာမျှော်ကြည့်နေပြီးမှခေါင်းတစ်ချက်ညိတ်လိုက်၏။

"ဟုတ်တယ် . . . သူတို့တစ်ချိန်က ပြဿနာရှိခဲ့ကြတယ်"

ကောင်းကျူက စိတ်ဝင်စားလာသည်။

ထို့ကြောင့် . . .

သူကစိတ်အားထက်သန်စွာဖြင့်မေးလိုက်၏။

"ဘာပြဿနာမျိုးလဲဟင်"

ရွက်ကြွေသိုင်းသမားက ခေါင်းခါရမ်းလိုက်၏။

'ဒါတော့ ကျုပ်ကသေချာမသိဘူး . . . ပြဿနာရှိခဲ့တယ်ဆိုတာတော့ . . . သိတယ်'

ကောင်းကျူ၏မျက်နှာပေါ်တွင် တွေဝေစဉ်းစားသောဟန်မူရာများပေါ်လာသည်။

"ယို့အော့လျှံများ . . . ဒီပြဿနာကိုသိမလားမသိဘူး"

ယို့အင်းပွေက ခေါင်းခါယမ်းလိုက်သည်။

"မသိနိုင်ဘူး . . . ကျွန်မတောင်မှ မသိသေးတာဘဲ"

ကောင်းကျူက ဒဏ်ရာများဖြင့်မိန်းမောနေသော ဟူဟန်

www.burmeseclassic.com

www.burmeseclassic.com



၏အနီးသို့ တိုးကပ်၍ကြည့်လိုက်သည်။

"တုဟာန် . . . မင်းရဲ့အခြေအနေက ဘယ်လိုလဲ"

တုဟာန်က သူ့အား မျက်လုံးဖွင့်ကြည့်လိုက်၏။

သူက မချိပြုံးပြုံးလိုက်သည်။

"သခင်လေး . . . ကျုပ်ကယောက်ျားပါ . . . ခံနိုင်ရည်ရှိပါတယ် . . . ဒါကြောင့် ကျောက်ဖြူတောင်ကို ခရီးဆက်ဖို့ပဲလုပ်ပါ"

ယို့အင်းပွေက ခေါင်းခါယမ်းလိုက်သည်။

"အို . . . ဘယ်ဖြစ်ပါ့မလဲ . . . သူ့ ဒဏ်ရာကမနည်းဘူး . . . ဘယ်လိုမှ ခရီးဆက်လို့ရမှာ မဟုတ်ဘူး"

ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း . . . ခက်တာက ကျုပ်တို့က သူ့ကို ပါလာတဲ့ဆေးဝါးတွေနဲ့ ကုသနေတယ်ဆိုပေမယ့် စနစ်တကျမရှိဘူးနော် အရေးကြီးတာက တကယ်တတ်ကျွမ်းတဲ့ သမားတော်ကြီးနဲ့ ကုသဖို့သင့်ပါတယ် . . . ဒီနားမှာ သမားတော်ကြီးခေါ်ဖို့ဆိုတာလဲ မလွယ်ဘူး"

ယို့အင်းပွေက ရွက်ကြွေသိုင်းသမားအား ကြည့်လိုက်၏။

"အဘ သူ့ကို ဘယ်လိုလုပ်ရင် . . . ကောင်းမလဲ"

ရွက်ကြွေသိုင်းသမားက တုဟာန်၏ဖြူဖပ်ဖြူရော်မျက်နှာအား တစ်ချက်ကြည့်လိုက်သည်။

သူက အနည်းငယ်စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်၏။

"ဒီလိုလုပ်ကြမယ် . . . ကျုပ်တို့က အခုခရီးဆက်မယ်"



တိလျှံက မျက်လုံးပြူးသွားလေသည်။

သူက ရွက်ကြွေသိုင်းသမားအား ကြည့်လိုက်လေ၏။

"ဖြစ်ပါ့မလားဗျာ"

ရွက်ကြွေသိုင်းသမားက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဖြစ်ပါတယ် . . . ကျုပ်တို့က သူ့ကို မြင်းရထားလုံးတစ်...နဲ့ . . . ခေါ်သွားကြမယ်လေ"

ဟိုဖေ့က မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

သူက ရွက်ကြွေသိုင်းသမားအား ဦးညွှတ်ကာ . . .

"တိတန်မိစ္ဆာဂိုဏ်းကလူတွေက ကျုပ်တို့ အခုလိုထွက်...သာတာကို ငြိမ်နေမှာမဟုတ်ဘူး . . . နောက်ပြီး ကျုပ်တို့က သူ...တို့ကို သတ်လာတာ . . . ဒါကြောင့် ကျုပ်တို့က မြင်းရထားလုံး... သွားမယ်ဆိုရင် လွတ်နိုင်ပါ့မလား . . . မြင်းရထားကို သူတို့...ခြေရာမခံနိုင်ဘူးလား"

ရွက်ကြွေသိုင်းသမားက သူ့အား စေ့စေ့ကြည့်လိုက်သည်။

မင်းက မိစ္ဆာဂိုဏ်းကလူတွေမသိအောင် ကိုယ်ရောင်...ဖျောက်ပြီး သွားမှဖြစ်မယ်လို့ ပြောချင်တာမဟုတ်လား"

ဟိုဖေ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ရွက်ကြွေသိုင်းသမားက ပြုံးလိုက်သည်။

သူ၏ အပြုံးမှာ အလွန်လျှို့ဝှက်သော အပြုံးမျိုးဖြစ်လေသည်။

"စိတ်ချပါ . . . ကျုပ်က ဒီနယ်မြေကို ကျွမ်းကျင်ပြီးသား

www.burmeseclassic.com

www.burmeseclassic.com



ပါ . . . ဒါကြောင့် ကိုယ်ရောင်ဖျောက်တာထက် ကောင်းတဲ့လမ်း ခရီးကို ရွေးချယ်ပြီးသွားမယ် . . . နောက်ပြီး အဲဒီလမ်းခရီးတွေ မှာ ကျုပ်တို့လူတွေ အကုန်လုံးရှိနေကြတယ်လေ"

ကောင်းကျူးက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

သူက ရှက်ကြွေသိုင်းသမားအား နားမလည်နိုင်စွာဖြင့် မေးလိုက်လေသည်။

"အဘ . . . အဘပြောတဲ့ အဘတို့လူတွေဆိုတာက ရွှေ နဂါးဂိုဏ်းကလူတွေလား"

ရှက်ကြွေသိုင်းသမားက ပြုံး၍ ပခုံးတစ်ချက်တွန့်လိုက် သည်။

"ကောင်းသခင်လေး . . . ကျုပ်က ရွှေနဂါးဂိုဏ်းမှာ ဆက်သွယ်ရေးတာဝန်ယူထားတဲ့လူပါ . . . ဒါကြောင့် တစ်စုံတ ခုကိစ္စဖြစ်ပေါ်လာရင် ကျုပ်က ခရီးထွက်ရတယ် . . . ဒါကြော နေရာတိုင်းမှာ ကျုပ်တို့လူတွေ အပြည့်အဝရှိနေတယ် . . . တ ခါတုန်းက ရေဘေးဒုက္ခဖြစ်တုန်းကဆိုရင် ရွှေနဂါးဂိုဏ်းချုပ်ကြီးက သူတို့ကို အကြီးအကျယ်ထောက်ပံ့ ကူညီခဲ့ဖူးတယ်လေ . . . ဒါ ကြောင့်လဲ သူတို့က ကျုပ်တို့ကိုဆိုရင် အချိန်မရွေး ကူညီမှာပါ . . . ကူညီခြင်းဟာ အကျိုးရှိပါတယ်ကွာ"

သူက စကားဆက်လိုက်သည်။

"နောက်ပြီး . . . ကျုပ်တို့က သူတို့ဆီကတစ်ဆင့် ကျောက်ဖြူတောင်ကို ခရီးဆက်လို့ရတယ် . . . အဲဒီဒေသမှာ တည်းခိုရေးကအစ စားစရိတ်သောက်စရိတ်လဲ မပူရဘူး . . .



ဒီအပြင် အလွန်အစွမ်းထက်တဲ့ သမားတော်ကြီးတစ်ယောက်ကလဲ အဲဒီမှာ ရှိနေပါတယ် . . . ဒါကြောင့် တုဟန်ကို အဲဒီမှာ ဆေးကု ပေးလို့ရတယ်"

ကောင်းကျူးက ပြုံးလိုက်သည်။

အလွန်ကျေနပ်သော အပြုံးမျိုးဖြစ်သည်။

ရှက်ကြွေသိုင်းသမားကြီးကဲ့သို့ အစစအရာရာ အဆင် သင့် ဆောင်ရွက်တတ်သူမျိုးတစ်ယောက် ရရှိထားသည်မှာ အလွန် အကျိုးရှိသည်။

သူက ခေါင်းတစ်ချက်ညိတ်ကာ ရှက်ကြွေသိုင်းသမားကြီး အား ကြည့်လိုက်လေသည်။

"ကျုပ်သိပြီ . . . ဒါကြောင့် ယို့အောလျံတို့က ကျောက် ဖြူတောင်ဘက်ကို ပြေးကြတာဖြစ်ရမယ်"

ရှက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်"

ကောင်းကျူးက တုဟန်ထံသို့ လျှောက်သွားလေသည်။

ထို့နောက် တုဟန်၏လက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင် လိုက်သည်။

တုဟန်က သူ့အားကြည့်ကာ ပြုံးပြနေ၏။

ကောင်းကျူးကလည်း ပြန်လည်ပြုံးပြလေသည်။

"တုဟန် မင်း ဘာမှမဖြစ်စေရဘူး . . . ငါတို့ မင်းကို အကောင်းဆုံးသမားတော်နဲ့ ပြမယ်သိလား"

တုဟန်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကောင်းကျူး၏လက်ကို ပြန်လည်ဆုပ်ကိုင်လိုက်လေသည်။

"ကောင်းသခင်လေး . . . ကျုပ်ကို သေရမှာကြောက်တတ်လို့ ထင်နေသလား . . . လူလောကထဲရောက်လာခဲ့ရင် လမ်းနှစ်လမ်းပဲရှိတယ် . . . တစ်လမ်းက ရှင်လမ်း . . . ရှင်လမ်းကိုကျော်ဖြတ်လာရင် လူတွေက သေလမ်းချည်းပါပဲ . . . ကျုပ်အတွက် ဘာမှ ဒီလောက်မခံစားကြပါနဲ့"

ကောင်းကျူး၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူက တုဟန်အား စိုက်ကြည့်လိုက်သည်။

"တုအစ်ကို . . . ခင်ဗျားနဲ့ကျုပ်တို့ဟာ သွေးရင်းညီအစ်ကိုတွေပါ . . . ဒါကြောင့် ခင်ဗျားကို ကျုပ်က အဆုံးရှုံးမခံနိုင်ပါဘူး"

တုဟန်က ပြုံးနေလေသည်။

သူ၏အပြုံးမှာ လျှို့ဝှက်သော အပြုံးမျိုးဖြစ်ကြောင်း ကောင်းကျူးက သဘောပေါက်မိလေသည်။

သူက တုဟန်အားစိုက်ကြည့်လိုက်သည်။

"တုအစ်ကို ကျေးဇူးပြုပြီး . . . နောက်နောင်ကို စိတ်ပျက်အားငယ်ရမယ့်စကားမျိုး မပြောပါနဲ့"

တုဟန်က ပြုံးနေလေသည်။

ကောင်းကျူးက ရွက်ကြွေသိုင်းသမားဘက်သို့ လှည့်လိုက်သည်။

"အဘ ကျွန်တော်တို့ ဒီနေရာက . . . အမြန်ဆုံးထွက်



င်အောင် စီစဉ်ပေးပါ"

ရွက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

သူက ချက်ချင်းပင် ဇရပ်ပျက်ပေါ်မှ ခုန်ချကာမြက်ပင်ည်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ကောင်းကျူးက ရွက်ကြွေသိုင်းသမားကြီးက မြက်ပင်ရှည်ားကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ဟိုဖေ့၊ီလျှံနှင့် ဝူးလုံတို့အား မျက်လုံးဝေ့ကာ ကြည့်လိုက်သည်။

"ခင်ဗျားတို့ သိပ်ပင်ပန်းနေတယ်ဆိုတာ သိပါတယ် . . . ပေမယ့် ကျုပ်တို့က ဒီနေရာမှာ စိတ်ချလက်ချ အနားယူလို့ဖြစ်ပါဘူး . . . ဒါကြောင့် ကျုပ်နဲ့ခင်ဗျားတို့ လေးယောက်ကဇရပ်ပျက်ရဲ့ လေးဘက်လေးတန်မှာ ကင်းစောင့်ကြရမယ်"

သူက စကားဆက်လိုက်သည်။

"ကျုပ်တို့ ကင်းစောင့်နေတဲ့ အချိန်မှာ ငှက်တစ်ကောင်ာင် ဝင်ခွင့်မပေးပါနဲ့ . . . နောက်ပြီး ဒီကနေပြီး ငှက်တစ်ာင်တောင်မှ ထွက်ခွင့်မပေးနဲ့ . . . ဘာဖြစ်လို့လဲဆိုရင် အချို့တွေဟာ ငှက်တွေကို ကျွမ်းကျွမ်းကျင်ကျင် မွေးမြူပြီး သတင်းပို့တ်တယ် . . . ဒါကြောင့် ကျုပ်တို့က သတိမပြတ်ထားရလိမ့်ယ်"

တိလျှံ၊ ဝူးလုံနှင့် ဟိုဖေ့တို့က ချက်ချင်းပင် ဇရပ်ပေါ်မှချကာ သူတော်ကောင်းဇရပ်အား စောင့်ကြပ်နေ၏။

ကောင်းကျူးက ယို့အင်းပွေအား ကြည့်လိုက်သည်။

သူက လေးနက်တည်ကြည်သော မျက်နှာထားဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"ယို့အင်းပွေ တုဟန်ကို သေချာစောင့်ကြည့်ထားနေ ... တစ်စုံတစ်ခုထူးခြားရင် ငါ့ကို အမြန်ဆုံးလှမ်းခေါ်ပါ"

ယို့အင်းပွေက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ... အစ်ကိုလေး"

ကောင်းကျူက တုဟန်အား လှမ်းကြည့်လိုက်သည်။

တုဟန်၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်နေ သည်။

ကောင်းကျူက တုဟန်မှာ အလွန်အင်အားနည်းနေပြီဖြ ကြောင်း နားလည်လိုက်သည်။

သူက တုဟန်အား အတွင်းအားဖြင့် ကုသရန် ဟန်ပြ လိုက်၏။

တုဟန်က လက်ကာပြလိုက်သည်။

"မလိုပါဘူး ... ကျွန်တော် အခုမှာစစ်ရေးလောက် အ ချင်နေတယ် ... ဒါကြောင့် သခင်လေးကသာ ရန်သူဝင်မလ အောင် စောင့်ပေးပါနော်"

ကောင်းကျူက အတွင်းအားဖြင့် ကုသရန် ဟန်ပြင်ထ သော လက်ဝါးနှစ်ဖက်အား ကမန်းကတန်း ပြန်လည်ရုပ်သိမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ ... ခင်ဗျားက အိပ်ချင်ရင်အိပ်ပါ ... ကျုပ်က ကင်းစောင့်တော့မယ်"

တုဟန်က မျက်လုံးကိုမှိတ်လိုက်သည်။

ကောင်းကျူက သူ့အား တစ်ချက်ကြည့်ကာ ဇရပ်ပျက်

ထထထထ



ခုန်ချလိုက်လေသည်။

ထို့နောက် ...

သူက ဝန်းကျင်အား ဂရုတစိုက်ဖြင့် စောင့်ကြပ်နေလေ တော့၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးခဲ့ပြီ ဖြစ်သည်။

ဟိုဖေ့၊ ကောင်းကျူ၊ တိလျှံနှင့် ဝူးလုံတို့သည် တိတ်ဆိတ် ကင်းစောင့်နေကြလေသည်။

သူတို့သည် ဤနေရာမှာ မိစ္ဆာဂိုဏ်း၏ ဩဇာအာဏာ ခွမ်းမိုးသည့် နေရာဖြစ်သောကြောင့် အနည်းငယ်မျှ သတိမလစ် ပါချေ။

သူတို့က သတိကြီးစွာဖြင့် စောင့်ကြပ်နေကြ၏။

ကောင်းကျူသည် တုဟန်အား သမားတော်ကြီးနှင့် အမြန် း ပြသနိုင်ပါမှ စိတ်အေးချမ်းသာရမည်ဟု နားလည်ထားသည်။

ထို့ကြောင့် သူက ရှက်ကြွေသိုင်းသမား အမြန်ဆုံးပြန်လာ စေရန် ဆုတောင်းနေမိတော့သည်။

◙ ◙ ◙ ◙

ကောင်းကျူသည် ရှက်ကြွေသိုင်းသမား အမြန်ဆုံးပြန်လာ စေရန် ကျိတ်၍ ဆုတောင်းနေသည်။

ယခုအချိန်၌ ဆုတောင်းခြင်းမှတစ်ပါး ဘာမျှ မလုပ်နိုင် ချေ။ ထိုအချိန် အလွန်တိုးညင်းသော ခြေသံကို ကြားရသဖြင့်

ထထထထ

www.burmeseclassic.com

www.burmeseclassic.com



သူက ချာခနဲလှည့်ကြည့်လိုက်လေသည်။

ယို့အင်းပွေက လမ်းလျှောက်လာနေခြင်းကို တွေ့မြင်လိုက်ရ၏။

သူက ယို့အင်းပွေ့အနီးသို့ လျှောက်သွားကာ မျက်မှော် ကြုတ်၍ ကြည့်လိုက်သည်။

"ယို့အင်းပွေ . . . နင့်ကို ငါက တုဟန်ရဲ့နားမှာ စော နေပါလို့ ပြောခဲ့တယ် မဟုတ်လား"

ယို့အင်းပွေ၏ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ရစ် နေလေသည်။ သူမက ကောင်းကျူအား ညှိုးနွမ်းသော မျက်လုံး အစုံဖြင့် မော့ကြည့်လိုက်လေသည်။

"ကောင်းအစ်ကိုလေး . . . တုအစ်ကိုကြီးရဲ့ အခြေအနေ မကောင်းဘူး . . . သူ . . . သူ . . . သူ"

ကောင်းကျူက ရင်ထိတ်သွားလေသည်။

သူက မျက်မှောင်ကြုတ်လိုက်၏။

"သူ . . . ဘာဖြစ်လို့လဲ"

ယို့အင်းပွေက ငိုကြွေးလိုက်သည်။

ယို့အင်းပွေ တကယ်စိတ်ထိခိုက်နေပေပြီ။

သူမက တစ်ခဏကြာမှ မျက်ရည်များကိုသုတ်ကာ မော့ ကြည့်လိုက်၏။

ယို့သော် . . .

သူမ၏ရှေ့တွင် ကောင်းကျူအား မတွေ့ရတော့ပါချေ။ သူမသည် မျက်လုံးပြူးကာ ဝန်းကျင်အား ကြည့်လိုက် သည်။

ထိုအခါ အလွန်စိတ်မြန်လက်မြန်ရှိသော ကောင်းကျူက သူမ၏စကားကို စောင့်၍ နားမထောင်ဘဲ ဇရပ်ပျက်ပေါ်တွင် ရောက်ရှိနေပြီကို တွေ့မြင်လိုက်ရတော့သည်။

သူမသည် အလျှင်အမြန်ဇရပ်ပျက်ပေါ်သို့ ပြန်လည်ပြေး တက်ခဲ့ရလေ၏။

◙ ◙ ◙ ◙

ကောင်းကျူသည် မျက်နှာကွက်ခနဲ ပျက်သွားသည်။

အဘယ့်ကြောင့်ဆိုသော် . . .

တုဟန်၏ ဒဏ်ရာအားဆေးထည့်၍ အပေါ်အင်္ကျီဖြင့် သူက တင်းကျပ်စွာ ပတ်တီးစည်းပေးထားခဲ့သော နေရာမှ သွေး များက ယိုစီးကျလာနေသည် မဟုတ်ပါလော။

သူက တုဟန်အား မျက်တောင်မခတ် စိုက်ကြည့်နေမိ၏။

ထိုအချိန်၌ . . .

တုတန်က မျက်လုံးဖွင့်ကြည့်လိုက်သည်။

ကောင်းကျူက သူ့အား ကမန်းကတန်း ပြုံးပြလိုက်ရ၏။

တုဟန်က သူ့အား ကြည့်လိုက်သည်။

"ကောင်းသခင်လေး . . . ဘာဖြစ်လို့ ကျုပ်ကို စောင့် ကြည့်နေရတာလဲ . . . အရေးကြီးတာက တိတန်မိစ္ဆာဂိုဏ်းက လူတွေဟာ ဒီနေရာကို မရောက်အောင်စောင့်ဖို့ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက ခေါင်းခါယမ်းလိုက်၏။

သူက တုဟန်အား ပြုံးပြလိုက်သည်။

"ဒီနေရာဟာ အလွန်ခေါင်လွန်းပါတယ် . . . ဒါကြောင့် တော်ရုံတန်ရုံလူက ဒီနေရာကို မလာနိုင်ပါဘူး . . . မြို့ပြင်ဖြစ်တဲ့ အပြင် လူသူအသုံးမပြုဘဲ စွန့်ပစ်ထားတဲ့နေရာဆိုတော့ . . . စိတ်ချရပါတယ်"

တုဟန်က ပြုံးလိုက်သည်။

သူက ကောင်းကျူအား စိုက်ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ငါ့ညီလေးလဲ ပင်ပန်းနေပြီ . . . တကယ်တော့ ငါဟာ စောစောစီးစီး သေသင့်တဲ့လူပါကွာ"

ကောင်းကျူက ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

သူက တုဟန်၏ လက်ကို ဆွဲကိုင်ကာ ပြုံး၍ပြောလိုက်သည်။

"မပင်ပန်းပါဘူး . . . မပင်ပန်းပါဘူး . . . ကျုပ်က တုအစ်ကိုကြီးကို အမြန်ဆုံး ကျန်းမာရေး ပြန်ကောင်းစေချင်တာ ကလွဲရင် ဘာမှ မပင်ပန်းပါဘူး . . . သိုင်းသမားတစ်ယောက်အတွက် ဒါဟာ အသေးအဖွဲ့ပါ . . . ဒီထက်မကတဲ့ အခက်အခဲတွေတောင် ရင်ဆိုင်ကြရတာပဲ"

တုဟန်က ပြုံးနေလေသည်။

သူက ကောင်းကျူအား ကြည့်လိုက်သည်။

"ကောင်းညီလေး . . . အစ်ကိုကြီးကို နေကောင်းစေချင်တာကလဲ စိတ်ပင်ပန်းတာပဲ မဟုတ်လား"





ကောင်းကျူက မည်သို့ ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

တုဟန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း . . . တိတန်မိစ္ဆာဂိုဏ်းဟာ တကယ် ကြောက်စရာကောင်းအောင် လူအင်အားများတယ် . . . နောက်ပြီး သူတို့ရဲ့ လူတွေ အကုန်လုံးဟာ သိုင်းပညာအဆင့်မြင့်ပြီး ရက်စက်ကြမ်းကြုတ်တယ် . . . ကျုပ်တို့က ကံကောင်းလို့ သူတို့ရဲ့ရှက်ဖျင်တဲ့တွေ မီးလောင်ချိန်မှာ အခွင့်ကောင်းယူပြီး ထွက်လာနိုင်ခဲ့တယ် . . . နို့မို့ဆိုရင် မလွယ်ဘူးနော်"

ကောင်းကျူက ပြုံး၍ နားထောင်နေ၏။

တုဟန်က ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်သည်။

"ဒါကြောင့် ဒီနယ်က ညီလေးကောင်းတို့ အမြန်ဆုံးထွက်ကြပါ . . . ကျုပ်ကို ဘာမှမငဲ့နဲ့ . . . ကျုပ်က ခံနိုင်ရည်ရှိပါတယ်"

ကောင်းကျူ၏ရင်ထဲတွင် သူ၏ စကားကြောင့် ကြေကွဲဝမ်းနည်းလာသည်။

သူက တုဟန်၏ရင်ဝကို စည်းထားသော အဝတ်စမှ စိမ့်ထွက်ယိုစီးကျလာသည့် သွေးများအား မသိမသာ ငုံ့ကြည့်ရင်း အံကို တင်းတင်းကြိတ်လိုက်သည်။

သူက ခေါင်းတစ်ချက် ခါယမ်းကာ . . .

"ဘာပဲဖြစ်ဖြစ် တုအစ်ကိုကြီးက ဘာမှ မဖြစ်ရဘူး . . .



www.burmeseclassic.com

www.burmeseclassic.com



တုအစ်ကိုကြီးအတွက် ကျုပ်က အစွမ်းကုန်ကြိုးစားမယ် . . . ကျွန်တော်တို့ရှင်ရင် အစ်ကိုကြီး ရှင်မယ် . . . ကျွန်တော်တို့ သေရင် အစ်ကိုကြီးသေမယ် . . . ဒါပဲ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

တုဟန်က ပြုံးလိုက်သည်။

သူ၏ အပြုံးမှာ မချိတင်ကဲအပြုံးမျိုးဖြစ်သည်။

အမှန်တွင် သူသည် မိမိရင်ထဲ၌ တဆစ်ဆစ် နာကျင်ကိုက်ခဲကာ သွေးများစိမ့်ယိုစီးကျနေသည်ကို သိရှိထားပြီး မဟုတ်ပါလော။

ထိုအချိန်၌ . . .

ရွှက်ကြွေသိုင်းသမားသည် ဖရုပ်ပေါ်သို့ ပြေးတက်လာ၏။

သူ့နောက်တွင် တိလျှို၊ ဟိုဖေ့နှင့် ဝူးလုံတို့ကလည်း ပါရှိလာကြလေသည်။

ကောင်းကျူးက ရွှက်ကြွေသိုင်းသမားအား လှည့်ကြည့်လိုက်၏။

"အဘ ရထားလုံးပါသလားဟင်"

ရွှက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ပါတယ် . . . မြင်းလွတ်သုံးကောင်လဲ ပါလာတယ်"

ကောင်းကျူးက ဝမ်းသာသွားလေသည်။

သူက ရွှက်ကြွေသိုင်းသမားအား ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်လိုက်ရင်း . . .

"ကျေးဇူးတင်ပါတယ်ဗျာ . . . အဘကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိပါဘူး"

ရွှက်ကြွေသိုင်းသမားက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ဟင်း . . . ဒီလိုပြောလို့ မရပါဘူး . . . ကျေးဇူးတင်ရမှာက အဘတို့ပါ . . . ဟိုးကိုးနဂါးနယ်မြေကနေပြီး ဒီကိုရောက်အောင် လာပြီးကူညီတဲ့ မင်းတို့ကို ကျေးဇူးတင်ပါတယ်ကွာ"

ကောင်းကျူးက ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလဲ မဟုတ်သေးဘူးလေ . . . အခုလို တုအစ်ကိုကြီးက ဒုက္ခရောက်နေချိန်မှာ ကူညီတာကိုပဲ ကျွန်တော်တို့က ကျေးဇူးတင်လို့မဆုံးပါဘူး"

ယို့အင်းပွေက ကြားဖြတ်လိုက်၏။

"ကဲ . . . တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ကျေးဇူးတင်မနေကြပါနဲ့ . . . လောလောဆယ်အရေးကြီးတာက ကျွန်မတို့ ဒီနေရာက အမြန်ဆုံးထွက်သွားကြဖို့က အရေးကြီးပါတယ် . . . ကဲ . . . လုပ်ကြပါ"

ရွှက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

ထို့နောက် . . .

သူသည် တုဟန်အားပွေ့ချီလိုက်ပြီး မြက်ပင်ရှည်များ ကြားသို့ တိုးဝှေ့လျှောက်သွားလေသည်။

ကျန်လူများကလည်း သူ့နောက်မှ လိုက်ပါသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းသုံးကောင်တပ်ဆင်ထားသော ရထားလုံးတစ်စီးနှင့် မြင်းလွတ်သုံးကောင်သည် မြက်ပင်ရှည်များ၏ အပြင်ဘက်တွင် ရှိနေ၏။

ကောင်းကျူက တိလျှံ၊ ရွက်ကြွေသိုင်းသမားနှင့် ဝူးလုံ၊ ဟိုဖေ့တို့အား ကြည့်လိုက်လေသည်။

"ကဲ ... ခင်ဗျားတို့အားလုံးက မြင်းနဲ့လာခဲ့ပါ ... ကျုပ်က ရထားလုံးနဲ့လာမယ်"

ရွက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

သူက တုဟန်အား ရထားလုံးထဲသို့ ထည့်လိုက်၏။

ထို့နောက် ...

ယို့အင်းပွေ့ဘက်သို့လှည့်ကာ ဦးညွှတ်လိုက်သည်။

"သခင်မလေးလဲ ရထားလုံးနဲ့လိုက်ခဲ့ပါ"

ယို့အင်းပွေ့က စကားမပြောတော့ဘဲ ရထားလုံးပေါ်သို့ တက်လိုက်၏။

ကောင်းကျူက ရထားလုံးတံခါးကို ပိတ်လိုက်လေသည်။

သူက အားလုံးကို လက်တစ်ချက်ဝှေ့ယမ်းပြလိုက်၏။

"အားလုံးထွက်ကြမယ်ဟေ့ ... လမ်းခရီးမှာ တစ်စုံတစ်ခု ဖြစ်ခဲ့ရင် တုအစ်ကိုကြီးကို အဓိကထားပြီး ဂရုစိုက်ကြပါ ... လူစုကွဲသွားမယ်ဆိုရင် ကျောက်ဖြူတောင်ကို အရောက်လာခဲ့ကြပါ"

ဟု ပြောပြီး မြင်းရထားလုံးပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ခရီးစတင်ထွက်ခဲ့လေတော့သည်။



ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

ကောင်းကျူတို့လူစု ထွက်ခွာသွားချိန်မှစ၍ ဤပတ်ဝန်းကျင်တွင် လူသူတစ်စုံတစ်ယောက်မှ မရှိတော့သည့်အလား။

သို့သော် ...

ကောင်းကျူတို့လူစု ထွက်ခွာသွားပြီး အတန်ကြာသောအခါ အနီရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က မြက်ပင်ရှည်များကြားမှ ထွက်ပေါ်လာသည်။

ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး မျက်နှာတစ်ခုလုံးမှာ နီရဲနေလေသည်။

သူက ကောင်းကျူတို့ထွက်ခွာသွားရာသို့ တစ်ချက်လှမ်းကြည့်ကာ မျက်နှာပြင်ပေါ်တွင် ပြုံးယောင်သမ်းလာ၏။

သူ၏အပြုံးမှာ တစ်စုံတစ်ရာအတွက် ကျေနပ်အားရသော အပြုံးမျိုးဖြစ်လေသည်။

ထို့နောက် သူသည် လိုက်ကျုံးမြို့တော်ဘက်ဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်ခဲ့လေတော့သည်။

▣ ▣ ▣ ▣

နေဝင်ဆည်းဆာချိန်ဖြစ်သည်။

ကောင်းကင်ပြင်တစ်ပြင်လုံး ပတ္တမြားရောင် တောက်၍

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိနေလေသည်။

ကောင်းကင်ကြီးကို ကြည့်ရသည်မှာ သွေးရောင်လွှမ်းသလိုလို၊ မီးလောင်ပြင်ကြီးလိုလို ထင်မှတ်နေရအောင်ပင် တစ်မိုးလုံးနီလျက်ရှိ၏။

ကောင်းကင်ပြင်ကြီးမှ ရောင်ပြန်ဟပ်မှုကြောင့် လိုက်ကျုံးမြို့၏ မင်းလမ်းမကြီးသည်ပင် အနီရောင်ယှက်သမ်းလျက် ရှိနေလေသည်။

ထိုအချိန်၌ . . .

မင်းလမ်းမကြီးအတိုင်း လူတစ်ယောက်က လျှောက်လာနေခြင်းကို တွေ့မြင်လိုက်ရ၏။

သူ၏ခန္ဓာကိုယ်ပေါ်တွင် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားရာ မီးပုံတစ်ပုံရွေ့လျားလာနေသည်နှင့် တူလှပေသည်။

ထိုလူသည် မင်းလမ်းမကြီးအတိုင်း လျှောက်လာရာမှ သိမ်းငှက်ကဲ့သို့ စူးရှသော မျက်လုံးအစုံဖြင့် ဝန်းကျင်အား မျက်လုံးဝေ့ကာကြည့်လိုက်၏။

လိုက်ကျုံးမြို့ထဲတွင် ထူးခြားစွာ လူသွားလူလာကင်းရှင်းလျက်ရှိနေခြင်းကို တွေ့မြင်လိုက်ရသည်။

သို့သော် . . .

အနက်ရောင်ဝတ်ဆင်ထားကြသော မိစ္ဆာဂိုဏ်းသားများကမူ ခြေကျင်းလိမ်ကာ လူးလာခေါက်တုံ့ သွားလာနေကြပေသည်။

သူတို့သည် တစ်စုံတစ်ခုအား သဲသဲမဲမဲ ရှာဖွေနေကြဟန်တူလေသည်။



အနီရောင်ဝတ်ဆင်ထားသော လူက ပခုံးတစ်ချက်တွန့်လိုက်သည်။

ထိုအချိန်၌ . . .

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားကြသော မိစ္ဆာဂိုဏ်းသားသည် မင်းလမ်းမဘေးရှိ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်သွားကြသည်ကို တွေ့မြင်လိုက်ရ၏။

သူက ရုတ်ခြည်းပင် ထိုလူများဝင်ရောက်သွားသော စားသောက်ဆိုင်ရှေ့သို့ လျှောက်သွားလေသည်။

သူသည် စားသောက်ဆိုင်ရှေ့သို့ ရောက်သောအခါ ခြေလှမ်းတုံ့ခနဲ ရပ်တန့်လိုက်ရလေသည်။

အဘယ့်ကြောင့်ဆိုသော် . . .

စားသောက်ဆိုင်ရှေ့တွင် တိတန်ဂိုဏ်းသားနှစ်ယောက်ကဓားကိုယ်စီဖြင့် စောင့်ကြပ်နေခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သို့သော် . . .

သူက ထိုလူများအား ဂရုမစိုက်ဘဲ စားသောက်ဆိုင်၏ဆင်ပေါက်တံခါးဝဆီသို့ လှမ်းလျှောက်လာလေသည်။

စားသောက်ဆိုင်၏ တံခါးဝသို့ ရောက်သောအခါ . . .

ရုတ်တရက် စူးရှသော ဟန့်တားသံတစ်သံက ထွက်ပေါ်လာသေလည်။

"ရပ်လိုက်စမ်း"

ယင်းအသံနှင့်အတူ ဓားနှစ်လက်က ကြက်ခြေခတ်

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန် သူ၏လည်ပင်းသို့ ရောက်ရှိလာလေတော့သည်။

▣ ▣ ▣ ▣

နှင်းဆီပန်းစားသောက်ဆိုင်သည် လိုက်ကျုံးမြို့၏ မင်းလမ်းမကြီးဘေးတွင် တည်ရှိသော စားသောက်ဆိုင်ဖြစ်လေသည်။

မင်းလမ်းမကြီးတစ်လျှောက်တွင် ယှဉ်ပြိုင် ရောင်းချနိုင်သော စားသောက်ဆိုင် မရှိသလောက်ပင် နှင်းဆီပန်းစားသောက်ဆိုင်သည် နေစဉ်နေ့တိုင်း လူများဖြင့် စည်စည်ကားကားဖြင့် ကြီးကျယ်ခမ်းနားလှသည်။

လိုက်ကျုံးမြို့မှ လူများသည် နှင်းဆီပန်းစားသောက်ဆိုင်ကို မရောက်ဖူးလျှင် လူဖြစ်ရကျိုးမနပ်ဟုပင် ပြောစမှတ်ကြုံလာရသည်အထိ ဖြစ်၏။

ထို့ကြောင့် . . .

နှင်းဆီပန်းစားသောက်ဆိုင်သည် နံနက်မိုးလင်းချိန်မှစ၍ ညဉ့်နက်သန်းခေါင်အချိန်တိုင်အောင် လာရောက်စားသောက်သူများဖြင့် စည်ကားနေခြင်းဖြစ်သည်။

သို့သော် . . .

ယနေ့ညတွင် နှင်းဆီပန်းစားသောက်ဆိုင်ထဲ၌ စားသောက်သူတစ်ယောက်သာ ရှိနေ၏။

စားသောက်ဆိုင်တစ်ဆိုင်၏ အစည်ကားဆုံးအချိန်တွင် အဘယ်ကြောင့် စားသောက်သူတစ်ယောက်တည်း ရှိနေပါ



သနည်း။

အမှန်တွင် . . .

ဤသို့ လူသူကင်းရှင်းနေရခြင်းမှာ စားသောက်ဆိုင်ထောင့်ရှိ တစ်ဦးတည်းထိုင်နေသော လူကြောင့်ပင် ဖြစ်သည်။

ထိုလူသည် မိမိရှေ့ရှိ အရက်အိုးနှင့် အမြည်းဟင်းလျာများကိုယောင်၍ပင် ကိုင်မကြည့်ဘဲ ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ငေးကြည့်နေခြင်းကို တွေ့မြင်လိုက်ရသည်။

ထိုလူကား မည်သူဖြစ်မည်နည်း။

အမှန်တွင် ထိုလူကား တခြားလူမဟုတ်ပါချေ။

ကြယ်တံခွန်သိုင်းသမားပင် ဖြစ်လေသည်။

သူသည် ကောင်းကျူနှင့် တိုက်ခိုက်နေကြစဉ် မိမိတို့က ဘာယီစခန်းချထားသော ရွက်ဖျင်တဲများတွင် မီးများစွဲလောင်သဖြင့် ထိတ်လန့်သွားခဲ့ရ၏။

အဘယ့်ကြောင့်ဆိုသော် . . .

ထိုရွက်ဖျင်တဲတါင် ယမ်းလက်နက်အချို့က ရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့် . . .

သူက အာရုံထွေပြားကာ မိမိတို့၏ တိတန်ဂိုဏ်းမှ လူများအား မီးငြိမ်းသတ်ရန် အော်ဟစ်အမိန့်ပေးနေခဲ့မိသည်။

ထို့ပြင် . . .

သူကိုယ်တိုင်လည်း မီးပြေး၍သတ်ခဲ့၏။

ရွက်ဖျင်တဲများ မီးငြိမ်းသွားစဉ်တွင် သူတို့သည် လမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းကလေးထဲသို့ ပြန်ပြေးလာကြသည်။

ထိုအခါ . . .

လမ်းကျဉ်းကလေးထဲတွင် ထိတန့်ဂိုဏ်းသားများ၏ အ... လောင်းများ ပြန့်ကြဲနေကြပြီး တိတန့်နှစ်ယောက်မှာလည်း ဒဏ်... ရာများ ပြင်းထန်စွာဖြင့် လဲကျနေခြင်းကို တွေ့မြင်လိုက်ရလေ... သည်။

သူသည် ချက်ချင်းပင် လိုက်ကျုံးမြို့တစ်ခုလုံးအား ပိုက်... စိပ်တိုက်ကာ ရှာဖွေခဲ့၏။

သို့သော် . . .

မည်သည့်ထူးခြားချက်ကိုမျှ မတွေ့ရပါချေ။

ကောင်းကျုံတို့လူစုသည် ပျောက်ချင်းမလှ ပျောက်ဆုံး... သွားကြလေပြီ။

အမှန်တွင် ကြယ်တံခွန်ဓားသမားက လမ်းကျဉ်းကလေး... ထဲရှိ ဆင်းရဲသားရပ်ကွက်အား သဲသဲမဲမဲလိုက်ရှာနေခဲ့ခြင်း ဖြစ်... သည်။

ဤသို့မဟုတ်ဘဲ ဖြန့်ကြဲ၍ ရှာလိုက်ပါက ကောင်းကျုံတို့... အား မိနိုင်သည်မဟုတ်ပါလော။

သူ၏ရင်ထဲတွင် ကောင်းကျုံတို့လူစုအား ဝေးဝေးသို့... မရောက်ရှိနိုင်သေးဟု ထင်မှတ်ထားသည် မဟုတ်ပါလော။

ထို့ကြောင့်လည်း ကောင်းကျုံတို့လူစုသည် လွတ်မြောက်... သွားခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် ကြယ်တံခွန်ဓားသမားသည် ကောင်းကျုံတို့...



လူစုအနေဖြင့် ဤလိုက်ကျုံးမြို့ထဲမှ ထွက်ခွာသွားခြင်း မရှိနိုင်သေးဟု ယူဆထားသဖြင့် ယခုကဲ့သို့ သူက စားသောက်ဆိုင်တစ်ဆိုင်၌ ထိုင်ကာ အဖွဲ့ပေါင်းများစွာထံမှ ကောင်းကျုံတို့၏ သတင်းကို လာရောက်ပို့ဆောင်မည့် သတင်းများကို စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်လေသည်။

သူက ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ကြည့်နေစဉ် ရုတ်တရက် မျက်လုံးအစုံက တစ်ချက်ဝင်းလက်တောက်ပသွားသည်။

အဘယ်ကြောင့်ဆိုသော် . . .

တိတန်မိစ္ဆာဂိုဏ်းသားငါးယောက်က စားသောက်ဆိုင်ထဲသို့ ဝင်လာနေကြခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူ၏ မျက်လုံးများသည် ပြတင်းပေါက်မှတစ်ဆင့် တံခါးဝဆီသို့ ရောက်ရှိသွားသည်။

ထိုအချိန်မှာပင် . . .

မိစ္ဆာဂိုဏ်းသားငါးယောက်က တံခါးဝမှတစ်ဆင့် ဝင်လာကြ၏။

သူတို့သည် ကြယ်တံခွန်ဓားသမားဆီသို့ လျှောက်လာကာ ဦးညွတ်ဂါရဝပြုလိုက်ကြသည်။

"ဂိုဏ်းခွဲမှူးကြီးကို အစီရင်ခံအပ်ပါတယ် . . . ကောင်းကျုံတို့ လူစုကို ကျွန်တော်တို့က တစ်အိမ်တက်တစ်အိမ်ဆင်း စေ့စေ့စပ်စပ် ရှာဖွေခဲ့ပါတယ် . . . ဒါပေမယ့် လုံးဝမတွေ့ရပါဘူး"

သူ၏ မျက်နှာတစ်ခုလုံးမှာ ဒေါသကြောင့် နီရဲလာပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြုတ်သွားသည်။

"လိုက်ကျူးမြို့တစ်မြို့လုံးကို ပိုက်စိပ်တိုက်ပြီး ရှာတာတောင်မှ ဒီကိုးနဂါးသခင်လေးတို့ လူစုကို မတွေ့ဘူးဆိုတော့ သူတို့က အတောင်ပေါက်ပြီး ထွက်ပြေးသွားလို့လား . . . နဂါးဖြစ်ပြီး မြေလျှိုးသွားလို့လား"

မိစ္ဆာဂိုဏ်းသားများက ခေါင်းငုံ့နေကြ၏။

ကြယ်တံခွန်ဓားသမားက သူတို့အား စိုက်ကြည့်ကာ အေးစက်စက်လေသံဖြင့် ပြောလိုက်လေသည်။

"မင်းတို့ကို ကျုပ်ပြောမယ် . . . အခုလောလောဆယ် မင်းတို့ အားလုံးအနားမယူကြနဲ့ဦး . . . ကိုးနဂါးသခင်လေးတို့ကို လိုက်ရှာပါ . . . သူတို့ကို ရှာတွေ့တာနဲ့ ကျုပ်ဆီကို သတင်းပို့ပါ"

မိစ္ဆာဂိုဏ်းသားများက ဦးညွှတ်လိုက်ကြလေသည်။

"ဟုတ်ကဲ့ . . . စိတ်ချပါ"

သူတို့က ယင်းသို့ပြောပြီးသည်နှင့် လက်နှစ်ဖက် ဆုပ်၍ ဂါရဝပြုကာ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

"နေဦး"

ကြယ်တံခွန်ဓားသမားက ကမန်းကတန်း ဟန့်တားလိုက်လေသည်။

မိစ္ဆာဂိုဏ်းသားများ ရပ်သွားကြသည်။

ကြယ်တံခွန်ဓားသမားက သူ့စကားကို ဆက်လိုက်သည်။

"မင်းတို့ကသာ ကိုးနဂါးသခင်လေးတို့ လူစုကို ပျာတွေ့ခဲ့မယ်ဆိုရင် . . . "



သူကစကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်သည်။

တိတန်ဂိုဏ်းသားများက ပြိုင်တူဦးညွှတ်လိုက်ကြ၏။

သူတို့သည် အကယ်၍သာ ကိုးနဂါးသခင်လေးတို့ လူစုကို ရှာတွေ့နိုင်မည်ဆိုပါလျှင် အနည်းဆုံး ဆုလာဘ်အဖြစ် ရွှေငွေနှစ်ထောင်ခန့်ရရှိနိုင်သည်ကို နားလည်လိုက်ကြ၏။

ထို့ကြောင့် . . .

သူတို့၏ မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင်သွားကြခြင်းဖြစ်သည်။ ထိုတဒင်္ဂအချိန်လေးမှာပင် ရုတ်တရက် တံခါးဝအပြင်ဘက်ဆီမှ စူးရှသော ဟန့်တားသံကို ကြားလိုက်ရလေသည်။

"ရပ်လိုက်စမ်း"

ထိုအသံကြောင့် တိတန်ဂိုဏ်းသားများ၏ မျက်လုံးအစုံက ကြယ်တံခွန်ဓားသမားထံသို့ ရောက်ရှိသွားကြသည်။

ကြယ်တံခွန်ဓားသမားက မျက်မှောင်ကြုတ်လိုက်၏။

သူက တံခါးဝဆီသို့ လှမ်းကြည့်ကာ . . .

"ဘယ်သူလဲ"

ဟု မေးလိုက်၏။

တံခါးအပြင်ဘက်မှ လူတစ်ယောက်၏ အသံက ထွက်ပေါ်လာလေသည်။

"ကျုပ်ပါ"

ထိုစကားသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကြယ်တံခွန်ဓားသမား၏ မျက်နှာတစ်ခုလုံးမှာ ဝင်းလက်တောက်ပသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်ရာမှ ဝုန်းခနဲထရပ်ကာ . . .

"ကော့မင်ကွေ"

ဟု လွတ်ခနဲ ရေရွက်လိုက်လေတော့သည်။

◙ ◙ ◙ ◙

ကော့မင်ကွေ . . .

ကော့မင်ကွေသည် သိုင်းလောကသား တစ်ယောက် မဟုတ်ပါချေ။

သို့သော် သိုင်းလောကသားတစ်ယောက်ကဲ့သို့ လည်ပတ်သည်။

သူသည် သိုင်းလောကသားများနှင့် ရင်းနှီးကျွမ်းဝင်၏။

အဘယ့်ကြောင့်ဆိုသော် . . .

သူ၏ စီးပွားရေးသည် သိုင်းလောကသားများနှင့် တိုက်ရိုက် ပတ်သက်နေသည် မဟုတ်ပါလော။

ဤသို့ဆိုပါလျှင် . . .

သူ၏စီးပွားရေးသည် မည်သို့သော အလုပ်မျိုးဖြစ်သနည်း။

အမှန်တွင် သူ၏စီးပွားရေးသည် သိုင်းလောကသားများထံမှ အလွန်လျှို့ဝှက်သော သတင်းများကို စုဆောင်းကာ ရောင်းချသော အလုပ်မျိုးဖြစ်လေသည်။

သူသည် သတင်းတစ်ပုဒ်ကို ရောင်းချပြီးတိုင်း ငါးလ၊



ခြောက်လမျှ မည်သည့်အလုပ်မှမလုပ်ဘဲ ထိုင်၍ သုံးဖြုန်းစားသောက်လေ့ရှိသည်။

တစ်ဖန် ငွေကြေးပြတ်လာပြီဆိုပါလျှင် လူသူမနီးသော မြို့ပြင်၊ တောတန်း၊ တောအုပ်၊ တောတောင်များသို့ လှည့်လည်ခြေဆန့်ကာ သတင်းရှာဖွေတော့၏။

သူ၏ အယူအဆမှာ လူတစ်ယောက်သည် လျှို့ဝှက်သော သတင်းများကို ရယူလိုပါလျှင် ဤကဲ့သို့ မြို့ပြင်၊ တောတန်း၊ တောအုပ်နှင့် တောတောင်များတွင်သာ ရရှိနိုင်မည်ဟု ဆို၏။

သူ၏ အယူအဆမှာ မှန်ကန်သည်ဟု ဆိုရပေမည်။

ယခု သူသည် လိုက်ကျုံးမြို့တွင် တိတန်မိစ္ဆာဂိုဏ်းသားများက ခြေကျင်းလိမ်ကာ လှည့်လည်နေသဖြင့် မကြာမီ ဤလိုက်ကျုံးမြို့တွင် ထူးခြားသောအဖြစ်အပျက်တစ်ခုခုနှင့် ကြုံရမည်ဟု ယုံကြည်ထား၏။

ထို့ပြင်ထိုထူးခြားမှုသည် မိစ္ဆာဂိုဏ်းနှင့် ပတ်သက်နေသဖြင့် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းမည့် သွေးချောင်းစီးမှု တစ်ခုဖြစ်ရမည်ဟု နားလည်ထားသည်။

ဤတွင် သူ၏ဦးနှောက်ထဲ၌ အကြံတစ်ချက် ဝင်းလက်လာလေသည်။

သူသည် လိုက်ကျုံးမြို့ပြင်မှ စောင့်ပါလျှင် တစ်စုံတစ်ခု ထူးခြားမှုရရှိမည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် သူက သူတော်ကောင်းဇရပ်ဘက်ဆီသို့ ထွက်လာကာ အခြေအနေကို စောင့်ကြည့်နေခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ဤနေရာမှထွက်လျှင် မြို့၏လေးဘ
လေးတန်သို့ သွားလာနိုင်ပြီး တစ်ဖက်မြို့ပြင်ကမူ တောအုပ်
မြစ်ပြင်ကျယ်သာရှိကြောင်း သူက သိရှိထား၍ဖြစ်၏။

သူသည် ဤသူတော်ကောင်းဇရပ်၏ အုတ်ကြွပ်ပြား
တွင် ဒုက္ခခံကာ တစ်ရက်နှင့်တစ်ညလုံးလုံး နေထိုင်ခဲ့သည်။

နံနက်မိုးလင်း၍ မျက်နှာသစ် ကိုယ်လက်သန့်စင်
နောက်ဘက်ရှိ ရေကန်ဆီသို့ သွားမည်အပြုတွင် မိန်းကလေးတ
ယောက်နှင့် အသက်လေးဆယ်ကျော်ခန့် လူကြီးတစ်ယောက်
ရောက်ရှိလာခဲ့သည်။

သူတို့၏စကားအရ ကိုးသခင်လေးတို့လူစုကို စောင့်
မည်ဟုဆို၏။

တစ်ဖန် နေ့လယ်မွန်းတည့်ချိန်သို့ ရောက်ရှိလာသောအ
လူရွယ်ငါးယောက်က ထပ်မံရောက်ရှိလာပြန်၏။

သူတို့ထံမှတစ်ယောက်က ဒဏ်ရာပြင်းထန်စွာ ရနေ
သူတော်ကောင်းဇရပ်တွင် ဆေးကုနေခဲ့သည်။

ကော့မင်ကွေ့သည် သူတို့အား ချောင်းမြောင်းကြည့်ရ
တုတ်တုတ်ပင် မလှုပ်ဝံ့ခဲ့ပါချေ။

ထို့နောက် ရွက်ကြွေသိုင်းသမားဆိုသည့် လူကြီးက ထွက်
ခွာသွားပြီး ကျန်လူများက ကင်းစောင့်ကြလေသည်။

ကော့မင်ကွေ့က အသက်ပင်မရှူဝံ့ချေ။

အဘယ့်ကြောင့်ဆိုသော် . . .

ဤကဲ့သို့သော လျှို့ဝှက်ချက်ကို သိရှိသွားသူသည် အသက်



သေဆုံးရမည်ဟု နားလည်ထားသည်မဟုတ်ပါလား။

အကယ်၍ အသက်မသေဆုံးရလျှင်မူ အနည်းဆုံး ချွေး
တပ်အဆွဲခံရမည်ဟု သိရှိထားသည်။

ထို့ကြောင့် သူက အသက်ပင်မရှူဝံ့ဘဲ ကျောက်ရုပ်တစ်
ရုပ်ပမာ လှုပ်မယှက်နှင့် အကြီးအကျယ် ဒုက္ခခံခဲ့ရသည်။

သို့သော် . . .

ယခု သူ၏ဒုက္ခခံရမှုမှာ အလွန်လျှို့ဝှက်ပြီး တန်ဖိုးကြီး
သော သတင်းတစ်ပုဒ်ကို ရယူနိုင်ခဲ့ပြီဖြစ်သည်။

ဤသတင်းကို မည်သူမျှမသိသေးချေ။

သတင်းလိုချင်သူကလည်း အဖိုးအခကြီးစွာ ပေးရပေလိမ့်
မည်။

အကြောင်းကား သူသည် တိတန်မိစ္ဆာဂိုဏ်းက သဲသဲမဲမဲ
အလိုရှိနေသော 'သခင်မလေးယို့အော့လျှံ' တို့ လူစုသည် ကျောက်
ဖြူတောင်တွင် ရှိနေသည်ဆိုသော လျှို့ဝှက်သတင်းကို သိရှိလိုက်
ရပြီမဟုတ်ပါလော။

ထို့ကြောင့် သူသည် ကောင်းကျူတို့လူစု ထွက်ခွာသွားပြီး
အတန်ကြာမှ ဇရပ်ပျက်၏ ခေါင်မိုးပေါ်မှ ဆင်းလာကာ လိုက်
ကျူးမြို့သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

သူက လိုက်ကျူးမြို့သို့ စတင်ဝင်ရောက်လိုက်သည်နှင့်
တိတန်မိစ္ဆာဂိုဏ်းသားများက တစ်စုံတစ်ရာကို သဲသဲမဲမဲရှာဖွေ
နေခြင်းကို တွေ့မြင်လိုက်ရသည်။

တိတန်ဂိုဏ်းသားများ ဘာရှာနေသည်ကို သူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးလိုက်မိသည်။

အလွန်ကျေနပ်အားရသော အပြုံးမျိုးဖြစ်သည်။

ယင်းအချိန်မှာပင် . . .

တိတန်မိစ္ဆာဂိုဏ်းသားများက စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်သွားသောအခါ သူက စဉ်းစားခြင်းပင်မပြုဘဲ စားသောက်ဆိုင်ထဲသို့ လိုက်ဝင်ခဲ့၏။

ဤနေရာ၌ သတင်းလိုချင်နေသူ အမှန်ပင်ရှိရပေမည်။

အမှန်တွင် သူက စားသောက်ဆိုင်၏ တံခါးဝ၌ တိတန်မိစ္ဆာဂိုဏ်းသားနှစ်ယောက် စောင့်ကြပ်နေသည်ကို တွေ့မြင်လိုက်ရ၍ ဖြစ်သည်။

သူက ဤသို့ တိတန်ဂိုဏ်းသားများ စောင့်ကြပ်သည့်နေရာတွင် အနည်းဆုံး မိစ္ဆာဂိုဏ်းမှ ရာထူးကြီးသူ တစ်စုံတစ်ယောက် ရှိနေမည်ဟု သိရှိထားသည်။

ထိုသို့ သိရှိလိုက်သည်နှင့် သူက ဝမ်းသာသွား၏။

အဘယ့်ကြောင့်ဆိုသော် သူသည် မိစ္ဆာဂိုဏ်းမှ ရာထူးကြီးကြီးရှိသူများနှင့် မကြာခဏတွေ့ဆုံကာ အရေးကြီးသည့်သတင်းထူးများကို ရောင်းချခဲ့ဖူးသည် မဟုတ်ပါလား။

ထိုသို့ရောင်းချသည့် အခါတိုင်း သူက ငွေကြေးမြိုးမြိုးမြတ်မြတ်ရရှိကာ ခြောက်လမှ တစ်နှစ်အထိ ထိုင်စားနိုင်ခဲ့ဖူး၏။

သုံးဖြုန်းနိုင်ခဲ့ဖူး၏။

ထို့ကြောင့် သူက လျှို့ဝှက်သတင်းရှာဖွေရသည့် အလုပ်ကို ပို၍စိတ်ဝင်စားကာ ကြိုးစားပမ်းစား ပို၍ရှာဖွေခဲ့သည်။



ထို့ကြောင့်လည်း ယခု သူက အလွန်တန်ဖိုးကြီးသော သတင်းတစ်ခုကို ရရှိခဲ့လေပြီ။

သို့သော် . . .

သူသည် ပုထုဇဉ်တစ်ယောက်ဖြစ်၏။

ပုထုဇဉ်ဆိုသည်မှာ လောဘကို အရှိန်မသတ်နိုင်သူသာ ဖြစ်သည်။

ရလေလိုလေ ဆိုတဲ့အဆိုသည်မှာ ထိုလူမျိုးစားကိုပြောသည့် စကားမျိုးဖြစ်သည်။

ဤလောဘရမ္မက်က ယခုရရှိလာသော လျှို့ဝှက်သတင်းအား ယခင့်ယခင်ကရရှိထားသော ငွေကြေးထက် အဆတစ်ရာမှ ကျော်လွန်၍ မရရှိခဲ့ပါလျှင် ပြောမပြဟု ဆုံးဖြတ်ထား၏။

ယင်းငွေကြေးသည် အန္တရာယ်နှင့် ချိန်တင်ထားသော ငွေကြေးဖြစ်၏။

အမှန်တွင် သူက ယင်းသို့ဆုံးဖြတ်ခြင်းမှာ အလွန်တရာ အန္တရာယ်ကြီးကြောင်း နားလည်ထားပြီးဖြစ်သည်။

မည်သို့ဆိုစေ . . .

တိတန်မိစ္ဆာဂိုဏ်းမှလူများသည် ဤသတင်းကို မရမနေ ယူမည်ဖြစ်ကြောင်း သူက အပိုင်တွက်ထားပြီးဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် . . .

သိုင်းလောကတွင် အလွန်အင်းအားကြီးလှသည့် ကိုးနဂါးအားနှင့် ရွှေနဂါးဂိုဏ်းမှ သခင်မလေးတို့ လက်ကျန်လူစုကို ဖြိုနိုင်ပါက ဝိစ္ဆာဂိုဏ်းသည် သိုင်းလောက တစ်ခုလုံးကို စိုးမိုးနိုင်ပြီဟု နားလည်ထားသည် မဟုတ်ပါလော။

ထို့ကြောင့် သူက နှင်းဆီပန်းစားသောက်ဆိုင်သို့ တ
တန်းမတ်မတ် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် . . .

အစောင့်နှစ်ယောက်က သူ့အား ဟန့်တားခဲ့သည်။

သူက တစ်စုံတစ်ခုမျှ မပြောရမီ အတွင်းဘက်ဆီမှ လူတ
ယောက်၏အသံက ထွက်ပေါ်လာလေသည်။

"ဘယ်သူလဲ"

ယင်းအသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက်ကော့
ကွေ၏ မျက်လုံးအစုံက ဝင်းလက်တောက်ပသွားသည်။

အဘယ့်ကြောင့်ဆိုသော် သူသည် ဤအသံရှင်မှာ တိ
မိစ္ဆာဂိုဏ်းမှ ဂိုဏ်းခွဲမှူးကြီး ကြယ်တံခွန်ဓားသမား၏ အသံ
ကြောင်း သိရှိလိုက်သည်မဟုတ်ပါလော။

ထို့ကြောင့် သူက ကမန်းကတန်း ပြန်ဖြေလိုက်သည်

"ကျုပ်"

သူက ယင်းသို့ဖြေကြားလိုက်သည်နှင့် လူတစ်ယောက်
မသဲမကွဲစကားသံနှင့်အတူ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာ
ခြင်းကို တွေ့မြင်လိုက်ရလေတော့သည်။

◙ ◙ ◙ ◙

ကြယ်တံခွန်ဓားသမားသည် ခြေလှမ်းကျဲကျဲဖြင့် တံခါး
သို့ လျှောက်လာသည်။



သူ၏ မျက်လုံးအစုံတွင် မျှော်လင့်ခြင်း၊ ဝမ်းသာပီတိဖြစ်
င်း စသည့်အရိပ်အယောင်များ လွှမ်းမိုးသွားသည်။

သူက ကော့မင်ကွေ့အား ပြုံးရွှင်စွာဖြင့် ဆီးကြိုနှုတ်ဆက်
က်၏။

"ကော့မင်ကွေ့ . . . ကျုပ်က ခင်ဗျားကို ဝမ်းသာအားရ
ဆိုပါတယ်ဗျာ"

ကော့မင်ကွေ့က ပြုံးလိုက်သည်။

သူက ကြယ်တံခွန်ဓားသမားအား လက်နှစ်ဖက်ဆုပ်ကာ
ရဝပြုလိုက်သည်။

"ဂိုဏ်းခွဲမှူးတို့ရဲ့ အရေးကြီးတဲ့ တာဝန်ထမ်းဆောင်နေချိန်
အခုလို လာပြီး နှောင့်ယှက်မိတာကိုလဲ ခွင့်လွှတ်ပါနော် . . .
ပ်ကလဲ မဖြစ်လို့ လာခဲ့ရတာပါ"

ကြယ်တံခွန်ဓားသမားက ရယ်မောလိုက်သည်။

သူက ကော့မင်ကွေ့အား ခြေဆုံးခေါင်းဆုံးကြော့ကာ ခေါင်း
ချက် ခါယမ်းလိုက်သည်။

"ကောမင်ကွေ့ . . . ခင်ဗျားက ကျုပ်တို့ရဲ့ အရေးအကြီး
ာဝန်ချိန်မှန်း သိပါလျက်နဲ့ . . . ရောက်လာခဲ့တာဟာ ဘယ်
ည်းနဲ့မှ အလဟဿလာတာ မဖြစ်နိုင်ဘူးဆိုတာ . . . ကျုပ်က
လည်ထားပါတယ်"

ကော့မင်ကွေ့ကလည်း ရယ်မောလိုက်သည်။

သူက ခေါင်းတစ်ချက်ခါယမ်းကာ ပခုံးတွန့်လိုက်၏။

"တိတန်မိစ္ဆာဂိုဏ်းခွဲမှူးက တကယ့်ကိုပဲ ကြောက်စရာ

www.burmeseclassic.com



ကောင်းအောင် ဉာဏ်ရည်ထက်မြက်တာပဲ . . . ဟား . . . ဟား
ဟား မကြာခင် ဒုဂိုဏ်းချုပ်ကြီးဖြစ်တဲ့ လူဆိုတာ . . . ဦးခေါင်း
မရှိတဲ့လူတောင် သိနိုင်တယ်"

သူက ရယ်မောလိုက်ပြီးမှ စကားဆက်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ . . . ကျုပ်က အလွန်တန်ဖိုးကြီးတဲ့
သတင်းကို ခင်ဗျားတို့ရဲ့ တိတန်မိစ္ဆာဂိုဏ်းအတွက် ယူဆောင်လာ
တာပါ . . . ဝမ်းသာစရာသတင်းပေါ့ဗျာ"

ကြယ်တံခွန်ဓားသမားက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြု
လိုက်၏။

"တကယ်လေးစားပါတယ် . . . ကော့မင်ကွေ့ရဲ့ သတင်း
တွေဟာ တိကျပြီး တစ်ခါတစ်ရံမှ လွဲချော်သွားတာမရှိခဲ့ဖူးပါဘူး
. . . ဒါကြောင့် ကျုပ်တို့က တကယ်ပဲ အားကိုးနေရတာပါ"

ကော့မင်ကွေ့က ပြုံး၍ လက်ကာပြလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ကြောင့် ကျုပ်ရဲ့ဝမ်းဟာစိုပြည်
ခဲ့ရတယ်လေ . . . ဒါဟာ ကျုပ်အပေါ် ခင်ဗျားတို့ မိစ္ဆာဂိုဏ်းက
တင်ထားတဲ့ ကျေးဇူးတွေပါပဲ"

ကြယ်တံခွန်ဓားသမားက ပြုံးနေ၏။

ကော့မင်ကွေ့က ကြယ်တံခွန်ဓားသမားအား ကြည့်ကာ
တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မေးလိုက်သည်။

"ဪ . . . ဒါနဲ့ ကျုပ်ရဲ့ညီလေး သက်ခြေလက်ကော
ကျင်းစု တစ်ယောက်ရော ကျန်းမာရဲ့လား"

ကြယ်တံခွန်ဓားသမားက ပြုံး၍ခေါင်းညိတ်လိုက်သည်။



"စိတ်ချပါ . . . သူက ကျန်းကျန်းမာမာပါပဲ . . .
နောက်ပြီး သူက ပေးအပ်တဲ့တာဝန်မှန်သမျှကို ကျေပွန်အောင်
ဆောင်ရွက်နိုင်လို့ တစ်လောကပဲ ကျုပ်တို့ဂိုဏ်းချုပ်ကြီးက သူ့ကို
ဌာနစိတ်မှူးရာထူးတိုးမြှင့်ပေးထားတယ်လေ . . . ခင်ဗျားကျေ
နပ်မယ်ထင်ပါတယ်"

ကော့မင်ကွေ့၏ မျက်လုံးအစုံက ဝင်းလက်တောက်ပသွား
လေသည်။

သူသည် တစ်ဦးတည်းသော ညီငယ်ကော့ကျင်းစုက မိမိ
နှင့်အတူ သတင်းစုံစမ်းရောင်းချသည့် အလုပ်ကို လုပ်ကိုင်နေရာမှ
ကော့ကျင်းစု၏ အဆင့်မြင့်လှသော သိုင်းပညာကြောင့် တိတန်
မိစ္ဆာဂိုဏ်းချုပ်ကြီးက မျက်စိကျကာ ဂိုဏ်းထဲသို့ ဝင်ရန် တိုက်တွန်း
ခဲ့သဖြင့် တိတန်မိစ္ဆာဂိုဏ်းထဲသို့ ဝင်သွားစဉ်က အလွန်ပင် စိုးရိမ်
ကြောင့်ကြခဲ့ရလေသည်။

သို့သော် ယခုတော့ ကျင်းစုက တိတန်မိစ္ဆာဂိုဏ်းတွင်
ဌာနစိတ်မှူးရာထူးထိ ရရှိလာသောအခါ အလွန်ပင်ဝမ်းသာသွား
ခဲ့၏။

သူက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"ဒါဟာ ဂိုဏ်းခွဲမှူးရဲ့ ကျေးဇူးတွေပါပါတယ် . . . ဂိုဏ်း
ခွဲမှူးရဲ့ မေတ္တာနဲ့ ကူညီထောက်ပံ့မှုအတွက် . . . ကျုပ်က ကျေး
ဇူးတင်လို့ မဆုံးပါဘူး"

ကြယ်တံခွန်ဓားသမားက အားပါးတရ ရယ်မောလိုက်
သည်။

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား"

သူက ကော့မင်ကွေ့အား စိုက်ကြည့်ကာ ပြုံးရွှင်စွာဖြင့် ပြောလိုက်၏။

"ခင်ဗျားတို့ညီအစ်ကိုဟာ တကယ့်ကို အရည်အချင်းရှိတဲ့ လူတွေပါ . . . ခင်ဗျားညီကြောင့် ကျုပ်တို့ရဲ့မိစ္ဆာဂိုဏ်းက လုပ်ငန်း အတော်များများ အောင်မြင်ခဲ့ရသလို . . . ခင်ဗျားရဲ့သတင်းပေး မှုကြောင့်လဲ ကျုပ်တို့က အတော်လေး အဆင်ပြေခဲ့ရပါတယ် . . . ဒါကြောင့် ကျုပ်တို့ဂိုဏ်းက ကျေးဇူးတင်လို့ မဆုံးပါဘူး"

ကော့မင်ကွေ့က ပြုံးလိုက်လေသည်။

သူ၏ အပြုံးမှာ ဂုဏ်ယူသောအပြုံးမျိုးဖြစ်သည်။

ကြယ်တံခွန်ဓားသမားက သူ့အား ဖိတ်ခေါ်လိုက်၏။

"ကဲ . . . ကဲ အထဲကို ကြွပါခင်ဗျာ"

ကော့မင်ကွေ့က ပြုံး၍ စားသောက်ဆိုင်ထဲသို့ လှမ်းဝင် သွား၏။

ကြယ်တံခွန်ဓားသမားသည် သူနှင့်ပခုံးချင်းယှဉ်ကာ လိုက် ပါသွားလေတော့သည်။

ဤအချိန်မျိုး၌ ကြယ်တံခွန်ဓားသမား၏ အဆင့်မျိုး၌ သူ ရောက်ရှိနေပြီမဟုတ်ပါလော။

◙ ◙ ◙ ◙

စားပွဲပေါ်တွင် စားသောက်စရာနှင့် အရက်များ ပြည့်စုံ



စွာရှိနေ၏။

ကော့မင်ကွေ့က ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင် လိုက်သည်။

ကြယ်တံခွန်ဓားသမားက သူနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံ တွင် ဝင်ရောက်ထိုင်ချလိုက်သည်။

ထို့နောက် . . .

အရက်အိုးထဲမှ အရက်တစ်ခွက်ကို သူကိုယ်တိုင်ငှဲ့ပေးကာ ကော့မင်ကွေ့ထံသို့ လှမ်းပေးလိုက်၏။

"ခင်ဗျားရဲ့ တန်ဖိုးကြီးမယ့်သတင်းအတွက် . . . ဒီ မင်္ဂလာအရက်နဲ့ ကြိုဆိုဂုဏ်ပြုပါတယ်"

ကော့မင်ကွေ့က အရက်ခွက်ကို လှမ်းယူကာ မော့ချလိုက် သည်။

ထို့နောက် အရက်ခွက်အားမြှောက်၍ လှည့်ပတ်ကြည့် လိုက်ပြီး . . .

"အားပါး . . . ကောင်းလိုက်တဲ့ နှစ်ချို့အရက် . . . ကျုပ်တစ်သက် သောက်လာသမျှ အရက်ထဲမှာ ဒီတစ်ခါသောက် ရတဲ့အရက်ဟာ တကယ့်ကို အရသာအရှိဆုံးပါပဲ"

သူသည် သုံးဖြုန်းနေသူတစ်ဦးပေပဲ။

ဤလိုအရက်မျိုးကို သောက်ဖူးသည်သာ ဖြစ်၏။

သို့သော် . . .

မြှောက်ပြောလိုက်ခြင်း ဖြစ်သည်။

ကြယ်တံခွန်ဓားသမားက အားပါးတရ ရယ်မောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟား . . . ဟား . . . ဟား"

ကော့မင်ကွေကလည်း ရယ်မောလိုက်သည်။

တစ်ခဏကြာမှ ကြယ်တံခွန်စားသမားက ရယ်မောခြင်းကို ရပ်ကာ ကော့မင်ကွေအား ကြည့်လိုက်သည်။

"ကော့မင်ကွေ . . . ခင်ဗျားက တကယ့်ကို တစ်ဖက်လူကျေနပ်အောင် စကားပြောကျွမ်းကျင်တာပဲကိုး . . . ဒါကြောင့် အခု ခင်ဗျားရလာတဲ့သတင်းကလဲ ကျုပ်တို့ရဲ့ တီတန်မိစ္ဆာဂိုဏ်းချုပ်ကြီး ကျေနပ်လောက်မယ့် သတင်းမျိုး ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ် . . . အဓိကလိုချင်တဲ့ သတင်းမျိုးပေါ့လေ"

ဟု စကားလမ်းကြောင်း စလိုက်လေသည်။

ကော့မင်ကွေက သူ၏စကားလမ်းကြောင်း စလိုက်သည်ကို သိလိုက်သဖြင့် ပြုံးနေလေသည်။

အမှန်တွင် သူက မိမိအနေဖြင့် ဤသတင်းအတွက် ကြယ်တံခွန်စားသမားထံမှ မည်မျှငွေကြေးပမာဏကို တောင်းခံရမည်ကို အပြေးအလွှား စဉ်းစားနေခြင်းသာဖြစ်သည်။

ကြယ်တံခွန်စားသမားက သူ၏ ဟန်မူရာကြောင့် မျက်မှောင်ကြုတ်လိုက်၏။

အကြောင်းကား ကော့မင်းကွေသည် ယခင်က မိမိနှင့်လာရောက်တွေ့ဆုံပါလျှင် သတင်းကိုပြော၍ ရသင့်သောငွေကြေးကို တောင်းခံတတ်သည်။

မိမိကပင် ထိုငွေကြေးကို ကြေးဖြတ်ကာ ပေးခဲ့ရ၏။



ယခု အဘယ့်ကြောင့် ကော့မင်ကွေက ယခုအချိန်အထိ သူရရှိလာသော သတင်းကို မပြောသေးပါသနည်း။

ငွေကြေးစကား မပြောခြင်းသည် ဈေးကိုင်ခြင်းသာဖြစ်သည်မဟုတ်ပါလော။

သူ၏ရင်ထဲ၌ ဘဝင်မကျဖြစ်လာလေသည်။

သူက ကော့မင်ကွေအား အကဲခတ်ကြည့်လိုက်၏။

"ကော့မင်ကွေ . . . ခင်ဗျားရဲ့ တန်ဖိုးကြီးလှတဲ့သတင်းကို ကျုပ်တို့က သိချင်လှပြီ"

ကော့မင်ကွေက ပြုံးနေလေသည်။

အတန်ကြာမှ သူက ကြယ်တံခွန်စားသမားအား ကြည့်ကာ တစ်ခွန်းချင်းပြောလိုက်သည်။

"ကျုပ်ရဲ့သတင်းက တကယ်တန်ဖိုးကြီးပါတယ် . . . ဒါကြောင့် ကျုပ်ကပဲ ဒီတစ်ကြိမ်တော့ သတင်းရောင်းမယ့်ဈေးကို ဆုံးဖြတ်ပါစေ"

ကြယ်တံခွန်စားသမား၏ မျက်နှာ ကွက်ခနဲပျက်သွားသည်။

သို့သော် ရုတ်ခြည်းပင် သူ၏မျက်နှာပေါ်၌ ပြုံးယောင်သမ်းလာ၏။

"ဆိုပါဦး . . . ခင်ဗျားရဲ့သတင်းက 'ဘာလဲ'"

ကော့မင်ကွေက လက်ကာပြလိုက်၏။

"နေပါဦးဗျာ . . . ဒီသတင်းကို အရင်မေးမယ့်အစား သတင်းရောင်းမယ့် ဈေးနှုန်းကို အရင် မေးစေချင်ပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com



ဒါက အမိကလိုအပ်ချက် မဟုတ်လားဗျာ"

ကြယ်တံခွန်ဓားသမားက သူ့အား စိုက်ကြည့်လိုက်သည်။

သူ၏ ရင်ထဲတွင် ခံပြင်းလာမိသော်လည်း ကော့မင်ကွေ့ထံမှ ရရှိသည့်သတင်းများမှာ အများအားဖြင့် တန်ဖိုးကြီးတတ်သဖြင့် စိတ်ကိုချုပ်တည်း၍ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ . . . ခင်ဗျားရဲ့ သတင်းရောင်းမယ့်ဈေးကို အရင်ပြောပြပါ"

ကော့မင်ကွေ့က ပြုံးလိုက်သည်။

အတန်ကြာမှ သူက လက်ဆယ်ချောင်းကို ထောင်ပြလိုက်၏။

"လျှံငွေဆယ်သိန်း"

ထိုစကားကြောင့် ကြယ်တံခွန်ဓားသမား၏ မျက်လုံးအစုံက ပြူးကျယ်သွားကာ ထခုန်လိုက်မိသည်။

သူသည် အလွန်ထိတ်လန့်သွားမိလေ၏။

မရှိခဲ့ဖူးသော ဈေးပင်ဖြစ်သည်။

သူက ကော့မင်ကွေ့အား မျက်လုံးပြူးကာ စိုက်ကြည့်လိုက်၏။

ယခင်အချိန်များဆီက သတင်းရောင်းသည့် အခါတိုင်း မိမိတို့က ကော့မင်ကွေ့အား သတင်းနှင့်ညီမျှသော ဈေးကို ပေးဖူးသည်။

သို့သော် . . .

ယခုတစ်ကြိမ် ကော့မင်ကွေ့က သတင်းရောင်းဈေးကို ကိုယ်တိုင်ကိုယ်ကျ ပြောလာချေပြီ။ ထို့ပြင် သူ၏ သတင်းရောင်းဈေးမှာ လျှံငွေဆယ်သိန်းဖြစ်၏။



ဤလျှံငွေဆယ်သိန်းဆိုသည်မှာ လိုက်ကျိုးတစ်မြို့လုံးကိုပင် ဝယ်ယူနိုင်သည့် နှုန်းထားမျိုးဖြစ်နေ၏။*

ကြယ်တံခွန်ဓားသမား အသက်ရှူရပ်သွားစေနိုင်သည့် ဈေးဖြစ်လေသည်။ ကောမင်ကွေ့က အဘယ့်ကြောင့် ဤမျှဈေးနှုန်းကို တောင်းခံနေပါသနည်း။

သူက ကော့မင်ကွေ့အား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ အတန်ကြာမှ သူက မျက်မှောင်တစ်ချက်ကြုတ်ကာ မေးလိုက်၏။

"ကော့မင်ကွေ့ . . . ခင်ဗျား လာနောက်နေတာလား"

ကော့မင်ကွေ့က ရယ်မောလိုက်၏။

သူက ခေါင်းတစ်ချက်ခါယမ်းကာ . . .

"ဒါက အရောင်းအဝယ်လုပ်နေကြတာလေ . . . နောက်ပြောင်စရာမလိုပါဘူး . . . ကျုပ်ဟာ ဘယ်တုန်းက ဂိုဏ်းခွဲမှူးကြီးကို နောက်ပြောင်ခဲ့ဖူးလို့လဲ"

ကြယ်တံခွန်ဓားသမား၏ ရင်ထဲတွင် ဒေါသကြီးလာသည်။

သူက ကော့မင်ကွေ့အား စိုက်ကြည့်လိုက်၏။

"ကော့မင်ကွေ့ . . . ခင်ဗျားက ကိုယ့်ကိုယ်ကို သေကြောင်းကြံနေတာလား"

ကော့မင်ကွေ့က မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကပြုံး၍ ခေါင်းတစ်ချက် ခါယမ်းလိုက်၏။

"ဟာ . . . ဘယ်ဟုတ်ပါ့မလဲ . . . လူ့အသက်တ ချောင်းဆိုတာ အလွန်တန်ဖိုးကြီးပါတယ် . . . ကျုပ်က ကျု အသက်ကို တကယ်တန်ဖိုးထားတယ်ဆိုတာ . . . ခင်ဗျားသိသယ မရှိပါနဲ့"

ကြယ်တံခွန်စားသမားက အေးစက်စက်မျက်ဝန်းအစုံဖြ သူ့အား စိုက်ကြည့်လိုက်သည်။

"ဒါဆိုရင် . . . ဘာဖြစ်လို့ သတင်းတစ်ခုအတွက် ဒီလောက် ငွေကြေးအင်အားကြီးကို တောင်းခံနေရတာလဲ"

ကော့မင်ကွေ့က နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။

သူက စားပွဲခုံပေါ်တွင် လက်ထောက်ကာ ဖြည်းညင်းစွ ထရပ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက်ကို အသာအယာပွတ် ရင်း ဖြင်သာစွာ ပြောလိုက်လေသည်။

"ဂိုဏ်းခွဲမှူးကြီး . . . ဒီလျှံငွေဆယ်သိန်းဟာ တိတန်မိစ္ဆာ ဂိုဏ်းအတွက် ဘာမှမပြောပလောက်တဲ့ ငွေအင်အားပါ . . . တိ တန်မိစ္ဆာဂိုဏ်းရဲ့ ဝင်ငွေကို ဂိုဏ်းခွဲမှူးကြီးလဲ သိမှာပါ"

ကြယ်တံခွန်စားသမား၏ မျက်နှာတစ်ခုလုံးမှာ အေးစက် တင်းမာလာလေသည်။ သူက ကော့မင်ကွေ့အား စိုက်ကြည့်လိုက် သည်။

သူ၏ မျက်ဝန်းအစုံတွင် လူသတ်လိုသော အရိပ်အယောင် များ ထွက်ပေါ်လာ၏။

သို့သော် . . .



သူသည် ကော့မင်ကွေ့အား လက်ညှိုးနှင့်ပင် မတို့ဝံ့ပါ။

အဘယ့်ကြောင့်ဆိုသော် . . .

ကော့မင်ကွေ့ထံတွင် အလွန်လျှို့ဝှက်သော သတင်းထူး တစ်ခု သေချာရှိနေသည်ကို နားလည်ထားသည် မဟုတ်ပါလော။

ထိုအချိန်၌ . . .

နောက်ထပ် တိတန်ဂိုဏ်းသားငါးယောက်က နှင်းဆီပန်း စားသောက်ဆိုင်သို့ ဝင်ရောက်လာကြပြန်တော့သည်။

သူတို့သည် ကြယ်တံခွန်စားသမားအား ဖြိုင်တူဦးညွှတ် လိုက်ကြ၏။

"ဂိုဏ်းခွဲမှူးကြီးကို ဂါရဝပြုပါတယ်"

ကြယ်တံခွန်စားသမားက သူတို့အား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

"ဘာထူးသလဲ"

ထိုလူငါးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသော သူက ခေါင်းတစ်ချက်ခါယမ်းလိုက်လေသည်။

"သူတို့ကို တစ်မြို့လုံး ပိုက်စိတ်တိုက်ပြီး ရှာခဲ့ပါတယ် . . . ဒါပေမယ့် တစ်ယောက်မှ မတွေ့ရတော့ပါဘူး"

ကြယ်တံခွန်စားသမား၏ မျက်နှာတစ်ခုလုံး မည်းမှောင် သွားသည်။

ကော့မင်ကွေ့က အားပါးတရ ရယ်မောလိုက်၏။

"ဟား . . . ဟား . . . ဟား ရှာကြစမ်းပါ . . . ကြိုက် သလောက်ရှာကြစမ်းပါ . . . ခင်ဗျားတို့က ကိုးနဂါးသခင်လေး

www.burmeseclassic.com

www.burmeseclassic.com



တို့လူစုကို ဘယ်လိုနည်းနဲ့မှ ရှာမတွေ့နိုင်ပါဘူး . . . ဟား ဟား ဟား"

ကြယ်တံခွန်ဓားသမားကြီးသည် သူ၏ဓားကို ရှမ်းခန်ဆွဲထုတ်ကာ ကော့မင်ကွေ၏ လည်ပင်းကို ထောက်ထားလိုက်၏။

သူဓားတစ်ချက် ဆွဲလိုက်ရုံဖြင့် ကော့မင်ကွေ၏ လည်ပင်း သွေးကြောပြတ်သွားနိုင်သည်။

"ပြောစမ်း . . . သူတို့ ဘယ်မှာလဲ"

ကော့မင်ကွေက သူ့အား စိုက်ကြည့်လိုက်၏။

သူက အေးတိအေးစက်အသံဖြင့် . . .

"ကြယ်တံခွန်ဓားသမားကြီး . . . ခင်ဗျားဟာ ထိပ်တန်းသိုင်းသမားပါ . . . ဒါပေမယ့် ကျုပ်ကတော့ သာမန်သတင်းရောင်းသမား . . . ဒါကြောင့် ခင်ဗျားက သတ်လိုက်မယ်ဆိုရင် ကျုပ်က ချက်ချင်းသေဆုံးသွားရလိမ့်မယ် . . . ဒါဆိုရင် ကျုပ်ရဲ့ ရရှိထားတဲ့ လျှို့ဝှက်သတင်းက ကျုပ်ရဲ့ ဝိညာဉ်နဲ့အတူ ဒီလောကထဲက ပျောက်ဆုံးသွားရလိမ့်မယ်"

ကြယ်တံခွန်ဓားသမား၏ ခန္ဓာကိုယ်မှာ အားကုန်သလို ဖြစ်သွား၏။

သူက ကော့မင်ကွေ၏ လည်ပင်း၌ ထောက်ထားသော ဓားကို ရုပ်သိမ်းလိုက်သည်။

"ခင် . . . ခင်ဗျားက . . . "

ကော့မင်ကွေက ပြုံးပြလိုက်၏။

သူက ခေါင်းတစ်ချက်ခါယမ်းကာ အေးဆေးဟည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့က ကျုပ်ရဲ့ သတင်းကို မဝယ်လိုက်ဘူးဆိုရင် မကြာခင် ကိုးနဂါးသခင်လေးနဲ့ ရွှေနဂါးဂိုဏ်းက သခင်မလေးတို့က ပူးပေါင်းပြီး 'ခင်ဗျားတို့ တိတန်မိစ္ဆာဂိုဏ်းကို အကြီးအကျယ်ဒုက္ခပေးလိမ့်မယ်လို့ ထင်ပါတယ် . . . သူတို့ဟာ သူတို့ရဲ့အသက်ကို ပဓာနမထားဘဲ တိတန်ဂိုဏ်းကို ဖြိုဖို့ကြံနေကြပါတယ် . . . တကယ်ပဲ သူတို့ကို ဖြိုခွင်းနိုင်သည်ပဲထားဦး . . . တိတန်ဂိုဏ်းရဲ့ ဆုံးရှုံးမှုအင်အားဟာ နည်းမှာမဟုတ်ပါဘူး"

သူ၏စကားကြောင့် ကြယ်တံခွန်ဓားသမားက ထိတ်လန့်တုန်လှုပ်သွားမိသည်။

ကော့မင်ကွေ၏ စကားသည် ခြိမ်းခြောက်စကားမဟုတ်ပေ။

သူသည် ကိုးနဂါးသခင်လေး၏ သိုင်းပညာထက်မြက်မှုကို ကိုယ်တိုင်တွေ့မြင်ခဲ့ဖူးပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် ကိုးနဂါးသခင်လေးကို မိမိတို့မိစ္ဆာဂိုဏ်းသို့ ဝင်ရောက်စေရန် စည်းရုံးခဲ့ဖူး၏။

သို့သော် ကောင်းကျွုက လက်မခံခဲ့ချေ။

မည်သို့ဆိုစေ . . .

သူသည် ကောင်းကျွုနှင့် ရွှေနဂါးသခင်မလေးတို့ ပူးပေါင်းသွားကြမည်ကို မလိုလားချေ။

အကြောင်းကား ရွှေနဂါးသခင်မလေး၏ သိုင်းပညာမှာလည်း ကြောက်စရာကောင်းအောင် အစွမ်းထက်လှသည် မဟုတ်

www.burmeseclassic.com



ပါလော။

သူက ကော့မင်ကွေ၏ မျက်နှာအား ထိတ်လန့်တုန်လှုပ်စွာဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားက သူတို့ဘယ်မှာရှိတယ်ဆိုတာ . . . သိတယ်ပေါ့ ဟုတ်လား"

ကော့မင်ကွေက ခေါင်းညိတ်လိုက်သည်။

သူက အေးအေးဆေးဆေးပင်။

"ဟုတ်တယ်"

ဟု ရဲဝံ့စွာ ပြောလိုက်၏။

ကြယ်တံခွန်ဓားသမား၏ မျက်လုံးအစုံက ဝင်းလက်တောက်ပလေသည်။ သူသည် ကော့မင်ကွေထံမှ သတင်းကို ဝယ်ယူရန် ဆုံးဖြတ်လိုက်၏။ သို့သော် သူက လျှံငွေဆယ်သိန်းကိုမူ ပေးလိုသော ဆန္ဒမရှိပါ။

ကော့မင်ကွေက သူ့အား စိုက်ကြည့်လိုက်သည်။

"ဘယ်လိုလဲ ခင်ဗျားက ကျုပ်ဆီက သတင်းကို ဝယ်ယူဖို့ ဆုံးဖြတ်ပြီးပြီလား"

ကြယ်တံခွန်ဓားသမားက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က . . . ခင်ဗျားဆီက သတင်းကို ဝယ်ယူဖို့ဆုံးဖြတ်ပြီးပါပြီ . . . ဒါပေမယ့်"

သူ့စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်၏။

ကော့မင်ကွေက မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။

"ဘာလဲ . . . ခင်ဗျားက ဒီသတင်းကို လျှံငွေဆယ်သိန်းထက်လျှော့ဖို့ ပြောမလို့လား"

ကြယ်တံခွန်ဓားသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . လျှံငွေငါးသိန်းတော့ထားပါ"

ကော့မင်ကွေက ခေါင်းခါယမ်းလိုက်၏။

သူက ပြုံး၍ အေးဆေးတည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ကျုပ်က . . . ဒီသတင်းရယူဖို့ နှစ်ရက်လောက် ဘာအစားအစာမှ မစားခဲ့ရဘူး . . . နောက်ပြီး ရေတစ်ပေါက်တောင်မှ မသောက်ခဲ့ရပါဘူး . . . ဒီသတင်းကိုရရင် တိတန်ဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်ပြီဆိုတာသိလို့ အပြေးအလွှား ရောက်လာခဲ့ရတာပဲ . . . ဒါကြောင့် ဒီလျှံငွေဆယ်သိန်းဆိုတာဟာ ကျုပ်ရဲ့သတင်းထက်စာရင် ဘာမှတန်ဖိုးမရှိပါဘူး . . . ခင်ဗျားတို့အနေနဲ့ သိန်းနှစ်ဆယ်ဆိုရင်လဲ ပေးနိုင်မယ့်ဝမ်းဘဲဗျာ"

ကြယ်တံခွန်ဓားသမားက ကော့မင်ကွေသည် လျှံငွေဆယ်သိန်းထက် တစ်ပြားတစ်ချပ်မှ လျှော့မည်မဟုတ်ကြောင်း နားလည်လိုက်သည်။ ထို့ကြောင့် သူသည် အနည်းငယ်စဉ်းစားကာ ခေါင်းညိတ် လိုက်၏။

"ကောင်းပြီ . . . ကျုပ်က ခင်ဗျားဆီက သတင်းကို ဝယ်ယူမယ်"

ကော့မင်ကွေက ဝမ်းသာသွားသည်။

သူက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် . . . နောက်နောင်ကျုပ်က ဒီထက် ထူးခြားတဲ့သတင်းတွေကို ဆက်ပြီးကြိုးစားစုံစမ်းပါဦးမယ်"

ကြယ်တံခွန်မားသမားက သူ့အား ကြည့်လိုက်သည်။

"တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"လျှံငွေဆယ်သိန်းဆိုတဲ့ ငွေအင်အားက . . . ကျုပ်ဆီမှာ ပါမလာဘူး . . . ဒါကြောင့်"

"ဒါကြောင့် ဘာဖြစ်သလဲ . . . ကျုပ်က ခင်ဗျားနဲ့တွေ့ဖို့ ဘယ်လို လာခဲ့ရမလဲ"

"ဘယ်ကိုမှမလာနဲ့ . . . ကျုပ်တို့နဲ့အတူ တိတန်ဂိုဏ်းရဲ့ ဌာနချုပ်ကို တစ်ခါတည်းလိုက်ခဲ့ပါ"

ထိုစကားကြောင့် ကော့မင်ကွေ၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။ သူက မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ် လာကာ ကြယ်တံခွန်မားသမားအား ကြည့်လိုက်သည်။

"ကျုပ်တို့ အရင်က သတင်းရောင်းတဲ့ပုံစံအတိုင်း တစ် နေရာမှာချိန်းရင် မကောင်းဘူးလား"

ကြယ်တံခွန်မားသမားက ခေါင်းခါယမ်းလိုက်သည်။

"မကောင်းဘူး"

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

ကော့မင်ကွေက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ကြယ်တံခွန်မားသမားက သူ့အား စိုက်ကြည့်လိုက်သည်။



ထို့နောက် ပခုံးတစ်ချက်တွန့်ကာ ရှင်းပြလိုက်သည်။

"အရင်တုန်းက . . . ခင်ဗျားရောင်းတဲ့သတင်းတွေရဲ့ ဈေးနှုန်းပမာဏက အမြင့်ဆုံး လျှံငွေသုံးထောင်အထိပဲ ရှိခဲ့တယ် . . . အခု ခင်ဗျားတောင်းထားတဲ့ ငွေကြေးက လျှံငွေဆယ်သိန်း လေ . . . ဒါကြောင့် ကျုပ်က ဘယ်လိုသယ်လာရမလဲ"

ကော့မင်ကွေ၏ မျက်လုံးအစုံက တစ်ချက်ဝင်းလက် တောက်ပသွားသည်။

"ဟာ . . . ဒါကတော့ ခင်ဗျားက ငွေလွှဲလက်မှတ်တွေ ပဲ ယူခဲ့ပေါ့ . . . ဒါဆိုရင် အဆင်မပြေဘူးလား"

ကြယ်တံခွန်မားသမားက ပြုံးလိုက်သည်။

နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ခြင်းဖြစ်၏။

"ခင်ဗျားသိထားရမှာက ကျုပ်က ဒီငွေကြေးပမာဏကို ကိုင်ဆောင်ပိုင်ခွင့်မရှိဘူး . . . ဒါကြောင့် ကျုပ်တို့က မိစ္ဆာဂိုဏ်း ချုပ်ကြီးဆီမှာ တောင်းခံရပါလိမ့်မယ် . . . သူကလဲ ဒီလောက် တန်ဖိုးကြီးတဲ့ သတင်းကို လျှံငွေဆယ်သိန်းမကလို့ သိန်းတစ်ရာ ပဲဖြစ်ပါစေ . . . ဝယ်ယူပါလိမ့်မယ်"

ကော့မင်ကွေ၏ မျက်လုံးအစုံတွင် ဝင်းဝင်းတောက်သော လောဘရမ္မက်များ ပေါ်လွင်လာသည်။

သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီးကို ကြောက်ရွံ့တုန်လှုပ်မိသော် လည်း လျှံငွေဆယ်သိန်းဆိုသော ငွေကြေးကို မစွန့်လွှတ်ရဲချေ။

ဤငွေကြေးမျိုးသည် မိမိတို့ဘဝတစ်သက်တာတွင် တစ် ကြိမ်တစ်ခါမျှပင် မမျှော်လင့်ခဲ့ဖူးသော ငွေကြေးပမာဏဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလော။

ဤလျှံငွေဆယ်သိန်းရလျှင် မိမိတစ်သက် ဘာမျှမပူရတော့။

ထိုင်စားပေရော့။ အားလုံးပြီးပြီ။

သူသည် ပစ်ရမှာလည်း အဆီတဝင်းဝင်း စားရမှာလည်း သဲတရှပ်ရှပ် ဆိုသကဲ့သို့ဖြစ်နေကာ တွေဝေဝေးငိုင်နေမိသည်။

ကြယ်တံခွန်စားသမားက သူ့အား တစ်ချက်အကဲခတ်ကြည့်လိုက်၏။

ထို့နောက် စားပွဲပေါ်တွင် ချထားသောဓားကို ကောက်ကိုင်လိုက်သည်။

"ကဲ . . . ကျုပ်က တာဝန်တွေ အများကြီးရှိသေးတယ် ဒါကြောင့် သိပ်အချိန်မရဘူး . . . ခင်ဗျားက ကျုပ်တို့ဂိုဏ်းချုပ်ကြီးနဲ့မတွေ့ချင်ဘူးဆိုရင်လဲ ကျုပ်တို့က လုံးဝမတတ်နိုင်တော့ဘူး . . . ကဲ ကျုပ်သွားတော့မယ်"

ဟု ပြောကာ တည်းခိုခန်းထဲမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ကော့မင်ကွေက လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေသည်။

သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီးက ရက်စက်ကြမ်းကြုတ်သည်ဟု ကြားသိခဲ့ဖူး၏။

ထို့ကြောင့် သူက တွေ့ဆုံရန် မငံ့မရဲဖြစ်နေမိခြင်းဖြစ်သည်။

သို့သော် သူသည် ပါးစပ်ကလေးလှုပ်ရုံဖြင့် လျှံငွေဆယ်



သိန်းဆိုသော ငွေကြေးပမာဏကို ရရှိနိုင်မည့်အခွင့်အရေးကို လက်လွှတ်မခံဝံ့ပါချေ။

သူသည် သတင်းရောင်းစားနေသူတစ်ဦး မဟုတ်ပါလော။

ထို့ပြင် သူ၏တစ်အူတုံဆင်း ညီရင်းအစ်ကိုဖြစ်သော သက်ခွေလက်ကော့ကျင်းစုကလည်း မိစ္ဆာဂိုဏ်းထဲသို့ ရောက်ရှိနေပြီ မိစ္ဆာဂိုဏ်းချုပ်ကြီး၏ မျက်နှာပေးခြင်းခံရကြောင်း နားလည်ထားသည်။

ယင်းကြောင့် သူသည် မိမိအား မိစ္ဆာဂိုဏ်းချုပ်ကြီးက သက်ခွေလက်ကော့ကျင်းစု၏ မျက်နှာကိုထောက်၍ မည်သည့်နည်းနှင့်မျှ ရက်ရက်စက်စက် မသတ်နိုင်ဟု စဉ်းစားမိလိုက်သည်။

သူက ယင်းသို့စဉ်းစားမိလိုက်သည်နှင့် တစ်ပြိုင်နက် ထွက်ခွာရန် ဟန်ပြင်နေသော ကြယ်တံခွန်စားသမား၏လက်ကို လှမ်းဆွဲထားလိုက်သည်။

"ခဏ"

ကြယ်တံခွန်စားသမားက သူ့အား လှည့်ကြည့်လိုက်သည်။

"ပြောပါ"

ကော့မင်ကွေက သူ့အား မချိုပြုံးပြုံးပြလိုက်သည်။

သူသည် ကြယ်တံခွန်စားသမားအား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ . . .

"ကျုပ်က မိစ္ဆာဂိုဏ်းချုပ်ကြီးနဲ့ လိုက်တွေ့ပါ့မယ်"

ဟု ပြောလိုက်မိလေ၏။

"ဟား . . . ဟား . . . တား ဒီလိုပဲဖြစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ဓားသမားက အားပါးတရ ရယ်မောလိုက်သည်။

အတန်ကြာမှ သူက ရယ်မောခြင်းကိုရပ်ကာ ကော့မင်ကွေအား ကြည့်လိုက်၏။

"ကော့မင်ကွေ . . . အခုတော့ ခင်ဗျားရဲ့တန်ဖိုးကြီးလှတဲ့သတင်းကို မိစ္ဆာဂိုဏ်းချုပ်ကြီးဆီမှာ ရောင်းဖို့ဆုံးဖြတ်ပြီးပြီပေါ့"

ကော့မင်ကွေက ခေါင်းညိတ်လိုက်သည်။

သူက ဆက်ပြောလိုက်သည်။

"ဟုတ်ပါတယ် . . . ကျုပ်က မိစ္ဆာဂိုဏ်းချုပ်ကြီးနဲ့ လိုက်တွေ့ပြီး သတင်းရောင်းဖို့ ဆုံးဖြတ်ပြီးပါပြီ"

ကြယ်တံခွန်ဓားသမားက ပြုံးလိုက်၏။

သူ၏အပြုံးမှာ အလွန်လျှို့ဝှက်ဆန်းကြယ်သော အပြုံးမျိုးဖြစ်လေသည်။

သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကောင်းပြီ . . . ဒါဆိုရင် ကျုပ်တို့ ဌာနချုပ်ကိုသွားကြစို့"

သူက ပြောပြီး ရှေ့မှထွက်ခွာသွား၏။

ကော့မင်ကွေက သူ့နောက်မှ လိုက်ပါသွားသည်။

ကျန်လူများကလည်း သူတို့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားကြလေတော့သည်။

◻ ◻ ◻ ◻



## အခန်း-၇

## နောင်တ

နေဝန်းနီသည် အနောက်ဘက်သို့ ငုပ်လျှိုးသွားပြီဖြစ်၏။

တစ်နေ့တာ ကုန်ဆုံးသွားပြီ ဖြစ်သောကြောင့် အလင်းပျောက်ကွယ်သွားကာ အမှောင်ထုက အစားထိုးဝင်ရောက်၍ လာခဲ့ပြီ။

မကြာမီ ဝန်းကျင်တစ်ခုလုံး မည်းမှောင်ကာ ညမိုးချုပ်တော့မည်ဖြစ်၏။

လိုက်ကျုံးမြို့၏ အိမ်တိုင်းအိမ်တိုင်းလိုလိုတွင် မီးများထွန်းညှိထားပြီးဖြစ်သည်။

ထို့အတူ . . .

တိတန်မိစ္ဆာဂိုဏ်း၏ ဌာနချုပ် အဆောက်အအုံများတွင်သည်း မီးရောင်များ ထိန်ထိန်လင်းနေသည်။

ထို့ကြောင့် မီးရောင်အောက်တွင် တိတန်ဂိုဏ်းဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့မြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်အောက်ခံပေါ်တွင် ရွှေရောင် စာလုံးများဖြင့် ဝင့်ကြွားစွာ ရေးထွင်းထားသဖြင့် ဝင့်ကြွားလှပစွာ ရှိနေလေသည်။

ညအချိန်သို့ရောက်ရှိလာသည်နှင့် မီးရောင်များ လင်းထိန်နေပြီး အစောင့်အကြပ်များ ထူထပ်စွာချထားသောကြောင့် မည်သူကမျှ ကျူးကျော်ဝင်ရောက်ရန် မဖြစ်နိုင်ပါချေ။

ယင်းအချိန် . . .

လူတစ်စုသည် တိတန်မိစ္ဆာဂိုဏ်း၏ ခြံဝင်းရှေ့သို့ ရောက်ရှိလာကြသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ကြယ်တံခွန်ဓားသမားပင်ဖြစ်၏။

သူသည် ခြံဝင်းတံခါးရှေ့သို့ ရောက်ရှိလာသည်နှင့် တစ်မြိုင်နက် အစောင့်များအား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

အစောင့်များက တံခါးကို ကမန်းကတန်း ဖွင့်ပေးလိုက်ကြသည်။

ကြယ်တံခွန်ဓားသမားက မိမိ၏နံဘေးတွင် လိုက်ပါလာသော ကော့မင်ကွေ့အား ကြည့်ကာ ပြုံးပြလိုက်သည်။

"ကဲ . . . အထဲကိုကြွပါ"

ကော့မင်ကွေ့က အထဲသို့မဝင်သေးဘဲ မျက်လုံးဝေ့ကာ ကြည့်လိုက်သည်။

မိစ္ဆာဂိုဏ်း၏ အဆောက်အအုံသည် လိုက်ကျုံးမြို့တွင် အကြီးမားဆုံး အခံ့ညားဆုံး နန်းတော်ကြီးသမျှ ကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးတစ်ခုပင် ဖြစ်၏။



ထို့ပြင် ဘေးတစ်ဖက်တစ်ချက်တွင် အဆောက်အအုံ ...ခင်းများစွာလည်း ရှိနေသေး၏။

သူသည် မိစ္ဆာဂိုဏ်းမှ အဆောက်အအုံများကို ကြည့်ကာ ...င်ထဲမှာ စိုးရွံ့ထိတ်လန့်လာမိသည်။

အဆောက်အအုံများမှာ ဘုရင့်နန်းတော်တမျှ ကြီးကျယ် ...သဖြင့် သူစိုးရွံ့နေမိခြင်းဖြစ်သည်။

ထိုအချိန်မှာပင် ကြယ်တံခွန်ဓားသမားက သူ့အားလှည့် ...ကြည့်လိုက်၏။

"ကော့မင်ကွေ့ . . . ကျုပ်တို့အထဲဝင်ကြမယ်"

သူသည် ပြောပြောဆိုဆို ကျောက်ဖြူလမ်းကလေးအတိုင်း ...မ်းဝင်သွားသည်။

ကော့မင်ကွေ့က သတိပြင်းတစ်ချက်ချကာ နောက်မှလိုက် ...သွားလေတော့သည်။

ရှည်လျားသော ကျောက်ဖြူလမ်း . . .

ကိုက်သုံးရာခန့် ရှည်လျားပြီး လမ်းကလေးတစ်လျှောက် ...ကျောက်ဖြူများဖြင့် ခင်းကျင်းထားသည်။

လမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် ပန်းမျိုးစုံအလှ ...စိုက်ပျိုးထား၏။

ကျောက်ဖြူလမ်း၏ အဆုံးတွင် ကြီးမားခန့်ညားသော ...အဆောက်အအုံကြီးတစ်ခု ရှိနေသည်။

ဤနေရာနှင့် ဤအဆောက်အအုံကြီးသည် လိုက်ကျုံးမြို့ ...တစ်ဝိုက်တွင် အကြီးမားဆုံး၊ အခံ့ညားဆုံးနှင့် နန်းတော်တမျှ

www.burmeseclassic.com

www.burmeseclassic.com



အကျယ်ဝန်းဆုံးဖြင့် တိတန်ဂိုဏ်းဌာနချုပ် နေရာပင်ဖြစ်တေ
သည်။

ခြံဝင်းရှေ့တွင် ကြီးမားသော သစ်လုံးတံခါးမကြီးရှိနေ
တံခါးရှေ့၌ အစောင့်အကြပ်များတန်းစီ၍ စောင့်နေကြ၏။

အဆောက်အအုံကြီး၏ ပတ်လည်တွင်လည်း အစေ
အကြပ်များ ထူထပ်စွာချထားသည်။

နေ့ညမပြတ် အစောင့်အကြပ်များမှာ အလှည့်ကျစေ
နေကြပြီး တိတန်ဂိုဏ်းအတွင်းသို့ ရန်သူများမဝင်ရောက်လာစေ
ကာကွယ်နေကြခြင်းဖြစ်သည်။

ကော့မင်ကွေ ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်ရင်း ကြ
တံခွန်မားသမားနှင့် အတူလိုက်ပါလာသည်။

သူသည် လိုက်လာလိုက်ပါလာခဲ့ရသော်လည်း နှလုံးတ
ရင်တုန်တော့ ရှိနေလေ၏။

အဆောက်အအုံကြီးရှေ့သို့ ရောက်သောအခါ စောင့်ကြ
နေသော အစောင့်အကြပ်များက ဦးညွှတ်ကာ တံခါးမကြီးကို ဖွ
ပေးလိုက်ကြ၏။

ကြယ်တံခွန်မားသမားက ခြေလှမ်းကျဲကျဲဖြင့် ခန်းမထဲ
လှမ်းဝင်လိုက်ရာ ကော့မင်ကွေကလည်း နောက်မှလိုက်ပါသွားရ
တော့သည်။

▣ ▣ ▣ ▣

ခန်းမကြီးသည် ကျယ်ဝန်းလှပေသည်။



ခန်းမကြီးအတွင်း၌ အဖိုးတန်ပစ္စည်း အဖိုးတန်ပရိဘောဂ
းဖြင့်သာ မွမ်းမံထားပြီး အခန်းတစ်ခုလုံးတွင် အနီရောင်မွေး
ကော်ဇောများ ခင်းကျင်းထားသည်။

ထို့ကြောင့် ကော့မင်ကွေမှာ ခြေချရန်ပင် မဝံ့မရဲဖြစ်
မိ၏။

သူကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်နှင့် ယခုပတ်ဝန်း
ကျင်မှာ ခြားနားလှသည်မဟုတ်ပါလော။

သို့သော် . . .

ကြယ်တံခွန်မားသမားကမူ သူ့အား လှည့်ပင်မကြည့်ဘဲ
း မကြီးထဲသို့ လှမ်းဝင်သွားသည်။

ကော့မင်ကွေသည် ခန်းမကြီးအား ကြည့်ရင်း ရင်ထဲ၌
အားငယ်စိတ်များ အလိုအလျောက် ခံစားလာမိ၏။ ယင်း
ချိန် ကြယ်တံခွန်မားသမားက သူ့အား လှည့်ကြည့် လိုက်သည်။

သူက အေးဆေးတည်ကြည်သောအသံဖြင့် . . .

"ခင်ဗျား ဒီမှာခဏစောင့်နေပါ . . . ကျုပ်က သွားပြီး
း ချုပ်ကြီးဆီမှာ အစီရင်ခံလိုက်ပါဦးမယ်"

ပြောပြီး ခန်းမကြီး၏ တစ်ဖက်နံရံဆီသို့ လျှောက်သွား
သည်။

သူက နံရံအတွင်းတွင် ခြေစုံရပ်တန့်လိုက်၏။

ယင်းအချိန်မှာပင် . . .

နံရံသည် ဖြည်းညင်းစွာ ပွင့်သွားပြီး လူတစ်ယောက်ဝင်
တံခါးပေါက် ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြယ်တံခွန်ဓားသမားက ယင်းတံခါးပေါ
ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

◙ ◙ ◙ ◙

ကော့မင်ကွေသည် ခန်းမကျယ်ကြီးထဲတွင် တစ်ယော
တည်းရပ်နေ၏။

သူသည် ကျယ်ဝန်းလှသော ခန်းမကြီးအတွင်း၌ တည်ငြ
စွာ ရပ်နေခြင်းဖြစ်သော်လည်း ရင်ထဲတွင် ပြင်းပြင်းထန်ထန် လှ
ရှားနေမိ၏။ သူ၏ နှလုံးခုန်နှုန်းမှာ ပြင်းထန်လှသဖြင့် နှလုံးသ
ရင်ထဲမှ ခုန်ထွက်လာမည်ကဲ့သို့ ခံစားနေရ၏။

သူက ကြယ်တံခွန်ဓားသမား လှမ်းဝင်သွားသော တံခ
ပေါက်အား မျက်စောင်းမခတ် စိုက်ကြည့်နေမိသည်။

မည်မျှ အချိန်ကြာသွားမှန်းမသိချေ။ ကြယ်တံခွန်ဓ
သမားသည် အခန်းတွင်းမှ ပြန်ထွက်လာလေ၏။

သူ့နောက်တွင် အနက်ရောင်ဝတ်ဆင်ထားသော လူ
ယောက်က ပါရှိလာပြီး အနီရောင်မွေးပွကော်ဇောခင်းထားသ
ကုလားထိုင်ရှည်ကြီးတစ်လုံးကို သယ်မလာကြသည်။

ကြယ်တံခွန်ဓားသမားက ခန်းမကြီး၏အလယ်ဗဟိုတ
တည့်တွင် ခြေစုံရပ်တန့်လိုက်လေသည်။

ထိုအခါ . . .

အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်



ကုလားထိုင်ခုံရှည်ကြီးအား ခန်းမအလယ်တွင် ချထားလိုက်၏။

ကုလားထိုင်ခုံရှည်ကြီးက ကြမ်းခင်ပေါ်သို့ ချလိုက်မိသည်
နှင့် အနက်ရောင်ဝတ်ဆင်ထားသော မိစ္ဆာဂိုဏ်းသားတစ်ဆယ့်
နှစ်ယောက်က အခန်းတံခါးဝမှ ထွက်ပေါ်လာကာ ကြယ်တံခွန်
ဓားသမား၏ နောက်ဘက်သို့ လျှောက်သွားလေသည်။

ယင်းနောက် . . .

ကုလားထိုင်ခုံရှည်ဘက်သို့ မျက်နှာမူကာ ခြောက်ယောက်
စီ လူစုခွဲ၍ မျက်နှာချင်းဆိုင် ရပ်တန့်လိုက်ကြသည်။

ထိုလူတစ်ဆယ့်နှစ်ယောက်တွင် ကော့မင်ကွေ၏ညီ သက်
ခြေသိုင်းသမား ကော့ကျင်းစုကလည်း ပါရှိလာလေသည်။

ကော့မင်းကွေနှင့် ကော့ကျင်းစုတို့သည် တစ်အူတုံ့ဆင်း
ညီရင်းအစ်ကိုများ ဖြစ်ကြသည်။

သူတို့ ညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်နှင့်တစ်
ယောက် အလွန်ချစ်ခင်ကြပြီး မျက်စိအောက်ကပင် အပျောက်မ
ခံနိုင်ခဲ့ကြပါချေ။

သို့သော် . . .

ယခု ကော့ကျင်းစုက ကော့မင်ကွေအား မမြင်တွေ့လိုက်
သည့်အလား လှည့်ပင်မကြည့်ဘဲ ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်
မယှက်ရပ်နေရသည်။

ယင်းအချိန်မှာပင် . . .

အခန်းတံခါးဝမှ လူရွယ်တစ်ယောက် ထွက်လာလေသည်။

ထိုလူရွယ်က ယပ်တောင်တစ်ချောင်းကို တဖျပ်ဖျပ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ကုလားထိုင်ခုံရှည်ဆီသို့ လျှောက်သွားကာ ထိုင်ချလိုက်၏။ သူ၏လှုပ်ရှားမှုမှာ ဇာတ်သမားတစ်ယောက်ပမာ လွန်စွာ အေးဆေးလှလေ၏။

ထို့နောက် . . .

သူ၏မျက်လုံးအစုံက ကော့မင်ကွေ၏ မျက်နှာအား စိုက်ကြည့်လိုက်သည်။

ကော့မင်ကွေသည် ထိုလူရွယ်၏ မျက်လုံးများနှင့် ဆုံလိုက်မိသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်တစ်ခုလုံးမှာ ရေခဲပြင်ထဲသို့ ထိုးကျသွားသည့်အလား အေးစိမ့်တောင့်တင်းသွားလေတော့သည်။

◙ ◙ ◙ ◙



# အခန်း-၀

## နောင်တ

လေတိုက်ခတ်ခြင်းမရှိပါ။ သို့သော်. . .

ခန်းမတစ်ခုလုံးမှာ အေးစက်လာသည်ဟု ကော့မင်ကွေ့က ခံစားလိုက်ရသည်။ သူသည် အနီရောင်မွေးပွ ကော်ဇောပေါ်တွင် ယပ်တောင်တစ်ဖျပ်ဖျပ်ခတ်ရင်း ထိုင်နေသောလူရွယ်အား ငေးငိုင်ကာကြည့်နေမိ၏။ သူ့မျက်လုံးများသည် ထိုလူရွယ်ထံမှ မရွေ့ချေ။ လူရွယ်၏မျက်လုံးများသည် ဝိုင်းစက်နေပြီးနှုတ်ခမ်းများ တွင်မကာ ပါးနှစ်ဖက်ပင် အနီရောင်သမ်းနေသည်။ ထို့ပြင် ဖြူဖွေး နုနယ်သော အသားအရေရှိနေသဖြင့် ရုပ်ရည်သန့်ပြန့်သည် လူရွယ်တစ်ယောက်ဖြစ်၏။ အလွန်ချောမောသည့် လူငယ်တစ်ယောက်သာ ဖြစ်သည်။ သို့သော်. . .

အေးစက်တင်းမာသောမျက်နှာနှင့် မျက်လုံးအစုံတွင်ရက် စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များကပေါ်

www.burmeseclassic.com

www.burmeseclassic.com



လွှင်နေသည်။

သူသည် အနီရောင်ခေါင်းစွပ်နှင့် အနီရောင်ဝတ်စုံဝတ်ဆင်ထားသဖြင့် အနီရောင်ခင်းထားသည့် မွေးပွကော်ဇောကုလားထိုင်ခုံပေါ်တွင် ထိုင်နေသောအခါ မီးပုံတစ်ခုနှင့်တူနေသည်ဟု ကော့မင်ကွေ့ကမှတ်ချက်ချလိုက်မိ၏။ ယင်းအချိန်မှာပင် . . .

လူရွယ်က ယပ်တောင်ကို ခေါက်ကာအင်္ကျီအိပ်ထဲသို့ တည့်လိုက်သည်။ ထို့နောက် လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

သူက ယင်းသို့လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ကြယ်တံခွန်ဓားသမားနှင့် တိတန်ဂိုဏ်းသားများတို့သည် ပြိုင်တူဒူးထောက်လိုက်ကြလေတော့သည်။

"တိတန်ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်၊ တိတန်ဂိုဏ်းချုပ်ကြီး . . . သက်တော်ရာကျော်ရှည်ပါစေ"

ဟုပြိုင်တူအော်ဟစ်ဂါရဝပြု လိုက်ကြသည်။

သူတို့၏အော်ဟစ်သံများက ကျယ်လောင်လှ သဖြင့် ခန်းမ ကြီးတစ်ခုလုံးမှာပဲ့တင်သံထပ်သွားသည်။

ကော့မင်ကွေ့က သူတို့၏ဂါရဝပြုသံကိုကြား လိုက်ရသောအခါမှ ထိုလူရွယ်မှာတိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးဖြစ်ကြောင်းသိရှိ ရလိုက်သည်။ သူ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား ထိတ်လန့်ကြောက်ရွံ့ခြင်း၊ အံ့သြခြင်းစသည့် ဟန်ဇ ့ာ့အရာများဖြင့် မော့ကြည့်လိုက်၏။ အကြောင်းမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဂိုဏ်းချုပ်ကြီး



တစ်ယောက်သည် ဤမျှအထိအသက် ငယ်ရွယ်နေလိမ့်မည်ဟု သူ မထင်မိခဲ့ချေ။ သို့သော် ယင်းအဖြစ် များမရှိမဟုတ်၊ ရှိခဲ့သည်သာဖြစ်၏။

ထိုအချိန်၌ ကြယ်တံခွန်ဓားသမားက သူ့အားလှည့်ကြည့် ကာအေးတိအေးစက်အသံဖြင့် ပြောလိုက်၏။

"ကော့မင်ကွေ့ . . . ခင်ဗျားက ဘာဖြစ်လို့ မတ်တတ်ရပ်နေတာလဲ"

ကော့မင်ကွေ့၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။ သူက ကမန်းကတန်း ဒူးထောက်လိုက်ပြီး . . .

"တိတန်ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

သူ့အသံက တုန်တုန်ယင်ယင်ဖြစ်နေသည်။ ယင်းအချိန် မိစ္ဆာဂိုဏ်းချုပ်ကြီးက မျက်မှောက်ကုတ်၍စိုက်ကြည့်လိုက်၏။

သူက မျက်မှောင်ကုတ်သောအခါ သူ၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ်တောက်ပလာသည်ဟု ထင်မှတ်လိုက်ရလေသည်။ အတွင်းအားအလွန်ကောင်းသည့် မျက်လုံးများသာတည်း။ ထို့ပြင် . . .

မိစ္ဆာဂိုဏ်းချုပ်ကြီး၏အကြည့်မှာစူးရှထက်မြက်သည့် ဓား ပါးကလေးနှစ်လက်ပမာ အသည်းနှလုံးထဲသို့ထိုးဖောက်လာသည်ဟု ခံစားလိုက်ရ၏။ ထို့ကြောင့် ကော့မင်ကွေ့က သူ၏ အကြည့်ဒဏ်ကို မခံနိုင်တော့သဖြင့် ခေါင်းငုံ့ထားလိုက်မိလေ၏။ ယင်းအချိန်မှာပင် တိတန်ဂိုဏ်းချုပ်ကြီး၏ အသံကထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လျှို့ဝှက် ဆယ်သိန်းတန်တဲ့သတင်းရောင်းသမားဆိုတာ ခင်ဗျားလား"

သူ၏အသံသည် စူးရှအက်ကွဲပြီးကျယ်လောင်လှသဖြင့် ကော့မင်ကွေ့၏နားများပင် အူသွားလေသည်။ အလွန်လည်း ကြောက်ရွံ့သွားသည်။ သူက ကမန်းကတန်းခေါင်းညိတ် လိုက်ရ၏။

"ဟုတ်. . . ဟုတ်ကဲ့"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးကသူ့အား စိုက်ကြည့်လိုက်သည်။ အတန်ကြာမှ သူက တစ်ခွန်းချင်းပြောလိုက်၏။

"ကောမင်ကွေ့. . . ခင်ဗျားက ကော့ကျင်းစုရဲ့အစ်ကိုကြီး ဟုတ်လား"

ကော့မင်ကွေ့က ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်. . . ဟုတ်ပါတယ်"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ပြုံးလိုက်သည်။ သူ၏ အပြုံးသည် လျှို့ဝှက်ပြီးကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

"ကောင်းပြီ၊ ခင်ဗျားရဲ့လျှို့ဝှက်ဆယ်သိန်းတန်တဲ့သတင်းကို ပြောပါ၊ ကျုပ်သိချင်ပြီ"

ကော့မင်ကွေ့က ရင်ထိတ်သွားသည်။ တိတန်ဂိုဏ်းချုပ်ကြီး၏ စကားများထဲတွင်မည်သည့်ထူးခြားမှုများမပါဟု ထင်ရသော်လည်း တကယ်တမ်း ကိုယ်တွေ့ကြုံနေရသူ ကော့မင်ကွေ့ကမူ ထူးဆန်းသောအေးစက်မှုတစ်ခုပါနေကြောင်း သိလိုက်



သဖြင့်ရင်ထဲ၌ တုန်ခါသွားသည်။ ထို့ကြောင့် သူကပြောသင့်မပြောသင့်ကို တွေဝေစဉ်းစားနေမိသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက မဲ့မဲ့ပြုံးပြုံးလိုက်သည်။ သူ့အကြည့်မှာ ရေခဲအကြည့်ဖြစ်သည်။ ထို့နောက် သူကကြယ်တံ ခွန်ဓားသမားအား လှမ်းကြည့်လိုက်၏။

"ကြယ်တံခွန်ဌာနခွဲမှူး သူ့ရဲ့လျှို့ဝှက်သတင်းထွက်လာမယ့်နည်းကိုသိတယ် မဟုတ်လား၊ သူ့သတင်းထွက်လာအောင် လုပ်စမ်း"

ကြယ်တံခွန်ဓားသမားက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့. . . သိပါတယ် ဂိုဏ်းချုပ်ကြီး"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအေးတိအေးစက် မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ဒါဖြင့် ဘာဖြစ်လို့ အချိန်ကုန်ခံနေတာလဲ"

လက်ခုပ်တစ်ချက်တီးလိုက်၏။ သူ၏လက်ခုပ်တီးသံဆုံးသွားသည်နှင့် လူနှစ်ယောက်ကသေတ္တာနှစ်လုံးကို ကိုင်ဆောင်ကာရောက်ရှိ လာကြသည်။ သူတို့သည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား တစ်ချက် ဦးညွှတ်ဂါရဝပြုလိုက်ပြီးနောက် သေတ္တာနှစ်လုံးကို ကော့မင်ကွေ့၏ရှေ့တွင်ချကာ ဖွင့်ပြလိုက်၏။ သေတ္တာထဲတွင် ငွေလွှဲလက် မှတ်များအထပ် လိုက်ရှိနေလေသည်။

ကော့မင်ကွေ့က ငွေလဲလက်မှတ်များကို ကြည့်ကာ မလဲမပြုံအောင်ထိန်းလိုက်ရသည်။ သူ၏မျက်လုံးများတွင် ငွေလဲလက်မှတ်များအပေါ်တွင် တပ်မက်သည့် ဟန်အမူအရာများက

www.burmeseclassic.com

www.burmeseclassic.com



ထိန်းမနိုင် သိမ်းမရဖြင့် ပေါ်လွင်နေသည်။

သူသည် တိတာန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏ ရက်စက်ကြမ်းကြုတ်မှုကို ကြားသိခဲ့ဖူး၏။ ထို့ပြင် ယခုမိစ္ဆာဂိုဏ်းချုပ်ကြီးအား ကိုယ်တိုင် တွေ့မြင်လိုက်ချိန်၌လည်း ရက်စက်ကြမ်းကြုတ်သည့် သတင်းနှင့် ကိုက်ညီကြောင်းသူသိလိုက်သည်။

ထို့ကြောင့် သူ၏ရင်ထဲတွင် မကောင်းသော နိမိတ်ဆိုးများ ခံစားလာရသဖြင့် ဖွင့်မပြောရန်ဆုံးဖြတ်လိုက်သည်။ သို့သော်. . .

ယခု သူကသေတ္တာထဲတွင် လျှံငွေဆယ်သိန်းကို တွေ့မြင် လိုက်ရသောအခါ ဆုံးဖြတ်ချက်များမှာ ယိုင်လဲလာပြီဖြစ်၏။

သူသည် မည်မျှပင် သတင်းကြီးစားစုဆောင်းသူဖြစ်ပါစေ။ မိမိ၏တစ်သက်တာတွင် လျှံငွေဆယ်သိန်းတန်သော သတင်း တို့ရယူနိုင်မည်မဟုတ်ဟု တွေးတောကာထိုသတင်းကို ပြောပြရန် ဆန္ဒများပြင်းပြလာသည်။ ထိုအချိန်မှာပင်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီး၏ ရယ်မောသံကထွက်ပေါ်လာသည်။

"ဟား ဟား ဟား"

သူ၏အသံသည် စူးရှအက်ကွဲကာကျယ်လောင်လှသဖြင့် ကော့မင်ကွေ့၏ နားအနီးသို့ မိုးကြိုးပစ်ချလိုက်သည့် အလား ခံစားရကာ ကမန်းကတန်းနားပိတ်ထားလိုက်ရပေသည်။ အတန်ကြာမှ တိတာန်ဂိုဏ်းချုပ်ကြီးက ရယ်မောခြင်းကို ရပ်လိုက်ကာ စူးရှသောမျက်လုံးအစုံဖြင့်စိုက်ကြည့်လိုက်သည်။

"ကော့မင်ကွေ့ အခုဆိုရင် ခင်ဗျားရထားတဲ့တန်ဖိုးကြီးတဲ့သတင်းကို ပြောပြလို့ရပြီမဟုတ်လား"

သူ၏အသံသည် ခန်းမကျယ်တစ်ခုလုံးတွင် ပဲ့တင်ထပ်နေလေသည်။ ကော့မင်ကွေ့က သူ့အားထိတ်လန့်တုန်လှုပ်စွာဖြင့် ကြည့်ရင်းကမန်းကတန်း ခေါင်းညိတ်လိုက်ရ၏။

"ဟုတ်. . . ဟုတ်ကဲ့"

တိတာန်မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားစူးစိုက်ကြည့်နေ၏။ အတန်ကြာမှ သူကအင်္ကျီအိတ်ထဲမှ ယပ်တောင်ကို ထုတ်ကာ တဖျပ်ဖျပ်ခတ်ရင်း မေးလိုက်သည်။

"ပြော. . ."

ပြောဆိုသည့်တစ်ခွန်းမှာ မိုးကြိုးပစ်လိုက်သည့်အသံနှင့်တူသည်။ ကော့မင်ကွေ့၏လက်ဝါးတွင် ချွေးများနှင့်စို့လာလေသည်။ သူက တိတာန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား မကြည့်ပါချေ။

သူသည် လျှံငွေဆယ်သိန်းကိုသာ ခေါင်းငုံ့ကြည့်နေ၏။ ထို့နောက် သူကမည်သည့်အရာကိုမှ မစဉ်းစားနိုင်တော့ဘဲ မိမိရရှိထားသော သတင်းကိုပြောပြလိုက်လေတော့သည်။

"ကိုးနဂါးသခင်လေးတို့လူစု ရွှေနဂါးဂိုဏ်းက သခင်မလေး ယိုအော့လျှံနဲ့တွေ့ဖို့ ကျောက်ဖြူတောင်ကို သွားနေပါပြီ"

သူ၏စကားကြောင့် မိစ္ဆာဂိုဏ်းချုပ်ကြီးမျက်နှာပေါ်တွင် ဒိုးထိတ်အံ့သြသည့်ဟန်အမူအရာများ ပေါ်လွင်လာလေသည်။

သူသည် တစ်ကိုယ်တည်းတီးတိုးပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုးနဂါးသခင်လေး ခင်ဗျားဟာ တကယ့်ကို သူ့ရဲကောင်းတစ်ယောက်ပဲ၊ ဒီလောက် အထပ်ထပ်ပိတ်ဆို့ထားတဲ့ကြားက အပြင်ရောက်အောင် ဖောက်ထွက်နိုင်တာပဲကိုး"

သူကရင်မောရင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တစ်သက်မှာ ဒီလိုသူ့ရဲကောင်းမျိုးနဲ့ရင်ဆိုင်ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး၊ ကောင်းပါတယ်၊ ဒါဟာ ကျုပ်အတွက် ပြိုင်ဘက်တစ်ယောက်နဲ့ တွေ့ကြုံလိုက်ရတာပဲ"

သူက တစ်ဦးတည်းရေရွတ်နေသည်။ ကော့မင်ကွေ့က ဦးညွှတ်လိုက်၏။

"ဂိုဏ်းချုပ်ကြီး ကျုပ်က တာဝန်ကျေပြီနော်၊ ဒါကြောင့် ကျုပ်ကို သွားခွင့်ပြုပါဦး"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်၏။

"ဟား. . . ဟား. . . ဟား၊ ကောင်းပါပြီ . . . ကောင်းပါပြီ"

ကော့မင်ကွေ့က သေတ္တာနှစ်လုံးကိုကောက်ကိုင်လိုက်သည်။ သေတ္တာနှစ်လုံးကို တစ်ဖက်တစ်လုံးစီကောက်ကိုင်ရာ တစ်ဖက်မှ သေတ္တာသည်ထိထိမိမိမကိုင်နိုင်ဘဲ လက်ထဲမှပြုတ်ကျသွားသည်၊ ထိုအခါ. . .

သေတ္တာထဲမှ ငွေလဲလက်မှတ်များသည် အနီရောင်မွေးပွကော်ဇောပေါ်တွင် ပြန့်ကျဲသွားသည်။ ထိုအခါ သူကငွေလဲလက်မှတ်များကို ကြည့်ကာမျက်လုံးအစုံက ပြူးကျယ်သွားမိသည်။ အဘယ့်ကြောင့်ဆိုသော်. . .

ထိုငွေလက်မှတ်များသည် အချို့တစ်ဝက်သာအစစ်အမှန် ဖြစ်ပြီး ကျန်လက်မှတ်များမှာ စက္ကူဖြူများဖြစ်နေသည်မဟုတ်ပါလား။ သူသည် ခံပြင်းခြင်း၊ နာကြည်းခြင်းစသည့်မျက်လုံးအစုံဖြင့် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား မော့ကြည့်လိုက်လေသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက ပြုံးကြည့်နေသည်။ သူ၏အပြုံး သည် ကောက်ကျစ်စဉ်းလဲသောအပြုံးမျိုး ဖြစ်သည်။ ကော့မင်ကွေ့၏အသားများမှာ တဆတ်ဆတ်တုန်ယင်လာလေ၏။ သူက တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား လက်ညှိုးထိုးကာ အော်ဟစ်လိုက် ၏။

"ခင်ဗျား. . . ခင်ဗျား. . ."

သူသည် ဒေါသထွက်လွန်းသဖြင့် စကားကိုဆက်မပြောနိုင် ဘဲရှိနေလေသည်။ တိတန်ဂိုဏ်းချုပ်ကြီးက သူ့အားအေးတိအေး စက်မျက်လုံးများဖြင့် ကော့မင်ကွေ့အား စူးရှစွာ ကြည့်လိုက်၏။ ကော့မင်ကွေ့သည် မိမိအား တဒင်္ဂအချိန်လေး၌ လှည့်စားလိုက်သော တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား ဒေါသထွက်လွန်းသဖြင့် ကြောက်ရွံ့ရမှန်းပင် မသိနိုင်တော့ချေ။ သူက တိတန်မိစ္ဆာဂိုဏ်း ချုပ်ကြီးအား လက်ညှိုးငေါက်ငေါက် ထိုးလိုက်သည်။

"ခင်ဗျား အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်အောက် ကျစ်ယုတ်မာနေရင် တစ်နေ့မှာ အသေဆိုးနဲ့သေရလိမ့်မယ် . . . လူဆိုတာ ကတိတည်ရတယ်"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအေးစက်စက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားဖြင့် ကြည့်ရင်းမှ ရုတ်တရက်ပြုံးလာသည်။ ကော့မင်ကွေ့က သူ့အားရွှဲ့ရှားမုန်းတီးစွာဖြင့် ကြည့်လိုက်၏။

"မင်းဟာ . . . တစ်နေ့မှာ ကိုးသခင်လေးရဲ့လက်ချက်နဲ့သေစေရမယ် . . . မင်းရဲ့မိစ္ဆာဂိုဏ်းသားဟာကျဆုံးရမယ်၊ ငါသေသေချာချာပြောရဲတယ်"

သူသည် ဒေါသတကြီး အော်ဟစ်နေသည်။ ထိုအချိန်၌. . ကြယ်တံခွန်ဓားသမားက လှစ်ခနဲလှည့်ကာ သူ့အား ကြည့်လိုက်၏။

"ကော့မင်ကွေ့ ခင်ဗျားစကားပြောတာ သိပ်များနေပါပြီ ရပ်ပါတော့"

သူကပြောပြီးတော့ ကော့မင်ကွေ့ထံသို့ လျှောက်သွားရန် ဟန်ပြင်လိုက်သည်။ တိဖာန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ဟန့်တားလိုက်သည်။

"ရပ်လိုက်"

ကြယ်တံခွန်ဓားသမားက ခြေလှမ်းရပ်တန့်လိုက်၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ကော့မင်ကွေ့အား စူးရှအက်ကွဲသော အသံဖြင့် ပြောလိုက်လေသည်။

"ကော့မင်ကွေ့. . . ကျုပ်တို့က လျှော်ငွေဆယ်သိန်းမပေးနိုင်လို့ ပေးနိုင်သလောက်ပေးထားတယ် . . . ဒါကိုခင်ဗျားက ကျေနပ်သင့်တယ်"

ကော့မင်ကွေ့က မဲ့ပြုံးပြုံးလိုက်သည်။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီးအားကြည့်ကာ ဒေါသကြီးစွာအော်ဟစ်လိုက်လေသည်။



"ဘာ. . . မင်းက လျှော်ငွေဆယ်သိန်းကို မပေးနိုင်ဘူး၊ တ်လား၊ ဒီလောက် အခွန်ငွေကောက်ပြီး ဂိုဏ်းအသီးသီး ပစ္စည်းဥစ္စာတွေကို မတရာသိမ်းပိုက်ထားတဲ့လူက ဒီလျှော်ငွေ ယ်သိန်းမပေး နိုင်ဘူးဆိုတာ ကျုပ်က ယုံကြည်ရမှာလား"

သူက ဒေါသကြီးစွာအော်ဟစ်လိုက်ရာ ခန်းမတစ်ခုလုံး ာင်သံထပ်သွားသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက် ည်။ အတန်ကြာမှ သူကရယ်မောလိုက်ကာ ခေါင်းခါယမ်း ာ်၏။

"ဒီလောက် အများကြီးသိနေတဲ့သူက လောကမှာ သက်ရှည်ရှည် မနေသင့်တော့ဘူး"

သူ၏စကားကြောင့် ကော့မင်ကွေ့၏ ခန္ဓာကိုယ် စ်ခုလုံး တုန်ခါသွားသည်။ သူက ဖြူဖပ်ဖြူရော်မျက်နှာဖြင့် ာဂိုဏ်းချုပ်ကြီးအား ကြည့်နေမိသည်။ ထိုအချိန်၌. . .

ကြယ်တံခွန်ဓားသမားက ဓားကိုဆွဲထုတ်လိုက်သည်။

"ရှပ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်တစ်ချက်ဝှေ့ယမ်းလိုက် ည်။ သူက စူးရှအက်ကွဲသောအသံဖြင့်. . .

"ကြယ်တံခွန်ဂိုဏ်းခွဲမှူး ခင်ဗျားရဲ့ဓားနဲ့သူ့ကို တ်သင့်ပါဘူး"

ကြယ်တံခွန်ဓားသမားက တစ်ချက်ဦးညွှတ်ကာဓားကို အိမ်ထဲသို့ ပြန်ထည့်လိုက်လေသည်။ ထို့နောက် မိစ္ဆာဂိုဏ်း ကြီးအား ဂါရဝပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့ကိုဘယ်သူ့အားနဲ့ သတ်သ
တယ်လို့ ယူဆထားပါသလဲ"

မိစ္ဆာဂိုဏ်းချုပ်ကြီး၏စူးရှသောမျက်လုံးအစုံက ကျော
ရုပ်ပမာ မလှုပ်မယှက်ရပ်နေကြသော လူဆယ့်နှစ်ယော
အနက် ရှေ့ဆုံးရှိလူတစ်ယောက်ဆီသို့ ရောက်ရှိသွားလေသည်

"ကျော့ကျင်းစု"

သူက တစ်ခွန်းချင်းပြောလိုက်၏။ ကျော့ကျင်းစု၏ခန္
ကိုယ်တစ်ချက်တုန်ခါသွားလေသည်။ ထို့နောက် ထိတ်လန့်အံ့
စွာဖြင့် နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်ပြီး. . .

"ကျွန်. . . ကျွန်တော်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားစူးရှတောက်ပြောင်သေ
မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။ ထို့နောက် ပြုံး၍ခေါင်းညိတ်
ပြလိုက်သည်။

"ဟုတ်တယ် မင်း သူ့ကို သတ်လိုက်ပါ"

ကျော့ကျင်းစု၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွ
လေသည်။ တစ်ကိုယ်လုံး အားအင်များယုတ်လျော့သလိုဖြစ်သွ
သည်။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီးရှေ့တွင် ဒူးထောက်ချလိုက်
သည်။

"သူ သူဟာ ကျွန်တော့်ရဲ့ အစ်ကို. . ."

မိစ္ဆာဂိုဏ်းချုပ်ကြီးက ပြုံး၍ခေါင်းညိတ်လိုက်သည်
သူက ယပ်တောင်ကိုဖြည်းညင်းစွာခတ်ရင်းမှ. . .

"ဒါကြောင့်လဲ ကျုပ်က မင်းကိုတာဝန်ပေးရတာပေ



ကျော့ကျင်းစုမှာ လူသေတစ်ယောက်ပမာရုတ်ခြည်းဖွေး
ဖွေးဖြူသွားသည်။ သူ့ အလွန်စိတ်ထိခိုက်သွားသည်။

သူသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး အားစိုက်ကြည့်ကာ
ရှာမုန်းတီးသောစိတ်များ တဖွားဖွားပေါ်ပေါက်လာလေသည်။
သူသည် ပြေးသတ်ရန်ပင်စိတ်ကူးလိုက်သည်။ သို့သော်. . .

သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏သိုင်းပညာအဆင့်ကို သိရှိ
ားသောကြောင့် ပြန်ပြောဆိုရန်မဝံ့ပါချေ။ သူသည် ခြေလှမ်း
ုံးလှမ်းမျှ မလှမ်းနိုင်မှီ သေသွားပေလိမ့်မည်။ သူက မိစ္ဆာဂိုဏ်း
ချုပ်ကြီး ရှေ့တွင် ဒူးထောက်လိုက်သည်။

"ကျွန်. . . ကျွန်တော်"

သူသည် မိမိ၏တစ်အူတုံ့ဆင်းအစ်ကိုကြီးကို သတ်ရန်
ာ မည်သို့မျှမဝံ့ရဲပါချေ။ ဤအစ်ကိုကြီးသည် မိမိ၏
ခင်ဖခင်နေရာတွင် အစားထိုးကာ ချစ်ခင်လေးစားခဲ့ရသည်
ဆိုလျှင်လည်း မမှားပါချေ။ တိတိန်ဂိုဏ်းချုပ်ကြီးက ပြုံးလိုက်
ည်။ သူ၏အပြုံးသည် အလွန်ကောက်ကျစ်စဉ်းလဲသော
အပြုံးဖြစ်၏။

"သက်ချွေလက် . . . မင်းကတွေဝေနေတာလား၊
ချုပ်တို့ဂိုဏ်း ရဲ့နံပါတ်ငါးစည်းကမ်းကို မေ့နေပြီလား . . .
င်းကို စည်းကမ်းအတိုင်း ငါပြောနေတာ"

ကျော့ကျင်းစု၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။
ူက ကမန်းကတန်းခေါင်းခါယမ်းလိုက်၏။

"ကျွန်. . . ကျွန်တော်မမေ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအေးစက်တင်းမာသေ
မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ပြောစမ်း. . . နံပါတ်ငါးစည်းကမ်းက ဘယ်လိုလဲ

ကော့ကျင်းစုက ထိတ်လန့်တုန်လှုပ်စွာဖြင့် ရေရွတ်လို
သည်။

"ဂိုဏ်းချုပ်၏အမိန့်ပေးခြင်းကို တွေဝေသူသည်သ
ဖောက်သူဟုယူဆရမည်"

သူက ရေရွတ်ရင်းကျောပြင်တစ်လျှောက်လုံး အေး
လာသည်။ အမှန်တွင် မိစ္ဆာဂိုဏ်း၌သစ္စာဖောက်ဟု စွဲခ
အထင်ခံသူသည် သေဆုံးရမည်သာဖြစ်သည် မဟုတ်ပါလေ
ထို့ကြောင့် သူ၏မျက်လုံးတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်လာ
ခြင်းဖြစ်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားစိုက်ကြည့်လို
သည်။

"သက်ချွေလက် မင်းက သစ္စာဖောက်လား"

သူ၏စကားသံမှာ အက်ကွဲပြီးကျယ်လောင်လှပေသ
ကော့ကျင်းစု၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တုန်တုန်ယင်ယင်ဖြစ်
လေသည်။ ကော့မင်ကွေ့က ညီဖြစ်သူအားကြည့်ကာ အံ့
လွန်းသဖြင့် ပါးစပ်ဟောင်းလောင်းဖြစ်သွားရလေသ
သူသည် လုံးဝ စကားမပြောနိုင်တော့ပေ။ အကြောင်းက
ညီဖြစ်သူသည် အလွန်သတ္တိကောင်းပြီး မည်သည့်အခ
ဆိုတည် ငြိမ်စွာဖြင့် ပြဿနာတစ်ခုကို ရှင်းလင်းနိုင်ခဲ့သူဖြစ်
သို့သော်. . .



ယခု ကော့ကျင်းစုသည် ဆောက်တည်ရာမရအောင်
ပင် ထိတ်လန့်တုန်လှုပ်နေပြီဖြစ်သည်။ ထို့ကြောင့် သူကအတန်
ကြာအောင် ပါးစပ်ဟောင်းလောင်းဖြင့်ကြည့်ကာ ငေးငိုင်နေမိ
လေသည်။ ထိုအချိန်၌ ကော့ကျင်းစုက မိစ္ဆာဂိုဏ်းချုပ်ကြီးအား
မော့ကြည့်ကာ တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်၏။

"မိစ္ဆာဂိုဏ်းချုပ်ကြီး ခင်ဗျာ ကျွန်တော်ကသစ္စာဖောက်
တစ်ယောက်မဟုတ်ပါဘူး . . . ဒါကြောင့် ကျွန်တော့်ကိုသေ
ဒဏ်မပေးပါနဲ့"

ကော့မင်ကွေ့၏ရင်တွင်း၌ ခံပြင်းလာမိလေသည်။ မိစ္ဆာ
ဂိုဏ်းချုပ်ကြီးသည် ဂိုဏ်းသားများအားပြင်းထန်သော စည်းကမ်း
ချက်များနှင့် ချုပ်ကိုင်အုပ်ချုပ်ထားကြောင်း နားလည်လိုက်သည်။

သူက ညီရင်းအစ်ကိုကိုပြန်သတ်နိုင်ရန် ကောက်ကျစ်
စဉ်းလဲစွာဖြင့် အကျပ်ကိုင်နေသော မိစ္ဆာဂိုဏ်းချုပ်ကြီးအားရွံ့ရှာ
မုန်းတီးစွာဖြင့် ကြည့်လိုက်၏။

"လူယုတ်မာ ခွေးမျိုး . . . ဝက်မျိုး"

သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီးအား တရစပ်ဆဲဆိုကြိမ်း
မောင်းလိုက်၏။ မည်သည့် အသေခံသွားရသူကမျှ ဤသို့
မဆဲရဲခဲ့ချေ။ ဆဲဆိုမည့်ကြံစဉ်၌ သေဆုံးသွားခဲ့ရသည့်သာ
ဖြစ်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ပြုံးလိုက်၏။ သူ၏အပြုံးမှာ
အလွန်ကြောက်စရာကောင်းသော အပြုံးမျိုးဖြစ်သည်။

"သက်ချွေလက် ဌာနစိတ်မှူး . . . ခင်ဗျားက
တွေဝေနေမယ်ဆိုရင် . . . ကျုပ်က ခင်ဗျားနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဝေခြင်းမရှိတဲ့ လူကိုအစားထိုးရမှာပဲ"

ကော့ကျင်းစု၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူ သည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏ လူစားထိုးမည်ဆိုသောစကားမှာ မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိအားအသက်ရှင်လျက် ထားတော့မည် မဟုတ်ကြောင်း သိရှိလိုက်၏။ ထိုသို့ဆိုပါလျှင်. . .

မိမိတို့ညီအစ်ကိုနှစ်ယောက်သည် ဤနေရာတွင် တစ်ပြိုင် နက်တည်းသေဆုံးရမည်သာဖြစ်လေသည်။ သူက ဤအဖြစ်မျိုးကို မလိုလားပါ။ သူတို့ညီအစ်ကိုနှစ်ယောက်အနက် တစ်စုံတစ်ယောက်က အသက်ရှင်၍ကျန်ခဲ့ပါလျှင် ကလဲစား ချေရန် အခွင့်အရေးရှိပြီး ဖြစ်သည်မဟုတ်ပါလော။ ထို့ကြောင့်. . .

သူကအံတင်းတင်းကြိတ်ကာ ခါးတွင်ချိတ်ဆွဲထားသော ဓားကိုဆွဲထုတ်လိုက်လေသည်။ ယင်းနောက် မျက်လုံးလှည့်ကာ ကော့မင်ကွေ့ထံသို့ လျှောက်သွားလေသည်။ ကော့မင်ကွေ့က သူ့ အားစိုက်ကြည့်နေလေသည်။ သူသည် ကော့ကျင်းစု တစ်နေ့ နေ့တစ်ချိန်ချိန်တွင် မိမိအတွက် မိစ္ဆာဂိုဏ်းချုပ်ကြီးအား က လဲ့စားချေလိမ့်မည်ဟု ယုံကြည်၏။

ထို့ပြင် မိမိသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏လက်ချက် ဖြင့် သေဆုံးရခြင်းထက်စာလျှင် ညီဖြစ်သူ၏လက်ချက်ဖြင့် သေဆုံးရသည်က ကောင်းသည်ဟုဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်. . .

သူက ရင်ကော့လိုက်လေသည်။



"ညီလေး. . . မင်းက အစ်ကိုကြီးကို သတ်မယ်ဆိုရင် အကောင်းဆုံးပါပဲ"

ကော့ကျင်းစု၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။ သူက ကော့မင်ကွေ့အားတောင်းပန် တိုးလျှိုးသောမျက် လုံးအစုံဖြင့် ကြည့်လိုက်လေသည်။ ကော့မင်ကွေ့ကလည်း သူ့အား စိုက်ကြည့်နေလေသည်။ သူတို့နှစ်ယောက်သည် စကားတစ်ခွန်း မှမပြောကြပါချေ။ သို့သော် . . .

သူတို့၏မျက်လုံးများကမူ တစ်ယောက်ရင်တွင်းမှ ဆန္ဒ တစ်ယောက်က ထိုးဖောက်သိမြင်နေကြသည်။ ကော့ကျင်းစု၏ မျက်လုံးအစုံမှ မျက်ရည်များရစ်ဝဲလာလေသည်။ သူသည် သိုင်းလောကတွင် လှည့်ပတ်ကျင်လည်ရင် အသက်တစ်ချောင်း ကို ပုရွက်ဆိတ်တစ်ကောင်ပမာ တန်းဖိုးမထားဘဲသတ်ဖြတ်ခဲ့ လေသည်။ သို့သော် . . .

ယခုသူသည် မိမိ၏အစ်ကိုရင်းကို သတ်ဖြတ်ရမည့် အခြေ အနေအဖြစ်ကို ကြုံတွေ့လိုက်သောအခါ အသည်းနှလုံး အား ကျာပွတ်ဖြင့်ရိုက်နှက်သကဲ့သို့ ခံစားလိုက်မိ၏။ သို့ရာတွင် သူသည်မိမိ၏ အစ်ကိုကို သတ်ဖြတ်ရုံမှ တစ်ခြားနည်းလမ်း မရှိခဲ့ပါချေ။ ထို့ကြောင့် သူက ဓားကိုရှေ့သို့ဆန့်ထုတ်လိုက်၏။ သူ၏ ဓားကိုင်ထားသော လက်အစုံကတဆတ်ဆတ် တုန်ယင် နေသည်။

သူက အံကိုတင်းတင်းကြိတ်ကာ တခြားလက်တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဓားကိုင်ထားသော လက်ကိုထိန်းချုပ်ထားလိုက်လေသည်။

ထို့နောက် . . .

ကော့မင်ကွေ့၏ရင်ဝသို့ ထိုးစိုက်ချလိုက်သည်။

သို့သော် . . .

သူ၏ဓားသည် ကော့မင်ကွေ့၏ရင်ဝနှင့် တစ်လက်မခန့် အလိုတွင် ရုတ်တရက်ရပ်တန့်သွားခဲ့လေသည်။ မည်သူသည် မိမိ၏အစ်ကိုရင်းကို သူတစ်ပါး၏ခိုင်းစေချက်ဖြင့် ဓားနှင့် ထိုးသတ်ရက်ပါမည်နည်း။

◘ ◘ ◘ ◘

ခန်းမတစ်ခုလုံး တိတ်ဆိတ်နေသည်။ ကော့မင်ကွေ့က သူ့အားရီဝေသောမျက်လုံးအစုံဖြင့် ကြည့်နေသည်။ သူသည် ညီဖြစ်သူအား အပြစ်မမြင်ပါ။ လူမဆန်သော ရက်စက်ကြမ်းကြုတ်လှသော တိတန် မိစ္ဆာဂိုဏ်းချုပ်ကြီးကိုသာ နာကြည်းမုန်းတီးနေမိ၏။ ဆုတ်ဖြဲချင် စိတ်ပေါက်နေမိသည်။ သူက ကော့ကျင်းစုအား တိုးတိုးပြောလိုက်သည်။

"ညီလေး . . . မင်း ငါ့ကိုသတ်လိုက်ပါ၊ ဒါမှ တစ်နေ့မှာ သူ့ကို မင်းက ကလဲ့စားချေနိုင်လိမ့်မယ်"

ကော့ကျင်းစု၏မျက်လုံးအစုံက မျက်ရည်များ ရစ်ဝဲလာ၏။ သူက ကော့မင်ကွေ့၏ရှေ့သို့တိုးကာ ဓားကိုရင်ဝသို့ထိုးရန် ဟန်ပြင်လိုက်သည်။ သို့သော် . . .



သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အားအင်များကုန်ခမ်းသွားသည့်အလား စိုးစိမ့်ပြင်ရွေ့လျားနိုင်ခြင်းမရှိပါ။

သူ၏ခြေထောက်များသည် ကြမ်းပြင်တွင် အမြစ်တွယ်နေသည့်အလား။ သူတို့ညီအစ်ကိုနှစ်ယောက်အား မျက်တောင်မခတ် စိုက်ကြည့်နေသော မိစ္ဆာဂိုဏ်းချုပ်ကြီးက မဲ့ပြုံးပြုံးလိုက်လေသည်။ သူက ရုတ်တရက် အတွင်းအားကိုယပ်တောင်ကိုင်ဆောင်ထားသော လက်ဖဝါးဆီသို့ ပို့လွှတ်လိုက်၏။ ထို့နောက် . . .

ယပ်တောင်ဖြင့် တစ်ချက်ခတ်လိုက်သည်။

"ဝုန်း"

သူ၏ယပ်တောင်မှ ကြီးမားသောအတွင်းအားလှိုင်းတစ်ခုက ပြေးထွက်လာကာ ကော့ကျင်းစု၏ ကျောပြင်အားရိုက်ထုတ်လိုက်သည်။ ကော့ကျင်းစု၏ခန္ဓာကိုယ်က ရှေ့သို့ငိုက်ကျသွားလေသည်။ ထိုအခါ သူ၏လက်ထဲမှဓားက ကော့မင်ကွေ့၏ရင်ဝသို့ ထိုးစိုက်ဝင်ရောက်သွားလေသည်။

"အား"

ကော့မင်ကွေ့က မိမိ၏ရင်ဝကိုလက်နှစ်ဖက်ဖြင့်ပိတ်ကာ ကော့ကျင်းစုအားအံ့ဩစွာဖြင့် မျက်လုံးပြူး၍ကြည့်လိုက်လေသည်။

သူသည် အသက်ထွက်သွားသည့်တိုင်အောင် ကော့ကျင်းစုကား မိမိအားသတ်လိမ့်မည်ဟု မယုံကြည်နိုင်အောင်ဖြစ်သွားရလေသည်။ ကော့ကျင်းစုကမျက်လုံးပြူး၍ သူ့အား

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြည့်နေ၏။ သူသည် မိမိအစ်ကိုအား မသတ်ရက်ပါ၊ မသတ်ခဲ့ပါ။

သို့သော်. . .

အလွန်ကြီးမားသောအတွင်းအားတစ်ခု၏ ရိုက်ခတ်မှုကြောင့် အစ်ကိုဖြစ်သူအားဓားဖြင့်ထိုးခဲ့မိပြီဖြစ်လေသည်။ ဤအဖြစ်အပျက်သည် သူ့အားရူးသွပ်မတတ်သွေးပျက် သွားစေ၏။ ထိုသို့ရာတွင် သူက ဓားကိုဆွဲထုတ်ကာ ဓားအိမ်ထဲသို့ ပြန်ထည့်၍ ဟန်မပျက်စေရန် ကြိုးစားထိန်းချုပ်ထားလိုက်ရ သည်။

အကယ်၍ သူက ရုပ်ပျက်ဆင်းပျက်ကြေကွဲလိုက်ပါလျှင် မိမိသည်လည်း လျှပ်တစ်ပြက်အတွင်း ကော့မင်ကွေ့နောက်သို့ လိုက်ပါသွားရမည်ကို သဘောပေါက်နားလည်ထားသည်။

သူသည် သေဆုံးရမည်ကို မကြောက်ပါချေ။ သို့သော် သူသည် အစ်ကိုဖြစ်သူအတွက် ကလဲ့စားချေရန်တာဝန်ရှိနေသေး သည်မဟုတ်ပါလော။ ထို့ကြောင့် သူက အံကိုတင်းတင်းကြိတ်ကာ ကျလုဆဲဆဲမျက်ရည်ကို ထိန်းချုပ်လိုက်ပြီး မိစ္ဆာဂိုဏ်းချုပ်ကြီးရှေ့သို့ လျှောက်သွားကာ ဒူးထောက်၍ဂါရဝပြုလိုက်လေသည်။

"မိစ္ဆာဂိုဏ်းချုပ်ကြီးခင်ဗျား . . . ကျွန်တော်ရဲ့တာဝန်ကို ကျေပွန်ခဲ့ပါပြီ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအေးစက်တင်းမာသောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ သူသည် မိမိကြောင့် ကော့ကျင်းစုကကော့မင်ကွေ့အား ဓားဖြင့်ထိုးသတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း နားလည်ထား၏။ သို့သော်. . .

သူကရုတ်တရက် အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား. . . မင်းဟာ သူရဲကောင်းတစ်ယောက်ပဲ . . . ဒါကြောင့် မင်းကို ကျုပ်ကဂုဏ်ပြုရဦးမယ်"

သူကပြောပြီး လက်ခုပ်တီးလိုက်၏။ ကျန်လူများကလည်း လက်ခုပ်တီးလိုက်ကြလေသည်။ ခန်းမကြီးတစ်ခုလုံးတွင် လက်ခုပ်တီးသံများဖြင့် ပွဲတင်ထပ်သွားလေသည်။ ကော့ကျင်းစု၏ရင်ထဲတွင် နာကျင်နေမိသည်။ သို့သော် သူကပြုံးနေ၏။ ယင်းအချိန်. . .

အစောင့်တစ်ယောက်က ပြေးဝင်လာကာ ဒူးထောက်လိုက်၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျား . . . တီတန်နံပါတ်တစ်က ပြန်လည်ရောက်ရှိလာပါပြီ"

မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။ သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"သူ့ကို ဝင်ခွင့်ပြုလိုက်ပါ"

အစောင့်က ဦးညွှတ်ကာပြန်လည်ထွက်ခွာသွား၏။ တစ်ခဏအကြာ. . .

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး အနက်ရောင်ဦးခေါင်းစွပ်ထားသော လူတစ်ယောက်ကခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လာသည်။ သူ၏လက်ထဲတွင် အနီရောင်စာအိတ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်လုံးကို ပါရှိလာ၏။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီး၏ရှေ့တွင် ဒူးထောက် ဂါရဝပြုလိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ . . . တိုင်ပင်ကျွန်းဘုရင်က စာလွှာပါးလိုက်ပါတယ်"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်လိုက်သည်။ သူက တိတန်နံပါတ်တစ်အား စေ့စေ့ကြည့်ကာ. . .

"ဖတ်စမ်း"

တိတန် နံပါတ်တစ်က စာအိတ်ကိုဖွင့်ကာ စာရွက်ကိုဖွင့်၍အသံထွက်ကာ ဖတ်ပြလိုက်ရလေသည်။

**တိတန်ဂိုဏ်းချုပ်ကြီး. . .**

*အသင်ရဲ့အကူအညီတောင်းခံမှုကို ကျွန်ုပ်က လက်ခံပါသည်။ မကြာခင် တရုတ်ဘုရင်မင်းမြတ် ကျဆုံးပြီးအသင်က ဘုရင်မင်းမြတ်ဖြစ်စေရမည်။*

**တိုင်ပင်ကျွန်းဘုရင်**

သူ၏အသံဆုံးသွားသောအခါ. . .

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက စူးရှကျယ်လောင်သော အသံဖြင့် အားပါးတရရယ်မောလိုက်လေသည်။

"ဟား. . . ဟာ . . . ဟား ဝေဘုရင် မကြာခင်နင့်ရဲ့ ခေါင်းကို ကျုပ်ကိုယ်တိုင်ဖြတ်ပြမယ်ဟေ့ . . . ဟား. . . ဟား. . . ဟား"

ကျန်မိစ္ဆာဂိုဏ်းသားများကလည်း ရယ်မောလိုက်ကြ၏။ သူတို့သည် မိမိတို့၏ဂိုဏ်းချုပ်ကြီးသာ ဘုရင်မင်းမြတ်



ဖြစ်ခဲ့ပါလျှင် မိမိတို့မှာ သူကောင်းပြုခံရမည် မဟုတ်ပါလော။

ကောဇကျင်းစုကလည်း ရယ်မောနေ၏။ သို့သော်. . .

သူ၏ရင်ထဲမှာမူ မိစ္ဆာဂိုဏ်းချုပ်ကြီးက သိုင်းလောက တစ်ခုလုံးကိုသာမဟုတ်ဘဲ ဘုရင်မင်းမြတ်ကိုပင် တော်လှန်ပုန်ကန်တော့မည်ကို တွေးမိကာပို၍ ရွံ့မုန်းနေမိလေသည်။ သို့သော်. . . သူ ဒေါသကို သူ့ရင်ထဲမှာပင်ထားရချေဦးမည်။ ထိုအချိန်၌. . .

တိတန်နံပါတ်တစ်က စက္ကူအိတ်ထဲမှ နောက်ထပ်စာ တစ်စောင်ကို ထုတ်ယူလိုက်ပြန်သည်။ သူက ထိုစာရွက်အား ကြည့်ကာ မျက်လုံးအစုံကဝင်းလက်တောက်ပသွား၏။

သူသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးထံ လျှောက်သွားကာ ထိုစာရွက်အားရိုသေစွာ တမ်းပေးလိုက်သည်။

"ဒီစာထဲမှာတော့ လက်နက်ခဲယမ်း မီးကျောက်တွေကို ပေးမယ်ရက်နဲ့ သယ်ဆောင်လာမယ့်လမ်းခရီးကြောင်းကို မြေပုံဆွဲပြထားပါတယ်"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ထိုစာရွက်ကိုလှမ်းယူကြည့်လိုက်လေသည်။ ထို့နောက် သူက အားပါးတရရယ်မောလိုက်၏။ ထို့နောက် သူသည် အရယ်ရပ်သွား၏။ တစ်ခန်းလုံးရှိသူများလည်း အရယ်ရပ်သွား၏။ သူကမဲ့ပြုံးပြုံးလိုက်ရင်း. . .

"တွေ့ကြသေးတာပေါ့ ဝေဘုရင်ရယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက နိုင်ငံကိုသိမ်းပိုက်ကာအာဏာသုံရန် ကိစ္စအတွက် နာကြည်းချက်များတစ်စုံတစ်ရာရှိနေ သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု နားလည်လိုက်လေသည်။ ထိုနာကြည်းချက်ကိုတော့ သူမ သိပါချေ။

သူက သက်ပြင်းတစ်ချက်ချလိုက်မိ၏။ အကယ်၍သာ ဤ မှုရက်စက်ကြမ်းကြုတ်သော မိစ္ဆာဂိုဏ်းချုပ်ကြီး၏လက်ထဲသို့ နိုင်ငံတော်ကျရောက်သွားပါလျှင် မိမိတို့တရုတ်ပြည်ကြီး တစ်ခု လုံး ပျက်စီးသွားလိမ့်မည်ဟု နားလည်လိုက်မိသည်။ တစ်ပြည် လုံး သွေးစိမ်းရှင်ရှင်ဖုံးလွှမ်းသွားပေလိမ့်မည်။ ထို့ကြောင့် သူသည် ဤကိစ္စကို မိမိကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ဖျက်စီးမည်ဟုဆုံးဖြတ်လိုက်၏။ ထိုအချိန်မှာပင်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးက နံပါတ်တစ်တိတန်အား လှမ်း ကြည့်လိုက်သည်။

"နံပါတ်တစ် ရွှေနဂါးဂိုဏ်းက သခင်မလေးယိုအော့လျှံ ရဲ့သတင်းကိုရပြီ"

တိတန်နံပါတ်တစ်၏ မျက်ဝန်းအစုံက ဝင်းလက် တောက်ပသွား၏။ သူက ဦးခေါင်းပေါ်မှ အဝတ်နက်ကိုဆွဲဖယ် ကာ မေးလိုက်သည်။

"ဟင်. . . ဟုတ်လား . . . ဘယ်မှာလဲ"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက တစ်ခွန်းချင်းပြောလိုက် သည်။

" ကျောက်ဖြူတောင်မှာ"

နံပါတ်တစ်သည် မဲ့ပြုံးပြုံးလိုက်သည်။ သူ၏မျက်လုံးအစုံ တွင်ကြမ်းကြုတ်သော ဟန်မူရာများပေါ်လွင်လာသည်။



"အဟင်း. . . ဟင်း. . . တစ်ချိန်တုန်းက ကျုပ်ကို မျက် ခြည်ပြတ်သွားခဲ့တဲ့ မိန်းကလေး. . . ဒီတစ်ခါတော့ ကျုပ်နဲ့ ထပ်ပြီး ရင်ဆိုင်ကြသေးတာပေါ့" ဟုကြိမ်းဝါးလိုက်၏။

မိစ္ဆာဂိုဏ်းချုပ်ကြီးက ကြယ်တံခွန်ဓားသမားအား ကြည့် လိုက်၏။

"ကြယ်တံခွန်ဓားသမား. . . ခင်ဗျားလဲ တိတန်နံပါတ် တစ်နဲ့အတူ လိုက်သွားပါ။ သူတို့အားလုံးကို အသေရရအရှင်ရရ လိုချင်တယ်"

တိတန်နံပါတ်တစ်နှင့်ကြယ်တံခွန်ဓားသမားတို့က ပြိုင်တူ ဦးညွှတ်လိုက်ကြသည်။

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ဒီတစ်ကြိမ် တစ်ယောက်မှမ လွတ်စေရပါဘူး . . . အသက်ရှင်လျက်မရတောင်မှ အသေတော့ရစေရပါမယ်"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်နှာပေါ်တွင် ရုတ်တ ရက် ထူးခြားသော ဟန်မူရာများ တစ်ချက်ပေါ်လွင်လာ လေသည်။ သူသည် ရုတ်တရက်တစ်စုံတစ်ရာကို သတိရသဖြင့် လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး. . .

"တစ်ခုတော့ သတိထားပါ။ သူတို့ထဲက ကိုးနဂါးသခင် လေးရဲ့ အသက်ကိုတော့ မထိခိုက်ပါစေနဲ့ ကျုပ်က သူ့ကို အရှင် လိုချင်တယ်"

သူ၏စကားကြောင့် အားလုံးသောလူများ၏ မျက်နှာ ပေါ်တွင်အံ့ဩသည့် ဟန်မူရာများပေါ်လွင်လာသည်။ အဘယ့်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆိုသော်. . .

တိတန်မိစ္ဆာဂိုဏ်းချုပ်သည် ဂိုဏ်းအဖွဲ့အစည်းပေါင်းများစွာကို ဖြိုခွင်းရာတွင်လူတစ်ဦးတစ်ယောက်မျှ အသက်ရှင်ချမ်းသာခွင့်မပေးခဲ့ပါ။ သူသည် ရက်စက်ကြမ်းကြုတ် ၍လူသတ်ရာတွင် လျှပ်စီးလက်သည့်အလား လျင်မြန်လှပေသည်။ ထို့ကြောင့်လည်း သူ၏ နာမည်သည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြား ခဲ့သည်။ ယခုအဘယ့်ကြောင့် သူက နဂါးကိုးသခင်လေးအား အသက်ရှင်လျက် ရယူချင်ပါသနည်း။ အားလုံးသောလူများက စဉ်း စား၍ မရခဲ့ကြပါချေ။ မိစ္ဆာဂိုဏ်းချုပ်ကြီးက သူတို့၏ရင်ထဲမှဆန္ဒကို ထိုးဖောက်တွေ့မြင်နေသည့်အလား အေးတိအေးစက်ဖြင့်ရယ် မောလိုက်သည်။

"အဟင်း. . . ဟင်း. . . ကျုပ်က ကိုးနဂါးသခင်လေးကို ဘာဖြစ်လို့ အရှင်လိုချင်သလဲလို့ ခင်ဗျားတို့ကတွေးနေကြတယ် မဟုတ်လား"

အားလုံးသောလူများက အလိုအလျောက်ခေါင်းညိတ်လိုက်မိကြလေသည်။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ကာ. . .

"သူ့ရဲ့သိုင်းပညာကို ကျုပ်တစ်ကြိမ်တွေ့မြင်ဖူးတယ်၊ သူ့ရဲ့ သိုင်းပညာက ထူးဆန်းပြီးအဆင့်မြင့်တယ်၊ ဒါကြောင့် ကျုပ်က အရှင်လိုချင်တယ်၊ သူလိုလူတစ်ယောက်သာ ကျုပ်တို့ဂိုဏ်းထဲ ထပ်ရောက်လာခဲ့မယ်ဆိုရင် ဘာကိုမှကျုပ်တို့



ဂရုစိုက်စရာမလိုတော့ဘူး"

အားလုံးသော လူများကငြိမ်သက်နေကြသည်။ သူတို့သည် အနည်းငယ်မျှပင် စောဒကမတက်ဝံ့ပါချေ။ ထို့ကြောင့် ရေငုံနှုတ်ပိတ်နေကြသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏ စူးရှအက်ကွဲသောအသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ကဲ. . . ခင်ဗျားတို့အားလုံး ပင်ပန်းနေကြတယ်ဆိုတာ ကျုပ်သိပါတယ် . . . ဒါပေမယ့် ခင်ဗျားတို့အခုချက်ချင်း ကျောက်ဖြူတောင်ကို ခရီးထွက်ဖို့ပြင်ကြပါ၊ လူအင်အား နှစ်ဆယ်နဲ့ လမ်းခရီးမှာစားသောက်ဖို့ စားနပ်ရိက္ခာနဲ့ငွေကြေး အပြည့်အစုံသယ်ယူသွားကြပါ"

တိတန်နံပါတ်တစ်နှင့်ကြယ်တံခွန်ဓားသမားတို့က ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။ ထို့နောက်. . .

ခန်းမထဲမှ ပြေးလွှားထွက်ခွာသွားကြ၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ထိုင်ရာမှထကာယပ်တောင်ကို လက်တစ်ဖက်က တဖျပ်ဖျပ်ခတ်ရင်း ကျန်လက်တစ်ဖက်က တိုင်ပင်ကျွန်းသားဘုရင်ထံမှ ပေးပို့သောစာရွက်စာတမ်းများကို ကိုင်ကာမိမိ၏အခန်းထဲသို့ ပြန်လည် ဝင်ရောက်သွားလေသည်။ ကျန်လူများကလည်း ခန်းမထဲမှအသီး သီးပြန်လည်ထွက်ခွာသွားကြလေတော့သည်။

ခန်းမထဲတွင် လူနှစ်ယောက်သာကျန်ရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးနေသော ကော့မင်ကွေ့နှင့်ကျောက်ရုပ်ပမာငူငူကြီး ရပ်နေသော ကော့ကျင်းစုပင် ဖြစ်သည်။ ကော့ကျင်းစုသည် ကော့မင်ကွေ့၏ သက်မဲ့ရုပ်အလောင်းအား စိုက်ကြည့်နေသည်။

ယင်းအချိန် အဘိုးအိုတစ်ယောက်က ခန်းမထဲသို့ ဝင် ရောက်လာ၏။ သူ့နောက်တွင် ခေါင်းထမ်းထားသော လူနှစ် ယောက်ပါရှိလာကြပြီး ကော့ကျင်းစုအနီးသို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်သွား၏။ အဘိုးအိုက ကော့ကျင်းစုအား လုံး မကြည့်ပါ။ သူက နောက်မှလိုက် လာသူ နှစ်ယောက်အားလှမ်း ကြည့်ကာ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။ ခေါင်းထမ်းထား သော လူနှစ်ယောက်က သေဆုံးနေသော ကော့မင်ကွေ့၏ ခန္ဓာကိုယ်အား ခေါင်းထဲသို့ ထည့်လိုက်ကြ၏။ ကော့ကျင်းစု၏ ရင်ထဲတွင် ပြင်းပြင်းထန်ထန် ခံစားနေရလေသည်။ အစ်ကို အရင်းခေါက်ခေါက်သည် သူ့လက် ချက်ဖြင့် သေဆုံးသွားရသည် မဟုတ်ပါလား။

သူက ကော့မင်ကွေ့၏သက်မဲ့မျက်နှာအား နောက်ဆုံး အနေဖြင့် ကြည့်လိုက်သည်။ ကော့ကျင်းစု၏အသည်းနှလုံးထဲ နာကျင်လာသည်။ သူက ဦးညွှတ်လိုက်သည်။

"အစ်ကိုကြီး. . . အစ်ကိုကြီးအတွက် မိစ္ဆာ ဂိုဏ်းချုပ် ကြီးကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော်က ကလဲ့စား ချေပေးပါ့မယ်"

သူသည် ယင်းစကားများကို ပါးစပ်မှဖွင့်ပြောနေခြင်း ဟုတ်ပါ။ သူ၏အသည်းနှလုံးထဲမှ တီးတိုးပြောလိုက်ခြင်းဖြ



သည်။

ထိုအချိန်မှာပင်. . .

လူနှစ်ယောက်က ခေါင်းကိုသံဖြင့်အသေရိုက်နှက်လိုက် ကြ၏။ ယင်းနောက်. . .

ပခုံးပေါ်တွင်ထမ်းကာ ပြန်လည်ထွက်ခွာသွားတော့ သည်။ အဘိုးအိုကလည်း သူတို့နှင့်အတူလိုက်ပါသွား၏။ ကော့ကျင်းစု မနေနိုင်ပါချေ။ သူသည် ထိုလူများနောက်သို့ လိုက်ပါခဲ့လေတော့သည်။

▣ ▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၉

## သမားတော်ကြီး ဝမ်းအိလုံ

နေဝန်းနီသည် အရှေ့ဘက်မှထွက်ပေါ်လာပြီ ဖြစ်၏

တစ်နေ့တာ ကုန်ဆုံးသွားပြီးညအချိန်သို့ရောက်ရှိလ
သောအခါ ကောင်းကျူတို့လူစုသည် ရွှက်ကြွေသိုင်းသမား
လမ်းပြခေါ်ဆောင်မှုကြောင့် တောအုပ်တစ်ခုဆီသို့ ရောက်
လာကြသည်။ ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ထုက လွှမ်းမိုးထာ
သဖြင့် ခရီးဆက်ရန်မလွယ်တော့ချေ။ ထို့ကြောင့် သူတို့သည
ဤနေရာမှာပင် တစ်ညတာတည်းခိုရန် ဆုံးဖြတ်လိုက်၏။

ရွှက်ကြွေသိုင်းသမား တိလျှံ၊ ဝူးလုံနှင့်ဟိုဖေ့တို့သည
မီးဖိုတစ်ခုကို ချက်ချင်းဖိုလိုက်သည်။ ယင်းနောက် မြင်းလှည
ပေါ်တွင်ပါရှိလာသော သားရေလိပ်များကိုယူကာ မြေပြင်ပေ
၌ယာယီတဲများဆောက်လိုက်၏။ ကောင်းကျူကမူ ရထားလ
ပေါ်သို့လှမ်းဝင် ခဲ့လေသည်။ ရထားလုံး၏ မျက်နှာကြက်တ
ပေါ်တွင် ချိတ်ဆွဲထားသော ဖန်မီးအိမ်မှမီးရောင်ကြော



ရထားလုံးထဲတွင် နွေးနွေးထွေးထွေးဖြင့် အလင်းရောင်လုံ
လောက်စွာ ရှိနေ၏။

ယို့အင်းပွေသည် ကောင်းကျူဝင်ရောက်လာသည်ကို
တွေ့မြင်လိုက်သည်နှင့် မျက်ဝန်းအစုံမှမျက်ရည်များစီးကျလာ
သည်။ သူမသည် ထုဟန်အားညွှန်ပြလိုက်၏။ ကောင်းကျူက
ထုဟန်အား လှမ်းကြည့်လိုက်သည်။ ထုဟန်၏ မျက်နှာတစ်ခုလုံး
မှာ သွေးရောင်ပင်မရှိတော့ပါချေ။ နှုတ်ခမ်းအစုံမှာလည်း ဖြူ
ဖွေးနေ၏။

ထို့ပြင် သူ၏ရင်ဝမှသွေးများသည် အဆက်မပြတ်ယိုစီး
ကျနေသည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အားအင်ချည့်နဲ့
နေသည်။ သူက မျက်လုံးကိုမှေးစင်းကာ အသက်ကိုပင် ပင်ပန်း
ကြီးစွာရှူရှိုက်နေ၏။ ရွှက်ကြွေသိုင်းသမားသည် မီးပုံရှေ့တွင်
ထိုင်ကာ သစ်ကိုင်းခြောက်များကို အဆက်မပြတ် ထိုးသွင်းနေ
၏။ ဟိုဖေ့၊ ဝူးလုံ၊ နှင့်တိလျှံတို့သည် မီးရောင်ဖြင့် တွေ့မြင်နေ
သော သစ်ကိုင်းခြောက်ကြီးများကို အနီးပတ်ဝန်းကျင်တွင်
ကောက်၍ ရွှက်ကြွေသိုင်းသမား၏နံဘေးတွင် စုပုံထားပေး
နေကြသည်။

ထိုအချိန်၌ . . .

ကောင်းလျှူက သူတို့အနီးသို့ရောက်ရှိလာလေသည်။
သူ၏မျက်နှာတစ်ခုလုံးမှာ ညှိုးနွမ်းနေသည်။ သူက ရွှက်ကြွေသိုင်း
သမားအား ကြည့်လိုက်၏။

"ဘဘ . . . ကျွန်တော်တို့က အခု ဘယ်နေရာရောက်

www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ"

ရွက်ကြွေသိုင်းသမားက ဝန်းကျင်အားမျက်လုံးဝေ့ကြည့်လိုက်သည်။ သူက ခေါင်းတစ်ချက်ခါယမ်းကာ. . .

"အင်း. . . ညကမှောင်နေတော့ သိပ်ပြီးခန့်မှန်းလို့မရဘူး ဖြစ်နေတယ် . . . ဒါနဲ့ ဘာဖြစ်လို့မေးတာလဲ"

ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူက မြင်းရထားလုံးဆီသို့ တစ်ချက်ကြည့်ကာခေါင်းတစ်ချက် ခါယမ်းလိုက်၏။

"ထုဟန်ရဲ့အခြေအနေက သိပ်မဟန်ဘူး၊ သူ့ကိုအမြန်ဆုံး သမားတော်တစ်ယောက်ယောက်နဲ့ ကုသပေးမှဖြစ်မယ်"

ရွက်ကြွေသိုင်းသမားက အခက်တွေ့သွားရသည်။ သူက စိတ်မကောင်းဟန်ဖြင့် ပြောလိုက်၏။

"အင်း. . . ကျုပ်အထင်ပြောရရင် နောက်တစ်နေ့ညလောက်ကျမှ တံငါရွာကလေးကိုရောက်လိမ့်မယ် . . . အဲဒီမှာတော့ သမားတော်ကြီးဝမ်းအိလုံဆိုတာရှိတယ်၊ သူနဲ့တွေ့တဲ့ဝေဒနာရှင်မှန်သမျှ အားလုံးလိုလို ပျောက်ကင်းကြပါတယ်၊ အဲဒီအချိန်အထိတော့ စောင့်မှဖြစ်မယ်"

ကောင်းကျူက မျက်မှောက်ကြုတ်လိုက်၏။

"ဒီထက် မြန်မြန်ရောက်နိုင်မယ့်လမ်း မရှိတော့ဘူးလား"

ရွက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ရှိတယ် . . . ဒါပေမယ့် အဲဒီလမ်းကသွားရင်



တိတန်မိစ္ဆာဂိုဏ်းက လူတွေကိုထိပ်တိုက်ရင်ဆိုင်ရမှာ သေချာတယ် . . . ဒါကြောင့် ကျုပ်တို့က တောတောင်တွေကိုဖြတ်ပြီးသွားနေတာပါ"

ကောင်းကျူ စိတ်ပျက်သွားမိသည်။ သူသည် ထုဟန်အား တံငါရွာကလေးသို့ အမြန်ဆုံးရောက်ရှိစေချင်သော်လည်း တိတန်မိစ္ဆာဂိုဏ်းနှင့် ရင်ဆိုင်ရန်ဆန္ဒမရှိချေ။ အဘယ့်ကြောင့်ဆိုသော်. .

ထုဟန်၏အခြေအနေသည် ရန်သူနှင့်ကြုံဆုံရပါလျှင်မည် သို့မျှခုခံနိုင်မည်မဟုတ်ကြောင်း သိရှိထားသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် သူက ထုဟန်အားအတတ်နိုင်ဆုံးမှုစုကာ ယနေ့ည စောင့်ရှောက်ရန်သာ ဆုံးဖြတ်ရတော့သည်။ ရွက်ကြွေသိုင်းသမားက ကောင်းကျူအား တစ်ချက်အကဲခတ်ကြည့်၍ စကားဆက်လိုက်သည်။

"သခင်လေးကောင်း . . . သူ့အတွက်သိပ်စိုးရိမ်ရရင် ကျုပ်က အခုချက်ချင်း တံငါရွာကလေးကိုသွားပြီး သမားတော်ဝမ်းအိလုံကို သွားပင့်မယ်လေ"

ကောင်းကျူက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"မဖြစ်ဘူး အဘ . . . အခုလိုအချိန်မျိုးမှာ အဘတစ်ယောက်တည်း ခရီးမထွက်သင့်ဘူး . . . ဘာပဲဖြစ်ဖြစ် နောက်ကျမှကျွန်တော် တို့ခရီးဆက်ကြမယ် . . . ဒီတစ်ညတော့ ထုဟန်ရဲ့ကံကြမ္မာကို ဘုရားဆီမှာပဲ အပ်နှံရတော့မှာပဲ"

သူ၏စကားကြောင့် အားလုံးသောလူများက စိတ်မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်သွားကြသည်။ ရွက်ကြွေသိုင်းသမားက ရုတ်တရက် ထရပ်ကာ မြင်းရထားလုံးဆီသို့ လျှောက်သွားပြီး အထဲသို့ ခေါင်းပြူ၍ ကြည့်လိုက်လေသည်။ ထိုအခါ. . .

ထုဟန်က ဝေဒနာဖြင့်လဲလျောင်းနေခြင်းကို တွေ့မြင်လိုက်ရ၏။ သူသည် ထုဟန်၏အခြေအနေကိုကြည့်ကာ ချင်ထဲ၌ မွန်းကျပ်လာမိလေသည်။ သူက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။ သူ့ဆုံးဖြတ်ချက်မှာ သမားတော်ကြီးအား ရွက်ကြွေသိုင်းသမားကြီး သွားရောက်ပင့်ဆောင်ခြင်းထက် သူပင့်ခေါ်ခြင်းကကောင်းသည် ဆိုသည်ကိုတည်း။

ရွက်ကြွေသိုင်းသမားက ကောင်းကျူထံသို့ လျှောက်သွားလေသည်။ သူက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး. . .

"ကိုးသခင်လေး ကျုပ်တံငါရွာကလေးဆီကို သွားခွင့်ပြုပါ"

ကောင်းကျူက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူး . . . ဒီအချိန်မျိုးမှာ သွားတာဟာ အင်မတန်အန္တရာယ် ကြီးမားပါတယ် . . . ဒါကြောင့် မသွားပါနဲ့ဗျာ"

ရွက်ကြွေသိုင်းသမားက သူ့အားစိုက်ကြည့်လိုက်သည်။

"သူ့ကို ဒီအတိုင်းပဲ ထားမှာလား"

ကောင်းကျူက မချိုပြုံးပြုံးလိုက်သည်။ သူက မီးဖိုထဲသို့ ထင်းတစ်ချောင်းထည့်ကာ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်



လေသည်။

"အဘ. . . အဘသွားရင် ဘယ်အချိန်ပြန်ရောက်မှာလဲ"

ရွက်ကြွေသိုင်းသမားက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ်အထင် မနက်ဖြန် မနက်ပိုင်းလောက် ပြန်ရောက်မှာပေါ့"

ကောင်းကျူက သက်ပြင်းဟာစ်ချက်ချလိုက်လေသည်။

"အင်း. . . ကျွန်တော်တို့သွားရင် ဟိုကိုညနေလောက်ရောက်မှာပဲ"

ရွက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကောင်းကျူက မချိုပြုံးပြုံးလိုက်သည်။

"အဘရယ်. . . တစ်နေ့တာ အချိန်နဲ့တော့ ဘာမှမထူးပါဘူး . . . ကျွန်တော်တို့က သူ့ကိုဂရုစိုက်ပြီး ကြိုးစားကုပေးထားမယ် . . . မနက်မိုးလင်းတာနဲ့ တံငါရွာကို ရောက်အောင်သွားကြမယ်"

ရွက်ကြွေသိုင်းသမားက စကားမပြောတော့ပါ။

မိုးစင်စင်လင်းတော့မည် ဖြစ်သည်။ ကောင်းကျူတို့လူစုသည် တောအုပ်ကလေးထဲမှ ခရီးထွက်ရန်ပြင်ဆင်နေကြသည်။

ထုဟန်သည် ရထားလုံးထဲတွင်အိပ်ပျော်နေပြီဖြစ်သည်။

သူက ကောင်းကျူ၏ဒါတွင်းအားကုသမှုကြောင့်

www.burmeseclassic.com



အတော်အတန်ပင် နေသာထိုင်သာရှိနေသော်လည်း ရရှိထားသည့်ဓားဒဏ်ရာမှသွေးများ ယိုစီးကျနေသဖြင့် ကောင်းကျူက သူ၏အိပ်မောကျနေသော သွေးကြောနှင့်သွေးယိုစီးမှု မရှိစေရန် သွေးကြောပိတ်ထားခဲ့သဖြင့် ယခုကဲ့သို့အိပ်ပျော်နေခြင်းဖြစ်သည်။

ကောင်းကျူက ရွက်ကြွေသိုင်းသမားအား ကြည့်လိုက်သည်။

"အဘ. . . ကျုပ်တို့က တံငါရွာကလေးဆီကိုအမြန်ရောက်မှ ဖြစ်မယ်နော်"

ရွက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တဲ့. . . ကျုပ် သဘောပေါက်ပါတယ်သခင်လေး"

ကောင်းကျူက သူ့အားကြည့်လိုက်၏။

"ကဲ. . . ဒါဆိုရင် အမြန်ဆုံးသွားကြမယ်၊ အားလုံးသတိထားဖို့က အရာရာကိုသတိကြီးကြီးထားပါ"

ဟုပြောပြီး မြင်းရထားပေါ်သို့ တက်လိုက်သည်။ ကျန်လူများကလည်း မြင်းပေါ်သို့အသီးသီးခုန်တက်လိုက်ကြလေသည်။ ထိုအချိန်. . .

ရုတ်တရက် မြင်းခွာသံများကြားလိုက်ရ၏။ ကောင်းကျူ၊ တီလျံ၊ ဟိုဖေ့၊ ယို့အင်းပွေ၊ ဝူးလုံနှင့် ရွက်ကြွေသိုင်းသမားတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေသည်။

ယို့အင်းပွေက အသံတိုးတိုးဖြင့်. . .



"တိတိန်မိစ္ဆာဂိုဏ်းက လူတွေများလားမသိဘူး"

"သခင်လေး အခုလိုအချိန်မျိုးမှာ ကျုပ်တို့ကဘယ်သူနဲ့မှ ထိပ်တိုက်ရင်ဆိုင်ဖို့ မဖြစ်သေးဘူး . . . ဒါကြောင့် ကျုပ်တို့ ခေတ္တရှောင်တိမ်းနေရအောင်"

ကောင်းကျူ စဉ်းစားလိုက်သည်။ သူသည် ထုဟန်အတွက် စိုးရိမ်ရသည့် အခြေအနေတွင် မည်သူနှင့်မျှရင်မဆိုင်လိုချေ။ အကယ်၍ မိစ္ဆာဂိုဏ်းကသိရှိသွားမည် မဟုတ်ပါလော။ ထို့ကြောင့် သူက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ ကျုပ်တို့က ခဏရှောင်နေကြမယ်"

သူတ လက်တစ်ချက်ဝှေ့ယမ်းကာ သစ်ပင်များ၏နောက်ကွယ်သို့ ရထားလုံးကိုဆွဲယူသွားလေသည်။ ကျန်လူများကလည်း သစ်ပင်နောက်သို့အသီးသီး ပုန်းနေကြ၏။ မကြာမီ သူတို့အားလုံးသည် သစ်ပင်များအကြားတွင် ဝင်ရောက်ပျောက်ကွယ်သွားကြတော့သည်။ ထိုအခိုက်မှာပင်. . .

မြင်းနှစ်ကောင် ပြေးလွှားလာနေခြင်းကိုတွေ့မြင်လိုက်ရလေတော့သည်။

◙ ◙ ◙ ◙

ပြေးလွှားလာနေသောမြင်းနှစ်ကောင်သည် မီးပုံရှေ့တွင် တုံ့ခနဲရပ်တန့်လိုက်ကြလေသည်။ ယခု ကောင်းကျူတို့လူစုက ထိုလူများအားကောင်းစွာမြင်တွေ့ကြသည်။ ဖျင်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



အကျီဝတ်ဆင်ထားသော လူတစ်ယောက်နှင့် အကျီဖြူရှည် ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်သည်။ ဖျင်ကြမ်းအကျီ ဝတ်ဆင်ထားသောလူသည် ခန္ဓာကိုယ်ထွားကျိုင်းကာ အသက် လေးဆယ်ကျော်ခန့် ရှိပြီဖြစ်၏။ အကျီဖြူရှည် ဝတ်ဆင်ထား သောလူကမူ အသက်ငါးဆယ် ကျော်ခန့်ရှိပြီဖြစ်ပြီး မျက် နှာပေါ် တွင် ကရုဏာတရားပြည့်ဝလေသည်။ သူ၏ ပခုံးပေါ်တွင် လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားကာ အပင်မျိုးစုံထည့် ထားသည်ကို တွေ့မြင်လိုက်ရ၏။

ကောင်းကျူ၊ ရွက်ကြွေသိုင်းသမား၊ ယို့အင်းပွေ၊ တိလျို၊ ဟိုဖေ့နှင့်ဝူးလုံတို့သည် ထိုလူနှစ်ယောက်အားသစ်ပင်များ၏ နောက်ကွယ်မှ ချောင်းမြောင်းကြည့်ရှုနေကြသည်။ ရုတ်တရက်.. ရွက်ကြွေသိုင်းသမားက ဝမ်းသာအားရအော်ဟစ် လိုက်သည်။

"ဟာ... သမားတော်ကြီး ဝမ်း.. သမားတော်ကြီးဝမ်း"

သူသည် ယင်းသို့အော်ဟစ်ကာ သစ်ပင်များ၏နောက် ကွယ်မှ ပြေးထွက်သွားလေတော့၏။ ထိုစကားကြောင့် ကျန်လူများအားလုံးက ဝမ်းသာသွားကြ၏။ သူတို့သည် ထုဟန် အတွက် ဆေးကုသရန် သမားတော်ကြီးဝမ်းအလုံအား နတ်သိကြားများက ပို့ဆောင်ပေးလိုက်သည်ဟုပင် ယူဆ လိုက်မိကြသည်။ အကျီရှည်ဝတ် ဆင်ထားသောလူသည် ရွက်ကြွေသိုင်းသမားကို တွေ့မြင်လိုက်သော အခါ အံ့သြဝမ်းသာ သွားကာမြင်းပေါ်မှ ဆင်းလိုက်၏။



"ပါထင်းစု မင်းကဘာယ်လိုဖြစ်ပြီး ဒီနေရာကိုရောက်နေ တာလဲ"

ရွက်ကြွေသိုင်းသမားပါထင်းစုက အကြောင်းစုံရှင်းပြ လိုက်သည်။ သမားတော်ကြီး ဝမ်းအိလုံ၏မျက်နှာပေါ် တွင်စိုးရိမ် သော ဟန်မူရာများပေါ်လွင်လာလေသည်။ သူက မျက်မှောင် ကြုတ်လိုက်၏။

"ဒါနဲ့ လူနာကဘာယ်မှာလဲ"

"ဒီမှာပါ သမားတော်ကြီး"

ကောင်းကျူက ယင်းသို့ပြောပြီး မြင်းလှည်းကိုဆွဲကာ သစ်ပင်များကြားမှထွက်လာလေသည်။ သူနောက်မှ ကျန်လူများ က လိုက်ပါလာကြ၏။ သူတို့အားလုံး၏မျက်လုံး အစုံတွင် ထုဟန်အတွက် ဝမ်းသာပီတိဖြစ်သည့်ဟန်များ ပေါ်လွင်နေကြ သည်။

သူတို့က သမားတော်ကြီး ဝမ်းအိလုံအားလက်နှစ်ဖက် ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။ ကောင်းကျူက သမားတော် ကြီးဝမ်းအိလုံအားကြည့်ကာ တောင်းပန်တိုးလျှိုးလိုက်သည်။

"သမားတော်ကြီးရယ်၊ ကျေးဇူးပြုပြီး ကျွန်တော်ရဲ့ အစ်ကိုကြီးထုကို ကြည့်ရှုစောင့်ရှောက်ပါဗျာ"

သမားတော်ကြီး ဝမ်းအိလုံက လက်ကာပြလိုက်လေ သည်။

"အို...စိတ်ချပါ... ကျုပ်က လူနာတစ်ယောက်ကို တွေ့ရင် မိစ္ဆာဂိုဏ်းကို ဖြူခွင်းနေတဲ့လူတွေဆိုတော့ ကျုပ်ကပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်မှာပါ . . . ဒါအတွက်တော့ မပူပါနဲ့"

သူကပြောပြီး မြင်းရထားလုံးထဲရှိ ထုပုန်အားလှမ်းကြည့်လိုက်သည်။ သူ၏မျက်လုံးများသည် အရောင်မှေးမှိန်နေခြင်းကို သမားတော်ကြီး ဝမ်းအိလုံက သတိပြုမိလိုက်သည်။ သူက ခေါင်းတစ်ချက်ခါယမ်းလိုက်၏။ ထို့နောက် သူက ထုပုန်၏အင်္ကျီကိုဆွဲ လှန်ကာ ဒဏ်ရာအားကြည့်လိုက်လေသည်။ သူ၏မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ကြယ်တံခွန်ဓား"

သူကလွတ်ခနဲရေရွတ်လိုက်၏။ အားလုံးသောလူများက သူ၏စကားကြောင့် အံ့သြသွားလေသည်။ သူတို့အားလုံးက သိရှိထားသည်မှာ သမားတော်ကြီးဝမ်း အိလုံကကြယ်တံခွန်ဓား၏ လက်ချက်ဖြစ်ကြောင်း သိရှိနေပါသနည်း။

"အဘ . . . သူကကြယ်တံခွန်ဓားချက်ထိခဲ့တာ အမှန်ပါပဲ . . . ဒါနဲ့အဘက ဘာဖြစ်လို့ဒီလိုပြောနိုင်တာလဲဟင်"

"ကျုပ်က ကြယ်တံခွန်ဓားဒဏ်ရာရထားတဲ့ ဝေဒနာရှင် တစ်ယောက်ကို ဆေးကုသပေးခဲ့ဖူးပါတယ်"

ယို့အင်းပွေက ဝမ်းသာအားရဖြင့်ပြောလိုက်သည်။

"အဘက တကယ့်ကို အစွမ်းထက်တဲ့သမားတော်ကြီး တစ်ယောက်လို့ဘာဘပါထင်းစုက ပြောတယ် . . . အဲဒီလူနာက အဘနဲ့တွေ့တာကံကောင်းတာပဲနော်"

သမားတော်ကြီး ဝမ်းအိလုံ၏မျက်နှာမှာ ဆယ်နှစ်ခန့်အိ မင်းသွားသည်ဟု ထင်မှတ်ရသည်။ သူက ခေါင်းကိုဖြည်းညင်းစွ ခါယမ်းလိုက်သည်။



"အဲဒီလူနာက သေဆုံးသွားပါတယ်"

သူ၏စကားကြောင့် အားလုံးသောလူများ၏ မျက်နှာများမှာ ကွက်ခနဲပျက်သွားကြသည်။ သမားတော်ကြီးဝမ်း အိလုံကစကား ဆက်လိုက်၏။

"သူက ကြယ်တံခွန်ဓားသမားရဲ့လက်ချက်နဲ့ဒဏ်ရာရထားတယ်လေ . . . သူ့ရဲ့ဒဏ်ရာက အဆိပ်တွေခန္ဓာကိုယ်တစ်ခုလုံးကို ပျံ့နှံ့နေပါပြီ"

ထိုစကားကြောင့် အားလုံးသောလူများက ထိတ်လန့်အံ့ သြသွားကြသည်။

"ဘယ်လို . . . ကြယ်တံခွန်ဓားမှာ အဆိပ်ရှိတယ် ဟုတ်လား"

ကောင်းကျူက ထိတ်လန့်တုန်လှုပ်စွာဖြင့် မေးလိုက်သည်။ သမားတော်ကြီး ဝမ်းအိလုံကခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"

ကောင်းကျူ မျက်မှောင်ကြုတ်လိုက်၏။ သူက ထုပုန်၏ ဒဏ်ရာအားငုံ့ကြည့်ကာ မျက်မှောင်ကုတ်လိုက်လေသည်။

"အဆိပ်မိရင် ခန္ဓာကိုယ်တစ်ခုလုံးဟာ ပြာနှမ်းလာရမယ် . . . ဒါမှမဟုတ် ညိုမည်းလာရမယ် . . . အခု သူ့ရဲ့ဒဏ်ရာမှာ ဘာမှအဆိပ်ရဲ့လက္ခဏာ မတွေ့ရပါလား"

သမားတော်ကြီး ဝမ်းအိလုံက ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြယ်တံခွန်ဓားသမား အသုံးပြုတဲ့အဆိပ်ဟာ တိုင်ပင်ကျွန်းသားတွေက အထူးစီစဉ်ထားတဲ့ ပန်းမျိုးတစ်ရာအဆိပ်လေ . . . ဒါကြောင့် သူကအဆိပ်မိသူရဲ့အသားအရေမှာ အဆိပ်ရဲ့ လက္ခဏာ မတွေ့ရဘူး"

ကောင်းကျူက အလွန်အံ့ဩသွားသည်။ သူသည် တိတန်မိ ရွာဂိုဏ်းအပေါ် အလွန်ပင်ထိတ်လန့်မုန်းတီးလာမိ၏။ သူက ထုဟန်အား ကြည့်လိုက်လေသည်။

"ဒါဆိုရင် သူ့ကို ဆေးကုသလို့ မရတော့ဘူးလား"

သမားတော်ကြီး ဝမ်းအိလုံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း . . . ကျုပ်က ဆေးကျမ်းတစ်စောင်မှာ မီးပုလဲဆေးမြစ်ဟာ အလွန်ကြောက်စရာကောင်းပါတယ် ဆိုတဲ့ အဆိပ်မျိုးစုံကိုတောင်မှ နိုင်တယ် . . . ဖြေဖျက်နိုင်တယ်ဆိုလို့ မီးပုလဲဆေးမြစ်ရှိရာ လာတူးတာလေ"

ကောင်းကျူက စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။

"ဟင် . . . ဒါဆိုရင် မီးပုလဲဆေးမြစ်ကို တွေ့ခဲ့လားအဘ"

သမားတော်ကြီး ဝမ်းအိလုံကခေါင်းညိတ်လိုက်၏။ သူက ပခုံးပေါ်ရှိ လွယ်အိတ်ထဲမှဆေးမြစ်တစ်ခုကို ဆွဲထုတ်ယူလိုက်လေသည်။ ထို့နောက် ထုဟန်အားလှမ်းကြည့်ကာ တည်ကြည်လေးနက်သော မျက်နှာထားဖြင့်ပြောလိုက်၏။

"မီးပုလဲဆေးမြစ်ကိုတော့ ဒီကမှဆိုးကြီးရဲ့အကူအညီနဲ့ ရခဲ့ပါပြီ . . . ဒါပေမယ့် ပန်းမျိုးတစ်ရာအဆိပ်ကိုတော့ ကုသနိုင်မယ် မကုသနိုင်ဘူးဆိုတာ သေချာမပြောရဲပါဘူး"



သူက ကောင်းကျူတို့အား မျက်လုံးဝေ့ကာကြည့်လိုက်သည်။

"အခု ကျုပ်ကဒီဆေးမြစ်နဲ့ ပထမဆုံးအကြိမ်စမ်းသပ်ကုသရမှာပါ . . . အခြေအနေဟာအကောင်းဆုံးကို ဖန်တီးနိုင်သလို အဆိုးဆုံးကိုလဲရင်ဆိုင်ချင်ရင်ဆိုင်ရလိမ့်မယ် . . . ဒါကြောင့် မင်းတို့ အနေနဲ့ ဘယ်လိုသဘောရသလဲ"

"သမားတော်ကြီးရယ် . . . သူဟာအခု ဝေဒနာကိုပြင်းပြင်းထန်ထန်ခံစားပြီး သေရတာထက်စာရင်သူ့ကို ဒီမီးပုလဲဆေးမြစ်နဲ့ ဆေးကုသပေးတာကပိုကောင်းပါတယ် . . . ကံကောင်းခြင်း ကံမကောင်းခြင်းဟာ သူ့ရဲ့ကံကြမ္မာပါပဲ"

သမားတော်ကြီး ဝမ်းအိလုံက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ . . . မီးပုလဲဆေးမြစ်နဲ့ ပန်းမျိုးတစ်ရာအဆိပ် ရဲ့ အင်အားယှဉ်ပြိုင်ပွဲပဲပေါ့"

ထို့နောက် . . .

သူသည် မီးပုလဲဆေးမြစ်အား အသင့်ပါလာသော ရေဘူးဖြင့် ရေစင်အောင်ဆေးလိုက်သည်။ တစ်ဖန် ပလုတ်ကျင်းလိုက်၏။ ယင်းနောက် . . .

မီးပုလဲဆေးမြစ်ကို ပါးစပ်ထဲထည့်ကာ ဝါးနေလေသည်။ သူသည် အတန်ကြာအောင် ဆေးမြစ်များကိုဝါးပြီးသောအခါ ထို ဆေးမြစ်ဝါးထားသည့် အဖတ်များကို ထုဟန်၏ဒဏ်ရာအား

www.burmeseclassic.com

www.burmeseclassic.com



စည်းထားသည့် အဝတ်များအား ဖယ်ရှားစေကာ ဓားဒဏ်ရာ
ရထားသည့် နေရာတွင်အုံလိုက်လေသည်။ ယင်းနောက်. . .

ဒဏ်ရာအား တစ်ချက်ရိုက်ပုတ်လိုက်၏။

"အား. . ."

ထုဟန်က နာကျင်စွာအော်ဟစ်လိုက်သည်။ သမား
တော်ကြီး ဝမ်းကနောက်ထပ် ဆေးမြစ်တစ်ခုကိုထုတ် ယူကာ
ထုဟန်၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်၏။

"မင်းက ဒီဆေးမြစ်ကို ဝါးစားလိုက်စမ်း"

ထုဟန်က ဆေးမြစ်ကိုဝါးစားလိုက်သည်။ အားလုံးသော
လူများသည် တိတ်ဆိတ်စွာဖြင့်ထုဟန်၏အခြေအနေကို စော
ကြည့်နေကြ၏။ သမားတော်ကြီး ဝမ်းအိလုံက ကောင်းကျူအ
ကြည့်လိုက်သည်။

"ကဲ. . . မင်းက သူ့ရဲ့ပင်မသွေးကြောကြီး ခြောက်
ဆီကို အတွင်းအား ပို့လွှတ်လိုက်ပါ"

ကောင်းကျူက ချက်ချင်းပင်မြင်းရထားလုံးပေါ်သို့တ
ရန်ဟန်ပြင်လိုက်၏။ သမားတော်ကြီးဝမ်းအိလုံက ကမန်း
တန်း ဟန့်တားလိုက်သည်။

"နေဦး၊ သူ့ကို မြေပြင်ပေါ်ချပြီးမှ အတွင်းအားနဲ့ကုမ
ဒါမှ သူ့ရဲ့အခြေအနေကို ကျုပ်တို့ကထင်ထင်ရှားရှားမြ
လို့ရမယ်"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။ သူ
ထုဟန်အား ပွေ့ချီကာ မြေပြင်ပေါ်တွင်တင်ပျဉ်ခွေထိုင်စေ



သူက ထုဟန်အား အတွင်းအားဖြင့်ကုသလိုက်တော့သည်။

◙ ◙ ◙ ◙

နေဝန်းသည် ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ
မြင့်တက်လာပြီဖြစ်၏။ ကောင်းကျူ၏ဦးခေါင်းပေါ်မှ အခိုးအငွေ့
များက တလူလူထွက်လာချေပြီ။ သူမက ကောင်းကျူအနီးသို့
လျှောက်သွားရန် ဟန်ပြင်လိုက်၏။ ယင်းတဒင်္ဂအချိန်လေး
ပင်. . .

ထုဟန်၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တဆတ်ဆတ်တုန်
င်လာကာ မြေပြင်ပေါ်သို့လဲပြိုသွားသည်။ အားလုံးသော
များက ထိတ်လန့်သွားကြ၏။ ကောင်းကျူကလည်း မျက်လုံး
ကြည့်ကာ ထိတ်လန့်သွားမိလေသည်။

"ထုဟန်. . . ထုဟန်. . . ခင်ဗျားဘာ ဖြစ်သွားတာလဲ"

သမားတော်ကြီး ဝမ်းအိလုံက ထုဟန်၏အင်္ကျီစအားဆွဲ
န်လိုက်လေသည်။ အားလုံးသောလူများ၏ မျက်လုံးအစုံကပြူး
ယ်သွားလေသည်။ ယို့အင်းပွေကမူ ထိတ်လန့်တုန်လှုပ်လွန်း
ဖြင့် လွှတ်ခနဲအော်လိုက်၏။

"အောင်မယ်လေး"

သူမက အော်ဟစ်ရင်းမျက်နှာတစ်ဖက်သို့လွှဲလိုက်၏။
ဟန်၏ရင်ဝမှဒဏ်ရာသည် မြင်မကောင်းအောင်ပင်ပုပ်
လေသည်။ ဒဏ်ရာ၏ ပတ်ဝန်းကျင်မှ အသားများသည်

www.burmeseclassic.com

www.burmeseclassic.com



ညီမြည်းလာတာ အပုပ်နံ့များက တထောင်းထောင်း ထနေလေသည်။

"ဓားတစ်ချောင်းပေးပါ"

ယို့အင်းဖွေက ထိတ်လန့်သွားသည်။

"ဘာ. . . ဘာလုပ်. . ."

သူမ၏စကားများက တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။. အကြောင်းကား. . .

ကောင်းကျူက သူမ၏မျက်နှာအား မျက်လုံးပြူးကာ ကြည့်လိုက်သည်မဟုတ်ပါလား။ အမှန်တွင် သူသည် သမားတော်တစ်ယောက်က လူနာတစ်ယောက်ကိုဆေးကုသချိန်တွင် ထိုလူနာအား သမားတော်ကသာပိုင်ကြောင်း သဘောပေါက်နားလည်ထားသည်။ မဟုတ်ပါလော။ ထို့ကြောင့်. . .

သူက ဓားကိုသမားတော်ကြီး ဝမ်အိလုံ၏လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ သမားတော်ကြီး ဝမ်အိလုံက ဓားဦးချွန်ဖြင့် ထုဟန်၏ပုပ်ပွနေသော အသားများကိုဝိုက်ကာ လှီးပစ်လိုက်လေသည်။ ထို့နောက်. . .

မီးပုလဲဆေးမြစ်ကိုထုတ်ယူ၍ ဝါးစားကာဒဏ်ရာတွင် အုံပေးထားလိုက်ပြီးနောက် အဝတ်ဖြင့်ပြန်လည်စည်းပေးလိုက်ပေသည်။ ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း. . . ပန်းမျိုးတစ်ရာအဆိပ်ဟာ တကယ့်ကိုကြောက်စရာကောင်းတာပဲကိုး . . . ကြည့်ရင် အဆိပ်ရဲ့လက္ခဏာကိုမတွေ့ရဘူး . . . မီးပုလဲဆေးမြစ်နဲ့တွေ့မှပဲ



အဆိပ်ရဲ့လက္ခဏာပေါ်လာတော့တယ်"

တိလျှံက ခေါင်းညိတ်လိုက်သည်။ သူက မချိုပြုံးပြုံးလိုက်ပြီး. . .

"ဒါကြောင့်လဲ ကျုပ်တို့ဆေးကုတာက အနာတခြား ဆေးတခြား ဖြစ်နေတာပေါ့"

ထိုအချိန် သမားတော်ကြီး ဝမ်အိလုံက ကောင်းကျူတို့အား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

"သူ့ကိုကံကြမ္မာက မျက်နှာသာပေးလိုက်ပြီ . . . သူ့မှာရှိတဲ့ အဆိပ်တွေကို မီးပုလဲဆေးမြစ်က အနာဝကိုတွန်းထုတ်လိုက်ပြီ . . . အခုအဲဒီအဆိပ်တွေကို လှီးထုတ်လိုက်တော့ သူ့အတွက် အဆိပ်တက်စရာ အကြောင်းမရှိတော့ပါဘူး"

"ကျုပ်က မင်းတို့ကို ကျေးဇူးတင်နေတာကွယ့်"

ယို့အင်းဖွေက နားမလည်နိုင်အောင် ကြည့်လိုက်လေသည်။ သူမသည် သမားတော်ကြီး ဝမ်အိလုံအားမော့ကြည့်တာ. . .

"အဘက ဘာဖြစ်လို့ ကျွန်မတို့ကို ကျေးဇူးတင်ရတာလဲ ဟင်"

သမားတော်ကြီးဝမ်အိလုံက ပြုံးလိုက်သည်။ သူ၏အပြုံးမှာ ကြည်နူးဝမ်းသာသောအပြုံးမျိုးဖြစ်လေသည်။

"ကျုပ်က မီးပုလဲဆေးမြစ်ကို လက်တွေ့ အသုံးချခွင့်ရလိုက်ပြီလေ . . . ဒါကြောင့် နောက်နောင် ကြယ်တံခွန်ဓားချက်မိလာမယ့် သူတွေကို ကယ်တင်ခွင့်ရပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် အားလုံးသောလူများက ဝမ်းသာပျော်ရွှင်သွားကြတော့သည်။ သမားတော်ကြီး ဝမ်းအိလုံက တစ်စုံတစ်ရာကို သတိရမိဟန်ဖြင့်. . .

"ဪ. . . တစ်ခုတော့ရှိတယ် . . . သူ့ကိုသုံးရက်လောက်အနားယူပြီး ဆေးဝါးတိုက်ကျွေးသင့်တယ်သိလား . . . ဒီအတောအတွင်းမှာ သူဟာဘာမှ လှုပ်လှုပ်ရှားရှားမလုပ်သင့်ဘူး"

ရွက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့. . . ကျုပ်တို့က အဘတို့ရဲ့တံငါရွာကလေးကိုလိုက်ခဲ့ပြီး သုံးရက်လောက်အနားယူပြီးမှ ခရီးဆက်မှာပါ"

သမားတော်ကြီး ဝမ်းအိလုံက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

မုဆိုးကြီးက တစ်ချိန်လုံးစကားမပြောဘဲ ဒုက်ခတ်ကြည့်နေရာမှ ကောင်းကင်အားမော့ကြည့်ကာပြောလိုက်၏။

"ဟော့. . . ဒါဆိုရင် ကျုပ်တို့သွားသင့်ပြီ၊ ဒါမှ ဟိုကိုနေမဝင်ခင် ရောက်လိမ့်မယ်"

အားလုံးသောလူများသည် တံငါရွာကလေးဆီသို့ ဦးတည် ကာမြင်းများကို မောင်းနှင်ကာ ထွက်ခွာလာခဲ့လေတော့သည်။

◙ ◙ ◙ ◙



# အခန်း-၁၀

## အိပ်မက်တစ္ဆေ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးခဲ့သည်။ ကောင်းကျူတို့လူစု တံငါရွာကလေးသို့ရောက်ရှိလာခဲ့သည်မှာ သုံးရက်ခန့်ကြာခဲ့ပြီ။

ထုဟန်၏ကျန်းမာရေးအခြေအနေမှာလည်း သိသိသာသာတိုးတက်ခဲ့ချေပြီ။လူကောင်းပကတိပမာ တိုးတက်လာခဲ့ပြီ။

သူသည် သိုင်းပညာကိုပင်ပြန်လည်လေ့ကျင့်နိုင်ခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် ကောင်းကျူက ခရီးထွက်ရန်ပြင်ဆင်တော့သည်။ သူက ပါထင်းစုအားကြည့်လိုက်ကာ. . .

"အဘ ပါထင်းစု. . . ကျုပ်တို့ခရီးထွက်မှဖြစ်တော့မယ်"

ရွက်ကြွေသိုင်းသမား ပါထင်းစုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် . . . သခင်မလေးတို့ကလဲ ကျုပ်တို့ကိုမျှော်လှတော့မယ်"

ကောင်းကျူက ရွက်ကြွေသိုင်းသမားပါထင်းစုအား

◙◙◙◙◙

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

"ဒါနဲ့ ဒီရွာကနေပြီး ဘယ်ကိုအရင်သွားကြမလဲ ဟင်"

ရွှက်ကြွေသိုင်းသမားပါထင်းစုက တွေဝေခြင်းမရှိဘဲ သူ့အားရှင်းပြလိုက်သည်။

"ကျုပ်တို့က ဒီကနေပြီး ဝူးပိမြို့ကိုရောက်အောင်သွားကြရလိမ့်မယ် . . . ဝူးပိမြို့ကိုရောက်ရင် တောင်ဘက်ကို နေ့တစ်ဝက်ခရီး ဆက်ရမယ် . . . ဒါဆိုရင် ကျောက်ဖြူတောင်ကို လှမ်းမြင်နေရပြီလေ"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ . . . ဒါဆိုရင် ကျုပ်တို့ကဝူးပိမြို့ကို ခရီးဆက်ကြမယ်"

ရွှက်ကြွေသိုင်းသမား ပါထင်းစုက လက်ကာပြလိုက်သည်။ သူသည် ကောင်းကျူအားတည်ကြည်သော မျက်နှာထားဖြင့်ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ ဒီအတိုင်း ဝူးပိမြို့ကိုသွားလို့မဖြစ်ဘူး"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်လေသည်။ သူက ရွှက်ကြွေသိုင်းသမားပါထင်းစုအား မျက်မှောက်ကြုတ်၍ ကြည့်လိုက်လေသည်။

"ဘာဖြစ်လို့လဲ"

ရွှက်ကြွေသိုင်းသမားပါထင်းစုက သူ့အားလေးနက်တည်ကြည်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ဝူးပိမြို့က တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးရဲ့ သြဇာအာဏာသက်ရောက်မှုကြီးမားတယ်လေ . . . ဒါကြောင့် ကျုပ်တို့က ဝူးပိမြို့ကို သွားတာဟာ ကျားခံတွင်းထဲဝင်တာနဲ့ အတူတူပါပဲ"

www.burmeseclassic.com



ကောင်းကျူ၏ရင်ထဲ၌ လေးလံလာလေ၏။ သူသည် တိတန်မိစ္ဆာဂိုဏ်းအပေါ် အလွန်ပင်ရွံ့ရှာမုန်းတီးနေပြီဖြစ်ပြီး ပြင်းပြင်းထန်ထန် ချေမှုန်းလိုသည့်ဆန္ဒများပေါ်လွင်နေ၏။ သို့သော် သူသည် ယို့အော့လျှံတို့နှင့် မဆုံစည်းရသေးသဖြင့် တိတန်မိစ္ဆာဂိုဏ်းချုပ်အား ထိပ်တိုက်ရင်ဆိုင်လိုခြင်းဆန္ဒမရှိသေးချေ။

မည်သို့ဆိုစေ . . .

သူသည် ယခုဝူးပိမြို့တွင်အနည်းနှင့်အများ တိတန်မိစ္ဆာဂိုဏ်းနှင့်ရင်ဆိုင်ရလိမ့်မည်ဟု ကြိုတင်နားလည်ထားသည်။ ထို့ကြောင့် ရွှက်ကြွေသိုင်းသမားအား ကြည့်လိုက်လေသည်။

"ကောင်းပြီလေ . . . ဒါဆိုရင် ကျုပ်တို့အားလုံးရုပ်ဖျက်ဝင်ကြမယ်"

ရွှက်ကြွေသိုင်းသမားခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါတယ် . . . ရုပ်ဖျက်ဝင်မှပဲ တိတန်မိစ္ဆာဂိုဏ်းသားတွေ မရိပ်မိမှာ"

ထို့နောက် . . .

သူတို့အားလုံးသည် တစ်ယောက်နှင့် တစ်ယောက်ရုပ်ဖျက်ပေးကြလေသည်။ ယို့အင်းပွေအား ကောင်းကျူကအဘိုးအိုတစ်ယောက်အဖြစ်လည်းကောင်း၊ တိလျှံအား အရုပ်ဆိုးလှသည့်လူတစ်ယောက်အဖြစ်လည်းကောင်း၊ ဟိုဖေ့အား အဘိုးအို

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်လည်းကောင်း ရုပ်ဖျက်လိုက်၏။ ကျန်လူများကလည်း ပုံစံအသီးသီးဖြင့် ရုပ်ဖျက်လိုက်ကြလေသည်။ သူတို့သည် အားလုံးရုပ်ဖျက်ပြီး သောအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မောလိုက်ကြသည်။ ထို့နောက်. . .

ကောင်းကျူးက ရွှက်ကြွေသိုင်းသမားအား ကြည့်လိုက်၏။

"ကဲ. . . ကျုပ်တို့ ဘယ်တော့ခရီးစထွက်မလဲ"

ရွှက်ကြွေသိုင်းသမားအနည်းငယ် စဉ်းစားလိုက်သည်။

"ဝူးပိမြို့က အရောင်းအဝယ်သမားတွေနဲ့ အမြဲစည်းကားတာပဲ . . . ဒါကြောင့် မနက်ဖြန်မနက်စောစောကျမှ ကျုပ်တို့စပြီးခရီး ထွက်ရင် ဟိုကို ညနေလောက်ရောက်မှာပါပဲ၊ ကျုပ်တို့လဲ အရောင်းအဝယ်သမားလိုလို ဟန်ဆောင်ကြတာပေ့ါ"

ကောင်းကျူးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ဒီနေ့တော့ အားလုံးအိပ်ရေးဝဝအိပ်ပြီး အနားယူကြပါ"

သူ၏စကားကြောင့် အားလုံးသောလူများက အနားယူလိုက်ကြလေသည်။

◙ ◙ ◙ ◙

မြင်ကွင်းတစ်ခုလုံးသည် သဲသောင်ပြင်များနှင့် ရေပြင်များ သာဖြစ်နေ၏။ ကောင်းကျူးက မြင်ကွင်းတစ်ခုလုံးကို မျက်လုံးဝေ့ ကာကြည့်လိုက်သည်။ ထိုအခါ. . .

ရေပြင်ထဲမှအနီရောင်ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်ထွက်ပေါ်လာခြင်းကို တွေ့မြင်လိုက်ရသည်။ သူက အံ့ သြဝမ်းသာသွားမိသည်။ သူသည် မိန်းကလေးအား လှမ်းကြည့်ကာ ဝမ်းသာအားရဖြင့် နှုတ်ဆက်လိုက်လေသည်။

"မိန်းကလေး. . . ကျုပ်တို့ ပြန်ဆုံကြရပြီနော်"

မိန်းကလေးက သူ့အားလှပစွာ ပြုံးပြနေ၏။ ကောင်းကျူးက သူ့အားကြည့်ကာ ရင်ထဲတွင်ဖော်မပြနိုင်သော စိတ်နှလုံးချမ်းသာမှုများခံစားနေရသည်။ ထိုအချိန်၌. . .

မိန်းကလေးက သူ့အား လက်ယပ်ခေါ်လိုက်သည်။

"အစ်ကို. . . ကျွန်မဆီ လာခဲ့ပါလားရှင်"

သူမ၏အသံသည်ချိုလွင်သည်။ သို့ဖြင့်. . .

သူ၏နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းနိုင်လေ၏။ ကောင်းကျူး က သူမအား ကြည့်ကာကြည်နူးစွာပြုံးလိုက်မိ၏။ သူက မိန်းက လေးဆီ ခပ်သွက်သွက်ကလေး လျှောက်သွားမိ၏။ မိန်းကလေးက သူ့ထံသို့ လက်နှစ်ဖက်ဆန့်တန်းပေးလိုက်၏။ ကောင်းကျူးက သူမ၏ လက်နှစ်ဖက်အား ယုယစွာဆုပ်ကိုင်လိုက်သည်။ ထိုအခိုက် သူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိသည်။ အဘယ့်ကြောင့်ဆိုသော်

မိန်းကလေး၏လက်များသည် ရုတ်တရက်အရည်ပျော်သွားလေသည်။ ရဲရဲနီနေသော သွေးရည်များအဖြစ် ပျော်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်၏။ သူကထိတ်လန့်စွာဖြင့် မိန်းကလေးအားမော့်ကြည့်လိုက်သည်။ ထိုတဒင်္ဂအချိန်လေးမှာပင် မိန်းကလေး၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အရည်များပျော်ကျသွားကာ ထိုနီရွှေးသောသွေးရည်များက ကောင်းကျူ၏ခန္ဓာကိုယ်တစ်ခုလုံး ပေကျံသွားသည်။

ကောင်းကျူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ညီစို့စို့အနံ့များစွဲကပ်နေသည်။ သူသည် မိမိခန္ဓာကိုယ်၌သွေးများပေကျံနေခြင်းကိုလည်းကောင်း၊ ညီစို့စို့အနံ့များ စွဲကပ်နေခြင်းကိုလည်းကောင်း ဂရု မစိုက်နိုင်ပါချေ။ သူက မိန်းကလေးအတွက်စိုးရိမ်လွန်းသဖြင့် အ သည်းနှလုံးများ ကြေမွသွားသည်ဟုခံစားလိုက်ရ၏။

"မိန်းကလေး. . . မိန်းကလေး"

သူသည် အသံကုန် အော်ဟစ်လိုက်လေသည်။ သို့သော်. .

သူ၏အသံက လည်ချောင်းတွင်တစ်ဆို့ပျောက်ကွယ်နေလေသည်။ သူသည် ဆက်၍ဆက်ကာ အားကုန်အော်ဟစ်ခေါ်နေသော်လည်း အသံကထွက်ပေါ်လာခြင်းမရှိချေ။

နောက်ဆုံးတွင် သူ၏ရင်ထဲ၌နာကျင်လာ ကာမြေပြင်ပေါ်တွင်လဲကျသွားလေသည်။ ထိုအခါ သူလဲလျောင်းနေသောနေရာသည် မြေပြင်မဟုတ်ဘဲ ဝါးကြမ်းခင်းပေါ်တွင်ဖြစ်ကြောင်း တွေ့မြင်လိုက်ရသည်။ ၎င်းပြင်သူ၏နံဘေးတွင် တိလျှ၊ ငူးလုံ၊ ထုဟန်၊ ဟိုဖေ့နှင့် ရှက်ကြွေသိုင်းသမားတို့က စီတန်းကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြခြင်းကို ပြတင်းပေါက်မှ



တစ်ဆင့်ဝင်ရောက်လာသော လဝန်း၏ အလင်းရောင်အောက်တွင် တွေ့မြင်လိုက်ရ၏။ ထိုအခါမှ သူသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော အိပ်မက်ဆိုးတစ်ခုကို တွေ့မြင်မက်နေခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်မိ၏။ ဤအိပ်မက်သည် သူ၏နှလုံးသားအား နင်းချေနေသကဲ့သို့ ခံစားလိုက်ရသည်။ သူက ဆက်လက်အိပ်စက်ရန်မ ဝံ့ရဲတော့ပါ။ ဤအိပ်မက်ဆိုးဆက်မက်ခဲ့လျှင် သူပါရော၍ သေရပေလိမ့်မည်။ ထို့ကြောင့် နဖူးပေါ်မှချွေးများကို သုတ်ရင်းထ ထိုင်လိုက်သည်။ ထို့နောက်. . .

အိမ်ကလေးပေါ်မှ ဆင်းလာခဲ့သည်။ ထိုအခါ ဝန်းကျင်တစ်ခုလုံးမှာ လဝန်း၏အလင်းရောင်ဖြန့်ကြက်စိုးမိုးထားသည်ကို တွေ့မြင်လိုက်ရသည်။ သူသည် အိပ်မက်တစ္ဆေကို ပြန်လည်စဉ်းစားကာ ခြေဦးတည့်ရာသို့ လျှောက်လာခဲ့မိလေတော့သည်။

◙ ◙ ◙ ◙

လဝန်းသည် ကောင်းကင်ပေါ်တွင်ချိတ်ဆွဲ၍ ရှိနေသည်။ မနေ့ညက လဝန်းသည်လပြည့်မဟုတ်သဖြင့် ဝန်းပြည့်ခြင်းမရှိဘဲ ဖြစ်နေခဲ့သည်။ သို့သော် ယနေ့ညတွင်တော့ လဝန်းသည်ဝိုင်းစက်၍နေသည်။ ကောင်းကျူသည် ခြေလှမ်းကိုရပ်လိုက်သည်။ သူကသက်ပြင်း တစ်ချက်ကိုချကာ ရှေ့သို့လှမ်းမျှော်ကြည့်လိုက်၏။ မြင်ကွင်း အားလုံးသည် သဲသောင်ပြင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရေပြင်များသာဖြစ်နေလေသည်။

လှေကလေးများသည် သဲသောင်ပြင်နှင့်ကမ်းတစ်လျှောက် အစီအရီဆိုက်ကပ်ထားလေသည်။ သူက သဲသောင်ပြင်ဆီသို့ တဖြည်းဖြည်းလျှောက်လာ၏။ လှိုင်းကလေးများသည် သဲသောင်ပြင်ဆီသို့ အလိပ်လိုက်အော်ဟစ်ပြေးတက်လာကာ တဒင်္ဂအတွင်းမှာပင် ပျောက်ကွယ်သွားကြလေသည်။

သူသည်ရေပြင်အား အတန်ကြာအောင်ငေးမော၍ကြည့်နေမိသော်လည်း အိပ်မက်ထဲတွင်တွေ့မြင်ခဲ့ရသော မိန်းကလေးကို မမြင်တွေ့ရတော့ချေ။ မြင်တွေ့ရနိုးနိုးဖြင့် မျှော်ငယောင်ကြည့်နေမိသည်။ သူ၏ရင်ထဲတွင် တစ်စုံတစ်ခုလစ်ဟာနေသကဲ့သို့ ခံစားနေမိသည်။ နှင်းမြူများက လွှမ်းခြုံထားသဖြင့် ဝန်းကျင်တစ်ခုလုံးမှာ အေးစိမ့်နေ၏။ သို့သော်. . .

ကောင်းကျူသည် အေးစိမ့်သောခံစားမှုကို မခံစားနိုင်ပါ။ ယခုအချိန်တွင် သူဦးနှောက်ထဲ၌ ဟာလာဟင်းလင်းဖြစ်နေသော မျက်လုံးအစုံက ရေပြင်ကိုသာစိုက်ကြည့်နေ၏။ ရေပြင်ထဲတွင် သူသည် ပြုံးနေသောနှုတ်ခမ်းတစ်စုံ၊ ကြည်လင်တောက်ပသော မျက်လုံးအစုံနှင့် ဖြောင့်တန်းလုံးဝန်းနေသောနှာတံ၊ ကော့ညွတ်သေးသွယ်သော မျက်ခုံးအစုံကို မြင်ယောင်နေမိသည်။ သူသည် ဤမိန်းကလေးအား မိမိ၏နှလုံးသား ထဲ၌ စွဲစွဲမြဲမြဲသံယောဇဉ် တွယ်နေမိပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

သို့ရာတွင် သူမသည်မည်သူဖြစ်သနည်း။ မည်သည့်



အရပ်တွင် နေထိုင်ပါသနည်း။ သူကလုံးဝမသိခဲ့ရပါချေ။ ထို့ကြောင့် သူသည် ဤမိန်းကလေးအား ထပ်မံတွေ့ဆုံနိုင်ရန်မှာ မည်သို့ပြုလုပ်ရမှန်း မသိအောင်ပင် ဖြစ်နေမိတော့သည်။

◘ ◘ ◘ ◘

ရှည်လျားလှသောညတာသည် ကုန်ဆုံးသွားခဲ့ပြီဖြစ်၏။

အရုဏ်ဦး၏ရောင်ခြည်များသည် ပြတင်းပေါက်မှတစ်ဆင့်ဝင်ရောက်လာပြီဖြစ်သည်။ ယို့အင်းပွေသည် အိပ်ရာမှနိုးထလာကာ အခန်းထဲမှအပြင်သို့ထွက်လာခဲ့၏။ သူမ၏မျက်လုံးများက ပြူးကျယ်သွားမိလေသည်။ အကြောင်းကား. . .

ကောင်းကျူတစ်ယောက် ပျောက်ခြင်းမလှပျောက်ဆုံးနေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။ သူမက မျက်မှောင်ကုတ်လိုက်မိသည်။ သူမသည် အိမ်ပြင်သို့ထွက်လာ၍ ဟိုသည်သည်ကြည့်လိုက်၏။ ထိုအခါ ကောင်းကျူအိမ်ကလေးဆီသို့ လျှောက်လာနေခြင်းကို တွေ့မြင်ရလေသည်။ ယို့အင်းပွေက မျက်မှောင် ကုတ်လိုက်သည်။ သူမက ကောင်းကျူဆီသို့လျှောက်သွားကာ အံ့ဩစွာဖြင့် ကြည့်လိုက်သည်။

"အစ်ကိုလေး. . . မနက်စောစောစီးစီး ဘယ်ကပြန်လာတာလဲ"

ကောင်းကျူက စိတ်နောက်ကျိနေသဖြင့် လှည့်ပင်မကြည့်ပါ။ သူက စိတ်မပါလက်မပါဖြင့် ပြောလိုက်သည်။

"ခရီးထွက်မယ် . . . အားလုံးအသင့်ပြင်ပါ"

www.burmeseclassic.com

ဟု ပြောကာ အိပ်ပေါ်သို့တက်ခဲ့သည်။ ယို့အင်းပွေက နှုတ်ခမ်းစူကာ ခြေတစ်ချက်ဆောင့်လိုက်သည်။

"ဟွန့်"

သူမသည် ခရီးဆက်ရန်ကိစ္စရှိနေသဖြင့် စကားရှည်ရှည် ဝေးဝေးမပြောတော့ဘဲ အိမ်ပေါ်သို့တက်ကာ ခရီးသွားရန်ပြင်ဆင်ရတော့သည်။ သို့သော်. . .

သူမ၏ရင်ထဲတွင်မူ ကောင်းကျူက ယခုတလော ပြောင်းလဲနေသည်ကို သဘောပေါက်နားလည်မိလေသည်။ သို့သော်. သူမသည် ကောင်းကျူအားမေးမြန်းရန် မစဉ်းစားမိပါ။

အကယ်၍ ကောင်းကျူအားမေးမြန်းလျှင်လည်း တိကျမှန်ကန်သောအဖြေကို ပေးမည်မဟုတ်ဟုနားလည်ထားသည်။

ထို့ကြောင့် ကောင်းကျူ၏ပြောင်းလဲမှုကို မိမိဘာသာ တိတ်တဆိတ် လေ့လာစုံစမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။ သူမတို့ ခရီးထွက်ရန် ပြင်ဆင်ပြီးထွက်လာချိန်တွင် ကောင်းကျူ၊ တိလျှို၊ ဟိုဖေ့၊ ထုဟန်၊ ရွှက်ကြွေသိုင်းသမားနှင့်ဝူးလုံတို့ကလည်း အသင့်ပြင်ဆင်ပြီး ဖြစ်နေသည်။ ထို့နောက် သူတို့အားလုံးသည် သမားတော်ကြီး ဝမ်းအိလုံအား နှုတ်ဆက်ကာမြင်းကိုယ်စီဖြင့် ခရီးထွက်ခဲ့လေတော့သည်။ ကျေးဇူးရှင်သမားတော်ကြီး ဝမ်းအိလုံ သက်တော်ရာကျော်ရှည်ပါစေ။

◙ ◙ ◙ ◙



# အခန်း-၁၁

## ထောင်ချောက်အဆင့်ဆင့်

မွန်းတည့်ချိန်ဖြစ်သည်။ နေဝန်းသည် ကောင်းကင်၏ အလယ်ဗဟိုတည့်တည့်သို့ရောက်ရှိနေသည်။ နံနက်စောစော အချိန်က အုပ်ဆိုင်းနေသော မြူနှင်းများသည်လည်းကောင်း၊ သစ်ကိုင်းများတွင်တွဲလွဲခိုနေသည့် နှင်းခဲများသည်လည်းကောင်း၊ ရည်ပျော် ကျသွားခဲ့ပြီဖြစ်ပြီး နေပူရှိန်ပြင်းထန်နေသည်။

ကောင်းကျူ ရွှက်ကြွေသိုင်းသမား ပါထင်းစု၊ တိလျှို၊ ဟန်၊ ဟိုဖေ့၊ ဝူးလုံနှင့် ယို့အင်းပွေတို့သည် မြင်းကိုဒုန်းစိုင်းကာ နင်းလာခဲ့ကြ၏။

သူတို့သည် ဝူးပိမြို့နှင့်နီးကပ်လာသည်နှင့်အမျှ လမ်း ရိုးတစ်လျှောက်တွင် နားခိုရန်သစ်ပင်များ သစ်တောများ ကို တွေ့ရတော့ချေ။ ထို့ကြောင့်. . .

သူတို့အားလုံး၏နဖူးပေါ်တွင် ချွေးကလေးများစို့နေကြ သည်။ အထူးသဖြင့် ထုဟန်၏နဖူးပေါ်တွင် ချွေးသီးချွေး

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပေါက်များရှိနေ၏။ သူသည် ကျန်းမာရေးကောင်းမွန်စတွင် ပြန်လည်ခရီးထွက်လိုက်ရသည့်အတွက် အနည်းငယ်မောပန်း နွမ်းနယ်နေသည်။ သူသည် လူကောင်းပကတိ မဟုတ်သေးချေ။ နာလန်ထလူနာကဲ့သို့ ဖြစ်နေလေသည်။ ကောင်းကျူက သူ၏ နံဘေးမှမြင်းဖြင့်ယှဉ်၍ မောင်းလာရင်း တစ်ချက်အကဲခတ်ကြည့် လိုက်သည်။

"ထုအစ်ကိုကြီး သိပ်ပင်ပန်းနေပြီထင်တယ်"

သူက ကရုဏာသက်စွာ မေးလိုက်ခြင်းဖြစ်သည်။ ထုဟန်က ပြုံးလိုက်သည်။ သူက ခေါင်းတစ်ချက်ခါယမ်း ကာ. . .

"ကျုပ်က သိုင်းလောကသားတစ်ယောက်ပဲ ဘာဖြစ်လို့ ပင်ပန်းရမှာလဲ"

ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။ သူက ထုဟန် အားကြည့်ကာ ရယ်မောရင်းပြောလိုက်သည်။

"ထုအစ်ကိုကြီးက တကယ့်ကို သံမဏိလိုမာကျောတဲ့ သိုင်း သမားတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် အခြေအ နေနဲ့အချိန်အခါက စကားပြောပါတယ်၊ ကျုပ်က အစ်ကိုကြီးကိုတကယ်ဆိုရင် တံငါရွာကလေးမှာထားခဲ့သင့်ပါ တယ်"

ထုဟန်က ရယ်မောလိုက်သည်။ သူက ကောင်းကျူအား စေ့စေ့ကြည့်ကာပြတ်သားစွာ ပြောလိုက်၏။

"သခင်လေးက ထားခဲ့တော့ကော ကျုပ်က နေခဲ့မယ်



ထင်သလား . . . လူတိုင်းလူတိုင်းမှာ လောကရဲ့ဓမ္မတာအရ သေရင်သေမယ် . . . မသေရင်ရှင်သန်မယ်၊ ဒီအတိုင်းနေရင်း သေသွားရမယ့်အစား အများကောင်းမှုအတွက် စွန့်စားရင်းသေ ဆုံးမယ်ဆိုရင် သူ့ရဲ့ သေဆုံးမှုဟာမွန်မြတ်တယ်လို့ ကျုပ်ယူ ဆထားပါတယ် . . . သခင်လေးလဲ ဒီသဘောတရားတွေ သိပါတယ်လေ"

သူက စကားဆက်လိုက်သည်။

"သခင်လေးကကော တကယ်လို့ ကျုပ်နေရာမှာဆိုရင် ဒီလောက်ဆိုးသွမ်းနေတဲ့ တိတန်မိစ္ဆာဂိုဏ်းကို ဖြိုခွင်းရမယ့်အခွင့် အရေးကို လက်လွှတ်ခံလျှစ်လျူရှုပြီး နေနိုင်ပါ့မလား"

ကောင်းကျူက သူ့အားကြည့်လိုက်လေသည်။

သူ၏မျက်လုံးအစုံတွင်လေးစားချီးကျူးသည့် ဟန်မူရာ များ ပါဝင်လာလေသည်။ သူကကြည်နူးစွာပြုံးလိုက်သည်။

"ထုအစ်ကိုကြီးရဲ့ မြင့်မြတ်တဲ့စိတ်သဘောကို ကျွန်တော်လေးစားကြည့်ညိုလို့ မဆုံးပါဘူး . . . ကျွန်တော်တို့ ဂိုဏ်းဟာတကယ့် သူ့ရဲကောင်းတစ်ယောက်ကို ရထားတာပါပဲ"

ထုဟန်က ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"ကောင်းသခင်လေးရယ် . . . ကောင်းသခင်လေးလို လူငယ်တစ်ယောက်ကတောင်မှ ကိုယ်ကျိုးစွန့်နိုင်သေးရင် ကျုပ်က ဘာဖြစ်လို့ ကိုယ်ကျိုးမစွန့်နိုင်ရမှာလဲဗျာ . . . ကျုပ်က ကောင်းသခင်လေးထက် သေချိန်စောသင့်တဲ့လူဗျ"

သူတို့က စကားတပြောပြောနှင့်မြင်းကို မောင်းနှင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရာ ရှတ်တရက်အဝေးတွင် နားခိုရန်စိမ်းလန်းနေသောသစ်ပင်က လေးတစ်ခုအားတွေ့မြင်လိုက်ရသည်။ အနီးသို့ရောက်သော အခါ ကောင်းကျူက ရပ်သွားသည်။ အဘယ်ကြောင့်ဆို သော် . . .

ထိုသစ်ပင်ရိပ်များအောက်၌ အဘိုးအိုတစ်ယောက်ခရီး သွားများအတွက် အစားအသောက်နှင့် အရက်ပါရောင်းချနေ သည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင်ဖြစ်သည်။ အဘိုးအို၏ ဆိုင်ကလေးသည် အမိုးအကာအရံ လုံးဝမရှိပါချေ။

ထိုင်ရန်ခုံတန်းရှည်တစ်ခုနှင့် စားစရာအရက်အိုးများ တင်ထားသော စားပွဲတစ်လုံးရှိနေလေသည်။

ထိုင်ခုံရှည်ပေါ်တွင် လူလေးငါးယောက်က ထိုင်၍ စားသောက်နေကြသည်။ မြင်းလေးငါးကောင်သည် သစ်ပင် တစ်ပင်၌ ချည်နှောင်ထားသည်ကို ကောင်းကျူက တွေ့မြင် လိုက်ရသည်။ သူက အသံတိုးတိုးဖြင့် . . .

"ကဲ . . . ထုအစ်ကိုကြီး . . . ကျွန်တော်တို့ ဒီမှာခဏ နားကြရအောင် . . . ဝူးပိမြို့ထဲမှာဆိုရင် မိစ္ဆာဂိုဏ်းသားတွေက ခြေချင်းလိမ်နေကြမှာဗျ"

ထုဟာန်က ခေါင်းညိတ်လိုက်သည်။ သူက ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်၏။ ဝန်းကျင်တစ်ခုလုံးတွင် လူသူပုန်း အောင်စရာဟူ၍ တစိုးတစိမျှမတွေ့ရပါ။ သူက ခေါင်းညိတ် လိုက်သည်။

"ကောင်းပါတယ်"

❋❋❋❋❋



ယင်းအချိန် . . .

ဈေးရောင်းသောအဘိုးအိုက ကောင်းကျူတို့အား တွေ့မြင်သွားလေသည်။ သူက လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ် လိုက်၏။

"ကြွပါခင်ဗျာ . . . ဘာများသုံးဆောင်မလဲ၊ ဝူးပိမြို့မ ရောက်ခင် ဒီမှာ ခရီးတစ်ထောက်နားပါဦးလား"

ဟု ပျူငှာစွာဖိတ်ခေါ်လိုက်သည်။

ကောင်းကျူက မြင်းပေါ်မှဆင်းလိုက်သည်။ ထို့နောက် မြင်းဇက်ကြိုးကို ဆွဲကာသစ်ပင်တစ်ပင်တွင် သွားရောက်ချည် နှောင်လိုက်လေသည်။

ထုဟာန်ကလည်း သူ၏မြင်းဇက်ကြိုးကို သစ်ပင်တွင် ချည်နှောက်လိုက်၏။ ထို့နောက် . . .

သူတို့နှစ်ယောက်က ခုံတန်းအလွတ်တွင် မျက်နှာချင်း ဆိုင်ထိုင်လိုက်ကြလေသည်။ ယင်းအချိန်မှာပင် . . .

ယို့အင်းပွေ၊ တိလျှံ၊ ရွက်ကြွေသိုင်းသမား၊ ဟိုဖေ့နှင့်ဝူးလုံ တို့က ရောက်ရှိလာကြပြီး မြင်းပေါ်မှအသီးသီးခုန်ဆင်းကာ အနားယူရန် ဆိုင်ကလေးထဲသို့ ဝင်လာကြလေသည်။ သူတို့သည် ကောင်းကျူတို့နှင့်အတူ ခုံတန်းရှည်တွင် ဝင်ရောက်ထိုင်ချလိုက် ကြ၏။ ကောင်းကျူက ယို့အင်းပွေအားလှမ်းကြည့်လိုက်သည်။

"ဟော့ . . . မင်းက ဘာစားမလဲ"

ယို့အင်းပွေက မိမိမှာ ရုပ်ဖျက်ထားသဖြင့် ကောင်းကျူ က ယခုကဲ့သို့ပြောနေခြင်းဟုသိရှိလိုက်သည်။

❋❋❋❋❋

www.burmeseclassic.com

www.burmeseclassic.com



"အဘမှာချင်တာ မှာပါဗျာ"

သူမက အဘိုးအိုတစ်ယောက်အသွင် ရုပ်ဖျက်ထားသော ကောင်းကျူးအား လှမ်းပြောလိုက်လေသည်။ ကောင်းကျူးက အိုမင်းရင့်ရော်နေသော အသံပြုကာ. .

"အမဲသားနဲ့ အရက်သုံးအိုးလောက်ချပေးပါ"

ဟု မှာကြားလိုက်လေသည်။ ဆိုင်ရှင်အဘိုးအိုက ကမန်း ကတန်း ဦးညွှတ်လိုက်၏။ ထို့နောက်. . .

သူသည် အရက်သုံးအိုးနှင့်အမြည်းပန်းကန်များကို လာရောက်ချပေးလေ၏။ သူကကောင်းကျူးတို့မှာ ကြားထားသည့် ပစ္စည်းများကိုချပေးကာ ပြန်လည်ထွက်ခွာမည်အပြုတွင် ရုတ်တရက် မြင်းခွာသံများကြားလိုက်ရ၏။

သူတို့သည် ကောင်းကျူးတို့စားပွဲအ နီးတွင်ရပ်ကာ မြင်းခွာသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်ကြသည်။ ထိုအခါ မြင်းနှစ်ကောင်က ပန်းချင်းယှဉ်ကာဒုန်းစိုင်း၍ မောင်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုမြင်းနှစ်ကောင်ပေါ်တွင် လူနှစ်ယောက် အပြင် နောက်ဘက်၌ မြင်းနှင့်ချိတ်ဆွဲထားသော ဘီးတပ်လှည်းကလေးများ ပါရှိလာသည်။ လှည်းပေါ်တွင်အရက်အိုးများ အစီအရီပါရှိလာကြ၏။ ဆိုင်ရှင်အဘိုးအိုက ခေါင်းသွင်သွင်ခါယမ်းလိုက်လေသည်။

"ဒုက္ခပါပဲ . . . သူတို့နှစ်ယောက်က တစ်ချိန်တည်းမှာ အတူတူလာကြတော့ ငါက ဘယ်သူ့ဆီကအရက်ကိုဝယ်ရမှာလဲ"



သူက တစ်ယောက်တည်း ညည်းညူနေလေသည်။

ကောင်းကျူးတို့သည် အဘိုးအို၏စကားကြောင့် အရက်လာရောင်းသော လူနှစ်ယောက်အားပြိုင်တူ လှမ်းကြည့်လိုက်ကြလေသည်။

အသက်လေးဆယ်ကျော်ခန့်ရှိ လူတစ်ယောက်နှင့် အသက်ငါးဆယ်ကျော်ခန့်ရှိ လူတစ်ယောက်ဖြစ်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက်မကျေမချမ်းဖြင့်ကြည့်ကာ အော်ဟစ်ရန်ဖြစ်လာကြ၏။ အဘိုးအိုက ဒေါသကြီးစွာဖြင့် အော်ဟစ်လိုက်သည်။

"ဟေ့. . . သူငယ် . . . မင်းက ကျုပ်ရဲ့ ဖောက်သည်ကို မင်းကလုပြီး . . . လာရောင်းတော့ မတရားဘူးနော်၊ အလုပ်လုပ်တယ်ဆိုတာ တရားသဖြင့် လုပ်ရတယ်"

လူရွယ်ကမဲ့ပြုံးပြုံးလိုက်၏။

"အဘိုးကြီး. . . ကျုပ်ကလဲ အရက်ရောင်းတာပဲ၊ ခင်ဗျားကလဲ အရက်ရောင်းတာပဲ . . . ဒါကို ဘာဖြစ်လို့ ပြဿနာရှာချင်နေတာလဲ"

အဘိုးအိုက အော်ငေါက်လိုက်သည်။

"ဒါ မင်းကသက်သက်မဲ့ ကျုပ်ရဲ့ဖောက်သည်တွေကို လိုက်လုနေတာပဲ . . . အဲဒါ မတရားတာကွ . . . မင်းဘာသာ ဖောက်သည်ရှာပါလား"

သူတို့သည် ယင်းသို့ဖြင့်ငြင်းခုံနေကြရင်းမှ ကောင်းကျူးတို့ ထိုင်နေသော စားပွဲအနီးတွင်ရပ်နေသည့် ဆိုင်ရှင်အနီး

www.burmeseclassic.com

www.burmeseclassic.com



တွင်မြင်း နှစ်ကောင်ကို ရပ်တန့်လိုက်ကြသည်။ ထို့နောက်. . .

သူတို့သည် မြင်းပေါ်မှခုန်ဆင်း၍ လှည်းကလေးများပေါ်မှ အရက်အိုးများကိုကိုယ်စီကိုယ်ငှ ချယူကာဆိုင်ရှင်အဘိုးအိုထံသို့ လှမ်းပေးလိုက်၏။

"အဘ. . . ကျွန်တော့်ဆီက အရက်ကိုယူပါ"

"မိတ်ဆွေ. . . ကျုပ်ဆီက ယူနေကျပဲ၊ ကျုပ်ဆီက ယူပါ"

သူတို့နှစ်ယောက်က ဆိုင်ရှင်ထံသို့အလုအယက် အရက်ရောင်းနေကြ၏။ ဆိုင်ရှင်အဘိုးအိုက လက်ကာပြလိုက်သည်။

"နေပါဦးဗျာ၊ ကျုပ်က တစ်နေ့မှအရက်နည်းနည်းပဲရောင်းရတာပါ . . . နှစ်ဦးဆီက အရက်တွေကိုယူလို့မဖြစ်ပါဘူး၊ လာတဲ့ခရီး သည်တွေလဲ ကြည့်ပါဦးဗျာ၊ ဒီနေ့မှ ခရီးသည်ဆိုပြီး မျှားနေတာပါ"

ကောင်းကျူက သူတို့အားကြည့်နေရင်းမှ မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများပေါ်လွင်လာလေသည်။

သူသည် အားလုံးသောလူများအား စကားပြောရန် ပါးစပ်ပြင်လိုက်၏။ ယင်းတဒင်္ဂလေးမှာပင်. . .

ရုတ်တရက် အရက်အိုးထမ်းလာသော လူရွယ်နှင့် အဘိုးအိုတို့သည် ကောင်းကျူတို့ထံသို့ အရက်အိုးဖြင့် ပစ်ပေါက်လိုက်ကြသည်။

ကောင်းကျူက ရင်ထဲထိတ်ခနဲဖြစ်သွားသည်။



သူသည် ဤလူများကစတင် အချင်းများနေစဉ်ကပင် ရိုးသားမှုမရှိကြောင်း သဘောပေါက်မိလေသည်။

ထို့ကြောင့် သူက လေထဲသို့ခုန်ကာ တိမ်းရှောင်ရင်းမှ အော်ဟစ်သတိပေး လိုက်လေသည်။

"သတိထား. . ."

သူ၏သတိပေးသံကြောင့် အားလုံးသောလူများက လေထဲ သို့ခုန်ပျံ၍ ရှောင်တိမ်းသွားကြသည်။ သို့သော်. . .

ထုဟန်ကမူ ရှောင်တိမ်းရန်မှာ အရက်အိုးကနီးကပ်နေပြီ ဖြစ်သဖြင့် ရှောင်တိမ်းချိန်မရတော့ပါချေ။ သူသည်ပြေးဝင်လာသော အရက်အိုးအား လက်ဝါးစောင်းဖြင့်ခုတ်ချလိုက်၏။

"ဝုန်း. . ." "ဗွမ်း. . ."

အရက်အိုးကြီးကကွဲသွားကာ အရက်များကလွင့်စဉ်၍ ထု ဟန်၏ခန္ဓာကိုယ်တစ်ခုလုံးသို့ စိုရွှဲသွားလေသည်။

ထိုအခါ ထုဟန်သည်ရုတ်တရက်စူးရှစွာ အော်ဟစ်ရင်း လဲကျသွားလေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း မည်းနက်သွားကာ ပါးစပ်ထဲမှသွေးမည်းများ ယိုစီးကျလာပြီး သေဆုံးသွားလေသည်။

အဖြစ်အပျက်မှာ လျင်မြန်လွန်းလှသည်။ ကောင်းကျူ၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။ သူသည် ဓားကိုဆွဲထုတ်ကာမာန်သွင်းအော်ဟစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ယား"

သူကဓားကိုအဆက်မပြတ် ဝှေ့ယမ်းကာအရက်အိုးဖြင့် ပစ်ပေါက်လိုက်သော လူရွှယ်နှင့်အဘိုးအိုတို့ကြားသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်သည်။ အဘိုးအိုနှင့်လူရွှယ်တို့မှာ မျက်နှာပျက်သွားကြသည်။

သူတို့သည် ကောင်းကျူက ဤမျှလျင်မြန်စွာ တုံ့ပြန်လိမ့်မည်ဟု မထင်မိပါချေ။ ထို့ကြောင့်. . .

သူတို့က လဲပြိုကျသွား၏။ သူတို့၏ ရင်ဝများတွင် ဓားဒဏ်ရာတစ်ချက်စီရရှိကာ သွေးများ သူတို့၏ရင်ဝမှ ဒလဟောပန်းထွက်လာသည်။ ကောင်းကျူက သူတို့အား လှည့်မကြည့်ပါ။

သူသည် ကြောင်အမ်းအမ်းဖြင့်ကြည့်နေသော ဆိုင်ရှင် အဘိုးအိုထံသို့ ဓားကိုထိုးစိုက်လိုက်သည်။

အဘိုးအိုက မဲ့ပြုံးပြုံး၍ ဓားကိုရိုက်ထုတ်လိုက်သည်။ တစ်ဆက်တည်းမှာပင်. . .

သူက ကောင်းကျူထံသို့ လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။ ကောင်းကျူက လက်ဝါးဖြင့်ခံပေးလိုက်၏။

တစ်ဆက် တည်းမှာပင် သူ၏ခန္ဓာကိုယ်ကလေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ ထိုအဘိုးအို၏ရင်ဝသို့ ခြေထောက်ဖြင့် နှစ်ချက်ဆင့် ကန်လိုက်သည်။

သူသည်ထုဟန်သေဆုံးသွားရခြင်းအတွက် ခံပြင်းနေသဖြင့် တိုက်ခိုက်ရာတွင်ရက်စက်ပြီး ပြင်းထန်လှသည်။



အဘိုးအိုသည် ရင်ထိတ်သွားကာ ကမန်းကတန်း ရှောင်တိမ်းလိုက်၏။

ထိုအခါ သူသည် ကောင်းကျူ၏ ခြေထောက်မှ ပွတ်ကာသီကာ လွဲချော်သွားသည်။ သူက ရင်ထိတ်သွားလေသည်။

"ဟေ့. . . အားလုံးတိုက်ကြစမ်း"

သူ၏အမိန့်ပေးသံကြောင့်. အခြားစားပွဲတွင်ထိုင်ကာ စား သောက်နေကြသော လူငါးယောက်တို့သည် ဓားကိုယ်စီဆွဲ ထုတ်ကာ ကောင်းကျူထံသို့ ပြေးဝင်တိုက်ခိုက်ကြသည်။

ကောင်းကျူက မဲ့ပြုံးပြုံးလိုက်၏။

သူက မိမိ၏ဓားပျော့ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး တိုက်ခိုက်သည်။

ထိုအချိန်မှာပင်. . .

ယို့အင်းပွေ၊ ရွှက်ကြွေသိုင်းသမား၊ ဟိုဖေ့၊ ဝူးလံနှင့် တိလျှံတို့က ထိုလူငါးယောက်အားဝင်ရောက် တိုက်ခိုက်လိုက်ကြ သည်။

ထိုတဒင်္ဂလေးမှာပင် ကောင်းကျူ၏ဓားပျော့က မြွေ တစ်ကောင်ပမာ အဘိုးအို၏ရင်ဝသို့ ဝင်ရောက်လာသည်။

အဘိုးအို၏မျက်နှာကွက်ခနဲပျက်သွားသည်။

သူသည် ကောင်းကျူ၏သိုင်းပညာမှာ မိမိထင်ထား သည်ထက်ပင် အဆင့်မြင့်လှကြောင်း တွေ့ရှိရသဖြင့် မပေါ့ ဆဝံ့ပါ။

အသေအလဲခုခံ နေရသည်။ သူကဓားကိုဆွဲထုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ခုန်ရှောင်သွား၏။ ကောင်းကျူကမဲ့ပြုံးပြုံးလိုက်သည်။ လူသည် အဘိုးအိုက ယင်းသို့ တိမ်းရှောင်မည်ကို ကြိုတင်သိရှိထားသဖြင့် ဆီးကြိုကာ ဓားဖြင့် ခံပေးလိုက်သည်။ အဘိုးအိုက ထိတ်လန့်တုန်လှုပ်သွားသည်။ သူက ကမန်းကတန်း နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းသွား၏။

ထိုအခါ. . .

ကောင်းကျူက သူ၏ဦးခေါင်းပေါ်မှကျော်ဖြတ်သွားကာ ပိတ်ဆို့တိုက်ခိုက်လိုက်သည်။

သူ၏ဓားသည် လျှပ်စီးလက်လိုက်သည့် အလား လျင်မြန်စွာဖြင့် အဘိုးအို၏ရင်ဝသို့ စိုက်ဝင်သွားလေသည်။

"အား. . ."

အဘိုးအိုကသူ၏ရင်ဝမှ ဓားကိုဆွဲထုတ်ကာတစ်ဖက်သို့ လှည့်လိုက်၏။

ယင်းအချိန်မှာပင် အားလုံးသောလူများတို့သည် အသီးသီးတိုက်ခိုက်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ကောင်းကျူက သူတို့အားမကြည့်နိုင်ပါချေ။ သူသည် ထု ဟန်ထံသို့ပြေးသွားကာ ပွေ့ချီလိုက်သည်။

သို့သော်. . .

ထုဟန်၏ခန္ဓာကိုယ်မှာ ဝိညာဉ်ကင်းမဲ့နေပြီကို တွေ့မြင်လိုက်ရသည်။ သူသည် ဒေါသထွက်လွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ တဆတ်ဆတ်တုန်ယင်နေလေသည်။

သူက ဓားကို ဆွဲထုတ်ကာ ကျန်လူများကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့ရာတွင်. . .

ယို့အင်းပွေ့တို့နှင့် တိုက်ခိုက်နေကြသော လူများတို့သည် တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးသွားခြင်းကို တွေ့မြင် လိုက်ရလေတော့သည်။

◙ ◙ ◙ ◙

မြေပုံအသစ်တစ်ခုသည် သစ်ပင်များစုရုံးပေါက်နေသော နေရာတွင်ရှိနေသည်။

ထိုမြေပုံရှေ့တွင် ကောင်းကျူ၊ ရွက်ကြွေသိုင်းသမား ပါထင်းစု၊ တိလျှို၊ ဟိုဖေ့နှင့်ဝူးလုံ၊ ယို့အင်းပွေ့တို့က ငြိမ်သက်စွာ ရပ်နေကြသည်။

သူတို့၏ မျက်လုံးများသည် ထုဟန်၏မြေပုံပေါ်သို့ ကျရောက်နေကြလေသည်။

ယင်းမျက်လုံးများတွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်နေသည်။

ကောင်းကျူက ထုဟန်၏မြေပုံအား ကြည့်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"ထုအစ်ကိုကြီး . . . ကျုပ်က ထုအစ်ကိုကြီးအတွက် တစ်နေ့နေ့မှာ ဒီတိတန်မိစ္ဆာဂိုဏ်းကို အပြီးတိုင်ချေမှုန်းမယ်လို့ ကတိပြုပါတယ်ဗျာ" ဟုတိုင်တည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယို့အင်းပွဲကမူ ထုပ်ဟန်အတွက် ရွှေစက္ကူ ငွေစက္ကူများကို မီးရှို့ကာဆုတောင်းပေးလိုက်၏။

ထို့နောက်. .

သူတို့အားလုံးသည် ဝူးပိမြို့သို့ခရီးဆက်ခဲ့ကြလေတော့၏။

◘ ◘ ◘ ◘

ဒုတိယပိုင်း ပြီး၏။

တတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

ကျောက်ဖြူတောင်

ကျောက်ဖြူတောင်သည် ဝူးပိမြို့၏တောင်ဘက်လီငါး၊ ဆယ်အကွာတွင် တည်ရှိလေသည်။ ဝန်းကျင်တစ်ခုလုံး အဖြူရောင် ကျောက်တောင်များဖြင့် ပြည့်နှက်နေသဖြင့် ကျောက်ဖြူတောင် ဟုခေါ်ဝေါ်ခြင်းဖြစ်သည်။

ညအချိန်ဖြစ်သဖြင့် နှင်းမြူများသည် ကျောက်ဖြူတောင် တစ်ဝိုက်တွင် လွှမ်းခြုံရစ်သိုင်းထားလေသည်။

နှင်းမြူများကြားတွင် မိန်းကလေးတစ်ယောက်သည် ကျောက်တောင်များပေါ်၌ မတ်တတ်ရပ်နေ၏။ သူမသည် အဖြူရောင်ဝတ်စုံကို ဝတ်ထားရာ အဝေးမှကြည့်လိုက်ပါလျှင် နှင်းမြူများနှင့်ရောပြီး မထင်မရှားဖြစ်နေရသည်။

ထို့ကြောင့် လူလော၊ ဝိညာဉ်လောဟု ထင်မြင်ရဖွယ်ရှိနေသည်။ သူမသည် အတန်ကြာအောင် ငေးငိုင်နေပြီးမှ တစ်ဖက်သို့ လှည့်လိုက်၏။

ထိုအခါ. ...

www.burmeseclassic.com

www.burmeseclassic.com



သူမလှည့်ကြည့်သည့်နေရာ၌ မိန်းကလေးတစ်ယောက်က မှုဆိုးထိုင် ထိုင်နေခြင်းကိုတွေ့မြင်လိုက်ရ၏။ သူမသည် မြွေများဖြင့် ဆော့ကစားနေရာ ညအချိန်တွေ့ရသည်မှာ ကျောချမ်းစရာမြင်ကွင်းတစ်ခုဖြစ်နေလေသည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသောမိန်းကလေးက မြွေများဖြင့် ဆော့ကစားနေသည့်မိန်းကလေးကိုလှည့်ကြည့်ကာမေးလိုက်သည်။

"ရှင်ချိန်ရီ၊ သူတို့က ဘာဖြစ်လို့အခုအချိန်ထိ မလာကြသေးတာလဲ"

ရှင်ချိန်ရီက ပြုံးလိုက်သည်။ သူမက မြွေများနှင့်ဆော့ကစားနေရာမှ အဖြေပေးလိုက်သည်။

"သခင်မလေးရယ်၊ သူတို့က အချိန်တန်ရင် လာကြမှာပေါ့"

သူမကပြောပြီး မြွေများနှင့်ဆော့ကစားခြင်းကို ရပ်တန့်လိုက်၍ ယို့အော့လျံအနီးသို့ လျှောက်လာသည်။ ယို့အော့လျံ၏မျက်နှာပေါ်တွင် စိုးရိမ်သည့်ဟန်မူရာများ ပေါ်လွင်နေသည်။ သူမက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးနော် အခုအချိန်ဆိုရင် သူတို့ကဘယ်နည်းနဲ့မဆို ရောက်လာသင့်ပြီ၊ သူတို့က အဘပါထင်းစုများမတွေ့ကြဘူးလား၊ အဘပါထင်းစုနဲ့မတွေ့ရင်တော့ အားလုံးလမ်းလွဲပြီ"

ရှင်ချိန်ရီက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူမသည် ယို့အော့လျံအားနှစ်သိမ့်စကား ဆိုလိုက်ရလေသည်။

"သခင်မလေးရယ်၊ အဘပါထင်းစုဟာ ကျွန်မတို့ဂိုဏ်းမှာ



စုံစမ်းရေးနဲ့ ဆက်သွယ်ရေးတာဝန်ခံ တစ်ယောက်ပါ၊ သူ့ရဲ့တာဝန်ကို ဘယ်တုန်းကလွဲချော်ခဲ့ဖူးလို့လဲ၊ သူက ကိုးနဂါးသခင်လေးတို့နဲ့ရအောင်ဆက်သွယ်မယ်လို့ ကျွန်မယုံကြည့်ပါတယ်၊ နောက်ပြီး အဘပါထင်းစုလောက် လည်တဲ့လူလဲမရှိပါဘူး၊ သေချာပါတယ်၊ သူတို့လာကြမှာပါ"

ယို့အော့လျံက မချိုပြုံးပြုံးလိုက်သည်။ သူမက အဝေးသို့မျှော်ကြည့်ကာ စိတ်မကောင်းဟန်ဖြင့် မေးလိုက်သည်။

"ဒါဆိုရင် သူတို့က ဘာဖြစ်လို့မရောက်လာကြသေးတာပါလိမ့်၊ လမ်းခရီးမှာ တစ်စုံတစ်ရာများဖြစ်နေကြပြီလား"

ရှင်ချိန်ရီက ဤတစ်ကြိမ်တွင်ပါးစပ်ပိတ်ထားလိုက်ရလေသည်။ သူမသည် ယို့အော့လျံပြောစကားမှာ အဓိပ္ပာယ်ရှိနေသဖြင့် ပြန်ပြောရန်ပင် စကားစရှာမရခဲ့ပါချေ။ ထို့ကြောင့်. . .

တွေဝေငေးငိုင်ကာ အဝေးသို့မျှော်ကြည့်နေလေ၏။

ယို့အော့လျံက ရုတ်တရက်တစ်စုံတစ်ခုကို သတိရကာ မေးလိုက်လေသည်။

"ဒါနဲ့ ဒီနေ့ ဘယ်သူကင်းကျသလဲ"

ရှင်ချိန်ရီက တည်ကြည်သောမျက်နှာထားဖြင့်. . .

"ခါးကုန်းကြီးရဲ့အလှည့်ပါ"

ဟုပြောလိုက်လေသည်။ ယို့အော့လျံက ခေါင်းညိတ်လိုက်သည်။ သူမက စိတ်ချသွားဟန်ဖြင့် ပြောလိုက်၏။

"ကောင်းတယ်၊ ခါးကုန်းကြီးဆိုရင် အားလုံးစိတ်ချရတယ်"

ရှင်ချိန်ရီက သူမအား ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လဲ သခင်မလေးအရေးဟာမောလောက်အနား ယူလိုက်ပါဦးလား"

ယို့အော့လျှံကခေါင်းညိတ်လိုက်သည်။ သူမက ရှင်ချိန်ရှီအားကြည့်ကာ. . .

"ညည်းကတော. . ."

ရှင်ချိန်ရှီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မက ဒီမှာ အခြေအနေကိုခဏစောင့်ကြည့်လိုက်ဦးမယ်"

ယို့အော့လျှံက သူမအား ကရုဏာသက်စွာကြည့်လိုက်လေသည်။

"ရှင်ချိန်ရှီ. . . ညည်းလဲ တကယ်ပင်ပန်းနေပြီပဲ"

ရှင်ချိန်ရှီက ပြုံး၍ခေါင်းခါယမ်းလိုက်၏။

"မမတို့ရဲ့ကျေးဇူးက ကျွန်မအပေါ်မှာ မသေးခဲ့ပါဘူး၊ ကျွန်မမှာမိဘမဲ့ဘဝနဲ့ လေလွင့်နေချိန်မှာ မမတို့က ကျွန်မကိုခေါ်ပြီး ကျွေးမွေးမစောင့်ရှောက်ခဲ့ရင် အခုလောက်ဆိုလင်းဘောင်းမှာ ဘယ်လိုဘဝမျိုးရောက်နေမလဲဆိုတာ မသိတော့ပါဘူးရှင်"

ယို့အော့လျှံက ပြုံး၍သူမ၏ပခုံးကို ကိုင်လိုက်သေသည်။

"တော်ပြီ. . . တော်ပြီ. . .၊ ဒါတွေပြောမနေနဲ့တော့ လာပါ ငါတို့နှစ်ယောက် အတူတူအိပ်ကြတာပေါ့"

သူမကပြောပြီး ရှင်ချိန်ရှီ၏ပခုံးကို သိုင်းဖက်လိုက်သည်။

ယင်းအချိန်မှာပင်. . .

ရှင်ချိန်ရှီ၏အိတ်ထဲမှမြွေစိမ်းကလေးက လျှောခနဲလိုး



ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။ ယို့အော့လျှံက ကမန်းကတန်း နောက်ဆုတ်လိုက်ရလေသည်။ သူမက အစိမ်းရောင်မြွေစိမ်းကလေးအား အံ့ဩထိတ်လန့်စွာကြည့်နေ၏။ အစိမ်းရောင်မြွေကလေးသည် တစ်ကိုယ်လုံးအစိမ်းရောင်တောက်ပနေသော်လည်း မျက်လုံးနှစ်လုံးမှာမူနီရဲတောက်ပနေကာ ရဲရဲနီနေသောမီးကျီခဲပမာရှိနေ၏။ အစိမ်းရောင်မြွေကလေးသည် ယို့အော့လျှံအား ဦးခေါင်းထောင်မော့ကာကြည့်နေလေသည်။ ပုံသဏ္ဌာန်မှာ ယို့အော့လျှံအား အချိန်မရွေး တိုက်ခိုက်ရန်အသင့်ပြင်ထားသကဲ့သို့ ဖြစ်နေ၏။

ရှင်ချိန်ရှီက ရယ်ချင်လာသော်လည်း မရယ်နိုင်ပါချေ။

ယို့အော့လျှံက မြွေစိမ်းကလေနှင့်ရှင်ချိန်ရှီအား ကြည့်ကာ အံ့ဩထိတ်လန့်စွာဖြင့်မေးလိုက်သည်။

"ရှင်ချိန်ရှီ. . . ဒီမြွေ. . ."

ရှင်ချိန်ရှီက ပြုံးပြလိုက်၏။ သူမက မြွေစိမ်းကလေးအား နမ်းရှုပ်လိုက်သည်။ မြွေစိမ်းကလေးသည်လည်း သူမအားအနမ်းလေးဖြင့်ပြန်လည်ကျီစယ်သည်။ တစ်ခဏကြာမှ သူမက ယို့အော့လျှံအား ပြုံးပြလိုက်၏။

"ဒီမြွေစိမ်းကလေးကို သခင်မလေးက တစ်ခါမှမတွေ့ဖူးလို့ အံ့ဩနေတယ်ထင်တယ်"

ယို့အော့လျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါက တခြားမြွေတွေကိုသာ ညည်းနဲ့လုံးထွေးနေတာ မြင်ခဲ့ဖူးတယ်၊ ဒီမြွေစိမ်းကိုတော့ မမြင်ဖူးဘူး"

ရှင်ချိန်ရှီက ပြုံးလိုက်သည်။ သူမက မြွေစိမ်းကလေးအား

www.burmeseclassic.com

www.burmeseclassic.com



ယုယစွာကိုင်တွယ်ကာရှင်းပြလိုက်သည်။

"အမှန်တော့ ဒီမြေစိမ်းကလေးဟာ တရုတ်ပြည်မှာအလွန်ရှားပါးတဲ့မြေမျိုးပါ၊ သူ့ကို တိဗက်နယ်ခြားမှာသာ တွေ့ရတတ်တယ်"

ယို့အော့လျှံက အံ့ဩသွားလေသည်။ သူမက ရှင်ချိန်ရှီအားမျက်လုံးပြူးကာ ကြည့်လိုက်၏။

"ညည်းက တိဗက်နယ်ခြားအထိ ရောက်ဖူးတယ်ပေါ့ ဟုတ်လား"

ရှင်ချိန်ရှီက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မ မရောက်ဖူးပါဘူးရှင်"

ယို့အော့လျှံမျက်မှောင်ကုတ်လိုက်သည်။

"ဒါဖြင့် ဒီမြေကလေးက ဘယ်လိုလုပ်ပြီး ညည်းဆီကိုရောက်လာရတာလဲ"

ရှင်ချိန်ရှီက အဝေးသို့မျှော်ကြည့်လိုက်သည်။ သူမက အတန်ကြာအောင် ငေးငိုင်နေပြီးမှ တစ်ခွန်းချင်းရှင်းပြလိုက်လေသည်။

"ကျွန်မဘဝဟာ ငယ်ငယ်လေးကတည်းက မိဘမဲ့တစ်ယောက်ပါ၊ ကျွန်မ မှတ်မိသလောက်ပြောရရင် ကျွန်မလူမှန်းသိတက်စအရွယ်မှာ ကျွန်မကို တိဗက်အဘိုးအိုတစ်ယောက်က ကျွေးမွေးပြုစုခဲ့တယ်"

သူမက အဝေးသို့မျှော်ကြည့်ကာ စကားဆက်လိုက်၏။

"သူက မြေအမျိုးမျိုးကို ကျွမ်းကျင်စွာဖမ်းနိုင်တယ်၊ မြေ



ဆိပ်ထုတ်တာလဲ ကျွမ်းကျင်တယ်၊ ဒါတင်မကဘူး၊ အလွန်အဆိပ်ပြင်းတဲ့မြေတွေကို ဖမ်းဆီးပြီးအလမ္ပာယ်ပြစားတယ်၊ သူက တစ်ခါတလေ လမ်းခရီးမှာ လမ်းမားပြတွေနဲ့ကြုံလာခဲ့ရင်လဲ မြေတွေကိုလက်နက်အဖြစ်အသုံးပြုပြီး ရန်သူကိုရင်ဆိုင်တတ်တယ်လေ"

ယို့အော့လျှံက စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

ရှင်ချိန်ရှီ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်အမူရာများပေါ်လာသည်။ သူမက ခေါင်းပေါ်မှ ဆံပင်များကိုလက်ဖြင့်တစ်ချက်သပ်တင်ကာ စကားဆက်လိုက်၏။

"အင်း. . . တိဗက်ဆရာကြီးဟာသေဆုံးသွားတယ်၊ ကျွန်မမှတ်မိသလောက်ဆိုရင် ဆရာကြီးသေဆုံးသွားတဲ့ အချိန်မှာ ကျွန်မအသက်က ဆယ်နှစ်လောက်ပဲရှိဦးမယ်၊ အဲဒီအရွယ်ကလေးကတည်းက ကျွန်မက ဆရာကြီးသင်ပေးခဲ့တဲ့ မြေအလမ္ပာယ်ပြတဲ့ဘဝနဲ့ နယ်လှည့်ပြီးအသက်မွေးဝမ်းကျောင်းပြုခဲ့တယ်"

ယို့အော့လျှံက ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ငါတို့နဲ့တွေ့စတုန်းက ညည်းက မြေအလမ္ပာယ်ပြရင်း ချန်းအန်းနေပြည်တော်နားက ဈေးကလေးမှာတွေ့ခဲ့ကြတယ် မဟုတ်လား"

ရှင်ချိန်ရှီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ယို့အော့လျှံက မျက်လုံးပင့်ကာ ကြည့်လိုက်သည်။

"နေပါဦး၊ အဲဒီအချိန်ကတည်းက သူနဲ့ကျွန်မနဲ့အတူပါလာခဲ့တာပါ၊ သူ့ကို ကျွန်မက အမြဲတမ်းအကျီအိတ်ထဲမှာထားပြီး၊

www.burmeseclassic.com

www.burmeseclassic.com



သွားလေရာကို ခေါ်သွားခဲ့တယ်လေ"

ယို့အော့လျှံက ကျောက်စိမ်းမြွေကလေးအား ကြည့်ကာမျက်မှောင်ကုတ်လိုက်သည်။

"ဒါနဲ့သူက အတော်ကိုအဆိပ်ပြင်းပုံပဲနော်"

ရှင်ချိန်ရီက ပြုံးလိုက်သည်။ သူမ၏အပြုံးမှာ ဂုဏ်ယူဝင့်ကြွားသောအပြုံးမျိုးဖြစ်သည်။

"ဟုတ်တယ်၊ မြွေစိမ်းကလေးဟာ အခြားမြွေတွေထက် အဆိပ်ပြင်းသလောက် ပြင်းထန်တယ်၊ နောက်ပြီး သူကတိုက်ခိုက်ရေးပညာ ကျွမ်းကျင်တယ်၊ ဒါကြောင့် ကျွန်မဆရာက သူ့ကိုအထူးလက်သပ်မွေးမြူပြီး လျှို့ဝှက်သိမ်းဆည်းထားခဲ့ပါတယ်"

ယို့အော့လျှံက စိတ်ဝင်စားလေသည်။ သူမက မြွေစိမ်းကလေးအား ကြည့်ကာ. . .

"ငါက သူ့ရဲ့တိုက်ခိုက်ရေးပညာကို ကြည့်ချင်လိုက်တာ"

ရှင်ချိန်ရီက ပြုံးလိုက်သည်။ သူမကဦးညွှတ်ကာ. . .

"စိတ်ချပါ၊ တစ်နေ့နေ့မှာ သခင်မလေးက သူ့ရဲ့တိုက်ခိုက်ရေးပညာကို တွေ့မြင်စေရပါမယ်"

သူမက ပြောပြီးလေတစ်ချက်ချွန်လိုက်ရာ မြွေစိမ်းကလေးက အင်္ကျီအိတ်ထဲသို့ လျှောခနဲပြန်ဝင်သွားလေသည်။ ယို့အော့လျှံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ရှင်ချိန်ရီ. . . ညည်းက ဒီလောက်မြွေမွေးမြူရေးတစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေတာကိုကြည့်ပြီးချီးကျူးမိပါတယ်"

ရှင်ချိန်ရီက ပြုံး၍ပြောလိုက်၏။



"သခင်မလေးကကော ကျာပွတ်ပညာမှာ တစ်ဖက်ကမ်းခပ်အောင်တတ်တယ် မဟုတ်လား၊ ကျွမ်းကျင်ရာ လိမ္မာရာပေါ့ သခင်မလေးရယ်"

ယို့အော့လျှံက ပြုံးလိုက်သည်။ သူမက ခေါင်းတစ်ချက်ခါယမ်းကာ ရယ်မောလိုက်သည်။

"ရှင်ချိန်ရီ. . . ညည်းက သူများကျေနပ်အောင် ပြောတဲ့နေရာမှာ တစ်ဖက်ကမ်းခပ်အောင် တော်တာပဲကိုး"

ရှင်ချိန်ရီက ရယ်မောလိုက်သည်။ သူမသည် ယို့အော့လျှံအားကြည့်ကာ လိုက်လိုက်လှဲလှဲ ပြောလိုက်၏။

"သခင်မလေးရယ်၊ ကျွန်မက တကယ်ပြောတာပါ၊ တစ်ခါတလေ သခင်မလေးလို ကျာပွတ်ကိုကျွမ်းကျွမ်းကျင်ကျင် သုံးတတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ချင်မိတယ်"

ယို့အော့လျှံက ပြုံးလိုက်လေသည်။ သူမက ရှင်ချိန်ရီအားကြည့်ကာ ပခုံးတစ်ချက်တွန့်လိုက်သည်။

"ငါလဲ ညည်းရဲ့မြွေကျွမ်းကျင်စွာမွေးမြူတဲ့ပညာကို သဘောကျနေမိတယ်"

သူမ၏စကားကြောင့် ရှင်ချိန်ရီက ရယ်မောလိုက်လေသည်။ ယို့အော့လျှံကလည်း ရယ်မောမိလေ၏။ တစ်ခဏကြာမှ သူတို့ကရယ်မောခြင်းကို ရပ်တန့်လိုက်ကြသည်။ ယို့အော့လျှံက ကောင်းကင်ကိုတစ်ချက်မော့ကြည့်လိုက်သည်။ သူမက ရှင်ချိန်ရီအားကြည့်ကာ ပြုံးပြလိုက်၏။

"ကဲ. . . ညဉ့်နက်လှပြီ ငါတို့အိပ်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထွက်ခွာရန်ဟန်ပြင်လိုက်သည်။ ထိုတဒင်္ဂအချိန်လေးမှာပင် အဝေးဆီမှမြင်းခွာသံသဲ့သဲ့ထွက်ပေါ်လာလေတော့သည်။ တစ်ဆက်တည်းမှာပင် ပြေးလွှားလာသော လူတစ်ယောက်ကိုတွေ့မြင်လိုက်ရ၏။ ယို့အော့လျှံက မျက်ခုံးပင့်ကာကြည့်လိုက်သည်။

"လောက်ချင်း. . . ကောင်းသခင်လေးတို့ လာကြပြီလား"

သူမက အော်ဟစ်မေးလိုက်သည်။ လောက်ချင်းဆိုသောလူက သူမနားတွင်ခြေလှမ်းရပ်တန့်လိုက်ကာ ဦးညွှတ်လိုက်လေသည်။

"သခင်မလေး. . . အခုလာနေတဲ့လူတွေက ကောင်းသခင်လေးတို့ မဖြစ်နိုင်ပါဘူး"

ယို့အော့လျှံက မျက်မှောင်ကြုတ်လိုက်သည်။ သူမက ဘဝင်မကျဟန်ဖြင့်. . .

"မင်းက ဘာကြောင့်ဒီလိုပြောနိုင်တာလဲ"

"အခုလာတဲ့လူတွေက အနက်ရောင်ဝတ်စုံတွေ ဝတ်ဆင်ထားကြတာကို တွေ့ရတယ်၊ နောက်ပြီး သူတို့ကဓားလက်နက်တွေကို အသင့်ကိုင်ဆောင်ပြီး လာနေကြတာပါ"

ယို့အော့လျှံက ရင်ထိတ်သွားလေသည်။ သူမက သေချာစေရန် ထပ်မံမေးလိုက်၏။

"ဒါနဲ့ သူတို့က လူအင်အားဘယ်လောက်ရှိသလဲ"

လောက်ချင်းက အနည်းငယ်စဉ်းစားလိုက်သည်။

"လူအင်အားနှစ်ဆယ်လောက်ရှိပါတယ်"



ယို့အော့လျှံ မျက်နှာကွက်ခနဲပျက်သွားလေသည်။ သူမက အံကိုတင်းတင်းကြိတ်လိုက်၏။

"ဒါဆိုရင် တိတန်မိစ္ဆာဂိုဏ်းတွေပဲ ဖြစ်လိမ့်မယ်"

လောက်ချင်းက ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်ပါတယ် သခင်မလေး"

ယို့အော့လျှံက မဲ့ပြုံးပြုံးလိုက်သည်။ သူမက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ဒါဆိုရင် ငါပြောထားတဲ့ အစီအစဉ်အတိုင်း ဆောင်ရွက်ပါ"

လောက်ချင်းက ဦးညွှတ်လိုက်၏။ ထိုအချိန်၌. . .

ခါးကုန်းအဘိုးအိုကြီးကလည်း ပြေးလွှားရောက်လာ၏။

"သခင်မလေး သူတို့ရောက်လာကြပြီ"

ယို့အော့လျှံက ခေါင်းညိတ်လိုက်သည်။ သူမက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"တဲ. . . အားလုံးလျှိုထဲဝင်ကြမယ်ဟေ့"

အားလုံးသောလူများက သူမ၏စကားဆုံးသည်နှင့် အားလုံးသောလူများသည် ကျောက်တောင်စွန်းတစ်ခုဆီသို့ ပြေးလွှားသွားလေသည်။ ထိုနေရာတွင် သံမဏိပြားဝိုင်းတစ်ခုက မြေပြင်ပေါ်တွင်နေလေသည်။ ထို့ပြင် သံမဏိပြားဝိုင်းပေါ်တွင် သံကွင်းတစ်ခုအားမြင်နေရလေသည်။ အားလုံးသောလူများက ထိုသံမဏိကွင်းအား ဆွဲဖွင့်လိုက်သည်။ ထိုအခါ မြေအောက်သို့ဆင်းသောလှေကားကိုတွေ့ လိုက်ရလေသည်။ အားလုံးသောလူများက

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်လမ်းအတိုင်း ဆင်းသွားလေတော့သည်။ ယခု . . .

ကျောက်ဆောင်ပေါ်တွင် ယို့အောလျှံ၊ ရှင်ချိန်ရီနှင့်ခါး ကုန်းကြီးတို့သာ ကျန်တော့၏။ သူတို့သည် မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်သည့်နေရာသို့ မျက်တောင်မခတ်စိုက်ကြည့်နေလေတော့သည်။

* * * *

ကြယ်တံခွန်သိုင်းသမားနှင့် တိတန်နံပါတ်တစ်တို့သည် ရှေ့ဆုံးမှမြင်းနှစ်ကောင်ကို ပခုံးချင်းယှဉ်ကာဒုန်းစိုင်းနှင်လာကြလေသည်။ သူတို့၏နောက်တွင် တိတန်မိစ္ဆာဂိုဏ်းသားနှစ်ဆယ်ခန့် မြင်းကိုယ်စီဖြင့် လိုက်ပါလာကြသည်။ သူတို့သည် တောအုပ်အား လွန်မြောက်လာသောအခါ ကျောက်ဆောင်ကျောက်တောင်များဖြင့် ပြည့်နှက်နေသောလွင်ပြင်တစ်ခုကို တွေ့မြင်လိုက်ရသည်။

တစ်ဆက်တည်းမှာပင် . . .

ကျောက်ဆောင်ကျောက်တောင်များကြားတွင် လူသုံးယောက်ရပ်နေကြောင်းကို လ၏အလင်းရောင်ကြောင့်အဝေးမှ တွေ့ မြင်လိုက်ရလေသည်။ မှောင်မိုက်ထဲတွင် လ၏အလင်းရောင်သည် နေမင်းကဲ့သို့ပင်ဖြစ်လေ၏။ ကြယ်တံခွန်ဓားသမားက ကျေနပ်စွာ ပြုံးလိုက်သည်။ သူသည် ရွှေနဂါးဂိုဏ်းတွင် သုံးနှစ်တိုင်တိုင် နေထိုင်ခဲ့ရာ အဝေးမှကြည့်လိုက်သဖြင့် တစ်ပြိုင်နက် ယို့အောလျှံ၊ ရှင်ချိန်ရီနှင့် ခါးကုန်းကြီးတို့ဖြစ်ကြောင်း ကောင်းစွာ သိရှိလိုက်သည်။

သူတို့သည် ဤတစ်ကြိမ်၌လည်း သတင်းရောင်းသမား



ကော့မင်ကျေ့ထံမှ ရရှိသောသတင်းမှာ မှန်ကန်ပြီးတိကျသည်ဟု နားလည်လိုက်၏။ သူက တိတန်နံပါတ်တစ်အား လှည့်ကြည့်ကာ ပြောလိုက်သည်။

"ဟောဟိုရှေ့မှာ ရပ်နေတာဟာ ယို့အောလျှံပဲ"

တိတန်နံပါတ်တစ်က သူနှင့်မြင်းကိုပခုံးချင်းယှဉ်ကာ မောင်းနှင်လာရင်းမှ မေးလိုက်လေသည်။

"ယို့အောလျှံဆိုတာ ရွှေနဂါးဂိုဏ်းက သခင်မလေးမဟုတ်လား"

ကြယ်တံခွန်ဓားသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

တိတန်နံပါတ်တစ်က မဲ့ပြုံးပြုံးလိုက်သည်။ သူ၏မျက်လုံးများပေါ်လွင် လာသည်။

"ဒါဆိုရင် ဘာလုပ်နေတာလဲ၊ သူ့ကိုအမြန်ဆုံး သုတ်သင်လိုက်ကြတာပေါ့၊ ကျုပ်တို့ဒီကိုလာတဲ့တာဝန်က ဘာတာဝန်လဲ၊ အဲဒီတာဝန်ကို ထမ်းဆောင်ရုံပဲ"

သူကပြောပြီး မြင်းကိုဒုန်းစိုင်းနှင်ကာ ရှေ့မှမောင်းနှင်လာ၏။ မကြာမီ သူတို့သည် ယို့အောလျှံတို့လူစုနှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်ရှိလာလေတော့သည်

* * * *

ယို့အောလျှံတို့လူစုသည် တိတန်မိစ္ဆာဂိုဏ်းမှ လူများအား

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်မခတ်ကြည့်နေကြသည်။ သူမတို့က ကြည့်နေစဉ်မှာပင် တိတန်မိစ္ဆာဂိုဏ်းမှလူများသည် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်ရှိလာကြ၏။

ထိုအချိန်၌. . .

ယို့အော့လျှံ၏မျက်ဝန်းအစုံတွင် အေးစက်တင်းမာသော ဟန်မူရာများပေါ်လွင်လာ၏။ သူမသည် ရှင်ချိန်ရီအား တိုးညင်းသောအသံဖြင့် ပြောလိုက်သည်။

"ရှင်ချိန်ရီ. . . ငါတို့ရဲ့အစီအစဉ်ကိုစပြီး လှုပ်ရှားဖို့သင့်ပြီ"

ရှင်ချိန်ရီ၏မျက်နှာတစ်ခုလုံးမှာ အေးစက်တင်းမာနေသည်။ သူမက နံဘေးရှိ ခါးကုန်းကြီးအားကြည့်လိုက်၏။

ခါးကုန်းကြီးက သူမ၏အကြည့်ကိုသဘောပေါက်သည့် အလားခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

သူသည် မြေပြင်တစ်နေရာတွင်ရှိနေသော သံမဏိကွင်းတစ်ခုကို ဆုပ်ကိုင်လိုက်သည်။

ထိုအချိန်၌. . .

ရှင်ချိန်ရီကလည်း တခြားတစ်နေရာရှိ သံမဏိကွင်းတစ်ခုကို ဆုပ်ကိုင်ထားလိုက်လေသည်။

ထို့နောက်. . .

သူတို့နှစ်ယောက်သည် ထိုသံမဏိကွင်းနှစ်ခုအား ရုတ်တရက် ဆောင့်ဆွဲလိုက်၏။

"ဝေါ"



ရုတ်တရက် ဆူညံသောအသံများပေါ်လွင်လာပြီးလျှင် သူတို့နှင့်ဝါးတစ်ချက်ရိုက်ခန့်အကွာ၌ မြေတွင်းကြီးတစ်ခုဖြစ်ပေါ်လာတော့သည်။

* * * *

ကြယ်တံခွန်ဓားသမားတိတန်နံပါတ်တစ်နှင့် တိတန်မိစ္ဆာဂိုဏ်းသားများတို့သည် ယို့အော့လျှံတို့ထံသို့ မြင်းကိုဒုန်းစိုင်းကာ မောင်းနှင်လာကြသည်။ သူတို့သည် ယို့အော့လျှံတို့အားသုတ်သင်ရှင်းလင်းရန်ဆန္ဒများ ပြင်းပြနေကြသည်။ ထို့ကြောင့်. . .

ယို့အော့လျှံတို့ထံသို့ မြင်းကိုဒုန်းစိုင်းနှင်လာခဲ့ရာ ဝါးတစ်ရိုက်ခန့်အကွာသို့ပင် နီးလာပြီးဖြစ်သည်။ သို့ရာတွင်. . .

ယို့အော့လျှံတို့သုံးယောက်က သူတို့အား မမှိတ်မသုန်စိုက်ကြည့်နေခြင်းကို သံသယရှိသည်။ အဘယ့်ကြောင့်မလှုပ်မယှက်စူးစူးစိုက်စိုက်ကြည့်နေရသနည်း။ သူသည် ယို့အော့လျှံတို့သည် သုံးယောက်အားအဝေးမှ တွေ့နေစဉ်မှာပင် ကောင်းကျူးတို့လူစုက ရောက်ရှိလာခြင်းမဟုတ်သေးခဲ့ကြောင်း နားလည်လိုက်မိသည်။

အဘယ့်ကြောင့်ဆိုသော် . . .

ကောင်းကျူးကသာ ယို့အော့လျှံတို့ထံရောက်ရှိနေပါလျှင် မည်သည့်နည်းနှင့်မျှ ယခုကဲ့သို့ပုန်းလျှိုးကွယ်လျှိုးလုပ်နေမည်မဟုတ်ကြောင်း သိရှိထား၍ဖြစ်ပေသည်။ ဤသို့ဆိုပါလျှင်. . .

ကြယ်တံခွန်ဓားသမားနှင့် တိတန်နံပါတ်တစ်တို့ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာခြင်းကို တွေ့မြင်လိုက်ပါသော်လည်း ယို့အော့လျှံတို့ကအဘယ်ကြောင့် တစ်စုံတစ်ရာလှုပ်ရှားမှု မရှိပါသနည်း။

ယို့အော့လျှံသည် မိမိတို့အားလူအင်အားသုံးယောက်တည်းနှင့် ရင်ဆိုင်တိုက်ခိုက်ရန်ဆုံးဖြတ်ထားသည်လော။

မဖြစ်နိုင်ချေ။ ယို့အော့လျှံသည် အလွန်ဉာဏ်ကောင်း၍ ဤမျှမိုက်မဲသောမိန်းကလေးတစ်ယောက် မဖြစ်နိုင်။

ဤသို့ဆိုပါလျှင်. . .

သူမတို့သည် မည်သည့်အကြံအစည်ရှိသဖြင့် ယခုကဲ့သို့ မလှုပ်မယှက်ရပ်တန့်နေပါသနည်း။ ဤသို့စူးစူးစိုက်စိုက်ကြည့်နေကြရင်းသနည်း။ ကြယ်တံခွန်ဓားသမားသည် ဤသို့စဉ်းစားလိုက်မိသည်နှင့် ရင်ထဲ၌ထိတ်ခနဲဖြစ်သွားမိသည်။ သူက မြင်းကိုရပ်တန့်၍ အော်ဟစ်သတိပေးရန် ဟန်ပြင်လိုက်၏။

ယင်းတဂ်အချိန်လေးမှာပင်. . .

သူတို့၏မြင်းများပြေးလွှားနေသော ပြေးလမ်းရှေ့တွင် မြေကြီးများသည် ရုတ်တရက်ဆူညံသောအော်မြည်သံနှင့်အတူ မြေတွင်းကြီးတစ်ခုဖြစ်ပေါ်လာ၏။

"သတိထားဟေ့. . ."

သူကအော်ဟစ်ရင်းမြင်းကို ရပ်တန့်လိုက်ရန်ဟန်ပြင်လိုက်သည်။ သို့သော်. . .

နီးကပ်လွန်းသော အနေအထားကြောင့်မြင်းအရှိန်ကို ရပ်တန့်ခြင်းမရှိတော့ပါ။ ထို့ကြောင့် သူက ရုတ်တရက်ကိုယ်ဖော့ပညာကို အသုံးပြုကာလေထဲတွင်ပျံဝဲ၍ မြေတွင်းကြီး၏တစ်ဖက်



နှုတ်ခမ်းသို့ခုန်ကူးသွားလေသည်။ ထို့အတူ. . .

တိတန်နံပါတ်တစ်ကလည်း လေထဲတွင်သိမ်းငှက်တစ်ကောင်ပမာ ပျံဝဲကာမြေတွင်း၏ တစ်ဖက်နှုတ်ခမ်းဆီသို့ ရောက်ရှိသွားလေသည်။ သူတို့သည် တစ်ဖက်နှုတ်ခမ်းသို့ ခြေချလိုက်မိစဉ်မှာပင် စူးရှနာကျင်သောအော်ဟစ်သံများက အဆက်မပြတ်ထွက်ပေါ်လာသည်။

"အား. . ."

"အီး. . ."

"အောင်မယ်လေး. . ."

ယင်းအသံများကြောင့် ကြယ်တံခွန်ဓားသမားနှင့်တိတန်နံပါတ်တစ်တို့က ထိတ်လန့်သွားကာချာခနဲ လှည့်ကြည့်လိုက်မိကြသည်။ ထိုအခါ. . .

သူတို့၏မျက်လုံးများ ပြူးကျယ်သွားကြလေတော့သည်။

* * * *

မြင်ကွင်းကမလှပချေ။ လူနှစ်ဆယ်နှင့် မြင်းနှစ်ဆယ့်နှစ်ကောင်သည် မြေတွင်းကြီးထဲတွင်ကျနေ၏။

သူတို့၏ဝမ်းဗိုက်အား မြေတွင်းထဲရှိချွန်ထက်သော ဝါးချွန်များက စိုက်ဝင်နေကြလေသည်။ ကြယ်တံခွန်ဓားသမားနှင့် တိတန်နံပါတ်တစ်တို့က ထိုမြင်ကွင်းကို ကြည့်ကာအကြီးအကျယ်ထိတ်လန့်သွားကြသည်။ သူတို့သည် မိမိတို့မှာအလွန်ကြောက်စရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



သော ရန်သူ၏ထောင်ချောက်ထဲသို့ တိုးဝင်ခဲ့ပြီဖြစ်ကြောင်း သိရှိလိုက်လေသည်။ အသိနောက်ကျနေကြရပြီ။

သူတို့၏ ဒေါသကြီးစွာဖြင့် ယို့အော့လျှံတို့အား လှည့်ကြည့်လိုက်ကြလေသည်။ သူတို့၏မျက်လုံးအစုံက ဒုတိယအကြိမ်ပြုံးကျယ်ရပြန်လေသည်။ အဘယ့်ကြောင့်ဆိုသော်. . .

ယို့အော့လျှံတို့သုံးယောက်သည် သူတို့၏မြင်ကွင်းမှပျောက်ခြင်းမလှပျောက်ကွယ်သွားကြပြီ မဟုတ်ပါလော။ ကြယ်တံခွန်ဓားသမားနှင့် တီတန်နံပါတ်တစ်တို့သည် ဝန်းကျင်တစ်ခုလုံးအား မျက်လုံးဝေ့ကာကြည့်လိုက်ကြလေသည်။ ဝန်းကျင်တွင် ကျောက်ဆောင်ကျောက်တောင်များဖြင့် ပြည့်နှက်နေ၏။ ထို့ကြောင့်. . .

ယို့အော့လျှံတို့ တစ်နေရာတွင်ပုန်းအောင်းနေလိမ့်မည်ဟု မှတ်ထင်လိုက်မိကြသည်။ သို့သော်. . .

သူတို့က ယို့အော့လျှံတို့အား လိုက်လံ၍မရှာဖွေပါချေ။

အဘယ့်ကြောင့်ဆိုသော်. . .

သူတို့သည် ယို့အော့လျှံတို့က နောက်ထပ်ထောင်ချောက်များ ဆင်ထားမည်ကိုတွေးတောကာ ကြောက်ရွံ့နေမိကြ၍ ဖြစ်ပါသည်။ ထို့ကြောင့် သူတို့နှစ်ယောက်က ကျောချင်းကပ်ကာအခြေအနေကို စောင့်ကြည့်နေကြရသည်။ သူတို့အတွက် သေဘေးသည် အလွန်နီးကပ်နေလေပြီ။

ထိုအချိန်မှာပင် ရုတ်တရက် ကျယ်လောင်သောအသံကြီးတစ်ခုကမြည်ဟည်းလာလေသည်။

ကြယ်တံခွန်ဓားသမားနှင့် တီတန်နံပါတ်တစ်တို့က ထိတ်



လန့်သွားကာ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ထိုအခါ. . .

လူတစ်ရပ်ခန့် မြင့်မားသောကျောက်တုံးကြီးတစ်တုံးက လေထဲတွင်အရှိန်ဖြင့် ပြင်းစွာသူတို့နှစ်ယောက်ထံသို့ လွင့်ပျံလာခြင်းကိုတွေ့မြင်လိုက်ရ၍ ဖြစ်သည်။

သူတို့သည် ခေသောလူများ မဟုတ်ကြပါချေ။ သိုင်းလောက၏အတွေ့အကြုံနှင့် ရင့်ကျက်ကြသူများဖြစ်ကြသည်။

ထို့ကြောင့် သူတို့က တွေဝေခြင်းမရှိဘဲမာန်သွင်းအော်ဟစ်ကာ လက်ဝါးလေးဖက်ဖြင့် အားကုန်ရိုက်ချလိုက်ကြလေသည်။

"ဝုန်း"

သူတို့နှစ်ယောက်က အတွင်းအားကိုစုပေါင်း၍ အသုံးပြုလိုက်သဖြင့် ကျောက်တုံးကြီးသည် အစိတ်စိတ်အမြွှာမြွှာကွဲကြေကာ လွင့်စဉ်ကုန်ကြလေသည်။ ဝန်းကျင်တစ်ခုလုံးတွင် ကျောက်ခဲကျောက်စများဖြင့် ပြန့်ကျဲသွား၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်. . .

ရုတ်တရက် သူတို့၏နောက်ကျောပြင်မှ စူးရှသောလေတိုးသံများထွက်ပေါ်လာသည်။ ကြယ်တံခွန်ဓားသမားနှင့် တိတိန်နံပါတ်တစ်တို့က ထိတ်လန့်သွားကြလေသည်။ သူတို့သည် လက်နက်ပုန်းများပစ်လွှင့်လာပြီဟု နားလည်လိုက်သည်။ ထို့ကြောင့်. . .

ခန္ဓာကိုယ်အားမြေပြင်ပေါ်တွင် လူးလိမ့်ကာရှောင်တိမ်းလိုက်ရလေသည်။

"ချွမ်း. . . ချွမ်း. . . ချွမ်း"

"ဗိုး. . . ဗိုး. . . ဗိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်. . . ဝှစ်. . . ဝှစ်"

ထိုအခါမှလက သူတို့နှစ်ယောက်ရပ်နေခဲ့ကြသောနေရာ၌ လက်နက်ပုန်းများလာရောက်ထိမှန်သံကို ကြားလိုက်ရ၏။ လက်မ တင်လေးလွက်မြောက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်မှာပင်. . .

စူးရှသောပလွေသံကို ကြားလိုက်ရလေသည်။

ယင်းပလွေသံဆုံးသွားသည်နှင့် တစ်ပြိုင်နက်ကျောက် ဆောင်ကျောက်ခက်များကြားမှ မြွေများသည်လူးလွန်၍ ထွက်လာ ခြင်းကိုတွေ့မြင်လိုက်ရတော့သည်။ ကြယ်တံခွန်ဓားသမားနှင့် တိတန်နံပါတ်တစ်တို့သည် ထိုမြွေများကိုကြည့်ကာ ကျောချမ်းလာ ကြ၏။ သူတို့သည် ဤတစ်ချိန်မှာ မိမိတို့ကရန်သူ၏ထောင် ချောက်ထဲတွင် မရှုမလှတိုက်စစ်ဆင်ခြင်းကို ခံနေရပြီဟုသဘော ပေါက်လိုက်ကြလေသည်။ တိုက်စစ်မှာအကြိမ်ကြိမ်တိုက်စစ်ဖြ သည်။ သူတို့သည် အလွန်သတ္တိကောင်းသောလူများ ဖြစ်ကြသည်

သို့ရာတွင်. . .

ဤတစ်ကြိမ်ရင်ထဲ၌ စိုးရွံ့ထိတ်လန့်လာကြ၏။

ညဦးသန်းခေါင်ယံအချိန်တွင် မိမိတို့မကျွမ်းကျင်သော နယ်မြေ၌ရန်သူက နည်းအမျိုးမျိုးဖြင့်တိုက်ခိုက်နေချေပြီ။

သို့ရာတွင် ထိုရန်သူက မည်သည့်နေရာတွင် ရှိနေသည် မိမိတို့က မမြင်တွေ့ရချေ။ ရန်သူက မိမိတို့ရှိနေသည့်နေရာအား တွေ့မြင်နေရ၏။ ဤသို့ဆိုပါလျှင်. . .

မိမိတို့သည် မည်ကဲ့သို့ရန်သူအား ရင်ဆိုင်ပါမည်နည်း

ယခုကြုံတွေ့နေရသော အခြေအနေသည် မိမိတို့အလ



ထဲတွင်ရှိနေပြီး ရန်သူကအမှောင်ထဲ၌ရောက်ရှိနေသည်။

ထို့ကြောင့်. . .

မိမိတို့သည်နေရာတွင် ဆက်လက်၍ရှိနေမည်ဆိုလျှင် မည် သို့သိုင်းပညာအဆင့်မြင့်ပါသော်လည်း ရန်သူ၏လက်ချက်ဖြင့် အ နေးအမြန်သေဆုံးရလိမ့်မည်ဟု နားလည်လိုက်မိကြသည်။

ထို့ကြောင့် သူတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်။

ယင်းနောက်. . .

ထိုနေရာမှ အမြန်ဆုံးသုတ်ချေတင်ကာ ပြေးထွက်ခဲ့ကြ လေသည်။

"ဟား. . . ဟား. . . ဟား. . . တိတန်မိစ္ဆာသရဲတွေ အခု တော့ ခွေးလေခွေးလွင့်တွေလို အမြီးကုတ်ပြီးထွက်ပြေးပါပေါ့လား၊

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

လှောင်ပြောင်ရယ်မောသံများသည် သူတို့၏နောက်ပါး မှ ဆူညံစွာထွက်ပေါ်လာကြသည်။ ကြယ်တံခွန်ဓားသမားက ဒေါသ ကြီးစွာဖြင့်ပြန်လည်အော်ဟစ်ရန် ဟန်ပြင်လိုက်ပြီးမှ အံကိုတင်း တင်းကြိတ်ကြိတ်လိုက်သည်။

သူသည် ဤနေရာသို့ပြန်လာပြီးမှ ယို့အော့လျှံတို့နှင့်ထိပ် တိုက်ရင်ဆိုင်မည်ဟု ဆုံးဖြတ်လိုက်သည်။

သူက ယင်းသို့ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက်တုံ့ပြန် ပြောဆိုခြင်းမပြုဘဲ အားကုန်ပြေးလွှားသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တိုက်စစ်တစ်မျိုးလိုက်လာမည်၊ မလိုက်လာမည်ကို မည်သူကမျှမပြောနိုင်ချေ။ မကြာမီ. . .

ယို့အော့လျှံတို့၏ရယ်မောသံသည် ဝေး၍ဝေး၍ကျန်ရှိခဲ့လေတော့သည်။

* * * *

ယို့အော့လျှံ၊ ရှင်ချိန်ရီနှင့် ခါးကုန်းကြီးတို့သည် အားပါးတရရယ်မောနေကြ၏။ အတန်ကြာမှ. . .

သူမတို့သည် ရယ်မောခြင်းကိုရပ်တန့်လိုက်ကြသည်။

ရှင်ချိန်ရီကမဲ့ပြုံးပြုံးလိုက်၏။

"တိတန်မိစ္ဆာသရဲတွေက အခုတော့လဲ ခွေးလေခွေးလွင့်တွေလို အမြီးကုတ်သွားကြပါလား"

ယို့အော့လျှံက မဲ့ပြုံးပြုံးလိုက်သည်။ သူမက လက်ကာပြလိုက်ကာ. . .

"ရှင်ချိန်ရီ သူတို့က ဒီအတိုင်းခံနေမယ် ထင်သလား"

ရှင်ချိန်ရီက မျက်လုံးဝေ့၍ကြည့်လိုက်သည်။

"သခင်မလေးက သူတို့ပြန်လာမယ်လို့ ထင်သလား"

ဟုပြန်မေးလိုက်၏။ ယို့အော့လျှံက ခေါင်းညိတ်လိုက်သည်။ သူမက ရှင်ချိန်ရီအား တည်ကြည်သောမျက်ဝန်းအစုံဖြင့်ကြည့်လိုက်၏။

"ဟုတ်တယ်၊ သူတို့က အခုလိုသူတို့ရဲ့လူတွေ ကျဆုံးသွား



ရတာကို ဘယ်လိုနည်းနဲ့မှ ကျေနပ်ကြမှာမဟုတ်ဘူး၊ သူတို့ လက်စားချေကြလိမ့်မယ်"

ထိုအချိန်၌. . .

တစ်ချိန်လုံး စကားမပြောဘဲအခြေအနေကို စောင့်ကြည့်နေသော ခါးကုန်းကြီးကကြားမှဝင်၍ပြောဆိုလိုက်သည်။

"ဟုတ်တယ် သခင်မလေး၊ သူတို့က ဒီနေရာကိုအနေးနဲ့အမြန်ပြန်ရောက်လာကြဦးမှာပဲ"

ရှင်ချိန်ရီက မျက်မှောင်ကြုတ်လိုက်သည်။ သူမက ယို့အော့လျှံနှင့် ခါးကုန်းကြီးတို့အား တစ်လှည့်စီကြည့်လိုက်၏။

"ဒါဆိုရင် ကျွန်မတို့က နောက်ထပ်ထောင်ချောက်တွေအဆင်သင့်လုပ်ပြီး သူတို့ကို စောင့်နေရုံပေါ့"

ယို့အော့လျှံက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး"

ရှင်ချိန်ရီက အံ့ဩသွားဟန်ဖြင့် မျက်ခုံးပင့်ကာကြည့်၍သူမအား ပြန်လည်မေးလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ဟုတ်လား၊ ဘာဖြစ်လို့လဲရှင်"

ယို့အော့လျှံက ပြုံးလိုက်သည်။ သူမ၏အပြုံးကား မချိတင်ကဲ အပြုံးမျိုးဖြစ်လေသည်။

"ဒီလိုလေ၊ ဒီတစ်ကြိမ်ကြယ်တံခွန်တို့ကပြန်လာရင် လူအင်အားနဲ့ လက်နက်အင်အားကို အပြည့်အဝအသုံးချလာကြလိမ့်မယ်၊ သူတို့က ထောင်ချောက်တွေကိုသေချာသတိထားမှာပဲ၊ အခုလိုအရမ်းတက်လာကြမှာမဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှင်ချိန်ရီကနားစွင့်နေသည်။ ယို့အော့လျှံက အပေါ်အင်္ကျီကိုတင်းတင်းလေးစွဲစေ့ကာ စကားဆက်လိုက်၏။

"ဒါကြောင့် ဒီတစ်ကြိမ်သူတို့နဲ့ရင်ဆိုင်မယ်ဆိုရင် ကြောက်မက်ဖွယ်ရာ အကောင်းဆုံးတိုက်ပွဲတစ်ခုကို ဖန်တီးရင်ဆိုင်လိုက်တာနဲ့ အတူတူပဲနော်၊ အဲဒီလိုဖြစ်ခဲ့ရင် ဘယ်သူအထိနာမလဲ"

ရှင်ချိန်ရီကငေးငိုင်သွားသည်။ သူမသည် အကယ်၍ ဤကဲ့သို့ တိုက်ပွဲမျိုးဖြစ်မည်ဆိုပါလျှင် တိတန်မိစ္ဆာဂိုဏ်းမှလူများကတောင့်တင်းသောအင်အားကိုအသုံးချကာ အသေခံ၍မိမိတို့ဘက်မှ လူများအားတိုက်ခိုက်လိမ့်မည်ကို နားလည်လိုက်သည်။

ထိုအခါ. . .

လူအင်အားချင်း အဆမတန်ကွာခြားနေသော မိမိတို့မှာသာ ထိခိုက်ရလိမ့်မည်ဟု သဘောပေါက်လိုက်မိ၏။

အထူးသဖြင့်. . .

တိတန်တို့သည် ရက်စက်ကြမ်းကြုတ်ပြီး ယမ်းလက်နက်ကိုကျွမ်းကျင်စွာအသုံးပြုခြင်းကြောင့် မိမိတို့လူများမှာအများဆုံး သေကျေပျက်စီးရလိမ့်မည် ဟုနားလည်ထားလေသည်။ သူက သက်ပြင်းတစ်ချက်ချကာ ယို့အော့လျှံအားမော့ကြည့်လိုက်သည်။

"ဒါဆိုရင် ကျွန်မတို့ဘာလုပ်ကြမလဲ ဟင်"

ယို့အော့လျှံက ပြုံးလိုက်သည်။ သူမက ပခုံးတစ်ချက်တွန့်ကာ ကောင်းကင်ပေါ်သို့တစ်ချက် မော့ကြည့်လိုက်၏။ အတန်ကြာမှ သူမက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"ဘာမှလုပ်စရာမလိုဘူး၊ ငါတို့တစ်နေရာကို ရွှေ့ပြောင်း



ရှောင်တိမ်းနေကြရုံပဲရှိတော့တယ်၊ မိုးနတ်မင်းကိုပဲ အားကိုးကြရတော့မယ်"

ရှင်ချိန်ရီက သူမ၏စကားကြောင့် မျက်မှောင်ကုတ်လိုက်သည်။

"ဟင်. . . ဒါဆိုရင် ကောင်းသခင်လေးတို့ ရောက်လာရင် ဘယ်လိုလုပ်မလဲ"

ယို့အော့လျှံ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းဟန်များ ပေါ်လွင်လာလေသည်။

"ကံကြမ္မာက ကောင်းအစ်ကိုလေးကို ငါနဲ့ပေးတွေ့ခွင့်မပြုဘူးထင်တယ်၊ နောက်ပြီး သူ့ကိုငါတို့အတွက် အကူအညီပေးခွင့်မပြုဘူး၊ ဒါကြောင့် သူတို့နဲ့ငါတို့ဟာ အမြဲတမ်းလွဲချော်နေတာပဲကိုး"

ဟု ညည်းညူလိုက်လေသည်။ ရှင်ချိန်ရီသည် ယို့အော့လျှံတို့က ကောင်းကျူးတို့ကိုစောင့်မနေနိုင်ဘဲ အခြားသို့ထွက်ခွာရမည်ကို စိတ်မကောင်းနေကြောင်း သိရှိလိုက်၏။

သူမက ယို့အော့လျှံအားပြုံးပြလိုက်လေသည်။

"သခင်မလေး ဘာမှစိတ်မပူနဲ့၊ ကျွန်မက ကောင်းသခင်လေးတို့ရောက်လာမယ့် အချိန်အထိစောင့်နေပါ့မယ်"

ယို့အော့လျှံက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ ငါ့နားမှာ ညည်းမရှိလို့မဖြစ်ဘူး"

ခါးကုန်းကြီးက ကြားဖြတ်ပြောလိုက်လေသည်။

"ဟုတ်ပါတယ်၊ သခင်မလေးက တူမကြီးနဲ့တစ်ခါမှ ခွဲဖူးတာမှမဟုတ်ဘဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆက်လိုက်၏။

"ဒီလိုလုပ်ပါ၊ ဘဘ ဒီမှာစောင့်နေပါ့မယ်၊ သခင်မလေးနဲ့ ရွှေနဂါးဂိုဏ်းသားတွေက ဘယ်ကိုသွားကြမယ်ဆိုတာကိုသာ ပြောပါ"

ယို့အော့လျံက သူ့အားစိုးရိမ်းကြီးစွာဖြင့် ကြည့်လိုက်လေသည်။

"အို. . . ဘဘရယ် မနေခဲ့ပါနဲ့၊ သူတို့က ဘယ်အချိန်ရောက်လာမယ်ဆိုတာ မသေချာဘူး၊ သေချာတာကတော့ ကြယ်တံခွန်မားသမားတို့လူစုက ဒီနေရာကိုနောက်ထပ် ငါးရက်အတွင်း ပြန်ရောက်လာကြလိမ့်မယ်၊ ဒါကြောင့် ဘဘအတွက်အန္တရာယ်ကြီးမားလှပါတယ်"

ခါးကုန်းကြီးက ရယ်မောလိုက်သည်။ သူက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး. . .

"သခင်မလေးရယ်. . . ဒီလောက်လဲ မစိုးရိမ်ပါနဲ့၊ ကျုပ်ကအတွေ့အကြုံရင့်ကျက်ပြီးသား လူတစ်ယောက်ပါ၊ တကယ်လို့ ကောင်းသခင်လးတို့ရောက်လာခဲ့မယ်ဆိုရင် ထွက်ပြီးအင်တွေ့ခံမယ်၊ ကြယ်တံခွန်မားသမားတို့ရောက်လာလဲ့မယ်ဆိုရင် ထွက်မတွေ့ဘဲ ရှောင်တိမ်းပြီး သခင်မလေးတို့ဆီကို သတင်းပို့ပါ့မယ်"

ယို့အော့လျံက ခေါင်းညိတ်လိုက်သည်။ သူမက အဝေးသို့ တစ်ချက်မျှော်ကြည့်ကာ. . .

"အဲဒီ အစီအစဉ် ကောင်းပါတယ်၊ ဒီတစ်ကြိမ် ကြယ်တံခွန်မားသမားတို့ မရောက်ခင် ကောင်းအစ်ကိုလေးတို့ ရောက်လာပါ



စေလို့ ဆုတောင်းရမှာပဲ"

ရှင်ချိန်ရိက ကောင်းကင်ပေါ်သို့တစ်ချက်မော့ကြည့်လိုက်သည်။

"သခင်မလေး. . . မိုးလင်းတော့မယ်၊ ကျွန်မတို့ဘယ်နေရာကို ရှောင်တိမ်းကြမလဲ"

ယို့အော့လျံက အနည်းငယ်စဉ်းစားလိုက်သည်။

"ငါတို့ ချန်အန်းမြို့နဲ့ ယိငါးဆယ်လောက်အကွာမှာရှိတဲ့ တောင်တန်းဆီကို သွားကြမယ်၊ အဲဒီမှာ ဘုံကျောင်းတစ်ခုရှိတယ်၊ အခုအဲဒီဘုံကျောင်းကို လူတွေကစွန့်ပစ်ထားကြပြီဆိုတော့ ငါတို့အတွက် နားခိုဖို့လဲအဆင်ပြေတယ်လေ. .

. . နောက်ပြီး ဘုံကျောင်းပျက်ဆိုတော့ ရေရရှိဖို့လဲ မပူရဘူး၊ အစားအသောက်အတွက်ကတော့ အခုလိုပဲ ရိက္ခာဝယ်ယူပြီး စုဆောင်းကြတာပေါ့"

ခါးကုန်းကြီးက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဒီအစီအစဉ်က အကောင်းဆုံးပါပဲ"

ဟုပြောလိုက်လေသည်။ ယို့အော့လျံက သူ့အားစိုးရိမ်ဟန်ဖြင့်ကြည့်လိုက်၏။

"ကဲ. . . ဒါဆိုရင် ကျွန်မတို့သွားတော့မယ်၊ အဘ ဒီမှာသတိဝီရိယ မလစ်ပါစေနဲ့နော်"

ခါးကုန်းကြီးက ဦးညွှတ်လိုက်လေသည်။

"ဟုတ်ကဲ့၊ စိတ်ချပါ သခင်မလေး၊ ကျွန်တော် အမှုထမ်းခဲ့တာ ကြာပါပြီ၊ တော်တော်တန်တန် လွဲချော်မှုကို ကျွန်တော်မပြု

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်ဘူးလို့ ထင်ပါတယ်"

ထို့နောက် ယို့အောင့်လျှံနှင့်ရှင်ချိန်ရီတို့သည် လျှို့ဝှက်ဖောက်လုပ်ထားသော မြေအောက်ဥမင်လိုဏ်ခေါင်းထဲသို့ ဆင်းသွားကြသည်။ ခါးကုန်းကြီးက သူမတို့ဆင်းသွားသော မြေအောက်လိုဏ်ခေါင်းတံခါးကို ပြန်လည်ပိတ်ထား လိုက်လေတော့၏။

* * * * * *



## အခန်း (၂)

### ဝူးပိမြို့

နေဝန်းနီသည် အရှေ့ဘက်မိုးကုတ်စက်ဝိုင်းဆီမှ စတင်ရောက်လာပါပြီ။ နေဝန်းနီ ထွက်ပေါ်လာပြီး နေရောင်ခြည်များကမ္ဘာမြေပေါ်သို့ ကျရောက်လာသည်နှင့် နှင်းမြူများသည်အနည်းငယ် လွင့်ပါးသည်ကိုတွေ့မြင်ရလေ၏။

တစ်ညတာ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ဝူးပိမြို့ကလေးသည် ယခုအခါ ပြန်လည်လှုပ်ရှားသက်ဝင်လာပြီဖြစ်၏။

တစ်နည်းအားဖြင့်ဆိုလျှင်. . .

မြို့ကလေးမှာ လွန်လူးနိုးထပြီဖြစ်သည်။

နံနက်မိုးသောက်တွင် လုပ်ငန်းခွင်သို့ကိုယ်စီဝင်ဟန်ပြင်နေကြသောအလုပ်သမားများ တစ်နေ့တာအတွက်ရောင်းဝယ် ဖွင့်လှစ်မည့်ဈေးဆိုင်များဖြင့် ဆူညံနေ၏။

ထိုလူများသည် မိမိတို့၏လုပ်ဆောင်ရမည့်ကိစ္စများကိုကိုယ်စီကိုယ်ငှလုပ်ဆောင်နေကြသော်လည်း သံပတ်ပေးထားသည့်စက်ရုပ်များကဲ့သို့ မလွဲမရှောင်သာလုပ်ဆောင်နေရဟန်တူလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ 'သံပတ်ပေးထားသော စက်ရုပ်များသည်သံပတ်ပေးလိုက်သဖြင့် အလိုအလျောက် သွားလားလှုပ်ရှားနေကြသော်လည်း သူတို့၏ပင်ကိုစိတ်ဆန္ဒမှာ မလှုပ်မယှက်နေထိုင်ခြင်းပင်ဖြစ်၏။

ထို့အတူ. . .

ဝူးပိမြို့သူမြို့သားများမှာလည်း မလုပ်မဖြစ်၍သာ မိမိတို့၏လုပ်ငန်းခွင်သို့ ဝင်နေကြရသော်လည်း သူတို့၏ရင်ထဲတွင် အိမ်ထဲမှအိမ်ပြင်သို့ ထွက်ခြင်းမပြုဘဲအိမ်ကလေးထဲတွင် ငြိမ်သက်စွာနေထိုင်လိုကြလေသည်။ အကြောင်းကား. . .

ယနေ့နံနက်တွင် ယခင်နေ့များကထက်ပင် တိတန်မိစ္ဆာဂိုဏ်းမှလူများက ခြေချင်းလိမ်အောင်မြို့ထဲတွင် သွားလာနေကြသည်မဟုတ်ပါလော။

ထို့ကြောင့်. . .

သူတို့သည် ထိုမိစ္ဆာဂိုဏ်းမှလူများ၏ မြင်းများကိုရှောင်တိမ်းနေရသည်မှာ မိမိတို့အလုပ်ထဲသို့ အာရုံစိုက်ချိန်ပင်နည်းပါးနေ၏။ ထိုအချိန်မှာပင်. . .

မြင်းခြောက်ကောင်သည် ဝူးပိမြို့ထဲသို့ဒုန်းစိုင်းကာ ဝင်ရောက်လာကြလေသည်။ မြင်းခြောက်ကောင်ပေါ်တွင် မျက်လုံးအစုံမှအပ ခန္ဓာကိုယ်တစ်ခုလုံးမှာ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး အနက်ရောင်ခေါင်းစွပ်များ စွပ်ထားသောလူခြောက်ယောက်ပါရှိလေသည်။ သူတို့သည် ဝူးပိမြို့ကလေးထဲသို့ ဝင်ရောက်လာကာ မြင်းကိုဒုန်းစိုင်းမောင်းနှင်လာကြလေသည်။

ဝူးပိမြို့ထဲမှ တိတန်မိစ္ဆာဂိုဏ်းသားများက သူတို့အားအ



သီးသီး ဦးညွတ်ဂါရဝပြုကြ၏။ အလေးပြုကြ၏။ အရိုအသေပေးကြ၏။ မြင်းခြောက်ကောင်ပေါ်ရှိ လူခြောက်ယောက်ကမူ သူတို့အားလှည့်မကြည့်ဘဲ မင်းလမ်းအတိုင်းမြင်းကို ဒုန်းစိုင်းနှင်ကာမောင်းလာပြီး မကြာမီမှာပင် မြို့တောင်ဘက်ဆီသို့ ထွက်ခွာသွားကြသည်။ သူတို့ အလွန်အရေးကြီးနေသည်။ ဘာတွေ အရေးကြီးနေသည်ကိုတော့ သူတို့မသိပါချေ။ မကြာမီ. . .

ထိုမြင်းခြောက်ကောင်သည် မြို့တောင်ဘက်မှတစ်ဆင့်မြို့ပြင်ရှိ တောအုပ်ထဲသို့ဝင်ရောက်ပျောက်ကွယ်သွားကြလေတော့သည်။

* * * *

နေဝန်းနီသည် ကောင်းကင်ပေါ်သို့တစ်စထက်တစ်စ မြင့်တက်လာပြီးနောက် မသိမသာအောက်သို့ နိမ့်ဆင်းကျလာပြီဖြစ်၏။ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသောမြင်းခြောက်ကောင်သည် ဝူးပိမြို့၏တောင်ဘက်တောအုပ်ထဲသို့ ရောက်ရှိလာကြသည်။

မြင်းပေါ်မှလူများသည် တစ်ယောက်နှင့်တစ်ယောက်စကားမပြောဘဲ မြင်းကိုသာဒုန်းစိုင်းကာ မောင်းနှင်နေကြသည်။

အတန်ကြာသောအခါ. . .

သူတို့သည် တောအုပ်ကလေးမှ ထွက်လာနိုင်ကြ၏။

ယင်းအချိန်သည် နေဝန်းနီမှာ အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီသို့ နစ်မြုပ်ဝင်ရောက်သွားပြီဖြစ်သည်။ ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ထုကာ တိတ်တဆိတ်ဝင်ရောက်လာလေပြီ။ သူတို့သည် အမှောင်ထုကိုအန်တုကာ တောအုပ် အပြင်ဘက်ဆီသို့ ထွက်လာကြပြီဖြစ်၏။ မြင်းများကားမှောင်ထဲ တွင် ခလုတ်မထိဘောမငြိပဲ ပြေးလွှားနိုင်ကြသည်။

ထိုအချိန်၌ ရှေ့ဆုံးမှမြင်းကိုဒုန်းစိုင်း မောင်းနှင်လာသောလူကမြင်းကို ရုတ်တရက်ရပ်လိုက်သည်။

"နေဦး"

သူက အော်ဟစ်ဟန့်တားလိုက်၏။ မြင်းငါးကောင်သည် ပြေးလွှားနေသော အရှိန်ကိုရုတ်တရက် ရပ်တန့်လိုက်ရသော်လည်း ရှေ့သို့အနည်းငယ်ပြေးလွှားသွားကြလေသည်။ ထိုအခါ. . .

သူတို့သည် မြေတွင်းကြီးတစ်ခုအနီးသို့ ရောက်ရှိလာကြ၏။ အားလုံးသောသူများက အဝတ်နက်များကြားမှ စူးရှသောမျက်လုံးအစုံဖြင့် မြေတွင်းကြီးထဲသို့ငုံ့ကြည့်လိုက်လေသည်။

ထိုအခါ မြေတွင်းထဲတွင် ဝါးချွန်စိုက်၍သေဆုံးနေကြသော မြင်းများနှင့်လူများကို တွေ့မြင်လိုက်ရလေသည်။

အားလုံးသောလူများက ထိတ်လန့်သွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။ ထိုအချိန်၌. . .

အော်ဟစ်ဟန့်တားသော လူထံမှစကားသံထွက်ပေါ်လာလေသည်။

"အဘ မိစ္ဆာတွေက ဒီနေရာကို ရောက်လာကြပြီပဲ"

အနက်ရောင် ဝတ်ဆင်ထားသောလူတစ်ယောက်ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်. . . ကောင်းသခင်လေး၊ ကျုပ်တို့က ခြေတစ်လှမ်းနောက်ကျသွားပြန်ပြီ"

မှန်ပါသည်၊ ယခုရောက်ရှိလာကြသော လူများမှာ ကောင်းကျူ၊ ယို့အင်းပွေ၊ ရွှက်ကြွေသိုင်းသမား၊ ဟိုဖေ၊ ဝူးလုံနှင့် တီလျံပင်ဖြစ်ကြလေသည်။ သူတို့သည် ဝူးပိမြို့ထဲတွင် မိစ္ဆာဂိုဏ်းမှလူများကခြေချင်းလိမ်နေကာ မိမိတို့လူစုအား သဲသဲမဲမဲလိုက်လံရှာ ဖွေနေကြောင်း၊ သိရှိထားသဖြင့် ဟန်ဆောင်၍ ဝူးပိမြို့ကို ကျော်ဖြတ်လာခဲ့ကြခြင်း ဖြစ်လေသည်။ ယို့အင်းပွေက ဝန်းကျင်တစ်ခု လုံးအားမျက်လုံးဝေ့ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံတွင် စိုးရိမ်ထိတ်လန့်သော ဟန်မူရာများပေါ်လွင်လာလေသည်။

"ကောင်း အစ်ကိုလေး၊ မိစ္ဆာဂိုဏ်းက လူတွေကဒီလောက်ကျဆုံးခဲ့ပြီ၊ ဒီနေရာကို ရောက်လာခဲ့မယ်ဆိုရင် အစ်မယို့အော့လျှံတို့ရဲ့ အခြေအနေကတကယ်စိုးရိမ်စရာပဲ"

ကောင်းကျူ၏ရင်ထဲတွင် လေးလံလာမိလေသည်။ သူကဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်၏။ ရုတ်တရက် သူ၏စူးရှသောမျက်လုံးအစုံသည် ကျောက်ဆောင်တစ်ခုဆီမှ တစ်ခုသို့လျှပ်တစ်ပြက် ခုန်ကူးသွားသည့် လူရိပ်တစ်ခုကို လှစ်ခနဲတွေ့မြင်လိုက်ရလေသည်။

"ရပ်လိုက်စမ်း. . ."

သူက ယင်းသို့ အော်ဟစ်ကာ ရုတ်တရက်ငှက်တစ်ကောင်ပမာလေထဲတွင် ပေါ့ပါးစွာဖြင့် ပျံဝဲကာကျောက်တောင်တစ်ခုဆီသို့ရောက်ရှိသွား၏။ တစ်ဆက်တည်းမှာပင် ထိုကျောက်တောင်အား

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါး နှစ်ဖက်ဖြင့်တွန်းထုတ်လိုက်လေသည်။

"ဝုန်း"

ကျောက်သားကျောက်ဆောင်များသည် ဝန်းကျင်တစ်ခု လုံးသို့ လွင့်ပျံ့သွား၏။ ထိုအခါ. . .

အမည်းရောင်လူရိပ်တစ်ခုက ကျောက်ဆောင်နောက်မှ တခြားကျောက်ဆောင်ဆီသို့ ခုန်ကူးကာလွင့်ပျံ့လာသော ကျောက် စကျောက်နများကို တိမ်းရှောင်သွားလေသည်။

"မပြေးနဲ့"

ကောင်းကျူက အော်ဟစ်ကာ ထိုလူ၏ဦးခေါင်းပေါ်မှ ကျော်ဖြတ်၍ ပိတ်ဆို့ဟန့်တားတိုက်ခိုက်လိုက်လေသည်။

ထိုလူကလည်း မခေပါချေ။ သူက လက်ဝါးနှစ်ဖက်ကို အဆက်မပြတ်ဝှေ့ယမ်းလိုက်၏။ ထိုလူ၏လက်ဝါးမှ အေးစိမ့်သော အငွေ့အသက်များ ထွက်ပေါ်လာသည်။ ကောင်းကျူက မဲ့ပြုံးပြုံး လိုက်သည်။ သူသည် ခန္ဓာကိုယ်အား လျှပ်တစ်ပြက် တိမ်းရှောင် ရင်း ရယ်မောလိုက်၏။

"ဘယ်ဆိုးလို့လဲ၊ ခင်ဗျားရဲ့ဓားက တကယ့်ကိုဓားကောင်း တစ်လက်ပဲ"

ထိုလူက စကားမပြောပါချေ။ သူက ကောင်းကျူအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လေသည်။ ကောင်းကျူကလည်း ထိုလူ အား ပြန်လည်တိုက်ခိုက်လိုက်၏။ အမှန်တွင်. . .

သူသည် ထိုလူအားပြန်လည်တိုက်ခိုက်နေခြင်းထက် လက် ရဖမ်းဆီးချုပ်ကိုင်နိုင်ရန် ကြိုးစားနေခြင်းဖြစ်လေသည်။



သို့ရာတွင်. . .

ထိုလူ၏သိုင်းပညာမှာ အဆင့်မြင့်လှပြီးတိုက်ခိုက်ရာတွင် ပြင်းထန်လှသဖြင့် သူက သတိကြီးစွာထားနေရသည်။

မည်သို့ဆိုစေ. . .

သူသည် ထိုလူအားသိုင်းကွက်တစ်ရာအတွင်း ဖမ်းမိလိမ့် မည်ဟု နားလည်ထားလေသည်။ ထိုလူအား ဖမ်းဆီးနိုင်မှသာ ယို့ အော့လျှံတို့၏သတင်းကို ရရှိမည်မဟုတ်ပါလော။ ယင်းကြောင့် သူက စိတ်ရှည်လက်ရှည်သတိထားတိုက် ခိုက်နေလေတော့သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## ရန်သူမှ မိတ်ဆွေသို့

ရွှက်ကြွေသိုင်းသမား၊ ယို့အင်းပွေ၊ တိလျှံ၊ ဝူးလုံနှင့်ဟိုး... တို့သည် ကောင်းကျူကရုတ်တရက် အော်ဟစ်၍ကိုယ်ဖျော့ပညာ... အသုံးပြုကာ ကျောက်ဆောင်တစ်ခုဆီသို့ ခုန်ကူးသွားခြင်းကိုတွေ့... မြင်လိုက်ရ၏။ သူတို့က ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်...

အကြောင်းကား. . .

ကောင်းကျူက မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့လု... ဆောင်သွားသည်ကို သူတို့ကမသိခဲ့ကြပါချေ။

သို့ရာတွင် ကောင်းကျူကကျောက်ဆောင်တစ်ခုကို လ... ဝါးဖြင့်ရိုက်ထုတ်လိုက်သည့်အခါမှ အမည်းရောင်လူရိပ်တစ်ရိပ် ... ထွက်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုအခါမှ သူတို့သည် ကောင်းကျူကထိုလူအား ကျော... ဆောင်နောက်ကွယ်တွင်ရှိနေခြင်းကို တွေ့မြင်ရသဖြင့် ယခုကဲ့... ကိုယ်ဖျော့ပညာကို အသုံးပြုကာရောက်ရှိသွားခြင်းဖြစ်ကြောင်း ...



...ဘာပေါက်လိုက်ခြင်းဖြစ်သည်။

ရွှက်ကြွေသိုင်းသမားက ကောင်းကျူ၏မျက်စိရှင်မှုကို အံ့... ...ြလွန်းသဖြင့် ခေါင်းခါယမ်းလိုက်မိလေသည်။

"အား. . . တကယ်မလွယ်ပါလား၊ ကောင်းသခင်လေးကို ...သိုင်းရာဇာတစ်ယောက်ရဲ့မျက်လုံးက သိမ်းငှက်မျက်လုံးလို အရာ ...ရာကိုထိုးဖောက်တွေ့မြင်နေပါလား တကယ်ကိုချီးကျူးလောက် ...တယ်"

ယို့အင်းပွေက ပြုံးလိုက်သည်။ သူမ၏အပြုံးမှာ ကြည်နူး... ...က်ယူသောအပြုံးမျိုးဖြစ်သည်။ ကောင်းကျူအား ယခုကဲ့သို့ အ... ...ွန်ပင်ကျေနပ်ကြည်နူးမိသည်။ သူမက ရင်ကော့လိုက်သည်။

"ဟုတ်တယ်၊ သူက ကျွန်မတို့ရဲ့ ကိုးနဂါးဂိုဏ်းမှာနံပါတ် ...တစ် သိုင်းသမားတစ်ယောက်ပါ၊ သူကြောင့်လဲ ကျွန်မတို့ကိုးနဂါး ...ဏ်းကို ဘယ်သူကမှမထိပ်ဝံ့အောင် ဩဇာအာဏာ အရှိန်ကြီးမား ...ရတာပါ"

တိလျှံကလည်း သူမ၏စကားကို ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ကောင်းသခင်လေးက အသက်အရွယ်နဲ့ ...မျှအောင် သိုင်းပညာထူးချွန်ပါတယ်၊ ဒါကြောင့်မို့လဲ ဂိုဏ်းချုပ် ...ကြီးက အားကိုးတာပါ"

ရွှက်ကြွေသိုင်းသမားက အနည်းငယ်စဉ်းစားလိုက်၏။ ...သူက မျက်မှောင်တစ်ချက် ကုတ်ကာ. . .

"တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးရဲ့ သိုင်းပညာကလဲ တကယ် ...စွမ်းထက်တယ်လို့ ကြားဖူးတယ်၊ ကောင်းသခင်လေးနဲ့ ယှဉ်...

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မယ်ဆိုရင် ဘယ်သူသာမလဲ မသိဘူးနော်"

ထိုစကားကြောင့် အားလုံးသောလူများက တွေဝေသွားကြသည်။ သူတို့သည် ကောင်းသခင်လေးက တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား ယှဉ်ပြိုင်နိုင်ခြင်းရှိမရှိကို စဉ်းစားနေကြသည်။

ယို့အင်းပွေကမူ ရင်ကော့လိုက်သည်။ သူမက မဲ့ပြုံးပြုံးကာ ပြတ်သားစွာ ပြောလိုက်သည်။

"အို့ . . တစ်နေ့မှာ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးနဲ့ ကောင်းသခင်လေးတို့က ထိပ်တိုက်ရင်ဆိုင်ရမှာပါ၊ အဲဒီအချိန်ကျရင် ရှင်ကြည့်နေပါ၊ ကျွန်မတို့ရဲ့ အစ်ကိုလေးက တိတန်မိစ္ဆာဂိုဏ်းချုပ်ကို သတ်ပစ်နိုင်လိမ့်မယ်"

သူမ၏စကားမှာ ကောင်းကျူအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် ပြောဆိုနေခြင်းဖြစ်ကြောင်း ကျန်လူများကနားလည်ထားကြသည်။ သို့သော် ထိုအဖြေမှာ ယခုမသိနိုင်သေးပေ။ အချိန်လိုသေးသည်။ ကောင်းသခင်နှင့် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးတို့ တိုက်ခိုက်ကြမှသာ သိနိုင်မည်ဖြစ်သည်။ ယခုတော့ သူတို့အချိန်စောင့်ကြရဦးမည်။ ယို့အင်းပွေက မိမိ၏စကားကို ထောက်ခံမည့်သူမရှိဘဲ ငြိမ်သက်နေကြသဖြင့် မကျေမနပ်ဖြစ်သွားသည်။ သူမက မျက်လုံးပြူး၍ အားလုံးသောလူများအား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"ဘယ်လိုလဲ၊ ရှင်တို့က ကျွန်မစကားကို သံသယရှိတာလား၊ ဒါမှမဟုတ် ကောင်းအစ်ကိုလေးအပေါ် ယုံကြည်မှုကင်းမဲ့နေတာလား"

သူမက မကျေမနပ်ဖြင့်မေးလိုက်သည်။ အားလုံးသည်



စိတ်ထဲတွင် ပြုံးမိကြလေ၏။ သို့သော် မျက်နှာကတော့ မပြုံးကြပါ။

တိလျှံက ကမန်းကတန်း ခေါင်းခါယမ်းလိုက်၏။

"ဟာ. . . မဟုတ်ပါဘူး၊ မဟုတ်ပါဘူး"

ယို့အင်းပွေသည် သူ့အားမျက်လုံးပြူးကာ ကြည့်လိုက်ပြီး တင်းမာသော လေသံဖြင့်ပြောလိုက်သည်။

"ဒါဖြင့် ကျွန်မပြောတာကို ရှင်တို့ကမထောက်ခံဘဲ၊ ဘာဖြစ်လို့များ အခုလိုတွေဝေနေကြတာလဲ"

တိလျှံတို့မှာ အခက်ကြုံသွားရသည်။ ထိုအချိန်၌. . .

အခြေအနေကို အကဲခတ်ကြည့်နေသော ဟိုဖေ့ကကြားဝင်ပြောလိုက်လေသည်။

"ဟို. . . ဟို. . . ဒီလိုပါ၊ ကျုပ်တို့က ဟိုမှာကောင်းသခင်လေးနဲ့ညဉ့်လူတို့ တိုက်ခိုက်နေကြတာ ဘယ်သူနိုင်မလဲလို့ တွေးရင်း စိတ်ဝင်စားသွားမိလို့ပါ၊ ကျုပ်တို့က စိတ်ထဲမှာ ကောင်းသခင်လေးနဲ့တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး အကြောင်းကိုမတွေးနိုင်သေးဘူးလေ၊ အခုတိုက်ပွဲက ပိုအရေးကြီးတယ် မဟုတ်လား"

ယို့အင်းပွေက နှုတ်ခမ်းစူလိုက်သည်။ သူမသည် တင်းမာသော မျက်နှာထားဖြင့်ကြည့်လိုက်၏။

"ဒါက ဘာတွေးစရာလိုသလဲ၊ ကောင်းအစ်ကိုလေးပဲ နိုင်မှာပေါ့၊ ရှင်တို့ကိုကြည့်ရတာ ကောင်းအစ်ကိုလေးအပေါ် ယုံကြည်မှုမရှိဘူးဆိုတာ ထင်ရှားနေတယ်"

သူမသည် ကလေးစိတ်ပင် မကုန်သေးသူဖြစ်သဖြင့် ကောင်းကျူအပေါ် မယုံကြည်သူများဟု ထင်မှတ်ကာ ဒေါကန်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တိလျှံက ကမန်းကတန်း လက်ကာပြလိုက်၏။

"မဟုတ်ပါဘူး၊ ကောင်းအစ်ကိုလေးက ရန်သူတစ်ယောက်ကို သိုင်းကွက်သုံးကွက်အတွင်း အနိုင်ယူတိုက်ခိုက်နိုင်တာ များပါတယ်၊ အခု သူက ညဦလူကို အနိုင်မရသေးလို့ စိုးရိမ်သွားမိလို့ပါ"

ဟု ကမန်းကတန်း အလိုက်သင့်ပြောလိုက်လေသည်။

အမှန်တွင် သူက ယို့အင်းပွေ့စိတ်ပြေစေရန် ယခုကဲ့သို့ ပြောလိုက်ခြင်းဖြစ်သည်။ သို့ရာတွင်. . .

ယို့အင်းပွေ့က သူ၏စကားကြောင့် ထခုန်လိုက်လေသည်။

"ဘယ်လို. . . ဒီလူကို ကောင်းအစ်ကိုလေးက မိမိရရအရှင်ဖမ်းချင်လို့ ဒီလောက်ကြာရှည်တိုက်ခိုက်နေတယ်ဆိုတာ မသိဘူးလား၊ ဒါမှမယို့အော့လျှံရဲ့သတင်းကို ရမှာပေါ့"

သူမက တင်းမာသောလေသံဖြင့် ပြောလိုက်၏။

ထိုစကားကြောင့် အားလုံးသောလူများမှာ ပါးစပ်ဟောင်းလောင်းဖြစ်သွားရ၏။ အဘယ့်ကြောင့်ဆိုသော်. . .

သူတို့သည် ကောင်းကျူကထိုလူအား ကြာရှည်တိုက်ခိုက်နေခြင်းကို ကြည့်ကာစိတ်ထဲ၌ ဘဝင်မကျဖြစ်မိသော်လည်း ယခုကဲ့သို့ မတွေးခဲ့မိပါချေ။ မှန်သည်။ ကောင်းကျူသည် ထိုလူကအရှင်ဖမ်းလို၍သာဖြစ်ပေမည်။ သူတို့က ယခု ယို့အင်းပွေ့၏စကားကို ကြားရသောအခါ အလွန်ဉာဏ်ကောင်းပြီး ပါးနပ်သော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိရှိလိုက်ကြသည်။

ယို့အင်းပွေ့က. . .



"ဟော. . . တွေ့လား၊ ဟိုမှာ ကောင်းအစ်ကိုလေးက ညဦလူကို ဖမ်းမိထားပြီ၊ မမယို့အော့လျှံရဲ့သတင်းကို သိရတော့မယ်ဟေ့"

သူမသည် ပြောပြီးကောင်းကျူထံသို့ ပြေးသွား၏။

သူမ၏စကားကြောင့် အားလုံးသောလူများက လှည့်ကြည့်လိုက်ကြသည်။ ထိုအခါ. . .

ကောင်းကျူက ညဦလူအားသွေးကြောပိတ်ထားသည်ကို တွေ့မြင်လိုက်ရ၏။ ရွက်ကြွေသိုင်းသမားက တိလျှံအားကြည့်ကာ ပြုံးပြလိုက်သည်။

"ကဲ. . . ကျုပ်တို့ကတော့ သခင်မလေး ယို့အော့လျှံကို တွေ့ရမယ့် သဲလွန်စရပြီး၊ ရန်သူက ဘယ်သူဘယ်ဝါဆိုတာ သွားကြည့်ကြရအောင်"

သူကပြောပြီး ကောင်းကျူထံသို့ မြင်းပေါ်မှဆင်းကာပြေးလွှားထွက်သွားမိကြသည်။ ကျန်လူများကလည်း သူ့နောက်မှ လိုက်ပါသွားကြလေတော့သည်။

* * * *

ကောင်းကျူသည် ညဦလူအားသွေးကြောပိတ်ကာ ဖမ်းချုပ်ထားလိုက်သည်။ ထိုအချိန်၌. . .

ယို့အင်းပွေ့က ပြေးလွှားရောက်ရှိလာလေသည်။

သူမက ကောင်းကျူအားပြေးဖက်ကာ ဝမ်းသာအားရ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ကျွန်မသိတယ်၊ ကောင်းအစ်ကိုလေးက ရန်သူကိုဖမ်းပြီး မမယို့အော့လျှံရဲ့သတင်းကို ရအောင်ယူမယ်ဆိုတာ သိနေတယ်သိလား"

ကောင်းကျူက ပြုံးနေလေသည်။ ယင်းအချိန်မှာပင် ရွက်ကြွေသိုင်းသမား၊ တိလျှံ၊ ဟိုမေ့နှင့် ဝူးလုံတို့က ရှေ့ဆင့်နောက်ဆင့် ပြေးလွှားရောက်ရှိလာကြ၏။ ယို့အင်းပွေက ဖမ်းဆီးထားသော ညဥ့်လူရှေ့တွင် ခါးထောက်ကာ ရင်ကော့၍ရပ်လိုက်သည်။

"ပြောစမ်း. . . သခင်မလေးယို့အော့လျှံတို့ ဘယ်မှာလဲ"

ညဥ့်လူက မဲ့ပြုံးပြုံးကာ ခေါင်းမော့လိုက်သည်။

လဝန်း၏အလင်းရောင်ကြောင့် ထိုလူမှာခါးကုန်းကြီး တစ်ယောက်ဖြစ်ကြောင်းတွေ့မြင်လိုက်ရလေသည်။

ရွက်ကြွေသိုင်းသမားက သူ့အားတွေ့မြင်လိုက်သောအခါ မျက်လုံးများပြူးကျယ်သွားရလေသည်။

သူက ခါးကုန်းကြီးအား ကမန်းကတန်းဦးညွှတ်လိုက်ပြီး. .

"ဟာ. . . မှားကုန်ပြီ. . . မှားကုန်ပြီ၊ အစ်ကိုကြီးမု တောင်းပန်ပါတယ်၊ ကျုပ်က တကယ်စိတ်မကောင်းပါဘူး"

သူကပြောပြီး အကြိမ်ကြိမ်ဦးညွှတ်နေလေသည်။

ကောင်းကျူ၊ ယို့အင်းပွေ၊ တိလျှံ၊ ဟိုမေ့နှင့်ဝူးလုံတို့က သူ၏ စကားကြောင့် မျက်လုံးများပြူးကျယ်သွားကြလေသည်။

သူတို့က ရွက်ကြွေသိုင်းသမားအားကြည့်ကာ ကြောင်အမ်းအမ်းဖြင့် ရပ်နေလေသည်။ ရွက်ကြွေသိုင်းသမားက ကောင်းကျူထံ



သို့ပြေးလာ၏။

"ကောင်းသခင်လေး၊ သူက ကျုပ်ရဲ့အစ်ကိုကြီးမုကျင်းဖုပါ၊ သူ့ကို သွေးကြောဖြေပေးပါ"

သူ၏စကားကြောင့် ကောင်းကျူမှာ မျက်လုံးများပို၍ပြူးကျယ်သွားရသည်။ ကောင်းကျူက ထခုန်လိုက်၏။

"ဟာ. . . ဒါဆိုရင် သူက ရွှေနဂါးဂိုဏ်းက ဂိုဏ်းခွဲမှူးကြီး မုကျင်းဖုဆိုတာပေါ့ ဟုတ်လား"

ရွက်ကြွေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ တော်သေးတာပေါ့၊ ကျုပ်တို့က လူမှားပြီးအသေမသတ်မိတာဘဲ၊ မိုးနတ်မင်းကို ကျေးဇူးတင်ရလိမ့်မယ်"

ကောင်းကျူက ထိတ်လန့်သွားကာ မုကျင်းဖု၏သွေးကြောများကို ကမန်းကတန်းဖြေပေးလိုက်လေသည်။

မုကျင်းဖုက သွေးကြောများပြေသွားသည့်အခါမှ ကောင်းကျူတို့အား မျက်လုံးဝေ့ကြည့်ကာ အံ့ဩစွာဖြင့်မေးလိုက်သည်။

"မင်းတို့က ကိုးနဂါးသခင်လေးတို့အဖွဲ့မဟုတ်လား"

သူက ရွက်ကြွေသိုင်းသမားဘက်သို့လှည့်၍ ပြောလိုက်၏။

"မင်းကကော ရွက်ကြွေသိုင်းသမား ပါထင်းစုဟုတ်လား"

ကောင်းကျူတို့က ရွက်ကြွေသိုင်းသမား ပါထင်းစုနှင့်အတူ ကမန်းကတန်း ခေါင်းညိတ်လိုက်ကြလေသည်။

"ဟုတ်ပါတယ်. . . ဘဘမု"

"ဟုတ်ပါတယ်. . . မု အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ပြောပြီးအနက်ရောင်ခေါင်းစွပ်များကို ဆွဲဖြုတ်လိုက်ကြလေသည်။ ထို့နောက်. . .

ကောင်းကျူက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"ကျွန်တော်က ဘုမသိဘမသိနဲ့ တိုက်ခိုက်ခဲ့မိတဲ့အတွက် တကယ်ကိုပဲ စိတ်မကောင်းဖြစ်မိပါတယ်ဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

မုကျင်းဖုက လက်ကာပြလိုက်သည်။ သူက ခေါင်းခါယမ်းလိုက်၏။

"အို. . . မင်းကစပြီး တိုက်ခိုက်တာမှမဟုတ်ဘဲ၊ ငါကစပြီး တိုက်ခိုက်ခဲ့တာပဲ၊ ဒါကြောင့် မင်းမှာ အပြစ်မရှိပါဘူး၊ တကယ်အပြစ်ရှိတဲ့လူက ကျုပ်ပဲ"

သူက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး. . .

"ကောင်းသခင်လေးရဲ့နာမည်ကိုပဲ ကြားခဲ့ဖူးပါတယ်၊ အခုမှတွေ့ဖူးတယ်၊ ကောင်းသခင်လေးရဲ့သိုင်းပညာဟာ လက်တွေ့ကျမှပဲ ကိုးနဂါးဂိုဏ်းချုပ်ကြီး ယို့ဖေကျင်း ချီးမွမ်းတာထက်ကို အစွမ်းထက်ကြောင်း တွေ့ရှိရလို့ဝမ်းသာဂုဏ်ယူမိပါတယ်၊ တကယ့်အရေးကြီးတဲ့အချိန်မှာ ဒီလိုအစွမ်းအစရှိတဲ့ လူမျိုးလိုအပ်ပါတယ်"

ကောင်းကျူက ရှက်ပြုံးပြုံးလိုက်သည်။

သူက ခေါင်းတစ်ချက် ခါယမ်းကာ. . .

"တကယ့်တော့ ကျုပ်ရဲ့သိုင်းပညာက ဘာမှမဟုတ်ပါဘူးဗျာ၊ ဒီလောက်လဲမချီးကျူးပါနဲ့၊ သာမန်အဆင့်လောက်ပဲရှိပါတယ်"

မုကျင်းဖုက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။



သူက ကောင်းကျူအား တည်ကြည်သောမျက်နှာထားဖြင့် ကြည့်ကာ ပြောလိုက်လေသည်။

"ကောင်းသခင်လေး၊ ကျုပ်က ဘယ်တော့မှလူတစ်ယောက်ကို မြှောက်ပင့်မပြောတတ်ပါဘူး၊ တကယ်မဟုတ်တာကို အဟုတ်လုပ်ပြီးတော့လဲ မချီးကျူးတတ်ပါဘူးဗျာ"

ရွှက်ကြွေသိုင်းသမားက ရယ်မောကာကြားဖြတ်ပြောလိုက်၏။

"ဟုတ်တယ်. . . ကောင်းသခင်လေး၊ ကျုပ်တို့အစ်ကိုကြီးမုက စကားပြောရင် ဖြတ်ဖြတ်နဲ့မှန်မှန်ပဲ ပြောတတ်လို့သာ ဂိုဏ်းချုပ်ကြီးတောင်မှ သူ့ကို မကြာခဏသတိပေးနေရသေးတယ်"

မုကျင်းဖုက ရယ်မောလိုက်သည်။

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဟား. . . ဟား. . . ဟား"

သူက အတန်ကြာမှ ရယ်မောခြင်းကို ရပ်တန့်ကာ. . .

"ဒါနဲ့ နေပါဦး၊ မင်းတို့က ဘယ်လိုဖြစ်ပြီး တီတန်ဝတ်စုံတွေ ဖြစ်ကုန်ကြတာလဲ"

ယို့အင်းပွေက ကြားဖြတ်ပြောလိုက်လေသည်။

"ဒီလိုပါ၊ ကျွန်မတို့က ငူးပိမြို့ထဲမဝင်ခင်ကတည်းက တီတန်မိစ္ဆာတွေရဲ့ ထောင်ချောက်ဆင်တာကိုခံခဲ့ရတာလေ၊ ဒါကြောင့် ကျွန်မတို့က တီတန်မိစ္ဆာဂိုဏ်းက တီတန်တွေဟန်ဆောင်ပြီး ငူးပိမြို့ကိုဖြတ်လာကြတာပါ"

မုကျင်းဖုက ယခုမှသဘောပေါက်သွားဟန်ဖြင့် ခေါင်းအညိတ်ညိတ်ပြုကာ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဩော်၊ ဒါကြောင့် ကိုးနဂါးကလူတွေအားလုံး တိတန်တွေဖြစ်ကုန်ကြတာပေါ့ ဟုတ်လား"

ယို့အင်းပွေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . အဘ"

"ဒါနဲ့ ဒီကလေးမက"

ရွက်ကြွေသိုင်းသမား ပါထင်းစုက ကြားဖြတ်ပြောလိုက်သည်။ သူသည် ယို့အင်းပွေအား မုကျင်းဖုနှင့်မိတ်ဆက်ပေးလိုက်၏။

"သူက ကိုးနဂါးဂိုဏ်းချုပ်ကြီးရဲ့ တစ်ဦးတည်းသောသမီးလေး ယို့အင်းပွေလေ"

မုကျင်းဖုက မျက်လုံးပြူးကာကြည့်လိုက်သည်။

သူသည် မျက်လုံးများကိုပင့်၍ ယို့အင်းပွေအားခြေဆုံးခေါင်းဆုံးကြည့်ကာ အံ့သြစွာဖြင့်ပြောလိုက်လေသည်။

"အို. . . ဒါက ကိုးနဂါးသခင်မလေးပေါ့ ဟုတ်လား၊ တကယ်ပဲ အံ့သြစရာကောင်းအောင် အပျိုကြီးဖားဖားဖြစ်နေပြီကိုး။ နောက်ပြီး ဟိုတုန်းကလို ဂျစ်တစ်တစ်ကန်တန်တန်ပုံစံလေး မဟုတ်တော့ဘဲ တကယ့်မိန်းမချောလေးတစ်ယောက်ဖြစ်နေပြီပဲကိုး"

သူ၏စကားကြောင့် ယို့အင်းပွေ၏မျက်နှာပေါ်တွင် ကျေနပ်သောဟန်မူရာများ ပေါ်လွင်လာသည်။ သူမသည် မုကျင်းဖုကို သဘောကျသွားလေသည်။ သူမက မုကျင်းဖု၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"အဘ ကျွန်မက တကယ်ပဲချောတာလား ဟင်"



မုကျင်းဖုက ခေါင်းညိတ်လိုက်၏။

"တကယ်ပေါ့။ မင်းက အင်မတန်မြင့်မြတ်တဲ့ အလှမင်းသမီးလေးပဲ"

ယို့အင်းပွေက ထခုန်လိုက်သည်။ သူမက ကောင်းကျူးရှေ့သို့ လျှောက်သွားကာလက်မထောင်ပြလိုက်၏။

"တွေ့လား၊ ကျွန်မကို အစ်ကိုလေးက အမြဲနှိမ့်ချပြီးပြောတယ်၊ ဒါပေမယ့် အဘမုကာ အမှန်အတိုင်းဝေဖန်ခဲ့ပြီတွေ့လား"

ကောင်းကျူးက နှာခေါင်းရှုံ့လိုက်သည်။

သူက ခေါင်းကိုခါယမ်းလိုက်ကာ. . .

"ကျုပ်ကတော့ တကယ်ပဲမင်းကိုလှတယ်လို့ မထင်ခဲ့မိပါဘူး"

ယို့အင်းပွေ၏မျက်နှာကွက်ခနဲ ပျက်သွားသည်။

"အစ်ကိုလေး. . . ရှင်က ကျွန်မလောက်လှတဲ့မိန်းကလေးကို ရအောင်ယူပြပါဦး"

ကောင်းကျူးက လက်ကာ၍ခေါင်းခါယမ်းလိုက်သည်။

"အောင်မလေး. . . ကျုပ်လောကပေါ်မှာရှိတဲ့ မိန်းကလေးတွေ ကုန်သွားပါစေဦး မင်းလိုမိန်းကလေးမျိုးကို မယူပါဘူး"

ယို့အင်းပွေ၏မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝဲလာလေသည်။ သူမ အလွန်ဝမ်းနည်းခဲ့သည်။ သူမက နှုတ်ခမ်းကိုပြုတ်လုမတတ်ကိုက်ကာ ခေါင်းငုံ့လိုက်၏။

"အစ်ကိုလေးရယ်၊ ကျွန်မဟာ အစ်ကိုလေးကို ငယ်ငယ်ကလေးကတည်းက ချစ်ခဲ့ရတယ်၊ မြတ်နိုးခဲ့ရတယ်၊ တွယ်တာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ရှင်ကတော့ ကျွန်မကို လုံးဝတန်ဖိုးမထားတတ်ပါလား"

ဤစကားများသည် ယို့အင်းပွေက ရင်ထဲမှတိတ်တဆိတ် ပြောလိုက်သောစကားများသာ ဖြစ်လေသည်။ သူမက စကား တစ်ခွန်းမျှမပြောဘဲ ခေါင်းငုံ့နေသဖြင့် တိလျှံကသက်ပြင်းတစ် ချက်ကို ကျိတ်၍ချလိုက်လေသည်။ သူသည် သခင်မလေး ယို့ အင်းပွေက ကောင်းကျူအပေါ် တိတ်တခိုးတွယ်တာနေခြင်းကို သဘောပေါက်ထားသည် မဟုတ်ပါလော။ ထို့ကြောင့် သူက စကားလမ်းလွှဲလိုက်လေသည်။

"ဒါနဲ့ အဘမူ၊ သခင်မလေး ယို့အော့လျှံတို့က ဘယ်ရောက် သွားသလဲ၊ ဒီမှာ မရှိကြတော့ဘူးလား"

မုကျင်းဖုက ခေါင်းညိတ်လိုက်သည်။ သူသည် ကြယ်တံခွန် တို့က လာရောက်တိုက်ခိုက်ခဲ့သည့်အကြောင်းနှင့် ယို့အော့လျှံတို့ က နေရာပြောင်းသွားကာ မိမိက ကောင်းကျူတို့အားစောင့်နိုင်း ခဲ့သည့်အကြောင်းကို ရှင်းပြလိုက်လေသည်။ ကောင်းကျူက သူ ၏စကားဆုံးသောအခါ မျက်မှောင်ကုတ်လိုက်သည်။

"ဒါဆိုရင် အခု ကျုပ်တို့က ယို့အော့လျှံတို့ဆီကို လိုက်သွား ရမှာပေါ့၊ ဟုတ်လား"

မုကျင်းဖုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကောင်းကျူက အနည်းငယ် စဉ်းစားလိုက်၏။

"ကဲ. . . ဒါဆိုရင် ဒီမှာတစ်ညလောက်နားပြီးမှ မနက် အာရုဏ်တက်တာနဲ့ ချန်အန်းမြို့ကိုခရီးဆက်ကြတာပေါ့"



မုကျင်းဖုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ် ကျုပ်တို့က လူသွားလူလာများတဲ့ လမ်းခ ရီးတွေကိုရှောင်ပြီး တောလမ်းကနေရွေးချယ်သွားကြမယ်"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်၊ ကဲ. . . ဒါဆိုရင် ကျုပ်တို့အိပ်ကြရ အောင်"

မုကျင်းဖုက သူတို့အားမြေအောက်ခန်းဆီသို့ ခေါ်ဆောင် သွားလေသည်။ မြေအောက်ခန်းသို့ရောက်သောအခါ အိပ်စက်ရန် ခုတင်များ စားစရာများနှင့် စားပွဲကုလားထိုင်တို့ စုံလင်စွာရှိနေခြင်း ကို တွေ့မြင်လိုက်ရ၏။

ကောင်းကျူက ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ မည် သည့်အချိန် မည်သည့်နေရာ အနေအထားတွင်မဆို ပြည့်စုံအောင် ကြိုးစားဖန်တီးတတ်သော ယို့အော့လျှံအားကျိတ်ကာ ချီးကျူးလိုက် မိလေသည်။ ယင်းအချိန်. . .

မုကျင်းဖုက သူ့အနီးသို့ကပ်လာကာပြောလိုက်၏။

"ကဲ. . . သခင်လေးကောင်း၊ ကျုပ်တို့ မနက်စောစော ခရီးထွက်ကြမယ်ဆိုတော့ အိပ်စက်တာပိုကောင်းပါတယ်"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ"

ထို့နောက် သူကအိပ်စက်ရန် ဟန်ပြင်လိုက်ရလေတော့ သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

## စုပေါင်းမိသော အင်အားများ

နေဝန်းနီသည် အရှေ့ဘက်မှထွက်ပေါ်လာပြီဖြစ်၏။

အရုဏ်ဦး၏ရောင်ခြည်များသည် ကမ္ဘာမြေပေါ်သို့ဖြန့်ခင်းထားပြီးဖြစ်သည်။ အမှောင်ထုသည် အားပျော့သွားပြီး တဖြည်းဖြည်းနှင့် နောက်သို့ဆုတ်သွား၏။ မကြာမီ. . .

မိုးစင်စင်လင်းတော့မည် ဖြစ်သည်။ မုကျင်းဖုနှင့် ရွှက်ကြွသိုင်းသမားတို့သည် ကောင်းကျူတို့လူစုအား မြေအောက်စကြိုလမ်းအတိုင်း လမ်းပြခေါ်ဆောင်လာကြ၏။

တစ်နာရီခန့်လျှောက်လာသောအခါ နေရောင်ခြည်များလင်းလင်းနေသော ထွက်ပေါက်တစ်ပေါက်ကို တွေ့မြင်လိုက်ရလေသည်။ မုကျင်းဖုနှင့်ရွှက်ကြွသိုင်းသမားတို့က ထိုထွက်ပေါက်မှထိုးထွက်သွား၏။ ထိုအခါ ကောင်းကျူတို့လူစုကလည်း သူတို့နောက်မှ လိုက်ပါသွားကြသည်။ ကောင်းကျူတို့လူစု ထိုထွက်ပေါက်မှ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက်မြင်ကွင်းတစ်ခုလုံးမှာ ပြောင်းလဲသွားလေတော့သည်။

*  *  *  *



တောအုပ်ကလေးသည် စိမ်းလန်းစိုပြည်လှပေသည်။

တောလမ်းကလေးပေါ်တွင် ကောင်းကျူ၊ ယို့အင်းပွေ၊ ရွှက်ကြွသိုင်းသမား ပါထင်းစု၊ မုကျင်းဖု၊ တိလျှို၊ ဟိုဖေ့နှင့် ဝူးလုံတို့သည် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာကြသည်။

သူတို့သည် ယို့အော့လျှံနှင့်တွေ့ဆုံရန် လျှောက်နေကြသောကြောင့် စိတ်ဝယ်တက်ကြွကာ မရပ်မနားခရီးနှင်နေကြ၏။

အကယ်၍ ယို့အော့လျှံနှင့်တွေ့ဆုံရပါလျှင် သူတို့သည် တန်မိစ္ဆာဂိုဏ်းချုပ်တို့အား ချေမှုန်း၍ရွှေနဂါးဂိုဏ်းချုပ်ကြီးအား ယံတင်နိုင်တော့မည် မဟုတ်ပါလော။ သူတို့သည် မနားမနေခဆက်ခဲ့ကြ၏။ ကမ္ဘာမြေ၏အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီသို့ ဝန်းနီက ငုပ်လျှိုးပျောက်ကွယ်သွားချိန်တွင် အမှောင်ထုက တ်ဆိတ်စတင် ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်သည်။

မကြာမီမှာပင်. . .

ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ထုများက အုပ်ဆိုင်းလွှမ်းသွားခဲ့ချေပြီ။ ယခုအခါ ကောင်းကျူတို့လူစုသည် အလွန်လွင်ခေါင်သော နေရာတစ်ခုသို့ရောက်ရှိလာပြီဖြစ်သည်။

အလေ့အကျပေါက်ရောက်နေသော နွယ်ပင်များ၊ အုံမင်းရော်နေသော သစ်ပင်ကြီးများ စသည်တို့သည်ဝန်းရံလျက်ရှိသည်။

ထိုအချိန်မှာပင်. . .

အဝေးမှ အဆောက်အအုံသဏ္ဍာန် မည်းမည်းအရာတစ်ခု တွေ့မြင်လိုက်ကြရသည်။ ထို မည်းမည်းသဏ္ဍာန် အဆောက်အ

www.burmeseclassic.com

www.burmeseclassic.com



အုံထဲမှ မီးရောင်တချို့ လင်းလက်နေ၏။ မှုကျင်းဖုက ထိုအဆောက် အအုံအား ညွှန်ပြကာပြောလိုက်သည်။

"အဲဒီအဆောက်အအုံထဲမှာ သခင်မလေးယို့အော့လျှံ ရောက်ရှိနေကြတယ်"

ကောင်းကျူက ညွှန်ပြရာသို့လှမ်းကြည့်လိုက်၏။

ည၏မှုန်ဝိုးများသည် ထိုအဆောက်အအုံအား သိုင်းခြုံထား သဖြင့် တွေ့မြင်ရသူများအဖို့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင် လှသည်။ သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဟုတ်လား၊ ဒီနေရာဆိုတော့ ဘာပဲဖြစ်ဖြစ်လုံခြုံတာပေ နောက်ပြီး ချုံနွယ်ပိတ်ပေါင်းတွေ ပြည့်နှက်နေတော့ တကယ့် လူသူအရောက်အပေါက် မရှိနိုင်တဲ့နေရာတစ်ခုပါပဲ"

ဟု မှတ်ချက်ချလိုက်လေသည်။ ထို့နောက်. . .

သူတို့သည် စကားတပြောပြောနှင့် လမ်းလျှောက်လာ ရာတွင် မကြာမီ အဆောက်အအုံကြီးအနီး နီးကပ်သည်ထက် ကပ်လာလေတော့သည်။

* * * *

ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေ၏။

သို့သော်. . .

အဆောက်အအုံပျက်ထဲတွင်မူ မီးအိမ်မှထွက်ပေါ် သော ဝါကြန့်ကြန့်မီးရောင်များကြောင့် လင်းလင်းရှင်းရှင်း ရှိ



သသည်။ ယို့အော့လျှံသည် အဝေးသို့မျှော်ကြည့်နေ၏။

သူမ၏မျက်နှာပေါ်တွင် တစ်စုံတစ်ရာကိုလေးလေးနက် နက် တွေးတောနေသည့်ဟန်မူရာများပေါ်လွင်နေပေသည်။

သူမသည် ဤပြတင်းပေါက်တွင်ရပ်နေသည်မှာ ကြာမြင့် ပြီဖြစ်၏။ ထို့ပြင်. . .

နေ့စဉ် နေ့တိုင်း သူမကဤပြတင်းပေါက်မှ အဝေးသို့မျှော် ကြည့်နေခြင်းဖြစ်လေသည်။

ရှင်ချိန်ရီက သူမအားကြည့်ကာ ကျိတ်၍သက်ပြင်းချနေ သည်။ သူမသည် သခင်မလေး၏အနီးကပ် ကိုယ်ရံတော်မဟုတ် လော။ သူမအကြောင်းကို အွန်ချေးအွခါးမကျန်သိသည် မဟုတ်ပါ လော။ အမှန်တွင် သူမက ယို့အော့လျှံ၏ရင်ထဲမှခံစားမှုကို ထိုး ာက်တွေ့မြင်နေရသဖြင့် ယခုကဲ့သို့ကျိတ်၍ သက်ပြင်းချလိုက် ခြင်းဖြစ်လေသည်။

သူမတို့က ဤနေရာသို့ ရောက်ရှိနေခဲ့သည်မှာ နှစ်ရက် သို့ပြီဖြစ်၏။ ယို့အော့လျှံသည် ဤနေရာသို့ရောက်ရှိသည့်နေ့မှ ၍ ညနေဆည်းဆာအချိန်တိုင်းတွင် ဤပြတင်းပေါက်မှအဝေး ို့ စောင့်မျှော်ငေးငိုင်နေခဲ့သည်မှာ ညဥ့်နက်သန်းခေါင်ယံအချိန် ပင်ဖြစ်သည်။ သူမက ကိုးနဂါးသခင်လေး ကောင်းကျူတို့ ရောက်ရှိလာမည့်အချိန်ကို စောင့်မျှော်နေခြင်းပင်ဖြစ်၏။

ရှင်ချိန်ရီက ဤအကြောင်းကိုသိရသဖြင့် ယို့အော့လျှံအား ကြည့်ကာ သက်ပြင်းတစ်ချက်ကျိတ်ချလိုက်ပြီးနောက် ဖြည်းညင်း ာ ခေါင်းခါယမ်းလိုက်သည်။ ပြီးမှ သူမကယို့အော့လျှံဆီသို့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားခဲ့သည်။

ပြီးမှ သူမက ယို့အော့လျှံဆီသို့ လျှောက်သွားခဲ့သည်။

"သခင်မလေးရယ်၊ ရောက်ချိန်တန်ရင် ရောက်လာကြ
ပါ။ ဟိုမှာလဲ အဘမုကျင်းဖုက စောင့်နေတာပဲ၊ သူကကိုးသခင်လေ
တို့ကို အနေးအမြန်ဒီနေရာကို ခေါ်လာလိမ့်မယ်လို့ ကျွန်မယုံကြ
ပါတယ်၊ အဘမုဟာလဲ တကယ်စိတ်ချရတဲ့လူပါ"

ယို့အော့လျှံက သူမအားတစ်ချက်လှမ်းကြည့်လိုက်သည်

သူမ၏မျက်ဝန်းအစုံတွင် စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ပျ
အားငယ်မှုများက အထင်သားပေါ်လွင်နေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်၏။

"သူတို့ရောက်လာလိမ့်မယ်လို့ နင်က တကယ်ပဲယုံကြ
တာလား"

ရှင်ချိန်ရီက ခေါင်းညိတ်ပြလိုက်သည်။ သူမက ချစ်စဖွ
ပြုံးပြကာ မျက်ခုံးပင့်၍ကြည့်လိုက်၏။

"ဘာလဲ၊ သခင်မလေးက ကောင်းသခင်လေးအတွက်
ရိမ်နေတယ် မဟုတ်လား"

ယို့အော့လျှံက စကားမပြောဘဲခေါင်းငုံ့သွားလေသည်

အတန်ကြာမှ သူမကခေါင်းကိုဖြည်းညင်းစွာ မော့လို
သည်။

"ရှင်ချိန်ရီ. . . သူက ဒီနယ်မြေထဲကို ဝင်လာတာ
ကျားခံတွင်းထဲဝင်သလိုပါပဲ၊ သူ့အတွက် အန္တရာယ်တွေဟာ အ
အမြန်ရှိလာနိုင်တယ်၊ သူကူညီတာတတော့ တစ်မျိုးပေါ့လေ"



ရှင်ချိန်ရီကပြုံးလိုက်သည်။ သူမက ခေါင်းတစ်ချက်ယမ်း
လိုက်ကာ. . .

"သခင်မလေးက တကယ့်ကိုစိုးရိမ်ပိုတာပဲ၊ ဘာဖြစ်ဖြစ်
ကိုးနဂါးသခင်မလေး ယို့အင်းပွေကလဲသူနဲ့အတူ ပါလာတာပဲ၊ ဘာ
မှ အန္တရာယ်မရှိနိုင်ပါဘူး"

ယို့အော့လျှံက ခေါင်းခါယမ်းလိုက်သည်။

သူမက သက်ပြင်းတစ်ချက်ချကာ တည်ကြည်သောမျက်
နှာထားဖြင့် ရှင်ချိန်ရီအားကြည့်လိုက်၏။

"ငါက ညီမလေး ယို့အင်းပွေပါလာလို့လဲ ပိုပြီးစိုးရိမ်နေရ
တာပါ"

ရှင်ချိန်ရီက အံ့ဩသွားမိလေသည်။ သူမက အနည်းငယ်
စဉ်းစားပြီးမှ ရုတ်တရက်ယို့အော့လျှံ၏စကားကို နားလည်သဘော
ပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်၏။

"ကျွန်မသိပြီ၊ သခင်မလေးယို့အင်းပွေက သိုင်းပညာအ
ဆင့်မြင့်ပေမယ့် သိုင်းလောကရဲ့အတွေ့အကြုံရင့်ကျက်မှုသိပ်မရှိ
သေးဘူးလေ၊ ဒါကြောင့် သူကတစ်စုံတစ်ခုမှားယွင်းခဲ့မယ်ဆိုရင်
အသက်အန္တရာယ် ထိခိုက်နိုင်တယ် မဟုတ်လား"

ရှင်ချိန်ရီက သူမ၏စကားမှာ မှန်ကန်သဖြင့် စောဒကမ
တက်ဝံ့တော့ဘဲ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ယင်းတာဒင်လေးမှာပင်. . .

ရုတ်တရက် အသံတစ်သံကအမှောင်ထုထဲမှ လွင့်ပျံလာ
လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး. . . သခင်မလေး"

ယင်းအသံကို ကြားလိုက်သည်နှင့် ယို့အောင့်လျှံ၏မျက်လုံးအစုံထဲက ဝင်းလက်တောက်ပသွားသည်။ သူမသည် ထိုအသံရှင်မှာ ခါးကုန်းကြီးမုကျင်းဖု၏အသံဖြစ်ကြောင်း ကောင်းစွာမှတ်မိထားသည် မဟုတ်ပါလော။ သူမက အသံလာရာသို့လှမ်းကြည့်လိုက်သည်။

"အဘမု. . .ကျွန်မ ဒီမှာရှိပါတယ်၊ အခြေအနေဘယ်လိုလဲ. . ."

"ဧည့်သည်တွေပါလာတယ်၊ အောက်ကို ဆင်းခဲ့ပါဦး"

ဤတစ်ကြိမ်အသံသည် အဆောက်အအုံ၏အောက်ဘက်မှထွက်ပေါ်လာခြင်းဖြစ်လေသည်။ သူမက ဝမ်းသာအားရဖြင့် ပြောလိုက်၏။

"ဟာ. . . ဧည့်သည်ဆိုပါလား ဧကန္တတော့ကောင်းသခင်လေးတို့ပါလာပြီနဲ့တူတယ်"

သူမကပြောပြီး မီးအိမ်ကိုပြေးယူကာပြတင်းပေါက်မှ အပြင်သို့ထုတ်ကြည့်လိုက်သည်။ ထိုအခါ. . .

ကောင်းကျူက ပြုံး၍ပြတင်းပေါက်ပေါ်သို့မော့ကြည့်နေခြင်းကိုတွေ့မြင်လိုက်၏။ သူ့နောက်တွင် ယို့အင်းပွေ့နှင့်အခြားလူလေးယောက်ကို မြင်တွေ့လိုက်ရ၏။ ရှင်ချိန်ရီ၏မျက်လုံးအစုံက ဝင်းလက်တောက်ပသွား သည်။ သူမက ပြတင်းပေါက်ပေါ်တွင် ဖန်မီးအိမ်ကိုချိတ်ဆွဲထားခဲ့ပြီး အဆောက်အအုံ၏အောက်ဘက်ဆီသို့ပြေးဆင်းသွားလေသည်။ ယို့အောင့်လျှံက သူမနောက်မှ



ပြေးလိုက်သွား၏။ ထိုအခါ. . .

ကျန်ရှိသော ရွှေနဂါးဂိုဏ်းသားများကလည်း သူမတို့နောက်မှ ပြေးဆင်း၍လိုက်သွားကြလေတော့သည်။

* * * *

ကောင်းကျူသည်ရှင်ချိန်ရီနှင့် ယို့အောင့်လျှံတို့က ပြေးဆင်းလာသည်ကို တွေ့မြင်ရသောအခါ ပြုံး၍ဆီးကြိုနေ၏။

ယို့အင်းပွေ့က ကောင်းကျူ၏နောက်နားဆီမှ အကဲခတ်ကြည့်နေသည်။ သူမသည် ယို့အောင့်လျှံ၏မျက်ဝန်းအစုံမှာ ကောင်းကျူအားရွှန်းလဲ့တောက်ပစွာဖြင့်ကြည့်၍ ပြေးလာနေခြင်းကိုကြည့်ကာရင်ထဲ၌ ဘဝင်မကျနိုင်အောင် ဖြစ်သွားရသည်။

သူမက ကောင်းကျူဘက်သို့လှည့်ကြည့်လိုက်၏။

ကောင်းကျူ၏မျက်လုံးအစုံက ယို့အောင့်လျှံအားကြည့်ကာ မျက်နှာတစ်ခုလုံးပြုံးချိုနေသည်ဟု ခံစားနေမိသည်။

သူမ၏ရင်ထဲ၌ အဘယ်ကြောင့်မှန်းမသိ ဒေါသထွက်လာလေသည်။ သူမက ယို့အောင့်လျှံနှင့်ကောင်းကျူတို့အား တစ်လှည့်စီကြည့်ကာ အကဲခတ်နေစဉ်. . .

ရှင်ချန်ရီက ကောင်းကျူရှေ့သို့ ပြေးလွှားရောက်ရှိလာကာ ကောင်းကျူ၏ပခုံးကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်၍တွဲခိုထားလိုက်လေသည်။

"ကောင်းသခင်လေး ရောက်လာပြီ၊ ဝမ်းသာလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်တာ"

ကောင်းကျူက သူမအားပွေ့ချီကာ ခန္ဓာကိုယ်အားတစ်ပတ်လှည့်၍ ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား"

ယို့အင်းပွေ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူမသည်ရှင်ချိန်ရှီအားကြည့်ကာ ခံပြင်းလာမိ၏။

ယို့အော့လျှံကမူ တည်ငြိမ်စွာရပ်၍ရွှန်းလဲ့တောက်ပသော မျက်ဝန်းအစုံဖြင့် ကြည့်နေသည်။ သူမသည် ရှင်ချိန်ရှီကဲ့သို့ ကောင်းကျူ၏ရင်ခွင်ထဲသို့တိုးဝင် နှုတ်ဆက်လိုသော်လည်း မဝံ့ရဲပါချေ။

အမှန်တွင် သူမသည်အလွန်လှပသောမိန်းကလေးတစ်ယောက်ဖြစ်သည့်အပြင် နုပျိုယဉ်ကျေးသိမ်မွေ့သည်။

ရှင်ချိန်ရှီမှာ လေလွင့်နေသောအောက်တန်းစား မိန်းကလေးဘဝမှ ယခုကဲ့သို့ကြီးပြင်းလာခြင်းဖြစ်သည်။ သူတို့သည် အခြေအနေမတူပေ။ ထို့ပြင် အရှက်ကြောက်ကြီးသောမိန်းမပျို တစ်ယောက်ဖြစ်၏။ ယင်းကြောင့် ကောင်းကျူကိုသာ ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံဖြင့်ကြည့်ကာ ပြုံးနေသည်။

ထိုအချိန်မှာပင်. . .

ကောင်းကျူက ရှင်ချိန်ရှီအားပွေ့ချီကာထားရာမှ ရယ်မောရင်း အော်ဟစ်လိုက်၏။

"ဟား. . . ဟား. . . ဟား. . . မင်းရဲ့ခန္ဓာကိုယ်ကြီးက တကယ်လေးလံတာပဲကိုး၊ မင်းကတော့ ငယ်ငယ်တုန်းကနဲ့ ဘာမှမကွာခြားသွားဘူး၊ ဒါပေမယ့် မြွေညှီနံ့တွေကတော့ ပိုနံလာသလိုပဲ"



ရှင်ချိန်ရှီက ရယ်မောရင်းကောင်းကျူ၏ခန္ဓာကိုယ်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

"ခစ်. . . ခစ်. . . ခစ်. . . ကောင်းသခင်လေးကတော့ တွေ့တာနဲ့ပဲ ဒီမြွေတွေကို ထိခိုက်ပြောတော့တာပဲကိုး၊ ကျွန်မက မြွေညှီနံ့တွေနဲ့ နံတယ်ဆိုရင် နံ့သာတွေနဲ့မွှေးထုံနေတဲ့ သခင်မလေးကိုနှုတ်ဆက်လိုက်ပါဦးရှင်"

ကောင်းကျူကပြုံး၍ ယို့အော့လျှံအားကြည့်လိုက်၏။

သူသည် ယို့အော့လျှံအားခြေဆုံး ခေါင်းဆုံးကြည့်ကာ ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"ယို့အော့လျှံ. . . မင်းကတော့ တကယ်လှပတဲ့ အလှပိုင်ရှင်မလေး တစ်ယောက်ဖြစ်နေပါပေါ့လား"

ယို့အော့လျှံက ပြုံးလိုက်သည်။ သူမ၏အပြုံးသည် ကျေနပ်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ရှက်ရွံ့ခြင်းနှင့် စိတ်လှုပ်ရှားသွားသည့် ဟန်ပန်အမူအရာများပေါ် လွင်နေလေသည်။

ထို့ပြင် သူမ၏မျက်လုံးအစုံတွင် ကောင်းကျူအပေါ် သံယောဇဉ်အရိပ်အငွေ့များပေါ် လွင်နေလေသည်။ ရှင်ချန်ရှီက. . .

"ကောင်းသခင်လေးက ကျွန်မကျတော့ မြွေနံ့ နံသတဲ့၊ သခင်မလေးကျတော့ မွှေးသတဲ့၊ တော်တော် သမာသမတ်ရှိတဲ့ သခင်လေးပဲ"

"ဟား. . . ဟား. . . ဟား. . ."

ကောင်းကျူက အော်ဟစ်ရယ်မောလိုက်လေ၏။

ယို့အင်းပွေ၏ရင်ထဲ၌ ပြင်းပြင်းထန်ထန်လှုပ်ရှားလာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ယင်းအချိန်. . .

ယို့အော့လျှံက လှပစွာပြုံးလိုက်ပြီး ကောင်းကျူအားရွှန်းလဲ့တောက်ပစွာသော မျက်ဝန်းအစုံဖြင့်ကြည့်ကာ ပြောလိုက်သည်။

"ကောင်းသခင်လေးကလဲ ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပါ"

သူမ၏အသံကကြည်လင်ချိုသာလှပေသည်။

ကောင်းကျူသည် သူမ၏စကားကြောင့် အားပါးတရ ရယ်မောလိုက်၏။

"ဟား. . . ဟား. . . ဟား. . .၊ ယို့အော့လျှံ မင်းကလှပတဲ့မိန်းကလေးတစ်ယောက် ဖြစ်ရုံတင်မကတစ်ဖက်သားကို စိတ်ချမ်းသာလာအောင်ပြောတတ်တဲ့နေရာမှာလဲ ပထမတန်းစားထဲကပဲ၊ ကျော်ပါပေတယ်၊ နှလုံးသားရော အပြောအဆိုရောချိုပါပေတယ်"

သူက လက်နှစ်ဖက်ကိုဆန့်တန်းလိုက်သည်။

"ကဲ. . . လာပါဦး၊ မင်းကတော့ အရင်လိုပဲ ကျုပ်ကိုပြေးပြီး ဆီးကြိုပါဦး"

ယို့အင်းပွေ၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။ သူမသည် ကောင်းကျူနှင့်ယို့အော့လျှံတို့၏ ဆက်ဆံမှုမှာ လိုအပ်သည်ထက် ပို၍နေသည်ဟု ခံစားမိသည်။ ထိုအချိန်မှာ. .

ယို့အော့လျှံသည် လက်နှစ်ဖက်ကိုဆန့်တန်းကာ ဆီးကြိုနေလေသည်။ ယို့အင်းပွေက စဉ်းစားခြင်းပင် မပြုတော့ပါ။ သူမသည် ရုတ်တရက်ယို့အော့လျှံနှင့် ကောင်းကျူတို့ကြားသို့ ပြေး



သွားကာ ယို့အော့လျှံအား တင်းကျပ်စွာ သိုင်းဖက်ထား လိုက်သည်။

"မမယို့အော့လျှံ. . . မမယို့အော့လျှံ၊ ကျွန်မတို့ မတွေ့တာကြာပြီနော်၊ ကျွန်မက မမကိုနေ့ညမပြတ်သတိရနေတယ်သိလား၊ မမကတော့ ကျွန်မကို သတိရရဲ့လားဟင်၊ မမကို အခုတွေ့ရတော့ သိပ်လှလာတာပဲ"

သူမသည် ယို့အော့လျှံအားသိုင်းဖက်ကာ စကားကိုကရားရေလွှတ် ပြောချလိုက်လေသည်။ သူမထံမှ စကားလုံးများကလည်း မပြတ်ချေ။ ကောင်းကျူ၏မျက်လုံးများ ပြူးကျယ်သွားရသည်။

သူသည် ရုတ်တရက်ပြောင်းလဲသွားသော ယို့အင်းပွေအားကြည့်ကာ ယို့အော့လျှံအတွက် ဆန့်တန်းထားသောလက်နှစ်ဖက်ကို ပြန်လည်ရုပ်သိမ်းလိုက်ရသည်။ အများအမြင်တွင်ရှက်စရာကြီးဖြစ်နေသည် မဟုတ်ပါလား။

ယို့အော့လျှံကလည်း အမှတ်မထင်ပြေးဝင်သိုင်းဖက်လာသော ယို့အင်းပွေကိုကြည့်ကာ အံ့ဩလွန်းသဖြင့်မျက်လုံးများ ပြူးကျယ်သွားရ၏။ သူမသည် ကောင်းကျူအားသိုင်းဖက်ရန် ဟန်ပြင်ထားသောလက်အစုံကို ရုပ်သိမ်းကာ ယို့အင်းပွေအားသိုင်းဖက်ထားလိုက်ရသည်။ တစ်ချိန်တည်း၌ ယို့အော့လျှံတွေးလိုက်မိသည်မှာ ဤမျှအသက်အန္တရာယ်တွေ့နိုင်သည့် ခရီးကြမ်းကြမ်းတစ်လျှောက်လုံး၌ ယို့အင်းပွေလိုက်လာသည့် အကြောင်းရင်းကိုတွေးလိုက်မိသည်။ သူမသည် အလွန်ဉာဏ်ရည်ထက်သည့် မိန်းကလေးမဟုတ်ပါလော။ သူမက မချိပြုံးပြုံးလိုက်သည်။

"မမကလဲ ညီမလေး ယို့အင်းပွေကိုသတိရပါတယ်ကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီမလေးကလဲ အပျိုကြီးကြီးဖားဖား ဖြစ်နေပါပေါ့လား"

ယို့အင်းပွေက ကျိတ်၍ရယ်မောလိုက်မိသည်။

သူမသည် မိမိ၏အကြံအစည်အောင်မြင်သွားခြင်းအတွက် ဝမ်းသာနေမိသည် မဟုတ်ပါလော။ သူမက ကောင်းကျူဘက်သို့မျက်လုံးတစ်ချက်စွေကြည့်လိုက်ပြီးမှ ယို့အော့လျှံအား ပြုံးပြလိုက်သည်။ ကောင်းကျူ သက်ပြင်းတစ်ချက်ကျိတ်၍ချလိုက်လေသည်။ ယို့အင်းပွေက မိမိနှင့်ယို့အော့လျှံတို့အား ဖက်လှဲတကင်း နှုတ်ဆက်မည်ကို မလိုလားသဖြင့် ယို့အင်းပွေကယခုကဲ့သို့ကြား ဝင်ကာနှောင့်ယှက်လိုက်သည်ကို နားလည်လိုက်မိ၏။

ထို့အတူ. .

ကျန်လူများအားလုံးကလည်း နားလည်လိုက်ကြလေသည်။ ကျန်လူများအနေဖြင့် ယို့အင်းပွေက ကောင်းကျူအပေါ်သံယောဇဉ်မှုကို နားလည်နေကြသည်။ သူမသည် မလိုတမာစိတ်ရှိနေသည်။ သို့သော်. . .

သူတို့သည် မိမိတို့၏နားလည်မှုကို မိမိတို့ဘာသာရင်ထဲ၌မျိုသိပ်ကာ ပြုံးနေကြလေသည်။ သို့သော်. . .

ရှင်ချိန်ရီတစ်ယောက်ကမူ ယို့အင်းပွေ၏အပြုအမူကို မကျေမနပ်ဖြစ်၍ ကောင်းကျူဘက်သို့လှည့်ကြည့်လိုက်သည်။

သူမကရုတ်တရက် အကြံတစ်ခုရရှိကာ ကောင်းကျူလက်ကိုဆွဲ၍ ပြုံးပြလိုက်သည်။

"ကောင်း သခင်လေးရယ်၊ သခင်မလေးက ကျွန်မကိုးနဂါးကပြန်လာတဲ့အချိန်ကစပြီး ကောင်းသခင်လေးလာမယ့်အချိန်



ကို နေ့စဉ်ရက်ဆက်စောင့်မျှော်နေတာပါ"

အမှန်တွင် သူမကယို့အင်းပွေကို မကျေနပ်ကြောင်းတိုက်ရိုက်ဖွင့်ပြောလိုက်လျှင် မိမိတို့က ရိုင်းရာရောက်မည်စိုးသဖြင့် ယခုကဲ့သို့ကလိလိုက်ခြင်းဖြစ်သည်။ ယို့အင်းပွေ၏မျက်နှာ ကွက်ခနဲပျက်သွားသော ကောင်းကျူထံသို့ လှမ်းကြည့်လိုက်သည်။ ကောင်းကျူကမူ ယို့အင်းပွေအား အားတုံ့အားနာဟန်ဖြင့်ကြည့်လိုက်၏။

သူက ခေါင်းတစ်ချက်ခါယမ်း၍ ပြုံးပြလိုက်သည်။

"တကယ် အားနာစရာပါပဲ၊ ကျုပ်ကလဲ အမြန်ဆုံးရောက်အောင်လာခဲ့ပါတယ်၊ ဒါပေမယ့် လမ်းခရီးမှာအနှောင့်အယှက်ကလေးတွေ တွေ့နေရလို့ နောက်ကျသွားခဲ့တယ်၊ တောအုပ်ကလေးထဲက အိမ်ကလေးကိုရောက်ပြန်တော့ မင်းတို့တဲ မရှိတော့ဘူးလေ၊ အဘဖုန့် တွေ့ပေလို့ပေါ့"

သူက ရုတ်တရက် တစ်စုံတစ်ရာကိုသတိရကာ အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်လေသည်။ သူ၏လက်ကို ပြန်နုတ်လိုက်သောအခါ လက်ထဲ၌ကျောက်ပွတ်ခွေပါရှိလာလေသည်။ သူက ကျောက်ပွတ်ခွေအား ယို့အော့လျှံထံသို့ကမ်းပေးလိုက်သည်။

"ရော့. . ."

ယို့အော့လျှံ၏မျက်လုံးအစုံတွင် ဝင်းလက်တောက်ပသွားလေသည်။ သူမက ကျောက်ပွတ်ခွေလေးအား ဝမ်းသာအားရဖြင့် လှမ်းယူကာ. . .

"အို. . . ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မက ဒီကျောက်ပွတ်ခွေကို သစ်တောအုပ်လေးထဲမှာ ကျန်ခဲ့တာကိုသိပေမယ့် ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ယူလို့ မရနိုင်တာကြောင့် စိတ်ဆင်းရဲနေရတယ်"

ယို့အင်းပွေ၏မျက်နှာပေါ်တွင် ကောင်းကျူက ဤကျာ ပွတ်ကို မည်သည့်အချိန်ကယူ၍ သိမ်းဆည်းထားပါသနည်းဟု တွေး ကာမျက်မှောင်ကုတ်နေလေသည်။ ရှင်ချိန်ရိုက သူမအားကြည့်ကာ ရှုံတ်၍ပြုံးနေလေသည်။ သူမက ယို့အော့လျှံ၏လက်ကိုဆွဲကာ မျက်ခုံးပင့်၍ကြည့်လိုက်၏။

"သခင်မလေး. . . ကျွန်မပြောတာ ဟုတ်တယ်မဟုတ် လား၊ ကောင်းသခင်လေးက အနေးနဲ့အမြန်သခင်မလေးဆီကို ရောက်လာလိမ့်မယ်ဆိုတာလေ"

သူမ၏စကားသည် ယို့အင်းပွေ၏အသည်းနှလုံးအား လှုပ် လှုပ်ရှားရှားဖြစ်သွားစေသည်။ သူမက နှုတ်ခမ်းတစ်ချက်ကိုက် လိုက်သည်။

"ဒါက ကျွန်မဖေဖေက မမယို့အော့လျှံတို့မှာ အခက်အခဲ ရင်ဆိုင်နေရလို့ အကူအညီပေးဖို့ လွှတ်လိုက်တာပါ၊ ဒါကြောင့် ဘယ်နည်းနဲ့မဆို ကျွန်မတို့ အားလုံးကမမယို့အော့လျှံဆီကို လာခဲ့ ရမှာပဲ၊ ဖေဖေနဲ့ရွှေနဂါးဂိုဏ်းချုပ်ကြီးဟာ ညီအစ်ကိုတွေပဲလေ၊ ဒီဘကြီး ကိုညီမတို့က ပစ်ပယ်ထားရမှာလား"

ယို့အော့လျှံက သက်ပြင်းချလိုက်မိသည်။ သူမသည် ခရီး ရောက်မဆိုက်ဆိုသကဲ့သို့ ယို့အင်းပွေအား ထိခိုက်သွားစေမည့် အ ခြေအနေကိုစကားလမ်းလွှဲကာ ထိန်းသိမ်းလိုက်၏။

"တဲ. . . တဲ. . . ကျွန်မတို့အပေါ်တက်ကြရအောင်၊ အ



ပေါ်ရောက်မှ အေးအေးဆေးဆေးစကားပြောကြတာပေါ့"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်"

ထို့နောက်. . .

အားလုံးသော လူများသည်အဆောက်အအုံပျက်ပေါ်သို့ တက်ခဲ့ကြလေတော့သည်။

*    *    *    *

ညလေသည် တဟူးဟူးတိုက်ခတ်နေ၏။ ကောင်း ကျူသည် မိမိတို့လူများကို အနားယူခိုင်းလိုက်ပြီဖြစ်သည်။ တိလျှံ၊ ဟိုဖေ့၊ နှင့်ပူးလုံတို့က ခရီးပန်းလာသဖြင့် အိပ်စက်အနားယူရန် လဲလျောင်းနေကြလေပြီ။

ရွက်ကြွေသိုင်းသမား ပါထင်းစုနှင့်မုကျင်းဖုတို့ကမူ မိမိ တို့၏ဂိုဏ်းညီအစ်ကိုများနှင့် ပြန်လည်တွေ့ဆုံရသဖြင့် စကားလက် ဆုံကျနေကြလေသည်။ ကောင်းကျူက ယို့အင်းပွေအား ကြည့်လိုက် ၏။

"ယို့အင်းပွေ. . . မင်းလဲ ပင်ပန်းလာတယ်၊ အနားယူလိုက် ပါဦးလား"

ယို့အင်းပွေက ယို့အော့လျှံအားလှစ်ခနဲတစ်ချက်ကြည့်ကာ ခေါင်းခါယမ်းပြလိုက်လေသည်။

"အစ်ကိုလေးမှမအိပ်သေးဘဲ၊ ကျွန်မလဲ မအိပ်ချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက ပြုံးလိုက်၏။ သူက ခေါင်းခါယမ်းလိုက်ပြီး

"အို. . . ကျုပ်က အိပ်လို့မဖြစ်သေးဘူးလေ၊ ဒီမှာ ယို့အော့လျှံနဲ့ ရှေ့ဆက်ဘာလုပ်ကြမယ်ဆိုတာ တိုင်ပင်ရဦးမယ်"

ယို့အင်းပွေ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သို့သော် ရုတ်ခြည်းပင်ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ ကျွန်မကလဲ အစ်ကိုလေးတို့ဆွေးနွေးတာကို နားထောင်မယ်လေ"

ကောင်းကျူက သက်ပြင်းချလိုက်လေသည်။

သူသည် ယို့အင်းပွေကပတ်ကျိတစ်ကောင်ကဲ့သို့ ကပ်နေကာမိမိအား အပျော်မခံခြင်းကို သိရှိထားသဖြင့်မတတ်နိုင်တော့ဘဲ ယို့အော့လျှံထံသို့ကြည့်လိုက်၏။ ယို့အော့လျှံက သူ့အားပြုံး၍ ကြည့်နေလေသည်။

သို့ရာတွင် သူမ၏မျက်ဝန်းအစုံ၌ ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ကောင်းကျူက သူမအား အားတုံ့အားနာဖြင့်ကြည့်လိုက်လေသည်။ ယို့အော့လျှံက သူ၏အကြည့်ကိုနားလည်သဘောပေါက်ဟန်ဖြင့် ပြုံးပြလိုက်လေသည်။ ထို့နောက် တည်ငြိမ်အေးဆေးသော ဟန်ဖြင့်. . .

"ကောင်းအစ်ကိုလေးလဲ ပင်ပန်းတယ်၊ ဒီနေ့ညအနားယူလိုက်ပါလား"

ဟုပြောလိုက်လေသည်။ ကောင်းကျူက ခေါင်းခါယမ်းလိုက်သည်။



"ကျုပ်က ကိစ္စမရှိပါဘူး၊ အရေးကြီးတာက တိတန်မိစ္ဆာဂိုဏ်းထဲမှာရှိနေတဲ့ ဂိုဏ်းချုပ်ကြီးကိုကယ်တင်ဖို့က အရေးကြီးပါတယ်"

ယို့အော့လျှံက ကြည်နူးစွာပြုံးလိုက်မိသည်။

ကောင်းကျူက မိမိ၏ဖခင်အတွက် စေတနာထက်သန်စွာဖြင့် ကယ်တင်ပေးလိမ့်မည်ဟု ယုံကြည်နေလေသည်။

"ကောင်းအစ်ကိုလေးကို ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မတို့အပေါ်ထားတဲ့ စေတနာကိုလဲမလေးစားဘဲ မနေနိုင်ပါဘူး၊ မိတ်ဆွေကောင်းဆိုတာ ဘေးဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ့်ဘေးမှာ မားမားမတ်မတ်ရပ်တဲ့လူကို ခေါ်ပါတယ်ရှင့်"

ဟုလှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။ ကောင်းကျူက ပြုံး၍ခေါင်းခါယမ်းလိုက်၏။

"ကျေးဇူးတင်စရာမလိုပါဘူး၊ ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတစ်ခုပါပဲ၊ ရွှေနဂါးဂိုဏ်းအနေနဲ့ ကိုးနဂါးဂိုဏ်းဟာတကယ့်ဟောင်းမိတ်ဆွေဂိုဏ်းကြီးတွေပါ"

ယို့အော့လျှံက လှပစွာပြုံးလိုက်၏။ သူမက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲရှင်၊ ကျွန်မတို့ကို စေတနာထားတဲ့လူကို ကျွန်မတို့ကကျေးဇူးမတင်လို့ ဘယ်ဖြစ်ပါ့မလဲ"

ရှင်ချိန်ရီကလည်း ကြားဝင်ပြောလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကောင်းသခင်လေးတို့က ကျွန်မတို့ကိုကူညီတာဟာ အင်မတန်ကြောက်စရာကောင်းတဲ့ ရန်သူနဲ့ထိပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရတယ် မဟုတ်လား၊ တိတန်ဂိုဏ်းချုပ်ဆိုတာကလဲ နာမည်တစ်လုံးနဲ့ ဂိုဏ်းချုပ်ကြီးမဟုတ်လား"

ကောင်းကျူက ပြုံးလိုက်သည်။ သူက ရုတ်တရက်တစ်စုံတစ်ခုကို သတိရလိုက်သည်။

"ဒါနဲ့ဂိုဏ်းချုပ်ကြီးက အသက်ရှင်လျက်ရှိပါဦးမလားဟင်"

ယို့အော့လျံက ခေါင်းညိတ်လိုက်သည်။ သူမ၏မျက်နှာပေါ်တွင် စိတ်မချမ်းသာသည့် ဟန်မူရာများပေါ်လွင်လာသည်။

"ဖေဖေက အသက်ရှင်လျက်ရှိသော သေချာပါတယ်"

သူက ယို့အော့လျံအားနားမလည်စွာဖြင့် ကြည့်လိုက်သည်။

"ညီမ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့လူတစ်ယောက်နော်၊ သူက ဘယ်သူ့ကိုမှချမ်းသာပေးခြင်းမရှိဘူးလို့ ပြောတယ်"

ယို့အော့လျံက ခေါင်းခါယမ်းလိုက်သည်။ သူမက မချိပြုံးပြုံးကာ ရှင်းပြလိုက်၏။

"စိတ်ချပါ၊ သူက ကျွန်မဖေဖေဆီက လိုချင်တာတစ်ခုရှိနေလို့ ဘယ်နည်းနဲ့မှမသတ်ပါဘူး"

ကောင်းကျူက မျက်လုံးဝင့်ကာကြည့်လာ၏။ သူက နားမလည်ဟန်ဖြင့် ကြည့်ကာ. . .

"ဘယ်လို သူက ဂိုဏ်းချုပ်ကြီးဆီက လိုချင်တာရှိတယ်ဟုတ်လား"



ယို့အော့လျံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကောင်းကျူက စိတ်ဝင်စားလာမိလေသည်။

"နေပါဦး၊ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ဂိုဏ်းချုပ်ကြီးဆီက ဘာများလိုချင်နေတာလဲ"

ယို့အော့လျံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ဒီလိုပါ၊ ဖေဖေက လွန်ခဲ့တဲ့သုံးနှစ်လောက်က သိုင်းပညာတစ်ခုကို တီထွင်ခဲ့တာ အောင်မြင်ပါတယ်"

ကောင်းကျူက စိတ်ဝင်စားလေသည်။ သူကမေးလိုက်သည်။

"ဘယ်လို သိုင်းပညာမျိုးလဲ ဟင်"

ယို့အော့လျံက ရှင်းပြလိုက်လေသည်။

"သက်ခြွေဝိဇ္ဇာဥ်လက်ဝါးသိုင်းပါ"

ကောင်းကျူ မျက်မှောင်ကုတ်လိုက်လေသည်။

"သက်ခြွေဝိဇ္ဇာဥ်လက်ဝါး ဟုတ်လား"

ယို့အော့လျံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကောင်းကျူက စိတ်ဝင်စားလာမိလေသည်။

"သက်ခြွေဝိဇ္ဇာဥ်လက်ဝါးက အစွမ်းထက်သလား"

ယို့အော့လျံက ပြုံးလိုက်သည်။ သူမက ကောင်းကျူအားရှင်းပြလိုက်သည်။

"အစွမ်းထက်တာမှ ကြောက်စရာကောင်းအောင်ကို အ

www.burmeseclassic.com

www.burmeseclassic.com



ငုံမ်းထက်ပါတယ်၊ ဒီသက်ခြွေဝိဇ္ဇာဥ်လက်ဝါးနဲ့ ထိတွေ့လိုက်တဲ့ လူဟာ ခန္ဓာကိုယ်တစ်ခုလုံး အားအင်ကုန်ခမ်းသွားတယ်လို့ ဖေဖေ ကပြောတာပဲ"

"ကြောက်စရာပညာပဲ"

ကောင်းကျူက အံ့ဩထိတ်လန့်သွားလေသည်။

"ဟာ. . . ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးဆီက ဒီပညာကိုသူတို့ ကနည်းမျိုးစုံနဲ့ရအောင် တောင်းမှာသေချာတယ်"

ယို့အော့လျှံ၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ် လာလေသည်။ သူမက စိတ်လှုပ်ရှားဟန်ဖြင့်. . .

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်မက ဖေဖေဟာသူတို့လက် ထဲမှာ အသက်ရှင်လျက် ရှိနေမယ်လို့ပြောရတာပေါ့၊ ဒါပေမယ့်. . ."

သူမက စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်သည်။

ကောင်းကျူက သူမ၏စကားကိုသဘောပေါက်နားလည် စွာဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

"ဒါပေမယ့် သူတို့ကဂိုဏ်းချုပ်ကြီးကို နှိပ်စက်ညှင်းပန်းနေ မယ်လို့ ညီမကပြောချင်တာမဟုတ်လား"

ယို့အော့လျှံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ဒါဆိုရင် မဖြစ်ဘူး၊ မနက်ဖြန် မိုးချုပ်တာနဲ့ တစ်ပြိုင်နက် ဂိုဏ်းချုပ်ကြီးကို ကျုပ်တို့က သွားကယ်ကြမယ်"

ယို့အော့လျှံက မျက်ခုံးပင့်ကာကြည့်လိုက်၏။



သူမက ကောင်းကျူအား အားတုံ့အားနာဟန်ဖြင့်. . .

"အို. . . တစ်ရက်နှစ်ရက်လောက် နားလိုက်ပါဦးလား"

ကောင်းကျူက ခေါင်းခါသည်။

"မဖြစ်ဘူး၊ ဒီအတိုင်းဆိုရင် ဂိုဏ်းချုပ်ကြီးက အချိန်တိုင်း မှာ အနှိပ်စက်ခံနေရမှာသေချာတယ်၊ ကျုပ်တို့ တစ်ရက်စောစော ရောက်သွားရင် တစ်ရက်သူ့အတွက် သက်သာလိမ့်မယ်၊ သူတို့က ဒီပညာကို မရမချင်း ဂိုဏ်းချုပ်ကြီးကိုနှိပ်စက်လိမ့်မယ်"

ယို့အော့လျှံက အနည်းငယ်စဉ်းစားလိုက်သည်။

အမှန်တိုင်း သူမ၏ရင်ထဲ၌လည်း ဖခင်ဖြစ်သူအတွက် စိုးရိမ်မိသဖြင့် အမြန်ဆုံးကယ်တင်လိုသောဆန္ဒရှိနေသည် မဟုတ် ပါလား။ ထို့ကြောင့် သူမက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ၊ အစ်ကိုလေး တစ်ယောက်တည်းဆို အန္တ ရာယ်ကြီးတယ်၊ ဒါကြောင့် ကျွန်မလဲ လိုက်ခဲ့ပါရစေ"

ကောင်းကျူ တွေဝေသွားရသည်။

ယင်းအချိန်. . .

ယို့အင်းပွေ့ကလည်း ကြားဝင်ပြောလိုက်သည်။

"အစ်ကိုလေး. . . ကျွန်မလဲ လိုက်ခဲ့မယ်နော်"

ကောင်းကျူက သူမအားမျက်လုံးပြူးကာကြည့်လိုက်၏။ ထို့နောက် ကမန်းကတန်းခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်ဘူး"

ယို့အင်းပွေ့က မျက်မှောင်ကုတ်လိုက်သည်။

သူမက ကောင်းကျူအား မျက်လုံးပြူး၍ကြည့်လိုက်ပြီး. .

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . မမယို့အော့လျှံတော့ခေါ်သွားမယ်ဆိုရင် ကျွန်မလဲခေါ်သွားသင့်တာပေါ့"

ကောင်းကျူက ဒုတိယအကြိမ်ခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူး၊ မင်းတို့နှစ်ယောက်စလုံး ဘယ်သူမှမလိုက်ခဲ့ကြပါနဲ့"

ယို့အင်းပွေမျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများ ပေါ်လွင်လာလေသည်။ ယို့အော့လျှံကမူ မျက်နှာကွက်ခံနဲပျက်သွားသည်။ သို့သော် ချက်ချင်းပင်ပြန်လည် ပျောက်ကွယ်သွားလေသည်။

"အစ်ကိုတစ်ယောက်တည်းသွားလို့ မဖြစ်ဘူးထင်တယ်"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ကျုပ်သိပါတယ်၊ ကျုပ်နဲ့အတူ အဘာမုကျင်းဖုကိုလဲ ခေါ်သွားမယ်လေ၊ တိတန်ဌာနချုပ်ဟာ သာမန်ဌာနချုပ်လဲမဟုတ်ဘူး၊ တကယ်ဌာနချုပ်ဆိုတော့ အဖော်မပါရင်မလွယ်ဘူး"

အမှန်တွင်. . .

သူက မုကျင်းဖုနှင့် တိုက်ခိုက်ခဲ့ဖူးသဖြင့် မုကျင်းဖု၏သိုင်းပညာအဆင့်ကို သိရှိထားသောကြောင့် ယခုကဲ့သို့ပြောလိုက်ခြင်းဖြစ်၏။ ယို့အော့လျှံက သက်ပြင်းတစ်ချက်ချကို ကျိတ်ကာချမိသည်။ သူမက ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါတယ်၊ အဘာမုရဲ့သိုင်းပညာက ကျွန်မတို့မှာ နံပါတ်နှစ်အဆင့်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ"

ကောင်းကျူက ပြုံး၍ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ ကျုပ်က သူနဲ့တိုက်ခိုက်ခဲ့ဖူးတယ်လေ၊ ဒါကြောင့် သူ့ကို ကျုပ်က ရွေးချယ်လိုက်တာပါ"

သူကအားလုံးသော လူများအားတစ်ချက်လှမ်းကြည့်လိုက်၏။

"ကဲ. . . အားလုံးပဲ ညဉ့်နက်လှပြီဆိုတော့ အနားယူကြ မနက်ဖြန်ညမှာ ကျုပ်နဲ့အဘာမုက တိတန်မိစ္ဆာဂိုဏ်းထဲဝင်ကြမယ်"

သူ၏စကားကြောင့် အားလုံးသောလူများက အသီးသီး အိပ်ရာဝင်သွားကြလေသည်။ ယို့အော့လျှံက မအိပ်စက်နိုင်သေးပါ။

သူမက ကောင်းကျူနှင့်စကားပြောလိုသော်လည်း ယို့အင်းပွေက နှစ်သက်ခြင်းမရှိမည်ကို သိရှိထားသဖြင့် အိပ်စက်ရန်ဆုံးဖြတ်လိုက်သည်။

ယို့အင်းပွေကလည်း ယို့အော့လျှံက ကောင်းကျူ၏အနီးမှာ ဖယ်ခွာကာ အိပ်စက်ရန်ဟန်ပြင်နေပြီ ဖြစ်သောကြောင့် အိပ်စက်လိုက်ရလေတော့သည်။

* * * *

ကောင်းကျူသည် မိစ္ဆာဂိုဏ်းသို့လျှို့ဝှက်ဝင်ရောက်ကာ ရွှေဝေါဂိုဏ်းချုပ်ကြီးကို ကယ်တင်တော့မည်ဖြစ်၏။ အမှန်တွင်. . .

သူသည် သူ၏ဘဝတစ်သက်တာ၌ အသည်းနှင့်အောင်ချစ်ခဲ့သောမိန်းကလေးမှာ မိစ္ဆာဂိုဏ်းချုပ်ကြီးတစ်ယောက်ဖြစ်လိမ့်မည်ဟု သူက လုံးဝမမျှော်လင့်ခဲ့ပါချေ။

မည်သို့ဆိုစေ. . .

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ယခုထိပ်တိုက်တွေ့ဆုံရတော့မည် ဖြစ်၏။

ဤသို့ဆိုလျှင်. . .

သူတို့နှစ်ယောက်၏တွေ့ဆုံပွဲသည် မည်သို့သောအခြေအနေကို ဖန်တီးလာပါမည်နည်း။

* * * * * *



## အခန်း (၅)

### လိပ်ပြာတစ်ကောင်၏ လျှို့ဝှက်ချက်

နေဝန်းနီသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်၏။

အရုဏ်ဦး၏ရောင်ခြည်များသည် ကမ္ဘာမြေပေါ်သို့ဖြန့်ကျက်ချထားပြီး ဖြစ်လေသည်။ အမှောင်ထုက အားပျော့သွားကာ တဖြည်းဖြည်းနှင့် နောက်ဆုတ်နေချေပြီ။

ကောင်းကင်တစ်ခုလုံးသည် အမှောင်ထုအားပျော့သွားသည်နှင့် ပြာလဲ့လဲ့အရောင်သို့ ပြောင်းလဲသွားခဲ့လေပြီ။

သစ်ပင်များထက်တွင် တစ်ညတာ အိပ်စက်အနားယူခဲ့ကြသော ကျေးငှက်ကလေးများသည် မိုးသောက်ယံတေးကို သီဆိုလျက် အစာရှာရန်လူးလာခေါက်တုံ့ပျံသန်းသွားနေကြသည်။

နံနက်ခင်း၏လေနုအေးသည် ပန်းမာလာတို့ကို သယ်ဆောင်လာရှိသာမက စိတ်နှလုံးကိုလန်းလန်းဆန်းဆန်းဖြစ်စေသည်။ ယခင်နေ့များဆီက နှင်းမြူများသည်အဆက်မပြတ် ကျဆင်းခဲ့သော်လည်း ယနေ့တွင်မူထူးထူးခြားခြားပင် ရာသီဥတုကသာယာသောနံနက်ခင်းတစ်ခုကို ဖန်တီးပေးထားခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်. . .

ယခင်နေ့များဆီက ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ကောင်းအောင်တိတ်ဆိတ်အေးစက်နေသည့် တိတန်မိစ္ဆာဂိုဏ်း၏ဌာနချုပ်ထဲ၌ အော်ဟစ်ရယ်မောသံများကို ကျယ်လောင်စွာကြားနေရ၏။

ဤသို့ဆိုပါလျှင်. . .

မိစ္ဆာဂိုဏ်း၏ဌာနချုပ်တွင် မည်သည့်ထူးခြားချက်များရှိနေပါသနည်း။

* * * *

မိစ္ဆာဂိုဏ်း၏ဌာနချုပ်တွင် အမှန်တကယ်ပင်အော်ဟစ်ရယ်မောသံများဖြင့်ပြည့်လျှံနေသည်။ အမှန်တွင်. . .

ဤရယ်မောသံများသည် မိစ္ဆာဌာနချုပ်ထဲရှိခန်းမကြီးထဲမှ ထွက်ပေါ်နေခြင်းဖြစ်သည်။ မိစ္ဆာဂိုဏ်းသားများသည် ထိတ်လန့်တုန်လှုပ်နေသော လူတစ်ယောက်အားကြည့်ကာ ရယ်မောနေခြင်းဖြစ်၏။ ထိုလူသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ အသက်လေးဆယ်ကျော်ခန့်ရှိပြီဖြစ်သည်။

သူ၏နဖူးပြင်တွင် ချွေးများစီးကျကာမိမိ၏မျက်နှာချင်းဆိုင်ရှိ စင်မြင့်ပေါ်တွင်ထိုင်နေသော တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား ကြည့်ကာထိတ်လန့်တုန်လှုပ်နေသဖြင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ တဆတ်ဆတ်တုန်နေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအေးစက်တင်းမာသောမျက်လုံးအစုံနှင့်ကြည့်၍ စူးရှအက်ကွဲသောအသံ



ဖြင့် မေးလိုက်၏။

"ကျင်းရီ. . . ခင်ဗျားက ကျုပ်တို့ဂိုဏ်းထဲမှာ သစ္စာခံဖို့စဉ်းစားသင့်ပြီ ထင်တယ်"

ကျင်းရီက စကားမပြောပါချေ။ သူက ထိတ်လန့်တုန်လှုပ်သော မျက်လုံးအစုံဖြင့်မော့ကြည့်နေသည်။

"ကျုပ်. . . ကျုပ်တို့ရဲ့ ကျင်းအာမခံဌာနက အသေးအမွှားလေးပါဗျာ၊ ဂိုဏ်းချုပ်ကြီးတို့လို ကြီးကျယ်မြင့်မားလှတဲ့ တတိန်ဂိုဏ်းနဲ့ ဘယ်လိုမှယှဉ်မရပါဘူး"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား"

အတန်ကြာမှ သူကရယ်မောခြင်းကို ရပ်တန့်ကာစူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

"ကျင်းရီ. . . ကျုပ်က ခင်ဗျားကို အသေးအမွှားဖြစ်တယ်၊ ကြီးကျယ်မြင့်မြတ်တယ် ဆိုတာတွေကိုခွဲခြားခိုင်းနေတာ မဟုတ်ဘူးနော်၊ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်ပြောနေတာကတခြား၊ ခင်ဗျားပြောနေတာကတခြား"

အမှန်တွင် သူသည် လိုက်ကျုံးမြို့ထဲရှိ ကျင်းအာမခံဌာနမှ အတော်အတန် အောင်မြင်လာသောအခါ တိုင်ပင်ကျွန်းဘုရင်နှင့် ဆက်သွယ်ရာတွင် သံ့ပန်းများအဖြစ်အလိုရှိလာသောကြောင့် ယခုကဲ့သို့မိမိတို့ဂိုဏ်းထဲသို့ဝင်ရန် သစ္စာခံစေရန် စည်းရုံးနေခြင်းဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော်. . .

ကျင်းရီသည် အာမခံဌာန၏ပိုင်ရှင်တစ်ယောက်ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အာမခံပို့ဆောင်ရသည့် ပစ္စည်းများကိုကိုယ်တိုင်ကိုယ်ကျ ပို့ဆောင်ပေးရာ လမ်းခရီးပေါင်းများစွာကို မြေပုံဝင်ကိုင်စရာမလိုအောင် ကျွမ်းကျင်သူဖြစ်နေခြင်းပင်။ သို့သော်. . .

ကျင်းရီသည် အမှန်တရားကို မြတ်နိုးသူဖြစ်၏။ ထို့ပြင်. .

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏ ရက်စက်ကြမ်းကြုတ်မှုကို သိရှိထားသဖြင့် မိစ္ဆာဂိုဏ်းထဲသို့ဝင်ရန် ဆန္ဒမရှိချေ။

ထို့ကြောင့်လည်း သူကပြတ်သားစွာ ငြင်းဆန်ခဲ့လေသည်။

ဤတွင် မိစ္ဆာဂိုဏ်းချုပ်က သူ၏သွေးကြောတစ်နေရာကို ပိတ်ဆို့ထားခဲ့ရာ ခန္ဓာကိုယ်တစ်ခုလုံးမှာ ပုရွက်ဆိတ်ကလေးများ ထောင်သောင်းမက ဝိုင်းအုံကိုက်ခဲနေသည့်အလား၊ နာကျင်နေသဖြင့် ခန္ဓာကိုယ်တစ်ခုခုံး တဆတ်ဆတ်တုန်လာ်ကာ နဖူးပေါ်မှ ချွေးများ ကျဆင်းနေခြင်းဖြစ်၏။

သူသည် အသက်နှစ်ဆယ်မျှသာရှိသေးသော တရုတ်လူရွယ်လေးတစ်ယောက်ဖြစ်သည်။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏သိုင်းပညာစွမ်းကို ယှဉ်တုရှု်မရကြောင်း ကိုယ်တွေ့သိနေရလေပြီ။ ထို့ကြောင့် အထူးတုန်လှုပ်ချောက်ချားနေမိလေသည်။

သူ၏ကြောက်ရွံ့ထိတ်လန့်မှုကိုကြည့်ကာ တိတန်မိစ္ဆာဂိုဏ်းသားများက အားပါးတရလှောင်ပြောင်ရယ်မောနေကြသော်လည်း သူကဂရုမစိုက်ခဲ့ပါချေ။ သူဝေဒနာ ခံစားနေရသည်မဟုတ်ပါလား။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီးအား မော့်ကြည့်ရင်းမှ. . .

“ကျုပ်. . . ကျုပ်ရဲ့သွေးကြောကိုဖြေပေးပါ”

သူသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏အမေးကို အဖြေမ



ပေးဘဲ ပြောလိုက်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ပြုံးလိုက်သည်။

သူ၏အပြုံးမျိုးမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသောအပြုံးမျိုးဖြစ်၏။

“ခင်ဗျားက ခံနိုင်ရည်သာမရှိတာယ်၊ ခေါင်းကြောအတော်မာတာပဲကိုး”

သူကခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ၊ သူရဲ့သွေးကြောကို ဖြေပေးရအောင်၊ စီစီကိုခေါ်လိုက်ပါ”

သူ၏စကားမဆုံးမီ မိန်းကလေးတစ်ယောက်က အခန်းထဲမှကန့်ကလျ လှမ်းလာနေသည်။ သူမက မိစ္ဆာဂိုဏ်းချုပ်ကြီးရှေ့တွင်ရပ်ကာ ကန့်ကလျမေးလိုက်သည်။

“အစ်ကို. . . ညီမလေးကို ဘာများခိုင်းမလို့လဲ ဟင်”

ကျင်းရီက ထိုမိန်းကလေးကိုကြည့်လိုက်သည်။

ထိုမိန်းကလေးသည် အသက်နှစ်ဆယ်မျှသာရှိသေးသည့် နုနယ်ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမကို မိစ္ဆာဂိုဏ်းချုပ်ကြီးက ခေါ်လိုက်ခြင်းမှာ သူ့အတွက်ဆုလာဘ်ကြီးတစ်ခု ရလိုက်သကဲ့သို့ဖြစ်နေသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူမအားပြုံး၍ကြည့်လိုက်သည်။

“ညီမက အစ်ကိုခိုင်းတာဆို ဘာမဆိုလုပ်ပေးမှာလား”

စီစီဆိုသောမိန်းကလေးက မိစ္ဆာဂိုဏ်းချုပ်ကြီး၏ခြေထောက်ကို ဦးခိုက်လိုက်သည်။

“အစ်ကိုရယ် အစ်ကိုကညီမရဲ့ယောကျ်ားပဲ၊ အစ်ကိုခိုင်း

www.burmeseclassic.com

www.burmeseclassic.com



တာဆို ဘာမဆိုလုပ်ပေးရမှာပေါ့ရှင့်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက အားပါးတရရယ်မောလိုက်သည်။

"ဟား. . . ဟား. . ဟား"

သူ၏ရယ်မောသံမှာ ကျယ်လောင်စူးရှလွန်းသဖြင့် ခန်းမကြီးတစ်ခုလုံး၌ ပဲ့တင်ထပ်သွားသည်။ အတန်ကြာမှ. . .

သူက ရယ်မောခြင်းကိုရပ်တန့်ကာ မိန်းကလေးအား သိုင်းဖက်လိုက်၏။

"ငါ မိန်းမရတာတကယ်ကံကောင်းတာပဲကိုး၊ ကောင်းပြီ၊ သေချာပြောမယ်၊ နားထောင်နော်"

"ဟုတ်ကဲ့. . . ပြောပါအစ်ကို"

"မင်းက ဟောဟိုကလူကို တွေ့သလား"

"သိပ်ကြောက်တတ်တဲ့ လူကြီးကိုပြောတာလား"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ကောက်ကျစ်စဉ်းလဲစွာပြုံး၍ ခေါင်းညိတ်လိုက်သည်။ သူက ဓားမြှောင်တစ်လက်ကို လှမ်းပေးကာ. . .

"ဟုတ်တယ်၊ သိပ်ကြောက်တတ်တဲ့လူကြီးကို ဒီဓားမြှောင်နဲ့ဦးခေါင်းတစ်ခုလုံးကို ဆယ်ချက်လောက်ထိုးလိုက်စမ်း"

စီစီကရယ်မောလိုက်လေသည်။ သူမက မိစ္ဆာဂိုဏ်းချုပ်ကြီးကမ်းပေးနေသော ဓားမြှောင်ကိုကြည့်၍ ပခုံးတစ်ချက်တွန့်လိုက်သည်။

"အစ်ကိုရဲ့ဓားမြှောင်တစ်ခုလုံး ပြောင်လက်လက်အရောင်တွေ တောက်နေတာကိုကြည့်တာနဲ့ အဆိပ်လူးထားတယ်ဆိုတာ



ညီမ သဘောပေါက်ပါတယ်၊ ဒါကြောင့် ညီမကကိုင်မိမှာတောင်ကြောက်မိပါရဲ့"

ကျင်းရိက အတိုင်အဖောက်ဖြင့် မိမိအားမထိမဲ့မြင်ပြောဆိုနေသာ-တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးတို့ဇနီးမောင်နှံအား ကြည့်ကာပို၍ထိတ်လန့်လာမိသည်။ ထိုအချိန်၌. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးက စီစီ၏လက်ထဲသို့ ဓားမြှောင်အားထည့်ပေးလိုက်သည်။

"စီစီ. . . ညီမက ဒီဓားမြှောင်ရဲ့လက်ကိုင်ရိုးကို တင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်စမ်း"

စီစီက ဓားမြှောင်၏လက်ကိုင်ရိုးကိုကြည့်ကာ ထိတ်လန့်ကြောက်ရွံ့ဟန်ပြနေလေသည်။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ပြုံးလိုက်သည်။ သူ၏အပြုံးမှာ အလွန်ကြောက်စရာကောင်းသော အပြုံးမျိုးဖြစ်လေသည်။

"စီစီ. . . မကြောက်နဲ့နော်၊ ဒီဓားရဲ့လက်ကိုင်ရိုးကိုင်ရုံနဲ့ဘာမှမဖြစ်ပါဘူးညီမရယ်၊ ဒီဓားမြှောင်နဲ့ထိုးစိုက်ခံရရင်သာ အဆိပ်တက်ပြီး အရိုးတွေတစ်ဆစ်ချင်း ပြုတ်ကျသွားမယ်၊ အသားတွေ ပုပ်ပွလာမယ်၊ ပြီးမှ ပါးစပ်ထဲက သွေးတွေအန်ပြီး သေလိမ့်မယ်သိလား၊ အဆိပ်က နည်းနည်းပါးပါးလောက်သာ ဆိုးတာပါ"

ထိုစကားကြောင့် ကျင်းရိက ကျောချမ်းလာမိသည်။

စီစီက တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဒါက 'တကယ်ပဲလား' ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်၏။

"တကယ်ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ သိချင်ရင်ဟိုက ကြောက်တတ်တဲ့လူကြီးကို ဒီဓားမြှောင်နဲ့သွားထိုးကြည့်လိုက်ပ လား"

စီစီက ပန်းတစ်ချက်တွန့်လိုက်သည်။ သူမသည် ဓားမြှော အားဆုပ်ကိုင်ကာ ကျင်းရီထံသို့တစ်လှမ်းချင်း တိုးသွားသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်၏။

သူက စူးရှအက်ကွဲသောအသံဖြင့် လှမ်းပြောလိုက်၏။

"စီစီ. . . သူ့ကို ပန်းမျိုးတစ်ရာအဆိပ်ရဲ့ အရသာကိုခံစာ စေချင်ရင် ဓားမြှောင်နဲ့အားပါးတရဦးခေါင်းကို စိုက်ချလိုက်နော်"

စီစီက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ အစ်ကိုရယ်၊ ကျွန်မက အဆိပ်ကြောင့်သေ မယ့်မသာတွေကို မမြင်ဖူးလို့ မြင်ဖူးချင်နေတာပါ၊ ဒါကြောင့် သူ ဦးခေါင်းထဲကို ဒီဓားမြှောင်တဆုံးဝင်တဲ့အထိ စိုက်ပစ်လိုက်ပါ့မယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက အေးစက်စက်မျက်နှာထားဖြ စိုက်ကြည့်ကာ ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . ဟား. . . ဒါမှ ငါ့မိန်းမကွ"

ယင်းအချိန်. . .

စီစီက ကျင်းရီ၏ရှေ့သို့ ရောက်ရှိသွားပြီဖြစ်သည်။

သူမသည် ကျင်းရီ၏ဦးခေါင်းအား ဓားမြှောင်ဖြင့်တအာ စိုက်ချလိုက်လေသည်။ သို့ရာတွင်. . .

ဓားမြှောင်က ကျင်းရီ၏ဦးခေါင်းနှင့် တစ်လက်မခန့်



ကွာအဝေး လွဲချော်သွားလေသည်။ ကျင်းရီက ထိတ်လန့်လွန်းသဖြင့် မျက်လုံးများပြူးကျယ်သွားလေသည်။

မိစ္ဆာဂိုဏ်းသားများက သူ၏အဖြစ်အပျက်ကို ကြည့်ကာ အားပါးတရရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . ဟား"

"ဟား. . . ဟား. . ဟား"

မိစ္ဆာဂိုဏ်းချုပ်ကြီးကလည်း အားပါးတရရယ်မောလိုက်သည်။ အတန်ကြာမှ သူက ရယ်မောခြင်းကိုရပ်တန့်ကာ စီစီအား လှမ်းပြောလိုက်လေသည်။

"စီစီ. . . မင်းက သိပ်ပြီးစိတ်လှုပ်ရှားနေတာကိုး၊ ကဲ. . . ကဲ. . . စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး သူ့ရဲ့ဦးခေါင်းကို နောက်တစ်ကြိမ် ဓားမြှောင်နဲ့ထိုးစိုက်လိုက်စမ်း၊ ဒီတစ်ခါ မလွဲအောင်လို့ အားကုန်ထိုးစိုက်လိုက်နော်"

ကျင်းရီက ခံပြင်းလာမိလေသည်။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီးအား ရွံ့ရှာမုန်းတီးစွာဖြင့် ကြည့်လိုက်လေသည်။ ယင်းအချိန်.

စီစီက ခေါင်းညိတ်ပြလိုက်၏။

"စိတ်ချပါ အစ်ကိုရယ်၊ ဒီတစ်ကြိမ်တော့ ကျွန်မက သူရဲ့ဦးခေါင်းကိုဝင်အောင်ထိုးစိုက်ပါ့မယ်"

ကျင်းရီက ထိတ်လန့်တုန်လှုပ်လွန်းသဖြင့် မိစ္ဆာဂိုဏ်းချုပ်ကြီးအားမော့ကြည့်လိုက်သည်။

"မိစ္ဆာဂိုဏ်းချုပ်ကြီးရယ်၊ ကျုပ်ကို. . ."

သူ၏စကားမဆုံးမီ မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအေး

www.burmeseclassic.com

www.burmeseclassic.com



စက်တင်းမာသော မျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။

"ဘာလဲ၊ ခင်ဗျားက ဘာပြောမလို့လဲ"

ကျင်းရိုက တောင်းပန်တိုးလျှိုးသော မျက်နှာထားဖြင့် ကြည့်လိုက်၏။ သူက အသံတုန်တုန်ယင်ယင်ဖြင့် ပြောလိုက်လေသည်။

"ကျုပ်ကို သတ်ချင်သတ်ပစ်လိုက်ပါတော့ ဗျာ"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်သည်။

"ဟား. . . ဟား. . ဟား. . . ကဲ. . . စီစီရေ၊ သူ့ကို အဲဒီ ပန်းမျိုးတစ်ရာအဆိပ်ရည်နဲ့ စိမ်ထားတဲ့ဓားမြှောင်နဲ့သာ ထိုးစိုက်ပြီး သတ်လိုက်ပါတော့ကွာ"

စီစီက သူ့အားလှည့်မကြည့်ချေ။ သူမသည် ကျင်းရိုအား ပြုံးကျယ်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်မက ပန်းမျိုးတစ်ရာအဆိပ်လူး ထားတဲ့ ဓားမြှောင်နဲ့သူ့ကို အသေထိုးသတ်ပေးပါမယ်"

သူမကပြောပြီး ဓားမြှောင်အား ကျင်းရို၏ဦးခေါင်းပေါ်သို့ အားကုန်ထိုးစိုက်လိုက်လေသည်။ ကျင်းရိုက ထိတ်လန့်စွာဖြင့် အော် ဟစ်လိုက်သည်။

"အား"

သို့သော်. . .

ဤတစ်ကြိမ်လည်း ဓားမြှောင်သည် သူ၏ဦးခေါင်းပေါ်သို့ စိုက်ဝင်လာခြင်းမရှိပါချေ။ အနည်းငယ် ပွက်ကာသီကာ လွဲချော် သွား၏။ မည်သို့ဆိုစေ. .



ဓားမြှောင်မှ အေးစက်စက်အငွေ့အသက်က သူ၏မျက်နှာ အနီးမှ ဖြတ်သန်းသွားသည်ကို ခံစားလိုက်ရသဖြင့် ကျင်းရိုက ထိတ် လန့်တုန်လှုပ်နေမိလေသည်။ သူ၏အော်ဟစ်သံကြောင့် မိစ္ဆာဂိုဏ်း သားများ ရယ်မောသံများ ပို၍ပို၍ကျယ်လောင်လာသည်။

"ဟား. . . ဟား. . ဟား"

"ဟား. . . ဟား. . ဟား"

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအေးစက်တင်းမာသော မျက်လုံးအစုံဖြင့် လှမ်းကြည့်ကာမဲ့ပြုံးပြုံးလိုက်သည်။

"အင်း. . . အတော်သနားစရာကောင်းတဲ့ သတ္တဝါပဲ၊ ကဲ. . . စီစီရေ၊ သူ့ကို ပန်းမျိုးတစ်ရာအဆိပ်နဲ့ မထိုးသတ်ပါနဲ့တော့ ကွာ"

စီစီက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုရယ်၊ သူ့ကိုကြည့်ရတာ သနားစရာ ကောင်းပါတယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ကျင်းရိုအားစိုက်ကြည့်လိုက်သည်။

ကျင်းရိုသည် သူ၏မျက်လုံးအစုံဖြင့် ကြည့်လာသောအခါ မိမိ၏အသည်းနှလုံးကို ဓားပါးလေးနှစ်လက်က စိုက်ဝင်သကဲ့သို့ ခံစားရသဖြင့် ကမန်းကတန်းခေါင်းငုံ့လိုက်ရသည်။

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်ခုပ်တစ်ချက်တီးလိုက် သည်။ တိတန်တစ်ယောက်က သူ့ရှေ့သို့လျှောက်သွားကာ ဒူး ထောက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နာခံစားရသည့်အလား တဆတ်ဆတ်တုန်ယင်လာသည်။

"ခွေးတိရစ္ဆာန် . . . ခွေးမျိုး"

သူက ဒေါသတကြီးဖြင့် အသံကုန်အော်ဟစ်ရင်း သတိလစ်သွားတော့သည်။ ကျင်းရိက ထိုလူအားကြည့်ကာ မျက်နှာပေါ်တွင် ပြင်းပြင်းထန်ထန် ဝေဒနာခံစားရသည့်ဟန်မူရာများပေါ်လွင်လာလေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးသည် လူမဆန်အောင်ရက်စက်ကြမ်းကြုတ်သည်ကို သူကမျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီမဟုတ်ပါလော။

လူတစ်ယောက်ကို အသေသတ်ပစ်ခြင်းမရှိဘဲ ယခုကဲ့သို့ ညှဉ်းပန်းနှိပ်စက်ကာ ဝေဒနာခံစားစေခြင်းသည် အလွန်ပင်ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာကောင်းသော ငရဲခန်းတွင် ငရဲကျခံစေသော အဖြစ်မျိုးပင် မဟုတ်ပါလော။

ကျင်းရိသည် ထိုလူအား ကြည့်ရင်း မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာသည်။ မိစ္ဆာဂိုဏ်း ချုပ်ကြီးက အားပါးတရ ရယ်မောလိုက်၏။

"ဟား . . . ဟား . . ဟား"

သူက ယင်းသို့ရယ်မောရင်း ရုတ်တရက် သူ၏မျက်လုံးအစုံက ခန်းမကြီး၏နောက်ဘက်ရှိစခန်းဆီသို့ ရောက်ရှိသွားလေသည်။

အခန်းကို ကာရံထားသော ခန်းဆီးစက္ကူစပေါ်တွင် လိပ်ပြာတစ်ကောင်၏တောင်ပံခတ်ကာ နားခိုနေခြင်းကိုတွေ့မြင်လိုက်ရလေသည်။ လိပ်ပြာသည် အလွန်ကြီးမားသဖြင့် တောင်ပံခတ်



လိုက်သည့်အခါ စက္ကူပေါ်တွင် မြင်တွေ့နေရသော လိပ်ပြာ၏အရိပ်သည် အလွန်ပင်လှပ၍ ချစ်စဖွယ်ရှိနေလေသည်။ သို့သော် . . .

မိစ္ဆာဂိုဏ်းချုပ်ကြီးက ထိုလိပ်ပြာကိုတွေ့မြင်လိုက်သည်နှင့် မျက်နှာတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာကောင်းအောင် တင်းမာခက်ထန်လာလေသည်။ သူက ထိုင်ရာမှဖြည်းညင်းစွာထရပ်လိုက်သည်။ ထို့နောက် . . .

အားပါးတရ ရယ်မောလိုက်သည်။

"ဟား . . . ဟား . . ဟား၊ ကျင်းရိ . . . ခင်ဗျားက ကျုပ်ရဲ့ ဖိတ်ခေါ်မှုကို မလိုက်နာဘူးဆိုရင် လောက်ချူးရဲ့ဘဝမျိုးကို ကြုံရမယ်ဆိုတာ နားလည်ထားပါ"

ကျင်းရိက လောက်ချူး၏မျက်နှာအား ငေးစိုက်၍ကြည့်နေသည်။ ယင်းအချိန်မှာပင် . . .

လောက်ချူးသည် ရုတ်တရက်လူးလှိမ့်၍ထလာကာ စူးရှစွာ အော်လိုက်စဉ် . . .

"အား"

သူသည် ရုတ်တရက်မားဒဏ်ရာရရှိထားသော နေရာအားလက်နှစ်ဖက်ဖြင့် ဆွဲဆုတ်ဖြဲလိုက်လေသည်။

သူ၏ပုံသဏ္ဌာန်မှာ ဒဏ်ရာပြင်းပြင်းထန်ထန် နာကျင်လာဟန်တူ၏။ သူက ယင်းသို့ဒဏ်ရာအား ဆုတ်ဖြဲလိုက်သည်နှင့် ဒဏ်ရာ၏အနီးတဝိုက်ရှိ နီရဲနေသောအသားများသည် စုတ်ဖြဲကာ လက်ထဲသို့ ပါရှိသွားလေသည်။

ထိုအခါမှ . . .

www.burmeseclassic.com

www.burmeseclassic.com



ယင်းအသားစိုင်များ၏ အောက်မှမည်းနက်ပုပ်ပွနေသော အသားများကို တွေ့မြင်လိုက်ရလေသည်။

ကျင်းရီ၏မျက်လုံးအစုံက ပြူးကျယ်သွားလေသည်။

သူသည် လောက်ချူးဆိုသောလူ၏ အဖြစ်အပျက်မှာဆိုး ရွားလှသဖြင့် သတိလစ်သွားလေတော့သည်။

❋ ❋ ❋ ❋ ❋ ❋



## အခန်း (၆)

## သစ္စာဖောက်များ၏ သွားရာလမ်း

လိပ်ပြာလေးသည် အခန်း၏စင်္ကြံပေါ်တွင် လူးလာခေါက် တုံ့ပျံသန်းကာ တောင်ပံဖြင့်ခတ်ဖံနေလေသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက အားပါးတရ ရယ်မောရင်းအခန်း ထဲသို့ တစ်လှမ်းချင်းဝင်လာ၏။ သူက အခန်းတံခါးဝသို့ ရောက် သောအခါ တံခါးဝ၏ဘောင်ပေါ်တွင်ရှိနေသော အဖြူရောင် မျော့ ကြီးလေးသုံးချောင်းအနက် အခန်းထဲသို့ကျနေသည့် မျော့ကြီးလေး အား ကောက်ယူကာ ဆောင့်ဆွဲလိုက်သည်။

"အား"

ရုတ်တရက် အခန်းထဲမှစူးရှသော အော်ဟစ်သံကထွက် ပေါ်လာ၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက အေးစက်တင်းမာသော မျက်လုံး အစုံဖြင့် ကြည့်လိုက်လေသည်။ သူက မဲ့ပြုံးပြုံးကာ ဒုတိယအကြိမ် မျော့ကြိုးလေးအား ဆောင့်ဆွဲလိုက်ပြန်လေသည်။

"လာစမ်း"

"အား..."

www.burmeseclassic.com

www.burmeseclassic.com



စူးရှနာကျင်သော အော်ဟစ်သံက ဒုတိယအကြိမ်ထွက်ပေါ်လာပြန်၏။ တစ်ဆက်တည်းမှာပင်. . .

လူတစ်ယောက်က အခန်း၏စားပွဲခုံအောက်မှ လိမ့်ထွက်လာလေသည်။ ထိုလူကား တခြားလူမဟုတ်ပါချေ။

ကျော်ကျင်းစုပင် ဖြစ်သည်။ သူ၏ခြေသလုံးတွင် ကြီးမားသောငါးမျှားချိတ်ကြီးတစ်ချောင်းက စိုက်ဝင်နေပြီး ထိုနေရာမှသွေးများ တစက်စက်ဖြင့်ကျနေ၏။ ငါးမျှားချိတ်သည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏လက်ထဲတွင် ကိုင်ထားသော မျှော့ကြိုးလေးဖြင့် ဆက်သွယ်ထားသောကြောင့် မိစ္ဆာဂိုဏ်းချုပ်ကြီးကဆောင့်ဆွဲ လိုက်သောအခါ သူ၏ခန္ဓာကိုယ်က ပုန်းကွယ်နေသောနေရာမှ လိမ့်ထွက်လာရခြင်းဖြစ်သည်။

သူသည် ဂိုဏ်းချုပ်ကြီး၏အခန်းထဲသို့ တိတ်တဆိတ်ခိုးဝင်ခဲ့ရာမှ ဂိုဏ်းချုပ်ကြီး၏ ထောင်ချောက်ထဲသို့ ရောက် ရှိခဲ့ခြင်းဖြစ်သည်။ သူက အဘယ့်ကြောင့် မိစ္ဆာဂိုဏ်းချုပ်ကြီး၏ အခန်းထဲသို့ ခိုးဝင်ရပါသနည်း။

* * * *

သက်ခြေလက် ကျော်ကျင်းစုသည် မိစ္ဆာဂိုဏ်းချုပ်၏သစ္စာခံဂိုဏ်းသားတစ်ယောက်ဖြစ်လေသည်။ သူသည် အစ်ကိုဖြစ်သူ ကျော်မင်ကွေ့က ဤဂိုဏ်းမှလူများနှင့် သတင်းအရောင်းအဝယ်လုပ်ကြရာတွင် မကြာခဏလိုက်ပါလာရာမှ ကြယ်တံခွန်၏စည်းရုံး



သိမ်းသွင်းမှုကြောင့် သစ္စာခံဂိုဏ်းသားတစ်ယောက် ဖြစ်ခဲ့ခြင်းဖြစ်၏။ သူသည် သိုင်းပညာအလွန်အဆင့်မြင့်ပြီး ရက်စက်ကြမ်းကြုတ်၏။ လူတစ်ယောက်ကို သွေးအေးအေးနှင့်သတ်ဝံ့သူလည်းဖြစ်လေသည်။ ထို့ကြောင့်လည်း သိုင်းလောကသားများက သူ့အား သက်ခြေလက်ဟု ကင်ပွန်းတပ်ခေါ်ဝေါ်ခဲ့ကြသည်။

မည်သို့ဆိုစေ. . .

သက်ခြေလက်သည် အသွေးအသားဖြင့် တည်ဆောက်ထားသောလူတစ်ယောက်သာဖြစ်သည်။ သူ၏အစ်ကိုဖြစ်သူ ကျော်မင်ကွေ့သည် သိုင်းပညာလုံးဝမတတ်မှန်းသိလျက်နှင့် မိစ္ဆာဂိုဏ်းချုပ်ကြီးက ရက်ရက်စက်စက်သတ်ပစ်ခဲ့ခြင်းကို သူကလုံးဝမကျေနပ်ခဲ့ချေ။

ထို့ပြင် မိစ္ဆာဂိုဏ်းချုပ်ကြီးကမိမိအား အစ်ကိုရင်းဖြစ်သူကို ပြန်သတ်ခိုင်းခြင်းသည် ရက်စက်ယုတ်မာလွန်းသည်ဟု ယူဆမိ၏။ သူသည် မိမိ၏အစ်ကိုဖြစ်သူ သေဆုံးရခြင်းအတွက် ရင်ထဲ၌နာကျင်ကြေကွဲမိသော်လည်း သိုင်းပညာအဆင့်ချင်း ကွဲပြားလွန်းသဖြင့် မတတ်သာ၍ ခေါင်းငုံ့နေခဲ့သည်။ သို့သော်. . .

သူကမိစ္ဆာဂိုဏ်းအား ဖြိုဖျက်ရန်ဆုံးဖြတ်ခဲ့ရာ ဤရက်များအတွင်း မိစ္ဆာဂိုဏ်းပြိုကွဲပျက်စီးမည့် အလုပ်များကိုအစွမ်းကုန်ဆောင်ရွက်ခဲ့လေသည်။ ယခုလည်း သူသည်မိစ္ဆာဂိုဏ်းချုပ်၏ အခန်းထဲရှိ စားပွဲပေါ်တွင် တိုင်မင်ကျွန်းဘုရင်နှင့်တိတ်တဆိတ်ဆက်သွယ်ကာ ဝေဘုရင်အား ပုန်ကန်တော်လှန်မည့် ချိပ်ပိတ်ထား ဝှက်စာတမ်းများကို တိတ်တဆိတ် ဝင်ရောက်ခိုးယူခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အကြံအစည်မှာ ဤစာရွက်စာတမ်းများရခဲ့ပါလျှင် နေပြည်တော်မှအာဏာရှိသူများနှင့် ဆက်သွယ်ကာမိစ္ဆာဂိုဏ်းအား ဖြိုခွင်းနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

သို့သော်. . .

သူက ဂိုဏ်းချုပ်ကြီး၏အခန်းထဲမှ လျှို့ဝှက်ချက်ကိုမသိခဲ့ပါချေ။ မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ရက်စက်ကြမ်းကြုတ်ပြီး အလွန်ဉာဏ်များသူ ဖြစ်သောကြောင့် မျှော့ကြီးသုံးချောင်းကို အခန်းတံခါးဝနှင့်ထားရှိ၍ မျှော့ကြီးတစ်ဖက်အား ငါးများချိတ်ကြိုးတစ်ခုဖြင့် ချိတ်ဆွဲထား၏။ ထိုမျှော့ကြိုးသုံးကြိုးကြားတွင် ကြီးမားသောလိပ်ပြာကြီး တစ်ကောင်ကို ညှပ်၍ဖမ်းထည့်ထားလိုက်သည်။

ထို့ကြောင့်. . .

မျှော့ကြိုးကို အမှတ်မထင်ထိမိလိုက်သည်နှင့် မျှော့ကြိုးက အလိုအလျောက် တွန်းကန်ထွက်လာပြီး ငါးများချိတ်ကကော့ကျင်းစု၏ခြေသလုံးအား ထိုးဖောက်ချိတ်တွယ်ထားခဲ့ခြင်းဖြစ်၏။

သူသည် သည်းအူပေါက်မတတ်နာကျင်သော်လည်း အံကိုတင်းတင်းကြိတ်ကာ မျှော့ကြိုးအားဓားဖြင့် ဖြတ်ပိုင်း၍ကြိုးစားရလေသည်။ သို့သော်. . .

မျှော့ကြိုးသည် အလွန်သေးငယ်သော်လည်း တိုင်ပင်ကျွန်းမှ အထူးဖော်စပ်ပြုလုပ်ထားသည့် မျှော့ကြိုးဖြစ်သဖြင့် ပြတ်တောက်သွားခြင်း မရှိခဲ့ပါချေ။ ဤတွင် ကြိုးသုံးကြိုးကြားတွင် ညှပ်ထားသော လိပ်ပြာကြီးကလွတ်မြောက်လာကာ အခန်းထဲမှထွက်ပေါက်ရှာရမှ အခန်းကိုကာရံထားသည့်စက္ကူတွင် ဝင်တိုးလာသည်။



ထိုအခါ. . .

ဂိုဏ်းချုပ်ကြီးက မိမိ၏အခန်းထဲသို့ လူတစ်ယောက်ရောက်ရှိနေပြီကို သိရှိလိုက်လေသည်။ သူသည် ချက်ချင်းပင်အခန်းဆီသို့ လျှောက်လာ၏။ ကော့ကျင်းစုက ထိတ်လန့်ကာစားပွဲခုံအောက်သို့ဝင်ပုန်းလိုက်ပြီး မျှော့ကြိုးကိုဖြတ်ရန်သာ ကြိုးစားနေသည်။

ဤတွင် မိစ္ဆာဂိုဏ်းချုပ်ကြီးကမျှော့ကြိုးကို ကောက်ကိုင်၍ဆွဲခါလိုက်ခြင်းဖြစ်သည်။ ကော့ကျင်းစုက နာကျင်လွန်းသောဝေဒနာကြောင့်မနေနိုင်တော့ဘဲ စူးရှစွာအော်ဟစ်လိုက်မိတော့သည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးကဒုတိယအကြိမ် ဆွဲထုတ်လိုက်သည့်အခါတွင်မူ သူက နာကျင်လွန်းသောဝေဒနာကို မခံစားနိုင်တော့သဖြင့် အလိုက်သင့်လူးလိမ့်ကာထွက်ခဲ့ရာ မိစ္ဆာဂိုဏ်းချုပ်ကြီး၏မြင်ကွင်းရှေ့သို့ရောက်ရှိသွားရခြင်း ဖြစ်တော့သည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိအခန်းထဲသို့ခိုးဝင်နေသူမှာ ကော့ကျင်းစုဖြစ်ကြောင်း သိရှိလိုက်သောအခါ အားပါးတရရယ်မောလိုက်လေတော့သည်။

"ဟား. . . ဟား. . . ဟား"

* * * *

"ဟား. . . ဟား. . . ဟား"

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီး အမိန့်ရှိပါခင်ဗျာ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"သူ့ကို ပန်းမျိုးတစ်ရာအဆိပ်မိထားတဲ့ လူတစ်ယောက်ရဲ့ နိဂုံးကိုပြလိုက်ပါ"

တိတန်တစ်ယောက်က ခေါင်းညိတ်လိုက်၏။

သူက ဂိုဏ်းသားနှစ်ယောက်အား လှမ်းကြည့်ကာ. . .

"ပေါ့. . . နံပါတ်ရှစ်၊ အချုပ်ခန်းထဲကလူကို ခေါ်ခဲ့ကြစမ်း"

ဟု အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

သူ၏အသံဆုံးသည်နှင့် ဂိုဏ်းသားနှစ်ယောက်ကပြေးထွက်သွားကြလေ၏။ တစ်ခဏအကြာ. . .

ရုတ်တရက် ခန်းမကြီးတစ်ခုလုံးမှာ အပုပ်နံ့များထောင်းထောင်းထ လာလေသည်။ တစ်ချိန်တည်းမှာပင်. . .

မိစ္ဆာဂိုဏ်းသားနှစ်ယောက်က လူတစ်ယောက်အား သစ်သားကတ်ပြားကြီးတစ်ခုပေါ်တွင်တင်၍ သယ်ဆောင်လာခြင်းကို တွေ့မြင်လိုက်ရ၏။ ထိုသူသည် သစ်သားကတ်ပြားပေါ်တွင် လူးလွန့်ရင်း အော်ဟစ်ပါရှိလာလေသည်။

"အား. . . သတ်လိုက်ပါ၊ ကျုပ်ကို သတ်လိုက်ပါ"

မိစ္ဆာဂိုဏ်းသားနှစ်ယောက် ထိုလူအားကျင်းရီရှေ့တွင်ချပေးလိုက်လေသည်။ ကျင်းရီက ထိုလူအားငုံ့ကြည့်လိုက်သည်။

ထိုလူ၏ခန္ဓာကိုယ်တစ်ခုလုံး၌ ဘောင်းဘီတိုကလေးတစ်ထည်မှအပ မည်သည့်အဝတ်အစားမျှမရှိပါချေ။



ဤမျှ အေးစိမ့်သောရာသီဥတုတွင် မည်သူမဆိုအဝတ်အစားကို လုံခြုံစွာဝတ်ဆင်ထားသည့်ကြားမှ အအေးဒဏ်လွန်ကဲသဖြင့် သွေးခဲမတတ်ခံစားနေရချိန်တွင် ထိုလူအားကြည့်ရသည်မှာ ရေခဲခန်းတွင်အနှိပ်စက်ခံနေရသည့် လူတစ်ယောက်နှင့်ဘူလှပေသည်။ ပို၍ဆိုးသည်မှာ ထိုလူ၏အပေါ်ပိုင်းခန္ဓာကိုယ်တစ်ခုလုံးတွင်မားဒဏ်ရာ သုံးချက်တိတိရှိနေလေသည်။

ထိုမားဒဏ်ရာ၏အနီးတဝိုက်ရှိ အသားများမှာ နီရဲနေပြီး အပုပ်နံ့လှိုင်လှိုင်ထနေလေသည်။ အမှန်တွင်. . .

ထိုလူသည် ပန်းမျိုးတစ်ရာအဆိပ်ကိုမိထားသဖြင့် ယခုအခါ သေအံ့ဆဲဆဲဝေဒနာကို ခံစားနေချိန်ဖြစ်လေသည်။

သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီးအား တွေ့မြင်လိုက်သောအခါ ဒေါသကြီးစွာဖြင့် အော်ငေါက်လိုက်လေသည်။

"မိစ္ဆာဂိုဏ်းချုပ်ကြီး ခင်ဗျားက အင်မတန်ယုတ်မာကောက်ကျစ်တဲ့မြွေဆိုးတစ်ကောင်ပဲ၊ ကျုပ်ကို သတ်ချင်သတ်လိုက်စမ်းပါ၊ ဘာဖြစ်လို့ အခုလိုမသေမရှင်နှိပ်စက်နေရတာလဲ"

သူကပြောပြီး ကုန်းထလာလေသည်။ သို့သော်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးက စူးရှကျယ်လောင်သောအသံဖြင့် အော်ဟစ်ရယ်မောလိုက်သည်။

"ဟား. . . ဟား. . ဟား၊ လောက်ချူး. . . ခင်ဗျားက သေရတော့မှာပဲ၊ ကျုပ်က ဒီလောက် ဒဏ်ရာရထားတဲ့လူကို ရက်ရက်စက်စက်မသတ်ရက်ပါဘူး၊ ဟား. . . ဟား. . ဟား"

လောက်ချူးဆိုသောလူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဝေ

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာဂိုဏ်းချုပ်ကြီး၏ အော်ဟစ်ရယ်မောသံသည် ရုတ်ရှ အက်ကွဲပြီး နားခံရခက်လှသည်။ အတန်ကြာမှ. . .

"ကော့ကျင်းစု. . . မင်းက ကျုပ်ရဲ့စားပွဲခုံပေါ်မှာရှိတဲ့ တိုင်ပင်ကျွန်းဘုရင်နဲ့ တိတ်တဆိတ်ဆက်သွယ်တဲ့ လျှို့ဝှက်ချက်ကို နေပြည်တော်ရောက်အောင် ပို့ပေးမလို့ထင်တယ်"

သူ၏စကားကြောင့် ကော့ကျင်းစုက အံ့ဩသွားမိသည်။

သူကမိစ္ဆာဂိုဏ်းချုပ်ကြီးမှာပါးနပ်ကြောင်း သိရှိထားသော်လည်း ဤမျှအထိသူတစ်ပါးရင်ထဲမှ အကြံအစည်ကိုသိရှိနေခြင်းအတွက် အမှန်တကယ်ပင်အံ့ဩသွားမိသည်။ သို့သော်. . .

သူက စကားမပြောဘဲ အေးစက်စက်မျက်လုံးများဖြင့် ကြည့်နေ၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက မဲ့ပြုံးပြုံးလိုက်သည်။

သူသည် လက်ထဲရှိမျှော့ကြိုးအား တင်းကျပ်စွာဆုပ်လိုက်ပြန်လေသည်။ ထိုအခါ. . .

ကော့ကျင်းစု၏ခြေထောက်တွင် ထုတ်ချင်းပေါက်ဝင်နေသော ငါးမျှားတံကလှုပ်ရှားသွားကာ အဆက်မပြတ် ယိုစီးကျလာပြန်၏။ သူသည်နာကျင်လွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်လာသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်သည်။

သူသည် အေးစက်တင်းမာသော မျက်လုံးအစုံဖြင့်ကြည့်ကာမဲ့ပြုံးပြုံးလိုက်၏။

"ကော့ကျင်းစု. . . ကျုပ်ဒီလောက်အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို အခန်းထဲကခုတင်ပေါ်မှာ အလွယ်တကူထားခဲ့တာဟာ နိုင်မာတဲ့လျှို့ဝှက်ချက်ရှိလို့ဆိုတာ မင်းစဉ်းစားသင့်ပါ



တယ်"

ကော့ကျင်းစုက မချိပြုံးပြုံးလိုက်သည်။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီးအား စိုက်ကြည့်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်က ခင်ဗျားလောက်ကောက်ကျစ်တဲ့ လူတစ်ယောက်မဟုတ်တော့ ဒီအချက်ကို မစဉ်းစားမိဘူး"

မိစ္ဆာဂိုဏ်းချုပ်ကြီးကအားပါးတရ ရယ်မောလိုက်သည်။

အတန်ကြာမှ သူကရယ်မောခြင်းကို ရပ်တန့်ကာ. . .

"ကော့ကျင်းစု. . . မင်းက မင်းအစ်ကို ကျော့မင်တွေ့ကို သတ်လိုက်တာနဲ့ပတ်သက်ပြီး မကျေနပ်ဘူးဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် မင်းအစ်ကိုကို ကျုပ်ကသတ်တာမဟုတ်ဘူးနော်၊ မင်းကိုယ်တိုင်သတ်တာမဟုတ်လား၊ တကယ်ဆိုရင် မင်းကိုယ်မင်း မကျေမနပ်ဖြစ်သင့်တယ်"

သူက ပြောပြီးရယ်မောနေ၏။ ကော့ကျင်းစု၏မျက်နှာတစ်ခုလုံးနီရဲလာသည်။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီးအား မုန်းကျယ်သော မျက်လုံးအစုံဖြင့်စိုက်ကြည့်နေလေသည်။

"မိစ္ဆာဂိုဏ်းချုပ်ကြီး. . . ခင်ဗျားက တကယ့်ကိုရက်စက်ယုတ်မာတဲ့ မြေခွေးတစ်ကောင်ပဲ၊ ဒါပေမယ့် ခင်ဗျားနားလည်ထားရမှာက တောင်တစ်လုံးထက်မြင့်တဲ့ တခြားတောင်တစ်လုံးဆိုတာ အမြဲတမ်းရှိနေပါတယ်၊ ဒါကြောင့် ခင်ဗျားလဲ တစ်နေ့မှာ အသေဆိုးနဲ့သေစေရမယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်နှာတစ်ခုလုံးမှာ ကြောက်စရာကောင်းအောင်ပင် အေးစက်တင်းမာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကော့ကျင်းစု၏မျက်နှာအား စိုက်ကြည့်လိုက်သည်။

"ကော့ကျင်းစု. . . မင်းက ဒီအခြေအနေမျိုးမှာတောင် အခုလို ပြောဝံ့နေသေးတာကိုး၊ မင်းငါ့လက်ထဲမှာ သေချင်သ သေရမယ်များ ထင်နေသလား"

ကော့ကျင်းစုက မဲ့ပြုံးပြုံးလိုက်၏။ သူသည် မိစ္ဆာဂိုဏ်း ချုပ်ကြီးအား နီရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"မိစ္ဆာဂိုဏ်းချုပ်ကြီး. . . ခင်ဗျားက"တကယ်သတ္တိရှိတ ဆိုရင် ကျုပ်နဲ့တစ်ယောက်ချင်း ယှဉ်ရအောင်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်သည်။ အတန်ကြာ သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကောင်းတယ်၊ ကျုပ်က အဲဒီလို သတ္တိမျိုးကိုမှ ကြိ တာ"

သူက စကားဆုံးသည်နှင့် မျှောကြိုးကိုင်ထားသော လ ကို တစ်ချက်လှုပ်ခါလိုက်သည်။

"ဖောက်"

ငါးမျှားချိတ်သည် မျှောကြိုးမှပြန်လည်ဆွဲနုတ်ယူသွား

ထိုအခါ. . .

မျှောကြိုးသည် မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ ပြန်လည်လွင့် သွားသည်။ ကော့ကျင်းစုသည် သိုင်းပညာထိပ်တန်းအဆင့် ရောက်ရှိနေပြီဖြစ်သော လူတစ်ယောက်ဖြစ်သည်။

ထို့ပြင် သူ၏သက်ခြွေလက်ဆိုသောအမည်မှာ သိုင်းလော ကသားများက ကပ်ပွန်းတပ်ပေးထားသော နာမည်ဖြစ်သည်



သူ၏လက်တစ်ချက်လှုပ်ရှားလိုက်ပါလျှင် လူတစ်ယောက် ၏ဝိညာဉ်က ခန္ဓာကိုယ်မှဖယ်ခွာကာ သေဆုံးသွားရသဖြင့် ယခု ကဲ့သို့ မှည့်ခေါ်ထားကြခြင်းဖြစ်သည်။ သူသည် တိုက်ပွဲပေါင်း များစွာကို ရင်ဆိုင်ကျော်ဖြတ်လာသည့် လူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်. . .

ရရှိလိုက်သောအခွင့်အရေးကို သူကလက်လွှတ်မခံပါ။ မှ မျှောကြိုး၏အစွန်းတစ်ဖက်ကို လက်တစ်ဖက်ဖြင့်ဆုပ်ကိုင်လိုက် သည်။ ထို့နောက်. . .

ခန္ဓာကိုယ်အား ကိုယ်ဖော့ပညာကိုအသုံးပြုကာ မိစ္ဆာဂိုဏ်း ချုပ်ကြီးဆီသို့ ခုန်ဝင်သွားလိုက်သည်။ တစ်ဆက်တည်းမှာပင်. . .

သူကမိစ္ဆာဂိုဏ်းချုပ်ကြီး၏ရင်ဝဆီသို့ ချိန်ရွယ်ကာသူ၏ ဓားကိုင်ထားသော လက်ကိုဆန့်တန့်လိုက်သည်။

မျှောကြိုး၏ရုန်းကန်မှုအားနှင့် သူ၏ကိုယ်ဖော့ပညာပေါင်း စပ်လိုက်သဖြင့် သူ၏ ခန္ဓာကိုယ်သည်မယုံကြည်နိုင်လောက်အောင် ပင် လျှင်မြန်သောအဟုန်ဖြင့် မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ ရောက်ရှိ သွားသည်။

ရုတ်တရက် ကြည့်လိုက်ပါလျှင် ထိုလူသည် လေထဲ၌ လျှင်မြန်သောအဟုန်ဖြင့် လွင့်မျောလာသည်ဟု ထင်မှတ်ရသည်။ မည်သို့ပင်ဖြစ်စေ သူသည်မိစ္ဆာဂိုဏ်းချုပ်ကြီးအား ဒုသေသတ်နိုင် လိမ့်မည်ဟု ယုံကြည်၏။

သို့သော်. . .

သူကမိစ္ဆာဂိုဏ်းချုပ်ကြီး၏အနီးသို့ ရောက်ရှိလာသော

www.burmeseclassic.com

www.burmeseclassic.com



ခါ ရုတ်တရက်မိစ္ဆာဂိုဏ်းချုပ်ကြီးက လျှပ်တစ်ပြက်လှုပ်ရှားလိုက်သည်။ သူသည် မျှော့ကြိုးကိုင်ထားသော လက်ကိုတစ်ချက်လှုပ်ရှားလိုက်၏။ ထိုအခါ. . .

ကော့ကျင်းစု၏ဓားက ခန္ဓာကိုယ်မှပွက်ကာသိကာလွဲချော်သွား၏။ တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်က ရှေ့သို့ငိုက်ကျလာလေသည်။ ယင်းတဒင်္ဂအချိန်လေးမှာပင်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီး၏ လက်ဝါးနှစ်ဖက်က သူ၏ဦးခေါင်းဆီသို့ ရိုက်ချလိုက်လေသည်။

"ဝုန်း. . ."

ကော့ကျင်းစု၏ခန္ဓာကိုယ်က ကြိုးပြတ်သွားသည့် စွန်ကလေးပမာ လွင့်စဉ်သွားလေတော့သည်။

* * * *

ကျင်းရှီသည် လောက်ချူ၏အဖြစ်အပျက်ကို မကြည့်ရက်တော့သဖြင့် တစ်ဖက်သို့မျက်နှာလွှဲနေလေသည်။ ယင်းအချိန်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးနှင့် ကော့ကျင်းစုတို့က အချေအတင်ပြောဆိုနေသော စကားများကိုကြားနေရ၏။ သို့သော်. . .

သူက မိမိနှင့် လုံးဝမပတ်သက်သည့်အလား တွေဝေငိုင်နေသည်။ ယင်းတဒင်္ဂအချိန်လေးမှာပင်. . .

"ဝုန်း. . ."

ဟူသော ကျယ်လောင်သောအသံကြီးနှင့်အတူ လူတစ်ယောက်က ကြိုးပြတ်သွားသည့် စွန်ကလေးပမာလွင့်စဉ်၍ သူ့ရှေ့သို့ကျလာလေသည်။ သူက ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားမိလေသည်။



ထိုလူ၏ဦးခေါင်းပေါ်မှ ယိုစီးကျလာသောသွေးများသည် မျက်နှာတစ်ခုလုံးသို့ စိုရွှဲနေကာ ကြောက်မက်ဖွယ်ရာကောင်းလှသည်။ ကျင်းရှီ၏မျက်လုံးများ ပြူးကျယ်သွားသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာကောင်းသော သိုင်းပညာအဆင့်မြင့်မားလှ၏။

ကျင်းရှီက ထိတ်လန့်တုန်လှုပ်စွာဖြင့် ရုတ်တရက်ထအော်လိုက်မိ၏။

"ဂိုဏ်းချုပ်ကြီး. . . ကျွန်တော်မိစ္ဆာဂိုဏ်းရဲ့ လမ်းပြတာဝန်ကို ထမ်းဆောင်ပါတော့မယ်၊ စိတ်ချပါ ခင်ဗျာ၊ ကျွန်တော် ထမ်းဆောင်ပါ့မယ်"

ကျင်းရှီသည် မိစ္ဆာဂိုဏ်းချုပ်ကြီးအားမယုံဝံ့ မယုံရဲသဖြင့် သစ္စာခံလိုက်ရပြီဖြစ်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏ အားပါးတရရယ်မောလိုက်၏။

"ဟား. . . ဟား. . . ဟား၊ ဒီလိုပဲဖြစ်ရမယ်"

ထိုအချိန်. . .

စီစီက မိစ္ဆာဂိုဏ်းချုပ်ကြီးဆီသို့ လျှောက်သွားရန် ဟန်ပြင်လိုက်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်ကာပြလိုက်၏။

"စီစီ. . . ငါ အနားယူဦးမယ်၊ ဘယ်သူမှ ငါ့အခန်းထဲမဝင်ပါနဲ့၊ မင်းလဲ မင်းရဲ့အခန်းထဲမှာ သွားနားလိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



စိစိက နှုတ်ခမ်းစူလိုက်သည်။ သူမသည် မိန်းကလေးဖြစ်သဖြင့် ခင်ပွန်းသည်၏ချစ်ခင်ကြင်နာမှုကို မြတ်နိုးစွာမျှော်လင့်နေမိ၏။ သို့သော်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီး(ဝါ) ခင်ပွန်းသည်၏စကားကို ကြားရသောအခါ ဘဝင်မကျဖြစ်သွားရသည်။ သို့သော် သူမက စောဒက မတက်ဝံ့ပါ။ ခေါင်းငုံ့ကာ မိမိ၏အခန်းထဲသို့ ပြန်ဝင်ခဲ့ရလေ၏။ ထို့နောက် ကျန်လူများ အသီးသီးတို့ကလည်းမိမိတို့၏ အဆောက်အအုံဆီသို့ ပြန်လည်ဝင်ရောက်သွားကြလေသည်။

* * * *

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် အားလုံးသောလူများက အသီးသီးပြန်လည်ထွက်ခွာသွားကြသောအခါ အေးစက်နေသော မျက်နှာပြင်ပေါ်တွင် အပြုံးတစ်ခုလှစ်ခနဲပေါ်လာလေသည်။

ထိုအပြုံးသည် အလွန်ကျေနပ်အားရသော အပြုံးမျိုးဖြစ်သည်။ သူက မည်သည့်အရာကို ကျေနပ်အားရဖြစ်မိနေပါသနည်း။

အမှန်တွင်. . .

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိအနေဖြင့် လူအများကို လှည့်စားခဲ့နိုင်ခဲ့ခြင်းအတွက် ကျေနပ်ဝမ်းသာဖြစ်နေခြင်းပင် ဖြစ်လေသည်။ သူမသည် မိန်းကလေးတစ်ယောက်ဖြစ်ပါလျက်နှင့် မိစ္ဆာဂိုဏ်းချုပ်ကြီး(ဝါ) ယောကျ်ားကြီးတစ်ယောက်ပမာ ရုပ်ဖျက်ထားခဲ့၏။



ထို့ပြင် သူမက ဇနီးသည်တစ်ယောက်ကို ကောက်ယူပြလိုက်သည်။ ယင်းကြောင့်လည်း အားလုံးသောလူများက သူမအား မိန်းမတစ်ယောက်ဖြစ်လိမ့်မည်ဟု သံသယမဝင်ခဲ့ကြပါချေ။

အမှန်တွင် သူမ၏သိုင်းပညာကျင့်စဉ် လွန်ကဲမှုကြောင့် မိန်းကလေးတစ်ယောက်၏ ချိုလွင်သောအသံများပျောက်၍ ယောကျ်ားရင့်မကြီး တစ်ယောက်ကဲ့သို့ စူးရှအက်ကွဲသောအသံကြီးသို့ ပြောင်းလဲမှုကလည်း မိန်းမတစ်ယောက်မှ ယောကျ်ားတစ်ယောက်အသွင်သို့ လှည့်စားမှုကို ကောင်းစွာအထောက်အကူပြုခဲ့သည်။

ယခုသူမအား အားလုံးသောလူများက ယောကျ်ားတစ်ယောက်အဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင် မိစ္ဆာဂိုဏ်းချုပ်ကြီးတစ်ယောက်အဖြစ် ကြောက်ရွံ့နေကြရသည် မဟုတ်ပါလော။ သူမက အားပါးတရ ရယ်မောလိုက်၏။

"ဟား. . . ဟား. . . ဟား"

ထိုအချိန်. . .

ရုတ်တရက် အခန်းတံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်လိုက်၏။

"ဘယ်သူလဲ"

အခန်းအပြင်ဘက်မှ လူနှစ်ယောက်၏အသံက ထွက်ပေါ်လာလေသည်။

"ကျုပ်တို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ယင်းအသံကြောင့် မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်လုံးအစုံက ဝင်းလက်တောက်ပသွားလေသည်။

သူက ထိုင်ရာမှအေးစက်စက်အသံဖြင့် ပြောလိုက်၏။

"ဝင်ခဲ့"

သူ၏အသံဆုံးသွားသည်နှင့် လူနှစ်ယောက်ကရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာကြလေသည်။

ကြယ်တံခွန်ဓားသမားနှင့် နံပါတ်တစ်တိတန်တို့ပင် ဖြစ်၏။ သူတို့နှစ်ယောက်က တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးရှေ့တွင် ဒူးထောက်လိုက်ကြသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက သူတို့နှစ်ဦးယောက်အား စိုက်ကြည့်လိုက်သည်။

"ဘယ်လိုလဲ၊ ကိုးနဂါးသခင်လေးကို ဖမ်းမိခဲ့သလား"

ကြယ်တံခွန်ဓားသမားနှင့် တိတန်နံပါတ်တစ်တို့က ခေါင်းငုံ့လိုက်ကြသည်။ သူတို့သည် မိမိတို့၏ရှုံးနိမ့်မှုကို မည်သို့စပြောရမှန်းမသိအောင် ဖြစ်နေသည်။ ပြောမထွက်အောင် ဖြစ်နေသည်။

သူတို့က အသက်ပင်မရှူဝံ့ကြချေ။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏ မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများပေါ်လွင်နေသည်။

"ဘာလဲ၊ မအောင်မြင်ခဲ့ကြဘူးလား"

ကြယ်တံခွန်ဓားသမားနှင့် တိတန်နံပါတ်တစ်တို့က ငြိုငြင်တူခေါင်းညိတ်လိုက်ကြသည်။

"ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျာ"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏ မျက်နှာတစ်ခုလုံးက အေးစက်တင်းမာလာသည်။ သူက ဒေါသကြီးစွာဖြင့် ပြောလိုက်၏။



"ဒါက ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်း"

ကြယ်တံခွန်ဓားသမားက မဝံ့မရဲဖြင့် ခေါင်းမော့ကြည့်လိုက်၏။

"ဒီ. . . ဒီလိုပါ၊ ကျုပ်တို့က ထောင်ချောက်နဲ့ တိုးခဲ့ရပါတယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်လိုက်သည်။

"ထောင်ချောက်. . . ဟုတ်လား၊ ဘယ်လိုထောင်ချောက်မျိုးလဲ"

ကြယ်တံခွန်ဓားသမားက အကြောင်းစုံရှင်းပြလိုက်လေတော့သည်။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက သူတို့၏စကားကိုနားထောင် ပြီးနောက် မဲ့ပြုံးပြုံးလိုက်၏။ သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"ယို့အော့လျှံ. . . နင် ငါ့လက်ကမလွတ်စေရပါဘူး၊ နင့်ကိုဖမ်းပြီး နင့်အဖေကိုအကျပ်ကိုင်ပြီး သက်ခြေဝိဇ္ဇာဥ်လက်ဝါးသိုင်းကျမ်းကို ရအောင်တောင်းမယ်"

ဟု ကြိမ်းဝါးလိုက်လေသည်။ ကြယ်တံခွန်ဓားသမားက ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ. . . ကျုပ်တို့ အစီအစဉ်တွေသေချာအောင်လုပ်ပြီး သူတို့ကို မိအောင်ဖမ်းပါ့မယ်၊ ကျေးဇူးပြုပြီး ခရီးပြန်ထွက်ခွင့်ပေးပါ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူတို့အား အေးတိအေးစက်မျက်လုံးအစုံဖြင့် စိုက်ကြည့်ကာမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက် ခရီးထွက်မှာလဲ"

ကြယ်တံခွန်ဓားသမားက ရှင်းပြလိုက်လေသည်။

"ဒီမိန်းကလေးကို ကျုပ်တို့က တွေ့အောင်ရှာပြီး ဖမ်းဆီးပေးပါရစေ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့က သူတို့ကိုလိုက်ရှာစရာ မလိုတော့ပါဘူး"

ကြယ်တံခွန်ဓားသမားက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဗျာ. . . ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီးရယ်"

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက စူးရှအက်ကွဲသောအသံဖြင့် တစ်ခွန်းချင်းပြောလိုက်လေသည်။

"သူတို့က အခုချိန်လောက်ဆိုရင် ကိုးနဂါးသခင်လေးနဲ့ တွေ့ဆုံပြီးလောက်ပါပြီ၊ ဒါကြောင့် ရွှေနဂါးဂိုဏ်းချုပ်ကို ကယ်တင်ဖို့လို့ အနေးနဲ့အမြန်ဒီနေရာကို ရောက်လာလိမ့်မယ်"

သူက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကြောင့် ကျုပ်တို့က သူတို့ရောက်လာမယ့်အချိန်ကို စောင့်ပြီး ဖမ်းဆီးကြရုံပဲ"

ကြယ်တံခွန်ဓားသမားက မျက်မှောင်ကြုတ်လိုက်မိသည်။

သူကမိစ္ဆာဂိုဏ်းချုပ်ကြီးအား မော့်ကြည့်ကာ ခေါင်းတစ်ချက်ခါယမ်းလိုက်လေသည်။

"သူတို့က ဒီလောက်နာမည်ကြီးနေတဲ့ တိတန်မိစ္ဆာဂိုဏ်းရဲ့



ဌာနချုပ်ထဲကို ဝင်ရဲကဲ့သတ္တိရှိပါ့မလား"

မိစ္ဆာဂိုဏ်းချုပ်က ပြုံးလိုက်သည်။ သူ၏အပြုံးမှာ အလွန်လျှို့ဝှက်သော အပြုံးမျိုးဖြစ်သည်။

သူက လက်ကာပြလိုက်ပြီးနောက်. . .

"ဒီလိုမပြောနဲ့လေ၊ အခုဆိုရင် သူတို့ဆီမှာ လက်ရုံးရည်ရော နှလုံးရည်ရောပါပြည့်ဝတဲ့ ကိုးနဂါးသခင်လေးက ရှိနေပြီ၊ ဒါကြောင့် ဘယ်နည်းနဲ့မဆို သူတို့ကရောက်လာမှာသေချာပါတယ်"

ကြယ်တံခွန်ဓားသမားက စကားမပြောနိုင်တော့ပါချေ။

သူက ခေါင်းငုံ့ထားလိုက်သည်။ တိတန်နံပါတ်တစ်က အခြေအနေကို စောင့်ကြည့်နေရာမှ ဝင်ပြောလိုက်သည်။

"ဒါနဲ့ ကျုပ်တို့က သူတို့ကိုဒီညစဉ်ညတိုင်း စောင့်ဖမ်းရမှာပေါ့နော်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက အနည်းငယ်စဉ်းစားလိုက်သည်။

သူက တစ်ခဏကြာမှ ခေါင်းတစ်ချက်ခါယမ်းကာ. . .

"သူတို့ဝင်လာခဲ့ကြရင် မသိချင်ယောင်ဆောင်နေကြပါ၊ ကျုပ်က အမိန့်ပေးမယ်၊ ကျုပ်ရဲ့အမိန့်ရမှပဲ လှုပ်ရှားကြပါလို့ အားလုံးကိုမှာထားလိုက်ဖို့"

ကြယ်တံခွန်ဓားသမားက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ကျုပ်က အားလုံးကိုမှာထားပါ့မယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ယခုမှစိတ်အေးသွားရလေသည်။

သူသည် ကိုးနဂါးသခင်လေးသာ ဝင်ရောက်ခဲ့ပါလျှင် မိမိ၏လူများက လက်လွန်သွားမည်ကို စိုးရိမ်သဖြင့်ယခုကဲ့သို့ မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ခြင်းဖြစ်လေသည်။ သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကောင်းတယ်၊ ကဲ. . . အားလုံး ကိုယ့်နေရာကိုယ်ပြန်ပြီး အနားယူကြပါ"

ကံကောင်းလှပေးသည်။ သူတို့သည် အလုပ်တစ်ခုကိုမအောင်မြင်အောင်လုပ်ခဲ့ကြသည်။ ထို့အတွက် အပြစ်ဒဏ်ခံရကိန်းရှိပါသည်။ ယခု သူတို့အပြစ်မခံရတော့ပါ။

ကြယ်တံခွန်မားသမားနှင့် တိတန်နံပါတ်တစ်တို့က ဂိုဏ်းချုပ်ကြီးအား အသီးသီးဦးညွှတ်နှုတ်ဆက်ကာ ပြန်လည်ထွက်သွား၏။ ထို့ကြောင့် မိစ္ဆာဂိုဏ်းချုပ်ကြီးက သူတို့ကိုမိမိသဘောဆန္ဒနှင့် မလုပ်စေရန်မှာကြားလိုက်ခြင်းဖြစ်လေသည်။

* * * * * *



## အခန်း (၇)

## ပြန်လည်တွေ့ဆုံခြင်း

ညဉ့်နက်လှပြီဖြစ်သည်။

သို့သော်. . .

လဝန်း၏အလင်းရောင်ကြောင့် ဝန်းကျင်တစ်ခုလုံးအားထင်ရှားစွာတွေ့မြင်နေရသည်။ တိတန်မိစ္ဆာဂိုဏ်းဌာနချုပ်သည် လဝန်း၏အလင်းရောင်အောက်တွင် အထီးကျန်စွာတည်ရှိနေ၏။

ခြံဝင်းထဲတွင် ကင်းသမားများက နှစ်ယောက်တစ်တွဲကျဖြင့် လှည့်လည်ကြည့်ရှု၍ စစ်ဆေးနေသည်။ ထိုအချိန်၌. . .

ခြံဝင်းတစ်နေရာမှ လူနှစ်ယောက်၏ဦးခေါင်းများ ပေါ်ထွက်လာသည်။ ကောင်းကျူးနှင့် မုကျင်းဖုတို့ပင်ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် ကင်းသမားများကမိမိတို့ ပုန်းကွယ်နေသော ခြံဝင်းနံရံအနီးမှ ဖြတ်ကျော်သွားသည့်အချိန်တွင် ရုတ်တရက် ကိုယ်ဖော့ပညာကို အသုံးပြုကာမြေပြင်ပေါ်သို့ ခုန်ချလိုက်၏။ ထို့နောက်. . .

ကောင်းကျူးက မုကျင်းဖုအား ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘမှ. . . ခင်ဗျားက ဒီနံရံကိုကျော်ပြီး ပြန်ပြေးပါ၊ ဒါဆိုရင် သူတို့ကခင်ဗျားဆီကို လိုက်လာကြမှာသေချာပါတယ်၊ ဒီတော့မှ ကျုပ်က တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးနဲ့ တွေ့လို့ရမယ့်သူကို ရမယ်၊ ဒါမှလဲ ရွှေနဂါးဂိုဏ်းချုပ်ကြီးကို ဘယ်နေရာမှာပုန်းဝှက်ထားတယ်ဆိုတာ သိနိုင်ပါလိမ့်မယ်"

မုကျင်းဖု သက်ပြင်းတစ်ချက်ချလိုက်သည်။

သူက ခေါင်းတစ်ချက် ခါယမ်းတာ. . .

"ကောင်း သဲခင်လေးရယ်၊ ဒါဟာ အင်မတန်အန္တရာယ်များလှပါတယ်၊ ဒါကြောင့် ကျုပ်တို့နှစ်ယောက် အတူတူဝင်ကြရအောင်"

ကောင်းကျူးကခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ကျုပ်ပြောသလိုသာလုပ်စမ်းပါ၊ ကျုပ်တို့မှာ အချိန်သိပ်ရှိတာ မဟုတ်ဘူး"

မုကျင်းဖုက ခေါင်းညိတ်လိုက်၏။ သူက မည်သို့မျှမတတ်နိုင်တော့ဘဲ ရုတ်တရက်ခြံစည်းရိုးပေါ်သို့ ကိုယ်ဖော့ပညာကို အသုံးပြုကာခုန်တက်လိုက်သည်။ မုကျင်းဖုသည် သူ့ကိုမမြင်စေရန်နံရံပေါ်၌အတန်ကြာရပ်နေလိုက်သေး၏။ ကောင်းကျူးကမူ အနီးရှိ သစ်ပင်တစ်ပင်၏ အမှောင်ထုအောက်သို့ ပြေးလွှားကာပုန်းကွယ်နေလိုက်သည်။ သူ၏တွက်ဆမှုမှာ မှန်ကန်နေချေပြီ။ အစောင့်များသည် မုကျင်းဖုအားတွေ့မြင်သွားကာ အော်ဟစ်ဟန့်တားလိုက်ကြ၏။

"ဟေ့. . . ရပ်လိုက်ကြစမ်း"



မုကျင်းဖုက စဉ်းစားမပြုတော့ဘဲ ကိုယ်ဖော့ပညာကို အသုံးပြုကာ ခြံဝင်းနံရံပေါ်မှ ခုန်ဆင်းသွားလေတော့သည်။

ထို့နောက်. . .

တောလမ်းအတိုင်း တစ်ဟုန်ထိုးပြေးသွား၏။

အားလုံးသော အစောင့်များကာ သူ့နောက်သို့စုပြုံ၍ ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

* * * *

အခန်းသည် ကျယ်ဝန်းလှ၏။ ထို့ပြင်. . .

အိမ်ထောင်ပရိဘောဂများဖြင့် ပြည့်စုံစွာရှိနေသည်။ အခန်း၏အလယ်တွင် မီးဖိုတစ်ခုရှိနေသည်။ မီးဖိုနံဘေးတွင် မိစ္ဆာဂိုဏ်းချုပ်ကြီးက ထိုင်နေ၏။ စီစီသည် သူ၏ပေါင်ပေါ်တွင် ခေါင်းတင်ကာမျက်လုံးကို မှေးစင်းထားသည်။ သူမသည် အိပ်စက်နိုင်ခြင်း မရှိသေးချေ။ အဘယ့်ကြောင့်ဆိုသော်. . .

သူမ၏ရင်ထဲတွင် မိစ္ဆာဂိုဏ်းချုပ်ကြီးထံမှ တစ်စုံတစ်ရာပေးဆပ်လာမည်ကို မျှော်လင့်တောင့်တနေမိသောကြောင့် ဖြစ်သည်။

သို့သော်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူမအားလှည့်ပင်မကြည့်ပါချေ။

သူမသည် အရက်အိုးလေးတစ်လုံးကို သိုင်းထားသည့် ကြိုးစထံသို့ တုတ်တစ်ချောင်းထည့်ကာ မီးဖိုပေါ်သို့ အရက်အိုးတင်၍

www.burmeseclassic.com

www.burmeseclassic.com



*

ဖြည်းညင်းစွာမီးအပူပေးနေသည်။ သူမက ယင်းသို့ မီးအပူပေးနေ
စဉ်တွင် ရုတ်တရက် သူ၏မျက်ဝန်းထဲတွင် ပုံရိပ်တစ်ခုကဝင်
ရောက်လာသည်။ ချောမောသန့်ပြန်သည့် လူတစ်ယောက်၏
ပုံရိပ်ဖြစ်၏။

ထိုလူရွယ်သည် တောက်ပသောမျက်လုံးအစုံဖြင့် ရွှန်းရွှန်း
စားစားကြည့်ကာ စကားတွေများစွာပြောဆိုခဲ့သည်။

မိမိက ရေထဲသို့ငုပ်လျှိုးသွားချိန်တွင် သူက စိုးရိမ်ခြင်း
ကြီးစွာဖြင့် အော်ဟစ်ခေါ်ခဲ့သည်။ သူမက ရေထဲမှ ပြန်လည်ပေါ်
လာချိန်တွင် လှိုက်လှိုက်လှဲလှဲပြုံးပြခဲ့သည်။

သူမသည် မိမိ၏ဘဝတစ်လျှောက်တွင် မိဘမဲ့ဘဝဖြင့်
နေခဲ့ရပြီး ညီအစ်ကိုမောင်နှမပင် တစ်ဦးတစ်ယောက်မျှမရှိ ခဲ့ပါ
ချေ။

ထို့ပြင်. . .

ဆွေမျိုးရင်းချာဟူ၍ လည်းမရှိခဲ့ပါ။

ဤကဲ့သို့သော ဘဝမျိုးသည် အထီးကျန်ဆန်ပြီး သဲကန္တာရ
သဖွယ်ခြောက်သွေ့နေမည်သာ ဖြစ်လေသည်။ အံ့ဩဖွယ်ကောင်း
နေသည်မှာ ထိုလှိုက်လှဲဖော်ရွေသော လူရွယ်အားတွေ့မြင်လိုက်ရ
သည်ခဏ၌ သူမ သုံးရှုံးနေသောကြင်နာယုယမှုများအား ထိုလူရွယ်
ထံမှ ရယူလိုသောဆန္ဒများ ပြင်းပြလာခဲ့သည်။

အဘယ့်ကြောင့် ဤကဲ့သို့သော ဆန္ဒများ ပေါ်ပေါက်လာ
သည်ကို သူမက မစဉ်းစား တတ်အောင်ဖြစ်နေခဲ့ရသည်။ အမှန်
တွင်. . .



သူမက ရေထဲတွင်ရောက်ရှိနေခြင်းမှာ အတွင်းအားပညာ
တစ်ခုကို လေ့ကျင့်ရန်ဖြစ်သည်။ သူမသည် မိမိက ရေထဲတွင် အ
တွင်းအားကျင့်နေစဉ် မည်သူတစ်ဦးတစ်ယောက်မျှ အနီးသို့လာခွင့်
မပြုချေ။

အဘယ့်ကြောင့်ဆိုသော်. . .

သူမသည် မိန်းကလေးတစ်ယောက်ဘဝမျိုးဖြင့် မိမိအား
တွေ့မြင်သွားမည်ကို အထူးပင်မနှစ်မြို့ပါ။ မိန်းကလေးတစ်ယောက်
ဖြစ်၏အားချုပ်ဖြစ်နေလျှင် အနည်းနှင့်အများ လူရိုသေမှုနည်းပေလိမ့်
မည်။

ထို့ကြောင့်. . .

မိမိ၏အနီးသို့ ရောက်ရှိလာ၍ မိမိအားမိန်းကလေးဘဝ
ဖြင့် တွေ့မြင်သွားသူများကို သူမက ရက်စက်စွာသတ်ဖြတ်သည်။

သို့သော်. . .

ထိုလူရွယ်အား တွေ့မြင်လိုက်သောအခါတွင် သူမသည်
ထိုလူရွယ်အား သတ်ပစ်ရန်မဆိုထားနှင့် မိမိ၏အက်ကွဲစူးရှသော
အသံကြောင့် ထိုလူရွယ်က မိမိအား မနှစ်မြို့မှာကိုပင် ကြောက်ရွံ့
တွေးတိတ်နေမိသည်။ သူမ၏အမြင်တွင် ထိုလူရွယ်မှာ ကလေးငယ်
များပမာ အပြစ်ကင်းစင်ပြီး ရိုးသား၍နှစ်လိုဖွယ်ကောင်းသည်ဟု
ထင်မြင်လိုက်မိသည်။ အမှန်တွင် သူမက ဤလူရွယ်ကို ယခုအကြိမ်
တွေ့ဆုံခြင်းသည် ဒုတိယကြိမ်ဖြစ်သည်။

အံ့ဩဖွယ်ကောင်းသည်မှာ သူမကဤလူရွယ်အား တွေ့
မြင်လိုက်သောအခါတိုင်းတွင် လူသတ်လိုသောဆန္ဒများကင်းစင်

www.burmeseclassic.com

www.burmeseclassic.com



ခံစားမှု
သွားကာ နုနယ်ယဉ်ကျေးသောမိန်းကလေးတစ်ယောက်၏ ခံစားမှု
များပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ဤလူရွယ်သည် မိမိ၏မိစ္ဆာဂိုဏ်းထဲမှ ရွှေနဂါး
ဂိုဏ်းချုပ်ကြီးအား ကယ်တင်ရန်ရောက်ရှိလာသော ကိုးနဂါးသခင်
လေးဖြစ်မှန်း သိပါလျက်နှင့် မသတ်ရက်ခဲ့ခြင်းဖြစ်သည်။

ယင်းပြင် သူမက ထိုလူရွယ်နှင့်တွေ့ဆုံရသည်ကိုပင် စိတ်
ထဲ၌ ပျော်နေမိသည်။ ထိုလူရွယ်နှင့်ခွဲခွာနေရသောအခါ စိတ်ထဲ၌
လွမ်းဆွတ်နေမိသည်။ သူမ၏မျက်ဝန်းထဲတွင် ကိုးသခင်လေးကို
တွေ့ဆုံခဲ့ရစဉ်က ပြောခဲ့သည်စကားများနှင့် ဟန်မူရာများကို
ထပ်ပြန်တလဲလဲ မျက်စိထဲတွင် မြင်ယောင်နေမိသည်။

ယခု သူမကကိုးနဂါးသခင်လေး၏ပုံရိပ်များကို ပြန်လည်
မြင်ယောင်လာသောအခါ နှုးညံ့စွာပြုံး၍မျက်လုံးကို မှေးစင်ထား
လိုက်၏။

ယင်းအချိန်. . .

ရုတ်တရက် အပြင်ဘက်မှ ဆူဆူညံညံအော်ဟစ်သံများက
ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် ပြေးလွှားနေသောအသံ
များကို ကြားလိုက်ရ၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက မျက်ဝန်းကိုဖြည်း
ညင်းစွာ ဖွင့်ကြည့်လိုက်သည်။

ထိုအချိန်လေးမှာပင် စီစီက သူ့အား စိုးရွံ့ဟန်ဖြင့် ဖ
တွယ်လာပြီး. . .

"အစ်ကို. . . အစ်ကို၊ ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး"

သူမ၏စကားသံမဆုံးမီ ကြယ်တံခွန်ဓားသမားနှင့် တိတ



နံပါတ်တစ် အခန်းထဲကိုပြေးဝင်လာကြသည်။

သူတို့က ပြိုင်တူဦးညွှတ်ကာ. . .

"ဂိုဏ်းချုပ်ကြီး. . . ကိုးနဂါးသခင်လေးတို့ ရောက်လာကြ
ပြီ"

ဟု အစီရင်ခံလိုက်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်ဝန်း
အစုံက ဝင်းလက်တောက်ပသွားလေသည်။

သူမက စီစီအား ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်လိုက်သည်။

"စီစီ. . . မင်းက အခုချက်ချင်း မင်းရဲ့အဆောင်ကို ပြန်
ပြီးရင် ဘာသံပဲကြားကြား လုံးဝထွက်မကြည့်ရဘူး၊ ကြားလား၊
ထွက်ကြည့်ခဲ့ရင် မင်းကို သွေးဒဏ်ပေးမယ်"

စီစီသည် သွေးဒဏ်ဟူသောစကားကြောင့် ခန္ဓာကိုယ်တစ်
ချက်တုန်ခါသွားခဲ့သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏ သွေးဒဏ်ဆိုသည်
မှာ သေရန်အမိန့်ချမှတ်ခြင်းပင် မဟုတ်ပါလော။

သူမက ချက်ချင်းပင် မိမိ၏အဆောင်ဆီသို့ ပြေးထွက်
သွား၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ကြယ်တံခွန်ဓားသမားနှင့် တိတန်
နံပါတ်တစ်တို့အား လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ. . . ခင်ဗျားတို့လဲ ကျုပ်အဆောင်နဲ့ ဝေးဝေးမှာသွား
နေ၊ ကျုပ်က အမိန့်မပေးဘဲ လုံးဝမထွက်လာပါနဲ့၊ ဘာမှလဲ မ
လုပ်ရှားပါနဲ့"

ကြယ်တံခွန်ဓားသမားနှင့် တိတန်နံပါတ်တစ်တို့က ကြောင်
အမ်းအမ်းဖြစ်သွားကြသည်။ သူတို့က မိစ္ဆာဂိုဏ်းချုပ်ကြီးအား
ကြောင်အမ်းအမ်းကြည့်နေကြ၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ငေ့ယမ်းပြလိုက်လေသည်။

"ကဲ. . . ပြောနေတာ မကြားဘူးလား"

ကြယ်တံခွန်စားသမားနှင့် တိတန်နံပါတ်တစ်တို့က ကမန်ကတန်း ခေါင်းညိတ်လိုက်ကြရသည်။ ထို့နောက်. . .

ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ကမန်းကတန်းဟန့်တားလိုက်သည်။

"နေဦး"

ကြယ်တံခွန်စားသမားတို့က ခြေလှမ်းရပ်တန့်လိုက်ရလေသည်။ သူတို့က တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား သမင်လည်ပြန်လှည့်ကြည့်လိုက်၏။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက တည်ကြည်အေးစက်သော မျက်လုံးအစုံဖြင့်ကြည့်ကာ ပြောလိုက်လေသည်။

"ကျုပ်အဆောင်ရဲ့ပတ်ပတ်လည်မှာ စောင့်နေတဲ့စောင့်အကြပ်တွေကို အခုချက်ချင်း ဖယ်ခိုင်းလိုက်ကြားလား"

ကြယ်တံခွန်စားသမားနှင့် တိတန်နံပါတ်တစ်တို့က အံ့ဩလွန်း၍ ပါးစပ်ဟောင်းလောင်းဖြစ်သွားရလေသည်။ သို့သော်. . .

သူတို့သည် စကားမပြောဝံ့ဘဲ ခြေလှမ်းသွက်သွက်ဖြင့် ထွက်သွားကြ၏။

သူတို့သည် မကြာမီအချိန်အတွင်းမှာပင် မိစ္ဆာဂိုဏ်းချုပ်ကြီး၏မြင်ကွင်းမှ ပျောက်ကွယ်သွားပြီဖြစ်လေတော့သည်။

* * * *



ဝန်းကျင်တစ်ခုလုံးသည် ပြန်လည်တိတ်ဆိတ်သွား၏။

ကြောက်စရာကောင်းအောင် တိတ်ဆိတ်ခြင်းမျိုးဖြစ်သည်။ ယင်းအချိန်မှာပင်. . .

တံခါးဝတွင် ခြေထောက်တစ်စုံက လာရောက်ရပ်တန့်လိုက်ခြင်းကို တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက သိရှိလိုက်၏။

သူမက လှည့်မကြည့်ပါချေ။ အကြောင်းမှာ သူမသည် တံခါးအဝင်ဝတွင် ထောင်ချောက်ဆင်ထားသော မျှော့ကြီးများကို သူမက မသိမသာဖြင့် သိမ်းဆည်းနေရသည် မဟုတ်ပါလော။

ယခုဝင်ရောက်လာသောသူမှာ ကိုးနဂါးသခင်လေး ဖြစ်သည်ဟု သူမကကောင်းစွာယုံကြည်သည်။

အဘယ့်ကြောင့်ဆိုသော်. . .

ကိုးနဂါးသခင်လေးမှအပ မည်သူတစ်ဦးတစ်ယောက်ကမျှ သူမနေရာသို့ ကျူးကျော်ဝင်ရောက်နိုင်စွမ်း မရှိကြောင်း သူမ သိထားသောကြောင့်တည်း။ အမှန်တွင် သူမက ဤအချက်ကို ကြိုတင်ရိပ်စားထားမိသဖြင့် ယခုကဲ့သို့ မိမိ၏အဆောင်ဝန်းကျင်တွင် ...ားရှင်းထားကာ ဦးခေါင်းပေါ်တွင် အမြဲဆောင်းထားလေ့ရှိသော အနီရောင်ဦးထုပ်အား ဖယ်ချ၍ ရှည်လျားမည်းမှောင်နေသည့် ဆံကေသာနွယ်များအား ဖြန့်ချထားလိုက်ပြီဖြစ်သည်။

ယင်းအချိန်မှာပင်. . .

ကိုးနဂါးသခင်လေး ကောင်းကျူးက အခန်းထဲသို့ဝင်ရောက်လာပေ၏။ သူသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား တွေ့လိုက်သောအခါ အလွန်ပင် အံ့ဩသွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန္တာဂိုဏ်းချုပ်ကြီးက သူ့အားလှည့်ကြည့်ကာ ပြုံးပြလိုက်
၏။ အလွန်လှပပြီး ဆွဲဆောင်မှုရှိသော အပြုံးမျိုးဖြစ်လေ၏။

ကောင်းကျူက သူမအားဝမ်းသာအားရဖြင့် နှုတ်ဆက်
လိုက်၏။

"မိန်းကလေး. . . ကျုပ်တို့ ပြန်ပြီးဆုံတွေ့ကြရပြီနော်"

တိတန်မိန္တာဂိုဏ်းချုပ်ကြီးက ပြုံး၍ခေါင်းငုံ့ထားလေသည်
အမှန်တကယ်လည်း သူမသည် ကောင်းကျူနှင့်ပြောရန်မဝံ့ရဲ ဖြ
နေသည်။ ကောင်းကျူက မိန္တာဂိုဏ်းချုပ်ကြီး၏ အခန်းအားလှည့်
ပတ်၍ ကြည့်ရှုလိုက်လေသည်။

"ဟော့. . . ဒီအခန်းက အတော်သားနားသပ်ရပ်တာပဲ
မင်းက တိတန်မိန္တာဂိုဏ်းချုပ်ကြီးနဲ့ ဘယ်လိုပတ်သက်သလဲ"

တိတန်မိန္တာဂိုဏ်းချုပ်ကြီးသည် ရင်ထိတ်သွားလေ၏

သူမ စက္ကူဖြူတစ်ရွက်ကို ယူကာရေးပြလိုက်သည်။

ကောင်းကျူက ထိုစက္ကူအားယူ၍ ငုံ့ဖတ်ကြည့်လိုက်၏

"ကျွန်မက သူ့ရဲ့အကျဉ်းစံ မိန်းကလေးတစ်ယောက်
ရှင်၊ ကျွန်မကို အထူးအခွင့်အရေးတော့ ပေးထားတယ်၊ ကျွန်မ
နှိပ်တော့မနှိပ်စက်ပါဘူး"

သူက်မိန္တာဂိုဏ်းချုပ်ကြီးရေးပြသော စာကိုဖတ်ကာ
ညြသွားမိသည်။ သူက မျက်မှောင်ကြုတ်လိုက်သည်။

"နေပါဦး၊ သူက မင်းကိုဘာဖြစ်လို့ ဒီလိုခေါ်ထားတာ

တိတန်မိန္တာဂိုဏ်းချုပ်ကြီးက သူ့အားစာရွက်ပေါ်တွင်
ပြလိုက်ပြန်၏။



"ကျွန်မရဲ့ဖေဖေကို သူက ဖမ်းထားပါတယ်၊ သူက ကျွန်မ
ဖေဖေဆီက လိုချင်တဲ့ပစ္စည်းတစ်ခုကို တောင်းနေတာမရတော့လို့
ကျွန်မကို အခုလိုအကျယ်ချုပ် ချုပ်ထားတာပါ၊ ပစ္စည်းရရင်တော့
အဖေရောသမီးပါ လွှတ်မယ်လို့ပြောတာပဲ"

ကောင်းကျူတွေဝေသွားသည်။ သူသည် တစ်ချိန်တုန်းက
ဤမိန်းကလေးနှင့် မိမိတို့က ရေတံခွန်အနီးရှိမြစ်ဆုံတွင် ဆုံမိကြ
သည်။ တိတန်မိန္တာဂိုဏ်းချုပ်ကြီးက မိမိအားစကားပြောလာခဲ့ခြင်း
ကိုအမှတ်ရလိုက်မိလေသည်။ သူက မိန်းကလေးအား မျက်မှောင်
ကြုတ်ကာ ကြည့်လိုက်၏။

"မင်းက ဘာဖြစ်လို့ စကားမပြောတာလဲ"

မိန္တာဂိုဏ်းချုပ်ကြီးက သက်ပြင်းတစ်ချက်ချလိုက်လေ၏။

သူမက စက္ကူစာရွက်ပေါ်တွင် ထပ်မံရေးပြလိုက်၏။

"ကျွန်မက ငယ်ငယ်လေးကတည်းက စကားမပြောတတ်
တဲ့ မိန်းကလေးတစ်ယောက်ပါ"

ကောင်းကျူက ထိုစာကိုဖတ်ပြီးသောအခါ အလွန်ပင်စိတ်
မကောင်းဖြစ်သွားမိလေသည်။ သူက မိန်းကလေးအား ခြေဆုံး
ခေါင်းဆုံးကြည့်လိုက်သည်။

"မိန်းကလေး. . . မင်းကို မိန္တာဂိုဏ်းချုပ်ကြီးက ကောင်း
ကောင်းမွန်မွန်ဆက်ဆံရဲ့လား"

မိန်းကလေးက ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

ကောင်းကျူက သူမအားအတန်ကြာအောင် ငေးမောကာ
ကြည့်နေမိ၏။ ဤမျှ ချောမောလှပသော ရှားပါးသည့် ရတနာတစ်

www.burmeseclassic.com

www.burmeseclassic.com



ပါးသည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏ လက်ထဲသို့ရောက်ရှိနေခြင်းမှာ အန္တရာယ်များလွန်းလှသည်ဟု ခံစားလိုက်မိသည်။

သူက မိန်းကလေးအတွက် တကယ်ပင်စိုးရိမ်လာမိသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားအကဲခတ်ကြည့်နေလေသည်။ သူမသည် အလွန်ပါးနပ်သည့် မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် ကောင်းကျူး၏မျက်နှာပေါ်မှ စိုးရိမ်ထိတ်လန့်သော ဟန်မူရာများအား တွေ့မြင်လိုက်ရလေသည်။

သူမက ကျေနပ်စွာပြုံးလိုက်မိ၏။ ကောင်းကျူးက မိမိအတွက် စိုးရိမ်နေခြင်းသည် မိမိအပေါ်ထားရှိသော မေတ္တာတရားကို နားလည်နိုင်သည် မဟုတ်ပါလော။

သူကကောင်းကျူးအား မမှိတ်မသုန်စိုက်ကြည့်နေမိလေသည်။ ထိုအချိန်၌ . . .

ကောင်းကျူးက သူမ၏အနီးသို့ တိုးကပ်သွားကာတီးတိုးပြောလိုက်၏။ ကောင်းကျူးသည် အတွင်းအားကောင်းသဖြင့် ခြေသံကိုကောင်းစွာကြားသည်။

"မိန်းကလေး . . . လူတစ်ယောက် ဒီကိုပြေးလာနေတယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ထိုခြေသံကို ပို၍ကြားနေရလေသည်။ ထို့ပြင် သူက ဤခြေသံကိုကြားလိုက်ရစဉ်ကတည်းက ကြယ်တံခွန်ဓားသမား၏ခြေသံဖြစ်ကြောင်း သိရှိလိုက်၏။

သူမက ကြယ်တံခွန်ဓားသမားက မိမိအခန်းထဲသို့ ကောင်းကျူးရောက်လာခြင်းကို တွေ့မြင်ရသဖြင့် စိတ်ပူ၍ယခုကဲ့သို့ ပြေးလာနေခြင်းဖြစ်ကြောင်း သိရှိလိုက်သည်။



သူမက ကမန်းကတန်း စာရေးပြလိုက်၏။

"အစ်ကို . . . ကျွန်မက ဒီနေရာကထွက်ပြေးချင်တယ်၊ ကျွန်မကို ခေါ်သွားပါလားရှင်၊ ကျွန်မ ဒီနေရာမှာမနေချင်ဘူး အစ်ကို"

ကောင်းကျူးက သူမအားအတန်ကြာအောင် စိုက်ကြည့်လိုက်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးကလည်း သူ့အားမော့ကြည့်နေ၏။

ကောင်းကျူးက ထိုတဒင်္ဂလေးအတွင်းမှာပင် ဆုံးဖြတ်ချက်တစ်ခုချလိုက်မိ၏။ သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏လက်ထဲတွင် ရောက်ရှိနေသော ရွှေနဂါးဂိုဏ်းချုပ်ကြီးအား နောက်တစ်ကြိမ်ကျမှ ဝင်ရောက်ကယ်တင်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ပြင် ယခုလောလောဆယ်တွင် အလွန်နူးညံ့သိမ်မွေ့၍ သနားစဖွယ်ဖြစ်နေသည့် မိန်းကလေးအား ဤနေရာမှအမြန်ဆုံး ခေါ်ယူကာ ထွက်ပြေးသွားရန်သာဖြစ်သည်။

ဤမိန်းကလေးကို ကယ်တင်ခေါ်ယူနိုင်လျှင် သူလုပ်ရမည့် အလုပ်တစ်လုပ်ရှင်းသွားပြီဖြစ်သည်။ ထို့ပြင် သူက ထိုမိန်းကလေးကိုချစ်မိနေသည်ကိုး၊ သူက ယင်းသို့ဆုံးဖြတ်လိုက်မိသည်နှင့် တစ်ပြိုင်နက်မိန်းကလေးအား ပွေ့ချီလိုက်လေသည်။ ထို့နောက် ခြေတစ်ချက်ဆောင့်ကာ အဆောင်၏ခေါင်မိုးပေါ်သို့ခုန်တက်လိုက်သည်။ သူက ထိုလူမှာမည်သူမည်ဝါဖြစ်ကြောင်း မသိချေ။

သို့သော် . . .

သူ၏ရင်ခွင်ထဲရှိမိစ္ဆာဂိုဏ်းချုပ်ကြီးကမူ ထိုလူမှာ ကြယ်တံခွန်ဓားသမားဖြစ်ကြောင်း သိရှိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမက တိတ်ဆိတ်စွာဖြင့် ကောင်းကျူး၏ရင်ခွင်ထဲ၌ ငြိမ်သက်နေလေသည်။ သူမ၏မျက်နှာပေါ်တွင် ကောင်းကျူး၏ရင်ခွင်ထဲ၌ ငြိမ်သက်နေရခြင်းမှာ အလွန်နွေးထွေးသောခံစားမှုကို ခံစားနေမိသည်။ ထို့ကြောင့် သူမက လှပစွာပြုံး၍မျက်လုံးများကိုပင် မှေးမှိတ်ထားလိုက်၏။ ကောင်းကျူးက သူ့အားငုံ့ကြည့်လိုက်သည်။ ထိုအခါ သူက သူမ၏လှပသော ပြုံးမျက်နှာလေးကို တွေ့မြင်လိုက်ရလေသည်။ သူသည် ယင်းတဒင်္ဂအချိန်လေးမှာပင် ဤမိန်းကလေးအားမိစ္ဆာဂိုဏ်း၏ဌာနချုပ်နှင့် ဝေး၍ဝေး၍သွားလေတော့သည်။

* * * *

လဝန်းသည်ကောင်းကင်ပေါ်တွင် ချိတ်ဆွဲထား၏။

လဝန်း၏အလင်းရောင်သည် တောင်ကုန်းလေးတစ်ခုပေါ်သို့ဖြာကျနေလေသည်။

တောင်ကုန်းကလေးပေါ်မှ ကြည့်လိုက်ပါလျှင် စိမ်းလန်းစိုပြည်သော သစ်ပင်တောအုပ်ကလေးများမှာ လရောင်ဆမ်းထားသဖြင့် မြစိမ်းရောင်ကော်ဇောတစ်ချပ် ဖြန့်ခင်းထားသည့်အလားမြင်တွေ့နေရလေသည်။ ကောင်းကျူးက မိန်းကလေးအား တောင်ကုန်းတစ်ခုပေါ်ရှိ ကျောက်တုံးပေါ်တွင် ထိုင်စေလိုက်လေသည်။ မိန်းကလေးသည် ကျောက်တုံးပေါ်တွင် ထိုင်နေသည်။

သူမသည် အလွန်ရက်စက်ကြမ်းကြုတ်၍ သွေးပင်လယ်



ထဲတွင် နှစ်မျောကျင်လည်လာသူဖြစ်၍ တစ်ကြိမ်တစ်ခါမျှယခုကဲ့သို့ ည၏အလှအပကိုမခံစားခဲ့ဖူးချေ။ သို့သော်. . .

ယနေ့ည သူမသည် ကောင်းကျူး၏ခေါ်ဆောင်လာမှုကြောင့် ဤသဘာဝအလှအပများကို မြင်တွေ့ခံစားနိုင်ပြီဖြစ်သည်။ ထို့ပြင်. . .

သူ၏နံဘေးတွင် ကောင်းကျူးရှိနေခြင်းက သူမ၏နှလုံးစိတ်ဝမ်းကို သာယာချမ်းမြေ့စေလေသည်။ သူမသည် ကောင်းကျူးအားရွှန်းလဲ့တောက်ပသော မျက်ဝန်းအစုံဖြင့် ငုံ့ကြည့်နေလေသည်။ သူသည် ဤမိန်းကလေးမှာ အလွန်လှပပြီးနူးညံ့သိမ်မွေ့လှသည်ဟုခံစားလိုက်မိ၏။ ထို့ကြောင့်. . .

ဤမိန်းကလေးမှာ ဆိုးအနေသူဖြစ်သော်လည်း အလွန်လှပသော ရတနာတစ်ပါးမှာ တစ်စုံတစ်ရာလိုအပ်ချက်ကလေးကြောင့် အလှမပျက်စီးနိုင်ပါဟု စွဲမှတ်ထားလေသည်။

သူက မိန်းကလေးအားကြည့်ရင်း ရင်ထဲတွင်ထွေးမွေ့ယုယချင်သောဆန္ဒများဖြစ်ပေါ်လာ၏။ သို့သော်. . .

သူသည် မိန်းကလေးအား ဤသို့မလုပ်ဝံ့ပါ။

သူက မိန်းကလေးအား စေတနာအပြည့်ဖြင့် မိစ္ဆာဂိုဏ်းချုပ်ထံမှ ဆွဲထုတ်လာခဲ့ခြင်းသည် သူမ၏ဘဝလေးအား အေးချမ်းစေချင်၍ ဖြစ်၏။ ထို့ကြောင့် သူမစိတ်အနှောင့်အယှက် ဖြစ်သွားစေမည့် အလုပ်မျိုးကို စိုးစိမျှမလုပ်ဆောင်ဝံ့ပါချေ။

သူက သက်ပြင်းတစ်ချက်ချကာ ကောင်းကင်ပေါ်မှလဝန်းကို မော့ကြည့်လိုက်သည်။ ထို့နောက် မိမိသွားရေးရာတွင်

www.burmeseclassic.com

www.burmeseclassic.com



သယ်ဆောင်ထားလေ့ရှိသော အရက်အိုးကို သိုင်းချည်ထားသည့်ကြိုးကို ဆွဲဖြုတ်ယူကာ အရက်အိုးကိုဖွင့်၍ မော့သောက်လိုက်သည်။

တစ်ဖန် ခေါင်းတစ်ချက်ခါယမ်းလိုက်ကာ. . .

"အင်း. . . လဝန်းကတော့ တကယ်လှပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ အရက်ပဲသောက်နေရတယ်"

ဟုပြောလိုက်လေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ပြုံးလိုက်သည်။ သူမ၏အပြုံးမှာ အလွန်ကြည်လင်၍ယောက်ျားလေးများ၏နှလုံးသားကို ဆွဲငင်လှုပ်ယမ်းနိုင်သော အပြုံးမျိုးဖြစ်သည်။

သူမက ကောင်းကျူး၏ရင်ထဲမှ ခံစားချက်ကိုထိုးဖောက်မြင်တွေ့လိုက်မိသည် မဟုတ်ပါလော။

သူမသည် ကောင်းကျူး၏နိုးသားဖြူစင်ပြီး ယောက်ျားပီသသောစိတ်ထားကို အသည်းနှလုံးထဲမှ နှစ်နှစ်ကာကာ စွဲလမ်းမိလိုက်၏။ သူမက ကောင်းကျူး၏လက်ကလေးအား ဆွဲကိုင်လိုက်လေသည်။

ထို့နောက် သူမန်ဘေးတွင် ထိုင်စေရန်ဆွဲ၍ထိုင်စေလိုက်၏။ ကောင်းကျူးက သူမ၏အပြုအမူကြောင့် ရုတ်တရက်ကြောင်အမ်းအမ်း ဖြစ်သွားမိလေသည်။

သို့သော်. . .

သူသည် သူမ၏အပြုအမူကို ကောင်းစွာသဘောပေါက်မိလေသည်။ သူက ကျေနပ်စွာပြုံးလိုက်သည်။

အမှန်တွင် သူသည် မိမိအပေါ်၌မိန်းကလေးက ချစ်ပင်ပျိုး၍ ချစ်မိုးရွာခဲ့ပြီဟု သဘောပေါက်လိုက်မိသည် မဟုတ်ပါလော။



ယခု သူသည် ချစ်ခြင်းမေတ္တာ၏ ချိုလွင်သောအရသာကို ခံစားလိုက်မိပြီဖြစ်သည်။ သူ၏ရင်ထဲတွင် ပြင်းထန်စွာလှုပ်ရှားလာမိ၏။ သူသည် အလွန်လှပသော မိန်းကလေးတစ်ယောက်နှင့် နီးနီးကပ်ကပ် နေထိုင်လိုက်ရသောအခါ မနေတတ်မထိုင်တတ်ဖြစ်လာရလေသည်။

ထိုအချိန်၌. . .

မိန်းကလေးက သူ၏ပခုံးကိုတွဲလွဲခိုထားလိုက်သည်။

သူမ၏လက်နှစ်ဖက်က သူ၏ခန္ဓာကိုယ်အား ယုယညင်သာစွာပွတ်သပ်လာချိန်တွင် သူသည် ထိန်းချုပ်နိုင်စွမ်းမရှိတော့ပါ။ သူက မိစ္ဆာဂိုဏ်းချုပ်ကြီး၏ခန္ဓာကိုယ်အား ထွေးပွေ့ကာ မျက်နှာပြင်လေးအား ညင်သာစွာနမ်းရှိုက်နေမိလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်. . .

ရုတ်တရက် အဝတ်လေးတိုးသံများ ထွက်ပေါ်လာပြီး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်က တောင်အောက်မှ ပြေးတက်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူက ထိတ်လန့်တုန်လှုပ်သွားလေသည်။ အကြောင်းကား

ထိုလူမှာ ကြယ်တံခွန်ဓားသမားဖြစ်ကြောင်း သူက ကောင်းစွာသဘောပေါက်လိုက်မိသည် မဟုတ်ပါလော။

သူက မိန်းကလေးအတွက် စိုးရိမ်သွားမိလေသည်။

"မိန်းကလေး. . . မင်း ဘာမှမကြောက်နဲ့နော်၊ ကျုပ်က သူ့ကိုသွားပြီး မောင်းထုတ်လိုက်မယ်၊ မင်းကို ဘယ်တော့မှယုတ်မာတဲ့ဂိုဏ်းရဲ့လက်ထဲကို ပြန်မထည့်နိုင်ဘူး. . သိလား"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြီးတောင်အောက်သို့ ပြေးဆင်းသွား၏။

ကြယ်တံခွန်ဓားသမားနှင့် တိုက်ခိုက်နေလေတော့သည်။

*　　*　　*　　*

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ဝေးဝိုင်ကာကျန်ရစ်ခဲ့၏။

သူမသည် ကောင်းကျူ၏စကားများကို ပြန်လည်ကြားယောင်နေမိသည်။

"မင်းကို ဘယ်တော့မှ ဒီယုတ်မာတဲမိစ္ဆာဂိုဏ်းရဲ့လက်ထဲပြန်မထည့်ဘူးသိလား"

ဤစကားလုံးသည် သူမ၏အသည်းနှလုံးအား အဆိပ်ပြင်းသောမြွေတစ်ကောင်က ကိုက်ခဲနေသည့်ပမာ နာကျင်နေမိသည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝဲလာသည်။

သူမက ပထမဦးဆုံးအကြိမ်အဖြစ် မိမိမှာ ယုတ်မာသောလူတစ်ယောက်ဖြစ်ခဲ့သည်။ သူမသည် စောစောတုန်းဆီက ကောင်းကျူး၏ချိုလွင်သော ချစ်ခြင်းမေတ္တာကို ခံစားနေရပြီဖြစ်၏။

ယခုမှမူ သူမသည် ဤချစ်ခြင်းမေတ္တာကြောင့်ပင် ကြေကွဲဝမ်းနည်းခြင်းဝေဒနာကို ခံစားနေရပြီဖြစ်၏။ ဤသည် ချစ်ခြင်းမေတ္တာ၏ ထူးဆန်းသောနိယာမတစ်ခု ဖြစ်နေမည်လောဟု သူမက စဉ်းစားနေမိသည်။ သူမက သက်ပြင်းတစ်ချက်ချကာ ကောင်းကျူတို့တိုက်ပွဲဖြစ်နေသောနေရာသို့ ဝေးဝိုင်ကာကြည့်နေမိ၏။

ကောင်းကျူနှင့်ကြယ်တံခွန်တို့သည် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြလေသည်။ ကြယ်တံခွန်ဓားသမား၏ တိုက်ခိုက်မှုမှာ



လျင်မြန်တိကျမြန်ဆန်လှပေသည်။ သို့သော်. . .

ကောင်းကျူနှင့်ယှဉ်တိုက်ပါလျှင် သူ၏သိုင်းပညာအဆင့်မှာ များစွာနိမ့်ကျနေ၏။ ကြယ်တံခွန်ဓားသမားသည် ကောင်းကျူကိုမယှဉ်နိုင်ချေ။ ထို့ကြောင့်. . .

ကောင်းကျူက ကြယ်တံခွန်ဓားသမားအား အပေါ်စီးမှဖိကာ တိုက်ခိုက်နေလေသည်။ ကြာလျှင် ကြယ်တံခွန်ဓားသမားမှာ အရှုံးနှင့်သာရင်ဆိုင်ရပေတော့မည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ခေါင်းခါယမ်းလိုက်၏။ သူမက ဤတိုက်ပွဲတွင် ကြယ်တံခွန်ဓားသမားမှ မကြာမီသေဆုံးသွားရလိမ့်မည်ဟု နားလည်ထားသည်။

ထို့ကြောင့်. . .

သူမက ဤတိုက်ပွဲတွင် အမြန်ဆုံးရပ်ဆိုင်းစေလိုလှပေသည်။ ရုတ်တရက်. . .

သူမက အကြံတစ်ခုရကာ ထိုင်ရာမှထရပ်လိုက်သည်။

ထို့နောက် တောင်အောက်သို့ခုန်ဆင်းလိုက်လေသည်။

သူမ၏ခန္ဓာကိုယ်သည် တောင်အောက်သို့ လျင်မြန်စွာထိုးကျသွားလေတော့သည်။

*　　*　　*　　*

ကောင်းကျူသည် ကြယ်တံခွန်ဓားသမားနှင့်တိုက်ခိုက်နေ၏။ သူက ယင်းသို့တိုက်ခိုက်နေသော်လည်း မိန်းကလေးကိုမူ လျစ်လျူရှုမထားခဲ့ပါချေ။ သူသည် ကြယ်တံခွန်ဓားသမားနှင့် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရင်းမှ မိန်းကလေးအားမကြာခဏ လှည့်ကြည့်နေလေသည်။

ရုတ်တရက်. . .

သူသည် မိန်းတလေးကတောင်အောက်သို့ ကျသွားသည်ကိုတွေ့မြင်လိုက်ရ၏။ သူသည် ခုန်ဆုတ်လိုက်၏။ ကြယ်တံခွန်ဓားသမားနှင့် မတိုက်လိုတော့ပေ။ ရင်ထဲ၌စိုးရိမ်နေသည်။

"မိန်းကလေး. . . မိန်းကလေး"

သူက အော်ဟစ်ရင်း မိန်းကလေးကျသွားသည့်နေရာသို့ ခုန်ချကာ လိုက်ပါသွားလေသည်။ ထိုအချိန်ကျမှ. . .

ကြယ်တံခွန်ဓားသမားက သက်သာရာရရှိသွားလေတော့သည်။ သူက သက်ပြင်းတစ်ချက်ချက ခေါင်းခါယမ်းလိုက်၏။

"အင်း. . . ဒါကြောင့်လဲ ကိုးနဂါးသခင်လေးလို့ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်တောက် နာမည်ကျော်ကြားနေတာကိုး"

ဟု ညည်းညူကာ တောင်အောက်သို့ပြေးဆင်းကာ ကောင်း ကျူးတို့နောက်သို့ လိုက်ပါသွားလေတော့သည်။

* * * *

ကောင်းကျူးသည် တောင်အောက်သို့ပြေးဆင်းလာခဲ့လေသည်။ သူသည် သစ်ပင်တစ်ပင်အနီးသို့ ရောက်ရှိလာသောအခါ ခြေလှမ်းရပ်တန့်ကာ ဝန်းကျင်အားမျက်လုံးဝေ့ကြည့်လိုက်၏။

မိန်းကလေး၏ အရိပ်အယောင်ကိုပင်မတွေ့ရပါချေ။



သူက မိန်းကလေးအတွက် စိုးရိမ်လာမိလေသည်။

"မိန်းကလေး. . . မိန်းကလေး"

သူက စိုးရိမ်လွန်းသဖြင့် စဉ်းစားခြင်းပင်မပြုဘဲ အသံကုန်အော်ဟစ်လိုက်လေသည်။ ထိုအချိန်မှာပင်. . .

သစ်ပင်တစ်ပင်၏နောက်မှ ဖြူဖွေးသွယ်လျသော လက်ကလေးတစ်ဖက်က ထွက်လာကာသူ၏သွေးကြောတစ်နေရာသို့ ထောက်လိုက်လေ၏။ သူသည် မိန်းကလေးအတွက် စိုးရိမ်ပူပန်နေမိသဖြင့် ထိုလက်ကလေးအား သတိမထားလိုက်နိုင်ခဲ့ပါ။

ရုတ်တရက် သူ၏ခန္ဓာကိုယ်က မြေပြင်ပေါ်သို့အရှပ်ကြိုးပြတ်လဲကျကာ မေ့မြောသွားလေတော့သည်။ ကောင်းကျူးသည် လောကကြီးကို မေ့လျော့သွားချေပြီ။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

### အချစ်ကျေးကျွန်

ကြယ်တံခွန်မားသမားသည် ကောင်းကျူးနောက်မှပြေးလိုက်လာလေသည်။ သူက တောင်အောက်သို့ ရောက်သောအခါ လူတစ်ယောက်လဲကျနေခြင်းကို တွေ့မြင်ရသဖြင့် ခြေလှမ်းတုံ့ခနဲရပ်တန့်လိုက်၏။ သူလဲကျနေသော လူအား တစ်ချက်ငုံ့ကြည့်လိုက်သည်။ ထိုအခါ မျက်လုံးများ ပြူးကျယ်သွားမိလေသည်။

အကြောင်းကား. . .

ထိုလူမှာ တခြားလူမဟုတ်ဘဲ ကောင်းကျူးဖြစ်နေခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။ သူက ဝန်းကျင်သို့မျက်လုံးဝေ့၍ကြည့်လိုက်သည်။ ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေပြီး တစ်စုံတစ်ယောက်ကိုမှ မတွေ့ရပါချေ။ သူက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"သခင်မလေး အိုနှင်းစု. . . ထွက်လာခဲ့ပါဗျာ၊ ကျုပ်ကိုးသခင်လေးက သခင်မလေးကို ဖမ်းဆီးခေါ်ဆောင်သွားတယ်ထင်လို့ လိုက်လာခဲ့မိတာပါ"



သူက အသံတိုးတိုးဖြင့် ပြောလိုက်၏။ ထိုအခါမှ. . .

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက သစ်ပင်တစ်ပင်၏နောက်ကွယ်မှ ထွက်လာလေသည်။ သူမက ကောင်းကျူးအား စိုက်ကြည့်နေလေသည်။ အမှန်တွင် သူမသည် ကြယ်တံခွန်မားသမားအား ဒဏ်ရာရရှိသွားမည်ကို စိုးရိမ်သဖြင့်ယခုကဲ့သို့ ကောင်းကျူး၏အာရုံကို လွှဲပြောင်းသွားစေရန် တောင်အောက်သို့ပြေးဆင်းလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင်. . .

သူမသည် ယခုကဲ့သို့မိန်းကလေးတစ်ယောက်အသွင် ဖြစ်နေခြင်းကို ကြယ်တံခွန်မားသမားက တွေ့မြင်သွားမည်ကိုလည်း စိုးရိမ်နေမိသည် မဟုတ်ပါလော။ သို့သော်. . .

ကောင်းကျူးက ပြေးလွှားလိုက်ပါလာသောအခါ သူမက မလွှဲမရှောင်သာ၍ သွေးကြောပိတ်လိုက်ရခြင်းဖြစ်သည်။

အကြောင်းမှာ အကယ်၍ကောင်းကျူးကသူမအား မတွေ့လျှင် စိုးရိမ်စိတ်ကြီးကာ လိုက်လံရှာဖွေပေလိမ့်မည်။

ထိုအခါ ကြယ်တံခွန်မားသမားကလည်း သူမအတွက်စိုးရိမ်မကင်းဖြစ်ကာ ကောင်းကျူးအားမဖြစ်မနေ ဟန့်တားပေလိမ့်မည်။ ဤသို့ဆိုပါလျှင်. . .

သူတို့နှစ်ယောက်က ထပ်မံတိုက်ခိုက်ကြပေလိမ့်မည်။

ဤတစ်ကြိမ် ကောင်းကျူးက ကြယ်တံခွန်မားသမားအား သက်ညှာလိမ့်မည် မဟုတ်ကြောင်းနားလည်ထားသည်။

ထို့ကြောင့်. . .

သူမက ယခုကဲ့သို့ ကောင်းကျူးအားသွေးကြောပိတ်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်၏။ သူမသည် မလွဲမရှောင်သာ၍ သွေးကြောပိတ်ခဲ့ရသော်လည်း ကောင်းကျူက မြေပြင်ပေါ်တွင် လဲကျနေခြင်းကိုတွေ့မြင်ရသောအခါ ရင်ထဲ၌ကြေကွဲဝမ်းနည်းနေမိလေသည်။ သူမထံ၌ ပထမဦးဆုံး ဖြစ်ပေါ်လာခဲ့သော အချစ်ဦးသည်ကောင်းကျူပင် ဖြစ်တော့သည်။ ကြယ်တံခွန်ဓားသမားက သူ့အားအံ့ဩထိတ်လန့်သည့် မျက်လုံးအစုံဖြင့်ကြည့်နေလေသည်။

"သခင်မလေး အိုနှင်းစု. . . ကိုးနဂါးသခင်လေးကို ဒီလို ဒီပုံစံမျိုးနဲ့ အတွေ့ခံခဲ့တယ် ဟုတ်လား"

သူက မိစ္ဆာဂိုဏ်းချုပ်ကြီးမှာ မိန်းကလေးတစ်ယောက်အသွင် ဖြစ်နေခြင်းကိုကြည့်ကာ မေးလိုက်ခြင်းဖြစ်လေသည်။

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက စကားမပြောပါချေ။

သူမက ခေါင်းငုံ့နေလေသည်။ ယခု သူမနှင့်ကြယ်တံခွန်ဓားသမားတို့၏ဆက်ဆံရေးသည် မိစ္ဆာဂိုဏ်း၏ဌာနချုပ်ကြီးတွင် ဆက်ဆံကြသည့် ပုံသဏ္ဍာန်မျိုးမဟုတ်ပါချေ။

အလွန်ရင်းနှီးသော ပုံသဏ္ဍာန်မျိုးဖြစ်လေသည်။

သူမက စကားတစ်ခွန်းမျှမပြောဘဲ ခေါင်းငုံ့နေခြင်းကို တွေ့မြင်လိုက်သောအခါ ကြယ်တံခွန်ဓားသမားက တွေဝေစဉ်းစားနေ၏။ ရုတ်တရက် သူက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီသတင်းက သိုင်းလောကတစ်ခုလုံး ကိုပျံ့နှံ့သွားနိုင်တယ်၊ ဒါကြောင့်. . . သူ့ကိုး. . ."

သူက စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ကာ လက်ထဲမှ ဓားဖြင့် ကောင်းကျူ၏ရင်ဝသို့ ထိုးစိုက်လိုက်သည်။



"မလုပ်နဲ့. . ."

ရုတ်တရက် မိစ္ဆာဂိုဏ်းချုပ်ကြီးက ထိတ်လန့်စွာအော်ဟစ်ရင်း ကြယ်တံခွန်ဓားသမားအား လက်ညှိုးဖြင့်တစ်ချက်တောက်လိုက်၏။ ကြယ်တံခွန်ဓားသမား၏ လက်တစ်ခုလုံးထုံကျဉ်သွားကာနောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားလေသည်။

သူက မိစ္ဆာဂိုဏ်းချုပ်ကြီးကို စကားမပြောပါချေ။

သူမက ကောင်းကျူ၏မျက်နှာကိုသာ စိုက်ကြည့်နေ၏။

ကြယ်တံခွန်ဓားသမားက သူမ၏ဟန်မူရာကို ကြည့်ကာ မျက်မှောင်ကြုတ်လိုက်လေသည်။ သူ့သခင်မလေး၏သဘောကို သူ နားမလည်တော့ချေ။

"သခင်မလေး. . . သူ့ကို ဘာဖြစ်လို့ ကာကွယ်နေရတာလဲ၊ သူက သခင်မလေးရဲ့ အဓိကကြောက်စရာအကောင်းဆုံးရန်သူ နော်၊ သူ့ကို သခင်မလေးက မသတ်ဘူးဆိုရင် တစ်နေ့မှာအကြီးအကျယ် ဒုက္ခတွေ့ရလိမ့်မယ်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက တွေဝေနေသည်။ ကြယ်တံခွန်ဓားသမားက အလွန်အံ့ဩသွားမိသည်။ သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီးမှာ အလွန်ရက်စက်ကြမ်းကြုတ်ပြီး မည်သည့်ကိစ္စမဆို စိတ်မြန်လက်မြန် ဆောင်ရွက်တတ်သော လူတစ်ယောက်ဖြစ်လေသည်။

သို့သော် ယခုမှာမူ သူမက ကောင်းကျူအားကြည့်ကာ ငေးငိုင်တွေဝေနေသည် မဟုတ်ပါလော။ သူသည် အတွေ့အကြုံရင့်ကျက်သော လူတစ်ယောက်ဖြစ်၏။

ထို့ကြောင့် သူက သူ့သခင်မလေး၏ ရင်ထဲမှခံစားမှုကို

www.burmeseclassic.com

www.burmeseclassic.com



ထိုးဖောက်သိရှိလိုက်လေသည်။ သူက စိုးရိမ်စွာဖြင့် ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"သခင်မလေးရယ်. . . မချစ်သင့်မချစ်ထိုက်တဲ့ တစ်ယောက်ကို မချစ်မိတာ အကောင်းဆုံးပါပဲ"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက မလှုပ်မယှက်ရပ်နေရာမှ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားမိလေသည်။ ကြယ်တံခွန်ဓားသမားက သူမအားကြည့်လိုက်သည်။

တစ်ဖန် ကောင်းကျူးအား စိုက်ကြည့်ကာ စကားဆက်လိုက်သည်။

"ကိုးသခင်လေးရဲ့သိုင်းပညာဟာ သူမတူအောင်အဆင့်မြင့်လှပါတယ်၊ ဒါကြောင့် အခုလို အခွင့်အရေးမျိုးမရနိုင်ဘူး၊ ကျုပ်က သူ့ကို သတ်ပစ်လိုက်ပါရစေ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ခေါင်းသွင်သွင်ခါဖစ်လိုက်သည်။

"မဖြစ်ဘူး"

ကြယ်တံခွန်ဓားသမားက သူမအားမော့ကြည့်လိုက်သည်။

"ဒါဖြင့် သခင်မလေးက ဘယ်လိုလုပ်မလဲ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်သည်။

"သူ့ကို ကျွန်မက သွေးကြောပိတ်ထားခဲ့တယ်၊ နောက်ထပ်သုံးနာရီကြာရင် သူက သတိရလာတော့မှာပါ၊ ဒါကြောင့် သူ့ကိုထားခဲ့ပြီး ကျွန်မတို့ ပြန်ကြမယ်"

ကြယ်တံခွန်ဓားသမားက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး၊ သူ့ကို ဒီအတိုင်းထားခဲ့ရင် မကြာခင် ကျုပ်



တို့ရဲ့ တိတန်မိစ္ဆာဂိုဏ်းဌာနချုပ်ကို ထပ်လာပြီးဒုက္ခပေးဦးမှာပဲ"

အိုနှင်းစု၏ရင်ထဲတွင် နာကျင်လာမိလေသည်။ သူမသည် ကောင်းကျူးအား သတ်ပစ်ရန်ကိစ္စမှာ မိမိ၏အသည်းနှလုံးကို ဓားဖြင့်ထိုးစိုက်သည်ထက်ပင် ခက်ခဲလှသည် မဟုတ်ပါလော။

ထို့ကြောင့် သူမက ခေါင်းဟသွင်သွင် ခါယမ်းလိုက်သည်။

"အို. . . သူ့ကိုမသတ်ရဘူး၊ ကျွန်. . . ကျွန်မတို့ ဒီအတိုင်းပြန်သွားကြရအောင်ရှင်"

ကြယ်တံခွန်ဓားသမားက ဘဝင်မကျဟန်ဖြင့်ခေါင်းခါယမ်းလိုက်သည်။ သူက တစ်ချက်ဦးညွှတ်ကာ အကြံပေးလိုက်၏။

သူက တစ်ချက်ဦးညွှတ်ကာ အကြံပေးလိုက်၏။

"သခင်မလေးက သူ့ကိုသံယောဇဉ်ကြီးမားနေပြီဆိုရင်လဲ သူ့ကို သခင်မလေးရဲ့ အင်အားတစ်စုအဖြစ် ရပ်တည်နိုင်အောင် ကြိုးစားပါတော့ဗျာ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားမော့ကြည့်လိုက်၏။

"ကျွန်မက ဘယ်လိုကြိုးစားရမှာလဲဟင်"

ကြယ်တံခွန်ဓားသမားက မချိုပြုံးပြုံးလိုက်သည်။

"အခု သူ့ကိုကျုပ်တို့ဖမ်းခေါ်သွားပြီး အချုပ်ခန်းထဲထည့်ထားလိုက်မယ်၊ ပြီးရင် မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့ကိုကိုယ့်ဘဝအဖြစ်မှန်ကိုပြောပြီး မိစ္ဆာဂိုဏ်းထဲဝင်အောင်ပြောပြပါ"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

သူမ၏မျက်လုံးအစုံတွင် စိုးရွံ့ထိတ်လန့်သော ဟန်မူရာများပေါ်လွင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို... မဖြစ်နိုင်ပါဘူး၊ သူက ကျွန်မရဲ့ကြောက်မက်ဖွယ်ရာကောင်းလှတဲ့အသံကို ကြားလိုက်ရုံနဲ့မူန်းသွားမှာပါ၊ နောက်ပြီး သူကအမှန်တရားကို မြတ်နိုးတဲ့လူတစ်ယောက်လေ၊ သူက မိစ္ဆာဂိုဏ်းဟာ ရက်စက်ကြမ်းကြုတ်တယ်လို့ ရင်ထဲမှာ စွဲစွဲမြဲမြဲမှတ်ထားတာ၊ ဒါကြောင့် သူကသာ ကျွန်မရဲ့ဘဝမှန်ကိုသိသွားရင် ကျွန်မကိုမုန်းတီးသွားမှာသေချာပါတယ်"

ကြယ်တံခွန်ဓားသမားက ခေါင်းခါယမ်းလိုက်သည်။

"သခင်မလေးရယ်... သူကသာ သခင်မလေးကိုတကယ်ချစ်ခဲ့တယ်ဆိုရင် သခင်မလေးရဲ့အတိတ်ကခံစားခဲ့ရတဲ့ နာကျင်ခါးသီးမှုတွေကို မျှဝေခံစားပြီး နားလည်နိုင်မှာပါ"

အိုနှင်းစု၏မျက်ဝန်းအစုံမှ မျက်ရည်များရစ်ဝဲလာ၏။

သူမသည် ကောင်းကျူက မိမိ၏ဘဝကိုနားလည်နိုင်ပါမည်လောဟု တွေးကာစိုးရွံ့ထိတ်လန့်နေမိလေသည်။

ကြယ်တံခွန်ဓားသမားက ဝန်းကျင်အားမျက်လုံးဝေ့ကာကြည့်လိုက်မိ၏။ သူက အရှေ့ဘက်မှအရုဏ်ဦး၏ရောင်ခြည်များလင်းလက်လာပြီကို တွေ့မြင်လိုက်ရပြီ ဖြစ်လေသည်။

ထို့ကြောင့် မိစ္ဆာဂိုဏ်းချုပ်ကြီးအား လက်နှစ်ဖက်ဆုပ်ကာဦးညွှတ်လိုက်သည်။

"သခင်မလေး... နောက်မှ ဒီကိစ္စကိုဘယ်လို လုပ်မယ်ဆိုတာ ဆက်စဉ်းစားပါ၊ အခုလောလောဆယ် သူ့ကိုမသတ်ချင်သေးဘူးဆိုရင်တောင်မှ သူ့ကိုဖမ်းဆီးပြီးခေါ်သွားကြရအောင်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက စကားမပြောပါ။ ကြယ်တံခွန်ဓားသမားက ကောင်းကျူအားပွေ့ချီကာ ပြေးလွှားထွက်ခွာသွားလေ၏။



မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ဖားလျားချထားသောဆံပင်များကို စုစည်းထုံးနှောင်လိုက်၏။

ထို့နောက် အင်္ကျီအိတ်ထဲမှ အနီရောင် ခေါင်းစွပ်ကို ထုတ်ယူကာ ဆံပင်များပေါ်တွင်စွပ်ချလိုက်သည်။ မူလ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး ပြန်ဖြစ်သွားပေပြီ။

ထို့နောက်ကိုယ် ဖော့ပညာကို အသုံးပြုကာ ပြေးလိုက်သွားလေတော့သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

## သက်ခြွေဝိညာဉ်လက်ဝါး

နေဝန်းသည် အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှ စတင်ထွက်ပေါ်လာပြီဖြစ်သည်။ သို့သော်. . .

မြေအောက် အချုပ်ခန်းမှာမူ မည်းမည်းမှောင်နေ၏။

ထို့ကြောင့် မီးတုတ်များကို အခန်း၏နံရံပေါ်တွင် အဆက်မပြတ်ထွန်းထားရလေ၏။ ကောင်းကျူးသည် စိုစွတ်၍ညစ်ပတ်နေသောမြေအောက်ခန်းထဲရှိ အချုပ်ခန်းတစ်ခုတွင်လဲလျောင်းနေ၏။ အမှန်တွင် သူက အနားယူလဲလျောင်းနေခြင်း မဟုတ်ပါ။

သတိမေ့နေခြင်းသာ ဖြစ်လေသည်။ သူသည် လဲလျောင်းနေရာမှ ရုတ်တရက် ထခုန်လိုက်၏။

"မိန်းကလေး. . . မိန်းကလေး"

သူက အော်ဟစ်ရင်း အချုပ်ခန်းထဲတွင် ပြေးလွှားနေလေသည်။ ရုတ်တရက် သူက ခြေလှမ်းရပ်တန့်လိုက်၏။ ယခုမှ သူက မိမိမှာအချုပ်ခန်းထဲသို့ ရောက်ရှိနေခြင်းကို တွေ့မြင်သတိပြုမိလိုက်သည် မဟုတ်ပါလော။ သူက မျက်မှောင်ကြုတ်လိုက်မိလေ



သည်။ သူသည် မိမိအားမိစ္ဆာဂိုဏ်းချုပ်မှ ဖမ်းဆီးလာပြီဟုလည်း နားလည်လိုက်၏။ ထို့ကြောင့် မိန်းကလေးအတွက် စိုးရိမ်သွားမိလေသည်။ ယင်းအချိန်. . .

အသံတစ်သံက တစ်ဖက်အချုပ်ခန်းဆီမှ ထွက်ပေါ်လာလေသည်။

"ကိုးနဂါးသခင်လေး. . . နောက်ဆုံးတော့ မင်းလဲ ကျုပ်လိုပဲ ဒီနေရာကို ရောက်လာပါပေါ့လား"

ယင်းအသံသည် အိုမင်းရင့်ရော်လှပေသည်။

ကောင်းကျူးက ယင်းအသံကိုကြားရသည့်နှင့် မျက်လုံးအစုံက ဝင်းလက်တောက်ပသွားလေသည်။

"ရွှေနဂါးဂိုဏ်းချုပ်ကြီး"

သူက ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်၏။

အိုမင်းရင့်ရော်သောအသံက ထပ်မံပေါ်ထွက်လာပြန်၏။

"ကျုပ်လဲ ကြယ်တံခွန်ဓားသမားက အရက်ထဲကို အိပ်ဆေးခပ်ပြီး လုပ်ကြံခံရလို့ အခုလိုအချုပ်ခန်းထဲမှာ အဖမ်းခံရတယ်၊ မင်းကကော ဘာဖြစ်လို့အခုလို အဖမ်းခံရသလဲ"

ကောင်းကျူးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

သူက မိမိ၏အဖြစ်အပျက်ကိုရှင်းပြလိုက်၏။ သူက မလိမ်တတ်၊ မညာတတ်ပေ။ အကြောင်းစုံကိုပြောပြလိုက်သည်။

ရွှေနဂါးဂိုဏ်းချုပ်ကြီးက သူ၏စကားကို ကြားလိုက်ရသောအခါ အားပါးတရ ရယ်မောလိုက်၏။

"ဟား. . . ဟား. . . ဟား၊ မင်းက မိန်းကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြောင့် အခုလိုအချုပ်ခန်းထဲ ရောက်ခဲ့ရတာပေါ့"

ကောင်းကျူး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"တကယ်တော့ မိန်းကလေးက အဓိကကယ်တင်ဖို့ မဟုတ်ဘူး။ ရွှေနဂါးဂိုဏ်းချုပ်ကြီးကို ကယ်တင်ဖို့အဓိကပါ၊ ကြုံရင်းကြိုက်ရင်း မိန်းကလေးကိုတွေ့တာပါ၊ တကယ်တော့ ကျွန်တော်အတွေ့အကြုံ မရင့်ကျက်လို့ဖြစ်ရတာပါ"

ရွှေနဂါးဂိုဏ်းချုပ်ကြီး၏အသံ ထပ်မံထွက်ပေါ်လာလေသည်။

"ကိုးနဂါးသခင်လေး. . . မင်းရဲ့ မိန်းကလေးက ဘယ်သူလဲ"

ကောင်းကျူးက ငေးငိုင်သွားလေသည်။ သူက သက်ပြင်းတစ်ချက်ချလိုက်ရ၏။

"ကျွန်တော်က သူ့ကိုမသိပါဘူးဗျာ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား၊ မင်းကတော့ အလိမ်ခံရပြီးထင်တယ်"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"သူကသာ မိစ္ဆာဂိုဏ်းချုပ်ကြီး ဖမ်းဆီးထားတဲ့ မိန်းကလေးတစ်ယောက်ဆိုရင် သူ့ကို မိစ္ဆာဂိုဏ်းချုပ်ကြီးက ဒီအတိုင်းထားမယ်တဲ့လား"

ကောင်းကျူးတွေဝေသွားလေသည်။ သို့သော်သူသည် ရွှေနဂါးဂိုဏ်းချုပ်ကြီး ပြောသောစကားကို ငြင်းဆန်လိုက်လေသည်။



"ဂိုဏ်းချုပ်ကြီးရယ်. . . သူက တကယ့်ရိုးသားတဲ့မိန်းကလေးတစ်ယောက်ပါဗျာ"

ယင်းအချိန်. . .

အဝေးမှ လျှောက်လာနေသည့် ခြေသံများကိုကြားလိုက်ရလေသည်။ ကောင်းကျူးနှင့်ရွှေနဂါးဂိုဏ်းချုပ်ကြီးတို့က တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ငြိမ်သက်နေကြလေသည်။ ခြေသံက တဖြည်းဖြည်းနီးကပ်လာ၏။ ကောင်းကျူးက မစောင့်ကြည့်နေစဉ် ထမင်းတစ်ပန်းကန်က အပေါက်ကလေးတစ်ခုပွင့်လာလေသည်။ တစ်ဆက်တည်းမှာပင်. . .

ထမင်းတစ်ပန်းကန်က ထိုအပေါက်လေးဘေးမှ ဝင်ရောက်လာ၏။ ယင်းနောက်. . .

ထိုအစောင့်က လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေသည်။ ကောင်းကျူးက ထိုအစောင့်၏ခြေသံ ပျောက်ကွယ်သွားသည်အထိ ကြည့်ကာမျက်မှောင်ကြုတ်လိုက်၏။ သူက ထမင်းတစ်ပန်းကန်စာ ဝင်ပေါက်မှသစ်သားပြားလေးကို ဖွင့်ကြည့်လိုက်သည်။ ယခုမှသူက အချုပ်ခန်းတစ်ခုလုံး၏ အနေအထားကိုကောင်းစွာ တွေ့မြင်လိုက်ရလေသည်။ အချုပ်ခန်းအားလုံးကို အခိုင်အမာ တည်ဆောက်ထားပြီး ကြီးမားသော သော့ခလောက်ကြီးများကို ခတ်ထား၏။

ထို့ပြင် တွေ့မြင်ရသည့်အခြေအနေကို ကြည့်လိုက်သည်နှင့် မြေအောက်ခန်းတဲတွင် လျှို့ဝှက်တည်ဆောက်ထားသောအဆောင်အအုံများဖြစ်ကြောင်း သိရှိလိုက်သည်။ သူက အသ

www.burmeseclassic.com

www.burmeseclassic.com



ကိုနှိမ့်ကာ ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး. . . ဂိုဏ်းချုပ်ကြီးက ဘယ်နေရာမှာရှိသလဲ"

ရွှေနဂါးဂိုဏ်းချုပ်ကြီး၏အိုမင်းရင့်ရော်သော အသံက ထွက်ပေါ်လာပြန်လေသည်။

"ကျုပ်က မင်းကိုချုပ်ထားတဲ့ အချုပ်ခန်းရဲ့ ရှေ့တည့်တည့်ကအချုပ်ခန်းအိမှာရှိတယ်"

ကောင်းကျူက အနည်းငယ်စဉ်းစားလိုက်၏။

"ဒါဖြင့်ရင် ဂိုဏ်းချုပ်ကြီးက ဒီထမင်းကျွေးတဲ့အပေါက်ဆီကို လျှောက်လာခဲ့ပါ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ခံပြင်းသောအသံဖြင့်ပြော လိုက်လေသည်။

"ကျုပ်က အဲဒီအပေါက်ကို လျှောက်လာလို့မပြောနဲ့၊ လှုပ်ရှားဖို့တောင် အခွင့်အရေးမရှိပါဘူး"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက. . .

"မေးမနေနဲ့၊ မင်းကသာ ကျုပ်ဆီလာနိုင်ဖို့ကြိုးစားပါ"

ကောင်းကျူက သက်ပြင်းတစ်ချက် ချလိုက်မိသည်။ သူက အချုပ်နံရံအနှံ့သို့ လိုက်၍စမ်းသပ်ကြည့်ရာ အလွန်အွန်ခိုင်အမာ တည်ဆောက်ထားသဖြင့် လက်လျှော့လိုက်ရလေသည်။ သူက မချိပြုံးပြုံးကာ ကောက်ရိုးပုံပေါ်တွင် လဲလျောင်းလိုက်၏။





"ရွှေနဂါးဂိုဏ်းချုပ်ကြီးရေ. . . ကျုပ်က နည်းနည်းအချိန်ယူပြီး စဉ်းစားပါရစေဗျာ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . စဉ်းစားပါ၊ စဉ်းစားပါ"

ကောင်းကျူကလည်း ရယ်မောလိုက်သည်။

ထို့နောက် သူသည် ဤနေရာမှထွက်နိုင်မည့်အရေးကို စဉ်းစားနေလေတော့သည်။

* * * *

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးခဲ့ပြီဖြစ်သည်။

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ဇနီးဖြစ်သူ စီစီနှင့်အတူ အခန်းထဲတွင်ထိုင်ကာ အရက်သောက်နေ၏။ သူမက ယနေ့တွင် နံနက်မိုးလင်းချိန်မှစ၍ အရက်သောက်နေခဲ့သည်မှာ ယခုဆိုလျှင် ဗိုက်ထဲသို့အရက်အတော်များ များရောက်ရှိသွားပြီဖြစ်သည်။

သို့သော်. . .

သူမသည် ရပ်နားခြင်းမပြုပါ။ အမှန်တွင် သူမကအလွန်အကျွံ မူးနေချင်သောကြောင့် ယခုကဲ့သို့ အဆက်မပြတ်သောက်နေခြင်းဖြစ်လေသည်။ ယခု သူမက အတော်အတန်မူးနေပြီဖြစ်၏။ ထို့ကြောင့် သူမက နောက်ထပ်အရက်အိုးတစ်အိုးကို အဆက်မပြတ်မော့ချလိုက်သည်။ စီစီက မနေသာတော့ပါချေ။

"အစ်ကိုရယ်. . . ဘာဖြစ်လို့ ဒီလောက်အရက်တွေသောက်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း. . . မင်း အခုထွက်သွားစမ်း"

မိစ္ဆာဂိုဏ်းချုပ်ကြီးက အော်ဟစ်ရင်းအရက်အိုးအား ဖောက်ခွဲပစ်လိုက်လေသည်။ သူမ၏ ကြောက်မက်ဖွယ်ရာကောင်းအောင် စူးရှအက်ကွဲနေသည့် အသံကအခန်းတစ်ခုလုံး ပဲ့တင်ထပ်သွားလေ၏။ ကြယ်တံခွန်ဓားသမားက အခန်းထဲသို့ပြေးဝင်လာ၏။ သူက ကြောက်ရွံ့တုန်လှုပ်နေသော စီစီအားကြည့်ကာ လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးကတော်. . . ဂိုဏ်းချုပ်ကြီးက အလုပ်သိပ်များလို့ စိတ်ရှုပ်ထွေးနေပါတယ်၊ ဒါကြောင့် ကျေးဇူးပြုပြီး ကိုယ့်အဆောင်ထဲကို ခဏပြန်နေပါဗျာ"

စီစီက အကြီးအကျယ်ဒေါသထွက်သွားလေသည်။ သူမသည် ကြယ်တံခွန်ဓားသမားအား စူးရှစွာကြည့်လိုက်၏။

"ကျွန်မယောကျ်ားက ဒီလောက်အရက်အလွန်အကျွံမူးနေချိန်မှာ ကျွန်မက ပစ်သွားလို့ဖြစ်ပါ့မလား၊ ရှင်သာ ဒီနေရာက ထွက်သွားပါ"

"ဖြန်း. . ."

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူမ၏ပါးပြင်အား ကြမ်းတမ်းစွာ ရိုက်ချလိုက်၏။ စီစီ၏ခန္ဓာကိုယ်က ကြမ်းပြင်ပေါ်သို့လဲကျသွားလေ၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက သူမအားနီရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးသည် အတော်ကြီး ဒေါသထွက်သွားသည်။

"နောက်နောင် ဘယ်တော့မှအဲဒါကို ပြန်မပြောနဲ့၊ ပြောရင် သေဒဏ်ပဲ"



စီစီမျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

သူမ အလွန်အံ့သြသွားမိလေသည်။ သူမသည် မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိထက်ပို၍ လက်အောက်ငယ်သားတစ်ယောက်ကို မျက်နှာသာပေးနေသည်။ အလေးပေးနေသည် မဟုတ်ပါလော။

သူမသည် ဝမ်းနည်းကြေကွဲနေသဖြင့် ငိုရှိုက်ကာထွက်ပြေးသွားလေတော့သည်။

*　*　*　*

မိစ္ဆာဂိုဏ်းချုပ်ကြီးက နောက်ထပ်အရက်အိုးတစ်အိုးကို ဖွင့်ကာ မော့သောက်ရန် ဟန်ပြင်လိုက်သည်။

ကြယ်တံခွန်ဓားသမားက သူမှအနီးသို့ တိုးကပ်သွား၏။

သူက တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်စဉ်. . .

ရုတ်တရက် အခန်းတံခါးဝမှခြေသံများ ကြားလိုက်ရလေသည်။ ထို့ကြောင့်. . .

သူက မိစ္ဆာဂိုဏ်းချုပ်ကြီးရှေ့တွင် ဒူးထောက်ချလိုက်၏။

ယင်းအချိန်မှာပင် တိတန်နံပါတ်တစ်ကလည်း ဝင်ရောက်လာကာ ဒူးထောက်ချလိုက်လေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက အရက်အိုးကို မော့သောက်လိုက်သည်။

ထို့နောက် တိတန်နံပါတ်တစ်အား စိုက်ကြည့်လိုက်၏။

"နံပါတ်တစ်. . . ကိစ္စရှိလား"

တိတန်နံပါတ်တစ်က ဦးညွှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကိုးနဂါးသခင်လေးကို ကွပ်မျက်ရတော့မလား ဟင်"

မိစ္ဆာဂိုဏ်းချုပ်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"နေဦး. . . ကျုပ်က သူနဲ့ဆွေးနွေးစရာရှိသေးတယ်"

တိတန်နံပါတ်တစ်က ဦးညွတ်လိုက်သည်။

"သူဟာ တကယ်တော့ အင်မတန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့် သူ့ကိုကြာရှည်ချုပ်ထားရင် ပြဿနာရှုပ်ထွေးနိုင်ပါတယ်"

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ဝှေ့ယမ်းလိုက်၏။

"စိတ်ချပါ၊ ကျုပ်က ဒီနေ့သိပ်မူးနေတယ်၊ ဒါကြောင့် ကျုပ်က မနက်ဖြန်မနက်ကျမှ သူနဲ့တွေ့မယ်"

တိတန်နံပါတ်တစ်နှင့်ကြယ်တံခွန်ဓားသမားတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အခန်းထဲမှ ထွက်ခဲ့ကြရလေတော့သည်။

* * * *

မည်မျှအချိန်ကြာသွားမှန်း မသိပါချေ။ ကောင်းကျူက ယခုအချိန်အထိ ဤနေရာမှထွက်ပြေးရန် အကြံဉာဏ်မရရှိသေးပါချေ။ ယင်းအချိန်မှာပင်. . .

ခြေသံတစ်သံကြားလိုက်ရ၏။ ကောင်းကျူက ထိုခြေသံမှာ မိစ္ဆာဂိုဏ်းမှထမင်းလာကျွေးသည့် အစောင့်ခြေသံဖြစ်ကြောင်း နား



သည်လိုက်လေသည်။ ရုတ်တရက် သူ၏ဦးနှောက်ထဲတွင် အကြံတစ်ခု ပေါ်ပေါက်လာသည်။

သူသည် ရုတ်ခြည်းပင် ထမင်းပန်းကန်း ပြားထည့်လာမည့် သစ်သားပြားအပေါက်ကလေးဆီသို့ ပြေးလွှားသွားလေသည်။ ယင်းအချိန် သစ်သားပြားလေးကပွင့်လာကာ ထမင်းပန်းကန်ပြား အပေါက်ကလေးဆီသို့ ပြေးလွှားသွားလေသည်။

ယင်းအချိန် သစ်သားပြားလေးကပွင့်လာကာ ထမင်းပန်းကန်တစ်ခုစာ အထဲသို့ဝင်လာလေသည်။ ကောင်းကျူက ထမင်းပန်းကန်ပြားအား ဘယ်လက်လက်ဖြင့် ရုတ်တရက်ဆွဲယူလိုက်၏။ တစ်ဖန် ညာဘက်လက်က ရုတ်တရက် ထမင်းပန်းကန်ကိုင်ထားသော လက်အားဖမ်းဆုပ်ကာ ဆောင့်ဆွဲလိုက်သည်။

"အား"

အစောင့်က ဒူးထောက်၍ကျလာသည်။

ထိုတဒင်္ဂလေးမှာပင်. . .

ကောင်းကျူက သူ၏သွေးကြောများကိုပိတ်ပစ်လိုက်သည်။ အစောင့်က ပြူးကျယ်သောမျက်လုံးအစုံဖြင့် ကောင်းကျူအားကြည့်နေ၏။ အစောင့်သည် ကောင်းကျူလက်ထဲမှ အရုပ်လေးတစ်ရုပ်ဖြစ်သွားပေပြီ။ ကောင်းကျူသည် အစောင့်၏ခါးတွင်ချိတ်ဆွဲထားသော သော့တွဲကိုဆွဲ၍ ဖြုတ်ချလိုက်သည်။

ထို့နောက်. . .

သော့ကို လက်တစ်ဖက်လျှိုကာ ဖွင့်လိုက်၏။

တစ်ခဏကြာ. . .

www.burmeseclassic.com

www.burmeseclassic.com



“ဂျလောက်”

ဟူသော အသံနှင့်အတူ သော့ခလောက်ပြုတ်သွားသည်။

သူသည် အပြင်သို့ပြေးထွက်သွားပြီး ရွှေနဂါးဂိုဏ်းချုပ် ကြီးအား ချုပ်ထားသောအချုပ်ခန်းသော့ကို ဖွင့်လိုက်သည်။

သော့ခလောက် ပွင့်သွားသည်နှင့် သူကအခန်းထဲသို့ ပြေး ဝင်ခဲ့၏။ သူ့အားကြိုးမာန်တက် ပြေးခဲ့ပါ၏။ သို့သော်. . .

မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူက ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားရလေတော့သည်။

* * * *

အချုပ်ခန်းသည် မကျဉ်းလှပါ။ အချုပ်ခန်း၏လေးဘက် လေးတန်တွင် သံကြိုးသံကွင်းကြီးများ ချိတ်ဆွဲထားပြီး သံကြိုးကွင်း များ၏ တစ်ဖက်စွန်း၌ဓားကောက်ကဲ့သို့သော ချိတ်ကြီးများရှိ လေသည်။ ထိုချိတ်ကြီးများသည် ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ နံ တစ်ဖက်တစ်ချက်နှင့် ကျောကုန်းတစ်ဖက်တစ်ချက်တို့အား ဆွဲချိ ထားလေသည်။

၎င်းပြင် လက်နှစ်ဖက်နှင့်ခြေထောက်နှစ်ဖက်တွင် လည်း သံကြိုးများဖြင့်ချိတ်ဆွဲထား၏။

ထိုအခါ ဦးခေါင်းအပေါ်မှ ဆွတ်ဆွတ်ဖြူနေသော ရှေ ရောင်ဆံပင်များသည် ရွှေနဂါးဂိုဏ်းချုပ်၏ မျက်နှာပေါ်သို့ကျ ဖုံးအုပ်နေသည်။ ယခု ကောင်းကျူးက ရွှေနဂါးဂိုဏ်းချုပ်ကြီး



အဘယ်ကြောင့် မလှုပ်ရှားဝံ့သည်ကို သဘောပေါက်လိုက်မိ၏။

ထို့ပြင် သူသည် ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ ကိုယ်ဖော့ပညာ ကို အံ့ဩချီးကျူးလိုက်မိလေသည်။

“ဂိုဏ်းချုပ်ကြီးရဲ့ကိုယ်ဖော့ပညာကတော့ တကယ့်ကိုအံ့ ဩစရာကောင်းအောင် အစွမ်းထက်ပါတယ်ဗျာ”

ရွှေနဂါးဂိုဏ်းချုပ်ကြီးက မဲ့ပြုံးပြုံးလိုက်သည်။

“သိပ်လဲ မချီးကျူးပါနဲ့၊ မင်းရောက်လာတာ မြန်လို့ပါ၊ နှို ဟုတ်ရင် ကျုပ်က မကြာမီ ဒီသံချိတ်တွေရဲ့ ဆွဲဖြုတ်မှုဒဏ်ကို ခံရတော့မှာပါ”

“ဗျာ. . . ဘာဖြစ်လို့လဲ”

“သူတို့က ကျုပ်ကို ဒီနေရာမှာစပြီး ချိတ်ဆွဲထားတဲ့အချိန် ကစပြီး အစာရေစာလုံးဝ မကျွေးဘူးလေ၊ ဒါကြောင့် ကျုပ်က မ ကြာခင်မှာ ခွန်အားယုတ်လျော့လာမယ်၊ ခွန်အားယုတ်လျော့လာရင် အခုလို ကိုယ်ဖော့ပညာကိုလဲ အသုံးမပြုနိုင်တော့ဘူး၊ ဒါဆိုရင် ကျုပ်ရဲ့အသားတွေဟာ ဒီသံချိတ်ကြီးတွေရဲ့ ဆွဲဖြုမှုဒဏ်ကို ကြံ့ကြံ့ ခံနိုင်တော့ဘဲ စုတ်ပြတ်ပြီးအောက်ကို ပြုတ်ကျလာမယ်၊ ဒါပေ ယ့် ခြေထောက်နှစ်ဖက်နဲ့ လက်နှစ်ဖက်မှာ သံကြိုးတွေတွဲလောင်း ချိတ်ဆွဲထားလို့ ကြမ်းပြင်အထိခန္ဓာကိုယ်က မရောက်ဘူး၊ ဒါဆိုရင် ရှက်ပြေးလို့မရတော့ဘူးလေ”

ကောင်းကျူးက တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးမှာ အသက်ငယ် ယ်ရွယ်ရွယ်နှင့် ဤမျှရက်စက်ကြမ်းကြုတ်လှသည်ကို တွေ့မြင် သောအခါ ရင်ထဲတွင် ရွံ့ရှာမုန်းတီးမှုများ ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အခု သူရဲ့အကြံအစည်တွေကို ကျွန်တော်က ဖျက်ဆီးပစ်လိုက်မယ်၊ ဂိုဏ်းချုပ်ကြီး ခဏလေးတောင့်ထားပါ"

သူက ပြောပြီးဂိုဏ်းချုပ်ကြီး၏ခန္ဓာကိုယ်တွင်ချိတ်ဆွဲထားသော သံချိတ်ကြီးအား ဆွဲထုတ်ရန်ဟန်ပြင်လိုက်သည်။

ဂိုဏ်းချုပ်ကြီး၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တဆတ်ဆတ်တုန်ခါလာလေသည်။ သူက လက်ကာပြလိုက်သည်။

"ခဏနေပါဦး"

သူက ပြောပြီးအံကိုတင်းတင်းကြိတ်လိုက်၏။

ကောင်းကျူမှာ ဂိုဏ်းချုပ်ကြီးက ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရကြောင်း သဘောပေါက်လိုက်မိသည်။

သူကစိတ်မကောင်းဖြစ်သွားမိ၏။

"ဂိုဏ်းချုပ်ကြီး. . . ခဏ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက နာကျင်လွန်းသောဝေဒနာကြောင့်နှုတ်ခမ်းကိုတင်းတင်းကိုက်ထားရာ နှုတ်ခမ်းဆီမှသွေးများယိုစီးကျလာလေသည်။ တစ်ခဏကြာမှ သူသည် ကောင်းကျူအားကြည့်လိုက်သည်။

"ကိုးနဂါးသခင်လေး. . . မင်းက ကျုပ်ကို တခြားနည်းလမ်းနဲ့ ကယ်တင်ဖို့ကြိုးစားပါ၊ ကျုပ်ရဲ့ခန္ဓာကိုယ်ပေါ်က သံကြိုးတွေက ဘယ်လိုမှ ဆွဲဖြုတ်လို့မရနိုင်သေးဘူး၊ သူ့ကို ဆွဲဖြုတ်ဖို့ဆိုတာက အချိန်နည်းနည်းယူရဦးမယ်လေ"

ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်၏။



သူသည် အခန်းတစ်ခန်းလုံးအား မျက်လုံးဝေ့ကာကြည့်လိုက်သည်။ ထိုအခါ. . .

ရွှေနဂါးဂိုဏ်းချုပ်ကြီးအား ဆွဲချည်နှောင်ထားသော သံကြိုးများသည် အခန်း၏မျက်နှာကြက်ပေါ်တွင် ဖြစ်ကြောင်းတွေ့ရှိလိုက်၏။

ယင်းကြောင့် စဉ်းစားတွေဝေခြင်းပင် မပြုတော့ဘဲ၊ လေထဲသို့ ခုန်တက်ကာဓားကို အဆက်မပြတ်ခုတ်ချလိုက်လေ၏။

"ဝုန်း. . ."

"ချလွမ်. . . ချလွမ်. . . ချလွမ်"

သံကြိုးများသည် ပြတ်တောက်ကုန်၍ ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ခန္ဓာကိုယ်က ကြမ်းပြင်ပေါ်သို့ပေါ့ပါးစွာ ကျလာလေသည်။ ထိုအခါ သံကြိုးများကလည်း ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ခန္ဓာကိုယ် လက်နှစ်ဖက်နှင့်ခြေထောက်နှစ်ဖက်၌ တွဲလောင်ကျကာ ပါရှိလာလေသည်။ ရွှေနဂါးဂိုဏ်းချုပ်ကြီးက အားပါးတရ ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . တွေ့ကြသေးတာပေါ့၊ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးရယ်"

ကောင်းကျူက သူ၏ရယ်မောသောအသံကို ကြားလိုက်ရသည်နှင့် အတွင်းအားအလွန်မြင့်မားလှကြောင်း သိရှိလိုက်ရလေသည်။ ဂိုဏ်းချုပ်ကြီး၏မျက်လုံးများကလည်း အလွန်တောက်ပလှ၏။ သူက ရုတ်တရက် ယို့အော့လျှံ၏စကားများကို ပြန်လည်ကြားယောက်လာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိတ္ထန်မိစ္ဆာဂိုဏ်းချုပ်ကြီးက ဖေဖေ့ဆီက သက်ခြွေဝိဇ္ဇာဉ်လက်ဝါးသိုင်းကျမ်းကို ရယူချင်လို့ ဖေဖေ့ကို သတ်ပစ်မှာ မဟုတ်ပါဘူး"

သူသည် ဤစကားကိုကြားလိုက်မိသည်နှင့် တစ်ပြိုင်နက် ရွှေနဂါးဂိုဏ်းချုပ်ကြီးအား ကြည့်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး. . . ဂိုဏ်းချုပ်ကြီးဆီမှာ သက်ခြွေဝိဇ္ဇာဉ်လက်ဝါးသိုင်းကျမ်းရှိတယ် ဟုတ်လား"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"ကိုးနဂါးသခင်လေး. . . တစ်ခါတစ်လေကျတော့ မင်းက သိပ်ရိုးသားလွန်းပါတယ်၊ ဒီတိတ္ထန်မိစ္ဆာဂိုဏ်းချုပ်ကြီးဟာ ဘယ်လောက်ရက်စက်ကြမ်းကြုတ်သလဲ၊ ငါ့သူ့ကို မလိမ်ရင်မရဘူးလေ၊ သက်ခြွေဝိဇ္ဇာဉ်လက်ဝါးသိုင်းကျမ်း ငါ့ဆီမှာရှိထားတယ်လို့ ငါလိမ်ထားရတာပေါ့၊ မလိမ်ရင် သူသတ်ပစ်တာကြာပြီ၊ အရိုးတောင်ဆွေး လောက်ရောပေါ့"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်မိ၏။

"ဒါဆိုရင် ဒီသိုင်းကျမ်းက ဂိုဏ်းချုပ်ကြီးဆီမှာ တကယ်ပဲ မရှိဘူးပေါ့၊ ဟုတ်လား"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး၊ ဒါပေမယ့်. . ."

ကောင်းကျူက ပို၍မျက်မှောင်ကြုတ်လိုက်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက မိမိ၏ရင်ဘတ်အား ပုတ်လိုက်



သည်။

"ဒါပေမယ့်ကျုပ် ရင်ထဲမှတော့ သက်ခြွေဝိဇ္ဇာဉ်လက်ဝါးသိုင်းကျမ်းက ရှိနေပါတယ်"

ကောင်းကျူက အလွန်စိတ်ဝင်စားလာလေသည်။

"ဒါဖြင့် အဲဒီ သက်ခြွေဝိဇ္ဇာဉ်လက်ဝါး ဆိုတာက. . ."

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်၏။

"ဟား. . . ဟား. . . ဟား. . .မင်းက သိုင်းသမားဆိုတော့ ဒီသိုင်းကွက်ကို စိတ်ဝင်စားနေပြီထင်တယ်"

ကောင်းကျူက ပြုံး၍ဝန်ခံလိုက်ရလေသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ လာ. . . ကျုပ်ပြမယ်"

သူကပြောပြီး အခန်းထဲမှထွက်ခွာသွားလေသည်။

သူက ခြေတစ်လှမ်း လှမ်းလိုက်သည့်အခါတိုင်းတွင် သူ၏ခန္ဓာကိုယ်ပေါ်တွက်ပါ ချိတ်ဆွဲကာပါရှိလာသော သံကြိုးများက တချွမ်ချွမ်ဖြင့် မြည်ဟည်းနေ၏။

ကောင်းကျူက ဘုမသိဘမသိဖြင့် သူ့နောက်မှလိုက်လာခဲ့လေသည်။ သူတို့နှစ်ယောက်သည် အချုပ်ခန်းအပြင်ရှိ စင်္ကြံလမ်းကျဉ်းကလေးထဲသို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြလေတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



လမ်းကျဉ်းကလေးထဲတွင် တိတန်မိစ္ဆာဂိုဏ်းသားတစ်ယောက်သည် ဒူးထောက်ကာထိုင်နေ၏။

သူသည် ကောင်းကျူက သွေးကြောပိတ်ထားသဖြင့် မလှုပ်ရှားနိုင်ပါ စကားလည်းမပြောနိုင်ချေ။

သို့သော်. . .

သူ၏မျက်လုံးအစုံကမူ တိတ်လန့်တုန်လှုပ်သော ဟန်မူရာဖြင့် ကောင်းကျူနှင့် ရွှေနဂါးဂိုဏ်းချုပ်ကြီးတို့အား ကြည့်နေ၏။

ရွှေနဂါးဂိုဏ်းချုပ်ကြီးကသူ့အား တွေ့မြင်လိုက်သောအခါ ပြုံးလိုက်လေသည်။ သူ၏အပြုံးမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသော အပြုံးမျိုးဖြစ်၏။

သူသည် ကောင်းကျူဘက်သို့လှည့်ကြည့်ကာ အေးတိအေးစက်အသံဖြင့် မေးလိုက်၏။

"ကောင်းကျူ. . .မင်းက သက်ခြွေဝိဇ္ဇာဥ်လက်ဝါး ဆိုတာကို မြင်ဖူးချင်တယ်နော်"

ကောင်းကျူက ကြောင်အမ်းအမ်းဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သည့် ဟန်မူရာများပေါ်လွင်လာလေသည်။

သူက သွေးကြောပိတ်ခံထားရသော အစောင့်ဆီသို့တစ်လှမ်းချင်းလျှောက်သွားသည်။ အစောင့်၏မျက်လုံးအစုံမှာ ထိတ်လန့်လွန်းသဖြင့် ပြူးကျယ်လာ၏။ ကောင်းကျူကလည်း ရင်ထိတ်သွားသည်။ သူသည် သွေးကြောပိတ်ထားသော အစောင့်



အားမရက်စက်လိုပါချေ။ သူက ဟန့်တားရန်ဟန်ပြင်လိုက်သည်။

သို့သော်. .

ယင်းတဒင်္ဂအချိန်လေးမှာပင် ရွှေနဂါးဂိုဏ်းချုပ်ကြီးက အစောင့်၏မျက်နှာအား လက်ဝါးတစ်ဖက်ဖြင့် ကုတ်ဆွဲလိုက်သည်။

အစောင့်သည် အရုပ်ကလေးတစ်ရုပ်ပမာ ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ လက်ထဲသို့ပါရှိလာလေသည်။

ရွှေနဂါးဂိုဏ်းချုပ်ကြီးကသူ၏ လက်ဝါးတစ်ဖက်ဆီသို့ အတွင်းအားကို တွန်းပို့လိုက်သည်။ တစ်ဖန် သူက ထိုအတွင်းအားများကို မိမိ၏ခန္ဓာကိုယ်ထဲသို့ လျှင်မြန်စွာပြန်လည် စီးဝင်စေလိုက်လေသည်။ အစောင့်၏မျက်လုံးများ ပြူးကျယ်သွားသည်။

သူသည် မိမိခန္ဓာကိုယ်ထဲရှိ အတွင်းအားများကို ရွှေနဂါးဂိုဏ်းချုပ်ကြီး၏လက်က စုပ်ယူနေကြောင်း သိရှိလိုက်ရလေသည်။

သူကရုန်းကန်ရန်ကြိုးစားလိုက်၏။ ယင်းတဒင်္ဂအချိန်လေးမှာပင် သူ၏သွေးကြောများက ပြင်းပြင်းထန်ထန် လည်ပတ်လာလေသည်။ ယင်းနောက်. . .

ရွှေနဂါးဂိုဏ်းချုပ်ကြီး၏လက်ဝါးဆီသို့ ပြေးလွှားသွားကြလေသည်။ ရွှေနဂါးဂိုဏ်းချုပ်ကြီးက မဲ့ပြုံးပြုံးလိုက်၏။

"လာစမ်း"

သူက ပြောပြီးအားစိုက်၍ တိတန်မိစ္ဆာဂိုဏ်းသားဆီမှ အတွင်းအားများကို မိမိ၏ခန္ဓာကိုယ်ထဲသို့ စုပ်ယူလိုက်သည်။

မိစ္ဆာဂိုဏ်းသားမှာ တစ်ချက်မျှလူးလွန့်လိုက်ပြီးနောက် မျက်နှာတစ်ခုလုံးရှုံ့မဲ့ကာ ခေါင်းငိုက်စိုက်ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ရွှေနဂါးဂိုဏ်းချုပ်ကြီးက သူ့အား လွှတ်ချလိုက်သည်။ ကောင်းကျူ့က သက်ခြွေဝိညာဉ်လက်ဝါး၏ အစွမ်းထက်ပုံကို ကြည့်ကာကျောပြင်တစ်လျှောက် အေးစိမ့်လာလေသည်။

သက်ခြွေဝိညာဉ်သိုင်းကျမ်းစာအုပ်ဆိုသည်မှာ တကယ်မရှိချေ။ ထိုပညာကို ရွှေနဂါးဂိုဏ်းချုပ်ကြီးက တတ်မြောက်ထားခြင်းသာရှိသည်။ ထို့ကြောင့်ရွှေနဂါးဂိုဏ်းချုပ်ကြီးက ထိုပညာကို သူ၏ရင်တွင်း၌သာရှိသည်ဟု ပြောခဲ့ခြင်းဖြစ်လေသည်။

သူက ကြက်သေသေကာ ကြည့်နေမိ၏။ ထိုအချိန်တွင်. .

ရွှေနဂါးဂိုဏ်းချုပ်ကြီးက လက်တစ်ချက်ဝှေ့ယမ်းမိလိုက်သည်။ သူ၏လက်တွင် ချည်နှောင်ထားသော သံကြိုးသည်နံရံပေါ်တွင် စိုက်ထားသောမီးတုတ်အား ရိုက်ချလိုက်၏။

မီးတုတ်သည် လမ်းကျဉ်းကလေးပေါ်သို့ ပြုတ်ကျလာလေသည်။ ရွှေနဂါးဂိုဏ်းချုပ်ကြီးက နောက်ထပ်မီးတုတ်တစ်ခုကို ရိုက်ချလိုက်ပြန်လေသည်။ မီးတုတ်တစ်ခုက ထပ်မံပြုတ်ကျလာပြန်၏။

ဤအချိန်တွင်. . .

ပထမမီးတုတ်သည် ကြမ်းခင်းအားစတင်စွဲလောင်နေပြီဖြစ်သည်။ ထို့ကြောင့် ကောင်းကျူ့က ရွှေနဂါးဂိုဏ်းချုပ်ကြီးသည် ဤမြေအောက်အချုပ်ခန်းအား မီးရှို့ကာထွက်ပြေးရန် ကြံစည်နေသည်ဟု နားလည်လိုက်သည်။ သူက ယင်းသို့နားလည်လိုက်သည်နှင့် တစ်ပြိုင်နက်ရှေ့သို့ပြေးသွား၍ အစောင့်များကို ရှင်းပစ်ရန်ဟန်ပြင်လိုက်သည်။

ယင်းအချိန်မှာပင် အစောင့်ငါးယောက်က စင်္ကြံလမ်းကလေးအတိုင်း ပြေးလွှားလာကာ သူတို့အား တိုက်ခိုက်ရန် ဟန်ပြင်



လိုက်၏။ သို့သော်. . .

သူတို့သည် ရွှေနဂါးဂိုဏ်းချုပ်ကြီး၏သက်ခြွေဝိညာဉ်လက်ဝါးသိုင်းကွက်၏ အတွင်းအားစုပ်ယူခြင်းကို ခံရသဖြင့်မည်သို့မျှ ခုခံနိုင်စွမ်းမရှိတော့ပါ။ ကောင်းကျူ့က ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ လက်ကိုဆွဲကာ ပြေးထွက်လာခဲ့လေသည်။ လမ်းခရီးတွင် သူတို့သည် မိစ္ဆာဂိုဏ်းသားများကို တိုက်ခိုက်ထိုးဖောက်ခဲ့ကြရ၏။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## အတိတ်ရန်ငြိုး

ကောင်းကျူသည် ရွှေနဂါးဂိုဏ်းချုပ်ကြီးအား တောလမ်းအတိုင်း ယို့အော့လျှိုရှိရာသို့ ခေါ်ဆောင်လာ၏။

ရွှေနဂါးဂိုဏ်းချုပ်ကြီးကလည်း သူ့နောက်မှထက်ကြပ်မကွာ လိုက်ပါလာသည်။ သူတို့သည် အတန်ကြာပြေးလွှားလာကြသောအခါ အရှေ့ဘက်ဆီမှ လူတစ်စုက တောလမ်းအတိုင်း ပြေးလွှားလာနေကြခြင်းကို တွေ့မြင်လိုက်ရသည်။ ကောင်းကျူက ရွှေနဂါးဂိုဏ်းချုပ်ကြီးအား လှည့်ကြည့်လိုက်၏။

"ဂိုဏ်းချုပ်ကြီး. . . ကျုပ်တို့ကတော့ နောက်ထပ်တစ်ပွဲတစ်လမ်းရင်ဆိုင်ရဦးမယ် ထင်တယ်"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်လိုက်သည်။

သူက လက်နှစ်ဖက်တွင် ချည်နှောင်ထားသောသံကြိုးကို အသင့်ကိုင်ဆောင်ကာ ရန်သူအားတိုက်ခိုက်ရန် ဟန်ပြင်ထား၏။

ယင်းအချိန်မှာပင်. . .

ထိုလူစုက တစ်စထက်တစ်စ နီးကပ်လာလေသည်။



သူတို့သည် ကောင်းကျူတို့နှင့် မျက်နှာချင်းဆိုင်ရပ်တန့်ကာ တိုက်ခိုက်ရန်အသင့်ပြင်ဆင်ထားလေသည်။ ရွှေနဂါးဂိုဏ်းချုပ်ကြီးနှင့် ကောင်းကျူတို့သည် သူတို့ရှေ့မှ ပြေးလာနေသောလူစုကို ကြည့်လိုက်၏။

သူတို့မှာ ဂိုဏ်းချုပ်ကြီးနှင့် ဒုဂိုဏ်းချုပ်ကြီးတို့ဖြစ်ရကား ထိုလူများ မည်သူဖြစ်သူကို အဝေးမှလှမ်းမြင်သည်။ သူတို့၏လက်မှ သံကြိုးများကို ချထားလိုက်တော့သည်။

ထိုသူတို့မှာ ရန်သူများမဟုတ်ကြပါချေ။ ကောင်းကျူက အော်လိုက်၏။

"ယို့အင်းပွေ"

သူကအော်ခေါ်လိုက်သည်။ သူ၏အသံကြောင့် အားလုံးသောလူများက ဝမ်းသာအားရဖြင့် ခုန်ပေါက်လိုက်ကြသည်။

"ဟာ. . . ကောင်းသခင်လေးတို့ပါလား"

"ဟာ. . . ကောင်းအစ်ကိုလေးဟေ့"

သူတို့သည် တစ်ယောက်တစ်ပေါက် အော်ဟစ်ကာ ရွှေနဂါးဂိုဏ်းချုပ်ကြီးတို့ထံသို့ ပြေးလွှားလာလေသည်။

ကောင်းကျူနှင့်ရွှေနဂါးဂိုဏ်းချုပ်ကြီးတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးနေမိကြသည်။

သူတို့က ရန်သူဟုထင်မှတ်ထားသောလူများသည် မိမိတို့အတွက် အရင်းနှီးဆုံးဂိုဏ်းသားများ ဖြစ်နေသည် မဟုတ်ပါလော။

* * * *

www.burmeseclassic.com

www.burmeseclassic.com



ယို့အော့လျှံသည် ငိုကြွေးနေ၏။ သူမက ဖခင်ဖြစ်သူ ရွှေနဂါးဂိုဏ်းချုပ်ကြီး၏ရှေ့တွင် ဒူးထောက်ကာ ငိုကြွေးနေခြင်း ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော်. . .

ဖခင်ဖြစ်သူ၏အကျီအဝတ်အစားများမှာ စုတ်ပြဲနေရာ ခန္ဓာကိုယ်အနှံ့တွင် သံချိတ်များဖြင့် ချိတ်တွယ်ခံထားရသည် မဟုတ်ပါလော။ သူမသည် ဖခင်ဖြစ်သူအတွက် ဝမ်းနည်းကြေကွဲလွန်းသဖြင့် ငိုရှိုက်ကာ ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေရယ်. . . သမီးက ဖေဖေကို မကာကွယ်နိုင်ခဲ့ဘူး၊ ကျွန်မသာ တကယ်ညှို့ဖျင်းတဲ့သမီးတစ်ယောက်ပါ၊ တကယ်အဖေချစ်တဲ့သမီးဆိုရင် အဖေ့ကိုမျက်စိအောက်က အပျောက်မခံသင့်ပါဘူး"

ရွှေနဂါးဂိုဏ်းချုပ်ကြီးယိုလုစီးက သူမ၏ဦးခေါင်းကို ပွတ်ကာ ခေါင်းခါယမ်းလိုက်သည်။

"ဒါကဲ့ သမီးရဲ့အပြစ်မဟုတ်ပါဘူး၊ ဖေဖေရဲ့ညှို့ဖျင်းမှု၊ ယုံလွယ်မှုပါ၊ ဖေဖေကသာ ကြယ်တံခွန်ကိုမယုံခဲ့ဘူးဆိုရင် ဒီလိုဖြစ်လာမှာမဟုတ်ပါဘူး၊ သူ့ဒဏ်ရာတွေလဲ ဖေဖေတွေ့ရတော့ ဖေဖေယုံခဲ့တာပေါ့၊ ကံအကြောင်းတရားပဲပေါ့ကွယ်"

ယို့အော့လျှံက သူ့အား မော့ကြည့်လိုက်သည်။

"ဖေဖေ. . . ကြယ်တံခွန်ဓားသမားဟာ တစ်ချိန်ကဖေဖေရဲ့လူယုံတော်တစ်ယောက်ပါ၊ သူက ဘာဖြစ်လို့ အခုလိုဖြစ်သွား



တာလဲဟင်"

ယို့လုစီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ဒီအကြောင်းကိုပြောပြရမှာ အတော်လေးရှည်ဝေးပါတယ်၊ လာပါ သမီးတို့စခန်းချတဲ့ အဆောက်အအုံဆီကိုရောက်မှပြောပြပါ့မယ်"

ထို့နောက် သူတို့အားလုံးသည် ချန်အန်းမြို့ပြင်ရှိ စခန်းချရာ အဆောက်အအုံပျက်ကြီးသို့ ထွက်ခဲ့ကြလေတော့သည်။

* * * *

နေဝန်းသည် အရှေ့ဘက်မိုးကုတ်စက်ဝိုင်းဆီမှ ထွက်ပြူစပြုလာပြီဖြစ်၏။ ယခုအခါ ရွှေနဂါးဂိုဏ်းချုပ်ကြီးယို့လိုစီး၏ ခန္ဓာကိုယ်ပေါ်မှ သံချိတ်ကြီးများကို ဖြုတ်ထားပြီးဖြစ်သည်။

သူ၏ခန္ဓာကိုယ်ပေါ်တွင် ဖြူဖွေးသစ်လွင်သော ဝတ်စုံကို ဝတ်ဆင်ထားပြီး ဒဏ်ရာများကိုဆေးထည့်၍ ပတ်တီးများဖြင့် ချည်နှောင်ထားသည်။ ဂိုဏ်းချုပ်ကြီးတစ်ဦးအဖို့ ထိုပြင်ပဒဏ်ရာများမှာ အရေးမလုပ်လောက်ပေ။ သူ့အဖို့ အသေးအဖွဲသာဖြစ်သည်။

အားလုံးသောလူများသည် သူ၏အနီးတွင် ဝိုင်းအုံကာထိုင်နေကြသည်။ ယို့အော့လျှံက ဖခင်ဖြစ်သူအား ဆေးပေါင်းရည် တစ်ခွက်ကို တိုက်ကျွေးပြီးနောက် ရေနွေးကြမ်းပန်းကန်လုံးတစ်လုံး လှမ်းပေးလိုက်၏။ ယို့လုစီးက ရေနွေးကြမ်းကို တစ်ငုံချင်းသောက်နေ၏။ ကောင်းကျူက သူ့အား အကဲခတ်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင် သူက ယို့လုစီးနှင့်ကြယ်တံခွန်ဓားသမားတို့က မည်သို့မည်ပုံ သဘောထားကွဲလွဲခဲ့ကြသည်ကို သိချင်သောဆန္ဒများပြင်းပြနေသည်။ ယို့လုစီးက သူ၏မျက်လုံးအကြည့်ကို နားလည်ဟန်ဖြင့် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

သူက အားလုံးသောလူများအား မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ ချောင်းတစ်ချက်ဟန့်လိုက်၏။

"အဟမ်း. . . မင်းတို့က ကျုပ်ရဲ့ကိုယ်ရံတော်တစ်ယောက်က ဘယ်လိုဖြင့်ပြီး တိတန်မိစ္ဆာဂိုဏ်းရဲ့သစ္စာခံဘဝကိုရောက်သွားတယ်ဆိုတာ သိချင်နေကြတယ် မဟုတ်လား"

အားလုံးသောလူများက ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

"ဟုတ်ပါတယ်"

ယို့လုစီးက အဝေးသို့မျှော်ကြည့်လိုက်သည်။

အတန်ကြာမှ သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း. . . လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်က ဆိုပါတော့၊ ကျုပ်ရယ် ကျုပ်ညီ ကိုးနဂါးဂိုဏ်းချုပ်ရယ်၊ နောက်ပြီး ရွှေတြိဂံဂိုဏ်းချုပ် အိုချင်းဝေ့ရယ်၊ ဒီသုံးယောက်ဟာအင်မတန် ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေပါ၊ တစ်နေ့မှာ အိုချင်းဝေက ခရီးထွက်ရင်းလမ်းမှာ လူတစ်ယောက်ဒဏ်ရာဗရပွနဲ့ လဲကျနေတာတွေ့လို့ ကယ်တင်ခဲ့တယ်လေ၊ အဲဒီလူကတော့ ကြယ်တံခွန်ဓားသမားပေါ့"

သူက စကားဆက်လိုက်သည်။

"အမှန်တော့ ကြယ်တံခွန်ဓားသမားဟာ သိုင်းလောကမှာ အင်မတန်ဆိုးသွမ်းပြီး ရက်စက်ကြမ်းကြုတ်တတ်တဲ့ လူသတ်သမား



စ်ယောက်ပါ၊ ဒါကို သိပါလျက်နဲ့ မေတ္တာတရားပေးခဲ့တယ်၊ အဲဒီ ချိန်မှာ ကျုပ်မိန်းမမှာကိုယ်ဝန်ရှိနေသလို ကျုပ်ညီရဲ့မိန်းမမှာ ကိုယ်ဝန်ရှိနေတယ်၊ ဒီအပြင် ရွှေတြိဂံဂိုဏ်းချုပ်ရဲ့မိန်းမမှာလဲ ယ်ဝန်ရှိနေခဲ့တယ်"

ကောင်းကျူတို့အားလုံးက စိတ်ဝင်စားစွာနားစွင့်နေကြသည်။ ယို့လုစီးက စကားဆက်လိုက်သည်။

"ရွှေတြိဂံဂိုဏ်းချုပ်ရဲ့ဇနီးဟာ ပြည်မသူမဟုတ်ဘဲ တိုင်ကျွန်းသူ၊ တစ်နည်းအားဖြင့် ကျွန်းသူလူမျိုး မိန်းကလေးတစ် ာက်ပါ၊ ဒါကြောင့် သူ မီးဖွားကာနီးမှာ သူ့မိဘတွေနေတဲ့ တိုင်ကျွန်းမြေကို ပြန်ခဲ့တယ်၊ အိုချင်းဝေက ဇနီးဖြစ်တဲ့လူကို လိုက်ပို့ ပေမယ့် သူမရှိရင်မဖြစ်တာကြောင့် လူယုံတော်ဖြစ်လာတဲ့ ယ်တံခွန်ဓားသမားကို ဇနီးဖြစ်တဲ့သူနဲ့အတူ ထည့်ပေးလိုက် "

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ ချန်းအန်းမြို့ ည်တော်မှာ ဘဏ္ဍာတိုက်ကို အဖောက်ခံရတယ်လေ၊ ဒီမှာတင် ကြေးစားတစ်ယောက်ဖြစ်ခဲ့တဲ့ ကြယ်တံခွန်ဓားသမားကို ားမယ်ဆိုပြီး ထောက်လှမ်းရေးမှူးတွေက ရွှေတြိဂံဂိုဏ်းကို ကြတယ်၊ ဖြစ်ချင်တော့ ရွှေတြိဂံဂိုဏ်းမှာ ဂိုဏ်းချုပ်ကတော် ယ်တံခွန်ဓားသမားတို့က ပျောက်ဆုံးနေကြတယ်. .

. . ဒီမှာတင် သံသယကြီးထွားလာပြီး ဘုရင်အာဏာသား ရွှေတြိဂံဂိုဏ်းချုပ်နဲ့အိုချင်းဝေက မဟုတ်မခံစိတ်နဲ့ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဆီကို ထွက်ပြေးလာခဲ့တယ်၊ ကျုပ်ကလဲ ဝရမ်းပြေးတစ်ယောက်
လက်မခံရဲခဲ့ဘူးလေ"

ကောင်းကျော်က ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော် နည်းနည်းသဘောပေါက်ပါပြီ၊ ဂို
ချုပ်ကြီးက လက်မခံလို့ ရွှေတြိဂံဂိုဏ်းချုပ်ကြီးက နာကြည်းသွ
တယ်ဆိုပါတော့"

ယို့လုစီးက ခေါင်းခါယမ်းလိုက်သည်။

"ဒီထက်ဆိုးတာပေါ့၊ သူက ကျုပ်ကပဲ ကြယ်တံခွန်
သမားကို ချောက်ချတယ်လို့ထင်သွားခဲ့တယ်၊ ဒီမှာတင် ကျုပ်
သူက သတ်ဖို့ ကြိုးစားတယ်လေ၊ ဒါကို ကျုပ်နဲ့ကျုပ်ညီတို့မှာ
တားရင်း လက်လွန်ခဲ့ကြရတယ်"

ကောင်းကျော်က ရင်ထိတ်သွားရလေသည်။

သူသည် တစ်ချိန်က ကြယ်တံခွန်ဓားသမားက ရွှေ
ဂိုဏ်းချုပ်ကြီးနှင့် ကိုးနဂါးဂိုဏ်းချုပ်ကြီးတို့မှာ လူယုတ်မာများ
သူဟု ပြောခဲ့သည့်စကားအဓိပ္ပာယ်အား ယခုမှ သဘောပေါက်
လည်လိုက်မိလေသည်။ ယို့လုစီးက ခေတ္တရပ်နားပြီးမှ စကားဆ
လိုက်သည်။

"အိုချင်းဝေ သေဆုံးသွားတဲ့ သတင်းဟာ တိုက်တိုက်
ဆိုင်ပဲ၊ သူဇနီးမီးဖွားချိန်မှာ ရောက်ရှိသွားတော့ ဇနီးဖြစ်တဲ့
ဟာမီးတွင်းထဲမှာပဲ သွေးတက်ပြီးသေဆုံးသွားခဲ့ရတယ်လေ၊ အ
တော့ သူဟာတိုင်ပင်ကျွန်းမှာ အာဏာရှိတဲ့ မင်းမျိုးမင်းနွယ်
ယောက်ရဲ့သမီးပါ၊ ဒီမှာတင် သမီးဖြစ်သူအတွက် သောကဝေ

ရာရှိက မြေးကိုကျွေးမွေးစောင့်ရှောက်ရင်း လူသတ်နည်းမျိုး
င်ပေးခဲ့တယ်. .

. . နောက်တော့ သူမသေမီမှာ သမက်နဲ့သမီးကို သေ
ရောက်အောင်ပို့ခဲ့တယ်၊ ကျုပ်နဲ့ကျုပ်ညီကို သတ်ပြီး နေပြည်
ာ်က ဘုရင်ကိုလုပ်ကြံခဲ့တယ်၊ လုပ်ကြံပြီးရင် တရုတ်နိုင်ငံကို
ပင်ကျွန်းသားတွေရဲ့ လက်အောက်ခံနိုင်ငံဖြစ်အောင် သိမ်းပိုက်
ယ်လို့ အမိန့်ချခဲ့တယ်လေ"

ယို့အောလျှံ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ဒါဆိုရင် အခု တိတန်ဂိုဏ်းချုပ်ကြီးက ရွှေ
ံနဲ့တိုင်ပင်ကျွန်းသူတို့ရဲ့မျိုးဆက်တွေပေါ့နော်"

ယို့လုစီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကောင်းကျော်က ခေါင်းတစ်ချက်ခါယမ်းလိုက်၏။

"ဒါကြောင့်လဲ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက မိဘနှစ်ပါး
ောင် မမြင်လိုက်ရဘူးဆိုတဲ့ နာကြည်းချက်နဲ့ အခုလို ဆိုးသွမ်း
တာပေါ့"

ယို့လုစီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက သူရဲ့သစ္စာခံတိတန်တွေနဲ့အတူ အခု
တို့ရဲ့ နေပြည်တော်ကိုလုယူဖို့ ကြိုးစားနေပြီ"

ထိုစကားကြောင့် အားလုံးသောလူများက ထိတ်လန့်သွား
ည်။

"ဟာ. . . ဖြစ်နိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက ပြောလိုက်ခြင်းဖြစ်လေသည်။

ယို့လုစီးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီသတင်းက နိုင်လုံပါတယ်၊ ကျုပ် အကျဉ်းခန်းထဲမှာ ရှိနေစဉ်က သက်ခြွေကော့ကျင်းစုဆိုတဲ့လူက သူ့အစ်ကိုကော့မ... တွေ့ကို ရက်ရက်စက်စက်သတ်ပစ်လို့ဆိုပြီး မကျေနပ်လို့ မိစ္ဆာဂိုဏ်း ကိုပြိုဖျက်ဖို့ ကြိုးစားခဲ့တယ်လေ၊ သူက မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့... ခန်းထဲမှာ တိုင်ပင်ကျွန်းဘုရင်နဲ့ ဆက်သွယ်တဲ့ စာရွက်စာတမ်း အသောက်အထားတွေ ထားခဲ့တယ်လို့ တိတိကျကျပြောခဲ့တယ်"

ကောင်းကျူက မျက်မှောင်ကြုတ်လိုက်သည်။

ယို့လုစီးက ခေါင်းခါယမ်းလိုက်၏။

"အဲဒီလူက, အခု ကျုပ်တို့ကိုမကူညီနိုင်တော့ပါဘူး"

ကောင်းကျူက မျက်မှောင်ပိုကြုတ်လိုက်လေသည်။ သူက နားမလည်နိုင်ဟန်ဖြင့် ယို့လုစီးအား ကြည့်လိုက်၏။

"ဗျာ . . ဘာဖြစ်လို့လဲ"

ယို့လုစီးက မဲ့ပြုံးပြုံးလိုက်သည်။

"သူက တစ်ကြိမ်ပဲလာပြီး နောက်တစ်ကြိမ် ကျုပ်ဆီရောက် မလာတော့ဘူး၊ အမှန်တော့ သူက ကျုပ်ဆီကိုအဲဒီ စာရွက်စာတမ်း တွေ လာပေးထားမယ်လို့ ကတိပေးပြီး ထွက်သွားခဲ့တာပါ၊ ဒါ ကြောင့် နောက်တစ်ကြိမ် ရောက်မလာတော့တာဟာ သူသေ သွားပြီလို့ ခန့်မှန်းရမှာပဲ"

ဂိုဏ်းချုပ်ကြီး ယို့လုစီး၏ ခန့်မှန်းချက်ကား ဘာကယ်မှ ကန်ခဲ့လေ၏။ ကောင်းကျူ၏ရင်ထဲ၌ လေးလံလာမိလေသည်



သူသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးမှာ အယွန်ပင်ရက်စက် ကြမ်းကြုတ်ရုံသာမက လောဘရမ္မက်ကြီးသည်ဟု နားလည်လိုက် ၏။ သူသည် ဤကိစ္စကိုအမြန်ဆုံး ဟန့်တားဖော်ထုတ်နိုင်ရန် ကြိုး စားမည်ဟု သန္နိဋ္ဌာန်ချလိုက်လေသည်။

သူက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်၏။

"ဒါဆိုရင်တော့ ကျုပ်က တိတန်မိစ္ဆာဂိုဏ်းထဲကို အ မြန်ဆုံးသွားပြီး ဒီစာရွက်စာတမ်းတွေကို ရအောင်ယူမယ်"

ယို့လုစီးက သူ့အားစေ့စေ့ကြည့်လိုက်၏။

"ကောင်းကျူ . . မင်းက စာရွက်စာတမ်းတွေယူရင်း ဟို မိန်းကလေးကို ကယ်တင်ချင်လို့ မဟုတ်လား"

ထိုစကားကြောင့် ယို့အောလျှံနှင့်ယို့အင်းဖွေတို့ မျက်နှာ များက ကွက်ခနဲပျက်သွားကြလေသည်၊ အားလုံးသော လူများက လည်း ကောင်းကျူအားအမေးပုစ္ဆာပါသော မျက်လုံးများဖြင့် ကြည့်နေကြလေသည်။

ယို့အင်းဖွေ၏မျက်နှာတစ်ခုလုံး ညိုးမှောင် သွားသည်။ သူမက ကောင်းကျူနှင့်အေးသည့် လျှောက်သာကာချက် မှောင် ကြုတ်၍ကြည့်လိုက်သည်။

"အစ်ကိုလေးက မိန်းကလေးတစ်ယောက်ကိုဒီလောက် တောင်မှ စွဲလမ်းတတ်နေပြီလား

ကောင်းကျူက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

သူက စကားတစ်ခွန်းမျှ မပြောဘဲရေနွေးကြမ်းတစ်ခွက် ကိုငုံကာ သောက်လိုက်သည်။ ယို့အင်းဖွေ၏မျက်လုံးအစုံတွင်မျက် ရည်များရစ်ဝဲလာလေသည်။ ယို့လုစီးက သူမအားကြည့်ကာ တစ်

www.burmeseclassic.com

www.burmeseclassic.com



စုံတစ်ရာကို သဘောပေါက်နားလည်လိုက်လေသည်။

သူက ရုတ်တရက် ယို့အော့လျံထံသို့ရောက်ရှိသွား၏။

ယို့အော့လျံက စကားမပြောပါ။ သူမက ရီဝေသောမျက်ဝန်းအစုံဖြင့် ကောင်းကျူအားကြည့်နေ၏။ သို့သော်. . .

ယို့လုစီးသည် ပါးနပ်သောလူတစ်ယောက်ဖြစ်ရာ သူမ၏မျက်ဝန်းအစုံတွင် ဝမ်းနည်းကြေကွဲသည့်ဟန်မူရာများပေါ်လွင်နေကြောင်း သဘောပေါက်နားလည်ထားလိုက်လေသည်။

သူက ပြုံးလိုက်သည်။ သူ၏အပြုံးမှာ အလွန်လျှို့ဝှက်သောအပြုံးမျိုးဖြစ်သည်။ သူသည် ယို့အော့လျံ၏ဆန္ဒကို အစဉ်သဖြင့်လိုက်လျောဖြည့်ဆည်းပေးနေသည့် ဖခင်တစ်ယောက်ဖြစ်ရာ ကောင်းကျူနှင့် လက်ထပ်ပေးနိုင်အောင် ကြိုးစားမည်ဟု ကျိတ်ဆုံးဖြတ်လိုက်၏။ သူတွင် အကြံရှိသည်။

ကောင်းကျူကို ယို့အော့လျံနှင့် လက်ထပ်ရန်ကိစ္စတွင် ကိုးနဂါးဂိုဏ်းချုပ်ကြီး သဘောတူရမည်ဟု ယုံကြည်ထားသည်။

ထို့နောက်. . .

သူက အားလုံးသောလူများအား မျက်လုံးဝေ့ကာ ကြည့်လိုက်သည်။

"ကဲ. . . မင်းတို့အားလုံး အနားယူလိုက်ကြပါ၊ မကြာခင်တိတန်မိစ္ဆာဂိုဏ်းနဲ့ တိုက်ခိုက်ကြရလိမ့်မယ်"

ကောင်းကျူကလည်း ထိုင်ရာမှထလိုက်သည်။

ထိုအချိန်မှာပင်. . .

ယို့လုစီးက သူ့အား ဟန့်တားလိုက်သည်။

"ကောင်းကျူ ခဏနေဦး"



ကောင်းကျူက သူ့အားကြည့်လိုက်၏။ ယို့လုစီးက တည်ကြည်သောမျက်နှာထားဖြင့် သူ့အားကြည့်လိုက်သည်။

"မင်း ဘယ်အချိန်သွားမှာလဲ"

ကောင်းကျူက. .

"ဒီနေ့ည"

ယို့လုစီးက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ တစ်ခု မင်းသတိထားရမှာက မင်းရဲ့ကောင်မလေးထက် တိုင်ပင်ကျွန်းဘုရင်နဲ့ မိစ္ဆာဂိုဏ်းချုပ်ကြီးတို့ရဲ့ တိတ်တဆိတ်ဆက်သွယ်ထားတဲ့ စာရွက်စာတမ်းတွေပဲ"

ကောင်းကျူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်"

ယို့လုစီးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ လုပ်စရာရှိတာ ဆက်လုပ်တော့၊ ငါအနားယူတော့မယ်"

ကောင်းကျူက ဂါရဝပြုလိုက်လေ၏။

ထို့နောက် သူသည် အနားယူရန် မိမိ၏အခန်းထဲသို့ ဝင်သွားတော့သည်။ ယို့အော့လျံ နှင့်ယို့အင်းပွေတို့သည် သူ၏နောက်ကျောပြင်အား ကြည့်ကာ ငေးငိုင်လျက် ကျန်ရစ်ခဲ့ကြလေတော့သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

### နှလုံးသားကိုစတေးခြင်း

နေဝန်းနီသည် အနောက်ဘက်သို့ငုပ်လျှိုးသွားလေပြီ။

တစ်နေ့တာ ကုန်ဆုံးသွားပြီးဖြစ်သောကြောင့် အလင်းရောင်ပျောက်ကွယ်သွားကာ အမှောင်ထုက အစားထိုးဝင်ရောက်လာသည်။

မကြာမီ ဝန်းကျင်တစ်ခုလုံး မည်းမှောင်ကာ မိုးချုပ်တော့မည်ဖြစ်၏။ ကောင်းကျူကု ရွှေနဂါးဂိုဏ်းချုပ်ကြီးယို့လုစီးနှင့် ကျန်လူအားလုံးကို နှုတ်ဆက်ကာတိတန်မိစ္ဆာဂိုဏ်းသို့ ဦးတည်၍ ထွက်ခွာသွားခဲ့လေပြီ ဖြစ်သည်။

ထိုအချိန်၌. . .

ရှင်ချိန်ရီကလည်း ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးရယ်. . . မကြာခင် ကျွန်မတို့က တိတန်မိစ္ဆာဂိုဏ်းနဲ့ ရင်ဆိုင်ရတော့မှာဆိုတော့ ကျွန်မတို့ခရီးထွက်ခွင့်ပြုပါ"



ယို့လိုစီးက မျက်မှောင်ကြုတ်လိုက်၏။

"နေပါဦး. . . မင်းက ဘယ်သွားမလို့လဲ"

ရှင်ချိန်ရီက ပြုံးလိုက်သည်။

"ကျွန်မက တောအုပ်ထဲဝင်ပြီး ကျွန်မရဲ့လက်နက်တွေကို ရှာဖွေစုဆောင်းရဦးမယ်လေ"

ယို့လုစီးက သူမသည် မြွေများကိုလိုက်၍ ဖမ်းဆီးမည်ဟု သဘောပေါက်လိုက်မိ၏။ သူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ဒါပေမယ့် သိပ်ညဉ့်မနက်စေနဲ့နော်၊ ဒီနေရာကို တိတန်မိစ္ဆာဂိုဏ်းက လူတွေဟာအချိန်မရွေး ရောက်လာနိုင်တယ်သိလား"

ရှင်ချိန်ရီက ခေါင်းညိတ်လိုက်သည်။

သူမသည် ရွှေနဂါးဂိုဏ်းချုပ်ကြီးကို ဂါရဝပြုကာတောအုပ်ထဲသို့ ပြေးဝင်သွားလေတော့သည်။ ညဉ့်နက်လှပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေ၏။

သို့သော်. . .

မိစ္ဆာဂိုဏ်း၏ခြံဝင်းတစ်ခုလုံးတွင် မီးများထိန်ထိန်လင်းနေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးသည် မိမိ၏အခန်းထဲတွင် ရှိနေခဲ့သည်။ သူမသည် ကောင်းကျူတို့က ထွက်ပြေးသွားကြသော်လည်း လှုပ်လှုပ်ရှားရှားဖြစ်မသွားခဲ့ပါချေ။

အကြောင်းကား ကောင်းကျူသည် ဤနေရာသို့ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု ယုံကြည်ထား၏။ သူမသည် ကောင်းကျူ၏နှလုံးသားထဲတွင် မိမိအား မြတ်နိုးတွယ်တာနေကြောင်း ကောင်း

www.burmeseclassic.com

www.burmeseclassic.com



စွာသဘောပေါက်နားလည်ထားသည် မဟုတ်ပါလော။

ထို့ကြောင့်. . .

သူမက ကောင်းကျူပြန်ရောက်လာမည့် အချိန်ကိုသာ အေးဆေးစွာစောင့်စားနေခဲ့သည်။ သူမသည် အရက်ကို ဖြည်းညင်းစွာသောက်ရင်း အချိန်များကို ကုန်လွန်စေခဲ့လေသည်။ စီစီက သူ၏နံဘေးတွင် တွေဝေငေးငိုင်နေလေသည်။

ယခင်ရက်များဆီက တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ည အချိန်သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် မိမိအား အဆောင်သို့ ပြန်စေ၏။

သို့သော်. . .

ယနေ့ညတွင် ညဉ့်နက်သန်းခေါင်ယံအချိန်သို့တိုင်အောင် သူမအား ပြန်လွှတ်ခြင်းမရှိသေးပါချေ။ ထို့ကြောင့် သူမက နားမလည်နိုင်ဘဲ ရှိနေလေသည်။

ထူးခြားသည်မှာ. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် သူမ၏ယောက်ျားဖြစ်သော်လည်း ယနေ့အချိန်ထိ လက်ဖျားနှင့်ပင်မထိပါ။ ယင်းကြောင့်လည်း သူမ၏ရင်ထဲတွင် တစ်စုံတစ်ခုကို လစ်ဟာနေသည်ဟု ခံစားနေရသည်။ သူမက မိစ္ဆာဂိုဏ်းချုပ်ကြီးအနီးသို့ ချဉ်းကပ်သွားကာ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများပေါ်လာလေ၏။ ခြေသံ. . . အလွန်ပေါ့ပါးသော ခြေသံ



သည် သူမ၏နားထဲသို့ တိုးဝင်လာနေသည် မဟုတ်ပါလော။

သူမက ရုတ်တရက် စီစီ၏လက်ကိုဆွဲကာ အခန်းဆီး နောက်သို့ပြေးဝင်သွားပြီး မီးအိမ်အားငြိမ်းလိုက်သည်။

စီစီက တစ်စုံတစ်ခုမေးရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် မိစ္ဆာဂိုဏ်းချုပ်ကြီးက သူမ၏ပါးစပ်ကို ပိတ်ထားလိုက်သည်။

"တိတ်တိတ်နေစမ်း. . . ငါပြောတာ သေချာနားထောင်ပါ။ အခု ဒီအခန်းထဲသို့ လူတစ်ယောက်ဝင်လာလိမ့်မယ်၊ သူ့ကို မင်းက မြူဆွယ်ရမယ်၊ မင်းနဲ့အတူ အိပ်ရာပေါ်မှာ အိပ်အောင်ယူ ယပါ။ ကြင်နာပါ၊ မင်းက စကားတစ်လုံးမှမပြောပါနဲ့၊ သူက တစ်ခုခုမေးလာရင် စာရေးပြပါ၊ မှောင်လို့ စာရေးပြလို့မရရင် သူ့လက်မောင်းပေါ်မှာ လက်နဲ့ရေးပြ ကြားလား"

သူ၏စကားကြောင့် စီစီက ထိတ်လန့်အံ့ဩသွားလေသည်။ သို့သော်. . . သူမသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား မလွန်ဆန်ရဲပါ။ သူ စိတ်မထင်ရင် သတ်ဖြတ်ခဲ့သည်ကို အကြိမ်ကြိမ် တွေ့ခဲ့ဖူးသည် မဟုတ်ပါလော။ သူမ မိစ္ဆာဂိုဏ်းချုပ်ကြီးအား မျက်လုံးပြူးကာ မော့ကြည့်လိုက်၏။ ထိုအချိန်၌. . .

ခန်းဆီးစကြားမှ လူတစ်ယောက်က အခန်းထဲဝင်လာသည်ကို တွေ့မြင်လိုက်ရတော့သည်။ နုနယ်ချောမောသော လူရွယ်တစ်ယောက်ဖြစ်၏။ သူက အခန်းတွင်းသို့ မျက်လုံးဝေ့ကြည့်ကာ အသံခပ်အုပ်အုပ်ဖြင့်. . .

"မိန်းကလေး. . . မိန်းကလေး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်နေလေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ရစ်ဝဲလာလေသည်။

သူမက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်သည်။

"စီစီ. . . မင်းက သူ့ကိုအလိုလိုက်ပါ၊ ကျုပ်က တခြားနေရာက စောင့်ကြည့်နေမယ်၊ ကျုပ်ပြောတာကို မလိုက်နာဘူးဆိုရင် မင်းအတွက် သေဒဏ်ပဲ"

ဟု ပြောကာ အဆောက်အအုံ၏နောက်ဘက်အပေါက်မှ ထွက်ခွာသွားလေသည်။ စီစီက အံ့သြခြင်း၊ ကြေကွဲဝမ်းနည်းခြင်း၊ ကြောက်လန့်ခြင်းများ စသည့်ခံစားချက်များဖြင့် ငေးငိုင်ကာကျန်ရစ်လေတော့သည်။

* * * *

လူရွယ်သည် အသံခပ်အုပ်အုပ်ဖြင့်ခေါ်ရင်း တစ်လှမ်းချင်း လှမ်းလာ၏။ သူက တဖြည်းဖြည်းနှင့် စီစီရှိနေသောအခန်း၏ ကန့်လန့်ကာစနောက်သို့ ရောက်ရှိလာလေသည်။

သူသည် စီစီအား တွေ့မြင်လိုက်သောအခါ ဝမ်းသာအားရဖြင့် သိုင်းဖက်လိုက်သည်။

"မိန်းကလေးရယ်. . . မင်းကို ဘာများဖြစ်သွားသလဲလို့ ကျုပ်က စိုးရိမ်လိုက်ရတာကွာ"

စီစီက ထိတ်လန့်သွားကာ သူ၏လက်မှ ရုန်းထွက်ရန်ဟန်ပြင်လိုက်လေသည်။ သို့သော် မိစ္ဆာဂိုဏ်းချုပ်ကြီး၏စကားများကို



ပြန်လည်ကြားယောင်လာမိသဖြင့် ထိုလူရွယ်အား ပြန်လည်သိုင်းဖက်ထားလိုက်ရလေသည်။ လူရွယ်က သူမအား ရင်ခွင်ထဲတွင် သိုင်းဖက်ရင်း မျက်နှာပြင်အနှံ့ နမ်းရှိုက်လိုက်သည်။

"မင်းကို ကျုပ်က ချစ်ခဲ့တယ်သိလား၊ မင်းကကော ကျုပ်ကိုချစ်ခဲ့တယ် မဟုတ်လား"

စီစီက ခေါင်းညိတ်ပြလိုက်ရလေသည်။ ထိုလူရွယ်က သူမအား ပို၍တင်းကျပ်စွာ သိုင်းဖက်ထားလိုက်လေသည်။

"ကျုပ်နာမည် ကောင်းကျူပါ၊ မင်းနာမည်ကကော"

စီစီက ပြောရန်ဟန်ပြင်လိုက်ပြီးမှ မိစ္ဆာဂိုဏ်းချုပ်ကြီးမှာကြားခဲ့သော စကားကိုပြန်လည်အမှတ်ရလာလေသည်။

သူမက စက္ကူပေါ်တွင် စာရေးပြရန်ဟန်ပြင်လိုက်သည်။

ကောင်းကျူက ရယ်မောလိုက်သည်။

"အား. . . ကျုပ်က မေ့နေလိုက်တာ၊ မင်းက စကားမှမပြောတတ်တာပဲ၊ ကဲ. . . ကျုပ်ကို စာရေးပြနော်"

သူက ပြောပြီး စာရေးစက္ကူရှာရန် မီးအိမ်ကိုထွန်းညှိရန်ဟန်ပြင်လိုက်၏။ စီစီက ရင်ထိတ်သွားလေသည်။

သူမသည် ကောင်းကျူ၏လက်အား ကမန်းကတန်းဆွဲထားလိုက်သည်။

ထို့နောက် ကောင်းကျူ၏လက်ဖဝါးပေါ်တွင် လက်ညိုးဖြင့် ရေးခြစ်ပြလိုက်လေသည်။ ကောင်းကျူက ပြုံးလိုက်သည်။

"ဪ. . . မင်းနာမည်က စီစီဟုတ်လား"

စီစီက သူ့အားသိုင်းဖက်ထားရင်းမှ ခေါင်းညိတ်ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကောင်းကျူက သူမ၏လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ညီမ ကျုပ်က မင်းကို ဒီနေရာမျိုးမှာ မထားနိုင်ဘူး၊ ကျုပ်နဲ့လိုက်ခဲ့နော်"

စီစီ၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

သူမသည် တစ်စုံတစ်ရာ လွဲမှားနေပြီဖြစ်ကြောင်း သဘောပေါက်နားလည်လိုက်လေသည်။

သို့သော် သူမက မိစ္ဆာဂိုဏ်းချုပ်ကြီးက တစ်နေရာရာမှ ချောင်းကြည့်နေလိမ့်မည်ဟု သဘောပေါက်ထားသဖြင့် စကားပင် မပြောဝံ့ပါ။

ယင်းအချိန်. . .

ကောင်းကျူက သူမ၏လက်ကိုဆွဲကာ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။ စီစီက ရင်ထိတ်သွားလေသည်။

သူမက ကောင်းကျူအား တင်းကျပ်စွာသိုင်းဖက်ထားလိုက်သည်။ ကောင်းကျူက အံ့သြသွားလေသည်။

သူသည် မှောင်မည်းနေသောအခန်းထဲတွင် စီစီအား သေချာစွာတွေ့မြင်နိုင်စွမ်းမရှိပါချေ။

ထို့ကြောင့် သူသည် စီစီအား မိမိ၏ချစ်သူထင်ကာ ပြန်လည် သိုင်းဖက်ထားလိုက်လေသည်။ စီစီရော ကောင်းကျူပါ လှုပ်မိန်းမပျို့ဖြစ်ကြလေသည်။

သူတို့ကို မည်သည့်အရာက တားဆီးနိုင်ပါမည်နည်း။ စီစီက အနီးရှိခုတင်ပေါ်တွင် လဲလျောင်းလိုက်သည်။



ကောင်းကျူကလည်း သူမနှင့်အတူ လဲကျသွားလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင် သူတို့သည် ချစ်လောကအမှောင်ကြီးထဲသို့ ကျရောက်သွားကြတော့သည်။

ကောင်းကျူသည် လောကကြီးကိုလည်းကောင်း၊ မိမိ၏တာဝန်ကိုလည်းကောင်း၊ ဝန်းကျင်တစ်ခုလုံးကို လည်းကောင်း၊ မေ့လျော့သွားလေတော့သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## ညဦးလယ်ယံ တိုက်ပွဲ

ညဦးသည် တစ်စထက်တစ်စ နက်ရှိုင်းလာချေပြီ။

ဆီးနှင်းများသည် အဆက်မပြတ်ကျဆင်းမှုကြောင့် အားလုံးသောလူများသည် အဆောက်အအုံပျက်ထဲတွင် မီးဖိုကာ ဝိုင်းဖွဲ့ထိုင်နေကြသည်။

သို့သော်. . .

ယို့အင်းပွေကမူ တောအုပ်ကလေး၏အစွန်ရှိ သစ်ပင်ကြီးတစ်ပင်၏သစ်ကိုင်းပေါ်တွင် လဲလျောင်းနေသည်။

သူမသည် ကောင်းကင်ပေါ်ရှိလဝန်းကိုကြည့်ကာ မျက်ရည်များဖြင့် ရစ်ဝဲနေလေသည်။ သူမ၏ရင်ထဲတွင် ကောင်းကျူက တခြားမိန်းကလေးတစ် ယောက်ကို စွဲလမ်းနေသည်ဟု သိလိုက်ရသဖြင့် ကြေကွဲဝမ်းနည်းနေမိ၏။ သူမသည် လူမှန်းသိစ အရွယ်မှာပင် ကောင်းကျူအား စွဲလမ်းမြတ်နိုးခဲ့ရ၏။

ထို့ကြောင့် ယခု သူမက ကောင်းကျူ၏ရင်ထဲ၌ တခြားမိန်းကလေးအား စွဲလမ်းနေပြီဟု သိရှိလိုက်ရသောအခါ မိမိသည်



အမိပွာယ်မဲ့စွာဖြင့် အသက်ရှင်နေခဲ့ရသည်ဟု ထင်မှတ်လာမိသည်။

မှန်ပါသည်။ လူတစ်ယောက်သည် ရွှေငွေစွာကို မမက်မောခဲ့ပါ။ ဂုဏ်ဒြပ်တို့ကိုလည်း မမက်မောခဲ့ပါချေ။ သူမ၏မျှော်လင့်မက်မောမှုသည် ကောင်းကျူ၏မေတ္တာတရားပင်ဖြစ်၏။

ယခုမူမူ သူမ၏မျှော်လင့်ချက်များ ကုန်ဆုံးခဲ့ရချေပြီ။

သူမသည် စိတ်ဆင်းရဲမှုကြောင့် မျက်ရည်များသွင်သွင်ကျဆင်းနေမိ၏။ မိမိ၏စိတ်သောကကို တခြားလူများ မသိစေရန်အတွက် ဤနေရာ၌လာကာ တစ်ယောက်တည်း တိတ်ဆိတ်စွာငိုကြွေးနေခြင်းဖြစ်လေသည်။

ထိုအချိန်မှာပင်. . .

ရုတ်တရက် တောလမ်းကလေးအတိုင်း လူတစ်ယောက်ပြေးလွှားနေခြင်းကို တွေ့မြင်လိုက်ရသည်။ သူမက မျက်ခမှာင်ကြုတ်ကာ အသံကြားရာသို့ငုံ့ကြည့်လိုက်သည်။ အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူမသည် ကြာခဏလဲပြို့ကျနေ၏။

တစ်ဖန် ပြန်လည်လူးလိမ့်ထလာပြီး ဆက်လက်ပြေးလာနေ၏။ ယို့အင်းပွေက အံ့သြသွားမိသည်။

ဤမိန်းကလေးမှာ မြွေများဖမ်းဆီးနိုင်ရန် ထွက်ခွာသွားသော ရှင်ချိန်ရီဖြစ်ကြောင်း သူမက သိရှိထားသည် မဟုတ်ပါလော။

သူမသည် ရှင်ချိန်ရီနှင့် မကြာခဏ စကားများခဲ့ကြဖူးသည်။

သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ရှင်ချိန်ရီ ဒုက္ခရောက်နေခြင်းကို သူမက လက်ပိုက်ကြည့်မနေနိုင်ချေ။ ထို့ကြောင့် သူမက သစ်ကိုင်းပေါ် ခုန်ချကာ သူမထံသို့ ပြေးလွှားလေသည်။

"ရှင်ချိန်ရီ. . . ရှင်ချိန်ရီ၊ ဘယ်လိုဖြစ်ရတာလဲ"

ရှင်ချိန်ရီက သူမအားမော့်ကြည့်လိုက်သည်။

သူမသည် ယို့အင်းပွေ့အား တွေ့မြင်လိုက်သောအခါ မျက်ဝန်းအစုံက တစ်ချက်ဝင်းလက်တောက်ပသွားလေသည်။

သို့သော် ထိုမျက်ဝန်းအစုံတွင် ချက်ချင်းပင်စိုးရိမ်ထိတ်လန့်သော ဟန်မူရာများပေါ် လွင်လာလေသည်။

"ယို့အင်းပွေ့. . . ပြေး. . . ပြေး. . . သူ. . . သူတို့ လာနေကြပြီ"

ယို့အင်းပွေ့က မျက်မှောင်ကြုတ်လိုက်သည်။

သူမက ရှင်ချိန်ရီပြေးလာရာသို့ တစ်ချက်လှမ်းကြည့်ကာ

"ဘယ်သူတွေလဲ"

ရှင်ချိန်ရီက မောဟိုက်နေရာမှ နှုတ်ခမ်းထောင့်မှသွေးများယိုစီး၍ ကျလာလေသည်။

"ကြယ်. . . ကြယ်တံခွန်နဲ့ တိတန်တွေ၊ နောက်ပြီး ရွှေဂိုဏ်းချုပ်ကြီးလဲ ပါလာတယ်"

ယို့အင်းပွေ့က ထိတ်လန့်သွားလေသည်။

"ဒါနဲ့ ညည်းရဲ့မြွေတွေကော"

ရှင်ချိန်ရီက တစ်ချက်မျက်နှာရှုံ့မဲ့သွားလေသည်။

"မြွေတွေက သူတို့နဲ့တိုက်ခိုက်ပြီး ကျန်ခဲ့တယ်၊ ဒါပေမဲ့ သူတို့က မကြာခင် ရောက်လာကြလိမ့်မယ်"



ယို့အင်းပွေ့က အနည်းငယ်စဉ်းစားလိုက်သည်။

သူမသည် ဤနေရာတွင် ရွှေနဂါးဂိုဏ်းချုပ်ကြီးတို့ရှိနေကြသောနေရာမှာ အတန်ကွာဝေးနေသဖြင့် မိမိတို့က လွတ်အောင်ထွက်ပြေးနိုင်လိမ့်မည်မဟုတ်ဟု နားလည်ထား၏။

သိုင်းသမားများသည် ခြေရာခံရာ၌ လွန်စွာတော်ကြ၏။ တစ်မြို့တည်းမပြောနှင့်၊ တစ်ရွာတည်းမပြောနှင့်၊ တစ်ခရိုင်တည်းမပြောနှင့် တရုတ်ပြည်တစ်ပြည်လုံးတွင်ပင် ခြေရာခံနိုင်ကြသည်။

ထို့ကြောင့် သူမက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"ရှင်ချိန်ရီ နင်ပြေးပြီ ရွှေနဂါးဂိုဏ်းချုပ်ကြီးတို့ကို အကြောင်းကြားပါ၊ ငါ ဒီမှာ သူတို့နဲ့တိုက်ခိုက်ပြီး ကျန်ခဲ့မယ်"

ရှင်ချိန်ရီက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မဖြစ်ဘူး. . . လုံးဝမဖြစ်ဘူး၊ သူတို့ကို သခင်မလေးက ယှဉ်နိုင်ပါဘူး"

ယို့အင်းပွေ့က ခေါင်းညိတ်လိုက်သည်။

သူမက ရှင်ချိန်ရီအား စေ့စေ့ကြည့်ကာ. . .

"ဒါကို ငါကသိပါတယ်၊ တကယ်လို့ ငါ့ကိုအသက်ချမ်းသာချင်တယ်ဆိုရင် ဂိုဏ်းချုပ်ကြီးဆီကို ပြေးပြီးအကြောင်းကြားပါ၊ ငါဟာဂိုဏ်းချုပ်ကြီးရဲ့သမီးပါ၊ ငါ့ဒီလိုနည်းမျိုးနဲ့ အသက်မရှင်ချင်ပါဘူး"

ရှင်ချိန်ရီသည် ယို့အင်းပွေ့က မည်သို့မှပြော၍မရမှန်းသိလိုက်သဖြင့် ရင်ဝတွင်ရရှိထားသော အတွင်းဒဏ်ရာကို လက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်အုပ်ကာ တောလမ်းအတိုင်း ပြေးထွက်ခဲ့ရလေတော့သည်။

*　*　*　*

ရှင်ချိန်ရီသည် အံကိုတင်းတင်းကြိတ်ကာ တောလမ်းကလေးအတိုင်း ပြေးလွှားလာခဲ့၏။ သူမသည် မြွေများကိုဖမ်းယူပြီးပြန်လာစဉ် တိတန်နံပါတ်တစ်နှင့် ကြယ်တံခွန်ဓားသမားတို့နှင့် ရင်ဆိုင်တွေ့ကြခြင်းဖြစ်သည်။ သူတို့နှင့်အတူ မိစ္ဆာဂိုဏ်းချုပ်ကြီးကလည်း ပါရှိလာခဲ့ရာသူမက မယုဉ်သာဘဲမြွေများနှင့် တိုက်ခိုက်စေပြီး ထွက်ပြေးခဲ့ရခြင်းဖြစ်လေသည်။

သူမ၏ ဤသို့ထွက်ပြေးလာစဉ် တိတိန်နံပါတ်တစ်၏ လက်ဝါးချက်တစ်ချက် မိခဲ့သည်။ သို့ရာတွင် သူမက မိမိ၏ဂိုဏ်းမှလူများ သိနိုင်စေရန် သတင်းပို့လိုသော ဆန္ဒများပြင်းထန်နေသဖြင့် ဝေဒနာကိုအန်တုကာ ပြေးလွှားလာခဲ့ခြင်း ဖြစ်လေသည်။

သူမက အတန်ကြာပြေးလွှားလာသောအခါ ရွှက်ကြွေသိုင်းသမား ပါထင်းစု၊ ခါးကုန်းကြီး မုကျင်းဖု၊ တိလျှံ၊ ဟိုဖေ့နှင့် ဝူးလုံတို့အား တွေ့မြင်လိုက်ရလေသည်။ ရွှက်ကြွေသိုင်းသမား ပါထင်းစုက ရှင်ချိန်ရီအားကြည့်ကာ ရင်ထိတ်သွားလေသည်။

"ရှင်ချိန်ရီ ဘာဖြစ်လာတာလဲ"

ဟု ကမန်းကတန်း မေးလိုက်လေသည်။ ရှင်ချိန်ရီက သူတို့အားတွေ့မြင်လိုက်သောအခါ ဝမ်းသာသွား၏။

"ရှင်တို့ မြန်မြန်သွားကြပါ၊ သခင်မလေး ယို့အင်းပွေ့



တိတန်မိစ္ဆာဂိုဏ်းကလူတွေက တိုက်ခိုက်နေကြပြီ"

ရွှက်ကြွေသိုင်းသမားမှာ လွန်စွာထိတ်လန့်သွားသည်။

အမှန်တွင်, သူတို့သည် သခင်မလေးယို့အင်းပွေ့တစ်ယောက်တည်း ပျောက်နေသဖြင့်စိုးရိမ်စွာ လိုက်ရှာကြစဉ်ယခုကဲ့သို့ ရှင်ချိန်ရီနှင့်ကြုံဆုံလိုက်ခြင်းဖြစ်လေသည်။

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြပြီးနောက် တောလမ်းအတိုင်း တစ်ဟုန်ထိုး ပြေးထွက်သွားကြလေတော့သည်။

*　*　*　*

ရှင်ချိန်ရီသည် ဆက်လက်ပြေးလွှားခဲ့ရာ အဆောက်အအုံ၏ ဝါးတစ်ရိုက်အကွာသို့ ရောက်ရှိလာလေသည်။

သူမက ဆက်လက်ပြေးလွှားနိုင်စွမ်းမရှိတော့ပါချေ။

သူမသည် မြေပြင်ပေါ်သို့လဲကျသွားလေသည်။ ထို့ကြောင့်

အင်္ကျီအိတ်ထဲမှ ဓားမြှောင်တစ်လက်ကိုယူကာ အဆောက်အအုံဆီသို့ အားကုန်လွှဲပေါက်လိုက်လေတော့သည်။

"ဗွိုး. . ."

ဓားမြှောင်သည် လေထဲ၌လွင့်မြောက်ထွက်သွားလေ၏။

*　*　*　*

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးယို့လုစီးနှင့် ယို့အော့လျှံတို့ သားအဖသည် အဆောက်အအုံထဲတွင် ငြိမ်သက်စွာထိုင်နေကြ၏။ ကျန်ရှိသော ဂိုဏ်းသားများကလည်း ငြိမ်သက်စွာထိုင်နေကြလေသည်။ သူတို့သည် ယို့အင်းပွေ့ ပျောက်ဆုံးနေကြောင်း သိရှိလိုက်သည့်အချိန်မှစ၍ ယခုကဲ့သို့ စိတ်သောကကြီးစွာဖြင့်ထိုင်ကာ အခြေအနေကိုစောင့်ကြည့်နေခြင်း ဖြစ်လေသည်။

ယင်းအချိန်မှာပင်. . .

"ဒေါက်. . ."

ဓားမြှောင်တစ်လက်က အားလုံးသောလူများ၏ အလယ်သို့ကျလာလေသည်။ ထိုဓားမြှောင်ကိုတွေ့မြင်လိုက်ရသည်နှင့် ယို့အော့လျှံ၏ မျက်နှာကွက်ခနဲပျက်သွားလေသည်။ သူမ အလွန်ရင်းနှီးသည့် ဓားမြှောင်ဖြစ်သည်။

"တင်. . . ဒါ. . . ဒါက ရှင်ချိန်ရှီရဲ့ဓားမြှောင်ပဲ၊ သူ တစ်ခုခုဖြစ်နေပြီထင်တယ်"

သူမသည် ပြောပြောဆိုဆိုနှင့် အဆောက်အအုံ၏အပြင်ဘက်သို့ ပြေးထွက်လာသည်။ ဂိုဏ်းချုပ်ကြီးယို့လုစီးကလည်း သူမနှင့်အတူ ပြေးထွက်လာရတော့သည်။ ယို့အော့လျှံက အဆောက်အအုံအပြင်သို့ ရောက်ရှိလာသည်နှင့် အဝေးတွင် လူတစ်ယောက်လဲကျနေခြင်းကို တွေ့မြင်လိုက်ရသည်။ သူမက ရှင်ချိန်ရှီဖြစ်ကြောင်း ချက်ချင်းပင်သိရှိလိုက်၏။

ထို့ကြောင့် သူမက အော်ဟစ်၍ ပြေးလွှားသွားလေ၏။

"ရှင်ချိန်ရှီ. . . ရှင်ချိန်ရှီ. . . ညီမရယ် ဘယ်လိုများ ဖြစ်ရ



တာလဲကွယ်"

မကြာမီ သူမက ရှင်ချိန်ရှီ၏အနီးသို့ရောက်ရှိလာလေသည်။ ရှင်ချိန်ရှီက အားယူကာ လူးလဲထထိုင်လိုက်၏။ ပြန်လဲကျသွားသဖြင့် ယို့အော့လျှံက ပွေ့ဖက်လိုက်ရသည်။

"သ. . . သခင်မလေး ဟို. . . ဟိုမှာ ကိုးနဂါးသခင်မလေးနဲ့ တိတန်နံပါတ်တစ်ဂိုဏ်းကလူတွေ တိုက်ခိုက်နေကြလောက်ပြီ"

ထိုစကားကြောင့် ယို့အော့လျှံက ထိတ်လန့်သွား၏။

ရွှေနဂါးဂိုဏ်းချုပ်ကြီးယို့လုစီးကမူ မဲ့ပြုံးပြုံးလိုက်သည်။

သူက ခါးကြားထဲတွင် ထည့်ထားသောပုဆိန်နှစ်လက်ကို ထုတ်ယူကာဝှေ့ယမ်း၍ ပြေးထွက်သွားသည်။

"မိစ္ဆာဂိုဏ်းက လူယုတ်မာတွေလား၊ အေး. . . ငါကမင်းတို့ကို ဒီကစောင့်နေတာကွ"

သူ့နောက်မှ ရွှေနဂါးဂိုဏ်းသားများက ပြေးလိုက်သွားကြလေသည်။ ယို့အော့လျှံက တွေဝေငေးငိုင်နေ၏။

သူမသည် အားလုံးသောလူများနှင့်အတူ ပြေးလိုက်သွားကာမိစ္ဆာဂိုဏ်းမှ လူများအားတိုက်ခိုက်လိုသော်လည်း ရှင်ချိန်ရှီအတွက် နောက်ဆံတင်းနေမိလေသည်။ ရှင်ချိန်ရှီက သူမ၏ခံစားမှုကို ကောင်းစွာသဘောပေါက်နားလည်လိုက်လေသည်။

"သခင်မလေး. . . မြန်မြန်သွားပါ၊ ကိုးနဂါးသခင်လေးအတွက်စိုးရိမ်ရတယ်နော်"

ယို့အော့လျှံက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျာပွတ်ကိုဆွဲထုတ်လိုက်၏။

ထို့နောက်. . .

တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

* * * *

ယို့အင်းပွေသည် ရှင်ချိန်ရိက ပြေးလွှားထွက်ခွာသွားပြီးနောက် တောလမ်းကလေးပေါ်တွင် မတ်တက်ရပ်ကာအခြေအနေကိုစောင့်ကြည့်နေ၏။ သူမက တစ်ခဏကြာအောင် စောင့်ကြည့်နေပြီးသောအခါ လူနှစ်ယောက်ရှေ့ဆင့်နောက်ဆင့် ပြေးလွှားလိုက်လာကြလေသည်။ တိတန်နံပါတ်တစ်နှင့်ကြယ်တံခွန်ဓားသမား တို့ပင်ဖြစ်ကြသည်။

သူတို့သည် ယို့အင်းပွေအားတွေ့မြင်လိုက်သော အခါခြေလှမ်းရပ်တန့်လိုက်ကြသည်။ သူတို့က ယို့အင်းပွေအား စိုက်ကြည့်လိုက်၏။

တစ်ခဏကြာမှ ကြယ်တံခွန်ဓားသမားက သူ့အား မှတ်မိလိုက်သည်။

"သြော်. . . ကိုးနဂါးသခင်မလေးကိုး"

ယို့အင်းပွေက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ရှင်တို့က မိန်းကလေးတစ်ယောက်ကို ဝိုင်းပြီးတိုက်ခိုက်ကြတာ မရှက်ကြဘူးလား"



တိတန်နံပါတ်တစ်နှင့် ကြယ်တံခွန်ဓားသမားတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ထို့နောက် အားပါးတရရယ်မောလိုက်ကြလေသည်။

"ဟား. . . ဟား. . . ဟား. . . ကျုပ်တို့က သူတစ်ယောက်တည်းကို ဝိုင်းတိုက်ခိုက်ကြတာ မဟုတ်ပါဘူး၊ သူ့ရဲ့မြွေတွေကိုပါ တိုက်ခိုက်ကြတာလေ၊ ဒါကြောင့် ကျုပ်တို့ကိုတောင်မှ အင်အားနည်းပါသေးတယ်၊ အဆိပ်ပြင်းတဲ့မြွေတွေနဲ့ တိုက်ခိုက်တဲ့အဘွက် မင်းတို့တောင် ရှက်ဖို့ကောင်းသေးတယ်"

ကြယ်တံခွန်ဓားသမား၏စကားကြောင့် ယို့အင်းပွေက ခြေထောက်တစ်ဖက်ဆောင့်လိုက်သည်။ သူမက နှာခေါင်းတစ်ချက်ရှုံ့ကာ ကြယ်တံခွန်ဓားသမား အားကြည့်လိုက်၏။

"ကောင်းပြီလေ၊ ဒါဆိုရင် ရှင်နဲ့ကျွန်မ ယှဉ်ကြမယ်"

ကြယ်တံခွန်ဓားသမား၏ မျက်နှာကွက်ခနဲပျက်သွားသည်။ သူသည် ယို့အင်းပွေမှာ အသက်ငယ်သော်လည်း ကိုးနဂါးဓားပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ထားသဖြင့် သိုင်းပညာအဆင့်မသေးကြောင်း သိရှိထားသည်။

ထို့ကြောင့်. . .

သူကတွေဝေသွားသည်။ ယို့အင်းပွေက မဲ့ပြုံးပြုံးလိုက်၏။

"ဘယ်လိုလဲ၊ ရှင်တို့က မိန်းကလေးတစ်ယောက်ကို နှစ်ယောက်ပေါင်းပြီးတိုက်ခိုက်ရမှ တိုက်ခိုက်ရဲတာမဟုတ်လား၊ ဒါဆိုရင်လဲ နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ပါလေ၊ ကျွန်မ ရှင်တို့နှစ်ယောက်အားရင့်မာကြီးတွေကို အကျော့ပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားကြောင့် ကြယ်တံခွန်ဓားသမား၏မျက်နှာ တစ်ခုလုံးမှာ မည်းမှောင်သွားသည်။ သူက ခြေထောက်တစ်ချက်ဆောင့်ကာ အော်ငေါက်လိုက်သည်။

"ဒီလောက်တောင် အပြောကြီးတဲ့မိန်းကလေး သေဖို့သာ ပြင်ပေတော့၊ မင်းနဲ့ကျုပ် နှစ်ယောက်တည်း တိုက်မယ်"

ယို့အင်းပွေက ရယ်မောလိုက်သည်။

"ရှင်က ဘယ်ဆိုးလို့တုန်း၊ ကောင်းပြီ၊ ကျွန်မက အခုဓား တစ်ချောင်းလိုတယ်၊ အဲဒီလို သိုင်းသမားမျိုးကို ကျွန်မကတွေ့ချင်တာရှင့်"

တိတန်နံပါတ်တစ်က သူ၏ခါးမှဓားကို ဆွဲထုတ်လိုက်သည်။ ထို့နောက် တစ်ချက်လှုပ်ခါလိုက်ရာ ဓားနှစ်ချောင်းဖြစ်သွား၏။ သူ၏ဓားမှ နှစ်ချောင်းအနက်တစ်ချောင်းကို ယို့အင်းပွေထံသို့ ပစ်ပေးလိုက်သည်။

ယို့အင်းပွေက လေထဲတွင်လှပစွာပျံဝဲရင်း ထိုဓားကိုဖမ်းယူလိုက်၏။ ထိုဓားသည် အရှည်ခုနှစ်ပေခန့်ရှိပြီး ဓားသွားမှာ ပျော့ပျောင်း၍ ပါးလွှာလှပေသည်။

ထိုဓားမျိုးမှာ မကိုင်ဖူးလျှင် ကိုင်သူဒုက္ခပြန်ပေးတတ်သည်။ သူမက ဓားကိုတစ်ချက်ဝှေ့ယမ်းလိုက်သည်။

သူမက ကျေနပ်စွာပြုံးလိုက်၏။

"အားပါး... တကယ်ကောင်းတဲ့ ဓားပဲ၊ ကျွန်မကျေးဇူးတင်ပါတယ်ရှင်၊ ကြယ်တံခွန်... ကျွန်မဘက်ကအခုအဆင်သင့် ရှိနေပါပြီ"



ကြယ်တံခွန်ဓားသမားက သူမအားစိုက်ကြည့်လိုက်၏။

"ကဲ... မင်းဘက်က အဆင်သင့်ရှိတယ်ဆိုရင် ကျုပ်ကလဲ မင်းကို တိုက်ခိုက်တော့မယ်၊ သတိထားပါ"

သူကပြောရင်း ယို့အင်းပွေအားဓားဖြင့် တိုက်ခိုက်လေတော့၏။ ယို့အင်းပွေကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူမသည် ဓားကို လေးလေးနှင့်မှန်မှန် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သို့သော် သူမ၏ ဓားတစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် ဓားရိပ်များ ဖြာထွက်သွားသည်။

ကြယ်တံခွန်ဓားသမား ရင်ထိတ်သွား၏။

"ကိုးနဂါးဓား"

သူက ထိတ်လန့်စွာအော်ဟစ်လိုက်၏။ ယို့အင်းပွေက ရယ်မောလိုက်၏။

"ကိုးနဂါးသခင်မလေးက ကိုးနဂါးဓားကွက်ကို အသုံးပြုတာ မဆန်းပါဘူး၊ ရှင်တို့ကသာ တရုတ်လူမျိုးဖြစ်ပြီး တိတန်တွေနဲ့ ပူးပေါင်းတာ ဆန်းနေတာပါ"

ကြယ်တံခွန်ဓားသမားက သူမ၏စကားကို တုံ့ပြန်ပြောဆိုနိုင်ခြင်း မရှိပါချေ။ သူသည် ဓားကို ရေပက်မဝင်အောင် ဝှေ့ယမ်းကာ ယို့အင်းပွေ၏ဓားကို ကာကွယ်နေရသည်။

ယို့အင်းပွေသည် တကယ်တိုက်သောအခါ တကယ်တော်သောသခင်မလေး ဖြစ်နေချင်သည်တကား။

ဤသို့ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် အပြန်အလှန် တိုက်ခိုက်နေကြတော့၏။ ရွက်ကြွေသိုင်းသမား ပါထင်းစု၊ မုကျင်းဖု၊ တိလျှံ၊ ဟိုဖေ့နှင့် ဝူးလုံတို့သည် တောလမ်းအတိုင်း ပြေးလာကြလေ၏။

သူတို့သည် အတန်ကြာပြေးလွှားသောအခါ ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်ရလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

သူတို့ပြေးလွှားသော တောလမ်းကလေးပေါ်တွင် လူတစ်ယောက်က ပိတ်ဆို့ဟန့်တားသည်ကိုတွေ့မြင်လိုက်ရသောကြောင့်တည်း။ ထိုသူ မည်သူနည်း။ မည်ကဲ့သို့သောရန်သူနည်း။

တွေ့မြင်ရသောအခါ ထည်ထည်ဝါဝါထွားထွားကျိုင်းကျိုင်းကြီး မဟုတ်ချေ။ ထိုလူသည် ခန္ဓာကိုယ်သေးသွယ်၍ ဝတ်စုံကိုဝတ်ဆင်ထားသည်။ သူ၏ခန္ဓာကိုယ်မှ အေးစက်သောအငွေ့အသက်များထွက်ပေါ်နေလေသည်။ ပါထင်းစုတို့အားလုံးက ထိုလူအား တွေ့မြင်လိုက်ကြသည်နှင့် တိတန် မိစ္ဆာဂိုဏ်းချုပ်ကြီးဖြစ်ကြောင်း နားလည်လိုက်ကြ၏။ သူတို့အားလုံး၏ရင်ထဲ၌ ခဲများဆွဲထားသကဲ့သို့ လေးပင်လာကြသည်။

သို့သော်. . .

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ



ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။ ယင်းနောက် မိစ္ဆာဂိုဏ်းချုပ်ကြီးအား ဝိုင်း၍တိုက်ခိုက် လိုက်ကြလေတော့သည်။

* * * *

တိတန်နံပါတစ်သည် ကြယ်တံခွန်ဓားသမားနှင့် ယို့အင်းပွေတို့၏ တိုက်ပွဲကိုဘေးမှ အကဲခတ်ကြည့်နေလေသည်။

အမှန်တွင် သူသည် ကိုးနဂါးဂိုဏ်းမှဓားပညာမှာ အလွန်အစွမ်းထက်ကြောင်း ကြားသိခဲ့ဖူးသည်။

ယင်းကြောင့်လည်း မိစ္ဆာဂိုဏ်းချုပ်ကြီးက ကိုးနဂါးဂိုဏ်းအား နောက်ဆုံးကျမှ သိမ်းပိုက်တိုက်ခိုက်ရန် ရည်ရွယ်ထားလေသည်။ ထို့ကြောင့် သူက ကိုးနဂါးဓားပညာအား အကဲခတ်လိုသဖြင့် နံဘေးမှ စောင့်ကြည့်နေခြင်းဖြစ်သည်။

ယခု ယို့အင်းပွေ၏ လက်ထဲမှဓားသည် ကိုးချောင်းတိတိဖြင့် တိုက်ခိုက်နေသကဲ့သို့ ဖြာထွက်နေ၏။ ထိုဓားရိပ်ထဲမှ မည်သည့်ဓားက အစစ်အမှန်ဖြစ်ကြောင်း ခွဲခြား၍မရပါချေ။

ယင်းကြောင့် ကြောက်မက်ဖွယ်ရာကောင်းအောင် သတိကြီးစွာထားနေရလေသည်။ တိတန်နံပါတစ်က ကြယ်တံခွန်ဓားသမားမှာ အခြေအနေမဟန်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့်. . .

သူက ဓားကို ငွေ့ယမ်းကာ ခုန်ဝင်၍တိုက်ခိုက်လိုက်၏။

ယို့အင်းပွေက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အ. . . ဟင်း. . . ဟင်း. . . နောက်ဆုံးတော့လဲ ရှင်တို့ရဲ့ အမြီးတွေက မလုံနိုင်ပါဘူး။ တိရိစ္ဆာန်တွေလို တစ်ယောက်တည်းကိုဝိုင်းပြီး တိုက်ခိုက်ချင်ကြတာပဲကိုး"

သူမကပြောပြီး ပြန်လည်တိုက်ခိုက်လိုက်လေသည်။

မည်သို့ဆိုစေ. . .

တိတန်နံပါတ်တစ် ဝင်ရောက်လာသည်နှင့် တိုက်ပွဲ၏အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍သွားလေတော့သည်။

* * * *

တိတန်နံပါတ်စ်နှင့် ကြယ်တံခွန်ဓားသမားတို့က ယို့အင်းပွေအား ဖိ၍တိုက်ခိုက်နေကြလေသည်။ နှစ်ယောက်နှင့်တစ်ယောက်တိုက်ခိုက်ခြင်းမှာ အလေးချိန်ခွင်လျှာ ပြောင်းလဲသွားခြင်းပင် မဟုတ်ပါလား။ ယို့အင်းပွေက လူးလဲကာ ရှောင်တိမ်းနေသည်။

ထိုအချိန်၌. . .

ကျာပွတ်တံတစ်ချက် ရုတ်တရက်ထွက်ပေါ်လာကာ ယို့အင်းပွေအား ဖိ၍တိုက်ခိုက်နေသော ကြယ်တံခွန်ဓားသမား၏လက်ကို ရစ်ပတ်ထားလိုက်လေတော့သည်။

"ရွှမ်း. . ."

ကြယ်တံခွန်ဓားသမား ထိတ်လန့်တကြားဖြစ်ကာ နောက်သို့ခုန်ဆုတ်သွားလိုက်ရ၏။ သူ ဤသို့ခုန်ဆုတ်လိုက်ပြီးမှ ဤသို့ခုန်ဆုတ်ခြင်းသည် သူ့အတွက် အလွန်တရာမှားယွင်းသွားပြီဟု



နားလည်လိုက်သည်။

အကြောင်းကား. . .

သူ ခုန်ဆုတ်လိုက်သည့် လမ်းခရီးတွင် အေးစက်စက်အငွေ့အသက်တစ်ခုက ပြေးဝင်လာခြင်းကို တွေ့မြင်လိုက်ရသည်ဟု ထင်ပါသည်။ သူက ထိတ်လန့်သွားမိသည်။

သူသည်ဘေးသို့ လှိမ့်ထွက်ရန် ဟန်ပြင်လိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်. . .

ကြီးမားလှသော ပုဆိန်ကြီးတစ်လက်က သူ၏ဦးခေါင်းအား ခုတ်ချလိုက်လေတော့သည်။

"အား. . ."

ကြယ်တံခွန်ဓားသမားက မည်သို့မျှရှောင်တိမ်း၍ မရနိုင်တော့ဘဲ မြေပြင်ပေါ်သို့လဲကျကာ သေဆုံးသွားရလေတော့သည်။

* * * *

တိတန်နံပါတ်တစ်သည် ကြယ်တံခွန်ဓားသမား၏အဖြစ်အပျက်ကိုကြည့်ကာ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားသည်။ သေခြင်းတရားကတော့မဆန်းပါ။ သေရပုံကဆန်းလှ၏။ ကြယ်တံခွန်ဓားသမား၏ ဦးခေါင်းနှစ်ခြမ်းသည် ကွဲထွက်သွားသည်။ သူသည် ဓားကိုဝှေ့ယမ်းလျက် ပုဆိန်ဖြင့်ခုတ်ချလိုက်သော ယို့လုစီအား တိုက်ခိုက်လိုက်သည်။ ဂိုဏ်းချုပ်ကြီးယို့လုစီးက မဲ့ပြုံးပြုံးလိုက်၏။

"ကနေ့ မိစ္ဆာဂိုဏ်းကလူတွေအကုန်လုံး သေရမယ်လို့ ကျုပ် ပြောမယ်"

သူကပြောပြီး ပုဆိန်ဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ တိတန်နံပါတ်တစ်ကလည်း ပြင်းပြင်းထန်ထန်ပြန်လည်ခုခံရတော့သည်။

*   *   *   *

တိုက်ပွဲသည် ပြင်းထန်နေသည်။ ရွှက်ကြွေသိုင်းသမား ပါထင်းစု၊ မုကျင်းဖု၊ ဟိုဖွေ၊ ဝူးလံနှင့် တိလျှံတို့သည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြသည်။

သို့သော်. . .

သူတို့သည် ယနေ့အချိန်အထိ မိစ္ဆာဂိုဏ်းချုပ်ကြီး၏အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်စွမ်း မရှိသေးချေ။

မိစ္ဆာဂိုဏ်းချုပ်ကြီးက သူတို့အားကြည့်ကာ မဲ့ပြုံးပြုံးလိုက်သည်။ ယင်းအချိန်မှာပင်. . .

"အား"

စူးရှနက်ရှိုင်းသော အသံတစ်ခုက ညဉ့်၏အမှောင်ထုကို ထိုးဖောက်ကာထွက်ပေါ်လာခြင်းကို ကြားလိုက်ရလေသည်။

မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူမသည် ဤအသံမှာ ကြယ်တံခွန်ဓားသမား၏အသံဖြစ်ကြောင်း ကောင်းစွာသိရှိလိုက်သည်။ သူမ၏ရင်ထဲ၌ နာကျင်ခံပြင်းလာမိလေသည်။ ကြယ်တံခွန်ဓားသမားသည် သူမ၏မမြင်တွေ့လိုက်ရသော မိခင်နှင့်ဖခင်တို့ကိုယ်စား သူမအားပြုစုစောင့်ရှောက်ခဲ့သောကြောင့် ကြယ်တံခွန်ဓားသမားကို သူမသံယောဇဉ်အရှိဆုံး



လူတစ်ယောက်ဖြစ်နေရသည်။ ယခုကြယ်တံခွန်ဓားသမားက သေဆုံးခဲ့ပြန်ချေပြီ။ သူမ၏မျက်နှာတစ်ခုလုံးမှာ အေးစက်တောင့်တင်းလာလေသည်။ သူမက အင်္ကျီအိတ်ထဲသို့လက်နှိုက်လိုက်၏။

သူမ၏လက်က ပြန်လည်ထွက်လာသောအခါ ကြိုးခွေတစ်ခုပါရှိလာလေသည်။ ကြိုးခွေလေးသည် အလွန်သေး၍သံမဏိကြိုးပျော့လေးဖြစ်၏။ သူမက ယင်းကြိုးခွေလေး၏တစ်ဖက်စွန်းတွင် ဓားကောက်များ ချိတ်ဆွဲထားလေသည်။

သူမသည် ယခုကြိုးခွေစနှစ်ခုကို လက်နှစ်ဖက်ဖြင့် စတင်ဆွဲယမ်းလိုက်ပြီ ဖြစ်လေတော့သည်။

*   *   *   *

တိတန်နံပါတ်တစ်နှင့် ယို့လုစီးတို့သည် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြသည်။ သူတို့သည် ဖိတ်သီးသိုင်းသမားများ ဖြစ်ကြသဖြင့် လူရိပ်များကိုသာ တွေ့မြင်နေရ၏။

ယို့အော့လျှံက ဖခင်ဖြစ်သူအား စိုးရိမ်စွာဖြင့်ကြည့်ရင်း ကျွာပွတ်ကို အသင့်ကိုင်ဆောင်ထားသည်။

ယို့အင်းပွေကလည်း တိတန်နံပါတ်တစ်၏ဓားကို အသင့်ကိုင်ဆောင်ထားသည်။ ထိုအချိန်၌. . .

သူမက ရုတ်တရက်ပျောက်ဆုံးနေသော မိစ္ဆာဂိုဏ်းချုပ်ကြီးအား သတိရလိုက်သည်။

တစ်ဆက်တည်းမှာပင်. . .

www.burmeseclassic.com

www.burmeseclassic.com



အဲတွင်းဒဏ်ရာရရှိထားသော ရှင်ချိန်ရီအား သတိရလိုက်မိ၏။ သူမက ရှင်ချိန်ရီအတွက် စိုးရိမ်လာမိလေသည်။ အကယ်၍သာ ရှင်ချိန်ရီက မိစ္ဆာဂိုဏ်းချုပ်ကြီးနှင့် ရင်ဆိုင်တိုးမိပါလျှင် သူမအတွက် သက်သာမည်မဟုတ်ပါချေ။ ထို့ကြောင့်. . .

သူမက အားကုန်ပြေးလွှားလာခဲ့လေသည်။

သူမသည် အတန်ကြာပြေးလာမိသောအခါ မြက်ရိုင်းလွင်ပြင်ဆီသို့ ရောက်ရှိလာ၏။ ထိုအခါ ရှင်ချိန်ရီက ခြေလှမ်းဒယီးဒယိုင်ဖြင့် လျှောက်လာနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ရှင်ချိန်ရီကလည်း သူမအားတွေ့မြင်လိုက်၏။

"ယို့သဲခင်မလေး ဘာမှမဖြစ်ဘူးနော်"

ယို့အင်းပွေက ခေါင်းညိတ်လိုက်သည်။

"ညည်းကော. . ."

ရှင်ချိန်ရီက မချိပြုံးလိုက်၏။

"ကျွန်မရဲ့ရင်ဘတ်မှာ လက်ဝါးဒဏ်ရာတစ်ချက်ရထားတယ်"

ယို့အင်းပွေက သူမအတွက် စိုးရိမ်သွားလေသည်။

သူမက ရှင်ချိန်ရီအား ထိုင်စေကာအတွင်းအားဖြင့် ကုသပေးနေလေတော့သည်။

*  *  *  *

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် သံမဏိကြိုးနှစ်ချောင်းကို အ



ဆက်မပြတ် ဝှေ့ယမ်းနေသည်။

"ဝိုး. . . ဝိုး. . . ဝိုး"

လေတိုးသံများသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။ ပါထင်းစု၊ မုကျင်းဖု၊ တိလျှံ၊ ဝူးလုံနှင့် ဟိုဖေ့တို့သည် ပခုံးချင်းယှဉ်ကာ ရပ်တန့်လိုက်ကြ၏။ သူတို့သည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏သိုင်းပညာ အဆင့်မြင့်ကြောင်းသိရှိထားသည်။ သို့သော်. . .

သူတို့သည် အသက်သေဆုံးသည်အထိ မိစ္ဆာဂိုဏ်းချုပ်ကြီးအား နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်သွားမည်ဟု ဆုံးဖြတ်ထားကြသည်။ ထို့ကြောင့် တုန်လှုပ်ခြင်းမရှိဘဲ သူတို့က ရင်မပေါ်တန်း၍ရပ်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားခြင်းပင်ဖြစ်သည်။

ထိုအချိန်မှာပင်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးထံမှ အလင်းတန်းများဖြာထွက်လာလေသည်။ ပါထင်းစုနှင့် မုကျင်းဖုတို့က ဓားကိုဝှေ့ယမ်းကာကွယ်လိုက်၏။ ထိုအခါ. . .

သံ-သံချင်းထိသံများ ပေါ်လွင်လာလေသည်။

တစ်ချိန်တည်းမှာပင်. . .

သူတို့၏ဓားများသည် တစ်စုံတစ်ရာကချိတ်ဆွဲထားခြင်းကိုခံလိုက်ရ၏။ သူတို့က အံ့သြထိတ်လန့်သွားကာ ငုံ့ကြည့်လိုက်သည်။ ထိုအခါ ဓားကောက်နှစ်လက်ဖြစ်နေကြောင်း တွေ့မြင်လိုက်ရလေသည်။

ထိုအချိန်လေးမှာပင်. . .

ရုတ်တရက် မိစ္ဆာဂိုဏ်းချုပ်ကြီး၏ခန္ဓာကိုယ်က လေ၏အ

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဖြင့် သူတို့ထံသို့ခုန်ပျံကာ ရောက်ရှိလာ၏။

သူတို့က ထိတ်လန့်သွားကာ နောက်သို့ခုန်ဆုတ်ရန် ဟန်ပြင်လိုက်မိကြသည်။

သို့သော်. . .

နောက်ကျသွားချေပြီ။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏လက်ဝါးနှစ်ဖက်သည် သူတို့၏ရင်ဝဆီသို့ ပြင်းထန်စွာရောက်ရှိလာလေသည်၊ လျှင်မြန်လိုက်သည့် ဖြစ်ခြင်း။

"ဝုန်း. . ."

"ဝုန်း. . ."

မုကျင်းဖုနှင့် ပါထင်းစုတို့သည် အဝေးသို့လွင့်စဉ်ကာ အရပ်ကြီးပြုတ်လဲကျသွားလေသည်။ သူတို့၏ပါးစပ်ထဲမှ သွေးများအန်ထွက်လာကြပြီး တစ်ချက်လူးလွန့်ပြီးနောက် ခေါင်းငိုက်စိုက်ကျသွားလေ၏။ တိလျှံ၊ ဟိုဖေ့နှင့် ဝူးလုံတို့က သိုင်းကွက်တစ်ကွက်တည်းဖြင့် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သောရှက်ကြေ့သိုင်းသမားနှင့် မုကျင်းဖုတို့အား အသေသတ်လိုက်နိုင်သည့်အတွက် အံ့ဩထိတ်လန့်သွားကြသည်။

သို့သော်. . .

သူတို့က နောက်ဆုတ်ပြေးရန် မစဉ်းစားမိကြပါချေ။

သူတို့သည် တိတန်မိစ္ဆာဂိုဏ်းချုပ်အား ကြိုဂံသဏ္ဌာန်ဝိုင်းရံထားလိုက်ကြသည်။ ထို့နောက်. . .

ဓားကိုယ်စီ ဝှေ့ယမ်းကာခုန်ဝင်၍ တိုက်ခိုက်လိုက်ကြ၏။

မိစ္ဆာဂိုဏ်းချုပ်ကြီးက မဲ့ပြုံးပြုံးလိုက်၏။



"မင်းတို့က ကျုပ်ကို ဝိုင်းတိုက်ချင်ကြတာပဲကိုး၊ ရတယ် ရတယ်"

သူက လက်ကို အဆက်မပြတ်ဝှေ့ယမ်းလိုက်သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

ဓားကောက်နှစ်လက်သည် တိလျှံတို့ သုံးယောက်၏လက်ထဲမှဓားများကို ရိုက်ထုတ်လိုက်လေသည်။

"ချလွမ်. . . ချလွမ်. . . ချလွမ်"

ဓားသုံးလက်သည် မြေပြင်ပေါ်သို့ပြုတ်ကျသွားလေ၏။

တိလျှံ၊ ဝူးလုံနှင့်ဟိုဖေ့တို့သုံးယောက်သည် မိမိတို့၏ထုံကျဉ်သွားသည့် လက်များကို ဖိဆုပ်ကိုင်ရင်း နောက်သို့ဆုတ်သွားကြသည်။ တိတန်ဂိုဏ်းချုပ်ကြီး၏အတွင်းအားသည် မယုံနိုင်လောက်အောင် ပြင်းထန်လှသည်။ ယင်းတဒင်္ဂအချိန်လေးမှာပင်.

ဓားကောက်နှစ်လက်က တိလျှံနှင့် ဝူးလုံတို့၏ရင်ဝသို့ ပြေးလွင့်စိုက်ဝင်သွားကြလေသည်။ ဟိုဖေ့က အံကိုတင်းတင်းကြိတ်လိုက်သည်။

"ယား. . ."

သူက မာန်သွင်းအော်ဟစ်ကာ မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်သည်။ ရှိသမျှ အတွင်းအားကိုသုံး၍ ခုန်ဝင်ခြင်းဖြစ်သည်။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးက မဲ့ပြုံးပြုံးက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

ထိုအခါ မမြင်ရသောအင်အားတစ်ခုက ဟို ဖေ့၏ရင်ဝသို့ ပြေးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း. . ."

ဟိုဖေ့သည် သံတူတစ်လက်နှင့် ထုရိုက်ခံလိုက်ရသည့်အလား အရုပ်ကြိုးပြတ်လဲကျ သေဆုံးသွားလေတော့သည်။

"ဟား. . . ဟား. . . ဟား"

မိစ္ဆာဂိုဏ်းချုပ်ကြီးက အားပါးတရ ရယ်မောလိုက်လေတော့၏။ သူ့ရယ်သံသည် တောယံတစ်ခုလုံးသို့ လွင့်ပျံ့အုပ်စိုးသွားသည်။

✻✻ ✻ ✻ ✻ ✻



## အခန်း (၁၃)

## ကျောက်စိမ်းမြွေ

ယို့အင်းပွေသည် ရှင်ချိန်ရီအား အတွင်းအားဖြင့် ကုသလိုက်သဖြင့် ရှင်ချိန်ရီမှာ လူကောင်းပကတိ ဖြစ်သွားသည်။ ရှင်ချိန်ရီက သူမအား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

"ကျွန်မကို အခုလို အတွင်းအားနဲ့ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အရေးကြီးရင်း သွေးနီးမှအကူအညီရတယ်ဆိုတာ ကျွန်မသိပြီ"

ယို့အင်းမွေက ခေါင်းခါယမ်းလိုက်သည်။

"ငါတို့ဟာ တစ်ခရီးတည်းသွားနေကြတဲ့ မိတ်ဆွေတွေပဲ၊ ဘာဖြစ်လို့ သူစိမ်းဆန်တဲ့စကားတွေ ပြောနေဦးမှာလဲ၊ မပြောပါနဲ့၊ ပြောမှားဆိုမှား ဆိုတာရှိမှာပဲ"

ရှင်ချိန်ရီက ပြုံးလိုက်မိသည်။ သူမက ဖြည်းညင်းစွာထရပ်လိုက်၏။ ရုတ်တရက် သူမ၏ရင်ဝတွင် စူးရှနာကျင်သော ဝေဒနာကြောင့် လဲပြိုကျသွားလေသည်။ ယို့အင်းပွေက ကမန်းကတန်း ထိန်းထားလိုက်ရ၏။ သူမက ရှင်ချိန်ရီအား ကရုဏာသက်စွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

"နင် ဘယ်လိုနေသေးလဲ ဟင်၊ အတွင်းအားနဲ့ ထပ်ပြီးကုပေးမယ်"

ရှင်ချိန်ရီက မချိပြုံးပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"အို. . . မကုပါနဲ့တော့၊ ကျွန်မက သက်သာနေပါပြီ"

အမှန်တွင် သူမသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏အဝေးမှ လှမ်းရိုက်လိုက်သော လက်ဝါးရိုက်ချက်သည် သူမ၏အသည်းနှလုံးအား တိုက်ရိုက်ထိမှန်သွားပြီမှာ နားလည်လိုက်သည်။

သို့သော်. . .

သူမက ယို့အင်းပွေ့အနေဖြင့် အတွင်းအားနှင့်ဆက်၍ကုသပေးပါလျှင် အတွင်းအားအလဟဿ ဆုံးရှုံးမည်ဟုနားလည်ထားသဖြင့် ယခုကဲ့သို့ ပြောလိုက်ခြင်းဖြစ်လေသည်။ သူမ မည်မျှကုသဖြစ်စေ. . . သူမကတော့ အသက်မရှည်နိုင်တော့ပေ။

ထိုအချိန်၌ မိစ္ဆာဂိုဏ်းချုပ်ကြီး၏ရယ်မောသံက ကျယ်လောင်စွာဖြင့် ထွက်ပေါ်လာသည်။

"ဟား. . . ဟား. . . ဟား"

စူးရှအက်ကွဲသော ရယ်မောသံကြောင့် ယို့အင်းပွေ့နှင့် ရှင်ချိန်ရီတို့၏ ကျောပြင်တစ်လျှောက် အေးစိမ့်သွားမိကြ၏။

ထိုရယ်မောသံသည် မိမိတို့ဘက်ဆီသို့ ဦးတည်ရွေ့လျားနေကြောင်း သဘောပေါက်လိုက်ကြသည်။ ယို့အင်းပွေ့က ရှင်ချိန်ရီအား စိုးရိမ်စွာဖြင့် ကြည့်လိုက်၏။

"ရှင်ချိန်ရီ. . . ညည်းက ဒီမြက်ပင်ရှည်တွေထဲမှာ ဝင်ပုန်းနေပါ၊ ငါသူနဲ့ရင်ဆိုင်မယ်"



သူမကပြောပြီး ရယ်မောသံထွက်ပေါ်လာရာသို့ ပြေးသွားရန်ဟန်ပြင်လိုက်လေသည်။ ရှင်ချိန်ရီက သူမ၏လက်ကို ဖမ်းချုပ်ဆွဲထားလိုက်သည်။ သူမသည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏အစွမ်းကို ကောင်းစွာသိထားသည်။

"သခင်မလေး. . . ဒီလို အလဟဿ သေဆုံးရမယ့်အလုပ်မျိုးကို မလုပ်ပါနဲ့၊ သခင်မလေးက သူ့ကိုမနိုင်ပါဘူး"

ယို့အင်းပွေ့က အံကိုတင်းတင်းကြိတ်လိုက်သည်။

"အို. . . မနိုင်ရင်နေပါစေ၊ ငါက သူ့ကိုနောက်ဆုံးသွေးတစ်စက်ကျန်တဲ့အထိ တိုက်ခိုက်မယ်၊ သိုင်းသမားဆိုတာ သိတယ်မဟုတ်လား၊ ဘယ်သိုင်းသမားမှ အသက်ကိုတန်ဖိုးမထားဘူး"

ရှင်ချိန်ရီက ခေါင်းခါယမ်းလိုက်၏။

"အို. . . မလုပ်ပါနဲ့၊ လာပါ. . . ကျွန်မတို့ခဏရှောင်နေကြမယ်"

ရှင်ချိန်ရီသည် ယို့အင်းပွေ့ကို အတင်းပင်ဆွဲခေါ်ပြီး မြက်ပင်ရှည်ကြီးများ အတွင်းသို့တွန်းပို့ထည့်သွင်းလိုက်သည်။ ယို့အင်းပွေ့ရော ရှင်ချိန်ရီမှာ မြက်ခင်းကျယ်ကြီးအတွင်းကျရောက် ပျောက်ကွယ်သွားကြသည်။

* * * *

"ဟား. . . ဟား. . . ဟား"

www.burmeseclassic.com

www.burmeseclassic.com



တီတန်မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ရယ်မောရင်းပြေးလွှားလာ၏။ သူမ၏ရယ်မောသံတွင် နာကြည်းခံပြင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်းစသည်များ ရောစွက်နေသည်။ သူမသည် ကြယ်တံခွန်ဓားသမား၏အသံကြားရာဆီသို့ ပြေးလွှားလာနေခြင်းပင်ဖြစ်လေသည်။

ရုတ်တရက် သူမ၏မျက်ဝန်းထောင့်ရိပ်တွင် မြက် ရိုင်းလွင်ပြင်ထဲသို့ ပြေးဝင်သွားသော အရိပ်တစ်ခုကို တွေ့မြင်လိုက်ရသည်။ သူမက မဲ့ပြုံးပြုံးကာ ခြေလှမ်းရပ်တန့်လိုက်၏။

သူမသည် ဤနေရာသို့လာ၍ တိုက်ခိုက်ရန်ကောင်းကျူးအား စီစီနှင့် ထားခဲ့ရသည်။ ဤသည့်မှာ သူမ၏အသည်းနှလုံးကိုနင်းခြေလိုက်သည့်အလား ခံစားနေရသည်။

ထို့ကြောင့် သူမက မိမိစုတေးခဲ့ရသော အသည်းနှလုံးကိုအလဟဿအဖြစ်မခံနိုင်ပါချေ။ သူမသည် ဤနေရာမှလူများအားတစ်ယောက်မကျန် သတ်သွားမည်ဟု ဆုံးဖြတ်ထား၏။

ယင်းကြောင့် သူမက မြက်ရိုင်းပင်များနှင့် သုံးလံခန့်အကွာတွင် ခြေလှမ်းရပ်တန့်လိုက်လေသည်။

ထို့နောက် အေးတိအေး စက်အသံဖြင့်. . .

"ဟေ. . . မြက်ရိုင်းပင်တွေထဲမှာ ပုန်းမနေနဲ့ ထွက်ခဲ့စမ်း"

ဟု အော်ငေါက်လိုက်၏။

သူမ၏အသံက ဝန်းကျင်တစ်ခုလုံးတွင် ပဲ့တင်ထပ်သွားလေတော့သည်။

* * * *



"ဟေ့. . . မြက်ရိုင်းပင်တွေထဲမှာ ပုန်းမနေနဲ့ထွက်ခဲ့စမ်း"

စူးရှအက်ကွဲသော အသံကြီးသည် ဝန်းကျင်တစ်ခုလုံးတွင်ပဲ့တင်ထပ်သွားခဲ့လေသည်။ ရှင်ချိန်ရီနှင့် ယို့အင်းပွေ့တို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

သူမတို့သည် မိစ္ဆာဂိုဏ်းချုပ်ကြီး၏စူးရှသော မျက်လုံးအားကျိတ်၍ချီးကျူးမိကြသော်လည်း အလွန်ပင်ထိတ်လန့်သွားမိကြသည်။ ယို့အင်းပွေ့က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်လေသည်။

သူမသည် မိစ္ဆာဂိုဏ်းချုပ်ကြီးက မိမိတို့ထွက်ပြီးရင်မဆိုင်ပါလျှင် ဤမြက်ပင်များကြားသို့ တိုးဝင်လာမည်ကို နားလည်လိုက်၏။ ထို့ကြောင့် သူမက နှစ်ယောက်စလုံး သေဆုံးရမည်ကိုမလိုလားပါချေ။ သူမက အပြင်သို့ထွက်၍ ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်သည်။

"ရှင်ချိန်ရီ. . . နင် ဒီမှာနေခဲ့ဦး"

သူမက ပြောပြီးလှမ်းထွက်ရန် ဟန်ပြင်လိုက်၏။ ရှင်ချိန်ရီက သူမ၏လက်တစ်ဖက်ကို ဆွဲထားလိုက်လေသည်။

"နေဦး. . . ကျွန်မက ဒဏ်ရာရထားပြီးသားပါ၊ ဒီဒဏ်ရာကြောင့် မကြာမီ ကျွန်မသေရတော့မယ်၊ ဒါကြောင့် သခင်မလေးနေခဲ့ပါ၊ ကျွန်မကပဲ ရင်ဆိုင်ပါရစေ"

ယို့အင်းပွေ့က ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ သူနဲ့ငါရင်ဆိုင်မယ်၊ နင်က သူ့ပြိုင်ဘက်မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လှည့်ထွက်ရန်ဟန်ပြင်လိုက်၏။ ရုတ်တရက် သူမ၏ခန္ဓာကိုယ်က ပျော့ခွေကာမြေပေါ်သို့ လဲကျသွားလေသည်။ သူမအား ရှင်ချိန်ရီက သွေးကြောပိတ်လိုက်သည် မဟုတ်ပါလော။ ရှင်ချိန်ရီက သူမအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"ခွင့်လွှတ်ပါ၊ သခင်မလေး. . . ကျွန်မက သခင်မလေးရဲ့ အသက်ကို အလဟဿ အဆုံးရှုံးမခံနိုင်လို့ပါ"

ယို့အင်းပွေ့သည် သွေးကြောပိတ်ခံထားသဖြင့် မလှုပ်ရှားနိုင်ပါ။ သူမက ရှင်ချိန်ရီအားကြည့်ကာ မျက်ရည်များ ရစ်ဝဲလာသည်။ ရှင်ချိန်ရီသည် အလွန်သတ္တိကောင်းသူဖြစ်ပြီး မိမိအတွက် အနစ်နာခံနေသည်ကို နားလည်လိုက်သည် မဟုတ်ပါလော။

သူမသည် သိုင်းသမားကောင်းပီသသူဖြစ်သည်။

ထိုအချိန်၌. . .

ရှင်ချိန်ရီက ဂါရဝပြုကာ ချာခနဲလှည့်ကာပြေးထွက်သွားလေတော့၏။

* * * *

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် မြက်ပင်ရှည်များအားစူးစိုက်ကြည့်နေလေသည်။ သူမ၏ရက်စက်ကြမ်းကြုတ်သော မျက်နှာပေါ်တွင် လှောင်ပြုံးလေးတစ်ခု ပေါ်လွင်လာသည်။

အဘယ့်ကြောင့်ဆိုသော်. . .

မြက်ပင်များ တစ်ချက်လှုပ်ရှားသွားပြီး အနက်ရောင်ဝတ်



ဆင်ထားသော မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။ အနက်ရောင် ဝတ်ဆင်ထားသောမိန်းကလေးက မြက်ပင်များရှေ့တွင် ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက် အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။

သူမ၏လက်ကို ပြန်လည်ရုပ်လိုက်သောအခါ မြွေစိမ်းလေးတစ်ကောင်က လူးလွန့်၍ပါရှိလာလေသည်။ မြွေစိမ်းကလေးသည် နီရဲသောမျက်လုံးအစုံဖြင့် မိစ္ဆာဂိုဏ်းချုပ်ကြီးအား စိုက်ကြည့်နေ၏။

မိစ္ဆာဂိုဏ်းချုပ်ကြီး၏ ရင်ထဲ၌ ထိုမြွေစိမ်းကလေးကိုကြည့်ကာ အေးစိမ့်သွားမိလေသည်။ သူမက ကြယ်တံခွန်ဓားသမားပြောခဲ့သည့် မိန်းကလေးတစ်ယောက်အား အမှတ်ရလိုက်မိသည်။ မြွေများကို ကျွမ်းကျင်စွာမွေးမြူ၍ လက်နက်တစ်ခုအဖြစ် အသုံးပြုတတ်သည့် မိန်းကလေးတစ်ယောက်အကြောင်း ဖြစ်လေသည်။

"ရှင်ချိန်ရီ"

သူမ တီးတိုးရေရွတ်လိုက်၏။ ရှင်ချိန်ရီက သူမအားရွံ့ရှာမုန်းတီးသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"မိစ္ဆာဂိုဏ်းချုပ်ကြီး ရှင် ဒီကနေ့သေရမယ်"

ဟု ပြောကာ မြွေစိမ်းကလေးအား မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ ပစ်လွှတ်လိုက်လေသည်။

"ဝိုး. . ."

မြွေစိမ်းကလေးသည် မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ မြားတမ်

www.burmeseclassic.com

www.burmeseclassic.com



စင်းပမာ ပြေးဝင်လာ၏။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏ မျက်ဝန်းအစုံတွင် ထိတ်လန့်သောအမူအရာများ ပေါ်ထွက်လာသည်။

သူမက မြွေစိမ်းကလေးအား စိုက်ကြည့်နေ၏။

မြွေစိမ်းကလေးသည် အဆက်မပြတ် မြည်တွန်ရင်း သူမနှင့်လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာပြီ ဖြစ်သည်။

မြွေစိမ်းကလေးက လက်တစ်ကမ်းအကွာသို့ရောက်ရှိလာသည်နှင့် မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်တစ်ချက်လှုပ်ရှားလိုက်၏။

သူမသည် လက်ညှိုးနှင့်လက်ခလယ်ကို အသုံးပြုကာ မြွေစိမ်းကလေး၏ပါးပျဉ်းနေရာသို့ ညှပ်ထားလိုက်လေသည်။

သူမ၏လှုပ်ရှားမှုသည် မြန်ဆန်၍တိကျလှ၏။

မြွေစိမ်းကလေးသည် သူမ၏လက်ညှိုးနှင့်လက်ခလယ်ကြားတွင် လူးလွန့်နေရင်းမှ ငြိမ်သက်သွားသည်။ ရှင်ချိန်ရှိက အံ့သြထိတ်လန့်ခြင်း၊ ဒေါသထွက်ခြင်းစသည့် ခံစားမှုများကိုခံစားလိုက်ရ၏။ သူမက မိမိ၏မြွေစိမ်းကလေး သေဆုံးရခြင်းအတွက် များစွာ အမျက်ထွက်နေမိသည်။

ဤမြွေစိမ်းကလေးသည် သူမ၏အသက်ပင် မဟုတ်ပါလော။

ထိုအချိန်၌. . .

"ရော့. . . ညည်းမြွေကို ညည်းပြန်ယူ"

ရှင်ချိန်ရှိသည် မြွေစိမ်းကလေးကို ပြန်လည်ဖမ်းယူလိုက်၏။ သူမ၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန် ခံစားရသည့် ဟန်မူရာများပေါ်လာသည်။ ရုတ်တရက် သူမက မြွေစိမ်းကလေးအားပါးစပ်ထဲသို့ ထည့်ကာဝါးလိုက်သည်။ မိစ္ဆာဂိုဏ်းချုပ်ကြီး၏မျက်လုံးအစုံက ပြူးကျယ်သွား၏။



ထိုတဒင်္ဂအတွင်း၌ ရှင်ချိန်ရှိ သည် သူမထံသို့ တစ်ဟုန်ထိုးခုန်ဝင်လာလေ၏။ တိတန်မိစ္ဆာ ဂိုဏ်းချုပ်ကြီးသည် ထိတ်လန့်သွားကာ လက်ဝါးဖြင့်တစ်ချက်ရိုက် ချလိုက်၏။

"ဝုန်း. . ."

ရှင်ချိန်ရှိ၏ခန္ဓာကိုယ်ကနောက်သို့ လွင့်စဉ်သွားသည်။

ထိုတဒင်္ဂအချိန်လေးမှာပင်. . .

သူမသည် မိမိ၏ပါးစပ်ထဲတွင် ဝါးထားသော မြွေစိမ်းရည်များအား မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ ထွေးထုတ်လိုက်လေ၏။

မည်းညစ်သော အရည်များသည် သူမ၏ပါးစပ်ထဲမှ ပန်းထွက်လာလေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက ထိတ်လန့်သွားကာ အင်္ကျီလက်ဖြင့် ဝှေ့ယမ်းကာကွယ်လိုက်လေသည်။

ထိုအခါ. . .

သူမ၏အင်္ကျီသည် မည်းညစ်သောအဆိပ်ရည်များထိကာ ပြတ်ကျသွားသည်ကို တွေ့မြင်လိုက်ရ၏။ မြွေစိမ်း၏အဆိပ်ရည်သည် အင်္ကျီကိုပင် ပြတ်ကျစေခဲ့သည်တကား။

"အား. . . ကြောက်စရာကောင်းလိုက်တဲ့ အဆိပ်"

သူမကရေရွတ်ရင်း ရှင်ချိန်ရှိအား လှမ်းကြည့်လိုက်၏။

ရှင်ချိန်ရှိသည် နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာကာ လဲကျသေဆုံးသွားပြီး ဖြစ်လေသည်။ ယင်းအချိန်မှာပင် အဝေးမှရှုး ရှနက်ရှိုင်းသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အား. . ."

ယင်းအသံကိုကြားလိုက်သည်နှင့် တီတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏ရင်ထဲ၌ ထိတ်လန့်သွားမိသည်။

အဘယ်ကြောင့်ဆိုသော်. .

ဤအသံသည် တီတန်နံပါတ်တစ်၏အသံဖြစ်ကြောင်း သူမက ကောင်းစွာမှတ်မိနေသောကြောင့်တည်း။

ထို့ကြောင့် သူမက ယင်းအသံထွက်ပေါ်လာရာသို့ အားကုန် ပြေးထွက်ခဲ့လေတော့သည်။

* * * *

တီတန်နံပါတ်တစ်သည် မြေပြင်ပေါ်တွင်လဲကျသေဆုံးနေပြီဖြစ်သည်။ သူ၏ခြေထောက်တွင် ကျာပွတ်တစ်ချောင်းက ရစ်ပတ်နေပြီး ကျောပြင်တွင် ပုဆိန်တစ်ချောင်းစိုက်နေလေသည်။

ယို့အော့လျှံက မိမိ၏ကျာပွတ်ကိုပြန်လည် ဆွဲယူလိုက်သည်။ ယို့လုစီးကလည်း ပုဆိန်အားပြန်လည်ဆွဲနှုတ်ယူလိုက်ချေပြီ။

ယင်းတဒင်္ဂအချိန်လေးမှာပင်. . .

လူတစ်ယောက် ပြေးလွှားလာနေသော ခြေသံများကိုကြားနေလိုက်သည်။ သူမတို့က လှည့်ကြည့်လိုက်ရာ အနီရောင်ဝတ်ဆင်ထားသော လူလမ်းကလေးအတိုင်း ပြေးလာနေခြင်းကို တွေ့



မြင်လိုက်ရ၏။

ထိုလူသည် မြေပြင်ပေါ်တွင် လဲကျသေဆုံးနေကြသော ကြယ်တံခွန်ဓားသမားနှင့်တီတန်နံပါတ်တစ်တို့ကို ကြည့်ကာ မျက်နှာတစ်ခုလုံးမှာ ကြောက်စရာကောင်းအောင် အေးစက်တင်းမာသွားသည်။ သူက ယို့အော့လျှံထံသို့ ပြေးသွားကာတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ယို့အင်းပွေက ကျာပွတ်ကိုတစ်ချက် ဝှေ့ယမ်းလိုက်ဟန်ပြင်သည်။ သူမ၏ကျာပွတ်သည် မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ အရှိန်ပြင်းစွာ ပြေးဝင်သွား၏။

ထိုတဒင်္ဂလေးအတွင်းမှာပင်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးက အနီးတွင် လဲကျသေဆုံးနေသော တီတန်နံပါတ်တစ်၏ခန္ဓာကိုယ်အား ခြေထောက်ဖြင့် ကန်ချလိုက်၏။

"ဝုန်း"

တီတန်နံပါတ်တစ်၏အလောင်းက မိစ္ဆာဂိုဏ်းချုပ်ကြီးထံသို့ ပြေးဝင်သွားလေသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချလိုက်၏။

"ဝုန်း"

တီတန်နံပါတ်တစ်၏အလောင်းသည် မြေပေါ်သို့လွင့်စဉ်သွားသည်။

ထိုအချိန်လေးမှာပင်. . .

ယို့အော့လျှံ၏ကျာပွတ်က သူမ၏လည်ပင်းအားရှိုက်ချရစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လာလေသည်။ မိစ္ဆာဂိုဏ်းချုပ်က ရင်ထိတ်သွားကာ ကမန်းကတန်း ခေါင်းငုံ့၍ရှောင်တိမ်းလိုက်၏။

ထိုအခါ သူမ၏ဦးခေါင်းပေါ်မှ ကျာပွတ်က ပွတ်ကာသီကာ လွဲချော်သွားလေသည်။

သို့သော်. . .

သူမ၏အနီရောင်ဦးထုပ်ကမူ ကျာပွတ်တွင် ရစ်ပတ်ပါရှိသွားလေသည်။ ထိုအခါ ရှည်လျားနက်မှောင်သော ဆံကေသာများသည် အထွေးလိုက်ပြုတ်ကျသွားလေသည်။

ယို့အော့လျှံက အလွန်အံ့ဩသွားသည်။ သူမ၏ဖုံးကွယ်ထားမှုမှာ ဘူးပေါ်သလို ပေါ်သွားခဲ့ချေပြီ။

အကြောင်းမှာ မိစ္ဆာဂိုဏ်းချုပ်ကြီးသည် အလွန်လှပသော မိန်းကလေးတစ်ယောက်ဖြစ်နေပြီ မဟုတ်ပါလော။

ယို့လုစီးက အားပါးတရ ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား"

သူက မိစ္ဆာဂိုဏ်းချုပ်ကြီးအား စိုက်ကြည့်ကာ အတန်ကြာမှ ရယ်မောခြင်းကို ရပ်လိုက်သည်။

"ဘယ်လိုလဲ မိစ္ဆာဂိုဏ်းချုပ်ကြီးရဲ့၊ မင်းက ကိုးသခင်လေးကိုပဲ လှည့်စားလို့ရမယ်နော်၊ မင်းဟာ အိုချင်းဝေရဲ့သမီး အိုနှင်းစုဆိုတာ ကျုပ်က အစကတည်းက ကျုပ်သိပြီးပါပြီ"

မိစ္ဆာဂိုဏ်းချုပ်ကြီး(ဝါ)အိုနှင်းစု၏ မျက်နှာတစ်ခုလုံးမှာ မည်းမှောင်လာသည်။ သူမသည် ကောင်းကျူက ပြန်လည်မရောက်မီ သူမတို့ သားအဖနှစ်ယောက်အား သုတ်သင်ပစ်ရန်ဆုံးဖြတ်လိုက်၏။ ရွှေနဂါးဂိုဏ်းချုပ်ကြီးနှင့် ယို့အော့လျှံတို့သည် ပခုံးချင်းယှဉ်ကာ သူမအားပြန်လည်တိုက်ခိုက်နေကြတော့သည်။



* * * *

ယို့အင်းပွေ့သည် မြက်ပင်များကြားတွင် မလှုပ်မယှက်လဲလျောင်းနေခဲ့ရလေသည်။ သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာသည်။ သူမသည် မြက်ပင်များကြားမှ မိစ္ဆာဂိုဏ်းချုပ်ကြီးနှင့် ရှင်ချိန်ရီတို့၏အခြေအနေကို အလုံးစုံမြင်တွေ့ခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့် သူမသည် ရင်ထဲ၌ တဆတ်ဆတ် နာကျင်နေမိ၏။ တစ်ဆက်တည်းမှာပင် ကောင်းကျူအား သတိရလိုက်မိသည်။ ကောင်းကျူသည် မိစ္ဆာဂိုဏ်းသို့သွားခဲ့သည်မှာ ယခုအချိန်ထိ ပြန်မရောက်သေးပါချေ။

ထိုအချိန်မှာပင်. . .

သူမ၏သွေးကြောများမှာ ပွင့်သွားခဲ့သည်။ သူမက လဲကျနေရာမှ လူးလဲထရပ်လိုက်၏။

"ကောင်းအစ်ကိုလေး"

သူမက အသံကုန်ဟစ်အော်လိုက်မိလေသည်။

အမှန်တွင် သူမက အားကိုးတကြီး အော်ဟစ်လိုက်ခြင်းဖြစ်သည်။ ထို့နောက်တိုက်ပွဲသံများ ကြားနေရာသို့ တစ်ဟုန်ထိုးပြေးထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏကြာ ယို့အော့လျှံနှင့် ယို့လုစီးတို့က တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးနှင့် တိုက်ခိုက်နေခြင်းကို တွေ့မြင်လိုက်ရလေတော့သည်။ သူမက ကြောက်အမ်းအမ်း ဖြစ်သွားရလေသည်။

တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ယခုအခါ အလွန်လှပချောမောသော မိန်းကလေးတစ်ယောက် ဖြစ်နေပြီမဟုတ်ပါလော။

မည်သို့ဆိုစေ. . .

သူမ၏အေးစက်စက်မျက်နှာနှင့် ရက်စက်ကြမ်းကြုတ်သော မျက်ဝန်းအစုံက မိစ္ဆာဂိုဏ်းချုပ်ကြီးဖြစ်ကြောင်း သိရှိနိုင်၏။

ထို့ကြောင့် သူမက စဉ်းစားခြင်းပင်မပြုဘဲ တိုက်ပွဲအတွင်း သို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေတော့သည်။

* * * *

ကောင်းကျူးသည် အိပ်မောကျနေ၏။ သူသည် ရှတ်တရက် အသံတစ်ခုကို ကြားလိုက်မိသည်။

"ကောင်းအစ်ကိုလေး"

သူက ငေါက်ခနဲထထိုင်လိုက်၏။ ထို့နောက် မိမိရောက်ရှိနေသော နေရာအားမျက်လုံးဝေ့ကာ ကြည့်လိုက်လေသည်။

သူသည် ခမ်းနားသန့်ပြန့်သောခုတင်တစ်ခုပေါ်တွင် အိပ်ပျော်နေခြင်းဖြစ်၏။ သူက မျက်မှောက်ကြုတ်လိုက်သည်။

ယခုမှ သူသည် ညက မိမိနှင့်စီစီဆိုသော မိန်းကလေးတို့



က ချစ်ရည်လူးကာ ဤနေရာတွင် အိပ်ပျော်သွားသည်ကို မှတ်မိလိုက်၏။

တစ်ချိန်တည်းမှာပင် ယို့အင်းပွေ၏ခေါ်သံကို ဆဌမအာရုံထဲတွင် သူက ပြန်လည်ကြားယောင်နေမိလေသည်။

သူက ထိတ်လန့်သွားမိသည်။ သူသည် ခုတင်နံဘေးရှိ မီးအိမ်ကိုဖွင့်ကာ ကြည့်လိုက်သည်။ အခန်းထဲတွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါချေ။

ဤသို့ဆိုလျှင်. . .

သူကခုတင်ပေါ်မှဆင်းကာ အင်္ကျီအဝတ်အစားများကို သေသပ်စွာပြုပြင်လိုက်သည်။

ထိုအချိန်တွင်. . .

သူ၏မျက်ဝန်းအစုံသည် မီးအိမ်၏အလင်းရောင်အောက် ရှိနေသည့် စက္ကူဖြူတစ်ရွက်နှင့်စာအိတ်အနီရောင် တစ်ခုကိုတွေ့မြင်လိုက်ရသည်။ သူက ဖွင့်ကြည့်လိုက်ရာ မျက်လုံးများပြူးကျယ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် တိုင်ပင်ဘုရင်၏ လျှို့ဝှက်စာနှင့် နိုင်ငံတော်လုပ်ကြံမည့်အစီအစဉ်များ ရေးဆွဲထားသည့်စာများ ဖြစ်နေသောကြောင့်တည်း။

* * * *

မိစ္ဆာဂိုဏ်းချုပ်ကြီးသည် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ယို့အင်းပွေ၊ ယို့အော့လျှံနှင့် ယို့လုစီးတို့ကလည်း ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြလေတော့သည်။

သူတို့သုံးယောက်သည် အကွက်စေ့စေ့ဖြင့် ညှပ်ပူးညှပ်ပိတ်ဝိုင်းကာ တိုက်ခိုက်နေခြင်းဖြစ်သဖြင့် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား သူတို့သုံးဦးသည် အသာစီးမှ မတိုက်ခိုက်နိုင်သေးချေ။

ယင်းအချိန် လူတစ်ယောက်က တောလမ်းကလေးအတိုင်း ပြေးလွှားလာနေခြင်းကို တွေ့မြင်လိုက်ရ၏။ ထိုလူက တိုက်ပွဲအနီးသို့ ရောက်ရှိလာသည်နှင့် အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

"ရပ်လိုက်စမ်း. . . "

သူ၏အသံက ဝန်းကျင်တစ်ခုလုံး ဟိန်းထွက်လာသည်။

တိုက်ခိုက်နေကြသော လူများကသူ၏အသံကြောင့် နောက်သို့ခုန်ဆုတ်ကာ ရပ်တန့်သွားကြသည်။ တိုက်ပွဲသည် မမျှော်လင့်ဘဲနှင့် ရပ်ဆိုင်းသွားလေ၏။ ကောင်းကျူးက ယို့လုစီးအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး. . . ဒီမှာ တိုင်ပင်ကျွန်းဘုရင်နဲ့ မိစ္ဆာဂိုဏ်းချုပ်ကြီးတို့ရဲ့ လျှို့ဝှက်ဆက်သွယ်ပြီး နိုင်ငံတော်လုပ်ကြံမယ့် စာရွက်စာတမ်းတွေရရှိခဲ့ပါပြီ"

ယို့လုစီးက ထိုစာရွက်စာတမ်းများကို ဖမ်းယူကာအကျႌအိတ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် သူက ကျေနပ်စွာပြုံးလိုက် ၏။

"ကဲ. . . ဒါဆိုရင် ကျုပ်တို့က မိစ္ဆာဂိုဏ်းချုပ်ကြီးကို ဖမ်း



လိုက်ကြရအောင်"

ကောင်းကျူးကပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

သူက ယင်းသို့ပြောပြီး မိစ္ဆာဂိုဏ်းချုပ်ကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်. . .

သူ၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

သူက ရေခဲပြင်ထဲသို့ပြုတ်ကျသွားသည့်အလား ခံစားလိုက်ရလေတော့သည်။ သူတစ်ကိုယ်လုံး အေးစက်သွားခဲ့လေပြီ။

* * * *

ကောင်းကျူးက ပြူးကျယ်သောမျက်လုံးအစုံဖြင့် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအား စိုက်ကြည့်နေမိလေ၏။

အတန်ကြာမှ သူက မယုံကြည်ဟန်ဖြင့် လက်ညှိုးညွှန်ပြကာ. . .

သူမ၏မျက်ဝန်းအစုံတွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်လာသည်။ သူ့မျက်ဝန်းအစုံမှာ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာသည်။ သူမသည် မိမိက မိဘနှစ်ပါးအတွက် ကလဲ့စားချေပြီးလျှင် မိစ္ဆာဂိုဏ်းဌာနချုပ်သို့ အမြန်ပြေးကာကောင်းကျူးကို တိုင်ပင်ကျွန်းဆီသို့ ခေါ်ဆောင်သွားမည်ဟု ဆုံးဖြတ်ထားခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှာမူ ကောင်းကျော့က သူမ၏ဘဝမှန်ကို တွေ့မြင်ခဲ့ပြီ ဖြစ်လေသည်။ အဖြစ်မှန်ကို သူမက မည်သို့မျှ ဖုံးကွယ်မရနိုင်တော့ပေ။

ထိုအချိန်တွင်. . .

ယို့လုစီးက အားပါးတရ ရယ်မောလိုက်တော့သည်။

"ဟား. . . ဟား. . . ဟား၊ မင်းသွားကယ်တဲ့မိန်းကလေးဟာ အခု ဘယ့်နှယ် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး ဖြစ်သွားခဲ့ရတာလဲ"

ကောင်းကျော့၏ရင်ထဲတွင် ဝေဒနာပြင်းပြင်းထန်ထန် ခံစားလာရသည်။ သူ့အသည်းနှလုံးတစ်စစီကွဲကြေသွားခဲ့လေပြီ။

သူသည် မျက်ရည်များရစ်ဝဲကာ ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

"မင်း. . . မင်း. . . ညက ကျုပ်နဲ့အတူ အိပ်ခဲ့တာဟာ မင်း မဟုတ်ဘူးပေါ့"

သူက ပြောရင်းဝမ်းနည်းကြေကွဲဝမ်းနည်းလွန်သဖြင့် အသံများတိမ်ဝင်သွားခဲ့လေသည်။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးမှာစကားပင် မပြောနိုင်တော့ပါ။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များသာ တသွင်သွင် စီးကျနေတော့သည်။ ကောင်းကျော့၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တဆပ်ဆပ် တုန်ယင်လာသည်။

"မင်း. . . မင်းက သိပ်ရက်စက်တယ်၊ ကျုပ်က ဘဝတစ်သက်တာမှာ မင်းတစ်ယောက်တည်းပဲ ချစ်ခဲ့ရတယ်၊ အခုတော့ ကျုပ်ကို တခြားမိန်းကလေးတစ်ယောက်နဲ့အတူ အိပ်စက်စေခဲ့



တယ်၊ မရက်စက်ဘူးလား မိန်းကလေးရယ်၊ ငါ့အသက်ဟာ မင်းပါ၊ ငါ ဒီလိုပဲ ယူဆခဲ့ပါတယ်၊ မင်းဟာ တကယ်ရက်စက်တဲ့ မိန်းကလေးပဲ"

သူ၏စကားကြောင့် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏ အသည်းနှလုံးများ ကြေမွသွားသည်ဟု ခံစားလိုက်ရသည်။

ယို့အင်းပွေက ထခုန်လိုက်သည်။

"ရှင်. . . ရှင်က မိန်းမတစ်ယောက်နဲ့ အိပ်ခဲ့တယ်ဟုတ်လား"

သူမက ဒေါသကြီးစွာ အော်ဟစ်ရင်း ကောင်းကျော့အား အဆက်မပြတ်ရိုက်ထုနေ၏။ ကောင်းကျော့က သူမအား လှည့်မကြည့်နိုင်ပါချေ။ သူသည် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးကို စိုက်ကြည့်ရင်း မျက်ရည်မိုးသွင်သွင် စီးကျလာသည်။

သူ၏ဘဝတစ်သက်တာတွင် အသည်းနှလုံးထဲမှ နှစ်နှစ်ကာကာချစ်ခဲ့သော မိန်းကလေးသည် မိမိအား ကောင်းစွာလှည့်စားသွားခဲ့ပြီ မဟုတ်ပါလော။ ချစ်ရသူနှင့် ညားရမည်ဟူသော သူ၏ သစ္စာတရားပျက်စီးသွားခဲ့ပြီ။

ယို့အော့လျှံက ခေါင်းငုံ့လိုက်သည်။ ကောင်းကျော့က ဤမိန်းကလေးအပေါ် မေတ္တာတရားကြီးမားနေပြီဟု ယို့အော့လျှံနားလည်လိုက်သည် မဟုတ်ပါလော။ ယို့အင်းပွေက ကောင်းကျော့ အား ဒေါသကြီးစွာ ကြည့်လိုက်သည်။

"ကောင်း အစ်ကိုလေး. . . ရှင့်ကို ကျွန်မက ဘယ်လောက် ချစ်ခဲ့ရသလဲ၊ မျှော်လင့်ခဲ့ရသလဲ၊ အခုတော့ ရှင်က ဒီမိန်းမယုတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်ရသလား၊ ရှင့်ကို သတ်ပစ်မယ်"

သူမက ပြောပြီးကောင်းကျူးအား ဓားမြှောင်ဖြင့်ထိုးစိုက်လိုက်၏။

ယင်းတခဏလေးမှာပင်. . .

မိစ္ဆာဂိုဏ်းချုပ်ကြီးက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

သူမထံမှ မျှော့ကြိုးဖြင့် ဆက်သွယ်ထားသော ငါးမျှားချိတ်တစ်စုံက ယို့အင်းပွေ၏လည်တိုင်ဆီသို့ ပြေးဝင်သွား၏။

ကောင်းကျူးက ထိတ်လန့်သွားကာ မျှော့ကြိုးကိုကမန်းကတန်း ဖမ်းဆုပ်ထားလိုက်သည်။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး လွန်စွာကြေကွဲဝမ်းနည်းသော အမူအရာများပေါ်လာပြီး သူ၏မျှော့ကြိုးများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ သူမက မျှော့ကြိုးကို ပြန်လည်ဆွဲယူလိုက်သည်။

ထိုအချိန်၌ ယို့အင်းပွေက ကောင်းကျူးအား အဆက်မပြတ်ရိုက်နှက်နေပြန်၏။ ကောင်းကျူးကတော့ ယို့အင်းပွေကို လုံးဝဂရုမစိုက်ပါချေ။

သို့သော် ကောင်းကျူးက ယို့အင်းပွေအတွက် စိုးရိမ်လာမိသည်။ သူသည် မိစ္ဆာဂိုဏ်းချုပ်ကြီးက ဤတစ်ကြိမ်တိုက်ခိုက်လာလျှင် လွယ်မည်မဟုတ်ဟု နားလည်ထား၏။

ထို့ကြောင့် သူက ယို့အင်းပွေအား တွန်းထုတ်လိုက်သည်။

ထိုအချိန်မှာပင် တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏ မျှော့ကြိုးနှင့်ဆက်သွယ်ထားသည့် ဓားသွားတစ်လက်သည် လျှပ်ခနဲအရောင်ထွက်သွား၏။ အားလုံးစိုးရိမ်တကြီး ကြည့်လိုက်ကြသည်။



"အား"

အခြားမည်သူကမျှ မအော်ကြပါ။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီး၏နှုတ်မှ ထွက်ပေါ်လာသော အသံကြီးဖြစ်ပါသည်။ မိစ္ဆာဂိုဏ်းချုပ်ကြီးသည် မျှော့ကြိုးဖြင့်တပ်ထားသည့် ဓားသွားတစ်လက်ဖြင့် သူ့လည်ပင်းအား ဖြတ်လိုက်ခြင်းဖြစ်ပါသည်။

သူမသည် ကောင်းကျူးနှင့် ဤဘဝတွင် မဆုံနိုင်တော့ချေ။ နောင်တမလွန်ဘဝ၌သာ ဆုံနိုင်ကြတော့မည်။ ထို့ကြောင့် သူမသည် သူ့ကိုယ်သူ သတ်သေလိုက်ခြင်းဖြစ်လေသည်။

နီရဲသောသွေးများသည် သူမ၏လည်ပင်းဆီမှ ပန်းထွက်နေ၏။ ကောင်းကျူး၏ရင်ထဲ၌ ပြင်းပြင်းထန်ထန်ဝေဒနာ ခံစားလိုက်ရသည်။

"မိန်းကလေး. . ."

သူက ပြေးလွှားသွားကာ မိစ္ဆာဂိုဏ်းချုပ်ကြီးအား ပြေးပွေ့လိုက်၏။ မိစ္ဆာဂိုဏ်းချုပ်ကြီးက သူ့အားပြုံးပြလိုက်သည်။

သူမက ကောင်းကျူး၏မျက်နှာအား လက်ကလေးဖြင့် ပွတ်သပ်နေလေသည်။

ထို့နောက်သူမသည် နာကျင်နေသည့်ကြားမှ ပြုံးပြလိုက်သည်။ မချိပြုံးကလေးပင်။

ထို့နောက်. . .

ရုတ်တရက် သူမ၏လက်ကလေးက ပြုတ်ကျသွားသည်။

တစ်ဆက်တည်းမှာပင် ခေါင်းငိုက်စိုက်ကျသွားလေ၏။

"စီစီ. . . မင်းမသေရဘူး၊ မင်းမသေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျူက ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ရင်းမိစ္ဆာဂိုဏ်းချုပ်ကြီးအား တင်းကျပ်စွာသိုင်းဖက်ထားလိုက်သည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ သွင်သွင်ကျဆင်းလာလေတော့သည်။

*　　*　　*　　*

တိတန့်မိစ္ဆာဂိုဏ်းချုပ်ကြီးသည် သေဆုံးသွားခဲ့ချေပြီ။ တိတန်မိစ္ဆာဂိုဏ်းကြီးလည်း မျက်စီးသွားခဲ့ချေပြီ။

မည်သို့ဆိုစေ. . .

ကောင်းကျူသည် သူမအား ဘဝတစ်သက်တာတွင် မေ့နိုင်တော့မည်မဟုတ်ပါချေ။ သူ့တစ်သက်တာတွင် အချစ်ရဆုံးသောမိန်းကလေး ဖြစ်ခဲ့သည်မဟုတ်ပါလော။ သူက မြေပုံရှေ့တွင် ထိုင်ကာ မျက်ရည်များစီးကျနေ၏။

ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါသာ ချစ်ခဲ့ဖူးသော မိန်းကလေးသည် သူ၏မျက်စိရှေ့မှာပင် ဘဝနိဂုံးချုပ်ခဲ့ချေပြီ။

ယင်းအချိန် နူးညံ့သိမ့်မွေ့သော လက်ကလေးတစ်ဖက်က သူ၏ပခုံးအား ဆုပ်ကိုင်လာလေသည်။

သူက လှည့်ကြည့်လိုက်သောအခါ မိမိအား လှပစွာပြုံး၍ကြည့်နေသော ယို့အင်းပွေအားတွေ့မြင်လိုက်ရ၏။ သူမက အေးဆေးတည်ကြည်သော အပြုံးဖြင့်ပြုံးပြလိုက်သည်။



"အစ်ကိုလေး. . . ကိုးနဂါးဂိုဏ်းမှာ အစ်ကိုလေးကို ဖေဖေက ဂိုဏ်းချုပ်တာဝန်လွှဲပြောင်းပေးဖို့ စောင့်နေလောက်ပြီ၊ ပြန်ကြပါစို့"

ရွှေနဂါးဂိုဏ်းချုပ်ကြီး ယို့လုစီးက ဟန်နို့တားရှန်ဟန်ပြင်လိုက်၏။

ယို့အော့လျံက သူမဖခင်၏လက်ကို ဖမ်းဆွဲထားလိုက် ၏။

"ဖေဖေ. . . သူတို့ သမီးတို့အတွက် လာကူညီတာပါ၊ သူတို့ရဲ့ လူဆယ်ယောက်ဆုံးရှုံးခဲ့ရတယ်၊ သူတို့ကို လိုက်ပို့ကြရအောင်နော်"

အမှန်တွင် သူမက ဖခင်ဖြစ်သူကမိမိအား ကောင်းကျူနှင့်လက်ထပ်ပေးမည်ဟု နားလည်ထားသည် မဟုတ်ပါလော။

သူမကလည်း ကောင်းကျူကို ချစ်မိပါသည်။ ကောင်းကျူသည်နှလုံးရည် လက်ရုံးရည်နှင့်ပြည့်ဝသည့် ယောကျ်ားကောင်းတစ်ဦး မဟုတ်ပါလော။

သို့သော် ကောင်းကျူသည် သူမကိုမချစ်ခဲ့ချေ။ တိတန်မိစ္ဆာဂိုဏ်းချုပ်ကြီးအဖြစ်ခံယူထားသော အိုနှင်းစုကိုသာ ချစ်ခဲ့သည်။

ထိုချစ်သူကို ယို့အင်းပွေ၏လက်ထဲမှ လုယူရမည်ဆိုသောအခါ. . .။

သူမသည် ဤအချစ်မျိုးကို မလိုချင်ပါ။ ထို့ကြောင့် သူမဖခင်၏လက်ကို ဆွဲယူလိုက်ခြင်းဖြစ်ပါသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးယို့လုစီးက တွေဝေငေးငိုင်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်မှာပင်. . .

ယို့အင်းပွေက သူမတို့အား နှုတ်ဆက်ကာကောင်းကျူနှင့် အတူ မြင်းကိုစီးကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ယို့အောလျှံက မျက်ရည်များဖြင့် ပြည့်လျှံနေသောမျက်ဝန်းအစုံဖြင့် ကြည့်နေ၏။

မကြာမီ ကောင်းကျူနှင့် ယို့အင်းပွေ တို့၏မြင်းများသည် ဝေး၍ဝေး၍နောက်ဆုံးတွင် ပျောက်ကွယ်သွား လေတော့သည်။

ပြီးပါပြီ။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com